ဖူလ-ကာသစ်ဝိုင်

ကျေးဇူးရှင်

# ဆရာတော်ဘုရားကြီး

၏

# ကိုယ်တွေ့ဉာဏ်မြင်

# အလုပ်ပေးဝိပဿနာတရားစခန်း

ဒုတိယတွဲ

၁၀၄၉၈

ပဲခူးခရိုင်-ဝေါမြို့အပိုင်

အဗျားနှစ်ရွာ - အလယ်ဆိုင်

# မူလ ကသစ်ဝိုင်

## ကျေးဇူးရှင် ဆရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော

ကိုယ်တွေ့ဉာဏ်မြင်

# အလုပ်ပေး ဝိပဿနာ တရားစဉ်

## ဒုလ္လဘဒေသနာ


တည်းဖြတ် စီစဉ်သူ
အရှင်ခေမိန္ဒ (ပဓာန-နာယက)
မူလ ကသစ်ဝိုင် ဓမ္မရိပ်သာ။


ဒုတိယတွဲ


သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊



သာသနာ-၂၅၃၃၊ ခုနှစ်၁၃၃၁-ခု။ ဒုတိယဝါဆို။



A-1

ပထမနှိပ်ခြင်း အုပ်ရေ ၅၀၀၀။

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၃၄၁၃)

**ထုတ်ဝေသူ** .... ဦးခေမိန္ဒ၊
ကင်းလွတ်ခွင့် အမှတ် ( ၀၉၄၆ )
ကသစ်ဝိုင်-ဓမ္မရိပ်သာ၊
အဗျားရွာ-ဝေါမြို့အပိုင်၊ ပဲခူးခရိုင်။

**ပုံနှိပ်သူ** .... ဦးထွန်းမင်း၊ မှတ်ပုံတင်အမှတ်( မြဲ- ၀၇၆၁ )
အနော်ရထာ ပုံနှိပ်တိုက်၊
အမှတ် ၁၇၇၊ ၅၁-လမ်း၊ ရန်ကုန်မြို့။

# ကျေးဇူးတင်လွှာ

ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၊ ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော၊ "ကိုယ်တွေ့ဉာဏ်မြင်အလုပ်ပေး ဝိပဿနာတရားစဉ် ဤစာကျမ်း....ဒုတိယတွဲကို" တိုတောင်းလှသောအချိန်ပိုင်းကလေးအတွင်းမှာ၊ ပြီးစီးအောင်မြင်ရန်၊ မဖြစ်မနေ၊ အဘက်ဘက်မှ ကိုယ်ဘို့ရင်ဘို့ စွမ်းအင်ရှိသမျှ၊ ကူညီ ဆောင်ရွက်ခဲ့ကြသော၊ မူလ- ကသစ်ဝိုင်မှ၊ ဦးနန္ဒ၊ ဦးပဏ္ဍဝ၊ ဦးဈာနိက၊ အရှင်မြတ်များနှင့်၊ အင်းစိန်မြို့၊ ဗိုလ်ကြီးပါ၊ ဒေါ်စီစီ၊ တို့အား၊ များစွာ ဥပကာရ ကျေးဇူးတင်ရှိပါကြောင်း။

မူလ- ကသစ်ဝိုင်ဓမ္မရိပ်သာ

ဘုန်းတော်ကြီးများ။

## အာစရိယံ-ဂရုံ-အဟံဝန္ဒာမိ သဗ္ဗဒါ။

လောကုတ္တရာ-အမွေထူး, အမွေမြတ်,ပေးအပ် သနားခဲ့သော ဆရာမြတ်သခင်, ထေရ်အရှင်မြတ် ကြီး၏ ကျေးဇူးတော်, ဂုဏ်တော်, အထူးတွေကို "ကိုယ်တွေ့ ဉာဏ်မြင်" ဆယ် ရက် စဉ်၊ အလုပ် စခန်း၊ ပါဝင်လျှမ်းသည့်၊ ဤစာ, ကျမ်းကို၊ ရွေး သားပါရ "ဓမ္မပူဇာ" တရားဖြင့်သာ, အမြတ်ဆုံး ပူဇော်ကန်တော့ လိုက် ပါ၏၊ ဆရာ တော် အရှင် သူမြတ်ကြီးဘုရား။ ။

(ပုံ) ဘဒ္ဒန္တ - ခေမိန္ဒ၊

(ပုံ) ဘဒ္ဒန္တ - လက္ခဏ၊



ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော်ဘုရားကြီး ၏ပုံ

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်းလွှာ | |
| ၂။ | တရားစစ်ပုံ စစ်နည်း | ၁၉ |
| ၃။ | သင်္သိ ဝိပဿနာ တရားတော် | ၆၄ |
| ၄။ | ဒုတိယနေ့ တရားစစ်ပုံ စစ်နည်း | ၁၅၁ |
| ၅။ | ကျင့်သိ ဝိပဿနာ အလုပ်ပေးတရားတော် | ၁၉၁ |
| ၆။ | ဓါတ်လေးပါး အလုပ်ပေး ထိုင်တရားတော် | ၂၇၃ |
| ၇။ | နာမရူပ ပရိစ္ဆေဒဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိတရားတော် | ၃၁၃ |
| ၈။ | လှူပုံ လှူနည်း နိဿျည်း တရားတော် | ၄၀၇ |
| ၉။ | ကျမ်းပြီးနိဂုံး | ၄၂၇ |



ကသစ်ဝိုင်ဆရာတော်ဘုရားကြီးပုံ

# နိဒါန်းစာလွှာ–သိစရာ

ကရုဏာ ဝိယ သတ္တေသု၊
ပညာ ယဿ မဟေသိနော။
ဉေယျဓမ္မေသု သဗ္ဗေသု၊
ပဝတ္တိတ္ထ ယထာရုစိ။ ။

**ဗုဒ္ဓ မုန်လျှင် ကရုဏာရှင်** ဟူသော ဓမ္မသင်္ဂဏီ အဋ္ဌကထာ ပဏာမပါဠိ၌ မိန့်အပ်သည်နှင့်လျော်ညီစွာ မဟာကရုဏာတော် အစ သဗ္ဗညုတ ဉာဏ်တော် အဆုံး အလုံးစုံ တို့၏ အလယ် ဖြစ်သော ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်,အစရှိသော ဉာဏ်တော် အပေါင်း တို့ကို "မိဂပဒဝလဉ္ဇန နည်းဖြင့်" ပေါင်းစည်းသိမ်းရုံးလျက် အဆုံးမရှိ အပရိမာဏ အနန္တဖြစ်၍ ဘုံသုံးဆယ့်တစ် ခေတ်ဝိသယ သုံးလောက၌ တစုံတယောက်မျှ တူမျှသောသူမရှိ။ အောက်အဝီစိမှသည် အထက် ဘဝဂ်တိုင်အောင် အာဏာတော် ချင်းနင်း၍ တရားမင်းအဖြစ်သို့ ရောက်တော်မူသော "ဂေါတမ" မည်တွင် ဘုရားရှင်သည် ကာမ, ရူပ, အရူပ,ဟု ဆိုအပ်သော လောသုံးပါး၌ စက်ရဟတ်ချားနှင့် ဆုံလည်သည့်နွား ပမာနကဲ့သို့ ရှိရှားပင်ပန်းကြကုန်သော ဒုက္ခိတ သတ္တဝါ ဝေနေယျာ တို့အား ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်သော ရာဟုလာနှင့် မခြားအတူ ထားတော်မူ၍

သနားတော်မူလှသောကြောင့် ဘုရားဖြစ်ပြီးသည်နောက် ရှေးဦးအစ တရားဟောရန် ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောသို့ မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ဝါဆိုလပြည့် စနေနေ့ ညနေချမ်းအခါ၌ ကြွတော်မူ၍ ငါးပါးအစု နေထိုင်မှုကြောင့် ပဉ္စဝဂ္ဂီမည်တွင် ထေရ်အရှင် ငါးပါး တို့အား "ဓမ္မ စက္က-ပဝတ္တနသုတ္တန်" တရားဦးကို ဟောတော်မူသည်။ ထိုတရားတော်မြတ် အဆုံး၌ ပင်လျှင် အရှင်ကောဏ္ဍည မထေရ်သည် ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကင်းပျောက်၍ အပါယ် လားခြင်း ကိစ္စကို ငြိမ်းစေ တတ်သော သောတာပတ္တိဖိုလ်သို့ ရောက်လေသည်။

**ပထမဝါ မိဂဒါဝုန်မှာ** ထို "ဓမ္မစက္ကပဝတ္တနသုတ်" တရားဦးကို ဟောတော်မူပြီးနောက် ဝါဆိုလပြည့်ကျော် တရက် တနင်္ဂနွေနေ့ မိဂဒါဝုန်တောကျောင်းမှာ ပထမဝါကို ကပ်ဆိုတော်မူသည်။

**ခြောက်ကျိပ်ရဟန္တာ ပထမဝါ** ထိုပထမဝါ အတွင်း၌ပင်လျှင် ပဉ္စဝဂ္ဂီရဟန်း ငါးပါးနှင့် "ယသ" သတို့သား အမှူးရှိသော ငါးကျိပ်,ငါးယောက်သော သူတို့အား အရဟတ္တဖိုလ် အဆုံးရှိသော တရားအထူးဖြင့် ဟောကြားဆုံးမနည်းလမ်းပြ၍ မြတ်သော"ဧဟိဘိက္ခုရဟန္တာ"အဖြစ်သို့ ချည်းရောက်ကြလေသည်။

**ဝေနေယျတွက်တာ ကိုယ်တိုင်ကြွရှာ** ယင်းပထမဝါကျွတ်ပြီးသော အခါ၊ကျွတ်ထိုက်သမျှဗုဒ္ဓဝေနေယျ,သာဝကဝေနေယျ, နှစ်ဌာနသောအစုတို့တွင်"ဥရုဝေဠကဿပ" အစရှိသော ရသေ့ညီနောင် တထောင်သော ရသေ့တို့ကို ကျိုး

ကြောင်း မြွက်ဖော် ဟောချတ်တော်မူရန် ကိုယ်တိုင် ကြွသွားတော်မူလေသည်။

**သာသနာပြုရန် ခွင့်ပြုပြန်** ယင်းပထမဝါ ကျွတ်ပြီးသော ခြောက်ဆယ်သော တပည့်သံဃာ ရဟန္တာတို့အားလည်း ကျွတ်ထိုက်သော သတ္တဝါတို့ ကျွတ်လွတ်ကြစေခြင်းငှာ အရပ်ရှစ်မျက်နှာ တို့သို့ ခရီးတကြောင်းလျှင် တပါးစီ, တပါးစီသာ ကြွသွားစေ၍ တရားဓမ္မ ဟောညွှန်ပြကာ သာသနာပြုကြရန် ခွင့်ပြုတော်မူခဲ့ပြန်လေသည်။

**စဉ်လာမပျက် သာသနာပြုလျက်** ထိုအခါမှ စ၍ ယနေ့တိုင်အောင်ပင် သာသနာ့ဝန်ထမ်း ရဟန်းတော်အဆက်ဆက်တို့သည် အစဉ်အလာမပျက်ဘဲ ဆက်လက်ကာ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာကို မကွယ်မပျောက်အောင် ပြုစုစောင့်ရှောက်လာခဲ့ကြပါသည်။

**ဗုဒ္ဓသာသနာ သုံးပါးသာ** ထိုဗုဒ္ဓသာသနာခေါ် ဘုရားအဆုံးအမတော်သည်လည်း၊ (၁) ပရိယတ္တိသာသနာ၊ (၂) ပဋိပတ္တိသာသနာ၊ (၃) ပဋိဝေဓသာသနာ ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးသော အဆုံးအမ သာသနာတို့တွင်....

**ပရိယတ္တိ သာသနာ** (၁) ပရိယတ္တိသာသနာ ဟူသည်၊ဘုရားအဆုံးအမ တရားတော်ဖြစ်သော၊သုတ်,ဝိနည်း,အဘိဓမ္မာ ပါဠိတော် နှင့် တကွ၊ထိုပါဠိတော် နှင့် လျော်သော အဋ္ဌကထာ, ဋီကာနှင့် အာစရိယဝါဒ အဆုံးအမ တရားတော်များကို မှန်မှန်ကန်ကန်ဟောပြောပြသ ဆိုဆုံးမခြင်း,သင်ကြား-လေ့

ကျက်, မှတ်သားနာယူခြင်းတည်းဟူသော သင်သိ ပညာ အဆုံး အမ တရားတော်ပင် ဖြစ်ပါသည်။

**ပဋိပတ္တိ သာသနာ**　(၂)ပဋိပတ္တိ သာသနာဟူသည် ထိုဆိုအပ်ခဲ့ပြီးသော သုတ် ဝိနည်း,အဘိဓမ္မာ၌ လာသော သင်သိပညာ အဆုံး အမ တရားတော် လာသည့်အတိုင်း သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး အကျင့် တရားများကို အပြော မဟုတ်, အလုပ်ဖြင့်သာ မှန်မှန်ကန်ကန် ကျင့်ကြံကြိုးကုတ် အား ထုတ်ခြင်းကြောင့် ကိုယ်တိုင် အမှန် သိခြင်းတည်းဟူသော ကျင့် သိပညာ အဆုံးအမ တရားတော်ပင် ဖြစ်ပါသည်။

**ပဋိဝေဓ သာသနာ**　(၃)ပဋိဝေဓ သာသနာဟူသည် ပရိယတ္တိသာသနာ ခေါ် သင်သိပညာဖြင့် ဆုံးမသည်အတိုင်း အပြော နှင့်အလုပ် သဘောဟုတ်အောင် မှန်မှန် ကန်ကန် မဇ္ဈိမပဋိပဒါ အလယ်လမ်းမှန်ကျကျ အားထုတ်၍ အမှန်အတိုင်း သိသော ပဋိပတ္တိသာသနာခေါ် ကျင့်သိပညာက ထပ်ဆင့်၍ဆုံးမ သည်အတိုင်း အမြင်မှန် ပေါက်ကာ သစ္စာလေးပါး အမှန်တရား တို့ကို ထိုးထွင်း၍ သိအပ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ခေါ်ငြား, လောကုတ္တရာ တရား ကိုးပါးကို ကိုယ်တိုင်သိရှိ ခံစားရခြင်းတည်း ဟူသော ထိုးထွင်းသိ ပညာ အဆုံးအမ တရား တော်ပင် ဖြစ်ပါသည်။

**အရေးကြီးဆုံးမှာ သင်သိပညာ**　ထိုအဆုံးမသာသနာသုံးပါးတို့တွင် ပရိယတ္တိ သာသနာခေါ် သင်သိဖြင့် ဆုံးမခြင်းသည် အရေးအကြီးဆုံး ဖြစ် သော ကြောင့် ရေ

သောက်မြစ်သဘွယ်ဖြစ်ပေသည်၊ အဘယ့်ကြောင့်နည်း?ဆိုသော် ပရိယတ္တိခေါ် သင်သိ တရားတော်ကြီးကို အမှန်အတိုင်းမသိက, ပဋိပတ္တိခေါ် ကျင့်သိတရားအမှန်ကိုမရနိုင်, မသိနိုင်ကြပေ၊ ကျင့်သိတရားအမှန်ကိုမရ၊ မသိပါကလည်း ပဋိဝေဓခေါ် အမှန်တရားကို ထိုးထွင်း၍သိသောမဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တရား အစစ်အမှန်ကို မရနိုင်, မသိနိုင်ကြပေ။

သို့ဖြစ်လေ၍ တရားတော် အစစ်အမှန်တို့ကို သိမြင်ဘို့ရာ ယခုအခါ ဗုဒ္ဓသာသနာတော်နှောက်ပိုင်းမှာ ဝိပဿနာတရားပြန့်ပွားကာ ဝိပဿနာ ကျောင်းတိုက်, ဓမ္မရိပ်သာတွေ အများအပြား အစားစား ပေါ်ပေါက်လျက် သင်သိပညာ, ကျင့်သိပညာခေါ် ဝိပဿနာပညာ အသိဉာဏ် အမှန်တရားတို့ကို ရှာကြံလျက်ရှိကြလေသည်။

**အမှန်ရှာယင်း မှားကွက် နင်း** သို့ပင် အမှန်တရားတို့ကို ရှာကြံ လင့်ကစား, အချို့, အချို့သော သူတို့မှာ ဝိပဿနာ အသိဉာဏ်, အမှန် အစစ်သို့ မရောက်ခဲ့ကြပါဘဲလျက်၊ သင်သိ = သုတမယ ပညာ ခေါ်သော သညာသိနှင့် စိန္တာမယခေါ် ကြံစည် စိတ်ကူးသိ, မှန်းခြေ သိလောက်နှင့်သာ အချိန်ကုန်ပြီး မိမိ ကိုယ် ကို အဟုတ်ကြီးမှတ်၍ အထင်ကြီးပြီး ဘဝင်မြင့်ကာ အရိယာအစစ် ဖြစ်ပြီ ဟု ထင်ကြေးနှင့် ပြန်လာခဲ့ကြလေသည်မှာလည်း နည်းမည်ကား မဟုတ်ပေ။

**ကျင့်သိ ဝိပဿနာ ထင်မှားရှာ** ဤသို့လျှင် ပရိယတ္တိ သင်သိပညာ, သုတမယ ပညာ, ခေါ်သော ဗဟုကြား အမြင် ဗဟုသုတဖြင့် သိသော သညာ သိမျိုးနှင့်

စိန္တာမယ ပညာခေါ် ကြံစည် စိတ်ကူး, တွေးတော စဉ်းစား, ဝေဘန်၍ သိသော အထင်သိ, မှန်းခြေသိ,ဆိုတဲ့ အသိမျိုးတွေ ကိုပင် ကျင့်သိ ဝိပဿနာ အစစ်အမှန်ပါဟု အထင်မှားပြီးလျှင် ပေါပြောဆွေးနွေး တိုင်ပင်ကာ မိမိကိုယ်ကို စိတ်ကြီးဝင်လျက် မဂ်, ဖိုလ်, ဆိုက်ပြီး အရိယာ ကြီးပင် ဖြစ်နေသည့် အလား၊ ဝါကြွား,ပ-လွှား,၍ဘဝင်မြင့်ပြီး မာနကြီးနေကြခြင်းသည်ကား။ (၁) သညာဝိပ္ပလ္လာသ = အမှတ်မှားမှု။ (၂) စိတ္တဝိပ္ပလ္လာသ = အသိမှားမှု။ (၃) ဒိဋ္ဌိ ဝိပ္ပလ္လာသ = အယူ အဆ မှားမှုများ ကြောင့်သာ ဖြစ်ကြလေသည်။

**အမှားကင်းပျောက်**
**အမှန်ရောက်**

အမှန်မှာကား မဂ်,ဖိုလ်,ဆိုက်ဘို့ စခန်း သည် အပြော စခန်း, စိတ်ကူး ကြံစည် နေရသော စခန်းမျိုးကားမဟုတ်ပါပေ။ သင်သိပရိယတ်ကို အခြေခံအုဋ္ဌမြစ်ချကာ, ကျင့်သိ ပဋိပတ် ဆိုတဲ့ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး,လက်တွေ့ အလုပ်တရား တို့ကို ကြိုးစားအားထုတ်၍ အလုပ်စခန်းဝင်မှသာ ကျင့်သိပညာ တဆင့်ထက်တဆင့် မြင့်သည်ထက် မြင့်ကာ ပညာ ပါရမီရင့်သန် လာ၍ မဂ်,ဖိုလ်ဆိုက်ရောက် နိဗ္ဗာန်ပေါက်ပြီး အရိယာအစစ်ကြီး ဖြစ်နိုင်ပါသည်။

**ကျင့်သိမှန်မှ**
**နိဗ္ဗာန်ရ**

အဘယ့်ကြောင့် ကျင့်သိ အလုပ် စခန်းဖြင့်သာ မဂ်,ဖိုလ် ဆိုက်ရောက် နိဗ္ဗာန် ပေါက်သည်ဟု ဆိုရပါသနည်း ? ဟု မေးခဲ့သော်။ လောကုတ္တရာ အမှန် ဒုက္ခ ငြိမ်းအေးမှု မြတ်နိဗ္ဗာန်ကို မြင်နိုင် သိနိုင်သော ဉာဏ်အသိသည် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, အသိမျိုးသာ ဖြစ်၍။

၎င်း မဂ်-ဖိုလ်ဉာဏ် အသိသို့ မရောက်မီ ရှေ့အဘို့က "ပုဗ္ဗဘာဂ-မဂ်"ခေါ် အရိယာမဂ်၏ ရှေ့တော်ပြေး ဖြစ်သော သမ္မသန-ဉာဏ်အသိ, ဥဒယဗ္ဗယဉာဏ်အသိ, အစရှိသော ဝိပဿနာဉာဏ် အသိ ဆယ်မျိုးတို့ ဖြစ်ပေါ် သိရှိလာအောင် ကျင့်ကြံ ပွားများ အားထုတ်ရပေသည်။

ဤသို့လျှင် ကျင့်သိပညာ အမှန်အတိုင်း ဖြစ်ပေါ်လာအောင် ကျင့်ကြံပွားများ အားထုတ်၍ ဝိပဿနာဉာဏ် ရင့်သန်ခြင်းသို့ ရောက်သဖြင့် သစ္စာလေးပါး အမှန်တရားကို အရိယာမဂ်ပညာ ဖြင့် ထိုးထွင်း သိမြင်ကာ ဆိုင်ရာ, ဆိုင်ရာ ကိလေသာ တို့ကို လေးကြိမ်တိတိ သမုစ္ဆေဒ ပဟာနသတ္တိဖြင့် အကြွင်းမဲ့ ပယ်သတ် နိုင်ပြီးမှသာ ကိစ္စ ပြီးမြောက် နိဗ္ဗာန် တိုင်အောင် အဆုံးသို့ ရောက်၍ ဘဝဇာတ်သိမ်းကာ ဒုက္ခ ငြိမ်းအေးမှု ဆိုတဲ့ နိဗ္ဗာန် ချမ်းသာကို ရနိုင်-ရောက်နိုင်ပါသည်။

**ဝိပဿနာ-မပါ ဘုရား သော်မှ မဖြစ်ပါ**

သာမန်ပုဂ္ဂိုလ်တို့ကို မဆိုထားဘိ၊ ဗုဒ္ဓဂေါတမ သော်မှလည်း၊ ဤကဲ့သို့ ကျင့်သိပညာ ပြည့်စုံမှသာ ဘုရားအဖြစ်သို့ ရောက်ရှိလာခဲ့သည်ကို ဗုဒ္ဓဂေါတမကိုယ်တိုင် ဟောပြခဲ့သော သုတ်, ဝိနည်း, အဘိဓမ္မာ ဒေသနာတော်များ ဖြင့် ထင်ရှားစွာ သိနိုင် ပါသည်။

**သင်သိ တွက်တာ ဆရာရှာ**

သို့ဖြစ်၍ ကျင့်သိ ဝိပဿနာ အစစ်အမှန်, ထိုးထွင်းသိ မဂ်-ဖိုလ်ဉာဏ် အစစ်အမှန်သို့ ရောက်ရှိနိုင်ရန် သင်သိ ပရိယတ္တိဉာဏ် အမှန်ကို ရဘို့အရေးသည် အလွန်ပင် အရေး တကြီး လို အပ်

ရကား။ ဘုရားမြတ်စွာ ကိုယ်တိုင်သာလျှင် သံယုတ်ပါဠိတော်မှာ "ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော"....ဟုတ် တိုင်းမှန်စွာ သိမြင်နိုင်ဘို့ရန်အလို့ငှါ ကျကျနန အမှန်ရအောင် ဟောကြားညွှန်ပြ ဆုံးမတတ်သော ဆရာစစ် ဆရာမှန်ကို မရ, ရအောင် လိုက်လံရှာမှီးပါ....ဟု, မှာတမ်းပြုခဲ့သည်ကို သတိမူ မိသော ဤစာရေးသူတို့၏ဆရာ ကျေးဇူးရှင် အဗျားကသစ်ဝိုင် မူလဆရာတော် ဘုရားကြီးသည် ပရိယတ္တိ သင်သိအရာ ဆရာ နည်းကျကျ ရှာဘွေကာ ကိုယ်တိုင်ပင် ကျင့်ကြံပွါးများ အား ထုတ်၍ အားရလောက်အောင် သိရှိခဲ့ရပါသည်။

**တိုင်းသိထင်ပေါ် ကသစ်ဝိုင်ဆရာတော်**　ဤကဲ့သို့ ကိုယ်တိုင်ပင် အားရလောက် အောင် သိရှိပြီးကာမှ ကျေးဇူး များ လှသော မိဘဆွေမျိုးများကို ဟော ပြောဆုံးမ အမှန်ရအောင် နည်းလမ်းပြသည်ကစ၍ တစ,တစ နှင့် တိုင်းသူ ပြည်သား လူသိများကာ "ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော်ဘုရား"....ဟု, ထင်ရှား ကျော်ကြား သော အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

**မှတ်ချက်။** ။ဤနေရာတွင် ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော် ဘုရားကြီး၏ထေရုပ္ပတ္တိကို ရေးသားတင်ပြရန် သင့် သော်လည်း နိဒါန်းစာလွှာကျယ်သွားမှာကိုစိုးသည်ကတကြောင်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိအပြည့်အစုံကို,ဆရာ တော်ဘုရားကြီး၏ တပည့်ကြီးတပါး ဖြစ်သော ပဲခူးမြို့ ကသစ်ဝိုင် ဓမ္မရိပ်သာဆရာတော် "အရှင်တေဇောသာရ" မထေရ်ကရေးသား

ထုတ်ဝေပြီး ဖြစ်သည်က တကြောင်း တို့ကြောင့် ထေရုပ္ပတ္တိ ကို ချန်လှပ်ခဲ့ရပေသည်။

**စာအုပ်ထုတ် ရန် များတောင်းပန်**

ကျေးဇူးရှင်ကသစ်ဝိုင် ဆရာတော်ဘုရားကြီး သက်တော် ထင်ရှားရှိစဉ်ကပင် ဆရာတော် ဘုရားကြီး၏ တရားတော်များကို တိုင်းပြည် အနှံ့အပြား တပည့် သာဝကများ သိရှိနိုင်ဘို့ရန်အတွက် စာအုပ် ထုတ်ဝေ ပါမည့် အကြောင်းကို အ ကြိမ် ကြိမ် လျှောက်ထား တောင်းပန်ကြသော်လည်း ခွင့်မပြုဘဲ နေခဲ့ပါသည်။ နောက်ဆုံး လျှောက်ဖန် များလာသော အခါ ၁၃၂၆ ခုနှစ်တွင် စာအုပ် ထုတ်ဝေရန် ဝန်ခံပြီးလျှင် အသံသွင်း ကြိုးခွေမှတဆင့် ကူး ယူ ပြီးသော စာမူကြမ်းများကို သန့်ရှင်း စင်ကြယ်သော စာမူတခု ဖြစ်လာအောင် စီစစ်ပြင်ဆင် မှတ်တမ်းတင်ပြီး အ ချော ကိုင် ပေးရန် ဤစာရေးသူအား တာဝန်ပေးအပ်ခြင်း ခံရပါသည်။

သို့ဖြစ်၍ ဤစာရေးသူသည် စာမူကြမ်းများကို အချိန်ရတိုင်း စီစစ်ပြင်ဆင် မှတ်တမ်းတင်၍ အချောကိုင်ပြီး တတွဲစာ ခန့် ကို ကျေးဇူးရှင် ဆရာတော် ဘုရားကြီးအား ဆက်ကပ်နိုင်ခဲ့ပါသည်။

ထို့နောက် ကျန်သော စာမူများကို ဆက်လက်၍ စီစစ် ပြင်ဆင်နေဆဲတွင် ၁၃၂၇ ခု နတ်တော်လဆန်း ၂ ရက်နေ့ ပဲခူးမြို့ လိပ်ပြာကန်တရားပွဲသို့ ဤစာရေးသူ နှင့် မုဣမု....အဋ္ဌဖို တောရ ဆရာတော်တို့ပါ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ နောက်မှ ပစ္ဆာသမဏ အဖြစ်ဖြင့် ကူညီတရားပြရန် လိုက်ပါကြရပါသည်။ ထိုစဉ်အခါက ရန်ကုန်မြို့ မြို့မရိပ်သာအဖွဲ့ လူကြီးများ ပဲခူးမြို့သို့ လာရောက်ကြပြီး၊ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကန်တော့

ကာ စာအုပ်ကိစ္စကို လျှောက်ထားကြ ရာတွင် ဤစာရေးသူ စီစစ်ပြင်ဆင်ပြီးဖြစ်သောစာမူကို စာအုပ်ရိုက်နှိပ်ထုတ်ဝေရန် မြို့မ ရိပ်သာအဖွဲ့အား တာဝန်ပေးအပ်လိုက်ပါသည်။

**သေချိန်ရောက်က သေကြရ**　ထိုမှနောက်၌ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည် ကျန်းမာရေး ချို့တဲ့လာသောကြောင့် တတ်သိလိမ္မာ သမားတော်များစွာဖြင့် အမျိုးမျိုးကုသကြပါသော်လည်း ဗျာဓိဒုက္ခ ပြင်းထန်လှသဖြင့် သက်တော် (၆၂) နှစ် ဝါတော် (၄၂)ဝါရပြီး ဆရာတော်ဘုရားကြီးကား၊ ဘုရားသော်မှ ရှောင်မရသည့် မရဏာမင်း၊ သူ့လက်တွင်းသို့ မငြင်းဆန်သာ ၁၃၂၇ ခု, ပြာသိုလဆုတ် (၉)ရက်နေ့ နံနက် (၁၁)နာရီ မိနစ် (၅၀)အချိန်မှာ ပျံလွန်တော်မူရရှာလေသည်။

**တပည့်ကြီးများ ဆက်ကြိုးစား**　ထိုသို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးသောအခါ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က၊ ကြွရောက် ဟောပြောပြသခဲ့သော၊ ရိပ်သာအသီးသီးသို့ ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများက ကြွရောက်ပြီး ကိုယ်စွမ်း, ဉာဏ်စွမ်း ရှိသလောက် ဟောပြောပြသဆိုဆုံးမလျက်၊ ပဋိပတ္တိသာသနာတော်ကြီး မကွယ်မပျောက်ရလေအောင် ဆက်လက်ကြိုးစား၍ သာသနာပြုလာခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်ပါသည်။

**ဆရာ့အမွေ ခံထိုက်စေ**　ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော် ဘုရားကြီး၏ တပည့်အကြီးဆုံး ဖြစ်တော်မူသော သထုံခရိုင်, ကျိုက်ထိုမြို့နယ်, မုကွမ္မူရွာအင့်ဖိုတောရဆရာတော်

အရှင်အာစိဏ္ဏ။ ပဲခူးမြို့ ဝါဆိုကျောင်းဆရာတော်အရှင်ဝေပုလ္လ။ စစ်တောင်းမြို့ အလင်းရောင်ကျောင်းတိုက်ဓမ္မရိပ်သာဆရာတော် အရှင်ဝိဇ္ဇောဘာသ အစရှိသော တပည့်ကြီးများသည် ပဋိပတ္တိ သာသနာတော်ကြီး မကွယ် မပျောက် စေရန် အာသီသနှင့် ဆရာ့အမွေကို တပည့်ဆက်ခံသော သဘာဝတို့ကိုအရင်းခံထား၍ ယခုအခါ အမြို့မြို့ အနယ်နယ်ရှိ ဓမ္မရိပ်သာ အသီးသီးသို့ အချိန်အခါအလျောက် ကြွရောက်ကြပြီး ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသလောက်ဟောပြောပြသ ဆိုဆုံးမလျက်ရှိကြပါသည်။

**စာအုပ်ဖြစ်ရေး ပေါ်လာသော၊** ဤသို့ပင် ဟောပြောပြသ ဆိုဆုံးမလျက်ရှိကြငြားသော်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ရည်ရွယ်တော် မူရင်းဖြစ်သော ဝိပဿနာတရားတော်များ တိုင်းပြည်အနှံ့သို့ ပြန့်နှံ့ခြင်းကား မဖြစ်ခဲ့သေးပေ။ တိုင်းသူပြည်သား တပည့်သာဝကများကလည်း ကျေးဇူးရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏ ဝိပဿနာအလုပ်ပေးတရားတော်စာအုပ်ကိုမျှော်လင့် နေဆဲပင်ဖြစ်ပါသည်။

ဤအခြေအနေတွင် ရန်ကုန်မြို့ မြို့မရိပ်သာအဖွဲ့ကလည်း စာအုပ်ထွက်ပေါ်လာအောင် ကြိုးစားယင်းနှင့်ပင် အကြောင်း အမျိုးမျိုး အခက်အခဲအမျိုးမျိုးကြောင့် စာအုပ်ထုတ်ဝေခြင်းမပြုနိုင်သောအခါ အသံသွင်းကြိုးခွေမှရေးကူးပြီးစာမူကြမ်းနှင့်တိတ်ရီကော်တာ၊ အသံသွင်းပြီးတိတ်ခွေများကိုပါ မူလပင်ရင်း အဖျား ကသစ်ဝိုင် ကျောင်းတိုက်သို့ လှူဒါန်း ဆက်ကပ်ပြီးလျှင်

အရှင်ဘုရားတို့ကသာ စာအုပ်ဖြစ်အောင် ထုတ်ဝေတော်မူကြပါ ဘုရားဟု လျှောက်ထားလာကြပြန်လေသည်။

ထိုအခါ မူလ အဗျားကသစ်ဝိုင်တိုက်အုပ် ဘုန်းတော်ကြီး အရှင်ခေမိန္ဒတို့ကလည်း ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ တပည့်ကြီးများအား အပ်နှံလိုသောကြောင့် ၁၃၃၀-ခု တပေါင်းလဆန်း ၂ ရက်နေ့မှစ၍ ဤစာရေးသူအပါအဝင်၊ မုံရွာမူ အဋ္ဌဖိုတောရဆရာတော်အမှူးရှိသော တပည့်ကြီးများ ဆယ်ရက်စဉ်တရားပွဲ ဟောပြောပြသဆဲဖြစ်နေသော ကျိုက်ထိုမြို့ ကသစ်ဝိုင်ဓမ္မရိပ်သာသို့ စာမူကြမ်းများကိုပါ ယူဆောင်ကြွလာပြီးလျှင် တပည့်ကြီးများ ပြင်ဆင်တည်းဖြတ်ကာ စာအုပ်ထုတ်ဝေပါရန် အပ်နှံလျှောက်ထားပြန်ပါသည်။

ထိုအခါ၌ မူလပထမ မြို့မရိပ်သာအဖွဲ့သို့ စာအုပ်ရိုက်နှိပ်ရန် ပေးလိုက်သော ပြင်ဆင်အချောကိုင်ပြီးသောစာမူများ မပါလာတော့ဘဲ အသံသွင်းကြိုးခွေမှ နောက်ထပ်ရေးကူးထားသော စာမူကြမ်းများသာ ပါလာသည်က တကြောင်း၊ ဆရာတော်များကလည်း မအားလပ်အောင်ပင် တရားပွဲအထပ်ထပ်၊ အလုပ်တာဝန် အရပ်ရပ် ရှိနေခြင်း တို့ကြောင့် တကြောင်း။ မူလအဗျား ကသစ်ဝိုင်တိုက်အုပ်ဘုန်းတော်ကြီး အရှင်ခေမိန္ဒတို့ကိုပင် အရှင်ဘုရားတို့ပဲ စီစစ် ပြင်ဆင်ပြီး ရန်ကုန်မြို့ မြို့မရိပ်သာမူဖြစ်သော "ကိုယ်တွေ့-ဉာဏ်မြင်၊ အလုပ်ပေးဝိပဿနာတရားစဉ်" ကို စာအုပ်အဖြစ် ထုတ်ဝေကြရန် ကသစ်ဝိုင်ဝိပဿနာ ပြန့်ပွားရေးအတွက် ခွင့်ပြုလိုက်ကြလေသည်။

ထိုအခါမှစ၍ မူလအဗျားကသစ်ဝိုင်တိုက်အုပ် ဘုန်းတော်ကြီး အရှင်ခေမိန္ဒတို့က ရန်ကုန်မြို့ မြို့မရိပ်သာမှုဖြစ်သော "ကိုယ်တွေ့ ဉာဏ်မြင်, အလုပ်ပေးဝိပဿနာတရားစဉ်" စာအုပ် ပထမတွဲ ကို ရိုက်နှိပ်ထုတ်ဝေခဲ့ကြလေသည်။

**နိဒါန်း ရေးရန် တောင်းပန်ပြန်** ပထမတွဲ စာအုပ်ထုတ်ဝေပြီးနောက် မူလကသစ်ဝိုင်တိုက်အုပ်ဘုန်းတော်ကြီး အရှင်ခေမိန္ဒသည်ဤနိဒါန်းစာလွှာ ရေးသူအား လျှောက်ထားသည်မှာ ကျန်ရှိသောတရားတော်များကို ဒုတိယတွဲ စသည်ဖြင့် ဆက်လက်ထုတ်ဝေရန် စီစဉ်နေပါသည်။ ပထမတွဲ အစမှာပင် အရှင်ဘုရားရေးသားသောနိဒါန်းကို ထည့်ရန်လိုလားပါသဖြင့် အရှင်ဘုရားထံသို့ သုံးကြိမ်တိုင်တိုင် လာရောက်သော်လည်း အရှင်ဘုရားတို့မအားလပ်၍ တွေ့ခွင့်ပင်မရခဲ့သောကြောင့် ပထမတွဲ နိဒါန်းကို တပည့်တော်များပင်ရေး၍ ထည့်လိုက်ရပါသည်။ ယခု ဒုတိယတွဲ စာအုပ်၌အရှင်ဘုရားရေးသော နိဒါန်းပါအောင် ထည့်လိုပါသည် ရေးသားချီးမြှင့်ပေးပါဘုရားဟု လျှောက်ထားတောင်းပန်လာသဖြင့်။

ဤစာရေးသူ၏ စေတနာနှင့်သမ္မာဆန္ဒမှာ ကျေးဇူးရှင်မူလကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏ "ကိုယ်တွေ့-ဉာဏ်မြင်, အလုပ်ပေး ဝိပဿနာတရားစဉ်" ကို တွေ့မြင်ဘတ်ရှု ကြရကုန်သော သူတော်စင်အပေါင်းတို့သည် သုတမယဉာဏ် သင်သိအမှန် ရင့်သန်ကြပြီး အခြေခံအုတ်မြစ်ကောင်းကြီးကိုရကြသဖြင့် ထိုမှတဆင့် စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်တို့ ရင့်သန်တိုးတက်လာအောင် ကိုယ်တွေ့ဉာဏ်မြင် အလုပ်ခွင်သို့ ဝင်ရောက်ကြိုးစား

ကျင့်သိဝိပဿနာဉာဏ်အသိ ပြည့်စုံသွားသဖြင့် မဂ်-ဖိုလ်ဉာဏ်မြင် ထိုးထွင်းသိ လမ်းစဉ်သို့ပေါက်ရောက်အောင် တက်သွားနိုင်ကြ၍ ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို ဧကန်မုချ ရောက်ကြပါစေ သတ္တဝါတို့အားသနားမှု ကရုဏာတွေဖြင့် ယခုအခါ "ဤနိဒါန်းစာလွှာ-သိစရာ"ကို မကြာအလျင် ရေစီးရင်၍ စေတနာဖြူစင် မေတ္တာယှဉ်ကာ ပေးအပ်လိုက်ရပါသတည်း။

အရှင်ဝိဇ္ဇောဘာသ ( ဓမ္မာစရိယ )
အလင်းရောင်ကျောင်းတိုက်-ဓမ္မရိပ်သာ
စစ်တောင်းမြို့
သထုံခရိုင်

# နိဒါန်းလွှာ

နမော-တဿ-ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။

အစိန္တေယျ, သုံးလောကထွဋ်ထား ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်, သားတော် ရာဟုလာ ပမာထားလျက်(၄၅)ဝါ ကာလပတ်လုံး သံသရာသမုဒ်, ဝဲဇလုပ်၌ နစ်မြုတ် မျောပါး၍ နေကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား ဘေးရန်ခပင်း, ဒုက္ခတွင်းမှ, လွတ်ကင်း ချမ်းသာ နိဗ္ဗူတာသို့ လျင်စွာထုတ်ချောက်, အမြန်ရောက်စေခြင်း အကျိုးငှာ, ဟော ကြား ညွှန်ပြ ဆုံးမတော် မူအပ်သော ဒေသနာတော်သည်ကား ထင်ရှားရှိခဲ့ပါပေ၏။ သို့ရှိပါငြားသော်လည်း တပ်အပ်သေချာ, ခွဲခြားကာ မသိကြသည့် ခြင်းရာကြောင့် မျက်စေ့လည် မှောက်မှားလျက်, ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်ကိုသွား ဝိပဿနာတရားများကို, အားထုတ်သူနည်းပါး၍ အို, နာ,သေရေး ဒုက္ခဘေးတို့ကို, အစဉ်မပြတ် အထပ်ထပ် ဖြစ်စေ တတ်သော လောကီ ကုသိုလ်တရားများကိုသာ အားထုတ်ပြုလုပ်ကြသောသူတို့သာ များကြပေသည်၊ ထိုသူတို့အား မဂ်,ဖိုလ်, နိဗ္ဗာန် သုံးတန်ချမ်းသာကို, လျင်မြန်စွာ ရစေခြင်းအကျိုးငှာ၊ဘုရားဟော ဒေသနာ ပိဋကတ်သုံးပုံ ကျမ်းပေါင်း စုံမှ လိုရင်းကို ထုတ်နှုတ်၍ "ကျေးဇူး ရှင်ကသစ်ဝိုင် ဆရာတော် ဘုရားကြီး" သည် စာတွေ့, ကိုယ်တွေ့, တထိုင်တည်းဖြင့်ပင် နာမ်ရုပ် ဖြစ်ပျက် တရားတို့ကို တွေ့မြင်နိုင်,

သိနိုင်သော 'ကိုယ်တွေ့ ဉာဏ်မြင် လုပ်ငန်းစဉ် ဒုလ္လဘဒေသနာ ဝိပဿနာ အလုပ်ပေး တရားတော်' ကို ဟောကြားတော် မူခဲ့လေသည်။

**သာသနာနှင့်ဆရာတော်။**

ဤ ဒုလ္လဘဒေသနာ ကိုယ်တွေ့ဉာဏ်မြင် လုပ်ငန်းစဉ် အလုပ်ပေး တရားတော်ကို ဟောကြားတော် မူခဲ့သော "ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော် ဘုရားကြီး" သည် သက်တော် (၆၂)နှစ် ဝါတော် (၄၂)ဝါတို့ ပတ်လုံး သာ သ နာ တော် မြတ်ကြီး၏ အကျိုးကို တောရော မြို့ပါ မယုဉ် သာအောင် သည်ပိုးရွက် ဆောင်တော်မူခဲ့ရာ ပရိယတ် ပဋိပတ် နှစ်ဌာနဌ် အထက်တန်း ဝင်ကြသော တပည့် တကာ, တကာမ, ရဟန်း သံဃာ ပရိသတ် များမှာ မရေတွက်နိုင်အောင်ပင် ရှိခဲ့ပေပြီ။

**ဗုဒ္ဓဝါဒ ဗုဒ္ဓလမ်းစဉ်အရ။**

ကိုယ်တိုင် စူးစမ်း ရှာဖွေ ကျင့်ကြံ အားထုတ် အောင်မြင် ထမြောက် အထွဋ်အထိပ်လမ်းဆုံးသို့ ပေါက်ရောက်တော်မူသော "ကျေးဇူးရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီး" ဟောကြားတော် မူခဲ့သော ဘရားဒေသနာတို့သည်ကား သိမ်မွေ့ နက်နဲ ခက်ခဲသော သဘောဉာဏ်၏ အရာသက်သက်ဖြစ်သော်လည်း သင်သိ ဝိပဿနာ အခဏ်းတွင် အားထုတ်ပုံ အားထုတ်နည်းကို ဟောကြားရာ၌ နားလည်လွယ်သော မြန်မာ စကား သက်သက်ဖြင့် ကျမ်းဂန်မတတ်သော သူများပင် မသိသူ မရှိရအောင် ဟောကြားပြသနိုင်သော စွမ်းရည်ရှိပါပေသည်။

**ကျင့်သိ ဝိပဿနာခဏ်း၌။**

စာပေ ကျမ်းဂန် တတ်သူက တခြား၊ တရားသဘောကို ကိုယ်တိုင်ကျင့်ကြံ အားထုတ်သဖြင့် အဟုတ်အမှန်သိသူကတဖြာ၊ ပညတ်သိ, ပရမတ်သိ, အမှားသိ, အမှန်သိ, တွေကို ဆိုင်ရာ ဆိုင်ရာဝတ္ထုသက်သေ သာဓက ဥပမာ ပုံအမျိုးမျိုးပြကာ ပရမတ္ထ သဘာဝတို့ကို အချက်ကျကျ ဟောထားလေသည်။

**နာမရူပ ပရိစ္ဆေဒခဏ်း၌။**

ဝိပဿနာတရား အားမထုတ်သည့် အတွက် နာမ် ရုပ် မ မြင် ခြင်းကြောင့် သက္ကာယဒိဋ္ဌိနယ်၌ နစ်မြုတ်နေကြသဖြင့် အပါယ် လေးပါးကျပုံ။

ဝိပဿနာတရား ပွားများအားထုတ်ခဲ့ပါလျှင် နာမ်ရုပ်ကိုမြင် ငါတလုံးစင် ကလျာဏ ပုထုဇဉ်ဖြစ်၍ အပါယ်ခွင်မရောက်ဝေးပုံ နိဗ္ဗာန်ပေါက် လမ်းစပေးပုံတို့ကို အကြောင်းအကျိုးစပ်၍ တိကျ ပြတ်သားစွာ ဟောထားလေသည်။

**တိုက်တွန်းချက်။**

ဘဝကို ကြောက်သဖြင့်,နိဗ္ဗာန်ရောက်ရေး,အားသွန်ကြိုးကုတ် ကမ္မဋ္ဌာန်းအလုပ်ကို, ကျိုးစား အားထုတ်၍ နေ ကြ ကုန် သော ယောဂီအရှင် သူတော်စဉ် အပေါင်းတို့....

ယောဂီအရှင် သူတော်စဉ်တို့၏ မှီခိုအားထားရာ ကိုးကွယ်ရာ "ကျေးဇူးရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီး"ဟောကြားခဲ့သော

ကိုယ်တွေ့ ဉာဏ်မြင် ဒုလ္လဘဒေသနာ ဝိပဿနာ အလုပ်ပေး တရားစာများကို....

စာတွေ့ဖြင့် မဆုံးဖြတ်ဘဲ လက်တွေ့ကျင့်ဆုံးသော အားဖြင့် အို, နာ, သေရေး, ဒုက္ခဘေးတို့ ကင်းဝေးရာ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြပါစေဟု ဆုတောင်းပတ္ထနာ ပြုကာ၊ ဤနိဒါန်းလွှာကို နိဂုံးချုပ်လိုက်ရပါတော့သတည်း။

ဘဒ္ဒန္တ - ခေမိန္ဒ၊
ဘဒ္ဒန္တ-လက္ခဏ၊
မူလ ကသစ်ဝိုင်ရိပ်သာ။

# ဓမ္မဒါန

## စေတနာရှင်များစာရင်း

ကျေးဇူးရှင်ကသစ်ဝိုင်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော "ကိုယ်တွေ့ဉာဏ်မြင် အလုပ်ပေးဝိပဿနာတရားစဉ်ဒုလ္လဘဒေသနာ"တော်သည် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်လာမှသာ, ဟောကြားတော် မူအပ်သော, အလွန်အကြူး, အထူးအားဖြင့် ကြားနာရခဲသော,အဘိဓမ္မာဒေသနာမှ,ဖွေရှာပေါင်းထု,အနှစ်စုလျက်,ရှုမှတ်ဆင်ခြင်,ကိုယ်တိုင်မြင်တွေ့သိရှိခဲ့ရသော တရားတော်များဖြစ်၍၊ မွေး,နာ,အို,သေ,ရတဲ့ဘေးမျှော်တွေးကြောက်သဖြင့်၊နိဗ္ဗာန်ရောက်ရေး, တအားသွေးလျက်အသက်ခန္ဓာပမာမထား, ကြိုးစား အားထုတ်လိုကြတဲ့, ရဟန်းရှင်လူ, ယောဂီသူတော်စင်ဘို့သည် ကြည့်ရှုဆင်ခြင်, သိမှတ်တွင်တွင်ဖြင့်, အသင့်နှလုံးသွင်းကာ, အမြင့်ဆုံး အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်စံသုံးမှုကို၊ရည်သန်ပြုသည်ကာ ပဋိပတ္တိသာသနာ ရှည်ကြာ တည်

တန့် ခိုင်မြဲမှုအတွက်က တဖြာ, သဒ္ဓါပြဋ္ဌာန် လှူဒါန်းး ပါဝင်ကြ
သော ဓမ္မဒါန အလှူရှင်များမှာ....

၁။ အင်းစိန်မြို့ လမ်းသစ်လမ်း ကျောင်းဒါယကာ ဗိုလ်ကြီးပါ-ဒေါ်စီစီ မိသားစု စေတနာ .... ၁၀၀၀

၂။ ရန်ကုန်မြို့ တောင်ဥက္ကလာပ (၆) ရပ် ကွက် အင်းဝလမ်း ဘုန်းကြီး ဦးခေမိန္ဒ ၏ ခမည်းတော် မယ်တော်ဦးအုံး-ဒေါ်သန်းမေ မိသားစု စေတနာ .... .... .... ၅၀၀

၃။ ဘုရားပျံရွာ ဘုရားအမကြီး ဒေါ်မြနုနှင့် တူမ မအုံးကြည်၊မောင်ကြာမောင် တို့ စေတနာ .... ၃၀၀

၄။ ကသစ်ဝိုင်ရိပ်သာ ဘုန်းတော်ကြီး ဦးလက္ခဏ ၏ ရဟန်းအမ ရန်ကုန်မြို့ ဒေါ်စိန်းရွှေ သမီး မတင်အေး စေတနာ .... .... ၃၀၀

၅။ ကသစ်ဝိုင်ရိပ်သာ ဘုန်းတော်ကြီး ဦးခေမိန္ဒ ၏ ရဟန်းအမ မုပ္ပလင်မြို့၊ ဒေါ်မဲ စေတနာ .... ၂၀၀

၆။ အဗျားအလယ်စုရွာပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအဖွဲ့ စေတနာ .... .... .... ၂၀၀

၇။ ဘုရားပျံရွာ စောင်းတန်းဒါယကာ ဦးမြမောင်-ဒေါ်ခင်နု စေတနာ .... .... ၁၀၀

၈။ ထိန်တပင်ရွာသစ် ပဋ္ဌိပတ္တိ အဖွဲ့ စေတနာ .... ၁၀၀

၉။ ဖိုးစပါယ် ပါတူကုန်း ပဋ္ဋိပတ္တိ အဖွဲ့စေတနာ .... ၁၀၀

၁၀။ သီဘောမြို့ ဦးကျင်သိန်း-ဒေါ်အေး စေတနာ .... ၁၀၀

၁၁။ သံတွဲ ခရိုင် ကျိန္တလီ မြို့နယ် ရှောက် ကုန်း ရွာ ဦးအေး စေတနာ .... .... .... ၁၀၀

၁၂။ ညောင်လေးပင် မြို့ လမ်း သစ် လမ်း၊ ဦး ညို-ဒေါ်သန်းရင် စေတနာ .... .... .... ၁၀၀

၁၃။ မုပ္ပလင်မြို့ စောင်းတန်း ဒါယကာ ဦး ထွန်း-ဒေါ်မြတင် စေတနာ .... .... ၅၀

၁၄။ အညာစုကျေးရွာ ရဟန်းအမကြီး ဒေါ်ထွေး စေတနာ .... .... .... ၅၀

၁၅။ ဝေါမြို့ ဒဂုန်ထွန်း-ဒေါ်သန်း စေတနာ .... ၅၀

၁၆။ ကျောက်ညှပ်ရွာ ဆရာ ဦးထွန်း-ဒေါ်လှရီ သမီး မာမာအေး စေတနာ .... .... ၅၀

၁၇။ ကျောက်ညှပ်ရွာ သာသနာ့ အကျိုး ဆောင် ဦးသာဆိုင်-ဒေါ်စု စေတနာ .... .... ၅၀

၁၈။ ပဲခူးမြို့ ညောင်ဝိုင်ရပ် ဦးပါ-ဒေါ်မြိုင် စေတနာ .... ၅၀

၁၉။ ပဲခူးမြို့ညောင်ဝိုင်းရပ်အမိဒေါ်သဲအူးကိုအမှူး ထား၍ ဒေါ်အမာ စေတနာ .... ၅၀

၂၀။ ပဲခူးမြို့ ညောင်ဝိုင်းရပ် ( ၁၁ ) လမ်း ကျောင်း အမကြီး ဒေါ်စိန်အိ စေတနာ .... ၅၀

၂၁။ သံတွဲခရိုင် ကျွန္တလီမြို့ စသုံးလုံးအရာရှိဟောင်း ဦးသာအောင် ကြီးမှူးသော ယောဂီဟောင်းများ စေတနာ .... ၅၀

၂၂။ ညောင်ခါးရှည်ရွာ ပဋိပတ္တိအဖွဲ့ စေတနာ .... ၅၀

၂၃။ ပန်းညိုရွာ ပဋိပတ္တိအဖွဲ့ စေတနာ .... ၅၀

၂၄။ ဆပ်သွားချုံရွာ ပဋိပတ္တိအဖွဲ့ စေတနာ .... ၅၀

၂၅။ မြစ်ကျိုး အထက်ကွေ့ကြီးရွာ ရဟန်းအမကြီး ဒေါ်ငွေတင် စေတနာ .... .... ၂၅

၂၆။ ရန်ကုန်မြို့ အမှတ် ၂၁၀-၃၂ လမ်း မဟာဗန္ဓုလ အထွေထွေ စာ အုပ် ချုပ် လုပ် ငန်း ပိုင် ရှင် မောင်တင်ရွှေ စေတနာ .... .... ၂၀

၂၇။ မြိတ် မြို့ ဗဟို လမ်း အမှတ်-၂၂၊ ဦးကြည်ရှင် ဒေါ်အေးတင် သားသမီးများ စေတနာ .... ၁၀

၂၈။ ရန်ကုန်မြို့ ရေကျော်ရပ် ဝတ် ကျောင်း လမ်း အမှတ် ၁၉ ကိုင်းချစ် ဘလောက်တိုက်ပိုင်ရှင် ဦးဘဆက် မိသားစု စေတနာ .... ၅

၂၉။ ရန်ကုန်မြို့ ပုဇွန်တောင်တပ်မြေရပ်မြခွါညိုလမ်း အမှတ် (၅) ဦးထွန်းခိုင် ဒေါ်အေးချစ် သမီး သန်းသန်းနွဲ့ မြင့်မြင့်ဝေ စေတနာ .... ၇၀၀

၃၀။ ရန်ကုန်မြို့ ပုဇွန်တော် တပ်မြေရပ် ဂန္ဓမာလမ်း
အမှတ် (၈) ဒေါ်လှ သမီး မအုန်း
မောင်အေး ကိုစိန် စေတနာ .... ၁၃၅

၃၁။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် မြွခွာညို
လမ်း အမှတ် ၃၀ ဦးမောင်တင် ဒေါ်အေးခင်
သားသမီးတစု စေတနာ .... .... ၁၃၆

၃၂။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ပတောက်
လမ်း အမှတ် (၂၄) ရွှေပန်းတိမ်ဆရာ ဦးအေး-
မောင် ဒေါ်ကျင်မွေး မိသားစု စေတနာ .... ၁၃၆

၃၃။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ကုန်စျေး
တန်း အမှတ်(၂၉)ဦးထွန်းရီ-ဒေါ်ပုစေတနာ .... ၁၃၆

၃၄။ ရန် ကုန် မြို့ ပု ဇွန် တောင် တောင် လုံး ပြန်
ကျောင်းလမ်း ဦးကျော်-ဒေါ်ကြည် မိသားစု
စေတနာ .... .... .... ၁၃၆

၃၅။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ဂန္ဓမာလမ်း
အမှတ် (၈) အမိ ဒေါ်တင်ဥ မောင်အုံးဖေ-
မမြမေ သားမောင်တင်အောင် စေတနာ .... ၁၃၇

၃၆။ ရန်ကုန်မြို့ ဘောက်ထော်ရပ် အဝေရာ လမ်း
အမှတ် ၁၅ ဦးသိန်းအောင်-ဒေါ်တင်တင်ညွန့်
သားသမီးမြေးများ စေတနာ .... .... ၁၃၇

၃၇။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ဂန္ဓမာလမ်း အမှတ် (၂၁) ဦးစိန်မောင်-ဒေါ်ကြိုင် မိသားစု စေတနာ .... .... .... ၂၅

၃၈။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ပတောက်လမ်း အမှတ်(၂၆)ဦးလှစိန်-ဒေါ်တင် မိသားစု .... ၂၅

၃၉။ ရန်ကုန်မြို့ ပုဇွန်တောင်တပ်မြေရပ်-ဆပ်သဖူးလမ်း အမှတ်(၇) ဝပ်ရှော့ပိုင်ရှင် ဦးအေးဖေ-ဒေါ်ရီ မိသားစု စေတနာ .... .... .... ၄၀

၄၀။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ဂန္ဓမာလမ်း အမှတ် (၂၀) ဦးလှမောင် - ဒေါ်ညွန့်ညွန့် မိသားစု စေတနာ .... .... .... ၂၅

၄၁။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ဈေးလမ်း ဒေါ်ညွန့်ညွန့် မိသားစု စေတနာ .... ၂၀

၄၂။ ရန်ကုန်မြို့ပုဇွန်တောင် တပ်မြေရပ် မြခါညိုလမ်း အမှတ်-၁၊ ရေနံဆီ ကိုယ်စားလှယ် ဒေါ်ခင်နု မိသားစု စေတနာ .... .... ၁၀၀

၄၃။ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်း အမှတ် (၃၂) ဦးထွန်းကြိုင် - မကျင်လှိုင် မိသားစု စေတနာ .... .... .... .... ၁၀

၄၄။ ရန်ကုန်မြို့ ငမိုးရိပ်ရပ်ကွက် ၂-လမ်း ဦးကျော်ဇံ-ဒေါ်တင် သား-သမီး-မြေး တစုတို့ စေတနာ .... ၂၅

၄၅။ ရန်ကုန်မြို့ပုဇွန်တောင် တပ်မြေရပ် မြခွါညိုလမ်း
အမှတ်-၅၊ မောင်သန်း-မတိုး သား-သမီးတစု .... ၁၀

၄၆။ ရန်ကုန်မြို့ တောင်ဥက္ကလာ ရပ် ဘူတာ ရုံ လမ်း
ဒေါ်အမာ စေတနာ .... .... .... ၅

**ဆုတောင်း။** ။ဤသို့ သဒ္ဓါ ရှင် လန်း, လှူ ဒါန်း ရ သော ဓမ္မ ဒါန၊ ဓမ္မ ပူဇာ၊ ဓမ္မာနုဂ္ဂဟ မြတ် ပု ည ကြောင့် ဘဝတိုင်းဝယ်၊ ပညာကြွယ်လျှက်၊ သွယ်သွယ်ဂုဏ်နှင့်၊ အစုံတင့်၍၊ တဆင့်ရပ်နာမ်၊ ဖြစ်ပျက်ဟန်ကို၊ အ မှန် မြင် သိ၊ ဉာဏ်မျက်စေ့ဖြင့်၊ အပျက်ဆုံးရာ၊ နိဗ္ဗူတာကို၊ လျင်စွာအမြန်, မဂ်ဖိုလ်ဉာဏ်ဖြင့်၊ ဝင်စံရွှေ့လျောက်၊ မျက်မှောက် ပြုရပါစေ သား....ဟု ဆုပတ္ထနာ, ပြုကြစေကုန်ရာ သတည်း။ ။

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# တရား စစ်ပုံ စစ်နည်း

## အလုပ်ပေးတရားတော်

ဒုလ္လဘဒေသနာ

**No. 2**

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

# တရား စခ် ပုံ စခ် နည်း

# အလုပ်ပေး တရားတော်

ဒုလ္လဘ ဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မျက်လုံးမှိတ်ထား၊ စိတ်ဘယ်မှာထား ?

။ ရင်မှာထားပါဘုရား။ ။

ဘာလုပ်နေ ?

။ ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေရပါဘုရား။ ။

ငါးမျိုးရေစမ်း ?

။ ပူဒါ, အေးဒါ, လှုပ်ယာ, ဆင်းရဲဒါ, ချမ်းသာဒါ,။ ။

ဘယ်ကပေါ်တတ်သလဲ ?

။ တကိုယ်လုံးက ပေါ်တတ်ပါဘုရား။ ။

ခေါင်းမှာပေါ်ဒါ ဘယ်နှစ်မျိုး ?

။ ငါးမျိုးပါဘုရား။ ။

ဘယ်ကနေမှတ်သလဲ ?

॥ ရင်ကနေမှတ်ပါဘုရား॥ ॥

အလယ်ပိုင်း-ကျော-ရင်မှာ ပေါ်ဒါ ဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါဘုရား॥ ॥

ဘယ်ကနေမှတ်သလဲ ?

॥ ရင်ကနေ မှတ်ပါဘုရား॥ ॥

အောက်ပိုင်း ပေါင်,ခြေသလုံး-စသည်ပေါ်ဒါ ဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါဘုရား॥ ॥

ဘယ်ကနေမှတ်သလဲ ?

॥ ရင်ကနေမှတ်ပါဘုရား॥ ॥

ကွက်ကွက်ကလေးပေါ်ဒါ ဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါဘုရား॥ ॥

ဘယ်ကနေမှတ်သလဲ ?

॥ ရင်ကနေ မှတ်ပါဘုရား॥ ॥

တကိုယ်လုံးပေါ်ဒါ ဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါဘုရား॥ ॥

ဘယ်ကနေ မှတ်သလဲ ?

॥ ရင်ကနေ မှတ်ပါဘုရား॥ ॥

တကိုယ်လုံးမှာ တပြိုင်နက်ပေါ်ဒါက သုံးမျိုးနော်॥ ॥

သုံးမျိုးကော ပိုင်ရဲ့လား ?

။ ပိုင်ပါတယ်ဘုရား။ ။

ပူဒါပေါ်လျှင် ဘာပေါ်တတ်သလဲ ?

။ လှုပ်ထာ ပေါ်တတ်ပါတယ်ဘုရား။ ။

နောက်ပြီးတော့ ဘာပေါ်တတ်သလဲ ?

။ အေးဒါ (ဟင်းနေ၁်) ဆင်းရဲဒါပေါ်တတ်ပါဘုရား။ ။

အပူနဲ့ အအေး တွဲပါ့မလား ?

။ မတွဲပါဘုရား။ ။

ဒီက တပြိုင်နက်ဆိုတာကိုး၊ ကိန်းသေပြောရတယ်၊ ကိန်းသေ, နောက်ပြီးတော့လဲ ကိုယ်တွေ့ဖြစ်ဖြစ်၊ သို့မဟုတ် သဘောဖြစ်ဖြစ် လိုက်ရတယ်၊ ကိုယ်တွေ့လဲပြောရတယ်၊ ခုဟာ ကိုယ်တွေ့ စစ်တဲ့ သဘော၊ သဘော တွေ့မလိုက်ရဘူး။ ဝိပဿနာဆိုတာ ပစ္စက္ခဒိဋ္ဌ ခေါ်တယ်၊အနုမာနနဲ့ မရဘူး၊အနုမာနဆိုလျှင် မှားကုန်တာဘဲ။

မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒါကြောင့်မို့ ပစ္စက္ခဒိဋ္ဌ ကိုယ့်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်မှသာလျှင် ပြော၊ မမြင်လို့ရှိလျှင် ဆိတ်ဆိတ်နေပါ၊ မေး တိုင်းလဲ ပြောရမယ်လို့ မဟုတ်ဘူး၊ ဒါက ကိုယ်တွေ့တရားတွေ ခေါ်တယ်၊ အပူလေးပေါ်လျှင် လှုပ်ထာလေးလဲ ပါတယ်၊ မခံ သာလျှင် ဆင်းရဲမှုလဲပါတယ်၊ ခံသာလျှင် ချမ်းသာမှုလဲပါတတ်

တယ်လို့ ကိုယ်နဲ့ပတ်သက်၍ နံနံလေး အပူကို စစ်တမ်းထုတ်မယ်၊ ခန္ဓာထဲမှာ အခု အပူသည် ကိုယ်ထဲမှာပေါ်ရဲ့လား ?

။ ပေါ်ပါတယ်ဘုရား။ ။

ပေါ်ကျရဲ့လား ?

။ ပေါ်ပါတယ်ဘုရား။ ။

မပေါ်တဲ့လူ ရှိသေးသလား ?

။ မရှိပါဘုရား။ ။

ရှိလျှင် လက်အုပ်ချီပါ၊ အပူ လေးတောင် မတွေ့သေးတဲ့ ပုဂ္ဂိုလ် လက်အုပ်ချီပါ၊ လက်အုပ် မချီတဲ့ ပုဂ္ဂိုလ် မတွေ့သော ကြောင့် အပူတွေ့တဲ့ ပုဂ္ဂိုလ်ချည်းဘဲလို့ မှတ်ရတယ်၊ အဲဒီအပူကို စစ်မယ်။

ပူဒါပေါ်ဒါကော ထင်ရှားရဲ့လား ?

။ ထင်ရှားပါတယ်ဘုရား။ ။

တကိုယ်လုံးပူဒါနဲ့ ကွက်ကွက်ပူဒါ နှစ်မျိုးရှိတယ်၊ ဒါကော ထင်ရှားရဲ့လား ?

။ ထင်ရှားပါတယ်ဘုရား။ ။

တကိုယ်လုံးဘဲ အပူတွေ စွပ်ပြီးတော့ ပူနေတာ တွေ့လျှင် လက်အုပ်ချီပါ၊ တွေ့တဲ့လူ လက်အုပ် ချီရမယ်၊ မတွေ့တဲ့လူ ဒီအတိုင်းနေကြ၊ သံဃာတွေကလဲ ယယ်ယယ်လေးတွေ ဖြစ်တော့ အပြင်ဘက်က သံဃာများ လက်အုပ်ချီပါ၊ တကိုယ်လုံး ပူဒါ တွေ့လျှင် လက်အုပ်ချီပါ။

တယ်နည်းပါလား၊လေးငါးဆယ် ယောက်လောက်ဘဲရှိတယ် အဲဒီတကိုယ်လုံး ပူဒါမှာလဲဘဲ ကြာကြာလေး ပူဒါနဲ့ မြန်မြန် ပူပြီး ပျောက်သွားတာ နှစ်မျိုးရှိတယ်။

ကြာကြာပူနေတာ တွေ့ရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

အခု လက်အုပ်ချီနေတဲ့ ပုဂ္ဂိုလ်လျှောက်ရမှာ လက်အုပ်ချီတဲ့ ပုဂ္ဂိုလ်။

ကြာကြာပူဒါ တွေ့ရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

မတွေ့သူ လက်ချလိုက်ပါ၊ တွေ့သောသူတို့သည် ကြာကြာ ပူနေတာ တွေ့ရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

ရှင်းသွားပြီ! နောက်ပြီးတော့ဆိုလျှင် တကိုယ်လုံးဘဲ မြန်မြန် ပူပြီးတော့ ချက်ချင်း ပျောက်သွားတယ်၊ လက်ချလိုက်တော့၊ အဲဒီပုဂ္ဂိုလ်တွေရှိလျှင် လက်အုပ်ချီပါတဲ့၊ တကိုယ်လုံး ပြန့်နှံ့ပြီး တော့ သို့သော် မကြာဘူး ချက်ချင်းပင်ဆိုတာလို တမိနစ် နှစ် မိနစ် ဆိုတာလို ဖြစ်ပြီးတော့ ပျောက်သွားတာ၊ အဲဒါမျိုး တွေ့ လျှင် လက်အုပ်ချီပါတဲ့။

သံဃာတော်များ ဘက်က တယ်နည်းပါကလား၊ တွေ့တဲ့ ပုဂ္ဂိုလ် တပါးမှ မရှိသလိုဖြစ်နေတယ်၊ ကဲ- ဒါဖြင့် ဒီအပူအတွက် ကို ထားအုံး၊ လက်ချထား။

အပူသည့် တစ တစ တိုးတိုး တိုးတိုး ပြီးတော့ ပူဒါကော တွေ့ကျရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

နွဲ့နွဲ့ဘဲပူပူ, များများဘဲပူပူ, တကိုယ်လုံးဘဲပူပူ, ကွက်ကွက်ဘဲ ပူပူ, အပူကလေးဟာဖြင့် တစ,တစ, တိုးတိုး, တိုးတိုး, ပြီးတော့ ပူလာတာကော တွေ့ကျရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

တွေ့သူ လက်အုပ်ချီပါ.... ဒီနေ့ တရားစစ်တဲ့နေ့၊ ပါးစပ်က မပြောရဘူး၊ လက်နဲ့ အစစ် ခံရတယ်၊ ဒီလိုတော့လဲ သံဃာ ဘက်က များသွားဘဲ။

အဲဒီ အပူကလေး,တစ,တစ, တိုးတိုး,တိုးတိုး, ပူသွားတယ်၊ အဲဒီလိုပူတဲ့နေရာမှာအပူရှိလျှင် အရှိန်ပါတတ်တယ်၊အခိုးပါတတ် တယ်၊ အငွေ့ပါတတ်တယ်၊ ဟော.... အပူရှိလျှင် ပူရှိန်ပါတတ်၊ နွဲ့နွဲ့လေးပူလို့ အရှိန်မတွေ့လျှင် တစတစ, တိုးတိုး,တိုးတိုး, ပူလာ တော့ အရှိန်တွေ တွေ့တယ်၊ ဟော.... အရှိန် ပြောမယ်၊ အရှိန် ပြောမယ်။

ရှိန်းရှိန်း, ရှိန်းရှိန်းနဲ့ ပေါ်တာ တွေ့ကျရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

မတွေ့သူ လက်ချလိုက်ပါ- တွေ့တာများသွားဘဲ....။

ရှဲရှဲ, ရှဲရှဲ,နဲ့ ပေါ်တာ တွေ့ကျရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

မတွေ့သူ လက်ချလိုက်ပါ၊ အင်း....တွေ့တာများသားဘဲ....။

ဖျင်းဖျင်း, ဖျင်းဖျင်း,နဲ့ ပေါ်တာကော တွေ့ကျရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

မတွေ့သူ လက်ချလိုက်ပါ၊ တွေ့သူက လက်အုပ် ပြန်ချီပါ၊ များတယ်.... များတယ်နော်....။

စစ်စစ်, စစ်စစ်,နဲ့ ပေါ်ဒါကော တွေ့ကျရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

အပူနဲ့ ပတ်သက်ထားနော်.... အရင်းမပျောက်ရဘူး၊ မတွေ့သူ လက်ချလိုက်ပါ။

သံဃာတော်များက များစွာတွေ့တော့ ကြေနပ်စရာကောင်း၊ သံဃာတော်များဘက်က ဒီလို များများတွေ့မှ ကိုယ့်ကျောင်း, ကိုယ့်တကာ,တကာမ,သာသနာပြုလို့ကောင်းတယ်၊ ဒါကြောင့် သံဃာတော်များဘက်က များသလောက် ကျေးဇူးရှိလျှင် တရားပြတဲ့သူလဲ ပင်ပန်းကြိုးနပ်တယ်။

အဲဒီ စစ်စစ်, စစ်စစ်လေးဟာ တခါတရံ အပ်နဲ့ ထိုးလိုက်ဘိသကဲ့သို့ ခြင်များ, သန်းများ, ကြမ်းပိုးများ, ကိုက်လိုက်ဘိသကဲ့သို့ နာမှုလေးလဲ ပါတတ်တယ်။

ဒါကော တွေ့ကျရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

မတွေ့သူ လက်ချလိုက်ပါ၊ အင်း....တယ်တွေ့တဲ့ လူများနေပါကလား၊ တွေ့တဲ့သူ သိပ်များနေတယ် ဟုတ်ထာဘဲ၊ အပူနဲ့

ပတ်သက်ထားနော်.... အပူနဲ့ ပတ်သက်ထား ပြောတာ၊ အရင်း မပျောက်စေနဲ့ ။

ခန္ဓာမှာဆိုလျှင် ခြအုံ့ နားချီအုံ့ ပရွက်ဆိတ်အုံ့ ကြီးများ ကဲ့သို့ အုံကြွနေသလိုကော တွေ့ကျရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

ဒါက....နဲနဲကလေး အမြင်သန်မှ ခေါ်တယ်၊ မတွေ့သူလက်ချ လိုက်ပါ၊ ချနော်....၊ဒါက အမြင်သန်မှရတယ်၊ လက်ချလိုက်ပါ၊ ဟော....ဘယ့်နှယ်လဲ့တွေ့သူချည်း တယ်များပါကလား၊ တွေ့သူ ချည်း တယ်များပါလား၊ လက်ချတဲ့သူ တယ်နည်းပါလား။

ဟုန်းကနဲ့ဖြန်းကနဲ့ ကြက်သီးထသလိုကော တွေ့ကျရဲ့လား?

။ တွေ့ပါတယ်ဘုရား။ ။

မတွေ့သူ လက်ချပါ၊ တွေ့သူ လက်အုပ်ချီပါ၊ ဟင်.... တိုးကိုး, တိုးတိုး့တောင် လာသေးတယ်၊ တယ်အားရစရာ ကောင်းပါ ကလား၊ ရက်ကလေး တိုတိုကလေးရှိသေးတယ်။

မိုးဖွဲများ, နှင်းဖွဲ့များ, ကျနေသလို မြူမှုံ လေးတွေများ ကျနေသလို ဆံပင်တိုတို ရေစိုစို လက်နဲ့ ပွတ်လိုက်တဲ့ အခါမှာ အမှုံကလေးတွေများ စင်နေသလို၊ ရေပန်းကလေးတွေများ ပန်း နေသလို၊ ဖြုတ်ကလေးတွေများ ပျံသန်း သွားလာနေသလို၊ နေရောင်ခြည်မှာ အမှုံကလေးတွေများ သန်းနေသလို၊ အများ ကြီးပြောထား၊ အဲဒီအထဲက တခုခု တွေ့ကျရဲ့လား ?

။ တွေ့ပါတယ်ဘုရား။

မတွေ့သူ လက်ချလိုက်ပါ၊ လက်ချလိုက်ပါ။

သံဃာတော်များက အတွေ့နဲ့သွားပြီ၊ အတွေ့ နဲ့တယ်ဆိုတာ နဲ့နဲ့လေး အားထုတ်မှုကလဲ ရှေးကလဲ နဲ့နဲ့-နည်းခဲ့၊ ရက်ကလေး ကလဲ နဲ့နဲ့လေး တို့နေတော့ အဲဒါကလေးဟာ နဲ့နဲ့တော့ လို့နေ လိမ့်မယ်၊ သို့သော် ရက်တိုသော်လဲဘဲ ရှေးကလဲ ပါရမီရှိမယ်၊ ယခုလဲ ဇွဲကောင်းမယ်၊ ဘာမှလဲ သံသယမရှိလျှင် တချို့ တထိုင် ထဲနဲ့ မြင်တတ်တယ်။

မဂ်ဖိုလ်ကို ပြောတာမဟုတ်ဘူး၊ ခန္ဓာမှာ အခုလို ပထဝီနဲ့ အာကာသခြားပြီး သကာလ အမှုန့်လေးတွေ ဖြစ်ပျက် နေပုံကို မြန်မြန် တွေ့တတ်တယ်၊ သံဃာတော်များ မလျှော့ကြပါနဲ့၊ သို့သော် ဒါလေးတွေ မြင်ချင်တယ်ဆိုတဲ့ ဒီလို ဇောမျိုးတော့ မလာပါနဲ့၊ မြင်ပါစေဆိုတဲ့၊ ဆုလဲ မတောင်းပါနဲ့ တောင်း.... ဘာဖြစ်သလဲ၊ လောဘဖြစ်တတ်ပါတယ်၊ ဒါဖြင့် ဘယ့်နှယ်လုပ်၊ အပူတွေ့လျှင် အပူသာမှတ်နေပေါ့၊ အရှိန်တွေ့လျှင် အရှိန်သာ မှတ်နေပေါ့၊ အလှုပ်တွေ့လျှင် အလှုပ်သာမှတ်ပေါ့၊ ကျော်ပြီး တော့ ဆုမတောင်းနဲ့၊ အလျင်လို လမ်းအိုလိုက်ဆိုတဲ့ သဘော ကဲ့သို့ ခန္ဓာမှာ ပေါ်ဒါကိုသာလျှင် မှတ်ပါ။

ပူလွန်းတယ်၊ ဒီအပူက နဲ့နဲ့လေးချို့လွန်းတယ်၊ ဒီလို မလုပ်ပါ နဲ့၊ ပူလွန်းတယ်ဆိုလျှင်လဲဘဲ သူ့ဖယ်ချ၊ ဒါလေးဟာ-အပူလေး ဟာ နဲ့နဲ့ ချို့လွန်းတယ်၊ သက်သာတယ်၊ ခံသာတယ်၊ ဒီလိုဆို လျှင် လောဘဖြစ်တတ်တယ်၊ ကြမ်းတမ်းလျှင်လဲ၊ ပူလွန်းလျှင်လဲ၊ အပူကို သိပျက်ကပ်ပါ၊ ချို့လွန်းတယ်၊ ချမ်းသာ လွန်းတယ်၊ ခံသာလွန်းတယ်၊ ဆိုလျှင်လဲ သိပျက်ကပ်ပါ၊ စိတ်ထဲက- (လွန်း)

တယ်ဆိုတဲ့ သဘောမျိုး မပါ-ပါစေနဲ့လို့ ဆိုလိုတယ်နော် .... ရှင်းပါရဲ့လား ?

။ ရှင်းပါတယ်ဘုရား။ ။

အပူနဲ့ ပတ်သက်ထာ၊ ရင်ထဲက အပူနဲ့ ပတ်သက်ပြီးတော့ ဒိတ်ဒိတ်၊ ဒိတ်ဒိတ်၊ ဒီလိုကော ခုန်တာတွေကြုံရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

တွေ့သူ လက်ပြန်ချီပါ၊ မတွေ့သူ လက်ချလိုက်ပါ။

အင်း....သံဃာတော်များဘက်က တိုးလာပြန်ပြီ၊သံဃာတော်များ၊ဒီပလ္လင်ဆောင်မှာနေတဲ့ သံဃာတော် ထေရ်ကြီးများဘုရား၊ အရှင်ဘုရားများကတော့ ချမ်းသာသလို သီတင်းသုံးတော်မူပါ၊ လက်အုပ်ချီခြင်း မလုပ်ပါနဲ့ဘုရား၊ အရှင်ဘုရားများ အတွက်ကတော့ ဒီမှာပင် ထိုင်ထိုင်၊ချမ်းသာတဲ့နေရာမှာပင် ထိုင်ထိုင်၊ကိုယ့်ကျောင်း ကိုယ့်ကံလို အရှင်ဘုရားများ သဘောထားတော်မူပါ ဘုရား၊ အသက်လဲကြီး ဝါလဲကြီးဆိုတော့ ကိုယ်ချင်း စာတတ်ပါတယ်ဘုရား၊ ဒီအပြင်ဘက်ထွက်ပြီးနေတဲ့ ပုဂ္ဂိုလ်တွေက ဝါငယ်တွေ ဖြစ်ပါတယ်။

နောက်ပြီးတော့ဆိုလျှင်လဲဘဲ၊ ဓမ္မာစရိယ၊ ပါချုပ်တွေ၊ပါကြွားသော်လဲဘဲ လက်တွေ့ဆိုတာက နဲနဲလေး သင်တန်း ယူထားလျှင် ကောင်းပါတယ်၊ ဒါကြောင့် အရှင်ဘုရားများကတော့ ဒီနေ့ကို လက်အုပ် ခဏခဏ ချီရတယ်လို့ ဒီလိုလဲဘဲ မအောင့်မေ့ပါနဲ့၊ ဒီနေ့ဆိုလျှင် တပည့်တော်ဟာ အခု တရား သုံးပတ် ရှိသွားပြီ၊ အောက်မဆင်းဘူး၊ အပေါ်ကနေပြီတော့လဲဘဲ ဟောတန်သရွေ့

လဲဟော "တိတ်ရိကော်တာ"နဲ့ လွတ်တန်သရွေ့ လွတ်ထာဘဲ၊ ယခုဆိုလို့ရှိလျှင် ပညာရှိတွေလဲပါတယ်၊ထေရ်ကြီး ဝါကြီးဆရာ-တော်ကြီးတွေလဲ ပါသောကြောင့် တပည့်တော်ကိုယ်တိုင် ဆင်းပြီးတော့ အညောင်းခံကာ လာပြသခြင်းဖြစ်ပါတယ်ဘုရား။

ဒီအတွက်ကြောင့် အရှင်ဘုရားများလဲ တပည့်တော်တောင် အပင်ပန်းခံသေးတာ၊ငါတို့တရားရှာတဲ့ပုဂ္ဂိုလ်တွေဟာ ဒီလောက်ပင်ပန်းတာကလေးဟာ၊ ဒီလောက် လက်အုပ်ချီနေတာ ကလေးဟာ၊ ဆင်းရဲတယ်လို့ အရှင်ဘုရားတို့ စိတ်မှာ မှတ်တော် မမူကြပါနဲ့ တောင်းပန်ခြင်း ဖြစ်ပါတယ်။

ရင်ထဲမှာ ဒိတ်ဒိတ်၊ ဒိတ်ဒိတ်၊ နဲ့ ခုန်တာတော့ တွေ့ကြပြီ အတွေ့ များသလား နဲ့သလား ?

။ များပါတယ်ဘုရား။

နည်းသောသူ တခါတရံလောက်သာတွေ့၊ တချက် နှစ်ချက်လောက် ခုန်ပြီး ပျောက်သွား၊ နောက်မလာတော့ဘူး၊ အတွေ့နဲ့သောသူသည် လက်ပြန်ချပါတဲ့။

အင်း....သံဃာတော်တွေဘက်ကလဲ တော်တော်ဟုတ်သွားဘဲ၊ သံဃာတော်ဘက်ကမြင်လျှင် အားရစရာကောင်းတယ်။

အဲဒီရင်ထဲက ဒိတ်၊သည်-ဒါက ပညတ်လိုပြောလျှင် သွေးကျတယ်ခေါ်တတ်၊ သွေးကျတယ်ခေါ်တယ်တဲ့၊ ရင်ထဲက ဒိတ်ခနဲဆိုလိုက်တာနဲ့ သွေးကြောမှန်သမျှ တခါထဲ ဒိတ်၊ဆိုသွားတာဘဲ၊ အမြင်မသန်သေးလျှင် ရှေ့နောက် ထင်တယ်၊ ပြတ်လဲ ပြတ်နေတတ်သည်။

ရင်က ဒိတ်ဒိတ်တွေ့လိုက်ပြန်၊ ခေါင်းက ဒိတ်ဒိတ် တွေ့လိုက်ပြန်၊ ကျောက ဒိတ်ဒိတ် တွေ့လိုက်ပြန်၊ ပေါင်ခြေသလုံး၊ စသည်က ဒိတ်ဒိတ်၊ ဒိတ်ဒိတ်၊ ဆပ်ဆပ်၊ ဆပ်ဆပ်၊ ဒီလိုဘဲ တွေ့လိုက်ပြန်၊ ဟိုနေရာ-ဒီနေရာ တခုနဲ့တခု မစပ်မိဘူး။

မစပ်မိတော့ ခေါင်းကအရင် ဒိတ်ဒိတ်တွေ့လျှင် ခေါင်းက ဒိတ်ဒိတ်က စတယ်ထင်တယ်၊ ကျောကအရင်တွေ့လျှင် ကျောက ဒိတ်က စတယ်ထင်တယ်၊ ဟိုနေရာဒီနေရာက ဒိတ်ဒိတ်တွေ့လျှင် ဟိုနေရာက ဒီနေရာက ဒိတ် လို့ စတယ်ထင်တယ်၊ နောက်တော့ ကိုယ်က ချုံကြည့်လို့ မြင်သည် ဖြစ်စေ၊ ဒိတ်ဒိတ်က သူ့ သဘာဝ အတိုင်း ပြန့်သွားလို့ မှတ်စိတ်က လိုက်ကြည့်သည်ဖြစ်စေ၊ တကိုယ်လုံး တွေ့တတ်တယ်၊ အမြင်သန်လျှင် ရင်က ဒိတ်ဒိတ်ဆိုတာနဲ့ တကိုယ်လုံးက ဒိတ်ဆိုတာနဲ့တပြိုင်နက်ဘဲ ခေါ်တယ်။

အဲဒီလို တကိုယ်လုံး ဒိတ်ဒိတ်တွေ့တဲ့ပုဂ္ဂိုလ်များ ရှိပါသလား ?

॥ ရှိပါတယ်ဘုရား။ ॥

မရှိလျှင် လက်ပြန်ချပါ၊ တကိုယ်လုံးတော့ မတွေ့ သေးပါ၊ ဒိတ်ဒိတ်ဆိုတာနဲ့ ဆပ်ဆပ်၊ ဆပ်ဆပ်ကလေးဆိုတာနဲ့ သဘာဝ တူကြတယ်၊ မျက်စေ့ အမြင် ကြည့်မယ်ဆိုလျှင် ဒါ သွေးကြော ကလေးတွေ ခုန်နေတာဘဲ၊သွေးကြောကလေးတွေခုန်နေတာဘဲ။

အဲဒီလို ဆပ်ဆပ်၊ ဆပ်ဆပ်၊ ဆပ်ဆပ်နဲ့ တကိုယ်လုံးများ တွေ့ကျရဲ့လား၊မတွေ့သူ လက်ချလိုက်ပါ၊ တွေ့သူ လက်ပြန်ချီ လိုက်ပါ။

အင်း- သံသာခတော်များဘက်ကတော့ နံ့နံ့တော့ နည်းသွား ပြန်ပြီ၊ သို့သော် ကိစ္စမရှိဘူး၊ ရက်ကလေးက နုသေး တာဘဲ၊ နုသေးတာဘဲ၊ အဲဒီ ဒိတ်္ကော အတွေ့များရဲ့လား ?

။ များပါတယ်ဘုရား။ ။

ဟော....အဲဒါလဲ မှတ်ရတယ်၊ဒါက သွေးကျတယ်ပြောတယ်၊ သွေးကျတာကို တချို့ကပြောတယ်.... ဒီ....ဒိတ်္ကို မှတ်နေတာ- ဒါ ပညတ်ဘဲ၊ သွေးကျတာဘဲ၊ ဒါတရားလားလို့ တချို့အပြစ် ကောက်တတ်တယ်။

အဲဒါ ကိုယ့်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် အားမထုတ်ဘူးလို့ ပြောကြတာဘဲ၊ စင်စစ် ခန္ဓာမှာကြည့်ရင် ဒိတ်္ဘဲ တွေ့တယ်၊ သွေးလဲမတွေ့ဘူး, အရည်လဲမတွေ့ဘူး၊ အနီလဲမတွေ့ဘူး၊ ဒိတ်္ ဆိုတာ ဘာလဲစစ်လိုက်တော့ ပထဝီဘဲ၊ ပထဝီဟာ ဘာဖြစ်နေ သလဲ့ လေကတိုးတော့ ခုန်နေတယ်ခေါ်တယ်၊ မှတ်မိပလား ?

။ မှတ်မိပါဘုရား။ ။

လေတိုးတော့ ပထဝီ ဓါတ်သည် ဒိတ်ခန့်, ဒိတ်ခန့်, ဒိတ်ခန့်, ဒိတ်ခန့်, ဖြစ်တယ်.... ဒါဘဲတွေ့ရတယ်၊ သည့်ပြင်, ဘာမှ မတွေ့ ရဘူး၊ ဒိတ်ခန့်ဆိုလျှင် ဖြန်းကနဲ့, စိမ့်ကနဲ့, အေးကနဲ့, ဒီလိုလဲဘဲ တွေ့တတ်တယ်၊ ဒါကော တွေ့ဘူးရဲ့လား ?

။ တွေ့ဘူးပါတယ်ဘုရား။ ။

မတွေ့ဘူးသူ လက်ချလိုက်ပါ၊ အင်း.... နံ့နံ့, နံ့နံ့, တော့ ရက် ရှည် လများတဲ့ပုဂ္ဂိုလ်ကတော့ တွေ့ဘူးဒါဘဲ၊ ဒါက ရက်နုသေး တယ်၊ ဒီတော့ ခန္ဓာမှာရှိနေတယ်ဆိုတာကတော့ သိရသေးတယ်။

သံသာတွေထဲမှာလဲ တော်တော် နည်းသွားပြီး ဒါကတော့ အမြင် နဲနဲလေးသန်မှ....။

ရှင်းသွားပလား.?

॥ ရှင်းပါပြီဘုရား॥ ॥

ဒိတ်ဆိုတဲ့နေရာမှာ ရင်ကအလျှင်၊ ဒိတ်ဆိုတဲ့နေရာမှာ လှုပ်ကလေး ပေါ်တတ်၊သူပေါ်လျှင် တယ်မောတယ်၊မောလျှင် ဗဟုသုတ မရှိတဲ့ပုဂ္ဂိုလ်က ငိုတတ်တယ်၊ ဘာကြောင့်လဲလို့ မေးတော့ သေမှာကြောက်လို့တဲ့၊ ဥပါဒါန်တရား စွဲလမ်းခြင်း ရှိကျတယ်။

မောလျှင် သေတတ်တယ်၊ရင်ကခုန်လွန်းလျှင် သေတတ်တယ်၊ ဆိုတဲ့အစွဲအလန်းလေးရှိကြတယ်၊ အဲဒီ အစွဲအလန်းလေးကြောင့် သိပ်ပြီးတော့ခုန်-လှုပ်လှုပ်၊ လှုပ်လှုပ်၊ လှုပ်လှုပ်၊ လှုပ်လှုပ်နဲ့ ဒီလိုဖြစ်လျှင် တခါထဲ သူတို့ငိုတယ်၊ အဲဒါ- လှုပ်ခနဲ့ လှုပ်ခနဲ့ လှုပ်ခနဲ ဖြစ်ထာလဲ ပထဝီကို လေတိုးလို့ပါဘဲ။

ရှင်းပါသလား ?

॥ ရှင်းပါပြီဘုရား॥ ॥

သူ့ဟာသူ ရှင်းရှင်းမှတ်ထားရတယ်၊ အဲဒီ လှုပ်လှုပ်ကလေး က မြန်တယ်၊ ဒိတ်ဒိတ်၊ ဒိတ်ဒိတ်က နှေးတယ်၊ လှုပ်လှုပ်ကော တွေ့ရဲ့လား ?

॥ တွေ့ပါတယ်ဘုရား॥ ॥

တွေ့တယ်- တွေ့တဲ့သူ လက်အုပ်ချီပါ၊ ဒါတော့ နည်းသွားပြီ၊ အမြင်တော်တော်နည်းသွားပြီ၊ နည်းသွားပြီ၊ အမြင်တော်

တော် နည်းသွားပြီ၊ သို့သော် ဒါ- အစရှိသေးတာကိုး၊နောက်လဲ မြင်ပါလိမ့်မယ်၊ လက်စမပျောက်စေနဲ့ ဒါ- အပူကနေပြီးတော့ စ-စစ်လိုက်ထာ၊ ကဲ....လက်ချလိုက်တော့။

အဲဒီအပူသည် ဒါ တိုးပူရှိသေးတယ်၊ အရင်းက မပျောက်ရဘူး၊ တိုးတိုးပြီးတော့ နောက်ကို အပူဟာ ချိုချို, ချိုချို, ပြီးသွားရဲ့လား၊ လျော့လျော့, လျော့လျော့, သွားရဲ့လား ?

။ သွားပါတယ်ဘုရား။ ။

လျော့ဒါကော မြင်ရဲ့လား ?

။ မြင်ပါတယ်ဘုရား။ ။

လျော့ပေမယ်လို့ ရှိန်းရှိန်း, ရွရွ, ဖျင်းဖျင်း, စစ်စစ်, စသည်တို့ဖြင့် သူကတော့ ပါတတ်ထာဘဲ၊ ပျင်းလွန်း အားကြီးတော့ ထင်ရှားသည်၊ လျော့သွားတော့ နန့်လေးလဲ သိမ့်မွေ့သွားတယ်ခေါ်တယ်၊ သိမ်မွေ့သလောက် ဉာဏ်လိုက်နိုင်တယ် ဆိုလို့ရှိလျှင် ဒီဉာဏ်ရင့်တယ်ခေါ်တယ်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ရင့်တယ်ခေါ်တယ်၊သိမ်မွေ့သလောက် သေးငယ်သလောက် ဖြစ်ထာ, ပျက်ထာ, မှတ်နိုင်တဲ့ ဉာဏ်သည် အား ရှိတဲ့ ဉာဏ်ခေါ်တယ်။

ကျောက်ခဲ ကြီးကို မြင်ဒါနဲ့ အပ်ဖျားလေးကို မြင်ဒါနဲ့ ဘယ်သင်းက မျက်စေ့ကောင်းသလဲ ?

။ အပ်ဖျားကလေး မြင်ဘာက မျက်စေ့ ကောင်းပါတယ်ဘုရား။ ။

**No. 3**

အဲဒီလိုပေါ့၊ အချို့က သိပ်ပူလာတယ်, သိပ်ခုန်လာတယ်, သိပ်ကျင်တယ်,သိပ်နာတယ်, သိပ်ကိုက်တယ်, အဲဒီလိုဖြစ်တဲ့အခါ ကျတော့ ထင်ရှားတာကို၊ နဲနဲလေး အပူလျော့ သွားတယ်၊ သိပ်ပြီးတော့ မထုံဘူး, မကျင်ဘူး, မနာဘူး, မကိုက်ဘူး, အဲဒီ ကျတော့ နဲနဲလေး လျော့သွားတော့ အမြင်နဲတယ်၊ နဲတယ် စိတ်ကထင်တယ်၊ မဟုတ်သေးဘူး၊ လျော့သလောက်, ချိုသွား သလောက်, မြင်တယ်ဆိုလျှင်, ဒီဉာဏ်သည် ဉာဏ်တော်တော် ကောင်းတယ်ခေါ်တယ်၊ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဉာဏ်, တော်တော်ရင့်သန်တဲ့ ပုဂ္ဂိုလ်ခေါ်တယ်၊ ဒါကြောင့် မှတ်ထား အပူနဲ့ ပတ်သက်၍၊ နောက်ပြီးတော့ ဒီအပူနဲ့ ပတ်သက်၍ မခံသာဒါ ရှိတတ်တယ်၊ နာမှု, ကျင်မှု, ကိုက်မှု, ခဲမှု, ဆိုတော့ ဒီလိုဆင်းရဲဒုက္ခလေးတွေကော တွေ့ကျရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

တွေ့ကျရတယ်-တွေ့လျှင်မှတ်ပေါ့၊အပူနဲ့ ပတ်သက်၍ ခန္ဓာမှာ အမျိုးမျိုးဖြစ်နေပုံရှိ၏၊ မှတ်သော ပုဂ္ဂိုလ်သည် အပူထင်ရှားလျှင် အပူလောက်သာဖြစ်ပျက်ရှု၊အရှိန်ထင်ရှားလျှင်အရှိန်လောက်သာ ဖြစ်ပျက်ရှု၊ရွထင်ရှားလျှင်, ဖျင်းထင်ရှားလျှင်, စစ်ထင်ရှားလျှင်, ကျင်တာ,နာတာ,ကိုက်တာ,အောင့်တာ, ဒီလိုဥစ္စာ ထင်ရှားလျှင် ထင်ရှားတာသာရှု၊ ဒိတ်ထင်ရှားလျှင် ဒိတ်ထင်ရှားတာသာရှု၊ လှုပ်ထင်ရှားလျှင် ထင်ရှားတာသာရှု၊ ထင်ရှားတာကိုသာရှုပါ၊ မထင်ရှားတာ ထင်ရှားအောင် လိုက်မနေနဲ့။

စာတတ်လို့ ရှိလျှင်လဲ ခွဲခြမ်းစိတ်ဖြာပြီးတော့ ဝေဖန်မနေနဲ့၊ ထင်ရှားတာကိုသာလျှင် လိုက်ရှုပါ၊ အပူ ရှိလျှင် အကုန်နေဘ်၊ စာတတ် ပေတတ် ပုဂ္ဂိုလ်တွေ သေသေ ချာချာ မှတ်ပါတဲ့၊ တေဇောရှိလျှင်"အဝိနိဗ္ဘောဂရုပ်ရှစ်ခု" ဆိုသောကြောင့် မဟာ-ဘုတ် လေးပါးသည် ကိန်းသေပါတတ်၊လေ့လဲပါတတ်၊ပထဝီ့လဲ ပါတတ်တယ်၊အာပေါ့လဲ ပါတတ်တယ်၊ အာပေါကား ကိုယ်တွေ့ မဟုတ်သောကြောင့် ဖယ်ထားစမ်းပါ။

ဒီတော့ အပူရှိလျှင့်လေလဲရှိမယ်၊ မြေလဲရှိမယ်ဆိုတာ ယုံကြ၊ သို့သော် "လွန်ကဲရာ ဓါတ်၏ လက္ခဏာ ပေါ်မြဲသာတည်း" ဆိုသောကြောင့်၊ ဒီအချိန်မှာ တေဇောဓါတ် လွန်ကဲတယ်ဆိုလျှင် အပူလက္ခဏာ ထင်ရှားတယ်၊ အပူ ဖြစ်မှု ပျက်မှုလောက်သာရှု။

ဝါယောဓါတ် လွန်ကဲလို့ ရှိလျှင် ပညတ် မပျောက်သေးလျှင် လှုပ်ထာလေးလဲထင်ရှားတတ်၊သဏ္ဍာန်ပျောက်တယ်ဆိုလို့ ရှိလျှင် ကန့်၊ တိုး၊ တွန်း၊ ဆိုတဲ့ ဒီလို ဥစ္စာကလေးတွေ ထင်ရှားတတ်၊ ထင်ရှားတာသာ ဖြစ်မှု ပျက်မှု လောက်သာရှု။

အဲဒီနောက်-ပြီးတော့ တချို့အပူနဲ့ပတ်သက်၍ ပထဝီလွန်ကဲ လာတတ်၊ ရွရွ၊ မွမွ၊ ဖြိုးဖြိုး၊ ဖျင်းဖျင်း၊ စိုးစိုး၊ စစ်စစ်၊ စသည် ဒိုတ်ခနဲ့၊ လှုပ်ခနဲ့၊ ဖြတ်ခနဲ့၊ စသည် အဲဒါလေးတွေလဲ ထင်ရှား တယ်၊ ပထဝီ့လွန်ကဲလျှင်လဲ ဒါတွေထင်ရှား လာတယ်- ထင်ရှား လာတာ၏ ဖြစ်မှု ပျက်မှုလောက်သာရှု၊ မထင်ရှားတာ ထင်ရှား အောင် လိုက်မနေနဲ့၊ ခွဲလဲ ခွဲမနေနဲ့လို့ အလုပ် စခန်းမှာ သတိ ပေးလိုက်ပါတယ်။

ဟော.... တချို့ ဓါတ်တပါး ထင်ရှားတယ်၊ တချို့ ဓါတ်နှစ်ပါး ထင်ရှားတယ်၊ တချို့ ဓါတ်သုံးပါး ထင်ရှားတယ်၊ ဓါတ်တပါး ထင်ရှားတာကတော့ ဖြစ်ပျက်ရှုတာလွယ်၏၊ ဓါတ်နှစ်ပါး ထင်ရှားတဲ့ နေရာမှာ ဆိုလျှင် စာထဲမှာ လာသလိုဘဲ၊ အပ်ကလေး ဆယ်ချောင်း ကြိုးကလေးနဲ့ နာနာချီ၊ ပေါင်ကို ထိုးချလိုက်၊ ဆယ်ချောင်းသော အပ်သည် ပေါင်မှာ စူးနေလိမ့်မယ်၊ စူးနေတော့ ဘယ်အပ်စူးတာကို အာရုံပြုမလဲလို့ ဆိုတော့ လက်ရှိသေးတယ်။

လက်က နှိပ်တဲ့ နေရာမှာ, ထိတဲ့ နေရာမှာ, ညီချင်မှ ညီမယ်၊ အဖျားဘက်က အားသန် ထိုးတယ်၊ အရင်းဘက်က အားသန် ထိုးတယ်၊အားသန်ထိုးတဲ့နေရာက နာမှုပြင်းတယ်ခေါ်တယ်၊အဲဒီလို ပြင်းထန်တဲ့ အနာကလေးကိုပင်လျှင် ရှုရတယ်။

ကဲ....လက်နှိပ်က တယ်တော်တဲ့ ပုဂ္ဂိုလ်ဘဲ၊ ဆယ်ချောင်းလုံးဟာ အညီအမျှ ဖြစ်နေတယ်၊ ဘယ်အပ်သွားကမှ ပိုပြီးတော့ နာတယ်လို့ မရှိဘူး၊ ညီတူ ညာတူ နာလိုက် ထာဘဲ၊ ဘယ်လို အာရုံပြုမလဲ....။

ဟော.... ဒီလိုဆိုလို့ ရှိလျှင် ဆယ်ချောင်းသောနေရာက မိမိတို့ အာရုံစိုက်ရာ အနာတခုကို အာရုံပြုပါ၊ သို့မဟုတ် ဆယ်ချောင်း ဖျမ်းမျှကြေး ထိုးထားတဲ့ အနာကို အာရုံပြုပါ။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။

မှတ်ထားကြ, နှစ်ခုထင်ရှားတယ်။

ပူရိန်, ပူရှ, ပူစစ်, ဒီလိုရှိတယ်၊ အပူလဲ ခေါ်တယ်၊ အရှိန်လဲ ပေါ်တယ်၊ အပူလဲပေါ်တယ်၊ရှလဲပေါ်တယ်၊ ဖျင်းလဲပေါ်တယ်၊ စစ်လဲပေါ်တယ်၊ ဒီလိုဆိုလျှင် အပူက အားသန်သလား.... အားသန်လျှင် အပူ၏ဖြစ်ပျက်ရှု၊ ဟာ-မဟုတ်ဘူး၊ အရှက အားသန်တယ်၊ ဒီလိုဆိုလျှင် အရှ,ဖြစ်ပျက်ရှု၊ ပူ,ရှ, နှစ်ခုစလုံးဘဲ အားသန်တယ်၊အဲဒီလိုဆိုလို့ ရှိလျှင် မိမိ၏စိတ်သွားရာ အပူဘက်က အာရုံရောက်လျှင် အပူ၏ ဖြစ်မှု ပျက်မှုရှု၊ သို့မဟုတ် အရှ၏ အရှဘက် အာရုံရောက်လျှင် အရှ၏ ဖြစ်မှုပျက်မှုရှု၊ ဟာ ဒီလို မဟုတ်ပါဘူး၊ ပူ,ရှ, နှစ်ခုလုံးတပြိုင်နက်မြင်ပါတယ်ဆိုလျှင် နှစ်ခုလုံးရှုပေါ့။

ရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

အလုပ်စခန်းနော် အလုပ်စခန်းနော်၊ အလုပ်စခန်းအရေးကြီးတယ်၊ ကိုယ်မှာတွေ့တို့ ပေါ်ဘို့ကိုလဲ ဒါအရေးကြီးတယ် ခေါ်တယ်၊ သဘောကျပလား ?

။ ကျပါပြီဘုရား။ ။

အခုတရားထိုင်ရမယ်၊ မထိုင်ခင်ကလေး ပြောပြမယ်, အဲဒါ အပူဓါတ်ဘဲ၊ ပြောစရာကအများကြီး ရှိသေးတယ်၊ အပူဓါတ် ဒီလောက်သဲလွန်စပြလိုက်ပါသဖြင့်၊ အအေးလဲ ဒီလိုရှိသေးတယ်၊ အင်း....ခုနအပူကလေးကျန်နေသေးတယ်။

အပူတို့သည် ချီချီ,ချီချီ,နောက်တော့လုံးဝပျောက်သွားပြီ ဟော....အပူမရှိတော့ဘူး၊ အပူမရှိတော့ ဘာလာတတ်သလဲလို့ ဆိုတော့၊ အအေးလာတတ်တယ်၊ သို့သော် အအေးတော့မတွေ့

ဘူး, မတွေ့ပြန်ဘူး၊ သူကလှုန်ကဲမှ ခေတ်လက္ခဏာ ပေါ်တာကိုး၊ အအေး, သီတတေဇောတော့ရှိ၏၊ သူ့ဘက်ကမလှုန်ကဲဘူး။

လှုပ်ထာလေးတွေ, ရှတာလေးတွေ, ဖျင်းတာလေးတွေ၊ ပထဝီဘက်ကလှုန်ကဲနေပြန်ရော၊ ရှိန်းရှိန်း, ရှိန်းရှိန်း, ရှိန်းရှိန်း, ရှိန်း-ရှိန်း, ဒီလိုဝါယောဘက်ကလှုန်ကဲနေပြန်ရာ၊ အဲဒီလိုနေလျှင်၊ အပူပျောက်တော့ အအေးရောက်ရမည့်နေရာ၊ အအေးမတွေ့ဘူး၊ ခုနပြောတဲ့ ပထဝီသွားတွေ့တယ်၊ ဝါယောသွားတွေ့တယ်၊မှတ်ရွေးမနေနဲ့ဆိုလိုတယ်။

သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

ခန္ဓာရှိလျှင် ဓါတ်ကြီးလေးပါးအမြဲရှိတယ်၊ အမြဲရှိလျှင် တခုတော့အမြဲတန်းရှိနေတာဘဲ၊ အပူမရှိလျှင် အအေးရှိမြဲ၊နောက်ပြီးတော့အအေးမရှိလျှင်၊ အပူရှိမြဲ တခုရှိမြဲဘဲ၊ ကြမ်းကြမ်းတမ်တမ်းမလှုပ်လျှင် သိမ်သိမ် မွေ့မွေ့ လှုပ်မြဲ၊ သူ့ဓမ္မတာဘဲ၊ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ပထဝီလေးတွေက နူးရှပထဝီ, ဖျင်းဖျင်းပထဝီ, စစ်စစ်ပထဝီ၊ စသည်တို့ဖြင့် တခုခုပေါ်မြဲ....ဟော....မရှိတာရယ်လို့ မရှိရဘူး၊ အကယ်၍ဓါတ်လေးပါးတခုမှမရှိလျှင်၊ဒီခန္ဓာချုပ်ငြိမ်းသွားရော၊ လူသေတောင် ဓါတ်ကြီးလေးပါး ရှိသေးတာဘဲ၊ ဟင်း....လူသေမှာ ဓါတ်ကြီးလေးပါးမရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

ဒီလူသေဟာ ဓါတ်ကြီးလေးပါးပေါ့ ပုတ်စရာရှိလျှင် ဒီဓါတ်ကြီးတွေဘဲ၊ ပုတ်ထာဘဲ မဟုတ်လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

နောက်ပိတ်ဆုံး အရိုးကလေးရှိလျှင်၊ဓါတ်ကြီးလေးပါး ရှိနေသေးတာဘဲ၊ အဲ-အရိုးဖါ ရှာမရတော့မှ၊ ဒီဓါတ်ကြီး လေးပါး ချုပ်ငြိမ်းသွားပြီ သို့သော် ဒီဘာဝမှာသာပြောတာ။

ရှင်းသွားပလား ?

॥ ရှင်းပါပြီဘုရား။ ॥

ဒါကြောင့်-မှတ်လိုက်ရတယ်၊ ခန္ဓာကျတော့၊ တခုပျက်, တခုအသစ်ဆက်,တခုပျက်, တခုအသစ်ဆက်၊ မျိုးတူပျက်ထာရှိတယ်၊ မျိုးတူဆက်ထာရှိတယ်၊ မျိုးတူပျက်ပြီးတော့၊ မျိုးကွဲဆက်ထာရှိတယ်၊ အပူပျက်ပြီးတော့၊ အအေးဆက်လျှင်၊ မျိုးကွဲသွားပြီ၊ အပူပျက်ပြီးတော့, တိုးပူ, ဆက်တယ်၊တန့် ပူဆက်တယ်၊ လျော့ ပူဆက်တယ်၊ မျိုးတူဆက်ထာခေါ်တယ်။

မှတ်မိကျပလား ?

॥ မှတ်မိပါပြီဘုရား॥ ॥

ရှိနေတတ်တယ်ခေါ်တယ် မှတ်ထား၊ မဂ်, ကျ တဲ့ အချိန်ကလေးတောင်၊ ခန္ဓမှာ ဖြစ်ပျက်ရှိတယ်၊ သို့သော် လောကုတ္တရာဆိုတဲ့အတိုင်း၊ ဖြစ်ပျက်ကိုကျော်ပြီးတော့ ဟိုရပ်တဲ့နိဗ္ဗာန်ကို လှမ်းမြင်တာခေါ်တယ်၊ အာရုံကျော်တယ် ခေါ်တယ်။

ခန္ဓာတွေရှိနေတာဘဲ၊ ရှိလျှင်ဖြစ်ပျက်ကတော့ ရှိနေတာဘဲ၊ ရှိပါသော်လဲ တချို့သည် မမြင်၊ ဘာမှမမြင်ဘူး၊ ဒီလိုဆိုလျှင် ပညတ် အာရုံရောက်၊ ဟာ ဘယ်မှလဲ မရောက်ပါဘူး၊ ဖြူ, နီ, ကြောင်, ကြား,စသည် ဘာတခုမှလဲ စိတ်မရောက်ပါဘူးလို့ ဆိုလျှင်၊ အာကာသမြင်နေတယ်ခေါ်တယ်။

ဘာမှမရှိတဲ့ဟင်းလင်းပြင်ကြီးကို၊ ဒီလိုသွားမြင်နေတယ်ခေါ်တယ်၊ စိတ်သည် အာရုံရှိမှ သူတို့ဖြစ်နိုင်တယ်ခေါ်တယ်၊ ဆွဲစရာ အာရုံရှိမှ စိတ်သည်ဖြစ်နိုင်တယ်၊ "အာရမ္မဏံတဗ္ဗ" အာရုံခေါ်တယ်။

ဟာ.... တချို့အာရုံတခုထဲမှာ ပျော်ပြီးတော့၊ အဲဒီအထဲက မထွက်ချင်ဘူး၊ ဒါက "အာရမ္မဏ" အာရုံခေါ်တယ်။

ရှင်သွားကျပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ခန္ဓာမှာတရားထိုင်ပုံ။ ။ဒါတွေအပူနဲ့ပတ်သက်၍ အမျိုးမျိုး၊ အအေးနဲ့ပတ်သက်၍ အမျိုးမျိုး ဒါ-ပူအေး,ကစ၍ပေါ်ပုံ ဟာ....ပူ,အေး,က တေဇောလက္ခဏာ၊ မထင်ရှားဘူးဆိုလျှင်၊ဒိတ် ကစပေါ်တယ်၊ ဖျင်း,ကစပေါ်တယ်, ရွ,ကစပေါ်တယ်, အများကြီးဘဲ၊နောက်ပြီးတော့တချို့မှာဆိုလို့ ရှိလျှင်လဲ ဝေဒနာ အခံရှိတော့ ဝေဒနာ,ကစပြီးတော့ မြင်တာလဲရှိတတ်တယ်။

အဲ-ကျင်နေတဲ့နေရာမှာ အေးသလား, ပူသလား, ကျင်နေတဲ့နေရာမှာ လှုပ်သလား, ရွသလား, ဖျင်းသလား, စသည်ဖြင့် ခန္ဓာမှာ အမြဲတန်းရှိနေတယ်နော်၊ သဘောကျပလား ?

။ ကျပါပြီဘုရား။ ။

သေသေချာချာ မှတ်ထားကြ၊ ဒုက္ခဆိုတာ ထိမှသိတယ်၊ ထိတော့ဘာထိသလဲ အပူထိ, အအေးထိ, ကန်, တိုး, တွန်း, လေထိ၊ ပထဝီ,အရွ, အမ္ဘ,ထိ, ဒါကြောင့် နာတဲ့နေရာကြည့်လျှင်၊ အပူနာ အအေးနာ ရှိရတယ်၊နာတဲ့နေရာကြည့်မယ်ဆိုလျှင်၊ရှိန်းနာ,ရွနာ, ဖျင်းနာ, စသည်ရှိရတယ်၊ ဘာကြောင့်လဲ ဖေါဋ္ဌဗ္ဗ ခတ်မှမလာလျှင်, ဒီဒုက္ခ, ပေါ်ကိုမပေါ်ဘူး-သဘောကျပလား ?

။ ကျပါပြီဘုရား။ ။

ခြေ-ညို့သကြီးကလေးကို၊ ဒုတ်ခလေး မာမာနဲ့ ရိုက်၊ ရိုက်တဲ့နေရာမှာ နာမှုပေါ်တယ်၊ အဲ....ရိုက်တဲ့ဒါဏ်နဲ့ အမာခါတ်ခြင်းမရှိလျှင်၊ လုံးဝ-ရကိုမရဘူး၊ ရှင်းပါသလား ?

။ ရှင်းပါတယ်ဘုရား။ ။

အသေအချာမှတ်တော့၊ဒီလောက်ဆိုလျှင်-ခန္ဓာမှာရှုဘတ်ပြီ၊ ဒါကသဘာဝ တရားတွေခေါ်တယ်၊ခန္ဓာမှာဒါတွေရှိပါလျက်နဲ့ သတိမထားတော့မမြင်၊ သတိထားပြန်တော့မြင်၊ မြင်တော့လဲ မှတ်လို့လွယ်သည်၊ ဟော....အပူကလေးတွေပြန်သော်လဲဘဲ၊ ငါပူတယ်၊ အသားပူတယ်၊ခေါင်းပူတယ်၊ ယောကျာ်းမိန်းမပူတယ်၊ သားပူတယ်၊ သမီးပူတယ်၊မြေးပူတယ်၊လာပြန်ရော လွဲသွားပြန်၊ အပြင်ဘက်က ပြပြန်သော်လဲ မီးပူတယ်၊ နေပူတယ်၊ ဂျင်းပူတယ်၊ ငရုပ်ပူတယ်၊ လွဲသွားပြန်ရော၊ အင်္ဂါ-လုံချီ-များပူတက်လာပြန်ပြီ ဆိုလို့ရှိလျှင်....။

ပူဒါက ပူတယ်မလာဘူး၊ စာတတ်လျှင် တေဇောက ပူတယ်လို့လဲမလာဘူး၊ အင်္ဂါကပူတယ် ဟော-စားစရာကပူတယ်၊ တန်

ဆာတွေကပူတယ်၊ အိမ် ကျောင်း တွေကပူတယ်၊ သစ်ပင်တွေက ပူတယ်၊ လုပ်သွားပြန်ရော အမှားကြီးဘဲခေါ်တယ်၊ သဘောကျ ပလား ?

॥ ကျပါပြီဘုရား॥ ॥

ဒါကြောင့် အခု ပရမတ် ဆတ်ဆတ် ကလေးကို ဆရာနဲ့ ပတ်သက်ပြီးတော့ အမှတ်မှန်ဒါကလေးကို လုပ်နေတယ်။

ပူ ဘယ့်နှယ်မှတ် ?

॥ ပူ့ပူဒါပါဘုရား॥ ॥

အေး ဘယ့်နှယ်မှတ် ?

॥ အေး့အေးဒါပါဘုရား॥ ॥

ပူရင်- ပူတယ်- ပူတယ်- တယ်လာတယ်၊ ဒါကတော့ သွားနေ ကြ၊ ပူ-ပူတယ်၊ အေး-အေးတယ် ဆိုတာက ဒါကတော့ ရေးနေ ကြ၊ မှတ်နေကြကိုး၊ ဆရာတော်က ရုပ်ဘက်ကို အားသန်မှတ်ထာ တခု၊ နာမ်ဘက်ကို အားသန်မှတ်ထာတခု၊ ရုပ်ဘက်ကို အားသန် မှတ်လျှင် "ဒါ" နာမ်ဘက်ကို အားသန်မှတ်လျှင် သိမှုကလေး အချင်းအရာပေါ်လျှင် "တယ်" မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အခု နာမည်ပေးတာ ပူလျှင် ?

॥ ပူဒါပါဘုရား॥ ॥

ပူဒါ-ရှင်းရှင်း တကာကြီး ရှင်းရှင်း, ရှင်းရှင်း, ရဲရဲပြော။

အေးလျှင် ?

။ အေးဒါပါဘုရား။ ။

လှုပ်လျှင် ?

။ လှုပ်ထပါဘုရား။ ။

ဆင်းရဲလျှင် ?

။ ဆင်းရဲဒါပါဘုရား။ ။

ချမ်းသာလျှင် ?

။ ချမ်းသာဒါပါဘုရား။ ။

အဲဒါ- အမှတ်မှန်တယ်ခေါ်တယ်၊

ဘယ်သူကပူ ?

ပူဒါက ပူဒါပါဘုရား။ ။

ဘယ်သူကအေး ?

။ အေးဒါက အေးဒါပါဘုရား။ ။

ဘယ်သူကလှုပ် ?

။ လှုပ်ထက လှုပ်ထပါဘုရား။ ။

ဘယ်သူက ဆင်းရဲ ?

။ ဆင်းရဲဒါက ဆင်းရဲဒါပါဘုရား။ ။

ဘယ်သူက ချမ်းသာ ?

။ ချမ်းသာဒါက, ချမ်းသာဒါပါဘုရား။ ။

ဒါကြောင့် ဆရာတော်တို့ တရားတချို့ တ ရယ်တာ, ဘယ်သူက ပြောသလဲ၊ မင်းတို့ဆရာက ဒီလိုပြောသလား ? ပူဒါက ပူတယ် ဆိုတာ မင်းတို့ပြောမှ သိရမလား ? ဒီလို - ဒီလို ပူဒါက ပူတယ် ဆိုတာက ဒါ- ဗမာစကားဖြစ်လို့ ခပ်ပေါ့ပေါ့ ကလေး၊ အဲဒီလို ပြောတဲ့ ပုဂ္ဂိုလ်က စာသံပါချင်တယ်၊ သူက - ဉဏှတေဇောက ပူတယ်၊ သီတတေဇောက အေးတယ်၊ လှုပ်ရှား ဝါယောက လှုပ်တယ်၊ ဒုက္ခ ဝေဒနာက ဆင်းရဲတယ်၊ သုခဝေဒနာက ချမ်းသာတယ်၊ ဒီလိုပြောချင်တယ်။

အဲဒီလို အပြောက- ပဓါန မဟုတ်ဘူး၊ ဒါက စာ, ပညတ်ခေါ်တယ်၊ သဘာဝက, ခန္ဓာက အပူ, ခန္ဓာက အအေး, ခန္ဓာက အလှုပ်, ခန္ဓာက ဆင်းရဲ, ခန္ဓာထဲက ချမ်းသာ, အဲဒါ လိုရင်းခေါ်တယ်၊ မှတ်မိပလား ?

။ မှတ်မိပါပြီဘုရား။ ။

သေသေ ချာချာမှတ်။ ။ဒါကြောင့် မြတ်စွာ ဘုရားက တေဇောဟောလျှင် "တေဇော-တေဇနာ-တေဇနာကာရော, တေဇနိတတ္တာ" ဟော....ပင်လုံးကျွတ်ပွင့်သော သစ်ပင်ကြီးလို ဝေဝေဆာဆာ ဟောလိုက်တာဘဲ၊ တခုထဲမဟုတ်ဘူးနော်- "ဓမ္မပဋိဂါဟက ဝေနယျဇ္ဈာသယ" ပုဂ္ဂိုလ်ကို အလိုလိုက်ပြီးတော့ မြတ်စွာ ဘုရားက အပူကို အမျိုးမျိုး ဟောချလိုက်တယ်။

ဆရာတော်တို့ ဒီသဘော နားလည်တယ်၊ နားလည်သောကြောင့် ပမာခေါ်လဲ အတူတူဘဲ၊ စာခေါ်လဲအတူတူဘဲ၊ သည့်ပြင် ဘာသာတရာ့တပါးတတ်လို့ ရှိလျှင်၊ ဘာသာ တရာ့တပါးခေါ်လဲ အတူတူဘဲခေါ်တယ်။

ရှင်းပါသလား ?

။ ရှင်းပါပြီဘုရား။ ။

ရှင်းလျှင် တရားထိုင်ရတော့မယ်၊တရားထိုင်ရတော့မယ်၊ ဒီနေ့ နေ့ဒ်.... နဲနဲလဲ အချိန်ပိုသွားပြီ၊ ထိုင်ရတော့မယ်၊ ထိုင်တဲ့အခါမှာ ဘာမှလဲ မလုပ်ရပါဘူး၊ အသက်ရှူ ပြင်းပြင်းကြီးလဲ မလုပ်ရပါဘူး။နောက်ပြီးတော့ဆိုလျှင်လဲ ခန္ဓာကိုယ်ကြီးလဲ တောင့်ပြီးတော့ မနေရဘူး၊ သဘာဝအတိုင်း, ရှူနေကြအတိုင်းရှူ, ထိုင်နေကြအတိုင်းထိုင်, ခပ်လျော့လျော့ ကလေး ထိုင်နိုင်လျှင် သိပ်ကောင်းတယ်။

နာတာရှည်လူမမာတို့သည် သေတော့မည့်ဆဲဆဲ အမောဆိုက်ရှူရှိုက်နေတာကြည့်၊ ပိုက်ကလေး ရှပ်ရှပ်, ရှပ်ရှပ်, သွားတာမြင်ရသလို ခန္ဓာထဲမှာ အသက်ရှူတဲ့ လေလေးသည် ခန္ဓာထဲမှာ တခါရှူလျှင်,တကိုယ်လုံးဖြစ်ပုံ,ရှိုက်လိုက်လျှင်,တကိုယ်လုံးဖြစ်ပုံ-အဲဒီကစပြီးတော့ တွေ့တတ်တယ်၊ လေနဲ့မှူ မီးပါ၊ မီးနဲ့လေနဲ့ နှစ်ခုပေါင်း အရှိန်,အခိုး, အငွေ့,ထ၊ ထလျှင် ခုနလို တရှိန်းရှိန်း, တရွရွ, တလှုပ်လှုပ်, တဖွဖွ, တသဲသဲ, တလှုပ်လှုပ်, တရစ်ရစ်, တဖြစ်ဖြစ်,နဲ့ ခန္ဓာကိုယ်မှာ မျိုးစုံပေါ်လာတတ်တယ်၊ ထင်ရှားတာ တခုတော့ လိုက်မှတ် မှတ်စိတ်မချုပ်မခြင်း လက်မလွှတ်နဲ့။

လျှောကြုံစီး ဥပမာကဲ့သို့ အပူပေါ် အပူမှတ်လိုက်၊ ဒီခြားထဲမှာ အရှိန်ပေါ် အရှိန်မှတ်လိုက်၊ ရွပေါ် ရွမှတ်လိုက်၊ ဖျင်းပေါ် မှတ်လိုက်၊ ဒီကလာပြန်ပြီ၊အအေးပေါ် မှတ်လိုက်အုံး၊အအေးနဲ့ ပတ်သက်၍ လာပြန်ပြီ၊ ကျင်တာလေးတွေ, နာတာ လေးတွေလဲ

မှတ်လိုက်အုံး၊ ကျင်တာ့နာတာ့လေးတွေ တခါပျောက်သွားပြီ၊ ပျောက်သွားပြီးတော့ တခါ အပူပြန်လာတယ် မှတ်လိုက်အုံး။

တိုးပူလာတယ်၊ တန့်ပူလာတယ်၊ လျော့ပူလာတယ် မှတ်လိုက်အုံး၊ ဟာ....မှတ်နေရင်း မတ်တတ် ရင်ထဲက ဒိတ်ဒိတ် ဒိတ်ဒိတ်နဲ့ ခုံလာတယ်မှတ်ချ၊ ဟာ....ဟိုနေရာက ရွကနဲ့ ဖျင်းကနဲ့ စစ်ကနဲ့ ပေါ်လာတယ်မှတ်ချ၊ ခန္ဓာထဲက ပေါ်လာတာ မှန်သမျှ လက်မလွှတ်တန်းမှတ်ရင်း တမှတ် တစက္ကန့်ထား၊ တမိနစ်(၆၀) ရမယ်၊ တနာရီမှတ်လျှင် (၃၆၀၀)ရမယ်မှတ်၊ စိတ်သည် စိပ်သွား စိပ်လျှင်မြန်ရော၊မြန်လျှင် ဟို-သေခါနီးပုဂ္ဂိုလ်များအသက်ရှူမြန် မြန်လျှင် သေတော့မယ်၊ သေတော့မယ် သိရသလို။

စိပ်စိပ်ကလေးနဲ့ သိပ်မြန်ပြီး၊ မင်္ဂကျတော့မှာဘဲ၊ မင်္ဂကျတော့မယ်လို့ ဆိုလျှင် အဲဒီအချိန်ကလေးမှာ ပြင်စရာရှိလျှင်လဲ မပြင်နဲ့၊အဲဒီမှာဆိုလို့ရှိလျှင် အနားကအကူအညီလဲသိပ်လိုတယ်၊ လက်ကလေးလဲ သွားမတို့နဲ့ ချွတ်ခန် မလုပ်လိုက်နဲ့၊ မင်္ဂကျတော့မည့်ဆဲဆဲလေးမှာ ဘေးကလဲငြိမ် ကိုယ့်အာရုံကလဲ တခါထဲ ဟိုထွက် ဒီထွက် မသွားလာနဲ့ ဒီအခါမှာ တခါတဲ ဘာမှ စိတ်ကူးလဲ မပေါ်စေနဲ့။

အဲဒီလို ဆိုလို့ရှိလျှင် မှတ်စိတ်ပါ ချုပ်ငြိမ်း ဇာတ်သိမ်းသွားသော နိဗ္ဗာန်တဘက်ကမ်းကို မင်္ဂဉာဏ်ဖိုလ်ဉာဏ်နှင့်မြင်ရတော့မယ်၊ မြင်ချင်လျှင်မှတ်ပါ၊ မှတ်ချင်ကျသလား ?

။ မှတ်ချင်ပါတယ်ဘုရား။ ။

ကဲ-ပြင်ကျ-ပြင်ကျ.... သဘောကျသလိုပြင်၊ တင်ပလ္လင်ခွေ ထိုင်ချင်ထိုင်ကျ၊ ကြာကြာလဲ ထိုင်နိုင်တယ်နော်....။

ကဲ- အဓိဋ္ဌာန်မယ်- အဓိဋ္ဌာန်မယ်။ လိုက်ဆိုကျ၊ လက်အုပ် မချီရဘူး၊ ပါးစပ်ကဆိုရုံကလေးဘဲ၊ မှတ်ပါဆိုလျှင် ဝတ်မချန်နဲ့ နော်....ဝတ်မချန်နဲ့၊ မှတ်ရုံကလေးဘဲ၊ ကဲ- လိုက်ဆိုကျ၊ ခေါင်း ကြီးလဲ သိပ်မေ့မထားနဲ့ ငုံ့လဲမထားနဲ့ အလောတော်ကလေး ထား။

## အဓိဋ္ဌာန်။

ကပည့်တော်များသည်၊ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်တဘက်ကမ်း ကို၊ ဤဘက်ကမ်းက၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် လှမ်းမြင်ရလေ အောင် ခန္ဓာကိုယ်မှာ၊ မျိုးစုံ ပေါ်ဒါ တွေကို၊ မှတ်စိတ်ဖြင့်၊ တပေါ်တမှတ်၊ တပေါ်နှစ်မှတ်ဖြင့် မှတ်ရင်း မှတ်ရင်းနဲ့ မှတ်၍ သာ နေပါမည်၊ မှတ်၍သာ တနာရီတိတိ (တနာရီထိုင်ရမယ်) နေပါမည်၊ နေပါမည်၊ မှတ်နေတုံးမှာ ငိုက်သန်း၊ ပျင်းဝေ၊ စိတ်လေ၊ စိတ်လှင့်၊ စိတ်ကူးအချောင်နေတာ၊ ပေါ်ခဲ့ပါလျှင် ချက်ချင်းပင် မနိုင် နိုင်အောင်ဖြောက်ဖျက်ပြီးကာ၊အမှတ်နဲ့သာ နေပါမည်၊ နေပါမည် အရှင်ဘုရား။ ။

ကဲ-မှတ်ကျ။

အဓိဋ္ဌာန်ဆိုပေမယ်လို့ မပြင်ရဘူး၊ မလှုပ်ရဘူး ဆိုတဲ့ဟာ တော့ မပါဘူး၊ ခန္ဓာကိုယ်မှာ ပေါ်ဒါလေးကို မှတ်ပြီးတော့ နေပါမယ်ဆိုတဲ့ အဓိဋ္ဌာန်ပါသောကြောင့် မခံသာနိုင်လို့ ရှိလျှင်

ပြင်၊ပြင်လျှင်လဲဘဲမှတ်ပြီးတော့ပြင်ရ၊ပေါ်ဒါမှတ်ပြီးတော့ ပြင်ရမယ်၊ ပြင်ပြီးလျှင်လဲ ပေါ်ဒါမှတ်နေရ၊ ပြင်ပြီးတဲ့နောက်လဲဘဲ ပေါ်ဒါမှတ်နေရမယ်၊ ပြင်တုံးလဲ ပေါ်ဒါမှတ်နေရ၊ အမှတ်တော့ မလွတ်ရဘူး၊ ဒါကြောင့် ခန္ဓာမှာ အလိုလိုက်ပြီး သကာလတော့ ခဏ-ခဏ လက်လှုပ် - ခြေလှုပ် - ခေါင်းလှုပ်တော့ မလုပ် ပါနဲ့၊ ဆင်းရဲဒုက္ခ ပြင်းထန်လှ၍ မနေနိုင်ကျမှသာလျှင် ပြင်ကျ-ပြင်ကျ။

ခုန ပြောသလိုတောင့်တောင့်တင်းတင်းကြီးလဲ လုပ်မထားနဲ့ အသက်ရှူ ပြင်းပြင်းကြီးလဲ လုပ်မထားနဲ့၊ သောက ဆိုတာ မြင်မှ မြင်ပါ့မလားဆိုတဲ့ ဒီလို သောကလေး တွေလဲ မရှိကျနဲ့၊ နောက်ပြီးတော့ ဆိုလျှင်လဲဘဲ ကြာကြာများ ထိုင် ပြီး တော့ ထားမယ်ဆိုလျှင်လဲဘဲ ရောဂါများဖြစ်အုံးမလား၊ ငါ့မှာ ဘာ ရောဂါအခံရှိတယ်၊ ကြာကြာထိုင်လိုက်မယ်ဆိုလို့ရှိလျှင် ရောဂါ များတိုးပြီးတော့ လာအုံးမလား - မဖြစ်သေးသော ပုဂ္ဂိုလ်ဟာ ဖြစ်ပြီးတော့ လာအုံးမလားလို့ ကြောင့်ကျလဲ မရှိရဘူး။

မှတ်စိတ်နဲ့သွားလျှင် "ကုသလ ဝိပါကံ အနိဋ္ဌံ နာမ နတ္ထိ" ဆိုသောကြောင့် ညောင်းတယ်, ကျင်တယ်, ထုံတယ်, ကိုက်တယ်, ခဲတယ်,ဆိုတာကတော့ "ဒုက္ခ" ဒုက္ခဆိုလျှင် အကုသိုလ်၏အကျိုး တွေဘဲခေါ်တယ်၊ တကယ်မှတ်စိတ်မှာ စိတ်ကလေး ရောက်ပြီး တော့ နေတဲ့ပုဂ္ဂိုလ်ဆိုလျှင် ကောင်းသော အကျိုးလာရတယ်၊ ဒါကြောင့် မတွေးတောကျပါနဲ့၊ မှတ်မြဲ - မှတ်နေကျ ပါလို့ သတိပေးလိုက်ပါသည်။

ကဲ....နာရီလဲစေ့ပါပြီ....

မျက်လုံးမဖွင့်နဲ့ ပေါ်ဒါမှတ်၍ ဖြေးဖြေးလေး ပြင်ကြစမ်းပါ၊ လက်ပြင်လျှင် လက်ထဲစိတ်ဖြန့်၊ ခြေထောက်ပြင်လျှင် ခြေထောက်ထဲစိတ်ဖြန့်၊ ကိုယ်ကြီးပြင်လျှင် ကိုယ်ကြီးထဲစိတ်ဖြန့်၊ပေါ်ဒါမှတ်၍ မပြင်ချင်-ပြင်ချင် လူပျင်းသဘောနဲ့ ပြင်ကြ၊ မပြင်ဘဲနဲ့နေလျှင်လဲဘဲ၊ မှတ်မြဲတိုင်းမှတ်နေကြ။

အခု တရားတနာရီထိုင်ကျတာ တော်တော်လေးများ မြင်ကျရဲ့လား ?

။ မြင်ပါတယ်ဘုရား။ ။

ဟိုရှေ့ကထက်ပိုပြီးတော့မြင်ကျရဲ့လား ?

။ မြင်ပါတယ်ဘုရား။ ။

ကိုယ့်နေရာကိုယ် ထိုင်တာနဲ့ ဆရာသမားရှေ့မှာ အခုလို အခွင့်ဿန်နဲ့ထိုင်တာ၊ ဘယ်သင်းကောင်းသလဲ ?

။ ခုလိုဆရာသမားရှေ့မှာထိုင်ရတာပိုကောင်းပါဘုရား။ ။

မြင်ကော တော်တော်မြင်ကျတယ် နော် ?

။ မြင်ပါတယ်ဘုရား။ ။

အပူကလေးကော တိုးတိုး, တိုးတိုး,ပြီးတော့၊ပေါ်ဒါမြင်ကျရဲ့လား ?

။ မြင်ပါတယ်ဘုရား။ ။

အင်း....လှုပ်ထာကလေးတွေကောမြင်ကျရဲ့လား ?

။ မြင်ပါတယ်ဘုရား။ ။

အင်း....လှုပ်ထာ....လား....။

ခနပြောတာဖြေးဖြေးတော့တိုးလာလိမ့်မယ်၊ နယ်ခွဲ့စနစ်နော် ခေါင်း၊လောက်ပေါ်လို့ရှိလျှင်၊ ကျော၊ရင်၊မြင်လာအောင် ဖြန့်ကြည့်၊ တဖြေးဖြေး၊ တဖြေးဖြေး အောက်ကို ပေါင်ခြေသလုံး စသည်မြင်လာအောင် တိုးတိုး၊ တိုးတိုး၊ခွဲ့ကြည့်၊နယ်ခွဲ့စနစ်ခေါ်တယ်၊ ခန္ဓာကတော့ ဥပမာ အပူရှိတယ်၊ အပူရှိလျှင်၊ ဒီအပူဟာ အရှိန်ပါသောကြောင့်၊ တနေရာက တနေရာကို၊ ပြန့်နေ တတ်တယ်။

**ဥပမာ။** ။မီးဖိုထဲက မီးဖိုကလေးဟာ၊ ဖိုထားတော့ မီးဖိုထဲမှာဘဲ၊ အရှိန်ကတော့ ပတ်ဝန်းကျင်မှာ၊ ပူရှိန်တွေ ပြန့်နေတယ်၊မီးသိပ်ပြင်းလာလျှင်၊ နောက်ဆုတ်ပေးရတယ်၊ ပူလွန်းလို့တဲ့။

လေးသောင်း နှစ်ထောင် အမြင့်ဆောင်သော၊ ယုဂန္ဓိုရ်-တောင်နှင့်အမျှ၊ ပူသောနေကြီးဘဲ၊ ပူဒါကတော့-ဟို-နေဗိမာန်ထဲမှာပူဒါဘဲ၊ သို့သော် ပူရှိန်ကတော့ လူ့ပြည်ရောက်လာတယ်၊ နေ့ရာသီမှာ ပူလွန်းမက ပူတော့၊ လူတွေမဆိုထားနဲ့ မြေကြီးတောင်မှ အက်ကွဲတယ်ခေါ်တယ်၊ အဲဒါအရှိန်ခေါ်တယ်။

ဒါကြောင့် ရင်လောက်ပူလို့ရှိလျှင်၊ ကျောကို အရှိန်ဟပ်နေတယ်၊ အောက်ပိုင်းသို့လဲ အရှိန်ဟပ်နေတယ်၊ အပေါ်ပိုင်းသို့လဲ အရှိန်ဟပ်နေတယ်၊ ဖြန့်ကြည့်ရတယ်၊ ဖြန့်ကြည့်လိုက်လို့ရှိလျှင်၊ ပြန့်သွားတာ မြင်နေရတယ်၊ တနေရာထဲမှာသိပ်ပြီးတော့ ပူနေတယ်ဆိုလျှင် တယ်ဆင်းရဲ ဒုက္ခရောက်နေတတ်တယ်။

**ဥပမာ။** ။မီးဖိုလ်ထဲက မီးသည်၊ သိပ်ပြင်းနေတယ်ဆိုလျှင်၊ ထင်းခွဲလိုက်ရတယ်၊ သို့မဟုတ် မီးဖို တဖို နှစ်ဖို

ထပ်ပြီးတော့ ဖိုလိုက်ရတယ်၊ အဲဒီလိုမှ မီးဟာသက်သာ သက်သာပြီးတော့ သွားတယ်၊ အခုလဲဒီလိုဘဲ တနေရာထဲမှာ သိပ်ပူနေတယ် ထင်လို့ ရှိလျှင်၊ဉာဏ်နဲ့ သာ ဖြန့်လိုက်ရတယ်၊ဖြန့်လိုက်လျှင် အပူ ပြန့်သွားတာတွေ့တော့ ခံသာတယ် ခေါ်တယ်တဲ့- ရှင်းသွားပလား ?

။ ရှင်းပါတယ်ဘုရား။ ။

အပူဘဲဖြစ်ဖြစ် ပေါ်လာရင် သိနေ၁၊ ပေါ်ဒါနဲ့, သိဒါနဲ့, ဆုံပစေ၊ ဟို....အသိနဲ့, မဆုံတဲ့ အပူတွေဟာ အများကြီးရှိတယ်၊ အသိရှေ့ကျတဲ့အပူလဲဘဲ မှတ်လို့မရဘူး၊ အသိနောက်ကျတဲ့ အပူလဲဘဲမှတ်လို့မရဘူး၊ အသိနဲ့တပြိုင်နက်ပေါ်တဲ့ အပူသာလျှင် မှတ်လို့ရတယ်ခေါ်တယ်။

ပူလိုက်လျှင်သိ, သိလိုက်လျှင်ပျက်, သူ့ဟာသူဘဲ ပျက်သွားတာတွေ့ရတယ်၊ ကိုယ်ကပျက်တယ်လို့မရှုနဲ့၊အပူက အပူမပြတ်လျှင်၊ အရှိန်နဲ့ဖြတ်ရတယ်၊ အပူကရပ်ခေါ်တယ်၊ ရပ်မပြတ်လျှင် ထင်ရှားသော ရုပ်နဲ့ဖြတ်၊ ဒါကြောင့်အပူက ပြတ်တယ်လို့ မထင်ဘူး၊ အရှိန်ကတော့ ပြတ်နေတယ်။

အရှိန်တို့ မည်သည် ရှိန်း....လို့ အရှည်ကြီး ဖြစ်နေသလား ရှိန်းရှိန်း, ရှိန်းရှိန်း, လို့ အတိုလေးတွေဖြစ်နေသလား

။ ရှိန်း ရှိန်း, ရှိန်း ရှိန်း, နဲ့ အ တို က လေး တွေ ဖြစ်နေပါတယ်ဘုရား။ ။

ဟော-အတိုကလေးတွေ ဒါဖြင့် အရှိန်က ပြတ်နေတာပေါ့၊ ပြတ်နေတာပေါ့၊ ပြတ်နေလျှင်၊ရှိန်း,တခုသိလျှင်,အပူတခု၊နောက်

တခါ ရှိန်းဆိုလျှင်၊ အပူတခုခေါ်တယ်၊ ရှိန်းဆယ်ခု၊ အပူဆယ်ခု သူ့အပူနဲ့၊ သူ့ရှိန်းနဲ့၊ ဒါပြတ်နေတတ်တယ်၊ ရှိန်းပြတ်မှန်းသိလျှင်၊ ရှိန်းကို သိတဲ့-အသိလေးလဲ ပြတ်နေတယ် ခေါ်တယ်။

ရှိန်းပေါ်၊ သိပေါ်၊ ရှိန်းပျက်၊ သိပျက်၊ သူ့အာရုံနဲ့ သူ့အသိနဲ့သွား၊ ရှိန်းဆယ်ခုဆိုလျှင်၊ အသိက ဘယ်နှစ်ခု ?

။ ဆယ်ခုပါဘုရား။ ။

ဆယ်ခုခေါ်တယ်၊ ရှိန်းဆယ်ခုဆိုလျှင်၊ ရှိန်းနဲ့ပတ်သက်တဲ့ အပူက ဘယ်နှစ်ခု ?

။ ဆယ်ခုပါဘုရား။ ။

အပူကိုသိတဲ့ အသိက ဘယ်နှစ်ခုလဲ ?

။ ဆယ်ခုပါဘုရား။ ။

အဲ သူ့ဟာသူပျက်သွားတာဘဲ၊ အာရုံပျက်လျှင်၊ "အာရမဏ-က" ဆိုတဲ့ မှတ်စိတ်ပျက်သွားတာဘဲ၊ မှတ်ထားကြ သူ့ဟာသူ ပေါ်လာတာက၊ လက်ငင်းအပူစစ်လာလျှင်၊ ဖြစ်ပျက် ပါလာ တာဘဲ၊ အရှိန်ဖြစ်လာလျှင်၊ ဖြစ်ပျက်ပါလာတယ်၊ အသိစစ်လာ လျှင်၊ ဖြစ်ပျက်ပါလာတယ်၊ ပါးစပ်က ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဒီလို လိုက်မနေရဘူး။

သို့မဟုတ် စိတ်ထဲက၊ ဖြစ်တယ်၊ ပျက်တယ်၊ ဖြစ်တယ်၊ ပျက်တယ်၊ ဒီလို လိုက်မနေရဘူး၊ သဘာဝကျလာလျှင်၊ သူ့ဟာသူ ဖြစ်ပျက်ပါလာတယ် "သင်္ခတ လက္ခဏာ" တဲ့။

သင်္ခါတ-က....နာမ်ရုပ်

လက္ခဏာ-က....ဖြစ်ပျက်ခေါ်တယ်

အသင်္ခတ,က....နိဗ္ဗာန်

လက္ခဏာ-က....မဖြစ်မပျက်ခေါ်တယ် မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဒါကြောင့် သူ့လက္ခဏာလေးနဲ့ သူပါ့ ပါလာတယ်၊ ဒါက တော့နေအုံး,ခန္ဓာမှာတော့ လက်ငင်းရှိနေတာတွေ တွေ့ရတတ်တယ်၊ ကဲ....နဲနဲလေး ဒီမှာထိုင်တာဖြစ်စေ၊ ကိုယ့်နေရာမှာ ကိုယ်ထိုင်တာဖြစ်စေ၊ ပေါ်ဒါမှတ်နေကျရဲ့လား ?

॥ မှတ်နေပါဘုရား॥ ॥

မြင်ကော-မြင်ရဲ့လား ?

॥ မြင်ပါတယ်ဘုရား॥ ॥

မြင်တာနဲ့ မမြင်တာ ဘယ်ဟာက များသလဲ?

॥ မြင်ဒါများပါတယ် ဘုရား॥ ॥

ထိုင်လျက်ငဲ့ ကြိုးစား၊ နယ်ချဲ့စနစ်နဲ့ တကိုယ်လုံးမြင်အောင် ချဲ့ကြည့်၊ အိပ်ရက်ကော အားထုတ်ကျရဲ့လား?

॥ အားထုတ်ပါတယ် ဘုရား॥ ॥

အိပ်လျှင် တုံးလုံးလှဲတာ ပြောတယ်။

"**ကာယ ပသာသန သင်္ခါတံ သယနမ္ပိ ဝုစ္စတိ**" လို့ ဆိုတဲ့ အတိုင်း ကိုယ်လက် ဆန့်တန်းမှုကို အိပ်တယ်ခေါ်တယ်၊အိပ်လျက် အားထုတ်ပြီဆိုလျှင် အိပ် - အိပ်မသွားကျဘူးလား။

အိပ်ပျော်ပြီးတော့ မသွားကျဘူးလား?

။ သွားပါတယ် ဘုရား။ ။

အဲဒါ ဖျောက်ရတယ်၊ ထိန ၊ မိဒ္ဓ ၊ ကလဲဘဲ၊ အဲဒီ တုံး လုံး လုံးလျှင်၊ သူကလဲ ဝင်တတ်တယ်၊ ဒါကြောင့် ညတော့ အိပ်လျက် အားထုတ်လျှင် မျက်စေ့ ဖွင့်ထားရတယ်၊ မျက်စေ့ အာရုံကလဲဘဲ ဟိုဟိုဒီဒီ မတွေ့ရတော့ဘူး၊ ညဆိုလျှင် ဖွင့်အားထုတ်၊ ဖွင့်တဲ့အတွက် ကိုယ့် အိပ်ငိုက်ဖျောက်ထား ခေါ်တယ်၊ နေ့ဆိုလျှင် မှိတ် အားထုတ်ပေါ့၊ မှိတ်အားထုတ်လို့ ငိုက်စိတ်ပေါ်၊ အိပ်ပျော် ပျော်သွားမယ်ဆိုလျှင် ဖွင့်လိုက်၊ သို့သော် တောင်ကြည့်၊ မြောက် ကြည့်နဲ့၊ မကြည့်နဲ့ တော့၊ တနေရာထဲမှာ ကြည့်နေပြီးသကာလ စိတ်တော့ ရင့်မှာ စိုက်စိုက်ထားတဲ့ အအိပ်ကို ဖျောက်ရမယ်။

မဟုတ်ဘူးလာ?

။ ဟုတ်ပါတယ် ဘုရား။ ။

မျက်စေ့ ဖွင့်၊ ထ၊ လမ်းလျှောက်၊ မျက်နှာသစ်၊ အလင်းရောင် ကြည့်၊ ဒီလို ဖျောက်ရတယ်၊ ချင်သီး၊ အချိန်နဲ့ - အခါနဲ့ ရှိလျှင် စားပေးလိုက်၊ သို့မဟုတ် ဆိုလို့ ရှိလျှင် အားထုတ်တဲ့ ပုဂ္ဂိုလ်ကို၊ အားကျပေးလိုက်၊ဟော....ဘယ်သူဟာ အအိပ်-အနေ နည်းတယ်၊ ငါ့ တောင်ဘက်က၊ မြောက်ဘက်က ၊ လူဟာလဲ၊ တယ် အအိပ်-အနေ နည်းတယ်၊ သူလိုဘဲ၊ ငါ အားထုတ်မယ်လို့ ဒီလိုလဲဘဲ အားကျပေးလိုက်ရတယ်။

အဲဒီလိုဆိုလျှင် အိပ်ငိုက်ထား တွေဟာ ပျောက်သွား တတ်တယ်၊ အအိပ်တော့ မခံနဲ့ နော်၊ ညဉ့်ကျလျှင် အိပ်မှု နဲ့ရမယ်၊ ထိုင်မှုရယ်၊ ရပ်မှုရယ်၊ သွားမှုရယ်၊ ဒီသုံးခု များထားရ။

အိပ်လျှက်ကော စိတ် ဘယ်မှာထား ?

॥ ရင်မှာ ထားပါ ဘုရား॥ ॥

ဘာလုပ်နေ?

॥ ကိုယ်မှာ ပေါ်ဒါငါးမျိုး မှတ်နေပါ ဘုရား॥ ॥

ပေါ်ကော....ပေါ်ရဲ့လား?

॥ ပေါ်ပါတယ် ဘုရား॥ ॥

တကိုယ်လုံးကော....မြင်ကျရဲ့လား?

॥ မြင်ပါတယ်ဘုရား॥ ॥

ကွက်ကွက်ကလေး မြင်တဲ့လူနဲ့, တကိုယ်လုံး မြင်တဲ့ လူနဲ့, ဒီလိုတော့ ရှိကြလိမ့်မယ်၊ ကွက်ကွက်ကလေး မြင်တဲ့ လူကလဲ, နယ်ချဲ့စနစ်နဲ့ တကိုယ်လုံး မြင်အောင် ချဲ့ကြည့်၊ တကိုယ်လုံး မြင်တဲ့လူကလဲ, ကနေ့ မြင်တာထက်, နက်ဖြန်ကာ ပိုပြီးတော့ မြင်အောင်, သဘက်ခါ ဒီထက် တိုးမြင်အောင်, ဖြစ်ပျက် - နွေး လို့ ရှိလျှင်လဲ မြန်မြန်ကြီး ဖြစ်ပျက် မြင်အောင် ကြိုး စား ကြ ရမယ်။

ကဲ....ဒီနေ့ကစ၍ မထွက်မခြင်း, တနေ့ကို သုံးခါထိုင်, လုပ် ရတော့မယ်၊ သုံးခါထိုင် သတ်မှတ်တော့ မနက်ခင်းတော့ ၆-နာ ရီခွဲ, ဒီအချိန်ပေါ့ - ဒီတချိန်, နေ့လက်ပြီးတော့ ၁၂ - ရီ ထိုး လျှင် သံချောင်း တခါ ခေါက်မယ်၊ ခေါက်တော့ ထိုင် လျက်, အိပ်လျက်, ရပ်လျက်, သွားလျက်, လေးပါးသော ဣရိယာ- ပုထ်နဲ့ ကြိုက် သ လို အားထုတ်၊ တချက် မထိုးခင် ပုဗ္ဗကိစ္စ

ပြုလုပ်ဘို့လို့ သတိပေးသည့် အသံချဲ့စက်ဖြင့် ပြောသံကို ကြားရပါလိမ့်မယ်။

တနာရီလဲထိုးရော, သံချောင်းလဲ ခေါက်ရော, ထိုင်မြဲထိုင်ကြ၊ ကြိုက်တဲ့နေရာမှာ ထိုင်ကြ, ကိုယ့်နေရာမှာ ကိုယ်ထိုင်ချင် ထိုင်နိုင်တယ်၊ ခုံမှာလဲ ထိုင်နိုင်တယ်၊ တနာရီက နှစ်နာရီအထိ အဓိဋ္ဌာန်ကလေးနဲ့ ထိုင် (အဓိဋ္ဌာန်ပုံ - လွယ်လွယ်လေး၊ ဤအချိန်အတွင်း၌ ပေါ်ဒါမှတ်၍ နေပါမည်) ဒါလေးဘဲ။

နှစ်နာရီထိုးတော့ ဖြုတ်ရော, ဖြုတ်တော့၊ နာရီဝက်လောက် အယုတ်ဆုံး - အနဲဆုံး စင်္ကြံလျှောက်ရမယ်၊ ဒီထိုင်ထားတာလေး ပြေသွားအောင်....နော်, အဲ .... နောက် ပြီး တော့ ထိုင်လျက်ဖြစ်ဖြစ်, အိပ်လျက်ဖြစ်ဖြစ်, ရပ်လျက်ဖြစ်ဖြစ်, သွားလျက် ဖြစ်ဖြစ်, ချမ်းသာသလို အားထုတ်နေကြ၊ အားထုတ်နေ ပြီးတော့ လေးနာရီမတ်တင်း မတိုင်မီ ပုဗ္ဗကိစ္စ ပြုလုပ်ထားကြရန် သတိပေးသည့် အသံချဲ့စက်နဲ့ ပြောသံကို ကြားရပါလိမ့်မည်။

လေးနာရီမတ်တင်း သံချောင်း ခေါက်လိုက်သည်နှင့် တပြိုင်နက် ထိုင်ဖြစ်အောင် ထိုင်တော့၊ ထိုင်လျက် ထခုထဲ နော်....၊ ထိုင်လျက်ဆိုပေမဲ့ ကိုယ့်နေရာ ကိုယ်ထိုင်တော့ ချမ်းသာတယ်၊ မှီလျက်ဘဲထိုင်ထိုင်, ဒူးထောင်ပြီးတော့ဘဲ ထိုင်ထိုင်, မမှီဘဲထိုင်ထိုင်, ခြေဆင်းပြီးတော့ဘဲထိုင်ထိုင်, ဒူးနှစ်ဘက်လက်နဲ့ သိုင်းပြီးတော့ဘဲ ထိုင်ထိုင်, ထိုင်လို့ ရတယ်နော်။

စင်္ကြံ မလျှောက်ရဘူး၊ အဲဒီအချိန်မှာ စင်္ကြံ မလျှောက်ရဘူး, မအိပ်ရဘူး, ဆေးသောက်, ကွမ်းစား မရှိရဘူး, နောက်

ပြီးတော့ဆိုလျှင် စကားပြောခြင်း မရှိရဘူး, ဒီ သုံးကြိမ်တော့ အသွားတင်ရအောင် လုပ်ရ - လူများတယ်လေ။

လူများတော့ မငြိမ်တတ်ဘူး၊ တချို့က စကားပြော, တချို့ကထ, တချို့က ဆေးလိပ်သောက်, အဲ ဒီတော့ ချွတ် ချွတ်, ချွတ်ချွတ်နဲ့ဆိုတော့ သမာဓိ မရဘူး၊ သုံးကြိမ် တော့ အသွားတင်ရအောင် လုပ်လိုက်တယ်၊ လေးနာရီ မတ်တင်း ထိုင် လိုက်ထာ၊ ငါးနာရီမတ်တင်း ထိအောင် ထိုင်ရ, ငါးနာရီ မတ်တင်း ကျတော့ သံချောင်းခေါက်လိုက်တဲ့အခါ ရေချိုးကြ.... ရှင်သွားပလား?

॥ ရှင်းပါပြီ ဘုရား။ ॥

တနေ့ ဘယ်နှစ်ခါထိုင်လဲ ?

॥ သုံးခါထိုင်ရပါ ဘုရား။ ॥

သုံးကြိမ် လာထိုင်ကြနော်....၊ မျှအောင် ထိုင်လျှင် ထိုင်လို့ကောင်းတယ်၊ သို့သော် အဓိဋ္ဌာန်မှာ မပြင်ရဘူးဆိုတဲ့ အဓိဋ္ဌာန် မပါဘူး၊ ဆရာတော်တို့ ကတော့ လျှော့စျေးဘဲ, သိပ် မ တင်း ပါဘူး။

ဆရာတော်တို့က လျှော့စျေးထားသော်လဲ ယောဂီတို့ကတော့ သူ့အမြင်နဲ့သူ တချို့တနာရီ ပြင်ကိုမပြင်ဘူး၊ တချို့သူများ သာ ထသွားတယ်၊ ဒီမှာ ထိုင်နေလျက်ဘဲ, ဒါကတော့ ကိုယ့်အမြင်နဲ့ ကိုယ် ထိုင်တာ က နှစ်နာရီ - သုံး နာ ရီ ကြာ ကြာ အရေးမကြီးဘူး၊ ဆရာတော်တို့ မှန်တန်းကတော့ တနာရီဘဲ....

နော်၊ ဘိုပ်လဲဘဲ မတင်းဘူး, လျှော့စျေးဘဲ ကိုယ့်အမြင်နဲ့ ကိုယ်ထိုင်ကျ။

ဆရာတော်များကတော့ ဝါတော် (၃၀) ကျော်တဲ့ ဆရာတော်ကြီးများကတော့ သဘောကျသလို ပါဘဲဘုရား၊ ထိုင်ချင်လျှင်လဲ ထိုင်တော်မူပါ၊ အသက်ဝါကြီးတဲ့အတွက်ကြောင့်, ဒို့တော့ မထိုင်နိုင်ဘူးဆိုလျှင်လဲဘဲ, ကိုယ့်နေရာကိုယ့်ကုလားထိုင်ကလေးနဲ့ဘဲဖြစ်ဖြစ် သဘောကျသလို, ချမ်းသာသလို အမှတ်မလွတ်ဘဲနဲ့ နေတော်မူကျပါဘုရားလို့ ဝါကြီးထေရ်ကြီးသော ပုဂ္ဂိုလ်များအတွက် ချမ်းသာမှုကလေး ပေးလိုက် ပါတယ်။

သည်မြင် ဝါငယ်တဲ့ ပုဂ္ဂိုလ်, ဝါတော် (၃၀) အောက် ကိုဆိုတဲ့ ပုဂ္ဂိုလ်တွေကတော့ ကျန်းကျန်းမာမာ ရှိသေးသည့်အတွက်ကြောင့် မလျှော့တမ်းဆိုတဲ့ ဇွဲကလေးမျိုးနှင့် မမြင်မြင်အောင် ဆိုတာ ကြိုးစားကြပါ ဘုရား၊ ဘာ့ကြောင့်လဲလို့ မေးလျှင် တပည့်တော်တို့ကို ကိုးကွယ်ပြီးတော့ ထားကျတဲ့ တကာ-တကာမတွေကလဲဘဲ တခြားမဟုတ်ဘူး၊ ကျောင်းထိုင်အင်္ဂါ စစ်လျှင် (ဆယ်ဝါပြည့်တင်း, ဝိဘင်းနှစ်ဖြာ, ကမ္မာ ကမ္မ ဝိနိစ္ဆယ, နှင့် ခန္ဓကပုဒ်) ဒါဝိနည်းဘက်က တပည့်တော်တို့ ဘက်က ပါဘဲ၊ (နာမ်ရုပ်ပိုင်ပိုင် ဟောပြနိုင်) ကျောင်းထိုင် ငါးအင်္ဂါ....တဲ့။

ဟော....ပါတယ်၊ ကျောင်းတကာယ်ထိုင်မယ်ဆိုလျှင် နာမ်ရုပ်ပိုင်ပိုင် ဟောပြနိုင်မှ တဲ့၊ ဒါကြောင့် အင်မတန် ဆင်းရဲဒုက္ခရောက်နေကျတဲ့ တကာ - တကာမတို့ တပည့်တော်တို့ကို ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, လေးပါးသော ပစ္စည်းတို့ဖြင့် လိုလေ

သေးတယ်မရှိ, ပစ္စယာနုဂ္ဂဟ ဖြင့် ချီးမြှင့်သည် ဆိုတာ တခြား မဟုတ်ပါဘူး၊ ဘုရား - တပည့်တော် တို့က တဖန်, မမ္မာနုဂ္ဂဟ ဖြင့် ချီးမြှင့်ဘိုပါဘဲ၊ နောက်ဆုံးတိုတိုပြောမယ်ဆိုလျှင်, အရိယာ, ဖြစ်ဘို့ နိဗ္ဗာန်ဝင်ဘို့လို့ ရည်မှန်း ပြီးတော့ တပည့်တော် တို့ကို ကိုးကွယ်ခြင်း ဖြစ်ပါတယ် ဘုရား။ ။

ဒါဖြင့် အရိယာ,ဖြစ်ဘို့လို့ ဆိုလျှင် ဘယ်တရားကို ဟောရမလဲ လို့ မေးလျှင်, နာမ်, ရုပ်, ပိုင်ပိုင် ဟောရတော့မယ်၊ ဒါကြောင့် လေ့ကျင့်ခဏ်းလေးတွေ လုပ်ထားဘို့ တယ်ကောင်း၊ စာနာမ်ရုပ် ဟောလျှင်လဲဘဲ, "စာသိကလျာဏ ပုယုဇဉ်"ဖြစ်၍ တော်ပါသေး၏၊စာနာမ်ရုပ်ထက်"ကျင့်သိ-နာမ်ရုပ်"သည်အင်မတန်အကောင်း ဆုံးသဘာဝ အစစ်ဘဲ။

ဒါကြောင့် စာနာမ်ရုပ် ထက် ကိုယ်တွေ့ နာမ်, ရုပ် ဆို တဲ့ "ကျင့်သိ ပဋိပတ်"နဲ့ ဆိုင်တဲ့ နာမ်, ရုပ် ကလေးများ ဟောပြ နိုင်မယ်ဆိုလျှင်, သူတို့လဲဘဲ နာရုံမကာ အလုပ်ပါ, ပါသည် ဖြစ် လေသောကြောင့်, သူတို့ကိုယ်တိုင် ကိုယ်တွင်းမှာ ပေါ်ဒါတွေ, သိတာတွေ, သိပြီးသကာလ ပေါ်သိလေးတွေဟာ ဖြင့် ရိပ်ရိပ်, ရိပ်ရိပ်, ရိပ်ရိပ်, ဖြစ်လိုက် - ပျက် လိုက်, ဖြစ် လိုက် - ပျက် လိုက်, မြင်ပြီးသကာလ တိုတိုပြောလျှင် ဖြစ်ပျက်တွေဆုံးတဲ့ နိဗ္ဗာန်မြင်ရ တာက, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပေါ်ရောပေါ့၊ပေါ်လာတဲ့အခါ မှာ အရိယာ, ဆိုတာ ဖြစ်ပြီးတော့ သွားတတ်ပါသည်။

ဒါကြောင့် တပည့်တော်တို့ ဘက်က လိုနေပါတယ် ဘုရား၊ လိုနေသည်ဖြစ်လေသောကြောင့်နာမ်ရုပ်ပိုင်ပိုင်ကလေး, ဖြစ်ပျက်

ပိုင်ပိုင်ကလေး၊ လက္ခဏာရေးသုံးပါး ပိုင်ပိုင်ကလေးကို ဟောပြတတ်ဘို့ မလျော့သော ဇွဲကလေးမျိုးဖြင့် ကြိုးစားပြီး သကာလ အားထုတ်တော်မူကျပါ။

ကိုယ့်ကျောင်းမှာ နေစဉ်အခါကလိုဘဲ တပည့်တော်တို့ ကျောင်းမှာ အခုလာနေတာလဲ ကိုယ့်ကျောင်းလို သဘော မှတ်ပြီး သကာလ၊ ဘာမှစိတ်ထဲမှာ မထားနဲ့၊ တပည့်တော် ကိုလဲ မကြောက်မရွံ့ပါနဲ့၊ အမှတ်နဲ့နေပြီဆိုလို့ ရှိလျှင် ဓမ္မာရုံ ပေါ်မှာလဲ လာနေလို့ရပါတယ်၊ ခုံတန်းလျှားကလေးတွေမှာလဲ လာနေလို့ ရပါတယ်၊ ချမ်းချမ်းသာသာ မျှတပြီး သကာလ တရားကိုတော့ လက်မလွှတ်ဘဲနဲ့ ကြိုးစားပြီး အားထုတ်မယ် ဆိုလျှင် တပည့်တော် အလွန်ဝမ်းသာပါတယ်ဘုရား။

ဒီမှာဆိုလို့ရှိလျှင် ဆွမ်းလဲဘဲ မလိုပါဘူး၊ စားစရာ၊ သောက် စရာလဲဘဲ အားမနာရပါဘူး၊ နေခင်း၊ ထိုင်ခင်း ကိုလဲ အားမ နာရပါဘူး၊ ရေမိုး စသည် ကစပြီးတော့ အားမနာရ ပါဘူး၊ ဘာဆို-ဘာမှ အားနာတော်မမူပါဘဲနဲ့ ကိုယ်တွင်း တရားလေး သာ မြင်အောင် ကြိုးစားပြီးသကာလ အားထုတ်တော်မူကြ ပါလို့ သတိပေးနှိုးဆော် ပြောကြား လိုက်ရတာကို ကြားနာ ရတဲ့ သင် သူတော်ကောင်းအပေါင်းတို့မှာ ဝမ်းမြောက်ဝမ်းသာ များ ရှိခဲ့ပါလျှင် သုံးကြိမ် သာဓု ခေါ် နိုင်ကြ ပါစေ ကုန် သတည်း။ ။

သာဓု - သာဓု - သာဓု

နံနက်ပိုင်း အလုပ်ပေးတရား ပြီးပြီ။

ကျေးဇူးရှင်

မူလကသစ်ဝိုင်ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# သင်္သိဝိပဿနာ တရားတော်

ဒုလ္လဘဒေသနာ

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

# သင်္သိ ဝိပဿနာ တရားတော်

ဒုလ္လဘဒေသနာ

နမော-တဿ-ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။

## လက်အုပ်ချီပုံ

ဂါရဝ,နိဝါတဖြစ်အောင်၊ ရိုသေထိုက်အောင်၊ နှိမ့်ချထိုက်အောင်၊ လက်အုပ်ချီကြ။

## လက်ထားပုံ

လက်ဝါးခြင်းကပ်ထား၊လက်ချောင်းကလေးလဲစိတ်စိတ်ထား လက်ချောင်းခြင်းလဲ တချောင်းနဲ့ တချောင်းထိထား၊ လက်ညှိုး လက်ညှိုးခြင်း၊ လက်ခလယ်, လက်ခလယ်ခြင်းထိထား၊ လက်သူကြွယ်, လက်သူကြွယ်ခြင်းထိထား၊ တတောင်ဆစ်က ထိချင်ထိ၊ မထိချင်နေ၊ နဖူးပေါ်လက်အုပ်တင်လိုက်စမ်း။

**မျက်စေ့ထားပုံ။**

ညကဆုံးမထားတဲ့အတိုင်းကန်တော့ကာနီးဆဲဆဲလေးမှာ မျက်လုံးမှိတ်လိုက်ပါ၊ မျက်လုံးမှိတ်ပြီးတော့ ဂုဏ်တင်ရှိခိုးရလိမ့်မယ်။

**ဂုဏ်တင်ရှိခိုးပုံ။**

မိမိတို့ရင်တွင် နှာမ်အစဉ်မှာဝင်တဲ့ စေတနာကလေးက၊ ဉာဏ်မှန်ပြောင်းတတ်ပြီးသကာလ၊ ရှိခိုးခံရသော ရတနာသုံးပါးနှင့် ဆရာ သမားတို့၏ ရင်တွင်၊ နှာမ်အစဉ်မှာဝင်တဲ့ - သီလ - သမာဓိ- ပညာဂုဏ်ကို မှန်း၍ကြည်ညိုသောသဒ္ဓါ၊ ထက်သန်သော စေတနာ၊ ပြဋ္ဌာန်းပြီး ခန္ဓာမှာ၊ လက်ငင်း ဖြစ်ပျက်နေသော ရုပ်နာမ် ဓမ္မဖြင့်၊ လေးလေးညီညီ ပြတ်ပြတ်ရှင်းရှင်း ကန်တော့ကြ။

**ဆုပေး။**

ပသေနဒီ ကောသလမင်းကြီးသည်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏၊ဆန့်တန်းသောခြေတော်အစုံ ကြာပဒုံတို့ကို နဖူးဖြင့် ပွတ်တိုက်၍သော်၎င်း၊ ပါးဖြင့် ပွတ်တိုက်၍သော်၎င်း၊ ပါးစပ်ဖြင့်စုတ်၍သော်၎င်း၊ လက်ဖြင့်နယ်၍သော်၎င်း၊အမျိုးမျိုးအား- ရပါးရ ရှိခိုးလိုက်သောအခါ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက၊ တကာတော် ဤမျှလောက်ကြည်ညိုလေးစားပြီး၊ ငါဘုရားအား ရှိခိုးခြင်းသည် ဘယ်လို အသိဉာဏ်ထူးတွေ့ပေါ်လို့ ရှိခိုးပါသလဲ လို့မေးတော်မူလိုက်သောအခါ၊ ပသေနဒီ ကောသလမင်းကြီး က၊ မြတ်စွာဘုရား တကာတော်မှာ၊ ရှေးတုန်းက အသိဉာဏ်ထူး တွေ့ပေါ်ခဲ့ဘူးပုံ လျှောက်ထားပရစေလို့ ခွင့်ပန်ပြီးတဲ့နောက် လျှောက်ထားလေသည်။

မြတ်စွာဘုရား့တကာတော်ဟာ၊ အာဏာပိုင်မင်း လဲဖြစ်ပါတယ်ဘုရား၊ လက်နက်ကိုင်လဲဖြစ်ပါတယ်ဘုရား၊ စစ်တပ်ပိုင်လဲဖြစ်ပါတယ်ဘုရား၊ ဤလိုပင်ဖြစ်ငြားသော်လဲ တကာတော်ဟာ မူးမတ်စုံလင် ညီလာခံသဘင် အစီး အဝေး တက်သောအခါ၌၊ တကာတော်လူကြီးလုပ်၍ ခေါင်းဆောင်ပြီးသကာလ ပြောနေတဲ့အချိန်ကလေးမှာ၊ မူးကြီး မတ်ရာ သေနာပတိတို့က ဝင်ဝင်ပြီးသကာလ ပြောကြပါတယ်ဘုရား၊အမောင်တို့အမောင်တို့ငါပြောနေတဲ့ အချိန်ကလေးမှာ၊ ဝင်ဝင်ပြီးသကာလ မပြောကြနဲ့လို့ တားမြစ်ပင့် တားမြစ်ငြားပါသော်လဲ မရပါဘုရား....။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ အာဏာပိုင်လဲမ ဟုတ်ပါဘုရား၊ လက်နက်ကိုင်လဲမဟုတ်ပါဘုရား၊စစ်တပ်ပိုင်လဲမဟုတ်ပါဘုရား၊ ဤလိုပင်မဟုတ်ပါငြားသော်လဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တရားဟောပြောပြီး နေတဲ့အချိန်ကလေးမှာ အားလုံးသော တရားနာပရိသတ်တို့ဟာဖြင့်၊ လက်ခြေမဆော့၊ ကိုယ်တွေမလှုပ်၊ နှုတ်တွေမမြွက်၊ ငြိမ်ငြိမ်သက်သက်၊ ဣန္ဒြေရရ တရားနာနေပုံကို တကာတော် ပစ္စက္ခဒိဋ္ဌ မြင် ရ သည် လည်း တကြောင်း၊ ရဟန်းတပါး ချောင်းဆိုးလိုက်ပါတယ်ဘုရား၊ အနီး အနားမှာ နေကြသော ရဟန်းများက ငါ့ရှင်တိတ်တိတ်နေစမ်းပါ့ချောင်း မဆိုးလိုက်ပါနဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတရားဟောပြောနေတော်မူတယ်လို့ ဆိုးချင်လို့ ဆိုးတဲ့ချောင်းမျိုး မဟုတ်ပါ ဘုရား၊ဥတုကြောင့် ဆိုးတဲ့ချောင်းတောင်တားမြစ်ထာ တကာတော်နားဖြင့် ဆပ်ဆပ် ကြားရသည်လည်း တ ကြောင်း၊ ဤ လို

ဒွါကြောင်းတွေ ထောက်ဆပြီး သကာလ တရားတော်ဟာ အမှန်ကောင်းမြတ်နေပြီ၊ ဟောတော်မူတဲ့ မြတ်စွာဘုရားကလဲ ဘုရားရှင်ကိုယ်တော်မြတ် အစစ်ဖြစ်နေပြီ၊ ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးတော့နေကြတဲ့ သံဃာတော်အရှင်ကောင်း အရှင်မြတ်တို့ကလဲ ဒွါကျင့်ကောင်းအကျင့်မြတ်ဖြစ်နေပြီလို့ဆိုတာ တကာတော်မှာကတော့ ပစ္စက္ခဒိဋ္ဌ မမြင်ရပါဘုရား၊ အနုမာန ဉာဏ်ဖြင့် မှန်းဆပြီးတော့ သိရဘူးသည် ဖြစ်လေသောကြောင့် ဤမျှလောက်ရိုသေလေးစားပြီး ရှိခိုးရခြင်းဖြစ်ပါတယ်ဘုရားလို့၊ ပသေဒနီ-ကောသလမင်းကြီးလျှောက်ထားတဲ့ထုံး နှလုံးသွင်းပြီးသကာလယခုလို ရှိခိုးနေကြကုန်သော၊သင်တကာ တကာမအပေါင်း သူ-တော်ကောင်းတို့သည် တရားပြသော ဆရာဟာဖြင့် အာဏာပိုင်လဲမဟုတ်ပါ၊ လက်နက်ကိုင်လဲမဟုတ်ပါ၊ စစ်တပ်ပိုင်လဲမဟုတ်ပါဘဲလျက်နဲ့ မြို့တကာ၊ ရွာကြီးတကာ၊ နယ်ကြီးတကာ၊ တို့မှာလျှောက်လျှောက်ပြီးသကာလ တရားများပြပါတယ်။

ယောဂီတို့မှာဖြင့်၊နှစ်ရာကျော်၊ သုံးရာကျော်၊ လေးရာကျော်၊ တောင် တချို့ဌာနမှာရှိပါ၏၊ ဝေယျာ ဝစ္စ တွေလဲ ရှိကြပါ၏၊ အင်မတန်၊ ပဲခူး၊ညောင်လေးပင်၊တောင်ငူ၊စသော ဌာနတို့မှာကတော့ တရားနာ ပရိသတ်တွေဟာဖြင့် သုံးထောင်-လေးထောင်-ငါးထောင်ကျော်မက အလွန်ဘဲများလှပါပေ၏၊ ဤလိုပင်များပါငြားသော်လဲဘဲ အင်မတန်မှ၊ တိတ်တိတ်၊ဆိတ်ဆိတ်၊ငြိမ်ငြိမ်၊ သက်သက်၊ ဤဒြေရရ၊ တရားနာနေတာကို တရားဟောတာ အဆက်ကလေးပြတ်သွားမှာကြောက်လို့ တချို့တချို့မှာဆိုလျှင်လဲဘဲ သွားချင်တဲ့နေရာ မသွားရဘူး၊ထချင်လို့ တောင်မထရဘူး၊

တရားလေးအဆက်ပြတ်သွားမည် စိုးသည်ဖြစ်လေသောကြောင့်၊ ဤမျှလောက် ရိုရို သေသေ လေးလေး စားစား ဖြင့် နာနေဒါ၊ အားထုတ်နေဒါကို ထောက်ဆခဲ့ပါလျှင်၊ ဟောတော်မူတဲ့ဆရာသမားကလဲ စာတွေ့ ငါတွေ့နှစ်ဖြာနဲ့ ကိုက်ညီအောင်၊ ပြတ်ပြတ်သားသား နားလည်အောင် ဟောတတ်နေပြီ၊ ကျင့်ကြံ ကြိုးကုတ်အားထုတ်ပြီးတော့နေကြတဲ့ ယောဂီအမျှင် သူတော်စင်တွေကလဲ အကျင့်ကောင်းအကျင့်မြတ်ဖြစ်နေပြီလို့ ဆိုတာ၊ ကိုယ်တိုင်ပစ္စက္ခ-ဒိဋ္ဌမြင်ရသည်ဖြစ်စေ၊ အနုမာနဉာဏ်ဖြင့် မှန်းဆ၍သိရသည်ဖြစ်စေ၊ ဤမျှလောက် ရိုသေလေးစားပြီးရှိခိုးရခြင်းသည် ခန္ဓာကိုယ်မှာပေါ်လျှင် သိ၊ သိလျှင်ပျက်ဆိုတဲ့ ပေါ်သိပျက်တွေကို တပေါ်တမှတ်၊ တပေါ်နှစ်မှတ်ဖြင့် မှတ်ရင်း မှတ်ရင်း မက်တတ်နဲ့ မှတ်စိတ်ပါကုန်ဆုံးချုပ်ငြိမ်းသွားသော နိဗ္ဗာန်တဘက်ကမ်းကို ဤမှာဘက်ကမ်းက မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ကိုယ်အရင်လှမ်းမြင်နိုင်ကြပါစေ။

ကိုယ်လှမ်းမြင်ရသလို သူတပါးကိုလဲ လှမ်းမြင်ရလေအောင် စားရေး သောက်ရေး ဝတ်ရေး နေရေးဆိုတာ လိုလေသေးတယ် မရှိအိမ်မှာလိုလျှင် ကိုယ့်တာဝန်တခုထားပြီးသကာလ၊ လိုတဲ့နေရာမှာ ပြည့်စုံအောင်ဆောင်ကျဉ်းပြီးနေတာက ဘုံဆိုင်အလုပ်၊ ခန္ဓာ ကျွန်အလုပ်ဖြစ်ခဲ့ပေတယ်၊ သာသနာ့တော်နှင့်စပ်သော အလုပ်သည်သာလျှင် ကိုယ်ပိုင်အလုပ်ပါတကား၊ ကိုယ့်အလုပ်ကိုယ်လုပ်ချင်းလွန်းလို့ ကိုယ့်တာဝန်ကိုယ်ထမ်းချင်ကြလွန်းလို့ သား-ရှင်ပြု-မြေး ရှင်ပြု-တူ ရှင်ပြု ကိတ္တိမသားတွေရှင်ပြု-ရဟန်းခံပြုလုပ်ကျပါတယ်၊ ရှင်ပြု-ရဟန်းခံ-ပြုလုပ်တာ တခြား မဟုတ်ပါဘူး

သာသနာ့ ဒါယဇ္ဇ သာသနာ အမွေခံချင်လွန်းလို့ သာသနာဆိုတာ သီလ-သမာဓိ-ပညာ-ခေါ်ပါတယ်၊ အမွေခံတယ်ဆိုတာက ဆွေမျိုးအရင်းတော်စပ်ပါတယ်၊ သီလ-နဲ့ ဆွေမျိုးအရင်းတော်ချင်လွန်းလို့၊ သမာဓိနဲ့ ဆွေမျိုးအရင်း တော်ချင်လွန်းလို့၊ ပညာ-နဲ့ ဆွေမျိုးအရင်းတော်ချင်လွန်းလို့ ဆွေမျိုးတော်ချင်တယ်ဆိုလျှင် ဆွေမျိုးအလုပ်သည်ကိုယ့်အလုပ်ဘဲလို့ သီလအလုပ်ဟာ ဒို့အလုပ်ဘဲ၊သမာဓိအလုပ်ဟာဒို့အလုပ်ဘဲ၊ပညာအလုပ်ဟာဒို့အလုပ်ဘဲလို့ ကိုယ့်အလုပ်မှန်းသိကြးပြီ၊ကိုယ့်တာဝန်လဲကိုယ်ထမ်းချင်သည့်အတွက်ကြောင့် ရှင်ပြု ရဟန်းခံပြုကြပါသည်။

ဒါကြောင့် သာသနာတော်နဲ့ စပ်လာပြီဆိုလျှင်လေ၊ ဒို့မနေတော့ဘူး, မနေတော့ဘူး၊ စားစရာ မရှိတာတောင် ဖွဲ့ပြီးတော့ ဒို့လှူတော့မယ်၊ အားပေး တော့မယ်လို့ သာသနာတော်ကို နေလို့ လလို့ ထွန်းကားပြီးတော့ လာရအောင်၊ အားပေးတဲ့ ပုဂ္ဂိုလ်တွေမရှား၊ သာသနာတော်မှာ ကြီးပွားပြီးတော့ လာသည့် အတွက်ကြောင့် တရားတော်တွေကို ကိုယ်တိုင် ပြနိုင်, ဟောနိုင်, ဆုံးမနိုင်, သံသယကို ဖြေရှင်းနိုင်, အယူမှား ဒိဋ္ဌိအကြီးစားကို အလွယ်တကူဖြင့် ချတ်နိုင်,ဖြုတ်နိုင်,ကြသော မြန်မာပြည်တပြည်လောက်သာမက၊ ကမ္ဘာတဝှမ်းလုံး ဗုဒ္ဓဘာသာ တမျိုး လွှမ်းမိုး ပြီးတော့ သွားရ လေအောင်၊ ကမ္ဘာ့ သာသနာပြု အာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ရလွယ် ရောက်လွယ်နိုင်သည့် ကိုယ်ဖြစ်ကြစေ။

ဆရာတော်ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

လက်ချထား၊ လက်ချထား၊ တရားနာတဲ့ အခါမှာတော့ ချမ်းသာသလို ဘယ်ညာတစောင်း ပြောင်းပြီးသကာလ ချမ်းသာသလိုနေကြ။

## ဘုရားရှင်၏ ဉာဏ်တော် ချီးကြူးပုံ။

**အနိလဇဝ သခ်ုဗ္ဗော၊ ယထာကာသော အသခ်ယော။**
**တထေဝ ဉာဏ°ဗုဒ္ဓဿ၊ ကောဒိသ္သာ န ပဿိဒတိ။ ။**

အနိလ ဇဝသခ်ုဗ္ဗော။ လေ အဟုန်တို့ကြောင့် တုန်လှုပ်ခြောက်ခြား ဘယ်အခါမှ ပျက်ပြားခြင်း မရှိထသော။ အာကာသော၊ ရေးခြစ်မထင် ကောင်းကင်ပြင်ကြီးသည်။ အသခ်ယော-ယထာ၊ ဘယ်အခါမှမကုန်ခမ်းနိုင်ဘိသကဲ့သို့။တထေဝ၊ ကောင်းကင်ပြင်ကြီး မကုန်ခမ်းနိုင်သည်နှင့်မခြားအလားတူစွာသာလျှင်။ ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် ကိုယ်တိုင်လည်း သိမြင်ပေ၊ ဝေနေယျကိုလည်း သိမြင်စေတော်မူနိုင်တဲ့ ရုပ်ထူးနာမ်ထူး အစဉ်သက်တော်ထင်ရှား ဒို့ဆရာ မြတ်စွာဘုရားကြီး၏။ ဉာဏ°၊ ရေတွက်လို့ မကုန်နိုင်တဲ့ ဉာဏ်တော်တွေကို။ ဒိသ္သာ၊ ကိုယ့်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်ရ သိရခဲ့သည်ရှိသော်။ ကော၊နတ်နှင့်လူဝယ် အဘယ်ပုဂ္ဂိုလ်သည်။ ဝါ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးမဆို။နပဿိဒတိ၊ မကြည်ညို့၊ မမြတ်နိုး၊ မကိုးကွယ်နိုင်ဘဲ ရှိပါတော့အံ့နည်း။ ပဿိဒတိဧဝ၊ စိတ်ထဲမှာလေ-ဘုရားရှင်ကိုယ်တော်မြတ်ကို ပင့်လိုမျှော့ ရခဲ့ပါလျှင် သွားလေရာရာ အမြဲပင် ကိုးကွယ်ချင်တဲ့ သဘောမျိုးဖြင့် အမြဲပင်သွင်း၍

အသက်ထက်ဆုံးပင် ကြည်ညိုမြတ်နိုး ကိုးကွယ်နိုင်ကြတော့သည် သာလျှင်သတည်း။ ။

သာဓု....သာဓု....သာဓု....။

ဒီနေ့ ပညာစခန်းဖြစ်လေသောကြောင့် ပညာနဲ့ဆိုင်ရာဘုရား ရှင် ကိုယ်တော်မြတ်ကို ချီးမွမ်းပုံတဲ့၊ ဘုရားရှင်ကိုယ်တော်မြတ် ဉာဏ်တော်တွေကတော့ တပုံကြီးဘဲ၊ ဉာဏ်တော် ဘယ်လောက် ရှိသလဲမေးလျှင် ဉာဏ်တော်နဲ့ သိစရာဖြစ်တဲ့ ဉေယျမံ တရားနဲ့ နှစ်ပုံ-ပုံထားရတယ်။

သိစရာဖြစ်တဲ့ တရားတွေကို ဉေယျမံ တရားလို့ ခေါ်တယ်၊ ဉေယျမံ တရားက တပုံ-ပုံ၊ သိတတ်သော ဉာဏ်တော်က တပုံ-ပုံတဲ့ အဲဒီ နှစ်ပုံဟာ အတူတူဘဲ၊ သိစရာရှိသလောက် သိတတ်သော ဉာဏ်တော်က ရှိပါသည်။

သိစရာ ဉေယျမံ တရားသည် ကုဋေတသိန်း ရှိမယ်ဆိုလျှင်, သိတတ်သော ဉာဏ်တော်ဟာလဲ ကုဋေတသိန်းပါဘဲ၊ သိစရာ ဖြစ်တဲ့ ဉေယျမံ တရားသည် အသင်္ချေ အနန္တ ရှိမယ်ဆိုလျှင်, သိတတ်သော ဉာဏ်တော်တွေကတော့ အသင်္ချေ အနန္တပါဘဲ၊ ဉေယျမံ တရားကပိုတယ်၊ ဉာဏ်တော်က လိုတယ်၊ ဉာဏ်တော်က ပိုတယ်၊ ဉေယျမံ တရားက လိုတယ် ဒီလိုမရှိရဘူး။

**ယာဝတကံနေယျံ၊ တာဝတကံဉာဏံ။**

**ယာဝတကံဉာဏံ၊ တာဝတကံနေယျံ။**

**နေယျပရိယန္တိကံဉာဏံ၊ ဉာဏပရိယန္တိကံနေယျံ။**

(ပဋိသမ္ဘိဒါမဂ်-ပါဠိတော်) ဟောတော်မူပါသည်၊ အင်မတန် ဉာဏ်တော်ကြီးပါတယ်၊ မသိတဲ့ ဉာဏ်တော် ရယ်လို့ လဲ

မရှိပါဘူး၊ ဒါကြောင့် ဒီနေ့ အင်မတန် ဉာဏ်တော်တွေ အနန္တနဲ့ ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကိုယ့်ကိုယ် တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် တကယ်တန်း မြင်လျှင်, သိခဲ့ပါလျှင်, ဘုရားရှင်ကိုယ်တော်မြတ်ကို လူထဲကလဲ မကြည်ညိုတာ မရှိတော့ ပါဘူး, နတ်ထဲကလဲ မကြည်ညိုတာ မရှိတော့ပါဘူး, ဗြဟ္မာထဲ ကလဲ မကြည်ညိုတာ မရှိတော့ပါဘူး။

အားလုံးသော လူ, နတ်, ဗြဟ္မာ, သတ္တဝါ, အပေါင်းတို့ ဟာဖြင့် ကြည်ညိုရုံမကတော့ပါဘူး၊ ဘုရားများလေ ပင့်လို့, ကိုးကွယ်လို့, ရခဲ့ပါလျှင် အမြဲပင် စိတ်အစဉ်, နာမ်အစဉ်, မှာ သွင်း၍ ကိုးကွယ် ဆည်းကပ် အမြဲတန်း ကြည်ညို နှစ်သက် တော့သည်သာလျှင်ကတည်း။ ။

သာဓု - သာဓု - သာဓု

မနေ့က လက်စ ဆက်ကြစို့၊ ဆရာတော်များ တရားဟာ အမျှင်တန်းနေတယ်နော်၊ တနေ့တည်း နာရုံနဲ့ မဆက်မိတတ်ဘူး၊ နေ့တိုင်း နေ့တိုင်း နာ-နာ-သွားမှ ဆက်မိတယ် ခေါ်တယ်။

"ကာယကံ-ဝစီကံ အသစ်ကို သီလနဲ့ရှောင်" ဟောခဲ့ပြီးပြီ၊ "မနောကံ အသစ်ကို သမထနဲ့ဖိ" မနေ့က ဟောခဲ့ပြီးပြီ၊ "နာမ် ရုပ်အမှားကို ဝိပဿနာနဲ့ဖြုတ်" ကနေ့ ဟောရတော့မယ်။

နာမ်, ရုပ်မှားပုံ, ဝိပဿနာ ကောက်ပုံ, ဖြုတ်ပုံ, သုံး ပိုင်း သုံးကဏ္ဍထား၍၊ ကရုဏာသန့်သန့်ထား မေတ္တာများများ ဖြင့် ဟောကြားပေအံ့၊ ဟောအပ်သောတရားကို နားကကြား, ရင်က

ခွဲခြမ်းစိတ်ဖြာပြီးသကာလ ကြားသိနဲ့ ပြည့်စုံအောင် တရားတော်နာကြ....။

**နာမ်ရုပ်မှားပုံ။**

နာမ်ရုပ်အမှားတွဲ ရှေ့ဦးစွာ အကြမ်းဖျင်းကလေး နာမ်နဲ့ ရုပ်နဲ့ ကွဲထားရတယ်, ကွဲထားရတယ်။

ပေါ်ဒါက ရုပ်....နော်။

လိုက်သိတာက နာမ်....နော်။

မှတ်မိပလား?

။ မှတ်မိပါပြီ ဘုရား။ ။

ရုပ်(၂၈)ပါးတွေ, ဘာတွေ လုပ်မနေနဲ့ အုံး၊ အကျဉ်းချုပ်ကလေး, အကျဉ်းချုပ်ကလေး, ရုပ်ရှင်စနစ်လို ကိုယ်ထဲမှာ မျိုးစုံ ပေါ်ဒါ....ရုပ်။

ဘာခေါ်?

။ ရုပ်ခေါ်ပါတယ် ဘုရား။ ။

ပေါ်တိုင်း လိုက်သိတာ ဘာခေါ်?

။ နာမ်ခေါ်ပါတယ် ဘုရား။ ။

နာမ်ခေါ်တယ်,ရုပ်နဲ့, နာမ်နဲ့, ရှေးဦးစွာ သိထားကြ၊တိုတို ကလေးဆိုလျှင်, ပေါ်ဒါရုပ်, သိတာနာမ်, ရှင်းရှင်းလေး ဆရာတော်တို့ လုပ်ငန်းစနစ်နဲ့ ပြောလျှင် "ကိုယ်တွေ့ဉာဏ်မြင်" ကို ပင်တိုင်အလုပ် ပဓါနထား၍ ပြသောကြောင့် ကိုယ်တွေ့ဆိုလျှင် ငါးမျိုး....နော်။

ပူဒါ-အေးဒါ-လှုပ်ထာ-ဆင်းရဲဒါ- ချမ်းသာဒါ- ငါးမျိုးနော်၊ ငါးမျိုးဆိုတော့ အသိကလေးနဲ့တွဲလျှင် ငါးစုံ ငါးတွဲဘဲ။

ပူလျှင်သိ, ပူသိ, တစုံ။

အေးလျှင်သိ, အေးသိ, တစုံ။

လှုပ်လျှင်သိ, လှုပ်သိ, တစုံ။

ဆင်းရဲလျှင်သိ, ဆင်းရဲသိ, တစုံ။

ချမ်းသာလျှင်သိ, ချမ်းသာသိ, တစုံ။

ငါးစုံ-ငါးတွဲလေးဘဲ၊ ယောဂီတို့ ရှုမှတ်တဲ့ နေရာမှာ အသိလေးသည် ငါးခုသာ သိရမယ်၊ ပူဒါသိခြင်း, အေးဒါသိခြင်း, လှုပ်ထာသိခြင်း, ဆင်းရဲဒါသိခြင်း, ချမ်းသာဒါသိခြင်း, ဒီ ငါးမျိုးဘဲ - ငါးမျိုးမှတပါး၊ သည့်ပြင် သိသိနေမယ်ဆိုလျှင် "ကိုယ်တွေ့ ဉာဏ်မြင်" လုပ်ငန်းစဉ်စနစ်မှာ မှားတယ်နော်၊ ဒါကြောင့် ဒီငါးမျိုးလေး ဒီနေရာမှာ အသားတင် မှတ်ပါတော့။

ပူသိကလေးတခုရှင်းလျှင် အေးသိ-လှုပ်သိ-ဆင်းရဲသိ-ချမ်းသာသိ အကုန်လုံး ရှင်းပြီးသွားဘဲ။

ပူဒါက, မျိုးစုံပေါ်သောကြောင့် ရုပ်ခေါ်တယ်၊ သိဒါက, လဲဘဲ အပူကလေး ပေါ်တိုင်း ပေါ်တိုင်း လိုက်သိသောကြောင့် နာမ်ခေါ်တယ်၊ ဒါကြောင့် ပူသိရှင်းလျှင် ရုပ် နာမ် ရှင်း ပြီးသွားဘဲ။

ဟုတ်ကျရဲ့လား?

။ ဟုတ်ပါတယ် ဘုရား။ ။

**ပုသိမှန်ပုံ။**

အဲဒီ ပုသိ မှန်ပုံ ပြောမယ်, မှန်ဒါ ပြောပြီးမှ မှားတာပြော မယ်နော်၊ ပုသိမှန်ပုံကလေး ပုလျှင်-ပုဒါ, သိလျှင်, သိတာ ဆို လျှင် မှားသလား, မှန်သလား?

။ မှန်ပါတယ် ဘုရား။ ။

သမ္မာဒိဋ္ဌိပေါ့၊ တိုတိုဆိုလျှင် ပုသိကို ပုသိလို့ ယူလျှင်မှန်၏၊ ပုဒါ, ရုပ်, သိဒါ, နာမ်, လို့ ယူလျှင်လဲ စာလို မှန်၏၊ သမ္မာ ဒိဋ္ဌိ ဆိုလျှင် မနေ့က အပါယ်ပြစ်ချနိုင်တဲ့ တရားခံနှစ်ဦးကို ပြန် ကောက်ထားလိုက်, တစ်တရားခံဒိဋ္ဌိ, နှစ်တရားခံ အကုသိုလ်ကံ, သုံးအပါယ်, ဒါလေး မမေ့ရဘူး။

ပုသိမှန်လျှင် သမ္မာဒိဋ္ဌိ, သမ္မာဒိဋ္ဌိ ဆိုလျှင် တစ် တ ရား ခံ မိစ္ဆာဒိဋ္ဌိ, မပျောက်ဘူးလား?

။ ပျောက်ပါတယ် ဘုရား။ ။

သမ္မာဒိဋ္ဌိ ရောက်လျှင် မိစ္ဆာဒိဋ္ဌိ ပျောက်ထာဘဲ, အမြင်မှန် လျှင် အမြင်မှားတာ ပျောက်မသွားဘူးလား?

။ ပျောက်သွားပါတယ် ဘုရား။ ။

တစ်တရားခံ ဒိဋ္ဌိ ပျောက်လျှင် နှစ် တ ရား ခံ အ ကု သိုလ် ကံဟောင်း, ကြွေးဟောင်းလဲစင်, ကံသစ်-ကြွေးသစ်လဲ မဝင်တော့ ဘူး, မဝင်လျှင် သုံးနံပါတ်, အပါယ်ကျအုံးမလား?

။ မကျတော့ပါ ဘုရား။ ။

အပါယ်ကျ လွတ်သွားပြန်...., အင်း.... အပါယ်ကျ မလွတ်ဘူးလား?

။ လွတ်ပါတယ် ဘုရား။ ။

ကျအုံးမလား ?

။ မကျပါဘူး ဘုရား။ ။

အပါယ်ကျ လွတ်သွားပြီး၊ ဒါဖြင့်မှန်လို့ရှိလျှင် ဝိပဿနာနဲ့ ဖြုတ်ဘို့ လိုသေးသလား ?

။ မလိုပါဘူး ဘုရား။ ။

မှန်တဲ့တရားတော့ ဖြုတ်ဘို့မလိုပါဘူး၊ပူသိ မှန်လျှင်,ရုပ်နာမ်မှန်ပြီ, ရုပ်နာမ်မှန်လျှင်ကော အပါယ်ကျ လွတ်မလား, မလွတ်ဘူးလား?

။ လွတ်ပါတယ် ဘုရား။ ။

လွတ်ရင် ဝိပဿနာနဲ့ ဖြုတ်ဘို့ လိုသေးသလား?

။ မလိုပါဘူး ဘုရား။ ။

မလိုတော့ဘူး, ပူသိမှန်သလို,အေးသိလဲ မှန်အောင်ယူရမယ်။ အေးသိကို အေးသိလို့ ယူလျှင် မှန်လား, မှားလား ?

။ မှန်ပါတယ် ဘုရား။ ။

သမ္မာဒိဋ္ဌိဘဲ၊လှုပ်သိကို,လှုပ်သိလို့ ယူလျှင် မှန်လား,မှားလား?

။ မှန်ပါတယ် ဘုရား။ ။

သမ္မာဒိဋ္ဌိဘဲ၊ ဆင်းရဲသိကို ဆင်းရဲသိလို့ ယူလျှင် ဒါလဲသမ္မာဒိဋ္ဌိဘဲ၊ ဆင်းရဲဒါ ဒုက္ခဝေဒနာ, သိတာ နာမ်တရား, စာလို ဒီလို

ယူလျှင်လဲ မှန် ပါတယ် သမ္မာဒိဋ္ဌိဘဲ၊ ချမ်းသာတာ သု ခ ဝေဒနာ, သိတာနာမ်တရား, ဒီလိုယူလျှင်ကော မှန်ဒါဘဲ၊ စာသံ ပေသံပါမှ မှန်တယ်လို့ မထင်နဲ့နော်၊ ဆင်းရဲသိကို ဆင်းရဲ သိလို့ ယူလျှင် မှန်တာဘဲ, ချမ်းသာသိကို ချမ်း သာ သိ လို့ ယူလျှင်လဲ မှန်တာဘဲ, မှန်လျှင် သမ္မာဒိဋ္ဌိ - သမ္မာဒိဋ္ဌိ ဆိုလျှင် အပါယ်မကျတော့ဘူး၊ မကျလျှင် ဝိပဿာနဲ့သတ်ဘို့, မဂ်နဲ့ သတ်ဘို့, လိုသေးသလား?

॥ မလိုတော့ပါဘူး ဘုရား॥ ॥

မှန်တဲ့ တရားကတော့ အပါယ်လဲ မကျနိုင်ဘူး, မကျတဲ့ အပြင်မဂ်ဝင်, ဖိုလ်ဝင်, ဖြစ်ပါလိမ့်မယ်ဆိုတာ ယုံကြည်နော် ?

॥ ယုံပါတယ် ဘုရား॥ ॥

**ပုသိမှားပုံ။**

ဒါဖြင့် ပုသိမှန်ပုံ သိသွားပြီး, နာမ်ရုပ်မှန်ပုံ သိသွားပြီ၊ ပုသိ ခလေးမှားပုံ, ရုပ်နာမ်မှားပုံ, ပြောမယ်နော်....။

ပုသိကို ငါလို့ယူလျှင် မှန်သလား, မှားသလား?

॥ မှားပါတယ် ဘုရား॥ ॥

အတ္တဒိဋ္ဌိအမှား ရှေ့တိုးထားနော်....(၁)

ပုသိကို အသားအရေ အကြောလို့ ယူလျှင် မှန် လား, မှားလား?

॥ မှားပါတယ်ဘုရား॥ ॥

ကောဋ္ဌာသဒိဋ္ဌိ အမှားနော်....(၂)

ပုသိကို ခေါင်း-ကိုယ်-ခြေ-လက်စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းလို့ ယူလျှင် မှန်လား, မှားလား ?

॥ မှားပါတယ် ဘုရား॥ ॥

သမူဟ သဏ္ဌာန ပညတ် ဒိဋ္ဌိတွဲ....(၃)

ပုသိကို ယောကျ်ား - မိန်းမ လူနတ်ဗြဟ္မာ အသက်လိပ်ပြာ အကောင်သတ္တဝါလို့ယူလျှင် မှားလား, မှန်လား?

॥ မှားပါတယ် ဘုရား॥ ॥

ဇာတိသဏ္ဌာန ဒိဋ္ဌိ ခေါ်တယ်....(၄)

အားလုံး ဒိဋ္ဌိ အမှားသည် အကျဉ်းချုပ် ကောက်လိုက်မယ်ဆိုလျှင် လေးမျိုးရှိပါသည်။

တစ်တရားခံ မိစ္ဆာဒိဋ္ဌိ ဟာ လေးမျိုးထဲရှိတယ့်မမှားစေနဲ့ ကဲ....အ့ဝိဇ္ဇာဏက ဘက်က ဖြန့်လိုက်အုံးမယ်။ ပုသိ့ကို ဝတ်တဲ့ အဝတ်လို့ ယူလျှင်လဲ မှား၏၊ ပုသိ့ကို စားနေသော အစား, အသောက်လို့ ယူလျှင်လဲ မှား၏၊ ပု - သိ့ကို မိမိတို့ နေထိုင်စရာ ဖြစ်တဲ့ အိမ်တွေ, ကျောင်းတွေ, ကုတင်, ကုလားထိုင်, စသော အသုံးအဆောင်လို့ ယူလျှင် မှား၏၊ ပုသိ့ ကလေးကို မိမိတို့ တန်ဆာဆင်ထားတဲ့ ပုတီးလက်ကောက်, ဒွါရယာ, တန်ဆာ, ဆင်စရာလို့ ယူလျှင်လဲ မှား၏။

သဘောကျ ပလား?

॥ ကျပါတယ် ဘုရား॥ ॥

အကုန်လုံး ချုံးလိုက်ရတယ်၊ ပုသိမှားမယ်ဆိုလျှင် ရုပ်နာမ် မှားပြီးသွားဘဲ, မှားလျှင် မိစ္ဆာဒိဋ္ဌိ မဖြစ်ဘူးလား ?

။. ဖြစ်ပါတယ်ဘုရား။ ။

**ဒိဋ္ဌိ ရှိလျှင် အပါယ်ခွင်အကျိုးပေ။**

မိစ္ဆာဒိဋ္ဌိ ဆိုတော့ တစ်တရားခံထဲ သွားပြန်ရော၊ တစ်တရားခံထဲသွားမယ်ဆိုလျှင် နှစ်တရားခံ အကုသိုလ်ကံဟောင်းလဲ တင်မြဲမတင်ဘူးလား?

။ တင်ပါတယ် ဘုရား။ ။

ကံသစ်, ကြွေးသစ်ကော ဝင်မြဲ - မဝင်ဘူးလား?

။ ဝင်ပါတယ် ဘုရား။ ။

ဝင်တော့ သုံးနံပါတ် အပါယ်ကျ လွတ်မလွတ် ?

။ မလွတ်ပါ ဘုရား။ ။

တယ် ကြောက်စရာကောင်း, ကြောက်စရာ ကောင်းတယ်၊ ပုသိ တော့ မကြောက်ရပါဘူး, ရုပ်နာမ် တော့ မကြောက်ရပါဘူး, ရုပ်နာမ် က ပုသိ က ပရမတ် လို တကယ် ရှိသောကြောင့်, သူက အပါယ် မကျနိုင်ပါဘူး။

ငါ လို့ ယူတဲ့ အမှားလေး ခေါ်တယ်၊ ငါကလဲ အပါယ် မချနိုင်ဘူး၊ ယူတဲ့ အမှားကလေး, အဲဒီ အမှားကလေး ဟာ တကယ် ရှိတယ်နော်...., အကုသိုလ် စေတသိက် တဆယ့်လေး လုံးထဲမှာ ဒိဋ္ဌိ မပါဘူးလား?

။ ပါ...ပါတယ် ဘုရား။ ။

အဲဒီ ဒိဋ္ဌိဟာ တကယ် မရှိဘူးလား ?

။ ရှိပါတယ် ဘုရား။ ။

အဲဒီ ဒိဋ္ဌိကို သတ်ရမယ်၊ ရုပ်နာမ်ကိုလဲ သတ်ဘို့ မလို၊ ငါ - ငါ ဆိုဒါလဲ သတ်ဘို့မလို၊ အသားအရေ, အကြော, စသော ကောဋ္ဌာသ, ခေါင်း-ကိုယ်-ခြေ-လက် စသော ကိုယ်အင်္ဂါအစိတ်အပိုင်း၊ ယောကျာ်း, မိန်းမ, လူနတ်ဗြဟ္မာ အသက်လိပ်ပြာ အကောင်သတ္တဝါ စသည်, ဒါတွေက ပညတ် ခေါ်တယ်၊ ပညတ်ဆိုတော့ မရှိတာ အခုမှ မရှိသည် မဟုတ်၊ အစကထဲက မရှိတာ မရှိတဲ့ ပညတ်တရားသည် အပါယ်လဲ မချနိုင်ဘူး၊ ဒါဖြင့် ဘယ်သူသတ်ရမလဲလို့ မေးလျှင်, ဒိဋ္ဌိအမှားကလေး သတ်ရမယ်။

ဒါကြောင့် "နာမ်ရုပ်အမှားကို ဝိပဿနာနဲ့ ဖြုတ်"ဟော, နာမ်ရုပ်ကို ဖြုတ်ရမှာလား မေးလျှင်, မဟုတ်ပါဘူး၊ ခုန....ငါ စသည်ကို ဖြုတ်ရမှာလား မေးလျှင်, မဟုတ်ပါဘူး, ဘယ်သူ့ ဖြုတ်မလဲ?

။ အမှား ဖြုတ်ရပါမယ် ဘုရား။ ။

အမှားကလေး, အမှားကလေး နော်...., အမှား ကလေး ဖြုတ်ရမယ်၊ ဒိဋ္ဌိကို မိစ္ဆာဒိဋ္ဌိ ကြည့်ပြီးတော့ ဗမာ ပြန်ရတယ်၊ အမြင်မှား, အသိမှား, အယူ မှားလို့ သုံးခု ဗမာ ပြန် လိုက်တယ်၊ အဲဒီ သုံးခုမှာ ကျဉ်းသည်ထက်ကျဉ်း,ရှင်းရှင်း သည်ထက်ရှင်းအောင် အမှားလို့ ဗမာပြန်နော်....၊ အဲဒီ အမှား ကလေး

ဟာ ရင်တွင် နာမ်အစဉ်မှာ တကယ်ရှိ-မရှိ, ရှိတယ် ခေါ်တယ်၊ အဲဒီ အမှားကလေးကို ဖြုတ်ရမယ်, ဖြုတ်ရမယ် ခေါ်တယ်။

သဘောကျ ပလား?

။ ကျပါပြီ ဘုရား။ ။

ပုသိ မှားသလို အေးသိ မှားပုံ, လှုပ်သိမှားပုံ, ဆင်းရဲသိ မှားပုံ, ချမ်းသာသိ မှားပုံနှော်...., ချမ်းသာ သိလေး မှားပုံ, ပြောအုံးမယ်၊ ချမ်းသာသိကို ငါ-လို့ ယူလျှင်, မှားလား...., မှန်လား?

။ မှားပါတယ် ဘုရား။ ။

အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ အမှားဘဲ, ချမ်းသာသိကို အသား အရေ, အကြော စသော ကောဋ္ဌာသ လို့ ယူလျှင် မှား ၏၊ ကောဋ္ဌာသဒိဋ္ဌိ အမှား, ချမ်းသာ သိကို ခေါင်း-ကိုယ်-ခြေ-လက်, စသည် ယူလျှင်, ဒါကော မှားလား, မှန်လား?

။ မှားပါတယ် ဘုရား။ ။

ဒါက သမူဟသညာန ပညတ်ဒိဋ္ဌိ ခေါ်တယ်။ ချမ်း သာ သိကို ယောကျ်ား, မိန်းမ, လူနတ်ပြဟ္မာ, အသက် လိပ်ပြာ, အကောင်သတ္တဝါလို့ ယူလျှင်, ဒါကော မှားလား - မှန်လား?

။ မှားပါတယ် ဘုရား။ ။

ဇာတိသညာန ပညတ်ဒိဋ္ဌိ ခေါ်တယ်။ ချမ်းသာသိကို အဝတ် လို့ ယူလျှင်, စားစရာလို့ ယူလျှင်, နေထိုင် စရာ, တန် ဆာ ဆင်စရာလို့ ယူလျှင်, ဒါလဲ အမှားတွေကြီးဘဲ, မှား လျှင်...., ဒီအတိုင်း ထားမလား။

ဘယ့်နှယ်လုပ်ရမလဲ?

॥ ဖြုတ်ရပါတယ် ဘုရား॥ ॥

ဖြုတ်ရမယ်လေ, ဖြုတ်ရမယ်၊ ဘာဖြစ်လို့ ဖြုတ်ရ မလဲ.... မေးလျှင်, အပါယ်ကျမယ်၊ ဒိဋ္ဌိ အမှားကလေးက အပါယ် ပြစ်ချမယ်၊ တစ်တရားခံ, ဒိဋ္ဌိ ရှိမယ်ဆိုလျှင်, နှစ်တရားခံ, အကုသိုလ် ကံဟောင်း - ကြွေးဟောင်း မတင်ဘူးလား ?

॥ တင်ပါတယ် ဘုရား॥ ॥

ကံသစ်, ကြွေးသစ် ကော မဝင်ဘူးလား?

॥ ဝင်ပါတယ် ဘုရား॥ ॥

ဝင်မယ်ဆိုလျှင် သုံးနံပါတ် အပါယ်ကျ မလွတ်ဘူးနော်...., အပါယ်-ပြစ်, ပြစ်ချနေတာက တခြား မဟုတ်ဘူး၊ ဟောဒီ.... ဒိဋ္ဌိဘဲ, ဒီ- ဒိဋ္ဌိ အမှားကလေးရှိလို့ ကြွေးတွေ တင်တာ ကြွေးဟောင်းလဲအနန္တ, ကြွေးသစ်လဲ အနန္တ, ဆိုတာ ဘယ် သူ....ရှိလို့လဲ?

॥ ဒိဋ္ဌိ ရှိလို့ပါ ဘုရား॥ ॥

ဒါမှ မဟုတ်, ဒီ- ဒိဋ္ဌိရှိသောကြောင့် ကြွေးတင် နေလျှင်, အပါယ်မကျဘူးလား?

॥ ကျပါမယ် ဘုရား॥ ॥

ကံတခု, အပါယ်ပဋိသန္ဓေတခုချ, ကံတခု, အပါယ်ပဋိသန္ဓေ တခုချ,ဆိုတော့ ကံတွေကလဲ အနန္တ, ကံဟောင်းတွေ, အဲ ဒီ

ကံဟောင်း အနန္တ ကို ကြေအောင် အပါယ်ကျရမယ် ဆိုလျှင် ကုန်နိုင်ပါ့မလား?

॥ မကုန်နိုင်ပါဘူး ဘုရား॥ ॥

တခါ ကံသစ် ကလဲ အနန္တ ဝင်ပြန်တယ်၊ အဲဒီ ကံသစ် အတွက်နဲ့ကကော အပါယ်ကျ လွတ်နိုင်ပမလား?

॥ မလွတ်နိုင်ပါ ဘုရား॥ ॥

အဲ ဒါကြောင့်မို့ သည် ကံ ကလေးတွေ အပါယ်ကျ, ကျပြီး တော့ ခံပြီး, ကြွေးဆပ်ရမယ်ဆိုလျှင် ဘယ်နည်းနဲ့မှ အပါယ် ကျမလွတ်နိုင်ဘူး၊ ဒါကြောင့် အပါယ် လွတ် သွားအောင် ဝိပဿနာနဲ့ ဖြုတ်ရမယ်။

သဘောကျပလား?

॥ ကျပါတယ် ဘုရား॥ ॥

## နာမ်ရုပ်မှား ဝိပဿနာနဲ့ ဖြုတ်ပုံ။

နာမ်ရုပ်အမှားကို ဝိပဿနာနဲ့ဖြုတ်, ကဲ....ဝိပဿနာ ဟော ကြစို့၊ သူ့ဟာသူ အဆင့်ဆင့် တက်လာ ရတယ်၊ ဒီမှာ နဲနဲ လေးပြောအုံးမယ်၊ ဝိပဿနာ မှ တစ်တရားခံဒိဋ္ဌိ သတ်နိုင်တယ်, ဗိုလ်ကြီးကို သူ ဖမ်းနိုင်တယ်, ဗိုလ်ကြီးကို သူ သတ်နိုင်တယ်, သတ်နိုင်, ဖမ်းနိုင်,သောကြောင့် အပါယ်ကျ လွတ်တယ် ခေါ် တယ်....။

သီလသည် ဗိုလ်ကြီးကို ဖမ်းနိုင်ရဲ့လား?

॥ မဖမ်းနိုင်ပါ ဘုရား॥ ॥

သမထသည် ဗိုလ်ကြီးကို ဖမ်းနိုင်ရဲ့လား?

॥ မဖမ်းနိုင်ပါ ဘုရား॥ ॥

ဒါနကော ဗိုလ်ကြီးကို ဖမ်းနိုင်ရဲ့လား?

॥ မဖမ်းနိုင်ပါ ဘုရား॥ ॥

ဗိုလ်ငယ် နောက်လိုက်ငယ်သားတောင် အကုန်မဖမ်းနိုင်ဘူး၊ အဲဒါလေးမှတ်ထားကြ၊ ဒါဖြင့် ဒါနသက်သက်, သီလသက်သက်, သမထသက်သက် အပါယ်ကျ မလွတ်ဘူး,သဘောကျ ပလား?

॥ ကျပါပြီ ဘုရား॥ ॥

အပါယ်ကျ မလွတ်ဘူး၊ ဘာဖြစ်လို့လဲ မေးလျှင်, တစ်တရားခံဒိဋ္ဌိ ကို မသတ်နိုင်လို့တဲ့ နော်၊ ကဲ....ဒါဖြင့် တစ်တရားခံဒိဋ္ဌိကို သတ်ထာ....ဘယ်သူလဲ။

တစ်တရားခံ ဒိဋ္ဌိ ကို သတ်ထာ ဘယ်သူလဲ?

॥ ဝိပဿနာပါ ဘုရား॥ ॥

ဝိပဿနာလေ, သူ့ဟာသူ တန်းထားပြီးသားဘဲ၊ နာမ်,ရုပ်, အမှားကို ဝိပဿနာနဲ့ဖြုတ်၊ အမှား ဆိုတာနဲ့, ဒိဋ္ဌိဆိုတာနဲ့ အတူတူဘဲ၊ ဒိဋ္ဌိ ဆိုလျှင် တစ်တရားခံ မဟုတ်ဘူးလား၊ အဲဒီ.... တစ်တရားခံဆိုလျှင်, ဝိပဿနာနဲ့ ဖြုတ်ရမယ်၊ ဒါကြောင့် ဝိပဿနာပါမှ အပါယ်ကျ လုံးဝ လွတ်မှာဘဲ။

အပါယ်ကျချင်သလား, အားလုံး အပါယ်ကျချင်သလား?

॥ မကျချင်ပါဘူး ဘုရား॥ ॥

တခါတလေ မကျချင်သလား, အမြဲမကျချင်သလား ?

။ အမြဲမကျချင်ပါဘူး ဘုရား။ ။

ဘယ်တော့မှ အပါယ်မကျချင်လျှင် ဘာလုပ်?

။ ဝိပဿနာ အားထုတ်ရပါမယ် ဘုရား။ ။

အဲ....ဝိပဿနာ အားထုတ်ရမယ်၊ အပါယ်လဲ မကျချင်ဘူး,, ဝိပဿနာလဲ အားမထုတ်ဘူးဆိုလျှင် လွတ်ပါ့မလား?

။ မလွတ်နိုင်ပါ ဘုရား။ ။

မလွတ်ဘူးနော်၊ ဒါနပြု သိပ်ဆုတောင်း, သီလပြု သိပ်ဆုတောင်း, သမထပြု သိပ်ဆုတောင်း, မလွတ်ဘူး, ဆုတောင်းရုံနဲ့ မလွတ်ဘူး၊ ဝိပဿနာ ပါကိုပါမှ လွတ်မယ်, ဟုတ်ကျရဲ့ လား?

။ ဟုတ်ပါတယ် ဘုရား။ ။

တိရစ္ဆာန် ဘယ်သူမှ မဖြစ်ချင်ဘူး၊ ခွေးလဲ ဘယ်သူမှ မဖြစ်ချင်ဘူး, မစင်လဲ မစားချင်ဘူး, ငှင်းဒ လဲ မဖြစ်ချင်ဘူး, ခွေးသေကောင်ပုတ်လဲ မစားချင်ဘူး, အိမ်သာထဲမှာရှိတဲ့ ပိုးလောက်ကလေးတွေလဲ ဘယ်သူမှ မဖြစ်ချင်ဘူး, မစင်လဲ မစား ချင်ဘူး, သို့သော် ဝိပဿနာ အားမထုတ်သေးလျှင် နကိုယ်က စားမြဲတိုင်း စားရမှာဘဲ, မဟုတ်ဘူးလား?

။ ဟုတ်ပါတယ် ဘုရား။ ။

လွတ်အောင် ဘယ်နည်းနဲ့ ရှန်းမလဲ ?

။ ဝိပဿနာနဲ့ ရှန်းရပါမယ် ဘုရား။ ။

လွှတ်အောင် ဝိပဿနာ မပါလျှင်, ရှုန်းလို့ကို မရဘူး.... ဟုတ်ဘူးလား?

॥ ဟုတ်ပါတယ် ဘုရား॥ ॥

ရှုန်းလို့ကို မရဘူး၊ ဒါကြောင့် ဝိပဿနာဟာ အင်မတန်မှ လဲဘဲ, ကောင်းတယ်လို့ ဆိုတာ အကြောင်းနဲ့, အကျိုးနဲ့, သူ့ဟာသူ ယှဉ်ထားကြနော်၊ ခုန တစ်တရားခံဒိဋ္ဌိ, နှစ်တရားခံ အကုသိုလ်ကံ, သုံးအပါယ်, ဒါကလေး မလွှတ်နဲ့ ခေါ်တယ်။

**အပါယဂါမိက ကမ္မာနိနာမ သက္ကာယဒိဋ္ဌိယာ သတိယော၊ ဝိပ္ပစ္စန္တိ နော အသတိယာ။** ॥ဆိုတဲ့ ဋီကာကြီးတို့နှင့် အညီ ပါဘဲ။

အပါယဂါမိက ကမ္မာနိနာမ။အပါယ်ပြစ်ချနိုင်တဲ့ ကမ္မပထ မြောက်သော အကုသိုလ်ကံတို မည်ကုန်သည်၊ အဲဒါ နှစ်တရား- ခံ ခေါ်တယ်။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယ ဒိဋ္ဌိ သည်၊ ဝါ- သက္ကာယ, ဆိုတာ နာမ်ရုပ်၊ ဒိဋ္ဌိ, ဆိုတာ အမှား ခေါ်တယ်၊ နာမ်ရုပ်အမှားသည်။သတိယော၊ရှိသော်သာလျှင်, ရှိမှသာလျှင်။ သက္ကာယဒိဋ္ဌိ ဆိုတာ တစ်တရားခံနော်၊ သက္ကာယဒိဋ္ဌိယာ၊ တစ် တရားခံဆိုတဲ့ သက္ကာယဒိဋ္ဌိ သည်၊ ဝါ၊ နာမ်ရုပ် အမှားသည်။ သတိယော၊ ရှိသော်သာလျှင် ရှိမှသာလျှင်။ ဝိပ္ပစ္စန္တိ၊ အပါယ် ကျ၏ အဖြစ်ဖြင့် အကျိုးပေးနိုင်ကြကုန်၏။ အသတိယာ၊တစ်တ ရားခံဆိုတဲ့ သက္ကာယဒိဋ္ဌိ မရှိခဲ့သော်။ နောဝိပ္ပစ္စန္တိ၊ အပါယ်ကျ ၏ အဖြစ်ဖြင့်, ဘယ်အခါမှ အကျိုး မပေး နိုင်ကြ ကုန်တော့ သည် သာလျှင်ကတည်း။ ॥

သာဓု....သာဓု....သာဓု။

ဒါကြောင့် တစ်တရားခံဒိဋ္ဌိ ကို အကြောက်ဆုံးထားရတယ် နော်၊ နှစ်တရားခံ အကုသိုလ်ကံသည် ဒါလောက် မကြောက်ရ ပါဘူး၊ ဘာဖြစ်လို့လဲ မေးမယ်ဆိုလျှင်, နှစ်တရားခံ ဖြစ်တဲ့ အကုသိုလ်ကံတို့သည် အကျိုးတရား ခေါ်တယ်၊ တစ်တရားခံ ဒိဋ္ဌိက အကြောင်းတရား, ဒိဋ္ဌိရှိလို့ အပါယ်, ပစ်ချနိုင်တဲ့ အ ကုသိုလ်ကံတွေ ရှိတာ, ဒိဋ္ဌိ မရှိလျှင်, အပါယ်ပစ်ချနိုင်တဲ့ အကု သိုလ်ကံတွေ မရှိပါ၊ ဒိဋ္ဌိ ရှိတဲ့ ပုဂ္ဂိုလ်ဟာ ပုထုဇဉ်, ပု ထု ဇဉ် သာလျှင်, အပါယ်ပစ်ချနိုင်တဲ့ ကံတွေ ရှိပါသည်၊ ဒိဋ္ဌိ မရှိတာ က အရိယာ, သောတာပန် နော်၊ သောတာပန် အရိယာ တို့ သည် ဒိဋ္ဌိ မရှိသောကြောင့်, အပါယ် ပစ်ချနိုင်တဲ့ ကမ္မပထ မြောက်သော ကံတွေ ရှိရဲ့လား?

॥ မရှိပါဘူး ဘုရား॥ ॥

မရှိလျှင် သောတာပန် တို့ အရိယာတို့ အပါယ် ကျသေ သလား?

॥ မကျပါ ဘုရား॥ ॥

လွတ်သွားတယ် ခေါ်တယ်၊ ဒါကြောင့် အပါယ် မကျချင် လျှင်, တစ်တရားခံ ဆိုတဲ့ မိစ္ဆာဒိဋ္ဌိ နာမ်ရုပ်အမှားကို ဝိပဿနာ နဲ့ဖြုတ်၊ ကဲ - ဝိပဿနာ ဟောကြစို့॥

**ဝိပဿနာနှစ်မျိုး॥**

(၁) သင်သိ, ဝိပဿနာ တမျိုး॥

(၂) ကျင့်သိ, ဝိပဿနာ တမျိုး॥

ဘယ်နှစ်မျိုးလဲ?

။ နှစ်မျိုးပါ ဘုရား။ ။

ကနေ့ညတော့ သင်သိ ဝိပဿနာ ဟောရမယ်၊ သင်သိ ဆို တာနည်းနော်၊ နည်းကမလေးရအောင် လုပ်ခေါ်တယ်။

**မိမိခန္ဓာကိုယ် စစ်ပုံ။**

နဲနဲကလေး ဒီနေရာမှာ, မိမိခန္ဓာကိုယ် မိမိစစ်တတ်အောင် ပိုင်းပြမယ်, ပိုင်းပြမယ်၊ မိမိခန္ဓာကိုယ် ကြီးသည် ပညတ်လို ပြောလျှင်လဲဘဲ, အစမရှိဘူး ခေါ်တယ်နော်၊ လူရယ်, နတ်ရယ်, ဗြဟ္မာရယ်, (သုံး)အပါယ် လေးပါးက (လေး) လေးနဲ့ သုံး ပေါင်း(ခုနှစ်)ဝိုင်းရေးထားစမ်း၊ အဲဒီလို ဝိုင်းရေး ထားတော့ အစရှာစမ်း၊ ငါသည် လူကစ ဖြစ်လာသလား, နတ်ကစ ဖြစ် လာသလား, ဗြဟ္မာကစ ဖြစ်လာသလား၊ သို့မဟုတ် တိရစ္ဆာန် ကစ ဖြစ်လာသလား, ပြိတ္တာ ကလား, အသူရကာယ် ကလား, ငရဲကလားလို့ ခုနှစ်ခုဝိုင်းရေးလျှင် အစရှာမတွေ့ဘူး, ပညတ်- သံသရာ ပြောတာ။

မိမိခန္ဓာကိုယ်မှာ တကယ်ဉာဏ်နဲ့မြင်တာက ရုပ်နာမ်,ပေါ်, သိ, ခေါ်တယ်၊ ပေါ်သိစစ်လျှင် ဖြစ်လိုက်, ပျက်လိုက်, ဖြစ်- လိုက်, ပျက်လိုက်, ဖြစ်ပျက်တွေချည်းဘဲ၊ အဲဒီဖြစ်ပျက်တွေကို လျှောက်ပြီးတော့ အစရှာစမ်း ဖြစ်ခြင်း၏ အစပျက်, ပျက် ခြင်း၏ အစ ဖြစ်, ဖြစ်ခြင်း၏အစပျက်လို့, ဖြစ်ပျက်,ဖြစ်ပျက်, ဖြစ်ပျက်တွေ နောက်လိုက်ပြီးတော့ ခေါ်မယ်ဆိုလျှင်, ဖြစ်ထာ

က စတယ်, ပျက်ထကစတယ်, အစလဲ မရှိဘူး ခေါ်တယ်, ပရမတ် သံသရာပြောတာ။

**"အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ, နနာ-ယတိ"** ဆိုတဲ့ ပါဠိတော်နှင့်အညီပါဘဲ။

ဟုတ်ရဲ့လား ?

။ ဟုတ်ပါတယ် ဘုရား။ ။

မိမိခန္ဓာပြောတာ, ကိုယ့်ခန္ဓာကို စစ်ထားခေါ်တယ်၊ပညတ်လိုစစ်လျှင်လဲ (ခုနှစ်ဖြာ) အစမတွေ့ရဘူး၊ ပရမတ်လို စစ်လျှင်လဲ (နာမ်ရုပ်)ဖြစ်ပျက်အစ မတွေ့ဘူး။

**နည်းမသိ နှစ်ဘက်ကန်း။**

ဒါဖြင့် အစမထင်သည့် သံသရာခွင်ကစ၍၊ ယခုအချိန် မိမိတို့၏ စိတ်အစဉ်ကလေး, ရင်ထဲမှာ ရှိနေ၁်, ရင်ထဲမှာရှိ, သင်သိ-လေး မသိသေးလျှင်, ဝိပဿနာ အားထုတ်ပုံ, အားထုတ်နည်းကလေး မသိသေးလျှင်, ပိုင်းတော့မယ်, "ဥဘတော အန္ဓ ပုထု-ဇဉ်" နှစ်ဘက်ကန်း....တဲ့။

နည်းမသိလျှင် ဘယ့်နှဲ့ခေါ်?

။ နှစ်ဘက်ကန်းပါ ဘုရား။ ။

နှစ်ဘက်ကန်းတဲ့,နှစ်ဘက်ကန်းပုံ ပြောမယ်။ ။နည်းမသိလို့ အပြင်ကန်း ခေါ်တယ်၊ ခန္ဓာကိုယ်ထဲမှာ ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်,ပျက်လိုက်,ဉာဏ်နဲ့မမြင်လို့ အတွင်းကန်း ခေါ်တယ်၊ သူ့ဟာသူ အကြောင်း အကျိုး မှတ်ထား၊ အပြင်ကန်းဆိုဒါ

နည်းမသိလို့နော်၊ အတွင်းကန်း ဆိုဒါ ခန္ဓာထဲက ဖြစ်ပျက်ကို မမြင်လို့နော်....။

ဒါကြောင့် ဝိပဿနာ အားထုတ်ပုံ၊ အားထုတ်နည်းကလေး မသိသေးလို့ရှိလျှင် "ဥဘတော အန္ဓပုထုဇဉ်" စာလိုခေါ်တယ်၊ နှစ်ဘက်ကန်း၊ အကန်းကြီးလို့ ခေါ်တော့တဲ့၊ ဒါဖြင့် အကန်းကြီးလို့ ခေါ်မယ်ဆိုလျှင်၊ ဒိဋ္ဌိ အကြီး စား ပေါ့၊ အပြင်လဲ ကန်းသောကြောင့်၊ အပြင်မှာလဲဘဲ၊ ဒိဋ္ဌိကြီး စွဲနေတယ်၊ ခေါ်တယ်၊ အပြင်လဲ တိမ်ကြီးနဲ့၊ အတွင်းလဲ တိမ်ကြီးနဲ့နော်....။

ဒါဖြင့် တစ်တရားခံ ဒိဋ္ဌိ ရှိမယ်ဆိုလျှင်၊ နှစ်တရားခံ အကုသိုလ်ကံ မရှိဘူးလား ?

။ ရှိပါတယ် ဘုရား။ ။

ရှိလျှင် သုံးနံပါတ် ဘယ်သွားမလဲ ?

။ အပါယ်သွားပါမယ် ဘုရား။ ။

## နည်းရက အကန်းမှ လွတ်မည်။

အပါယ်မှတ်ထားကြ၊ မှတ်ထားကြ၊ အကန်းကြီး ဘဝနဲ့ မနေနဲ့နော်၊ အခုဟာ ပဋိပတ္တိ သာသနာ ထွန်းတယ်၊ သာသနာထွန်းတော့ ရိပ်သာတွေဟာ တပုံကြီးဘဲနော်၊ မြို့ကြီးမှာ ဆိုလျှင်၊ အင်မတန် ရိပ်သာများ၊ အဲဒီ ရိပ်သာတခုခု ဝင်ပြီး သကာလ နည်းကလေးယူကြ၊ နှစ်သက်ဘဲ့ ရိပ်သာပေါ့နော်....။

နည်းကလေးတခု ကျကျနန ယူကြ၊ အခု ကသစ်ဝိုင် ဆရာတော်ကြီးလာပြ၊ လာပြတဲ့အခါမှာလဲ နည်း ကလေး ကျကျနန

ယူကြ၊ အဲဒီလို ယူလို့ ရိပ်သာနည်းဖြစ်စေ၊ ကသစ်ဝိုင်ဆရာတော်ကြီး၏ နည်းဖြစ်စေ၊ သည့်ပြင် စာအုပ်စာတမ်း၌ တကယ် ရေးမှတ်ထားတဲ့ နည်းပင်ဖြစ်စေ၊ ပိုင်ပိုင်ကြီး သိတယ်ဆိုလျှင်၊ အဲ ပိုင်ပိုင်ကြီး မသိသေးဘူးဆိုလျှင် အကန်းကြီး မလွတ်ဘူးနော်၊ ကိုယ့်ကိုယ်ကို ဆုံးဖြတ်၊ ငါ အကန်ကြီးဘဲ, စုံလုံး ကန်းဘဲ, စုံလုံးကန်း ဖြစ်မယ်ဆိုလျှင်, ငါသည် အပါယ်ကျ ဘယ်တော့မှ မလွတ်ဘူး။

ဒါန က, ကယ်သော်လဲ တဘ၀ တနပ်စာ၊ သီလ, ကယ်သော်လဲ, တဘ၀ တနပ်စာ၊ သမထ,စျာန်, အဘိညာဉ်, တန်ခိုးမြေလျှိုးမိုး ပြန်နိုင်တဲ့ ပြဟ္မာကြီးပင် ဖြစ်သော်လဲဘဲ, တဘ၀ တနပ်စာ၊ ဘယ်တော့မှ အပါယ်ကျတော့ လုံး၀ မလွတ် နိုင်ဘူး, ရှင်းပလား ?

။ ရှင်းပါပြီ ဘုရား။ ။

ကဲ- ဒါဖြင့် ဒီတင်မကသေးဘူး၊ သင်သိ ဆိုတဲ့ နည်းကလေး တခုမှ မရသေးလျှင်, ဒိဋ္ဌိ ခေါင်းဆောင်ကြီးဘဲ၊ ဒိဋ္ဌိ ခေါင်းဆောင်ပြီး, ဒါနပြုမယ်၊ ဒိဋ္ဌိ ခေါင်းဆောင်ပြီး, သီလ, ဆောက်တည်မယ်၊ ဒိဋ္ဌိ ခေါင်းဆောင်ပြီး, သမထ,ပွါးမယ်၊ ဘုရားရှိခိုးမယ်, မေတ္တာပို့မယ်၊ သေခြင်းတရား အောက်မေ့မယ်ဆိုလျှင်, ဝဋ္ဋနိဿိတ ကြီးဘဲ၊ ဝဋ္ဋဆိုတာ,လည်တယ် ခေါ်တယ်၊ နိဿိတ, ဆိုတာ မှီတယ် ခေါ်တယ်၊ လည်မှာဘဲ, သံသရာ လည်မှာဘဲ, သံသရာ လည်တာ နေပေစေအုံး၊ ပထမ သံသရာ က အပါယ် ခေါ်တယ်နော်၊ အပါယ်လည်မှာဘဲ, ဒါနက အပါယ် ချတာ မဟုတ်ဘူး၊ သီလက အပါယ်ချတာ မဟုတ်ဘူး, သမထက

အပါယ်ချတာ မဟုတ်ဘူး၊ ခေါင်းဆောင် ဖြစ်တဲ့ ဒိဋ္ဌိ က ချတာ ခေါ်တယ်။

ဒါန, သီလ, သမထ ကလေး အကျိုးပေးရင်း အသာကလေး ဒိဋ္ဌိ က ကြည့်နေ, အကျိုးပေး ကုန်သွားပြီဆိုလျှင်, ဒိဋ္ဌိက ဘယ်ကို ဆွဲချ ?

။ အပါယ်ကို ဆွဲချပါ ဘုရား။ ။

သူ့ဘုံသူ ဆွဲချမှာဘဲ, ရှင်းပလား ?

။ ရှင်းပါပြီ ဘုရား။ ။

ဒါဖြင့် ဒိဋ္ဌိ ခေါင်းဆောင်လျှင် ဘယ်နည်းနဲ့မှ အပါယ်ကျ မလွတ်ပါဘူး၊ တတ်နိုင်လို့ ဘုရားတည်, ကျောင်းကြီးဆောက်, သီလဘဲ, တသက်လုံး လုံခြုံသော်လဲဘဲ, ဒိဋ္ဌိ လက် ချက် တော့ တနေ့ မိကြ မှာဘဲ။

ဘယ် ဆွဲချမလဲ ?

။ အပါယ် ဆွဲချပါ ဘုရား။ ။

လွတ်ကို မလွတ်နိုင်ဘူး၊ ရှင်းရှင်းကလေး မှတ်ထားကြ။ ဒါဖြင့် နည်းကလေး သိဘို့ မလိုဘူးလား ?

။ လိုပါတယ် ဘုရား။ ။

အင်မတန် လိုတယ်နော်၊ ဒါကြောင့် ဆရာတော်က သင်-သိဆိုလျှင်, နည်း ခေါ်လိုက်တာဘဲ၊ အာဂမ, နဲ့ အဓိဂမ, ခေါ်တယ်၊ အာဂမ,က အာဂုံပါဠိ-ဗမာလို, သင်သိ ခေါ်တယ်၊ အဓိဂမ, က ကျင့်သိ ခေါ်တယ်၊ အာဂမ , အဓိဂမ, သင်သိ - ကျင့်သိ နှစ်ခုမရှိလို့ ရှိလျှင်, ဒါ,အနှဲဘဲ။

**အာဂမာ, ဓိဂမာ ဘာဝါ ဧဝမေဝ အသုတဝါဏ္ဏတိ။**
**( အဋ္ဌသာလိနီ အဋ္ဌကထာ )**

ဟုတ်ကဲ့လား ?

॥ မှန်ပါ့ဘုရား॥ ॥

**"ဒိဋ္ဌိ ပဋိသေဓကော"** တဲ့ ဝိသေသန ပါလာတယ်, ခေါ်တယ်၊ သင်သိ, သင်သိ, အာဂုံပါဋ္ဌ ဆိုသော်လဲဘဲ၊ သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ, အမှားကို သုတ်သင် ရှင်းလင်း နိုင်တဲ့ သင်သိ, ကို ဆိုလိုတယ်၊ ဒါဖြင့် နောက်ပိတ်ဆုံး တိုတိုပြောတော့ ဝိပဿနာနည်းဘဲ၊ အားထုတ်ပုံ, အားထုတ်နည်းဘဲ။

သဘောကျပလား ?

॥ ကျပါပြီဘုရား॥

**သင်သိ ဝိပဿနာ ဆရာရှာ။**

ကဲ....ဒါဖြင့် သင်သိ ပြောကြစို့၊ သင်သိပြောရမယ်နော်.... မြတ်စွာဘုရားကလဲ တရားအားထုတ်မယ် ဆိုလို့ ရှိလျှင် ဆရာရှာရမယ်တဲ့။

**"ယထာဘူတံ ဉာဏာယသတ္ထာ ပရိယေသိတဗ္ဗော"**ဟုဘ်တိုင်း မှန်စွာ သိချင်တယ်ဆိုလျှင် ဆရာရှာ၊ ဆရာတော်များလဲ **စာ** ကလေး တော်တော်ကြည့်တတ်သွားဘဲ၊ ချလဲ ချတတ် သွားဘဲ၊ ဟောလဲ ဟောနေတာဘဲ၊ သို့သော်လဲဘဲ အားထုတ်ပုံ,အားထုတ်နည်းကလေးတွေဆိုလျှင် မတတ်ပါဘူး၊ ဓါတ်လေးပါးတွေလဲ

ဟောနေတာဘဲ၊ ခန္ဓာ၊ အာယတန၊ ဓါတ်တွေလဲ ဟောနေတာဘဲ၊ ဓါတ်လေးပါး ဟောနေသော်လဲဘဲ၊ တောင်းဖင် မကိုင်တတ်တဲ့ ပုဂ္ဂိုလ်လိုဘဲ၊ ဘယ်ဓါတ်က စ မှတ်ရမှန်း မသိဘူး။

ဒါကြောင့် ဆရာတော်တို့ စာတတ်၊ ပေတတ်၊ ပုဂ္ဂိုလ်တောင် ဆရာ ရှာရသေးတယ်၊ သို့သော် ဆရာ ကြာရှည်လေးမြင့်စွာတော့ မရှာ၊ နည်းကလေးယူလိုက်ထာဘဲနော်....၊ဒါကြောင့်ဆရာရှာကြ၊ စာအုပ်ဆရာနဲ့ ဆိုလျှင် ပင်ကိုယ်ဉာဏ်က ကောင်းကောင်းကြီး ရှိလျှင်တော့၊ စာအုပ် ဆရာကောင်းမှာဘဲ၊ ဒါတောင်မှ ဒီစာအုပ်က ကုန်စင်အောင် ရေးတာ မဟုတ်ဘူး၊ တရားကလေး မှတ်လိုက်တဲ့အချိန်မှာဆိုလျှင် တချို့စာအုပ်ထဲမှာ မပါဒါတွေ ခန္ဓာမှာမြင်နေတတ်တယ်၊မြင်နေတတ်တော့ ကိုယ့်ဟာကိုယ်လဲဘဲ မသိသေးတဲ့အချိန်မှာ စာအုပ်ဆွဲကြည့် ပါလဲ မပါဘူး။

အဲဒီလိုမပါတဲ့အခါကျတော့ အားထုတ်မှု မရဲဘူးခေါ်တယ်၊ ဒီမှာ တခုခု ထူးခြားတာ ဖြစ်နေတတ်တယ်၊ အဲသည်လို ဆရာမရှိတဲ့ အချိန်ကလေးမှာ စာအုပ်ကို ကုန်စင်အောင် ကြည့်နိုင်လျှင်လဲ ကောင်းပါရဲ့၊ သူများရေးထားတဲ့ စာဟာ ကုန်စင်ချင်မှ ကုန်စင်မယ်၊ ဒါကြောင့် အင်မတန် ဆိုင်ရာ ဆိုင်ရာ၊ စာအုပ်ကလေးကို ဆွဲပြီး သကာလ ကြည့်လိုက်တဲ့အခါကျတော့၊ ဟော....ခန္ဓာ ဖြစ်ထာ၊ ဒါကို ဆိုတာပါလား၊ ဆုံးဖြတ်နိုင်လို့ ရှိလျှင် ရဲရဲတင်းတင်း အားထုတ်မှု ရသွားတာဘဲ၊ ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီနေရာမှာ ဆိုင်းငံ့ ဆိုင်းငံ့ ဖြစ်နေတတ်တယ်၊ မဆုံးဖြတ်နိုင်ဘဲကိုး၊ ဆရာများ အနားမှာ ရှိမယ်ဆိုလျှင် တခါထဲ ပြေး

လျှောက်ချင်စိတ်တွေ ပေါ်လာတာဘဲ၊ ဆရာက ဒါဟာ ဒီလိုဘဲ၊ ဒါက ဘာမှမဖြစ်ဘူး၊ ကြိုးစားသာ အားထုတ်လို့ ပြောလျှင် ရဲသွားတာဘဲ၊ ဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒီ ဇဝေ, ဇဝါ, ကလေးဟာ သောင်တင်နေဒါ ရှိတတ်တယ်တဲ့၊ ဒီလိုမှတ်ပါ၊ ဟုတ်တိုင်းမှန်စွာ သိချင်တယ်ဆိုလျှင် ဆရာရှာလို့ ဆိုသောကြောင့် ဆရာတွေကလဲ အမျိုးမျိုးပေါ့၊ သီလသက်သက်နဲ့ ပြည့်စုံတဲ့ဆရာ၊ သမထစျာန်, အဘိညာဉ် တန်ခိုးမြေလျှိုးမိုး ပျံနိုင်တဲ့ သမထဘက်က ပြည့်စုံ လုံလောက်တဲ့ ဆရာ၊ ဒီဆရာမျိုးကို ရှာနေလျှင် ဝိပဿနာ အားထုတ်ပုံ, အားထုတ်နည်း မရဘူး၊ သီလ, ပြည့်စုံတဲ့ ဆရာကိုကပ်လျှင် သီလ, တော့ ပြည့်စုံမှာဘဲ၊ သမထ ပြည့်စုံတဲ့ ဆရာကိုကပ်လျှင် သမထတော့ ရတော့မှာဘဲ။

ဝိပဿနာ အားထုတ်ပုံ, အားထုတ်နည်း ရပါ့မလား ?

॥ မရပါဘူးဘုရား॥ ॥

သူမှ မသိဘဲခေါ်တယ်, ဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဒါဖြင့် ပညာနဲ့ပြည့်စုံသော ဆရာကိုရှာ၊ ပညာမှာ လဲဘဲ, စာကောတတ်တယ်, လုပ်ငန်းလဲ တတ်တယ်, ဆိုတဲ့ ဆရာသည် မကောင်းဘူးလား ?

॥ ကောင်းပါတယ်ဘုရား॥ ॥

စာက မျဉ်းကြောင်း၊ လုပ်ငန်းက ခန္ဓာပေါ်နေတာဘဲ၊ အဲဒီတော့ စာကော၊ လုပ်ငန်းကော၊ နှစ်ဖြာတတ်တဲ့ဆရာကို မတွေ့၊ တွေ့အောင် ရှာကြ၊ ဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒီလို ဆရာမျိုးဟာ လက်တွေ့ ကောင်းတယ်၊ သို့မဟုတ် စာသာတတ်ပြီး လုပ်ငန်းမတတ်သေးဘူး ဆိုလျှင် အကန်းပြော၊ ပြောတတ်တယ်၊ ဆရာတော်တို့ ဟိုတုန်းက လုပ်ငန်းမလုပ်သေးခင် စာတတ်နဲ့ - ဒကာကြီး တယောက်တွေ့ဘူးတယ်၊ ဒကာကြီး တယောက်က လုပ်ငန်းမေးတဲ့ အခါမှာ ဆရာတော်က သူများရေးထားတဲ့ စာကလေးကြည့်ပြီးတော့ အဲဒီ စာသိနဲ့ ပြောလိုက်တယ်၊ သူကလဲ အလုပ်မလုပ်ဘူး၊ ဆရာတော်ကလဲ အလုပ်မလုပ်သေးဘူးဆိုတော့ အကန်း၊ အကန်းခြင်းတော့ ကိုက်သွားတာဘဲ၊ သူကလဲ ဘာမှ စောဒကမတက်ဘူး၊ ဒီကလဲ စောဒက တက်ပြီးတော့ ယခု အားထုတ်ချင်ပါတယ်ဆိုလျှင် ဆရာတော်မှ အားမထုတ်သေးဘဲ၊ ပိုင်ပိုင်မပြောနိုင်ဘူးပေါ့၊ အားထုတ်ဘူးတဲ့ပုဂ္ဂိုလ်ကတော့ ပိုင်ပိုင်ပြောနိုင်တယ်၊ ဟုတ်ဘူးလား ?

॥ ॥ဟုတ်ပါတယ်ဘုရား॥ ॥

**ဝိပဿနာ သင်တန်းပေးပုံ။**

ဒါကြောင့် ဝိပဿနာ အစစ်အမှန်များ အားထုတ်ချင်တယ်ဆိုလျှင် ဆရာရှာလို့ ဟောတော်မူခဲ့တဲ့အတိုင်း ဆရာ ရှာလိုက်တဲ့အခါမှာ ဆရာတွေ့ပြီ ဆိုပါတော့။

ကဲ- ဆရာက သင်တန်းပေးတော့မယ်၊ သင်တန်း ပေးတော့ အကျဉ်းဆုံး ပေးမယ်၊ နောက်မှ အကျယ်ချဲ့မယ်နော်၊ အကျဉ်းဆုံးကလေး, အကျဉ်းဆုံးကလေး, အားလုံး လူပြိန်းတွေ သိသွားအောင်....

ချမ်းသာသလို....ထိုင်။
ချမ်းသာသလို....အိပ်။
ချမ်းသာသလို....ရပ်။
ချမ်းသာသလို....သွား။

ရှင်းပလား ?

။ ရှင်းပါပြီ ဘုရား။ ။

သို့သော် ခန္ဓာထဲမှာ လျှပ်တလက် မက ဖြစ်ပျက်, မမြင်သေးခင် ကြာကြာကလေးနေ့, ဒါဘဲ ထူးတယ်။

**မရွေးလေးမျိုး။**

(၁) အနေ မရွေး။ ။အနေက ဘယ်လိုနေနေ, စိတ်ရင်မှာထား၊ ပေါ်ဒါငါးမျိုး မှတ်နေပါ၊ ဒါက အနေ မရွေး။

(၂) အလုပ်မရွေး။ ။အလုပ်လုပ်မယ်၊ အလုပ် တွေ က အများကြီး၊ ဘယ်အလုပ်, လုပ်လုပ်၊ စိတ်ရင်မှာထား၊ ပေါ်ဒါငါးမျိုး မှတ်နေပါ၊ ဒါကအလုပ်မရွေး။

(၃) နေရာ မရွေး။ ။နေရာမှာလဲဘဲ၊ ဘယ်နေရာရောက် ရောက်၊ နေရာတွေ အရေး မကြီးဘူး၊ စိတ်ရင်မှာထား, ပေါ်ဒါ ငါးမျိုး, မှတ်နေပါ၊ ဒါက နေရာမရွေး။

(၄) အချိန်မရွေး။ ။အချိန်လဲဘဲ, ဘယ်.... အချိန်မျိုး မဆို, စိတ်ရင်မှာထား, ပေါ်ဒါ ငါးမျိုး မှတ်နေပါ၊ ဒါကအချိန် မရွေး။

အဲဒါ "ကိုယ်ပွေ့ဥာဏ်မြင်" ဝိပဿနာ ရှုမှတ်ပုံ, ရှုမှတ်နည်းဘဲ....။

သဘောကျ ပလား?

။ ကျပါတယ် ဘုရား။ ။

အဲဒါ အကျဉ်းဆုံးကလေးဘဲနော်၊ အကျဉ်းဆုံးကလေးဘဲ, အကျဉ်းဆုံးကလေးဘဲ၊ ဒီထက် ကျဉ်းကျဉ်း ရှင်းရှင်း ပြောလိုက်တော့မယ်ဆိုလျှင်, တရားအားထုတ်တော့မယ် ဆိုလို့ရှိလျှင်, အချိန်ကလေး ပိုင်းလိုက်စမ်း, တနာရီ အားထုတ်မယ်ဆိုလို့ ရှိလျှင်, တနာရီအတွင်း တရက်အားထုတ်မယ် ဆိုလျှင်, တရက်အတွင်း, တလအားထုတ်မယ်ဆိုလျှင်, တလအတွင်း, အဲဒီ အတွင်း၌, ပေါ်ဒါ မှတ်ပြီးတော့ နေပါမယ်လို့ စိတ်ကလေးက အဓိဋ္ဌာန် ယူလိုက်ပါ၊ စိတ်တော့ ဘယ်မှာထား?

။ ရင်မှာ ထားပါတယ် ဘုရား။ ။

ရင်မှာထားပြီး၊ ပေါ်ဒါငါးမျိုး မှတ်နေကြပါ၊ ဟော- ဒါ အကျဉ်းဆုံးဘဲ၊ တဆင့်တဆင့် မှတ်ထားနော်။

ကိုယ့်သားကလေးတွေရှိတယ်၊ သမီးကလေးတွေ ရှိတယ်....၊ ဆွေမျိုးတွေရှိတယ်၊ မိတ်ဆွေသင်္ဂဟတွေရှိတယ်၊ ဒီလို အကျဉ်း ချုပ်ကလေး ပေးလိုက်၊ ပေးတဲ့လူကလဲဘဲ သိထားရတယ်၊သူက မရှင်းလို့ကိုယ့်မေးမယ်ဆိုလျှင်လဲဘဲ, ပြောပြတတ် ရတယ်။

**ဝိပဿနာနည်းခြောက်မျိုး။**

က- အကျယ်လေးချဲ့မယ်, အကျယ်ကလေး။

ဒါမှ စာတတ်-ပေတတ် ပုဂ္ဂိုလ်တွေ သဘောကျမယ် ခေါ် တယ်၊ အကျယ်လေး ယောဂီ အရှင် သူတော်စဉ်တွေ ကတော့, နံနက်ပိုင်းမှာ အစကနေပြီးတော့ အဆုံးထိအောင် အ ကျယ် တဝင့် လုပ်ငန်းတရား ဟောပြီးသားဘဲ၊သို့သော်လဲဘဲ, နာဘူး သောတရားကို ထပ်, နာမယ်ဆိုလို့ရှိလျှင်တော့ ပိုပြီးတော့ ရှင်း သွားတာဘဲ၊ မနာဘူးသေးတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိပြန်သည်၊ တရား နာတဲ့ ပုဂ္ဂိုလ်တွေက ညပိုင်းမှ လာကြတာကိုး၊ အဲဒီ တရားနာတဲ့ ပုဂ္ဂိုလ်တွေအတွက် အရင်းကျကျ ဝိပဿနာ အားထုတ်ပုံ, အား ထုတ်နည်း ပြပါမယ်၊ သေသေချာချာ မှတ်ကြနော်၊ ဝိပဿနာ အားထုတ်ပုံ,အားထုတ်နည်း သည် ခြောက်မျိုးရှိတယ်။

ဘယ်နှစ်မျိုး ရှိသလဲ ?

။ ခြောက်မျိုးပါဘုရား။ ။

ဝိပဿနာ အလုပ်ခြောက်မျိုး ခေါ်တယ်၊ ခြောက် မျိုး ရေ မယ်နော်....။

(၁) မျက်လုံးတွေ ဉာဏ်မြင်တမျိုး။
(၂) နားတွေ ဉာဏ်မြင်တမျိုး။
(၃) နှာခေါင်းတွေ ဉာဏ်မြင်တမျိုး။
(၄) လျှာတွေ ဉာဏ်မြင်တမျိုး။
(၅) ကိုယ်တွေ ဉာဏ်မြင်တမျိုး။
(၆) မနောတွေ ဉာဏ်မြင်တမျိုး။

ဘယ် နှစ်မျိုးရှိသလဲ ?

။ ခြောက်မျိုးပါဘုရား။ ။

အဲဒါ မမေ့စေနဲ့၊ ဝိပဿနာ အလုပ်မှန်လျှင်, ဒီ ခြောက်မျိုးဘဲ, ရဟန်းဘဲ လုပ်လုပ်, ရှင်ဘဲ လုပ်လုပ်, လူဘဲ လုပ်လုပ်, ဘိုးသူတော်, မယ်သီလဘဲ လုပ်လုပ်, ပြပြ၊ ဒီ ခြောက်မျိုး ဘဲ, ပြနိုင်တာဘဲ၊ ဆရာတော်ပြတာလဲ ခြောက်မျိုး၊ စကားတက်လာပြီ, ခြောက်မျိုးပြသော်လဲ တပြိုင်ထဲ မပြပါ, ခွဲပြပါသည်။

ခွဲပြပုံ။ ။ကိုယ်တွေ ဉာဏ်မြင်ကို ပင်တိုင်အလုပ်။

ကျန် ငါးတွေ ဉာဏ်မြင်ကို ယာယီ အလုပ်လို့ နှစ်ခု ခွဲ၍ ပြပါသည်၊ သေသေချာချာမှတ်....။

ပင်တိုင်အလုပ်က "တစ်" ကိုယ်တွေ့ဉာဏ်မြင် တခုထဲ။

ယာယီ အလုပ်က "ငါး" ကျန် ငါးတွေ ဉာဏ်မြင်ဘဲလို့ ရှင်းထားနော်....။

ပင်တိုင်အလုပ်က ဘယ်နှစ်ခု ?

။ တခုပါဘုရား။ ။

တခုထဲ ကိုယ်တွေ့ဉာဏ်မြင်နော်၊ အဲဒီ ကိုယ်တွေ့ ဉာဏ်မြင် ကလေးကို စစ်မယ်၊ "ကိုယ်တွေ့ကတမျိုး" "ဉာဏ်မြင်ကတမျိုး"

ဘယ်နှစ်မျိုး ?

။ နှစ်မျိုးပါဘုရား။ ။

နှစ်မျိုးမှာ ကိုယ်တွေ့စစ်မယ်၊ "ကိုယ်က တမျိုး" "တွေ့က တမျိုး"

ဘယ်နှစ်မျိုးလဲ ?

။ နှစ်မျိုးပါဘုရား။ ။

တလုံးစီလာတယ် အရင်းကျကျနော်၊ကိုယ်ဆိုတာက တကိုယ်လုံးကို ယူပါ၊ ဘာကြောင့်လဲ ကာယပသာဒ, ကာယဓါတ်,ကို ကိုယ်ကောက်ရ လေသောကြောင့် စာတတ်သော ပုဂ္ဂိုလ်များ အကြောင်း ပေးလိုက်လျှင် ယုံကြည်သွားတာဘဲ။

ကိုယ်က ဘာခေါ်တယ် ?

။ တကိုယ်လုံးခေါ်ပါဘုရား။ ။

တကိုယ်လုံး ကာယပသာဒဆိုလျှင် လူတိုင်း နားမလည်ဘူး ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

လူတိုင်း နားမလည်ဘူး တကိုယ်လုံး ယူနော်....၊ ခေါင်းလဲ ကိုယ်ထဲကနော်၊ ခြေတွေ လက်တွေကော ?

။ ကိုယ်ထဲကပါဘုရား။ ။

ကိုယ်ထဲက တကိုယ်လုံးယူပြီး သွားတာဘဲ၊ ဒါက သူ့နေရာနဲ့သူ ကောက်နေ၁်၊ လေ့န် ဒါးထစ် မကောက်ရဘူး၊ လူတို့သည် ယူနေကြတဲ့ ခေါင်း, ကိုယ်, ခြေလက်, အဲဒီ နေရာကျတော့ ကိုယ်က အလယ်ပိုင်း ကောက်ရတယ်၊ ယခု ကိုယ်တွေက, ကိုယ်က တော့ ဘာကောက်ရသလဲ ?

။ တကိုယ်လုံးပါဘုရား။ ။

တကိုယ်လုံးနေ၁်-တကိုယ်လုံး၊ မမှားတန်း- မမှားတန်း။

## ကိုယ်တွေ့ ဓါတ်သုံးမျိုးပြပုံ။

ကိုယ်မှာတွေ့ဒါ, ကိုယ်မှာပေါ်ဒါ, ဘာတွေလဲလို့ မေးလျှင် ဓါတ်သုံးပါးခေါ်တယ်၊ တေဇောဓါတ်,တမျိုး၊ ဝါယောဓါတ်, တမျိုး၊ ပထဝီဓါတ်, တမျိုး။

ဘယ်နှစ်မျိုး ?

။ သုံးမျိုးပါဘုရား။ ။

သုံးမျိုးခေါ်တယ်၊ ဘာကြောင့်လဲလို့ မေးလျှင် ဖောဋ္ဌဗ္ဗာရုံ- ဖောဋ္ဌဗ္ဗဓါတ်ကို ကိုယ်တွေ့ကောက်ရလေသောကြောင့် သင်္ဂြိုဟ်နဲ့ ကိုက်လိုက်ထဘဲ၊ ရှင်းပလား ?

။ ရှင်းပါဘုရား။ ။

ကိုယ်မှာတွေ့ဒါ, ကိုယ်မှာပေါ်ဒါ, ဘယ်နှစ်မျိုး ?

။ သုံးမျိုးပါဘုရား။ ။

သုံးမျိုး၊နော်- သုံးမျိုး၊ ငါးမျိုး မပြောနဲ့အုံး၊ တေဇော၊ ဝါယော၊ ပထဝီ၊ ဘယ်နှစ်မျိုး ?

॥ သုံးမျိုးပါဘုရား॥ ॥

အဲဒါ တခါခွဲပြအုံးမယ်၊ အလုပ်စခန်း အလုပ် လုပ်နေကြဖြစ်သော ပုဂ္ဂိုလ်တို့သည် အလုပ်က ဆရာဖြစ်တတ်တယ်၊ ဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

တေဇော၊ ဝါယော၊သည် အလုပ်ခါတ်၊ ပထဝီ၊သည် အပေါ်ခါတ်လို့ ကျဉ်းသထက်ကျဉ်း၊ ရှင်းသထက် ရှင်းအောင် ခွဲပြပြန်သည်။

အလုပ်ခါတ် ဘယ်နှစ်ပါး ?

॥ နှစ်ပါးပါဘုရား॥ ॥

နှစ်ပါးနော်.... တေဇော-ဝါယော။

အပေါ်ခါတ်က ဘယ်နှစ်ပါး ?

॥ တပါးပါဘုရား॥ ॥

ဘာခါတ်လဲ ?

॥ ပထဝီခါတ်ပါဘုရား॥ ॥

ပထဝီတဲ့၊ ဟော.... ပထဝီ ဖေါ်ရမယ်၊ ဒီခန္ဓာကိုယ်ကြီးကို ပထဝီ ဖေါ်ရမယ်၊ ပထဝီဖေါ်ပုံကလေးပြောမယ်၊ ဖေါ်ပုံလေး ဘာကြောင့် ပထဝီ ဖေါ်ရသလဲ၊ စာလို အရင်စစ်မယ်၊ စာသိတဲ့

လူများတာဘဲ၊ ယောကျ်ားဖြစ်ဖြစ်, မိန်းမဖြစ်ဖြစ်, တကိုယ်လုံး ဟာ ရုပ်နဲ့, နာမ်နဲ့,ဆိုတာ သဘောကျရဲ့လား ?

။ ကျပါတယ်ဘုရား။ ။

ဒါဘုရားက ဟောထားတာဘဲ၊ ဒါမှ သဘော မကျလျှင် ဘုရားကို မယုံကြည်ဘူးပေါ့ ဟုတ်ကဲ့လား ?

။ မှန်ပါ့ဘုရား။ ။

ရုပ်နဲ့, နာမ်နဲ့, နှစ်ခုရှိတယ် ဆိုတော့ နာမ်ဆိုတာ သိမှု ကလေးနော်....။

အဲဒီ သိမှုကလေး ဖယ်လိုက်လို့ ရှိလျှင် ဘာကျန် ?

။ ရုပ် ကျန်ပါတယ်ဘုရား။ ။

**မတည်ဓါတ်သည် ပထဝီ။**

ရုပ်ကြီးဘဲကျန်၊ ရုပ်ဆိုတော့ ရုပ် (၂၈)ပါး ပေါ့နော်.... တိုတိုပြောလိုက်တော့ အဲဒီရုပ် (၂၈)ပါးမှာ တခါခွဲအုံး၊ မဟာ ဘုတ် (၄)ပါးသည် မ,တည်ရုပ်၊ ကျန်တဲ့ ဥပါဒါရုပ် (၂၄)ပါး သည် အမှီရုပ်တဲ့၊ ဟော...အဲဒီရုပ် (၂၈)ပါးမှာ ခန္ဓာကြီးကို မ,တည်ထားတဲ့ရုပ်သည် ဘယ်နှစ်ခုလဲ ?

။ လေးခုပါဘုရား။ ။

မဟာဘုတ် လေးပါးခေါ်တယ်၊ အဲဒီ မ,တည်ရုပ်ကို မှီနေတဲ့ ရုပ်က-

ဘယ်လောက်ရှိ ?

။ (၂၄)ပါး ရှိပါဘုရား။ ။

၂၄-ပါး စာတတ်သော ပုဂ္ဂိုလ်တွေက ကောင်းကောင်းကြီး ပိုင်ပိုင်သိတာဘဲ၊ မ,တည်ရုပ် ဘယ်လောက် ?

॥ လေးပါးပါဘုရား॥ ॥

အဲ မဟာဘုတ် မ,တည်ထားတယ်၊ ကဲ အရင်းကျကျ တခါ စစ်လိုက်အုံးမယ်၊ အဲဒီ မဟာဘုတ်လေးပါးထဲမှာလဲဘဲ၊ ပထဝီ မဟာဘုတ်သည် မ-တည်ရုပ် ကျန်တဲ့မဟာဘုတ် 'သုံးပါး'သည် အမှီရုပ် တခါ အရင်းကျကျ စစ်လိုက်ပြန်တယ်။

မ,တည်မဟာဘုတ် ဘယ်နှစ်ပါး ?

॥ တပါးပါဘုရား॥ ॥

ပထဝီနော်....

အမှီ မဟာဘုတ် ဘယ်နှစ်ပါး ?

॥ သုံးပါးပါဘုရား॥ ॥

သုံးပါးထဲ ဒါ ရှင်းသွားဘဲ။

**"ပထဝီ ဓါတု ပတိဋ္ဌာနရသာ"** ဆိုတဲ့ အဋ္ဌကထာ ကြီးတို့နဲ့ အညီပါဘဲ၊ ရှင်းသွားပြီးနော် ?

॥ ရှင်းသွားပါဘုရား॥ ॥

ဒါဖြင့် အရင်းကျကျ စစ်စမ်း၊ အသားအရေ အကြောဆိုတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသသည် ပထဝီ မ,တည်ထားတယ်၊ ပထဝီ ဆိုတော့ စာ၊ ဗမာလိုဆိုတော့ အမှုံ၊ ပရမတ်လို ဆိုတော့ မာ-ဒါကလေး၊ ဒါဖြင့် သုံးဆယ့်နှစ်ကောဋ္ဌာသသည် ပထဝီအမှုံ၊

အမာဓါတ်တွေ မှတည်ထားတယ်၊ ဒါဖြင့် ပထဝီ အစုအပုံ့ အမှုံစုအမှုံပုံ၊အမာစု့ အမာပုံ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒါဖြင့် ဗမာလို ရှင်းရှင်းပြောတော့ အသားအရေ အကြော သုံးဆယ့် နှစ်ကောဋ္ဌာသ့သည် ဘာ မှတည်ထားသလဲမေးလျှင် အမှုံတွေ မှတည်ထားတယ်၊အမှုံစုအမှုံပုံပေါ့ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

သည့်ပြင် ခေါင်း့ ကိုယ်၊ ခြေလက်၊ စသော ကိုယ်အင်္ဂါ အစိတ် အပိုင်းတွေ လဲဘဲ ပထဝီ အမှုံတွေ့ အမာဓါတ်တွေ၊ မှတည်ထားတယ်၊ ဒါဖြင့်လဲ အမှုံစု အမှုံပုံပေါ့၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ အသက်၊ လိပ်ပြာ၊ အကောင်၊ သတ္တဝါ၊ တွေလဲဘဲ ပထဝီအမှုံတွေ မှတည်ထားတယ်၊ ဒါဖြင့် ယောကျ်ား တကိုယ်လုံး၊ မိန်းမတကိုယ်လုံး့လဲ အမှုံစု-အမှုံပုံပေါ့။

"**သုဒ္ဓသင်္ခါရ ပုဉ္ဇောယံ နယိဓ သတ္တူပ လဗ္ဘတိ**"ဆိုတဲ့ ပါဠိ တော်နဲ့ အညီပါဘဲ။

ယောကျ်ား ဆိုတဲ့ သတ္တဝါကောင်၊ မိန်းမဆိုတဲ့ သတ္တဝါ ကောင်၊ ဒီအကောင်အထည် ကြီးဟာ လဲဘဲ သင်္ခါရပုဉ္ဇ တဲ့ ဟော...."သင်္ခါရာတိ ပုဉ္ဇကန္ဓာ"ဖွင့်သောကြောင့်။ သင်္ခါရ၊ရုပ်၊ နာမ်၊ ပုဉ္ဇ၊ အစု၊ အပုံ့ခေါ်တယ်၊ ယောကျ်ားတကိုယ်လုံး၊မိန်းမ တကိုယ်လုံး့ဟာ ရုပ်စု၊ ရုပ်ပုံ၊ နာမ်စု၊ နာမ်ပုံ ခေါ်တယ်၊ နာမ်၊

ဆိုတာ အသိကလေး ဖြစ်သောကြောင့်၊ ဒီအသိကလေး ဖယ်လိုက်မယ်ဆိုလျှင် ရုပ်စု မကျန်ဘူးလား ?

॥ ကျန်ပါတယ်ဘုရား॥ ॥

သုံးဆယ့်နှစ်ကောဋ္ဌာသ ဘာစုထား ?

॥ ရုပ်တွေ စုထားပါဘုရား॥ ॥

ရုပ်တွေစုထား ရှင်းရှင်းလေး၊ မ,တည် ဘာတွေစုထား၊ မ,တည်ဆိုလျှင် ဘာတွေစုထား ?

॥ အမှုံတွေ စုထားပါဘုရား॥ ॥

အမှုံတွေစုထားတယ်၊ ပထဝီ အမှုံတွေ စုမထားဘူးလား ?

॥ စုထားပါတယ်ဘုရား॥ ॥

ယုံလဲယုံကြနော်.... အရင်းကျကျစစ်လိုက်ယာ၊ ခေါင်း,ကိုယ်, ခြေ,လက်,စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေ လဲဘဲ အမှုံစု, အမှုံပုံ, ယောကျ်ား, မိန်းမ, လူ, နတ်,ဗြဟ္မာ, သတ္တဝါ,တွေလဲဘဲ အမှုံစု, အမှုံပုံ, ဒါက စာလိုစစ်တမ်း စစ်ထာနော်....॥

ယုံကော ယုံရဲ့လား ?

॥ ယုံပါတယ်ဘုရား॥ ॥

ဒို့ဘုရားသည် သဗ္ဗညုတ ရွှေဉာဏ်တော် ရတယ် ဆိုတာ ယုံရဲ့လား ?

॥ ယုံပါတယ်ဘုရား॥ ॥

ယုံလျှင် "အဒွေဇ္ဈ-ဝစနော ဘဂဝါ"ဒို့ဘုရားသည် စကား နှစ်ခွန်း မပြောဘူး၊ တခွန်းထဲ ပြောတယ် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ယောကျ်ားလဲ အမှုံတွေစုထားတယ်၊ ဒါ-ပထဝီ လွန်ကဲတဲ့ အချိန်ပြောတာ၊ မိန်းမလဲဘဲ အမှုံတွေ စုထားတယ်၊ ဒါ-ပထဝီ လွန်ကဲတဲ့ ဒအချိန်ပြောတာ၊ တေဇော, လွန်ကဲလို့ ရှိလျှင် အပူစု, အပူပုံ၊ အအေးစု, အအေးပုံ၊ ဝါယော-လွန်ကဲမယ်ဆိုလျှင် လေစု, လေပုံ၊ ဝါယောမှာလဲ ကန်, တိုး, တွန်း, ဖြစ်သောကြောင့် အကန်ဆိုဘဲ့ လေစု,လေပုံ၊ အတိုးဆိုတဲ့ လေစု, လေပုံ၊ အတွန်း ဆိုတဲ့ လေစု-လေပုံကြီးဘဲနော်၊ ဒီမှာ မ,တည်တာပြောတာ၊ မ, တည်တယ်ဆိုတော့ အမှုံစု-အမှုံပုံဆိုတာယုံရဲ့လား ?

။ ယုံပါတယ်ဘုရား။ ။

**အလုပ်သဘော-တေဇောဝါယောရှု။**

ယုံတော့ယုံပါပြီ၊ ဘုရားဟောတာမို့လို့ သာယုံလိုက်ရတာဘဲ မြင်တော့မမြင်ပါလားဘုရားလို့ - စောဒကတက်စရာရှိတယ်၊ မြင် ချင်သလား မြင်ချင်တယ်ဆိုလျှင်၊ တေဇော-ဝါယောရှုပါ၊ဟော- အလုပ်ပေါ်လာပြီ တေဇောရှုလျှင်၊ ဝါယောရှုလျှင်၊ ပထဝီမြင် လိမ့်မယ်၊ အမှုံမြင်လိမ့်မယ်၊ အမာခါတ်ကလေးတွေ မြင်လိမ့်မယ် လို့ ဆိုလိုသည်။

ဟော-ပေါ်လာပြီ ကဲ-အလုပ်လုပ်ကြစို့၊တေဇောဆိုလျှင်ပူဒါ၊ အေးဒါတစုံနှစ်ခု၊ ဝါယောဆိုလျှင်-လှုပ်ထာ-ငြိမ်ဒါ, ဘာစုံ နှစ်ခု၊ ပေါင်းတော့နှစ်စုံလေးခု၊ ပူဒါ၊ အေးဒါ၊ လှုပ်ဒါ ငြိမ်ဒါ။

လေးခုစေ့ရဲ့လား ?

။ စေ့ပါတယ်ဘုရား။ ။

ငြိမ်တာကိုထပ်နှုတ်လိုက်အုံး၊ ဘာ့ကြောင့်နှုတ်သလဲမေးလျှင်၊ ဆရာတော်တို့တရားပြတဲ့အခါမှာ၊ ငြိမ်ဒါကလေး ထည့်မှတ်ခိုင်းတယ် ယောဂီတို့ရှုမှတ်တဲ့နေရာမှာ၊ အထင်နဲ့သာရှုမှတ်ထာမျှားသည်၊ ပေါ့ပေါ့ဆဆ ရှုမှတ်ထာမျှားသည်၊ အချိန်ကုန်လွန်းလို့ ငြိမ်ဒါကလေး နှုတ်ထားပြန်သည်၊ ဆရာတော်သဘောနဲ့ ဆရာတော်နှုတ်ထာ။

ဘယ်နှစ်ခုကျန် ?

။ သုံးခုကျန်ပါဘုရား။ ။

ပုဒါ-အေးဒါ-လှုပ်ထာ၊ အဲဒါကိုယ်တွေ့ပြောတာနော်၊ကိုယ်တွေ့မပျောက်စေနဲ့၊ ကိုယ်က-တကိုယ်လုံးခေါ်ပါ၊ ကိုယ်မှာတွေ့တာ ကိုယ်မှာပေါ်ဒါက၊ သုံးမျိုးရပြန်သည်၊ အရင်သုံးမျိုးနဲ့မတူတော့ဘူး။

အခုသုံးမျိုးက-ပုဒါ-အေးဒါ-လှုပ်ထာ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

**စာနဲ့ညှိပြပုံ။**

ကဲ စာထဲသွင်းကြစို့၊ဒီသုံးမျိုးသည် ကာယာနုပဿနာသတိပဋ္ဌာန်ထဲ သွင်း ရ ပါ သည်၊ ကာယာနုပဿနာ သ တိ ပ ဋ္ဌာန်မှာ အခဏ်း ( ၁၄ ) ခဏ်းရှိပါသည်၊ ဝိပဿနာနဲ့ ဆိုင်တဲ့အခဏ်း-

သုံးခဏ်းပါပါသည်၊ တစ်နံပါတ် ဓါတုမနသိကာရအခဏ်းထဲသို့ သွင်းရပါသည်။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ကာယာနုပဿနာ သတိပဋ္ဌာန်ဓါတုမနသိကာရပဗ္ဗထဲသို့သွင်း ရတာက၊ ပုဒ်-အေးဒ်-လှုပ်ထား သုံးမျိုးတော့ ကိုက်သွားပြီတဲ့။

ဆင်းရဲဒ်-ချမ်းသာဒ်-နှစ်မျိုးမကျန်ဘူးလား ?

။ ကျန်ပါတယ်ဘုရား။ ။

အဲဒါလေးစစ်ကြစို့ ကိုယ်တွေ့စစ်ထားနော်၊ အရင်းတော့မ ပျောက်ရဘူး၊ ကိုယ်တွေ့ဆိုလျှင် "တိဏ္ဏံ သင်္ဂတိတိ ဖဿော" ပဋိစ္စသမုပ္ပါဒ် ပါဠိတော်နဲ့အညီ သုံးခုတွေ့ဆုံမှ ကိုယ်တွေ့ခေါ် ရတယ်။

သုံးခုတွေ့ဆုံပုံ၊စာသိသမားတွေအတွက် စာလိုဘဲပြောမယ်၊ အတိုက်ဖေါဋ္ဌဗ္ဗဓါတ်ရယ်-အခံ-ကာယဓါတ်ရယ်-အပေါ်-ကာယ-ဝိညာဏဓါတ်ရယ်၊ သုံးခု တွေ့ဆုံတာခေါ်တယ်၊ စာလိုပြော လိုက်လျှင်တော့၊ သဘောတော့ကျရဲ့ ကျပါသော်လဲဘဲ၊မပေါ် လွင်ဘူးခေါ်တယ်၊ ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

နဂိုရ်က စာသိပြီးသားဖြစ်တော့ပြောလိုက်လျှင်၊ခေါင်းတော့ ငြိမ့်တတ်တယ်၊ ငြိမ့်ပေမယ်လို့ ပေါ်လွင်တဲ့ စကားမျိုးမဟုတ် ဘူး၊ ကိုယ့်ကိုယ်တိုင်လဲ ပိုင်ပိုင်ကြီး သဘောကျသလို မဟုတ်ဘူး၊ စာနဲ့ကိုက်သောကြောင့်သာ ခေါင်းငြိမ့်လိုက်ရတယ်နော်။

ကဲ-စာမတတ်သောပုဂ္ဂိုလ်တွေအတွက်၊ အပူလေးသည် ကိုယ်မှာပေါ်တော့ ထိ၊ သိ၊ ပေါ်ဒါ၊ သုံးခုတွေ့ ဆုံတယ်ပေါ်တယ်၊ အအေးလေးသည်ကိုယ်မှာလာထိတော့၊ ထိ၊ သိ၊ ပေါ်ဒါ၊ သုံးခုတွေ့ဆုံတယ်ခေါ်တယ်။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

**ဥပမာ**။ ။တင်ပါးထဲ၌ အပူကလေးပေါ်မယ်ဆိုလျှင်၊ အဲဒီနေရာမှာ၊ ထိ၊ သိ၊ ပေါ်လာတာဘဲ၊ ဟုတ်ကဲ့လား၊ အပူလေးရယ် တင်ပါးထဲမှာရှိတဲ့ကိုယ်ကလေးရယ်-ထိ၊ သိ၊ ကလေးရယ် သုံးခု တွေ့ဆုံတယ်ခေါ်တယ်၊ အအေးလေးလဲဒီအတိုင်းပေါ့။

အအေးလေးရယ်-ကိုယ်လေးရယ်-ထိ၊ သိ၊ လေးရယ်၊ သုံးခုတွေ့ဆုံတယ်ခေါ်တယ်။

အလှုပ်ကလေးရယ်-ကိုယ်လေးရယ်-ထိ၊ သိ၊ လေးရယ်၊ သုံးခုတွေ့ဆုံတယ်ခေါ်တယ်နော်။

အဲဒီသုံးခု တွေ့ဆုံတဲ့နေရာမှာ၊ ထိ၊ သိ၊ ပါသည်၊ ထိ၊ သိ၊ ပါလျှင်၊ ကာယဝိညာဉ်ကောက်ပါ၊ ကာယဝိညာဉ်ကောက်မယ်ဆိုလျှင် " သဗ္ဗဲ့ဟိဲအဟိတ်စိတ် " ဘာမှသဗ္ဗဲ့ဟိဲစိတ်ပိုင်းလောက်တတ်လျှင်လဲရတယ်၊ စိတ်ပိုင်းတောင်မှ၊ အဟိတ်စိတ်တတ်လျှင်ရတယ်။

သဗ္ဗဲ့ဟိဲ အဟိတ်စိတ်၌၊ ဒုက္ခသဟဂုတ်-ကာယဝိညာဉ်၊ သုခ-သဟဂုတ်ကာယဝိညာဉ်၊ နှစ်ဖြာလာသောကြောင့်၊ ဆင်းရဲ၊ ချမ်း-သာ နှစ်ဖြာထည့်ရှုရပါသည်၊ စာတွေ့နဲ့သွင်းလိုက်ပုံကလေး။

ကိုယ်တွေ့စစ်ပြပုံ။

ကိုယ်တွေ့ ပြောအုံးမယ်၊ အပူလေးသည် ကိုယ်မှာပေါ်တော့ ကိုယ်မှာလာပြီးတော့ပေါ်တဲ့အခါမှာ၊ မခံသာလျှင် ဒုက္ခ၊ ခံသာလျှင်သုခ ပါဘဲ။

အအေးလေးသည် ကိုယ်ပေါ်မှာ ပေါ်လာတဲ့အခါမှာ၊ မခံသာမှု၊ ခံသာမှု နှစ်မျိုးရှိပါသည်၊ မခံသာလျှင် - ဒုက္ခဝေဒနာ၊ ခံသာလျှင်၊ သုခဝေဒနာဖြစ်ပါသည်။

လှုပ်ထာ ကလေးသည်၊ ကိုယ်မှာ လာပြီးတော့ ဖြစ်ပေါ်တဲ့ အချိန်မှာ၊မခံသာမှု-ခံသာမှု-နှစ်မျိုးရှိပါသည်၊ မခံသာလျှင်ဒုက္ခ, ဆင်းရဲကြပါသည်၊ ခံသာလျှင် သုခ,ချမ်းသာကြပါသည်၊ ဒါကြောင့် ပူ-အေး-လှုပ်-သုံးခုနှ့ ပတ်သက်၍ ခန္ဓာမှာ မခံသာ-ခံသာ နှစ်မျိုးရှိသောကြောင့်, ဆင်းရဲ,ချမ်းသာ,နှစ်ဖြာကိုယ်တွေ့နဲ့ လဲ ရှုရပါသည်။

သဘောကျပလား ?

။ ကျပါတတ်ဘုရား။ ။

စာတွေ့ ကိုယ်တွေ့ နှစ်ဖြာ ကိုက် ညီ သည် ဖြစ် လေ သော ကြောင့် ဆင်းရဲ ချမ်းသာ နှစ်ဖြာ ထည့်ရှုမယ်ဆိုလျှင်၊ ဝေဒနာ-နုပဿနာ၊ သတိပဋ္ဌာန်ထဲသို့သွင်းရပါသည်၊ ကာယာနုပဿနာ-သတိပဋ္ဌာန် ဓါတုမနသိကာရပဗ္ဗထဲသို့ သွင်းရတာက၊ ပူ-အေး-လှုပ်-သုံးပါး၊ ဝေဒနာနုပဿနာ၊ သတိပဋ္ဌာန်ထဲသို့ သွင်းရတာက၊ ဆင်းရဲ ချမ်းသာ နှစ်ပါးပေါင်းတော့ဘယ်လောက် ?

။ ငါးပါးပါဘုရား။

အဲ ငါးပါးခေါ်တယ်၊ အဲဒါ အရင်းခံက ကိုယ်တွေ့ ခေါ်တယ်၊ ကိုယ်က တကိုယ်လုံးယူပါ၊ ကိုယ်မှာတွေ့တာ၊ ကိုယ်မှာပေါ်ဒါက ငါးမျိုးယူပါ၊ ဟောဒါ အရင်းဘဲ၊ ပထမညတုံးက ပြောကဲ့တဲ့စကား ဒီမှာလာကိုက်တယ်၊ ကိုယ်မှာပေါ်ဒါ ငါးမျိုး မှတ်နေပါ၊ အရင်းလဲမပါဘူး၊ ထမင်းဟင်းတွေချက်ပြီး ခူးပြီး ခပ်ပြီးသား အသာကလေးစားရသလိုဘဲ၊ အရင်းမပါဘူးနော်၊ အရင်းမပါတော့ စာတတ်သောပုဂ္ဂိုလ်တို့သည်၊ ဝေဖန်မှုတွေသိပ် များမှာဘဲ၊ ဘယ်လိုပြတဲ့တရားလဲ ကိုယ်တွေ့ဆိုလျှင်လဲ ဒီလိုမဟုတ်ပါဘူး၊ မျက်လုံးတွေဆိုလျှင်လဲ ဒီလိုမဟုတ်ပါဘူး စသည် ဖြင့်ဝေဖန်တတ်ထာဘဲ၊ ဆရာတော်တို့လဲစာတတ်သမားဖြစ်သော ကြောင့်၊ တော်ရုံ တန်ရုံ မယုံပါဘူး ဝေဖန်တာဘဲ၊ အခုအရင်း ကျကျ ပြလိုက်တဲ့ အခါကျတော့ ဝေဖန်မှုတွေ ကင်းမသွားဘူး လား ?

॥ ကင်းသွားပါတယ်ဘုရား॥ ॥

အဲဒါ ကိုယ်မှာတွေ့ရုံ တွေ့တာ၊ ကိုယ်မှာ ပေါ်ရုံ ပေါ်ပြတာနော်॥

ခေါင်းထဲမှာပေါ်ဒါဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါဘုရား॥ ॥

အလယ်ပိုင်းပေါ်ဒါ ဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါဘုရား॥ ॥

အောက်ပိုင်းပေါ်ဒါ ဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါဘုရား॥ ॥

ကွက်ကွက်ပေါ်လျှင် ဘယ်နှစ်မျိုး ?

။ ငါးမျိုးပါဘုရား။ ။

တကိုယ်လုံးပေါ်ဒါ ဘယ်နှစ်မျိုး ?

။ ငါးမျိုးပါဘုရား။ ။

တနေရာထဲ တပြိုင်နက်ပေါ်ဒါက သုံးမျိုးဘဲရှိတယ်၊ ငါးမျိုးလုံးတပြိုင်နက်မပေါ်နိုင်ဘူး၊ ပူဒါနဲ့ အေးဒါကလဲ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်တခုယူ၊ ဆင်းရဲဒါနဲ့ ချမ်းသာဒါလဲ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၊ တနေရာထဲမှာ တခုသာပေါ်၊ ဒီလိုဆိုလျှင် ကိန်းသေယူလိုက်မယ်။

ပူ-လှုပ်-ဆင်းရဲ သုံးခုတွဲတာကတမျိုး။

ပူ-လှုပ်-ချမ်းသာ သုံးခုတွဲတာကတမျိုး။

အေး-လှုပ်-ဆင်းရဲ သုံးခုတွဲတာကတမျိုး။

အေး-လှုပ်-ချမ်းသာ သုံးခုတွဲတာကတမျိုး။

## အစိပ္ပါယ်။

ခန္ဓာမှာအပူလေးပေါ်လျှင်၊ လှုပ်ထာလေးလဲ ပါတတ်သည်၊ မခံသာလျှင် ဆင်းရဲမှုလဲပါတတ်သည်၊ ခံသာလျှင် ချမ်းသာမှုလဲ ပါတတ်သည်၊ ကိန်းသေယူကြ။

ခန္ဓာထဲမှာ အအေးလဲ ပေါ်တတ်သည်၊ တိုးအေးဒါဖြစ်ဖြစ်၊ တန့်အေးဒါဖြစ်ဖြစ်၊ လျော့အေးဒါဖြစ်ဖြစ်၊ အေးဒါလေးပေါ်

တတ်သည်၊ အေးဒါလေးပေါ်မယ်ဆိုလျှင်၊ လှုပ်ထလေးလဲ ပါတတ်သည်၊ မခံသာလျှင် ဆင်းရဲမှုလဲပါတတ်သည်၊ ခံသာလျှင် ချမ်းသာမှုလဲ ပါတတ်သည်၊ ကိုယ်တွေ့ ကိန်းသေမှတ်၊ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဒါ ကိန်းသေ ပြောနေတာ၊ စာတွေ့တွေပြောနေဒါ မဟုတ်ဘူး၊ ကိုယ်တွေ့တွေပြောနေဒါ၊ ကိုယ်တွေ့ဆိုလျှင်၊ စာတွေ့လဲ ကိုက်ထာဘဲ။

မကိုက်ဘူးလား ?

॥ ကိုက်ပါတယ်ဘုရား॥ ॥

တေဇော နဲ့ ဝါယော ဟာ ကင်းရဲ့လား?

॥ မကင်းပါဘူး ဘုရား॥ ॥

သီတတေဇော ရှိလျှင်လဲ, လေရှိမှာဘဲ, ဥဏှတေဇော ရှိလျှင်လဲ, လေရှိမှာဘဲ၊ အဲဒီ- ပူ,အေး,လှုပ်, နဲ့ ပတ်သက်၍ ဖေါဋ္ဌဗ္ဗ- ဓါတ် နဲ့ ကာယနဲ့, ထိမယ်ဆိုလျှင် ဒုက္ခ, သုခ, ရှိ ပြီး သွားဘဲ မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ် ဘုရား॥ ॥

ဒုက္ခ, သုခ, ရှိပြီးသွားဘဲ၊ ဒါက ကိန်းသေ စာလဲ ကိုက်ထာဘဲ, ခန္ဓာလဲကိုက်ထာဘဲ၊ ရှင်းသွားပြီနော်၊ အဲ ဒါ ကိုယ်တွေ့ကလေးစစ်ထာ သေသေချာချာ မှတ်ပါ၊ ကိုယ်ထဲမှာ တွေ့ရှိ

တွေ့တာ, ပေါ်ရုံ, ပေါ်ပြတာ ငါးမျိုး၊ သူတို့က ပေါ်တဲ့ဘက်က ခေါ်တယ်။

ရုပ်ရှင်၌ ပိတ်ကားထဲမှာ ပေါ်ရုံ, ပေါ်ပြတာက အရုပ်ကလေးတွေနော်၊ အရုပ်ကလေးသည် ပေါ်တဲ့ ဘက်ကလား, မြင်တဲ့ဘက်ကလား ?

॥ ပေါ်တဲ့ဘက်ကပါ ဘုရား။

မြင်တာကတော့ ရုပ်ရှင်ကြည့်သူနော်၊ ဒီမှာလဲဘဲ, ကိုယ်ထဲမှာ ပေါ်ရုံ, ပေါ်ပြတာ ဘယ်နှစ်မျိုး ?

॥ ငါးမျိုးပါ ဘုရား။ ॥

သူက ပေါ်ရုံ, ပေါ်ပြတာ, သူက မမြင်ဘူး၊ မြင်စရာရှိလျှင် ဉာဏ်ကမြင်, ဟော - စကားနှစ်ခွန်းစပ်မှ အဓိပ္ပါယ်တခု လာတယ်,ခေါ်ထားတာကြည့်ပါလား၊ 'ကိုယ်တွေ့,ဉာဏ်မြင်တဲ့'အခု ပြောတာ ကိုယ်တွေ့နော်၊ ကိုယ်တွေ့ဆိုတာ ကိုယ်ထဲမှာပေါ်တဲ့ တရားတွေ ခေါ်တယ်။

ရှင်းပလား ?

॥ ရှင်ပါပြီ ဘုရား။ ॥

## ဉာဏ်မြင် စစ်ပြပုံ။

ကဲ....ဉာဏ်မြင် စစ်မယ်၊ ပက္ကုသာတိ မင်းကြီး ဓါတ်ခြောက်ပါးနဲ့ ရဟန္တာဖြစ်တဲ့ထုံး ဆရာတော်က နှလုံးသွင်း ပြန်သည်၊ ဒါလက်ကိုင်တုတ် ခေါ်တယ်၊ ဆရာတော် လက်ကိုင်တုတ် နှစ်ခု ထားတယ်။

(၁) ကိုယ်တွေ့ ဉာဏ်မြင်ကို လက်ကိုင်တုတ် တခု။
(၂) ဓါတ်ခြောက်ပါးကို လက်ကိုင်တုတ်တခု။

အားလုံး ဘယ်နှစ်ခုလဲ ?

။ နှစ်ခုပါ ဘုရား။ ။

စာတတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ ရှင်းသွားတာဘဲ။

**ဓါတ်ခြောက်ပါး ခွဲပြပုံ။**

ရုပ်ဓါတ်က ငါးပါး၊ မဟာဘုတ် လေးပါးနဲ့ အာကာသ ဓါတ်တပါး ပေါင်း ငါးပါး ရှိသွားပြီး၊ နာမ်ဓါတ်က တပါးထဲ ဝိညာဏဓါတ်၊ သိမှုလေးတလုံး ယူလိုက်တယ်၊ ဘာမှ ခွဲမနေ တော့ဘူး၊ စိတ်၊ စေတသိက် - ခွဲမနေ၊ စိတ်တခု၊ စေတသိက်၊ ခုနှစ်ခု၊ နာမ်ဓါတ်ရှစ်ပါးခွဲမနေ၊ စိတ်ကလေးကတလုံး၊ စေတ သိက်က ငါးဆယ့်နှစ်ပါး၊ နာမ်တေပညာသ ခွဲမနေ၊ သိမှုက လေးသာ ယူလိုက်တယ်၊ ကျဉ်းကျဉ်း ကလေး ဘယ့်လောက် ကောင်းထားသလဲ၊ဒီ သိမှု ကလေးကိုပင်လျှင် လူတို့ အခေါ်များ ရာ“ဉာဏ်”လို့ခေါ်၏၊“နာမ်”လို့ ခေါ်၏၊“စိတ်”လို့လဲခေါ် ၏၊ အခေါ်များရာ လိုက်ပြီးသကာလ “ဉာဏ်နဲ့ မြင်တယ်”၊ “နာမ်နဲ့ မြင်တယ်”၊ “စိတ်နဲ့မြင်တယ်” ပြောချင်သလို ပြော နေဒ်....။

အခု ဒီမှာတော့ စိတ်သုံးတာကိုး စိတ် ဘယ်မှာထား ?

။ ရင်မှာ ထားပါ ဘုရား။ ။

ရင်မှာ ထားပြီး ဘာလုပ်နေ ?

။ ကိုယ်မှာ ပေါ်ဒါ ငါးမျိုး မှတ်နေပါ ဘုရား။ ။

ဘာနဲ့ မှတ်နေ ?

။ ။စိတ်နဲ့ မှတ်ပါ ဘုရား။ ။

စိတ်နဲ့မှတ်, စိတ်သုံးတာကိုး စိတ်နဲ့ မှတ်တယ်, ဉာဏ်နဲ့ မှတ်တယ်, စိတ်နဲ့မြင်တယ်, ဉာဏ်နဲ့မြင်တယ်, စကားသုံး ဒီမှာ အတူတူဘဲ၊ ဉာဏ် အစား, ဒီမှာ စိတ်သုံးနေတာကို ဟုတ်ဘူး လား၊ စိတ်နဲ့ စေတသိက်နဲ့ ခွဲမှ မခွဲဘဲ, ဉာဏ်လို့လဲ ခွဲမှ မခွဲ ဘဲ, အကုန်လုံး တခုထဲ ယူထားတယ်နော်....ခွဲရဲ့လား ?

။ မခွဲပါ ဘုရား။ ။

ဒါဖြင့် မြင်စရာရှိလျှင်, ဉာဏ်က မြင်မယ်, နာမ်က မြင်မယ်, စိတ်ကမြင်မယ်လို့ ဆိုလိုသည်။

**စိတ်ရင်မှာ ထားရပုံ။**

ဉာဏ်သည်, နာမ်သည်, စိတ်သည်, ဘယ်မှာ နေသလဲ မေး လျှင်, နှလုံးအိမ်ထဲမှာနေတယ်၊ နှလုံးအိမ်သည်, ဘယ်ထဲ မှာ နေသလဲ မေးလျှင်, ရင်ထဲမှာ နေတယ်၊ သား မြတ် နှစ်ခု တို့၏ အလယ်ရင်ချိုင့် ရိုးအလယ် တည့်တည့်မှာ နေသည်, ရှင်းရဲ့ လား.... ?

။ ရှင်းပါတယ် ဘုရား။ ။

ဒါဖြင့်, ရင်ကို ထောက်ထားလိုက်နော်၊ စစ်စစ် ပြောလျှင်, ဉာဏ်ကမြင်တယ်, နာမ်ကမြင်တယ်, စိတ်က မြင်တယ်, ဌာန တည်ရာနဲ့ ပြောမယ်ဆိုလျှင်, ရင်က မြင်တယ်၊ ရင်ထဲမှာ စိတ်ရှိ တာကိုး။

နေရာနဲ့ပြောလျှင်, ဘယ်က မြင်သလဲ ?

॥ ရင်ထဲက မြင်ပါတယ် ဘုရား॥ ॥

ရင်က မြင်တယ်၊ ဘယ်နေရာကမြင်သလဲ...., ရင်ကဘဲ မြင်တယ် - ဟုတ်ဘူးလား၊ မြင်စရာ ရှိလျှင် ရင်ကကြီး ဒိုင်ခံ မြင်သောကြောင့် စိတ်သည် ရင်မှာဘဲ ထားတဲ့, ဟော.... ရင်မှာထားခြင်း အကြောင်းကလေး ပေါ်လာပြီ၊ ဉာဏ်မြင်ကြည့်ပြီးတော့, အင်္ဂါတခု ယူလိုက်ရတယ်, စိတ် ဘယ်မှာထား ?

॥ ရင်မှာထားပါ ဘုရား॥ ॥

ဘာဖြစ်လို့လဲ မေးလျှင်, မြင်စရာရှိလျှင်, ရင်က ကြီးဘဲ.... ဒိုင်ခံမြင်လို့ ဟုတ်ကျရဲ့လား ?

॥ ဟုတ်ပါတယ် ဘုရား॥ ॥

**ကိုယ်တွေ့ မြင်ပုံ။**

ဘာတွေ့ မြင်မလဲမေးလျှင်, ကိုယ်တွေ့ ကြည့် ပြောရတယ်၊ ကိုယ်တွေ့ကြည့် ပြောရတယ်၊ ကိုယ်မှာ ပေါ်ဒါ ငါးမျိုး မြင်နေသည်။

သဘောကျ ပလား ?

॥ ကျပါတယ် ဘုရား॥ ॥

ကိုယ်မှာ ပေါ်ဒါ ငါးမျိုးတဲ့၊ အဲဒါက အင်္ဂါတခု ခေါ်တယ်၊ အဲဒါလေးဘဲ, အခု ဒီမှာ ညက ပြောတဲ့ စကား ဆုံး-ဆည်းသွားတယ်၊ အခု အကျဉ်းချုပ် ပြောတဲ့စကား, ဒီမှာ လာကိုက်သွားတယ် ခေါ်တယ်။

ယောဂီတို့ စိတ်ဘယ်မှာထား ?

။ ရင်မှာထားပါ ဘုရား။ ။

အဲဒါ ဉာဏ်မြင် ကြည့်ပြောဒါ, ဘာလုပ်နေ ?

။ ပေါ်ဒါ ငါးမျိုး မှတ်နေပါ ဘုရား။ ။

ရှင်းရှင်းလေး, ဆရာတော်တို့ပြောတာ ကြည့်ပါလား၊ ကိုယ်မှာ ပေါ်ဒါ ငါးမျိုးမှတ်နေတဲ့၊ ကိုယ်တွေ့ကြည့်ပြောတာ မျက်-လုံးမှာ ပေါ်ဒါမဟုတ်, နားမှာ ပေါ်ဒါမဟုတ်, နှာခေါင်းမှာ ပေါ်ဒါမဟုတ်, လျှာမှာ ပေါ်ဒါ မဟုတ်, မနောမှာ ပေါ်ဒါ မဟုတ်, ဘယ်က ပေါ်သလဲ ?

။ ကိုယ်က, ပေါ်ပါတယ် ဘုရား။ ။

ကိုယ်က ပေါ်ဒါမှတ်ရတယ်၊ မျက်လုံးက ပေါ်တယ်ဆိုလျှင်, အဆင်း, နားက ပေါ်တယ်ဆိုလျှင်, အသံ, နှာခေါင်းက ပေါ်တယ်ဆိုလျှင်, အနံ့, လျှာက ပေါ်တယ် ဆိုလျှင် အရသာ, မနောမှာပေါ်တယ်ဆိုလျှင်,သဘော,ဒါတွေ မှတ်ထာမဟုတ်ဘူး၊ ကိုယ်မှာ ပေါ်ဒါ မှတ်တယ်တဲ့။

ဘယ် နှစ်မျိုးလဲ ?

။ ငါးမျိုးပါ ဘုရား။ ။

အဲဒါဘဲ ရှင်းရှင်းလေး, သူ့ဟာ သူမှတ်ထား, သူ့အကွက်နဲ့ သူ....လာရတယ်နော်။

**ပေါ်ဒါငါးမျိုး မှတ်ပုံနည်း။**

ကဲ....ကိုယ်မှာ ပေါ်ဒါငါးမျိုး မှတ်ကြစို့, ပြောကြစို့တဲ့၊ နာမည်ပေးမယ်နော်....ဗမာလို။

ပူလျှင်....ပူဒါ။

အေးလျှင်....အေးဒါ။

လှုပ်လျှင်....လှုပ်ထာ။

ဆင်းရဲလျှင်....ဆင်းရဲဒါ။

ချမ်းသာလျှင်....ချမ်းသာဒါ။

ဒီလို မမှတ်ဘူးလား ?

မှတ်ပါတယ် ဘုရား။ ။

လှုပ်လျှင်, လှုပ်(ထာ) လှုပ်ထာ, ရှင်းရှင်းလေးနော်၊ လှုပ်(တာ)မဟုတ်ဘူး, လှုပ်ထာ - ကျကျနန ရှင်းရှင်း ဆိုနော်၊ အဲ....ဒါ ဗမာလို မှတ်ထာဘဲ၊ သရာတော်က (ဒါ)သုံးတယ်၊ တချို့နေရာမှာ (တယ်)သုံးတယ် ခေါ်တယ်၊ "ဂစ္ဆန္တော - ဂစ္ဆာမီတိ- ပဇာနာတိ"သွား, သွားတယ်၊ အဲဒါက နာမ်သိ ပုံလေး ခေါ်တယ်, နာမ်သိပုံဆိုလျှင်(တယ်)သုံးကြ၊ နောက် ပြီး တော့ ဆိုလျှင်လဲ, ရုပ်ကို နာမည်ပေးမယ်ဆိုလျှင် (ဒါ) သုံးကြ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ် ဘုရား။ ။

**အမှတ်ထူးတာ။**

အပူလေးဟာ....ဘာခေါ် ?

။ ပူဒါ....ခေါ်ပါဘုရား။ ။

အအေးလေးဟာ....ဘာခေါ် ?

။ အေးဒါ....ခေါ်ပါ ဘုရား။ ။

အလှုပ်ကလေးဟာ....ဘာခေါ် ?

။ လှုပ်ထာ....ခေါ်ပါဘုရား။ ။

ဆင်းရဲလေးဟာ....ဘာခေါ် ?

။ ဆင်းရဲဒါ....ခေါ်ပါ ဘုရား။ ။

ချမ်းသာလေးဟာ....ဘာခေါ် ?

။ ချမ်းသာဒါ....ခေါ်ပါ ဘုရား။ ။

နာမည်....နာမည်-နော်....ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ် ဘုရား။ ။

ဤကဲ့သို့ နာမည်ပေးနိုင်ခြင်းသည် အမှတ်ထူးတာ....။

ဟော....အမှတ်ထူးတယ်၊ ရှေ့က အမှတ်နဲ့ မတူတော့ဘူး၊ ရှေးတုန်းက မှတ်ခဲ့တာ, ရှေးတုန်းက ခေါ်ခဲ့တာ ပြန်သတိ.... ထားစမ်း။

အပူကလေးကို....ငါလို့မခေါ်ခဲ့ဘူးလား ?

။ ခေါ်ခဲ့ပါတယ် ဘုရား။ ။

အသား,အရေ,အကြော,ခေါင်း,ကိုယ်,ခြေလက်,ယောကျ်ား, မိန်းမ, စသည်လို့ မခေါ်ခဲ့ဘူးလား ?

။ ခေါ်ခဲ့ပါ ဘုရား။ ။

မမှတ်ခဲ့ ဘူးလား ?

။ မှတ်ခဲ့ပါဘုရား။ ။

အပူကလေးကို-အဝတ်၊အပူလေးကို-အစား၊နေစရာ-ထိုင်စရာ၊ အပူလေးကို ပုတီးလက်ကောက်-ဒွါဒယာ-တန်းဆာလို့ မမှတ်ခဲ့ဘူးလား ?

။ မှတ်ခဲ့ပါတယ်ဘုရား။ ။

အပူလေးကို မီး, နေ၊ အပူလေးကို ဂျင်း-ငြုပ်-ပိတ်ချင်း-အဲဒီလို မမှတ်ခဲ့ဘူး ?

။ မှတ်ခဲ့ပါတယ်ဘုရား။ ။

အဲဒီအပူကလေးကို ဖျားတယ်-ဖျားတယ်လို့ မမှတ်ခဲ့ဘူးလား?

။ မှတ်ခဲ့ပါတယ်ဘုရား။ ။

အဲဒီအမှတ်တွေထက်အခုအမှတ်ကထူးလာတယ်-ထူးလာတယ် ပူ-ပူဒါ, စာလို ဥဏှာတေဇော၊ ရှေ့ကအမှတ် ရှေ့ကအခေါ်နဲ့ မတူတော့ဘူး၊ ရှေ့ကအမှတ်က သာမညအမှတ်၊ အနုမတဂ္ဂသံသရာကစ၍၊ဆရာကောင်းသမားထံမှာ၊ "ဥပ-နိဿ" မရသေးလျှင် အဲဒီလိုအမှတ်ကြီးဘဲလာခဲ့တယ်၊ မထူးတဲ့အမှတ် လူတိုင်းသာမညဆက်ဆံတဲ့အမှတ်ဖြစ်သောကြောင့်၊ထိုအမှတ်သည်မထူးတဲ့အမှတ် အမှတ်မှားခေါ်တယ်။

**အမှတ်ထူးတာ-သမ္မာဒိဋ္ဌိပါ။**

ယခုဘုရားပွင့်တဲ့အခါ၊ ပဋိပတ္တိ သာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့အခါ အမှတ်တွေထူးလာတယ်၊ ပူ-ပူဒါ၊ အေး,အေးဒါ၊

လှုပ်,လှုပ်ထ၊ ဆင်းရဲ,ဆင်းရဲဒါ၊ ချမ်းသာ, ချမ်းသာဒါ၊ လို့ အမှတ်ခိုင်းခြင်းသည်၊ အမှတ်ထူးတာ။

"အမှတ်ထူးတာ သင်သိဝိပဿနာ၊ အမှတ်မှန်တာ သမ္မာဒိဋ္ဌိ, အစစ်ပါ" ကိုယ်တွေနဲ့ ကိုက်လို့နော်။

အပူကို....စာလို....ဥဏှတေဇော။

အအေးကို....စာလို....သီတတေဇော။

အလှုပ်ကလေးကို....စာလို....လှုပ်ရှားဝါယော။

ဆင်းရဲဒါလေးကို....စာလို....ဒုက္ခဝေဒနာ။

ချမ်းသာ ဒါလေးကို....စာလို....သုခဝေဒနာ, လို့ မှတ်ခြင်းသည်....။

စာလို...အမှတ်ထူးတာ....သင်သိ ဝိပဿနာ။

စာလို....အမှတ်မှန်တာ....သမ္မာဒိဋ္ဌိ, အစစ်ပါ။

## ထူးလျှင် ဝိပဿနာ မှန်လျှင် သမ္မာဒိဋ္ဌိ။

ဝိပဿနာနဲ့ သမ္မာဒိဋ္ဌိ ဆိုတာက စကားသာ ကွဲတယ်....၊ အဓိပ္ပါယ်အတူတူဘဲ၊ ထူးလျှင်, ဝိပဿနာ မှန်လျှင်, သမ္မာဒိဋ္ဌိ၊ ထူးတိုင်းလဲ မှန်တာ မဟုတ်ဘူး၊ ကိုယ်တွေနဲ့ ကိုက်လျှင်, မှန်၏၊ စာတွေနဲ့ ကိုက်လျှင် မှန်၏။

သဘောကျပလား ?

။ ကျပါတယ် ဘုရား။ ။

ပူ-ပူဒါ၊ အေး-အေးဒါ၊ အဲဒီလို ဗမာလို မှတ်ခိုင်းခြင်းသည် ကိုယ်တွေ့နဲ့ ကိုက်သောကြောင့်, သမ္မာဒိဋ္ဌိ အစစ်ဘဲ၊ အပူကလေးကို ဥဏှတေဇော, အအေးကလေးကို သီတတေဇော, ဒီလို မှတ်ခိုင်းခြင်းသည် စာတွေ့, သဗ္ဗညုတ ရွှေဉာဏ်တော်အရာနဲ့ ကိုက်သောကြောင့်, အဲဒါကလဲဘဲ သမ္မာဒိဋ္ဌိ အစစ်ဘဲတဲ့။

သဘောကျပလား ?

။ ကျပါပြီ ဘုရား။ ။

သူ့ဟာ သူ, ရှင်းရှင်းလေး မှတ်ထားကြ၊အဲဒါ ပါလာပြီ, အမှတ်ထူးတာ, ရှေ့ဆက်သွားတော့မယ်, သင်္သိဝိပဿနာ။

ဟော....အမှတ်ထူးလျှင်, ဘာဖြစ်သလဲ ?

။ သင်္သိ....ဝိပဿနာ ဖြစ်ပါတယ် ဘုရား။ ။

ဝိပဿနာ အားထုတ်ပုံ, အားထုတ်နည်း, သင်တန်း တက်လို့ သိပြီတဲ့၊ ကသစ်ဝိုင် ဆရာတော် ဘုရားကြီး နည်းရသွားပြီ၊ မင်းအားထုတ်ပုံ ရပလား, ရသွားပြီလို့ ဆိုလိုတယ်နော်....။

နဲနဲကလေးပြောအုံးမယ်၊ခုနတုန်းကတော့,ဓါတုမနသိကာရပဗ္ဗ, အတွက်ဘဲ ရှိသေးတယ်၊ ဣရိယာပုထ်လေးနဲ့ ပတ်သက်၍ ကြာကြာကလေးထိုင်, ကြာကြာလေးအိပ်, ကြာကြာလေးရပ်, ကြာကြာလေးသွား။

စိတ်တော့....ဘယ်မှာထား ?

။ ရင်မှာထားပါ ဘုရား။ ။

ရင်မှာ ထားပြီး, ပေါဒါ ငါးမျိုး မှတ်နေ ပါ၊ ဣရိယာ-ပထပဗ္ဗ အတွက်, အလုပ်မရွေး, ဘယ်အလုပ်ကို လုပ်ကိုင်, လုပ်ကိုင်, စိတ်ရင်မှာ ထား, ကိုယ်မှာ ပေါဒါ ငါးမျိုး မှတ်နေပါ။

နေရာမရွေး, ဘယ်နေရာ ရောက်ရောက်၊ စိတ်ရင်မှာ ထား, ကိုယ်မှာ ပေါဒါ, ငါးမျိုး မှတ်နေပါ၊ အချိန်မရွေး, ဘယ်အချိန်မျိုးမဆို စိတ်ရင်မှာထား, ပေါဒါငါးမျိုး, မှတ်နေပါ။

အကျဉ်းချုပ်တော့မယ်၊ ကိုယ်တွေ့ ဉာဏ်မြင်ကို အ ကျဉ်းချုပ် ပဓါနထားသောကြောင့် စိတ်ရင်ထဲမှာ ထားပြီး၊ ကိုယ်မှာ ပေါဒါ, ငါးမျိုး မှတ်နေခြင်းသည် အကျဉ်းချုပ် နည်းတခု.... ပါဘဲ။

သဘောကျ ပလား ?

။ ကျပါပြီ ဘုရား။ ။

**ဒိဋ္ဌိဖြုတ်ပုံနည်းတဖုံ။**

အဲဒါကလေး ရှင်းရှင်းမှတ်ထား၊ အမှတ်ထူးတာ, သင် သိဝိပဿနာ, ဟောနာမ်ရုပ် အမှားကို ဝိပဿနာနဲ့ ဖြုတ်၊ ဒီမှာလာခဲ့, ဝိပဿနာမှာ သင်သိဝိပဿနာနဲ့ ဖြုတ်ရမယ်၊ သင်သိဆိုတော့, ပူ-ပူ ဒါ, အေး-အေးဒါ, ဒီလိုမဟုတ် ဘူးလား၊ ဒါဖြင့် နာမ်ရုပ်အမှားကို ပူဒါကလေးနဲ့ ဖြုတ်, အေး ဒါကလေးနဲ့ ဖြုတ်, လှုပ်ထာ ကလေးနဲ့ ဖြုတ်,ဆင်းရဲဒါကလေးနဲ့ ဖြုတ်, ချမ်းသာဒါကလေးနဲ့ ဖြုတ်, ဖြုတ်ပုံ ပြောမယ်၊ ခန္ဓာ ထဲမှာ, အပူပေါ်လျှင်, သိတာ မပေါ်ဘူးလား ?

။ ပေါ်ပါတယ် ဘုရား။ ။

ပူသိနော်.... အဲဒီပူသိမှာဆိုလျှင် ခေါင်းဆောင် အမှားကြီး ဘာ ငါနော်....၊ 'ငါ'ဖြစ်ပြမယ်၊ ရှေးတုန်းက သင်သိဝိပဿနာ ဥဋ္ဌိပတ္တိ ဆရာသမားကောင်းနဲ့ မတွေ့တဲ့အချိန်မှာ အပူကို ငါလို့ မယူဘူးလား ?

။ ယူပါတယ်ဘုရား။ ။

အသိကို "ငါ" လို့ မယူဘူးလား ?

။ ယူပါတယ်ဘုရား။ ။

ငါပူတယ်၊ ငါသိတယ်လို့ မပြောဘူးလား ?

။ ပြောပါတယ်ဘုရား။ ။

ပြောရုံ ပြောတာ မဟုတ်ဘူး၊ မှတ်လဲ မှတ်ထာဘဲ၊ ဘယ်သူ ပူသလဲ၊ ငါပူတယ်၊ ဘယ်သူသိသလဲ၊ ငါကိုယ်တိုင်သိတယ်၊ ရဲရဲ ကြီးတောင် ပြောသေးတာဘဲ။

ဒါဖြင့် ပူသိကို ငါလို့ မှတ်မနေဘူးလား ?

။ မှတ်နေပါတယ်ဘုရား။ ။

မှတ်နေလျှင် အမှတ်မှားလား မှန်လား ?

။ အမှားပါဘုရား။ ။

အဲဒါ နာမ်ရုပ်မှားတာ၊ ကဲ....ဖြစ်တော့မယ်။

ပူသိကို ပူသိလို့ မမှတ်လိုက်ဘူးလား ?

။ မှတ်ပါတယ်ဘုရား။ ။

အပူကို ပူဒါ၊ အသိကို သိဒါ၊ လို့ မမှတ်လိုက်ဘူးလား ?

။ မှတ်လိုက်ပါတယ်ဘုရား။ ။

အဲဒီလို မှတ်လိုက်မယ်ဆိုလျှင် ပူသိပေါ်မှာ ငုတ်နေတဲ့ ငါ-ရှိသေးသလား ?

။ မရှိတော့ပါဘူး ဘုရား။ ။

ပူဒါဘယ်သူ ?

။ ရုပ်ပါဘုရား။ ။

ဟာ.... ဆရာတော်က စာမတတ်ဘူး၊ ရုပ်တွေ, နာမ်တွေ, မလုပ်နဲ့ ?

။ ပူဒါက ပူဒါပါဘုရား။ ။

အဲ- ပူဒါက ပူတယ်၊ အသိဟာ ဘယ်သူ ?

။ သိဒါက သိပါတယ်ဘုရား။ ။

သိဒါက သိတယ်လို့ ဒီလို ရှင်းလိုက်လျှင် ပြီးဟာဘဲ ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

စာကလဲ အင်္ဂလိပ်စကားလိုဘဲ၊ တချို့လဲ တတ်မှ မတတ်ဘဲ ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ပူ-ပူဒါ, သိ-သိဒါ, ဒီလိုမှတ်လိုက်လျှင် ပူသိပေါ်မှာ ငုတ်နေတဲ့ 'ငါ' ပြုတ်၊ ပူသိပေါ်မှာငုတ်တဲ့ အသားအရေ, အကြော, တွေ ပြုတ်၊ ပူသိပေါ်မှာ ငုတ်တဲ့ ခေါင်း, ကိုယ်, ခြေလက်, စသည် ပြုတ်၊ ပူသိပေါ်မှာ ငုတ်တဲ့ ယောကျ်ား, မိန်းမ, စသည်ပြုတ်၊

အဝတ်ပြုတ်၊ အစားပြုတ်၊ အနေအထိုင်ပြုတ်, အသုံးအဆောင်ပြုတ်။

ထမင်းပူဒါ ဟုတ်ကဲ့လား ?

။ မဟုတ်ပါဘူးဘုရား။ ။

ဘယ်သူက ပူသလဲ ?

။ ပူဒါက ပူပါတယ်ဘုရား။ ။

အဲ....ရှင်းသွားတာဘဲ၊ ဟင်းတွေပူတာ ဟုတ်ကဲ့လား ?

။ မဟုတ်ပါဘူးဘုရား။ ။

ထမင်းအေးဒါ ဟုတ်ကဲ့လား ?

။ မဟုတ်ပါဘူးဘုရား။ ။

ဘယ်သူက အေးသလဲ ?

။ အေးဒါက အေးပါတယ်ဘုရား။ ။

ကဲ....ဒါဖြင့် အေးဒါက အေးတယ်ဆိုလျှင် ထမင်းက ပူလိုက်ထာ၊ ထမင်းက အေးလိုက်ယာလို့ ချေးမများကြနဲ့၊ ထမင်းက သူ့ဟာသူဘဲ၊ ထမင်းနဲ့ ပူဒါ နှစ်ခုလား, တခုထဲလား၊ နှစ်ခုနော်....ထမင်း-ထမင်း သပ်သပ်၊ ပူ-ပူဒါ သပ်သပ်ပေါ့။

ထမင်းက အေးတယ်ဆိုတဲ့နေရာမှာ ထမင်းတခြား,အေးဒါတခြား, နှစ်ခုနော်....၊ အဲဒါဖြင့် ထမင်းကို အပြစ်မတင်နဲ့ပေါ့၊ ပူဒါနဲ့, အေးဒါနဲ့, အပြစ်တင်။

ပူဒါ၊ အေးဒါ၊ကော ကိုယ်လုပ်လို့ ရသလား ?

။ မရပါဘူးဘုရား ။ ။

သူ့အကြောင်းနဲ့ သူ့ဟာသူပူ၊ သူ့အကြောင်းနဲ့ သူ့ဟာသူ အေးတာဘဲ ဟုတ်ဘူးလား ?

။ဟုတ်ပါတယ်ဘုရား ။ ။

ထမင်းက ထွေးလိုက်ထာ၊ ထမင်းက မာလိုက်ထာလို့ မာဒါက ပထဝီဘဲ၊ ထမင်းက မာဒါလား၊ သူ့ဟာသူ မာဒါလား ?

သူ့ဟာသူ မာဒါပါဘုရား ။ ။

အဲ- ထမင်းက မာတယ်၊ ဘာတယ်နဲ့ လုပ်စရာမလိုဘူး၊ ဒီလို လုပ်လျှင် ဧရာထွေးလိမ့်မယ်နော်.... သဘောကျပလား ?

။ ကျပါပြီဘုရား ။

ဟော....ကြည့်၊ သင်သိနဲ့ ဖြုတ်လိုက်ထာနော်၊ အေးသိကို အေးသိယူမယ်ဆိုလျှင် အေးသိပေါ်မှာငုတ်တဲ့ 'ငါ'စသည် ပြုတ်သွားတာဘဲ၊ လှုပ်သိကို လှုပ်သိလို့ ယူမယ်ဆိုလျှင် လှုပ်သိပေါ်မှာ ငုတ်တဲ့ 'ငါ'စသည် ပြုတ်သွားတာဘဲ။

လှုပ်လျှင် ဘယ်သူလဲ ?

။ လှုပ်ထာပါဘုရား ။ ။

လှုပ်ထာ ဘယ်သူက လှုပ်သလဲ ?

။ လှုပ်ထာက လှုပ်ပါတယ်ဘုရား ။ ။

လုပ်ထာက လုပ်တယ်ဆိုလျှင် အသားလုပ် ရှိသေးသလား ?

॥ မရှိပါဘူးဘုရား॥ ॥

အရေလုပ် ရှိသေးသလား ?

॥ မရှိပါဘူးဘုရား॥ ॥

ခေါင်း၊ ကိုယ်၊ ခြေလက်၊ လုပ်ထာ ရှိသေးသလား ?

॥ မရှိပါဘူးဘုရား॥ ॥

ခြေဖဝါးလုပ်ထာ ရှိသေးသလား ?

॥ မရှိပါဘုရား॥ ॥

ဒီလိုဆိုလျှင် အသားလုပ်ကျမ်းတွေ ကြည့်အုံးမလား ?

॥ ကြည့်ဘို့ မလိုပါဘုရား॥ ॥

ဟာ....ငါဖြင့် မျက်ရည်ခံလုပ်လိုက်ထာ ဘယ့်နဲ့ဖြစ်ပါလိမ့်မလဲ၊ အိမ်မှာလဲ အသားလုပ်ကျမ်းဟာ ပျောက်သွားတာဘဲ၊ လိုက်ရှာအုံးမလား ?

॥ မရှာတော့ပါဘူး ဘုရား॥ ॥

မျက်ရည်ခံလုပ်လို့ ငိုရမယ်ဆိုလျှင် ယောဂီတို့ဟာ အငိုတိတ်ရမှာ မဟုတ်ဘူး၊ ခြေဖဝါး လုပ်လို့ ခရီးသွားရမယ် ဆိုလျှင် ယောဂီတို့မှာ ငြိမ်ငြိမ်နေရမှာ မဟုတ်ဘူး၊ ကျောကုန်းလုပ်လို့ အရိုက်ခံရမယ်ဆိုလျှင် အိမ်သာပြန်တော့။

အလုပ်သဘော လုပ်ရှား ဝါယော။

အင်း....လုပ်၊ လုပ်ထာ၊ စာလိုအားဖြင့် လုပ်ရှား ဝါယောက လုပ်ထာဆိုလျှင် အသားလုပ်ထာ၊ ဘာလုပ်ထာ မရှိတော့ဘူး၊

ဟို-အသားလှုပ်ကျမ်းတွေကလဲဘဲ ပညတ်ပေါ်မှာ တင်ထားတာ, ပရမတ်ပေါ်မှာ တင်ထားတာ မှ မဟုတ်ဘဲ။

ဝါယောဓါတ်က လှုပ်တယ်လို့ဆိုတာ, ဒီလိုဆိုလျှင် အသား လှုပ်ကျမ်း ကြည့်စရာ လိုသေးသလား ?

မလိုပါဘူးဘုရား။ ။

မျက်ခုံးလှုပ်တယ်, ဘာတယ်, ပါသေးသလား ?

။ မပါ-ပါဘူး ဘုရား။ ။

ဝါယောချည်းဘဲ လှုပ်နေတာဘဲ၊ ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ကန့်တဲ့ ဝါယောကြောင့်, တိုးတဲ့ ဝါယောကြောင့်, တွန်းတဲ့ ဝါယောကြောင့်, ဒါသာလျှင် စိစစ်ဘို့ရှိတယ်၊ ဒါဖြင့် ပရမတ် သမားတွေ, သင်္သိသမားတွေ, အသားလှုပ်ကျမ်းနဲ့ ပတ်သက် ၍ စနိုး စနောင့် ဘာမှမရှိနဲ့နော်၊ တကယ့် တရားလိုက်စားတဲ့ ပုဂ္ဂိုလ် တို့ဟာ ဒီလို အသားလှုပ် ကျမ်းတွေ မကြည့်တော့ဘူး၊ အိပ်မက် တိတ္ထုံတွေမကြည့်တော့ဘူး၊ဗေဒင်,နက္ခတ်,ယာယီတွေ, ဘာတွေ, မတွက်တော့ဘူး။

ပရမတ် တွက်စရာ ရှိသေးသလား ?

။ မရှိတော့ပါဘူးဘုရား။ ။

မရှိတော့၊ ပရမတ် ဆိုလို့ရှိလျှင် အပူ ကလေးလဲ ဖြစ်ပြီး ပျက်သွား၊ အအေးပျက်လဲ ဖြစ်ပြီး ပျက်သွား၊ သူ့ဘို့အလုပ်က ဖြစ်ပျက်, အလုပ်ဘဲ ရှိတာဘဲ။

အားလုံး ရှင်းပလား ?

။ ရှင်းပါပြီ ဘုရား။ ။

ပြဿဒါး, ရက်ရာဇာ,ကော ရွေးအုံးမလား ?

။ မရွေးတော့ပါ ဘုရား။

ပရမတ်ဆိုလျှင် မရွေးရဘူး၊ ဟာ- ဒီနေ့ ခရီးထွက်မယ်,မဟုန် သေးပါဘူး၊ ပြဿဒါး၊ နက်ဖန်မှ ထွက်ကြစို့၊ သင်္ဂဇာ, ဆရာ တော် ရေးတဲ့ ပြဿဒါး, ရက်ရာဇာ, ရွေးတဲ့ စကားပုံ ရှိတယ်။ ရက်ရာဇာ, ပြဿဒါး၊ ရက်ရာဇာရွေးတဲ့ ပုဂ္ဂိုလ်လဲဘဲ လမ်းထဲမှာ ဆိုလို့ရှိလျှင်, သူခိုး-ဓါးမြ, အလုခံရတာဘဲ၊ ဟိုစာအုပ်မှာတော့ ခတ်ကြမ်းကြမ်းရေးလိုက်ထာဘဲ၊ အဲဒါ ကြည့်ချင်လို့ရှိလျှင်လဲဘဲ ဝယ်ပြီးတော့ကြည့်ပေါ့။

အဲဒါ ရှင်းသွားပြီ၊ ဆင်းရဲသိကို ဆင်းရဲသိလို့ မှတ်လျှင်, ချမ်းသာသိကို ချမ်းသာသိလို့ မှတ်လျှင်, ငါဆင်းရဲတယ်, ငါ- ချမ်းသာတယ် ရှိသေးသလား?

။ မရှိတော့ပါဘုရား။ ။

ဒို့ဆွေမျိုးများက ဆင်းရဲကို ဆင်းရဲပါတယ်၊ သူများက သိပ်ချမ်းသာတယ်၊ ဒီလိုရှိသလား ?

။ မရှိပါဘူးဘုရား။ ။

ချမ်းသာဒါ ဘယ်သူလဲ ?

။ ချမ်းသာဒါက ချမ်းသာဒါပါဘုရား။ ။

ချမ်းသာဒါဘဲ၊ စာလိုပြောလျှင် ဘယ်သူလဲ ?

။ သုခ ဝေဒနာပါဘုရား။ ။

သုခ ဝေဒနာ ကလေးဘဲ၊ ဒီ သုခ ဝေဒနာ လေးကော အမြဲ ချမ်းသာနေသလား ?

။ မချမ်းသာပါဘူးဘုရား။ ။

သူလဲ ဖြစ်ခြင်း, ပျက်ခြင်း, မရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

ဖြစ်ပျက်ရှိလို့ရှိလျှင် သုခဝေဒနာပေါ် ဖြစ်ပျက် အုပ်လိုက်လို့ရှိလျှင်,အဲဒါ "သင်္ခါရဒုက္ခ" ဘဲ၊ဘုံသုံးဆယ့်တစ်မှာ ချမ်းသာစစ်စစ် မရှိဘူး၊ ဝေဒယိကသုခ, ခံစားမှု ချမ်းသာ မှန်သမျှ အကုန်လုံး ဒုက္ခချည်းဘဲ။

အားလုံးရှင်းပလား ?

။ ရှင်းပါပြီ ဘုရား။ ။

## သင်္သိ ဝိပဿနာ ပရိယတ္တိသာသနာ။

သေသေချာချာ မှတ်ကြ၊ ကဲ.... အဲဒါပြီးသွားတာဘဲ၊ နာမ်ရုပ်အများကို သင်္သိ ဝိပဿနာနဲ့ ဖြုတ်လိုက်ပုံဘဲ၊ကဲ-ရှေ့တက်, "အမှတ်ထူးတာ သင်္သိ ဝိပဿနာ၊ ပရိယတ္တိ သာသနာ" တိုးလာပြီ၊ ပရိယတ္တိ, ဗမာပြန် - သင်္သိ၊ သာသနာ, ဆုံးမတာခေါ်တယ်၊ ဒါဖြင့် အမှတ်ထူးတာရယ်, သင်္သိရယ်, ပရိယတ္တိရယ်, ဒီသုံးခုအတူတူဘဲ ခေါ်တယ်၊ ပရိယတ်ဆိုလျှင် သင်္သိကောက်၊ သင်္သိဆိုလျှင် အမှတ်ထူးတာကောက်။

ဒါဖြင့် ပူ, ပူဒါ၊ အေး, အေးဒါ၊ လှုပ်, လှုပ်တာ၊ ဆင်းရဲ,

ဆင်းရဲဒါ၊ ချမ်းသာ, ချမ်းသာဒါ၊ ဒီလို အမှတ်ထူးခြင်းသည် ပရိယတ် မဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီ ပရိယတ္တိသည် သာသနာ၊ ဒီအမှတ်ကလေးက အမှတ်ထူးတာကလေးက ဆုံးမမယ်နော်....၊ အဲဒါမှ ဆရာနဲ့ တပည့် ဒီမှာ ရွေးရမယ်၊ ပရိယတ္တိဆိုလျှင် သင်သိ, သင်သိဆိုလျှင် အမှတ်ထူးတာ၊ အမှတ်ထူးတာ ဘယ်အထဲမှာလဲ မေးလျှင် ကိုယ့်စိတ်အစဉ်, နာမ်အစဉ်ထဲမှာ ဟုတ်ကျရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ပူ-ပူဒါ,လို့ ဒီလိုသိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်အထဲမှာ သိ၊ စိတ်အစဉ်, နာမ်အစဉ်,မှာ သိတယ်၊ ဒါဖြင့် သင်သိ အမှတ်ထူးတာကလေးသည်၊ ရင်တွင် နာမ်အစဉ်မှာဘဲ၊ အဲဒါက ဆရာခေါ်တယ်။ မိမိ စိတ်အစဉ်, နာမ်အစဉ်, ကလေးက တပည့်ခေါ်တယ်၊ ပရမတ်လိုနော်....ဉာဏ်မြင်လိုနော်....၊ ဆရာစစ်စစ်,တပည့်စစ်စစ်, ဆရာစစ်စစ်,ဒါယကာ-ဒါယိကာမ စစ်စစ်,မြင်ပစေ၊ ဆရာစစ်စစ် ဆိုလျှင် သင်သိနော်၊ ဘယ်အထဲမှာလဲ၊ စိတ်အစဉ်, နာမ်အစဉ်, မှာ တပည့်စစ်စစ်, ဒါယကာ - ဒါယိကာမ စစ်စစ်, ဘယ်အထဲမှာလဲ၊ ကိုယ့်စိတ်အစဉ်, နာမ်အစဉ်နော်....၊ ဆရာလဲ,ရင်ထဲမှာ၊ တပည့် ဒါယကာ-ဒါယိကာမလဲ, ရင်ထဲမှာ၊ ဒါဖြင့် တိုတိုပြောစမ်း၊ ကိုယ့်အသိကလေးက ကိုယ့်စိတ် ကိုယ်ဆုံးမမှ သာသနာစစ်တယ်တဲ့၊ ကသစ်ဝိုင်ဆရာတော်ကြီးက လာပြီးတော့ ဆုံးမနေသော်လဲ သာသနာ မစစ်သေးဘူး။

ကသစ်ဝိုင်ဆရာတော်ကြီးက အပြင်ဘက်က မနေဘူးလား ?

॥ နေပါတယ်ဘုရား॥ ॥

**စိတ်ကို သင်သိပညာနဲ့ ဆုံးမ॥**

ကသစ်ဝိုင်ဆရာတော်ကြီးဟောသော တရားကို တရားနာတဲ့ ပုဂ္ဂိုလ်တို့က ကြားလို့သိလျှင် အဲဒါ သင်သိ ဖြစ်သွားရော၊ အဲဒီ သင်သိက ကိုယ့်စိတ် ကိုယ်ဆုံးမမှ သာသနာ အစစ်ခေါ်တယ်။ ဒါကြောင့် "စိတ္တံ ဒမေထ မေဓါဝီ" မြတ်စွာဘုရားက ဘာ-ဆုံးမခိုင်းသလဲ၊ စိတ်, ဘာနဲ့ဆုံးမ ရမလဲဆိုတော့ ပညာနဲ့ ဆုံးမရမယ်၊ ပညာရှိက သူများပညာရှိ မဟုတ်ဘူး၊ ကိုယ့်ပညာခေါ်တယ်၊ ကိုယ့်ပညာ, ကိုယ့်အသိနဲ့, ကိုယ့်စိတ်,ကို ဆုံးမ॥

**"စိတ္တံ ဒန္တံ သုခံဝဟံ"** ကိုယ့်စိတ် ကိုယ်ဆုံးမလို့ ယဉ်ကျေးလာပြီဆိုလျှင် လူ, နတ်, ဗြဟ္မာ, သုံးတန် ချမ်းသာ ရွက်ဆောင်နိုင်တယ်၊ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အသေအချာ မှတ်ထားကြ၊ ကိုယ့်စိတ်, ကိုယ့်ကိုယ်, သင်သိကလေးက ဘယ်လိုဆုံးမသလဲ၊ ဆုံးမပုံ, ဆုံးမပုံ၊ အဲဒီ နေရာကလေးမှာ မင်္ဂလသုတ်သွင်းလိုက်စမ်း၊ "အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ" ဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အို.... ကိုယ့်စိတ် ကလေးကို တပည့် ဒကာ-ဒကာမ-သား-သမီး-ထားကြစမ်း၊ စိတ်ကလေး ဘယ့်နှယ် ဆုံးမ-မလဲ၊ ဟော့-စိတ်, ဗာလ၊ ဗာလ, ဆိုတာ ဒိဋ္ဌိခေါ်တယ်။

ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

စိတ်ကလေး ဒိဋ္ဌိနဲ့ မပေါင်းနဲ့၊ အမှားနဲ့ မပေါင်းနဲ့၊ ပေါင်းဘာဖြစ်လဲ၊ ပေါင်းလျှင် တစ်တရားခံ ဒိဋ္ဌိဖြစ်၊ နှစ်တရားခံ အကုသိုလ်ကံဝင်၊ သုံးဘာဖြစ်တတ် ?

။ အပါယ်ကျတတ်ပါဘုရား။ ။

ဟော....ဒိဋ္ဌိနဲ့ မပေါင်းနဲ့ မပေါင်းနဲ့ ပြောတာ၊ ပေါင်းနှင် အပါယ်ကျမှာဘဲ။

ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ပရမတ်လို စစ်စစ်ကလေး၊ ဒါဖြင့် ဘာနဲ့ ပေါင်းမလဲ၊ ပဏ္ဍိတာနုဋ္ဌသေဝနာ၊ အမောင့် စိတ် ပညာရှိနဲ့ ပေါင်း၊ ပညာရှိ ဆိုတော့ သမ္မာဒိဋ္ဌိပေါ့၊ သမ္မာဒိဋ္ဌိဆိုလျှင် ပူ ပူဒါ၊ အေး အေးဒါ၊ လှုပ် လှုပ်ထာ။ တနည်း၊ အပူဟာ ဥဏှတေဇော၊ အအေးဟာ သီတတေဇော၊ အဲဒီလိုမြင်လျှင် သမ္မာဒိဋ္ဌိ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာ အတူတူဘဲ၊ ဒီတော့ သမ္မာ ဒိဋ္ဌိ ဆိုတဲ့ ဝိပဿနာနဲ့ ပေါင်း၊ ပေါင်းဘာဖြစ်သလဲ၊ ပေါင်းလျှင် တစ်-တရားခံ ဒိဋ္ဌိမပျောက်ဘူးလား ?

။ ပျောက်ပါတယ်ဘုရား။ ။

ပျောက်လျှင် နှစ်တရားခံ အကုသိုလ်ကံ မကင်းဘူးလား ?

။ ကင်းပါတယ်ဘုရား။ ။

သုံး, ဘယ်သွား သလဲ၊ အပါယ်ကျလွတ် ထာဘဲ၊ လွတ်ရုံ မကဘူး၊ မဂ်လမ်း, ဖိုလ်လမ်း, ဖြောင့်နေတာဘဲ၊ သဘောကျ ရဲ့လား ?

။ ကျပါတယ်ဘုရား။ ။

ဗာလ, ဆိုတာ ပညတ်လိုသိပြီး မယူနဲ့၊ ဟို....မကောင်းတဲ့ ဒုစရိုက် လိုက်လုပ်နေတာ ဗာလ၊ ဒါမျက်မြင်ခေါ်တယ်၊ အစစ်က ပရမတ် ရုပ်,နာမ်,ကို ဆုံးမတာ၊ ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။

အားလုံးသဘောကျကြပလား ?

။ ကျပါပြီဘုရား။ ။

ဒါဖြင့်ဆရာနဲ့တပည့်ရွေးတတ်ပလား ?

။ ရွေးတတ်ပါပြီဘုရား။ ။

ဆရာသည်ဘယ်သူလဲ ?

။ သင်သိပါဘုရား။ ။

ဘယ်ထဲမှာ ?

။ စိတ်အစဉ်ထဲမှာဘုရား။ ။

စိတ်အစဉ်ထဲမှာ တပည့်ဒါယကာ-ဒါယိကာမ၊ ဘယ်သူ၊ စိတ် အစဉ်၊ နာမ်အစဉ်၊ ဒါလဲဘယ်အထဲမှာ၊ ကိုယ့်ရင်ထဲမှာ၊ ဆရာ လဲ ရင်ထဲမှာ၊ တပည့်လဲရင်ထဲမှာ၊ နောက်ပိတ်ဆုံး ကိုယ့်စိတ်ကို ကိုယ်ဆုံးမမှ၊ မဂ်,ဖိုလ်,ရမယ်။

ဟုတ်ကော ဟုတ်ရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

တကယ်မဂ်ကျလို့ ရှိလျှင်၊ ဒိဋ္ဌိပြုတ်မသွားဘူးလား ?

။ ပြုတ်သွားပါတယ်ဘုရား။ ။

မဂ်ကျတာကလဲ ကိုယ့်စိတ်မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒိဋ္ဌိပြုတ်တာလဲ ကိုယ့်စိတ်မဟုတ်ဘူးလား ?

ဟုတ်ပါတယ်ဘုရား။ ။

သူများကမဂ်ကျလို့ ကိုယ်ဒိဋ္ဌိပြုတ်နိုင်ပမလား ?

။ မပြုတ်နိုင်ပါဘုရား။ ။

အဲ မှတ်ထားကြ၊ ကိုယ့်အသိနဲ့ကိုယ်ဆုံးမကြ၊ တဖွဖွ ဆုံးမသော်လဲဘဲ၊ ကိုယ့်အသိကလေးမဝင်သေးလို့၊ကိုယ့်စိတ်ကလေး ကိုယ်မဆုံးမလျှင်၊ဘယ်တော့ကမှ မယဉ်ကျေးဘူး-ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဆယ်ခါ, ဆယ့်ငါးခါ,မက တရားလာနာသော်လဲဘဲ၊ကိုယ့်စိတ်, ကိုယ်မဆုံးမလျှင် ဘယ်တော့ကမှ မရသေးဘူး၊ အဲဒါဆရာစစ်၊တပည့်စစ်၊သေချာသိပစေ၊ဆရာတော်တို့ကဆရာ၊ဆရာတော်တို့ကို ဖက်နေသော်လဲဘဲ၊ကိုယ့်စိတ်ကိုယ်မဆုံးမလျှင်၊ဘယ်တော့မှ အပါယ်ကျမလွတ်ဘူး၊ ဆရာတော်မဆိုထားနဲ့ ဘုရားကိုလာဖက်နေ၊ အပါယ်ကျမှာကြောက်လို့ ဘုရားကိုလာဖက်နေ၊ဘယ်တော့မှ မရဘူး၊ ရပါ့မလား ?

။ မရပါဘူးဘုရား။ ။

ဘုရားသာဖက်နေ၊အကုသိုလ်လုပ်နေ၊ ဘယ်တော့မှမဖြစ်ဘူး ဘုရားသာဖက်နေ၊ ဒိဋ္ဌိမပြုတ်လျှင်၊ ဘယ်တော့မှမဖြစ်ဘူး။

ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

**စာတတ်ကလျာဏပုထုဇဉ်ခေါ်ရပုံ။**

ဒါကြောင့် ရှင်းရှင်းပြောလိုက်မယ်၊ ဆရာတော်ကြီးကို သိပ် ပြီးတော့အားမကိုးကြနဲ့၊ရင်တွင် နာမ်အစဉ်မှာဝင်တဲ့“သင်သိဆို တဲ့ အမှတ်ထူး ဝိပဿနာကလေးသာ အားကိုးကြ” အားကိုးမယ် ဆိုလျှင် ကိုယ်စိတ်အစဉ်-နာမ်အစဉ်ကို၊ ဒိဋ္ဌိပြုတ်အောင် သူဆုံးမ တော့မယ်နော်။

ဒိဋ္ဌိနဲ့မပေါင်းနဲ့ ပေါင်းလို့ရှိလျှင် အပါယ်ကျတတ်တယ်၊ သမ္မာဒိဋ္ဌိနဲ့ပေါင်း၊ ပေါင်းလို့ရှိလျှင် အပါယ်ကျ လွတ်တတ် တယ်၊ စကားနှစ်ခွန်းထဲ ပြောလိုက်ထာဘဲ၊ အဲဒါသာသနာဘဲ၊ “ပရိယတ္တိသာသနာ စာတတ်ကလျာဏ ပုထုဇဉ်ပါ”။

ဟော...နည်းကလေးသိသွားပြီ အားထုတ်ပုံ-အားထုတ်နည်း ကလေးသိသွားပြီ၊ မသိခင်တုန်းကတော့၊ဥဘတော အန္ဓပုထုဇဉ်၊ နှစ်ဘက်စုံလုံးကန်း အကန်းကြီးလို့မပြောဘူးလား ?

॥ ပြောပါတယ်ဘုရား॥ ॥

နည်းကလေးသိသွားတော့ တဖက်ကန်း တဖက်ကောင်းခေါ် တယ်၊ တဖက်တန်းတာက ခန္ဓာမှာဖြစ်ပျက် မမြင်လို့ပေါ့၊ အ တွင်းကဖြစ်ပျက်မမြင်လို့ အတွင်းတော့ကန်းနေတယ်ခေါ်တယ်၊

နည်းကလေး သိသွားပြန်တော့ အမြင် ဘက်ကတော့ ကောင်းမ သွားဘူးလား ?

။ ကောင်းသွားပါတယ်ဘုရား။ ။

**စာတတ်စာမှတ်ခွဲပုံ။**

အဲဒါတဖက်ကန်း့တဖက်ကောင်း့ခေါ်တယ်၊ အဲဒီလို တဖက်ကန်း့တဖက်ကောင်းကို့ စာတတ်ကလျာဏ ပုထုဇဥ့်ခေါ်တယ်၊ ဟော-စာမှတ်နဲ့ စာတတ်နဲ့ ကွဲအောင်ခွဲအုံး "အပြောနဲ့ အမှတ်နဲ့မကွဲ၊ စာမှတ်သူတွေဘဲ၊ အပြောနဲ့ အမှတ်နဲ့ကွဲ၊ စာတတ်သူတွေဘဲ" ဒီလိုမှတ်ထားအုံး။

စာကလေးကြည့်တယ်၊ စာကလေးကြုံတယ်၊ စာကလေးဆွေးနွေးတယ်၊ စာထဲမှာ အပုကို၊ ဉာဏ်တေဇောမပါဘူးလား ?

။ ပါ့ပါတယ်ဘုရား။

အပုကိုဘယ့်နှယ်ဆိုထားလဲ ?

။ ဉာဏ်တေဇောပါဘုရား။ ။

ဉာဏ်တေဇောလို့စာကဆိုထားတာဘဲ၊ ကြည့်တုံးလဲသဘောကျတာဘဲ ?

ကျပါတယ်ဘုရား။ ။

ကဲ-နောက့်စာအုပ်ပိတ်လိုက် လမ်းလျှောက်သွားရော၊သွားတဲ့အခါကျပြီဆိုလို့ရှိလျှင်၊လမ်းထဲမှာပြောတော့မယ်၊ ခြေထောက်က ပူလိုက်ထာလို့ မပြောဘူးလား ?

။ ပြောပါတယ် ဘုရား။

ခြေထောက် ပူလိုက်ထာလို့ ပြောရုံတင် မကဘူး၊ သူ့ စိတ် ထဲကလဲဘဲ တကယ့် ခြေထောက်ကြီးက ပူလိုက်ထာ လို့ မမှတ်ဘူးလား ?

॥ မှတ်ပါတယ် ဘုရား॥ ॥

အပြောလဲ ခြေထောက်၊ အမှတ်လဲ ခြေထောက် ဆိုတော့.... စာ ဘယ်မှာရှိလဲ ?

॥ မရှိပါဘူး ဘုရား॥ ॥

ဥဏှတေဇောက ပူဒါ ဘယ်မှာ သုံးသလဲ၊အပြော ထဲမှာလဲ မပါဘူး အမှတ်ထဲမှာလဲ မပါဘူ မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ် ဘုရား॥ ॥

အဲဒါအပြောနဲ့ အမှတ်နဲ့ မကွဲတော့၊ အဲဒါ စာမှတ် ခေါ် တယ်၊ စာမှတ်ဆိုလျှင် အန္တပုထုဇဉ် အကန်းလို့ သာ ပြော.... လိုက်တော့ သဘောကျပလား ?

॥ ကျပါပြီ ဘုရား॥ ॥

အဲဒါ....မှတ်ထားကြ၊ "အပြောနဲ့ အမှတ်နဲ့ ကွဲစာတတ် ကလျာဏ ပုထုဇဉ်တွေဘဲ" အပြောတော့ ခြေ ထောက် ပူလိုက်ထာ မပြောဘူးလား ?

॥ ပြောပါတယ် ဘုရား॥ ॥

အပြောတော့ မပြောင်းရဘူး၊ ဒီအတိုင်း သမုတိ နယ်အ ဘိုင်း ပြောရမယ်၊ ခြေထောက်က ပူလိုက်ထာလို့ ပြောသည်၊ စာကလေးကလဲဘဲ ကြည့်လိုက်ထာ မကြာသေးဘူး၊ပြောလျှင် သူ့စိတ်ထဲက အမှတ်ရ ဥဏှတေဇောက ပူတယ်လို့ မှတ်ရသည်၊

ဟော....အပြောတော့ ခြေထောက်အမှတ်က ဉာဏ်တော့ တစ်ဘော့, အပြောနဲ့, အမှတ်နဲ့ မကွဲဘူးလား ?

॥ ကွဲပါတယ် ဘုရား။ ॥

အဲဒါ စာတတ် ခေါ်တယ်နော် ?

॥ မှန်ပါ့ ဘုရား။ ॥

စာတတ်ဆိုလျှင်, ဒိဋ္ဌိ ပြုတ်ရတယ်၊ စာမှတ်ဆိုလျှင်, ဒိဋ္ဌိ, မပြုတ်ဘူး။

ရှင်းပလား ?

॥ ရှင်းပါပြီ ဘုရား။ ॥

**တရားနာတတ်, နာမှတ်ခွဲပုံ။**

အဲဒါ စာတတ်, စာမှတ် နှစ်ခု၊ တရားနာတတ်, တရားနာမှတ်နှစ်ခု၊ တနာ့းနာမှတ်က ဆရာတော်ကြီးက အပူကလေးကို ပူဒါလို့ မပြောလိုက်ဘူးလား ?

॥ ပြောလိုက်ပါတယ်။ ॥

ပြောလိုက်တော့ တရားနာတဲ့ ပုဂ္ဂိုလ်တွေက ပူဒါလို့ မသိခဲ့ဘူးလား ?

॥ သိခဲ့ပါတယ် ဘုရား။ ॥

ကဲ....လမ်းလျှောက်သွားရော၊ လမ်းလျှောက်သွားတဲ့ အခါကျတော့, ဆေးလိပ်မီးကလေး လက်ပေါ် လာကျတယ်, မပူဘူးလား ?

॥ ပူပါတယ် ဘုရား။

လက်က ပူလိုက်ထာ မပြောဘူးလား ?

။ ပြောပါတယ် ဘုရား။ ။

ပြောတဲ့အတိုင်း တကဲ့ လက်က ပူတယ်လို့မှတ်လျှင်, တရား နာတုံးက ပူဒါက, ပူတယ်, ဘယ်သုံးမလဲ ?

။ မသုံးပါဘူး ဘုရား။ ။

အသုံး အပြောထဲလဲ မပါဘူး၊ အမှတ်ထဲလဲ, မပါတော့ဘူး ?

။ မပါတော့ပါဘူး ဘုရား။ ။

အဲဒါ....တရားနာမှတ်, ခေါ်တယ်၊ တရားနာ ပေမယ်လို့.... နာ မှတ်ဆိုလျှင် အန္ဓ ဘဲနော်။

သင်တရားနားတာ,အကန်းနာ-နာသလား၊ အကောင်း နာ-နာသလား၊ ဒီလို မေးလိုက်,အကန်းနာ, နာမယ်ဆိုလျှင်,အပြော နဲ့, အမှတ်နဲ့ မကွဲတော့ဘူး၊မကွဲလျှင်, ဒိဋ္ဌိရှိတာဘဲ၊ ဒိဋ္ဌိ ပြုတ် အောင်, သူတရားမနာဘူး၊ လက်က ပူလိုက်ထာလို့ သူများ သိ အောင် ပြောသည်၊ ကိုယ့်စိတ်ထဲကတော့ ပူဒါလေးက ပူလိုက် တာလို့မှတ်သည်, အပြောတော့ ပူဒါ။

ကဲ....အပြောနဲ့, အမှတ်နဲ့ မကွဲဘူးလား ?

။ ကွဲပါတယ် ဘုရား။ ။

အဲဒါ တရားနာတတ်ဘို့, တယ်လိုတယ်၊ မလိုဘူးလား ?

။ လိုပါတယ် ဘုရား။ ။

တရားနာ မှတ်တွေသည် ဒိဋ္ဌိ မပြုတ်ဘူး၊ တရားနာ တတ်ပြ ဒိဋ္ဌိ ပြုတ်မယ်၊ နာ....မှတ် ဆိုလျှင်, အန္ဓ၊ နာ....တတ်ဆိုလျှင်,

ကလျာဏ၊ အန္တ ဆိုလျှင်, အပါယ်ခွင် မလွတ်, ကလျာဏ မှ အပါယ်လွတ်တယ်, ဟုတ်ကျရဲ့လား?

။ ဟုတ်ပါတယ် ဘုရား။ ။

ပရိယတ္တိ သာသနာ, စာတတ် ကလျာဏ ပုထုဇဉ်ပါ, စာတတ်, စာတတ် ဆိုပေမယ့်လို့ ဗမာစာတတ်မှ စာ တတ် ခေါ် သည် မဟုတ်ပါ၊ ပိဋကသုံးပုံ အကုန်လုံးတတ်မှ စာတတ် ခေါ် သည်မဟုတ်ပါ၊ ဆရာပြောတဲ့စကားများကို သူ့ဘာသာနှင့် သူ မှတ်တတ်လျှင်, အဲဒါ စာတတ် ခေါ်တယ်။

တရုပ်....လာအားထုတ်, တရုပ်ဘာသာနဲ့ပြလိုက်၊ ကုလား.... လာအားထုတ်,ကုလားဘာသာနဲ့ ပြလိုက်၊အင်္ဂလိပ်.... လာအား ထုတ်, အင်္ဂလိပ်ဘာသာနဲ့ ပြလိုက်၊ သူ့ ဘာသာနဲ့ သူ....နား လည်သွားမယ်ဆိုလျှင်, ဒါ စာတတ် ခေါ်တယ်?

သဘောကျပလား ?

။ ကျပါပြီ ဘုရား။

သေသေ ချာချာ မှတ်ကြ။ အဲဒါ ဒါနခဏ်း, သီလခဏ်း, သမထခဏ်း, ကလေးတွေ အဲဒါ အင်မတန်လိုတယ်၊ ငါလှူတယ် လို့ပြော၊ ပြောတဲ့အတိုင်း ငါက လှူတယ်လို့မှတ်လျှင် အပြော နဲ့ အမှတ်နဲ့ မကွဲသောကြောင့် အန္တပုထုဇဉ် အလှူ လှူတာဘဲ။

လှူပေမယ်လို့ အကန်းတွေ မျက်စေ့မရှိဘူး ပြောကြတယ် ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ငါလှူတယ်လို့ပြော ဖျမ်းမျကြေး နာမ်ရုပ်က လှူတယ်လို့ မှတ်လျှင်၊ ဖြစ်ပျက်က လှူတယ်လို့ မှတ်လျှင်၊ လက္ခဏာရေး သုံးပါးက လှူတယ်လို့မှတ်လျှင်၊ တနည်း စစ်စစ်ကလေး စေတနာက လှူတယ်လို့ မှတ်လျှင်၊ အပြောနဲ့ အမှတ်နဲ့ ကွဲသောကြောင့် "ကလျာဏ ပုထုဇဉ် အရိယာ အရှင် သူတော်စဉ်တွေ လှူတာဘဲ" မျက်ကန်းအလှူတွေ လှူတာများတယ်။

ဒါကြောင့် မဂ်, ဖိုလ်, နိဗ္ဗာန်, တယ်ဝေးတာဘဲ၊ အကောင်းတွေ, ဉာဏ်မြင်တွေ, လျှူတာနည်းတယ်၊ မနည်းဘူးလား ?

။ နည်းပါတယ်ဘုရား။ ။

ဒင်မတန်နည်းတယ်ခေါ်တယ်၊စာတတ်ကလျာဏပုထုဇဉ်ပါ၊ အပါယ်ခွင် မကျရာ၊ တကယ့်စာတတ်ဆိုလျှင် ဒိဋ္ဌိပြုတ်, မပြုတ် ?

။ ပြုတ်ပါတယ်ဘုရား။ ။

စာအမှတ်တော့ မပြုတ်ဘူး၊ အခုကာလ စာအမှတ်ကို စာတတ် သုံးနေကြတယ်၊ တကယ်မတတ်ဘူးနော်....၊ တကယ်တတ်လျှင် အပြော ပခေါ်န မဟုတ်ဘူး၊ အမှတ် ပခေါ်န ခေါ်တယ်၊ သဘောကျပလား ?

။ ကျပါပြီဘုရား။ ။

အပြောနဲ့ အမှတ်နဲ့, ကွဲ စာတတ်၊ အပြောနဲ့, အသိနဲ့,ကွဲ လုပ်ငန်းတတ် ခေါ်တယ်၊ လိုသေးတယ်နော်....။

ဒါဖြင့် စာတတ် ကလျာဏ, ပုထုဇဉ်ဆိုလျှင် တစ်တရားခံ ဒိဋ္ဌိပြုတ်၊ နှစ်တရားခံ အကုသိုလ်ကံကင်း၊ သုံးနုံပါတ် အပါယ်ကျ

လွတ်သည်၊ အပါယ်နှင့် မကျရ၊ အကြောင်း အကျိုး ကလေး သူ့ဟာသူ ဆက်လိုက်ထာဘဲ၊ ယုံကြည်လောက်တဲ့ အကိုး သာဓကလေး။

**"နတ္ထိ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော အရိယ သာဝကော နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ ပေတ္တိဝိသယံ ဝါ ဥပပဇ္ဇိဿတိ"**

( တိက နိပါတ် အင်္ဂုတ္တိုရ် ပါဠိတော် )

ဓမ္မေ၊ ဓါတ်လေးပါးတရား၌။ (ဓမ္မေ သာမည ဆိုသော်လဲ ရှေ့နားက ဝါကျ တခုမှာ ဓါတ် လေး ပါး ဆို ထား တာ ရှိတယ်နော်....)

ဓမ္မေ၊ ဓါတ်လေးပါးတရား၌။ အဝေစ္စပသာဒေန၊ ဉာဏ် တေ-ဇောကဘဲ ပူတယ်၊ သီတ တေဇောကဘဲ အေးတယ်၊ လှုပ်ရှား ဝါယောကလုပ်တယ်၊ပထဝီဓါတ်ကလေးကလဲဘဲ၊ မာတာကလေး က ပထဝီဓါတ်ဘဲလို့ မတုန်မလှုပ်၊ ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲ ဖြစ်သော သဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံ၍နေထသော။ အရိယာသာဝကော၊ အရိယာ ဖြစ်တော် မူသော ငါဘုရား၏ စကား နားထောင်တဲ့ တပည့် ဒါယကာ-ဒါယိကာမ မှန်ခဲ့ပါ လျှင်။ နိရယံဝါ၊ ငရဲဘုံသို့ရင်း။ တိရစ္ဆာနယောနိံဝါ၊ တိရစ္ဆာန် ဘုံသို့ရင်း။ ပေတ္တိဝိသယံဝါ၊ အသူရကာယ် ထည့်သွင်းထားသော ပြိတ္တာဘုံသို့ရင်း။ နတ္ထိ နတ္ထိဧဝ ဥပပဇ္ဇိဿတိ၊ ဘယ်နည်း နဲ့မှ မကျရောက်နိုင်တော့သည်သာလျှင်ကတည်း။

သာဓု....သာဓု....သာဓု.... ။

ကဲအချိန်လဲကျပြီ၊ ကနေ့ " နာမ်ရုပ် အများကို ဝိပဿနာနဲ့ ဖြုတ် " ဆိုတဲ့အတိုင်း နာမ်ရုပ်အများကောက်ပုံ၊သင်္သိဝိပဿနာ ကောက်ပုံ၊ ဖြုတ်ပုံတို့ကို သုံးပိုင်း သုံးကဏ္ဍထား၍၊ ကရုဏာသနှ် သန့်ထား မေတ္တာ များများဖြင့် ဟောလိုက်ပါပေသည်၊ ဟော သောတရားကို ရင်တွင်နာမ်အစဉ်မှာသိပြီးတော့သွားမယ်ဆိုလျှင် နာမ်ဓါတ်မှာ ဝိဇ္ဇာဆိုတဲ့ ပညာဆီကလေး ကပ်သည်ဖြစ်လေသော ကြောင့်၊ ဝိဇ္ဇာလမ်းလို့ ဆိုလိုသည်။

မနက်ခင်း နေ့လည်ခင်း ညနေခင်းမှာ၊ ကျေးကြ မေးကြ၊ တိုက်ကြတဲ့၊ အလှူများကတော့ ရုပ်မှုထဲကို ဓါတ်ဆီထည့်တယ် ခေါ်တယ်၊"စရဏ"လမ်းခေါ်ပါ၊ဒါကြောင့်ရုပ်မှုထဲကိုဓါတ်ဆီ ထည့်တဲ့ စရဏလမ်းဖြစ်သောကြောင့် မိမိတို့မှာဆိုလျှင်၊ စားရေး သောက်ရေး၊ ဝတ်ရေး နေရေး၊ လိုလေးသေးမရှိ၊ အင်မတန်မှ ပေါများကြသည့်အပြင်၊ ဝိဇ္ဇာဆိုတဲ့လမ်းထဲမှာ၊ နာမ်ဓါတ်ပညာ ဆီကပ်သည်ဖြစ်လေသောကြောင့်၊ နာမ်ဆက်ပြတ်၊ နိဗ္ဗာန်ရောက် တော့မယ်ဆိုတာ ဝမ်းမြောက် သောအလား၊ တရားတော်ကို ချီးကျူးသောအားဖြင့်၊ကိုယ့်မြို့ ကိုယ့်ရွာဒေသမှာ၊ဤလိုတရား မျိုးကွယ်ပြီးတော့ မသွားရလေအောင်၊ အားပေးသောအားဖြင့် သုံးကြိမ်ကြွေးလောက်သော နေရာဌာနက၊ သာဓု-သာဓု-သာဓု-လို့ စိတ်ပါလက်ပါအားရပါးရခေါ်နိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု။

သင်္သိ ဝိပဿနာခဏ်းပြီးပြီ။

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# ဒုတိယနေ့ တရားစစ်ပုံ စစ်နည်း

# အလုပ်ပေး တရားတော်

ဒုလ္လဘဒေသနာ

ကျေးဇူးရှင်
မူလ ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

# ဒုတိယနေ့ တရားစစ်ပုံ စစ်းနည်း

# အလုပ်ပေးတရားတော်

ဒုလ္လဘဒေသနာ

နမော-တဿ-ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။

စိတ်ရင်ထဲမှာထား, ပေါ်ဒါလေးတွေ မှတ်နေကြ၊ ပေါ်ဒါ ဘယ်နှစ်မျိုးလဲ ?

။ ငါးမျိုးပါဘုရား။ ။

ငါးမျိုးရေးစမ်း။

ပူဒါ, အေးဒါ, လှုပ်ဒါ, ဆင်းရဲဒါ, ချမ်းသာဒါ, ဘယ်မှာ ပေါ်တတ်သလဲ ?

။ တကိုယ်လုံးမှာ ပေါ်တာပါတယ်ဘုရား။ ။

တကိုယ်လုံးဆိုတော့ ခေါင်းမှာပေါ်လျှင် ဘယ်နှစ်မျိုးလဲ?

။ ငါးမျိုးပါဘုရား။ ။

ဘယ်ကနေမှတ် ?

॥ ရင်ကနေ မှတ်ပါဘုရား॥ ॥

ခေါင်းမှာပေါ်ဒါနဲ့ ရင်ကမှတ်ထာနဲ့ ဆုံနေပစေနော်....?

॥ မှန်ပါဘုရား၊ ॥

အလယ်ပိုင်း ကျော ရင် စသည်မှာ ပေါ်ဒါဘယ်နှစ်မျိုးလဲ ?

॥ ငါးမျိုးပါဘုရား॥ ॥

ဘယ်နေရာက မှတ်မလဲ ?

॥ ရင်ကနေ မှတ်ပါဘုရား॥ ॥

အဲ....ကျော ရင်က ပေါ်ဒါနဲ့ ရင်ကမှတ်ထာနဲ့ ကိုက်သွားပစေ၊ ပေါ်လိုက်ထာနဲ့ သိလိုက်ထာနဲ့ ကိုက်သွားပစေ။

အောက်ပိုင်း ပေါင် ခြေသလုံး စသည်မှာ ပေါ်ဒါ ဘယ်နှစ်မျိုးလဲ ?

॥ ငါးမျိုးပါဘုရား॥ ॥

ဘယ်ကနေ မှတ်ရသလဲ ?

॥ ရင်ကနေ မှတ်ရပါဘုရား॥ ॥

ပေါ်ဒါနဲ့ မှတ်ထာ ဆုံပစေနော်....၊ ပေါ်လိုက်လျှင် သိ အဲဒီလို ဆုံပစေ၊ ပေါ်သိလို့ အဲဒီလို ဆုံဆုံနေပစေ။

ဟိုကွက်ကွက် ဒီကွက်ကွက် ပေါ်လျှင်ကော ဘယ်နှစ်မျိုးလဲ ?

॥ ငါးမျိုးပါ ဘုရာ॥ ॥

ဘယ်ကနေ မှတ်ရသလဲ ?

॥ ရင်ကနေ မှတ်ရပါဘုရား॥ ॥

တကိုယ်လုံးပေါ်လျှင် ဘယ်နှစ်မျိုးလဲ ?

॥ ငါးမျိုးပါဘုရား॥ ॥

**တပြိုင်နက် သုံးမျိုးပေါ်ပုံ။**

ငါးမျိုးခေါ်တယ်။

ဟို....တပြိုင်နက်ပေါ်ဒါကတော့ သုံးမျိုးဘဲရှိတယ်၊ ငါးမျိုးလုံးတပြိုင်နက် မပေါ်နိုင်ဘူး၊ သုံးမျိုးဘဲ ပေါ်နိုင်တယ်လို့ ဆိုဒါမှတ်၊ သုံးမျိုးရေး ပြမယ်။

ပူဒါနဲ့ အေးဒါဟာ တွဲသလား၊ မတွဲဘူးလား ?

॥ မတွဲပါဘုရား॥ ॥

မတွဲလျှင်, ပူဒါပေါ်လျှင်, အေးဒါ မပေါ်ဘူး၊ အေးဒါ ပေါ်လျှင်, ပူဒါ မပေါ်ဘူးလို့မှတ်။

ပူဒါ, အေးဒါ, မူတည်ထား၊ ပူဒါနဲ့ လှုပ်ထာနဲ့တွဲ၊ အေးဒါနဲ့ လှုပ်ထာနဲ့တွဲ၊ ပူလိုက်လျှင်, လှုပ်နေဒါ ပေ့ါတတ်တယ်၊ အေးနေလျှင်လဲ, လှုပ်ထာ တွေ့တတ်တယ်၊ ကြမ်းကြမ်း, တမ်းတမ်း, မလှုပ်လျှင် သိမ်သိမ်, မွေ့မွေ့လဲ လှုပ်နေ တတ်တယ်လို့မှတ်။

ဆင်းရဲဒါနဲ့ ချမ်းသာဒါ တွဲသလား, မတွဲဘူးလား ?

॥ မတွဲပါဘုရား॥ ॥

ကဲ....ဒါဖြင့် တခုသာ ပေါ်ရမယ်၊ တနေရာတည်း ဆိုလျှင် တပြိုင်နက် ချမ်းသာဒါလဲ ပေါ်တယ်၊ ဆင်းရဲဒါလဲ ပေါ်တယ် လို့ မရှိဘူး၊ ဆန့်ကျင်ဘက်ဖြစ်လို့ ဆင်းရဲဒါ ပေါ်နေတဲ့အချိန် မှာ ချမ်းသာဒါလေးတွေ မပေါ်ရဘူး၊ ချမ်းသာဒါလေး ပေါ် နေတဲ့အချိန်မှာ ဆင်းရဲဒါလဲ မပေါ်ရဘူး၊ ဆင်းရဲဒါနဲ့ ချမ်း သာဒါ တခုစီသာ ပေါ်ရတယ်။

ပူ, လှုပ်, ဆင်းရဲ,....သုံးခုတွဲတာ တမျိုး။
ပူ, လှုပ်, ချမ်းသာ,....သုံးခုတွဲတာ တမျိုး။
ပူဒါနဲ့ ပတ်သက်၍ နှစ်မျိုးရတယ်။
အေး, လှုပ်, ဆင်းရဲ,....သုံးခုတွဲတာ တမျိုး။
အေး, လှုပ်, ချမ်းသာ,....သုံးခုတွဲတာ တမျိုး။
အေးဒါနဲ့ ပတ်သက်၍ နှစ်မျိုးရတယ်။

ပေါင်းတဲ့ အခါမှာ သုံးခုတွဲဒါလေးမျိုးတဲ့၊ ဒါက တပြိုင်နက် ပေါ်ဒါ ခေါ်တယ်။

ခန္ဓာမှာ ပူဒါလေးတွေ ပေါ်နေတဲ့ အချိန်မှာ နဲနဲဘဲ ပူပူ, များများဘဲ ပူပူ, တစ,တစ, တိုးပြီးတော့ဘဲ ပူပူ, တိုးလဲ မတိုး, လျော့လဲမလျော့ဘဲနဲ့ တန့်ပြီးတော့ဘဲ ပူပူ၊ တစ,တစ, ချိုချို သွားတဲ့ လျော့ဘဲ ပူပူ, ပူလာလျှင် လှုပ်နေဒါ ပါတတ်တယ်၊ မခံ သာလျှင် ဆင်းရဲမှုလဲပါတတ်တယ်၊ ခံသာလို့ ရှိလျှင် ချမ်းသာ တာလဲ ပါတတ်တယ်လို့ ဒီလိုလဲမှတ်ကြ။

အေးဒါနဲ့ ပတ်သက်၍ နဲနဲဘဲ အေးအေး, မခံနိုင်လောက် အောင်ပင် အေးအေး, တစ,တစ, တိုးတိုးပြီးတော့ပင် အေးအေး,

တန့်ပြီးတော့ပင် အေးအေး၊ လျော့ပြီးတော့ပင် အေးအေး၊ ခန္ဓာမှာ အေးဒါလေးတွေပေါ်လာလျှင် လှုပ်ထလေးလဲပေါ် လာတတ်တယ်၊ ကြွမ်းကြွမ်း၊ တမ်းတမ်း၊ မလှုပ်လို့ရှိလျှင် သိမ်-သိမ်၊ မွေ့မွေ့၊ လှုပ်ထလေးတွေ ပေါ်တတ်တယ်၊ မခံသာလျှင် ဆင်းရဲမှုလဲ ပေါ်တတ်တယ်၊ ခံသာမယ်ဆိုလျှင် ချမ်းသာမှုလဲ ပေါ်တတ်တယ်၊ တရားထိုင်တဲ့ပုဂ္ဂိုလ်ဟာ ကိန်းသေယူထားကြ။

## ထင်ရှားရာ ဖြစ်ပျက်ရှု။

သို့သော်- သုံးခုတဲ့ပင်တဲ့ငြားသော်လဲ၊ ယောဂီမှာ အပူလေး လောက်သာ ထင်ရှားလျှင် အပူ၏ ဖြစ်မှု ပျက်မှု လောက်သာရှု၊ အလှုပ်ကလေးထင်ရှားလျှင် အလှုပ်ကလေးလောက်သာ ဖြစ်မှု ပျက်မှုရှု၊ ဆင်းရဲဒါ ထင်ရှားလျှင် ဆင်းရဲဒါ၏ ဖြစ်မှု ပျက်မှု လောက်သာရှု၊ ချမ်းသာဒါ ထင်ရှားလျှင် ချမ်းသာဒါ၏ ဖြစ်မှု ပျက်မှု လောက်သာ ရှု၊ မထင်ရှားဒါ - ထင်ရှားလာအောင်လဲ လိုက်မလုပ်ရဘူး၊ လိုက်လဲဘဲ မရှာရဘူး၊ စာတတ်မယ် ဆိုလျှင် ခွဲခြမ်းစိပ်ဖြာပြီးတော့လဲ မလုပ်ရဘူး၊ အသာလေး အဆင်သင့် ပေါ်ခိုက်၊ ပေါ်ခိုက်သာ မှတ်နေကြ၊ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ကနေ့မနက် တရားထိုင်ရလိမ့်မယ်၊ ထိုင်တဲ့ အခါမှာ ဆိုလို့ ရှိလျှင်လဲဘဲ အခ္ဓိဋ္ဌာန် ပါရမီကလေး ကူပြီးတော့ ထိုင်ရတယ်၊ ကြာကြာ ထိုင်ရမယ် ဆိုလိုတယ်။

ကြာကြာ ထိုင်ခြင်းသည် ခန္ဓာမှာ လျှပ်တလက်မက ဖြစ်၊ ပျက်၊ မြင် ဘို့တဲ့ ဒီလိုလဲမှတ်ထားရတယ်၊ ညောင်းဘို့လို့၊ ကျင်

ဘိုလို့၊ ထုံဘိုလို့၊ ကိုက်ဘိုလို့ဆိုတဲ့ ဆင်းရဲ ဒုက္ခ ပေါ်အောင် ကြာကြာထိုင်ခိုင်းတာမဟုတ်ဘူး၊ စိတ်ညစ်တယ်၊ စိတ်ဆိုးတယ်၊ စိတ်ကောက်တယ်၊ စိတ်မချမ်းသာဘူးဆိုတဲ့ ဒေါမနဿဒုက္ခ ပေါ် စေချင်လို့ ကြာကြာ ထိုင်ခိုင်းဒါ မဟုတ်ဘူးတဲ့၊ ခန္ဓာမှာ လျှပ် တလက်မက ဖြစ်၊ ပျက်၊ မြင်ဘို့ ကြာကြာ ထိုင်ခိုင်း တယ်လို့ မှတ်ရမယ်။

အရင်းကျအောင် ပြောအုံးမယ်' "အနိစ္စ တလုံး မမြင်ဒါ သန္တတိ ဖုံးနေလို့တဲ့၊ ဒုက္ခတလုံး မမြင်ဒါ ဣရိယာပုထ် ဖုံးနေ လို့တဲ့၊ အနတ္တ တလုံး မမြင်ဒါ ဃန ဖုံးနေလို့တဲ့" ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာလာတဲ့ အတိုင်း စကားကလေး အကျဉ်းချုပ် မှတ် ထားကြ။

"ဒုက္ခမမြင်ဒါ ဣရိယာပုထ် ဖုံးတယ်" ဆိုတဲ့ စကား တလုံး စစ်လိုက်မယ်၊ ဒုက္ခက၊ သင်္ခါရဒုက္ခကောက်ရတယ်။

သင်္ခါရဒုက္ခဆိုလျှင် လျှပ်တလက်မက ဖြစ်လိုက်၊ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ဆိုတဲ့ ဒုက္ခက- "သင်္ခါရဒုက္ခ" ခေါ်တယ်၊ ရုပ်ပေါ်၊နာမ်ပေါ်မှာ တည်တဲ့ ဒုက္ခဘဲ၊ကောဋ္ဌာသ၊ ပေါ်မှာလဲ မတည်ဘူး- ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ဆိုတဲ့ ကိုယ်အင်္ဂါ အစိတ် အပိုင်းပေါ်မှာလဲ မတည်ဘူး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ အသက်၊ လိပ်ပြာ၊ အကောင်၊ သတ္တဝါ၊ ပေါ်မှာလဲ မတည်ဘူး၊ ပေါ်သိ၊ ရုပ်နာမ်ပေါ်မှာ တည်တဲ့ သင်္ခါရဒုက္ခ။

ဒါ....ဒုက္ခကို ဣရိယာပုထ် ဖုံးတယ်ဆိုတဲ့ စကားတလုံးမှာ ဒုက္ခ အတွက် ကောက်ထားတယ်၊ သင်္ခါရ ဒုက္ခ လျှပ်တလက် မက

"ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်, ပျက်လိုက်"နေတဲ့ သင်္ခါရဒုက္ခ ကောက်၊ အဲဒီ ဒုက္ခတွေဖြစ်ထာ ဣရိယာပုထ် ဖုံးတယ်၊ ဣရိယာပုထ် ဆိုတာ အနေခေါ်တယ်။

ထိုင်နေတာ တမျိုး, အိပ်နေတာ တမျိုး, ရပ်နေတာ တမျိုး, သွားနေတာ တမျိုး, လေးမျိုး ခေါ်တယ်၊ ဖုံးတယ် ဆိုတာက ခဏ,ခဏ, ပြင်တာခေါ်တယ်၊ မှတ်ထားကြ။

ဒါဖြင့်....အနေကလေး ခဏခဏ ပြင်လို့ သင်္ခါရဒုက္ခ မမြင် တာတဲ့၊ ခန္ဓာမှာ လျှပ်တလက် မက ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်, ပျက်လိုက်, ရှိတယ်ခေါ်တယ်၊ မမြင်ပါလားဘုရားလို့ ဆိုလျှင် ခဏခဏ, ပြင်လို့ပေါ့၊ လက်ကလေးလဲ ခဏခဏ,ပြင်၊ ခေါင်းကလေးလဲ ခဏခဏ, ပြင်၊ ခြေထောက်ကလေးလဲ ခဏ-ခဏ,ပြင်လိုတဲ့ ကိုယ်ကြီးလဲ ခဏ ခဏ, ဘယ် ညာ တစောင်း ပြောင်းလို့တဲ့၊ အဲဒီလို ခဏခဏ, ပြင်ကြလို့တဲ့ ခန္ဓာမှာ လျှပ် တလက်မက ဖြစ်ပျက်, မမြင်ဒါမှတ်လိုက်။

မြင်ခြင်သလား မြင်ခြင်ပါတယ်၊ လျှပ်တလက်မက ပေါ်သိ, ရုပ်နာမ်,ကလေးတွေ ဖြစ်လိုက်,ပျက်လိုက်, ဖြစ်လိုက်,ပျက်လိုက်, မြင်ခြင်ပါတယ်၊ မြင်ခြင်လျှင် ဘယ့်နှယ်လုပ်မလဲ၊ ကြာကြာ လေးနေ။

လက်လဲ ခဏ ခဏ, မပြင်နဲ့၊ခေါင်းလဲ ခဏခဏ, မပြင်နဲ့၊ ကိုယ်လဲခဏခဏ,မပြင်နဲ့၊ဘယ်ညာတစောင်း ခဏခဏ,မပြောင်း နဲ့ ကြာကြာလေးနေထားရတယ်၊ကြာကြာနေထားကြ၊နဲနဲလေး

တင်းပြည့်ကျပ်ပြည့် ကြာသွားအောင် အဓိဋ္ဌာန် ပါရမီလေးလဲ ကူရတယ်၊ အဓိဋ္ဌာန် ပါရမီလေးလဲ ကူရတယ်။

**ဥပမာ။** ။နာရီဝက် ထိုင်မယ် ဆိုလျှင် နာရီဝက် အဓိဋ္ဌာန်၊ တနာရီထိုင်မယ်ဆိုလျှင် တနာရီ အဓိဋ္ဌာန်၊ဤအတွင်း၌ မလှုပ်မယှက် မပြင်ဘဲနဲ့ ပေါ်ဒါကို မှတ်၍နေပါ့မည် စိတ်ထဲက ရည်ရွယ်ချက်ကလေး အောက်မေ့ဒါကလေးဟာဖြင့် ဒါ-အဓိဋ္ဌာန်ဘဲ။

အဓိဋ္ဌာန်ပါရမီကို တင်းပြည့်ကျပ်ပြည့် ဖြည့်ကျင့်မယ်ဆိုလျှင်၊ နာရီဝက်အဓိဋ္ဌာန်လျှင်၊ နာရီဝက်ကြာရတယ်, တနာရီအဓိဋ္ဌာန်လျှင် တနာရီ၊တနာရီ၊ ကြာသွားလျှင် ခန္ဓာမှာ လျှပ်တလက်မက ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်, ကေန်မြင်ရမယ်တဲ့၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ယခုဆိုးမတာနဲ့ ကိုယ်တွေ့နဲ့ကိုက်ကဲ့လား ?

။ ကိုက်ပါတယ်ဘုရား ။ ။

ဖြစ်ပျက်မြင်ခြင်တယ်ဆိုလျှင်၊ နဲနဲလေး ကြာကြာထားလိုက်၊ ခန္ဓာကိုယ် အလိုမလိုက်ပါနဲ့၊ နေခြင်တယ်ဆိုလျှင်၊ အဓိဋ္ဌာန်ကလေးလဲကူလိုက်၊ ကူမယ်ဆိုလျှင် တင်းပြည့် ကျပ်ပြည့် ကြာသွား၊ ကြာ သွား မယ် ဆို လျှင်၊ ခန္ဓာမှာ လျှပ်တလက်မက, ဖြစ်လိုက်, ပျက်လိုက်, မြင်နေတတ်တယ်လို့မှတ်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား ။ ။

မြင်နေတတ်တယ်၊ နဲနဲလေးကြာသွားပြီဆိုလျှင်၊ အောက်ပိုင်းမှာအပူစလေးတွေတတ်တယ်၊ ထိုင်ခါစမပူသေးဘူးလေ၊ နဲနဲလေးကြာသွားလျှင်၊ ငါးမိနစ်, ဆယ်မိနစ်, လောက် ကြာသွားလျှင်၊ အပူလေးတွေတတ်တယ်၊ အပူလေးတွေတွေတတ်ပြီဆိုလျှင်၊အရှိန်လေးတွေလဲပါတတ်တယ်၊ရှိန်းရှိန်း, ရှိန်းရှိန်း, ရှိန်းရှိန်း, ရှိန်းရှိန်း, နဲ့ အပူရှိန်လေးတွေလဲပါတတ်တယ်၊ အပူ,အရှိန်,အခိုး,လေးတွေလဲ ထတတ်တယ်၊ ဒါပူခိုးဘဲ။

အရှိန်နဲ့ အခိုးတို့သည်၊ အောက်ပိုင်းကနေပြီးတော့ စ, ပေါ်လာမယ်ဆိုလျှင်၊ အထက်ကို တဖြေးဖြေး,တဖြေးဖြေး,တက်တတ်တယ်၊ပေါင်ကနေပြီးတော့တင်ပါး, တင်ပါးကနေပြီးတော့ခါး၊ ခါးကနေပြီးတော့ ကျော, ရင်,၊ ကျော, ရင်, ကနေပြီး တော့ လည်ပင်း, လည်ပင်းကနေပြီးတော့ ခေါင်း,တကိုယ်လုံး ပူရှိန်ပူခိုးတွေ တက်တတ်တယ်။

အဲသလို တက်တတ်ပြီဆိုလျှင်၊ မနေ့က ဆရာတော်ပြောတဲ့အတိုင်း၊ အပူကမီး, အရှိန် အခိုးကလေ, မီးကဖုတ် လေကမှုတ်ဆိုတဲ့စကားအတိုင်း ခန္ဓာမှာ တလှုပ်လှုပ်, တရွရွ, တမွမွ, တရိပ်ရိပ်, တလှစ်လှစ်, တဖြစ်ဖြစ်,တစစ်စစ်နဲ့ ရုပ်ရှင်စနစ်လို၊ ခေါင်းထဲမှာလဲမျိုးစုံ၊ အလယ်ပိုင်း-ကျော, ရင်, မှာလဲ မျိုးစုံပေါ်တတ်တယ်၊ ခန္ဓာနဲ့ ကိုက်ကဲ့လား ?

။ ကိုက်ပါတယ်ဘုရား။ ။

အပူမျိုးစုံပေါ်တတ်တယ်၊ အရှိန်တွေလဲမျိုးစုံ၊ အခိုးတွေလဲမျိုးစုံ၊ ရွရွ, မွမွ, လဲမျိုးစုံ၊ ဖြိုးဖြိုး ဖျင်းဖျင်းလဲ မျိုးစုံ၊ဖြစ်ဖြစ်လဲ

မျိုးစုံ၊ ဟုန်းကနဲ, ဖျန်းကနဲ, ကြက်သီး ထသလိုလဲမျိုးစုံ၊ ခြအုံ, နွားချီအုံ, ပရွက်ဆိတ်အုံ ကြီးများကဲ့သို့ အုံကြွနေသလိုလဲမျိုးစုံ၊ သဲကမ်းပါးများ ဖြုတ်ဖြုတ်, ဖြုတ်ဖြုတ်,နဲ့ ပြိုကျနေသလိုလဲမျိုး စုံ၊ မိုးဖွဲကလေးတွေများကျနေသလိုလဲမျိုးစုံ၊ဆံပင်တိုတို,ရေစိုစို, လက်နဲ့ ပွတ်လိုက်တဲ့အခါမှာ၊အမှုန်ကလေးတွေများစင်နေသလို၊ ရေမှုန်ကလေးတွေများစင်နေသလိုမျိုးစုံ၊ နေရောင်ခြည် သန်းတဲ့ အခါမှာ မြူမှုံလေးတွေများ လွင့်နေသလိုမျိုးစုံ၊ ဆပ်ပျာမြှုပ် တွေများထနေသလို၊ ဝါဂွမ်းပုံကြီးများထနေသလို၊ ရေပူပေါင်း တွေများ ထနေသလိုမျိုးစုံတဲ့။

ဘိ လပ် ရေ ပု လင်း ဖေါက်လိုက်တဲ့အခါမှာ၊ အကြည်ဓါတ် ပျောက်၊ အကြည်ဓါတ်ပျောက်ပြီးသကာလ၊ ပူပေါင်းလေးတွေ ရေမြှုပ်ကလေးတွေလိုထပြီးသကာလ၊ ဖြစ်ဖြစ်, ဖြစ်ဖြစ်,နဲ့ မြည် ပြီးတော့ ပျက်နေဒါလဲဘဲ မျိုးစုံဘဲ့၊ ခန္ဓာမှာမျိုးစုံပေါ်ဒါတွေရ တတ်တယ်၊ တကိုယ်လုံးဘဲဤကဲ့သို့ မျိုးစုံပေါ်နေဒါတွေပေမယ် လို့ ယောဂီဟာ အားသန်ရာမှတ်ရတယ်,အားသန်ရာမှတ်ရတယ်။

အပူအားသန်လျှင် အပူနဲ့ အသိနဲ့ ပူ, သိ, အသိလေး အပျက် ကပ်၊ ပူ, သိ, ပျက်၊ ရှိန်းရှိန်းလေးအားသန်လျှင်၊ ရှိန်း,သိ,ပျက်, ရှိန်းကလေးတခုကို သိ, ပျက်, ကပ်လိုက်၊ ဖျင်းဖျင်းလေး အား သန်လျှင်၊ဖျင်း,ကိုသိ,ပျက်,ကပ်၊ နောက်ပြီးတော့၊ ရွရွ,အားသန် လျှင် ရွရွ၊စစ်စစ် အားသန်လျှင် စစ်စစ်၊ ဟုန်းကနဲ, ဖျန်းကနဲ, ကြက်သီးထသလိုအားသန်လျှင်၊ကြက်သီးထတာကိုသိ, ပျက်,ကပ် ရတယ်၊အသာလေးကိုယ်က-သိပျက်,သိပျက်,သိပျက်, ဟိုကပေါ် ဒါနဲ့ ဒီကသိပျက်နဲ့ ကပ်လိုက်ရတယ်၊အဲသလိုကပ်ကပ်, ကပ်ကပ်,

ပြီးတော့သွားမယ်ဆိုလျှင်၊" အပေါ်နဲ့ သိပျက်နဲ့၊ အပေါ်နဲ့ သိပျက်နဲ့ "အဲသလိုလျှင်မြန်စွာ " မြင်မြင်၊ မြင်မြင် " ပြီးတော့လာတတ်တယ်၊အဲဒါလေးတွေမှတ်ထား။

အဲဒါ ကြာကြာထိုင်တဲ့ အကျိုးအဓိဋ္ဌာန်ပါရမီ၊ ရုံခါ၊ ရုံခါ၊ ကူလိုက်တဲ့အကျိုးဟာ၊ခန္ဓာမှာလျှပ်တလက်မက ဖြစ်ပျက်ကလေးတွေမြင်ပုံလို့ အဲသလိုမှတ်ထားကြ၊ အဲဒါ ဟိုညောင်းဘို့ ထုံဘို့ ကျင်ဘို့ ကိုက်ဘို့ဆိုတဲ့ ဒီလိုဆင်းရဲမှုတွေကို မလိုပါဘူး၊ဒါလဲဘဲ ပေါ်တတ်ပါတယ်။

အဲဒါလေးတွေ ပေါ်မယ်ဆိုလို့ ရှိလျှင်လဲ၊သူလဲဘဲမှတ်ရဒါဘဲ ကျင်ဒါပေါ်လိုက်လျှင်၊ သိ, ပျက်, ကပ်၊ ထုံဒါပေါ်လိုက်လျှင်၊ သိပျက်ကပ်၊ ထုံ သိ, ပျက်, ကိုက်ထာပေါ်သိ, ပျက်ကပ်၊ နာဒါ ပေါ်သိ, ပျက်ကပ်၊ "သိပျက်, သိပျက်" သာကပ်ကပ်သွား၊ အဲသလို ကပ်ကပ်, ကပ်ကပ်, သွားမယ်ဆိုလျှင်လဲဘဲ၊ သူလဲဘဲဝေဒနာနုပဿနာသတိပဋ္ဌာန်ဘက်က ဖြစ်သွားတာဘဲ၊ သို့မဟုတ် အေးကနဲ့, စိမ့်ကနဲ့, သိမ့်ကနဲ့, ဖျန်းကနဲ့, ဒီလိုလဲဘဲ စိတ်ချမ်းသာဒါတွေ ပေါ်တတ်တယ်၊ အေးကနဲပေါ်လျှင်၊ သိ, ပျက်ကပ်၊ ဖျန်းကနဲ ပေါ်လျှင် သိ, ပျက်, ကပ်၊ စိမ့်ကနဲပေါ် လျှင် သိ, ပျက်, ကပ်သွား၊ အဲဒါက စိတ်ချမ်းသာတယ်၊ သိ, ပျက်, ကပ်လိုက်တော့၊ဝိပဿနာ ဆက်လိုက်ထာဘဲ။

ကိုယ်ကလေးတွေလဲဘဲ ချမ်းသာဒါရှိတတ်တယ်၊ အပူကြီးကို ထောက်၍ အပူလေးဝင်လာလျှင် ချမ်းသာတယ်၊ အအေးကြီးကို

ထောက်၍ အအေးလေးဝင်လာလျှင် ချမ်းသာတယ်၊ အကျင်ကြီး အနာကြီး အကိုက်ကြီး ကိုထောက်၍၊ အကျင်ကလေး အနာက လေး အကိုက်ကလေးဆိုလို့ ရှိလျှင်၊ အဲဒါ ချမ်းသာတယ် ခေါ်တယ်၊ ချမ်းသာတယ်ခေါ်တယ်၊ အဲဒါလေးတွေလဲ သိ, ပျက်, ကပ်။

သိပျက်, ကပ်ကပ်, ကပ်ကပ်ပြီးတော မှတ်သွားမယ်ဆိုလျှင် လဲဘဲ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဘက်ကလဲ ဆေးစက်ကျရာ အရုပ်ဖြစ်အောင်ရေးနိုင်တဲ့ပန်းချီပမာကဲ့သို့ လုပ်တတ်မယ်ဆိုလျှင် တရားဟာမြင်ဒါဘဲ။

အဲသလိုမမြင်ဘူးဆိုလို့ ရှိလျှင် "အသက်ရှူတဲ့ လှုပ်ထာမှတ်ရ တယ်၊ အသက်ရှူတဲ့လှုပ်ထာမှတ်ရတယ်" တခါရှူတခါလှုပ်,သိ, ရှူတိုင်း လှုပ်ထာသိမယ်ဆိုလျှင်၊ အလုပ်သိဘဲ၊ အသက်ရှူလျှင် လှုပ်နေမှာပါဘဲ၊ ဒီလိုသိဒါမှ မှန်းခြေသိတယ်ခေါ်တယ်၊ မှန်းခြေ သိနဲ့ မဂ်, မကျဘူး၊ အသက်ရှူလျှင် ဘယ်သူမဆို လှုပ်ထာပေါ့၊ ဆုံးဖြတ်သိခေါ်သူလဲ မဂ်, မကျဘူး၊ အလုပ်နဲ့ သိမှ မဂ်,ကျတယ် ဆုံးဖြတ်ထား။

အသယ်ရှူလို့ လှုပ်ထာတောင်မှ ထိုင်လျက်ကြည့်လဲ မမြင်ပါ ဘူရား၊ အိပ်လျက်ကြည့်လဲမမြင်ပါဘူရား၊ ကိုယ့်အသက်ရှူဒါ တောင် ကိုယ်မသိဒါ ရှိတတ်တယ်၊အဲသလို ရှိတတ်ပြီဆိုလျှင် ရင် ပေါ် လက်တင်၊ လက်အောက်ကိုကြည့်ပါ။

လက်လှုပ်တယ်, ရင်လှုပ်တယ်, အသားလှုပ်တယ်, အရေလှုပ် တယ်, ဆိုလျှင်၊လက်တို့,ရင်တို့,အသားတို့,အရေတို့,ကတော့ မှား

ဘယ်၊ လှုပ်ထာကတော့မှန်တယ်၊ အဲဒီလှုပ်ထာကလေးကို သိနေ လှုပ်ထာကလေးကို သိနေတော့ ရင်လောက် လှုပ်တယ်ဆိုလျှင်၊ ကျောပေါက်အောင်ဖြန့်ကြည့်၊ ကျောနဲ့ ရင်နဲ့ တသားတည်း လှုပ်တယ်ဆိုလျှင်၊ အောက်ပိုင်းကြည့်။

အောက်ပိုင်းတိုးချဲ့ကြည့်၊ခြေဖျားထိအောင်တိုးချဲ့ကြည့်-ကြည့် ခါစ, ဘယ်လိုကြည့်ရမလဲ မေးလျှင်,ဘောလုံးကလေးအပေါက် ဖေါက်ထား လက်လွှတ်လိုက်လို့ရှိလျှင်,ဘောလုံးသည် ဖေါင်း လာလေဝင်လို့, နှိပ်လိုက်ပြီဆိုလို့ရှိလျှင်, ဘောလုံးသည် ပိန် သွားတယ် လေထွက်လို့, အဲဒီ....ဥပမာ အတိုင်းဘဲ, အသက် တခါ ရှူလိုက်တယ်, ပိုက် ဖေါင်း တယ်, လေဝင် လို့၊ ရှူက် လိုက်, ပိန်သွားတယ်, လေထွက်လို့၊ ဟောဒီ နှစ်ခု ရှူက်တိုင်း, ရှူက်တိုင်း, ပိုက်ပိန်ရတယ်, လေထွက်ရတယ်၊ အဲဒါပေါင်ရင်း သာကပ်လိုက်, စိတ်နဲ့ ကပ်ထားလိုက်, ရှူက်လိုက်လျှင်, လေ ထွက်၊ ပေါင်းရင်းမှာရှိန်းကနဲ့,ရှိန်းကနဲ့, ပေါ်လာတယ်၊ နေပ စေ....ကြည့်နေ၊ ရှူက်တိုင်း, ရှူက်တိုင်း,ပေါင်ရင်းမှာ ရှိန်းက နဲ့, ရှိန်းကနဲ့, ရှိန်းကနဲ့။

အဲဒီလို တိုးတိုး, တိုးတိုး လာလျှင်, ပေါင်ရင်းက, ပေါင် လယ်၊ ပေါင်လယ်က, ဒူး၊ ဒူးက,ခြေသလုံး, ခြေသလုံးက, ခြေ မျက်စေ့၊ ခြေမျက်စေ့က, ခြေဘဝါး၊ တချက်ရှူက်လိုက်လျှင်, ရှိန်းကနဲ့, ရှိန်းကနဲ့, ရှိန်းကနဲ့, ဆိုလျှင် ခြေဖျားထိအောင် အ ပူထုတ်သလို ဖြစ်နေတတ်တယ်၊ အဲသလိုဆိုလျှင် အောက် ပိုင်း သည် ရှိန်းရှိန်းဖြစ်စေ, ရွရွဖြစ်စေ, ဖျင်းဖျင်းဖြစ်စေ, စစ် စစ် ဖြစ်စေ, ဟုန်းကနဲ့, ဖျန်းကနဲ့, ကြက်သီးထသလို ဖြစ်စေ၊ ခြံအို့,

နားချီအုံ့ ပရွက်ဆိတ်အုံကြီးများကဲ့သို့ အုံကြွနေသလို ဖြစ်စေ၊ အောက်ပိုင်းမှာ မျိုးစုံ ပေါ်နေတတ်တယ်၊ အထက်ပိုင်း ဆက်ကြည့်လိုက်၊ အထက်ပိုင်းမှာလဲဘဲ ခုနလိုဘဲ ရှိန်းရှိန်း ဖြစ်စေ၊ ရွရွဖြစ်စေ၊ ဖျင်းဖျင်းဖြစ်စေ၊ စစ်စစ်ဖြစ်စေ၊ ဟုန်းကနဲ့၊ ဖျန်းကနဲ့၊ ကြက်သီးထလို ဖြစ်စေ မျိုးစုံပေါ်နေတတ်တယ်၊ အဲဒါ.... အသက်ရှူတဲ့ လေနဲ့ ပတ်သက်ပြီး သကာလ သိမှတ်တဲ့နေရာမှာ ခန္ဓာကိုယ် ဖြစ်ပေါ်လာပုံတဲ့၊ အာနာပါန မဟုတ်ဘူး၊ သမထလဲ....မဟုတ်ဘူး။

ဆရာတော်တို့ ကိုယ်တွေ့တရားက ပုဒ်၊ အေးဒါ၊ လှုပ်ထား၊ လို့ ဆိုတော့ လှုပ်ထားလေး ပါတယ်၊ ဘယ်လေလဲ မေးတော့ ဆရာတော်တို့က ဝါးလုံးရှည်နဲ့ သိမ်းရမ်းထားတဲ့ - လေ ၊ ဘဲ ခေါ်တယ်၊ ဘယ် လေ ဖြစ်ဖြစ်၊ အသက်ရှူလို့ လှုပ်တဲ့ လေဘဲ ဖြစ်ဖြစ်၊ မရှူဘဲနဲ့ လှုပ်တဲ့ သွေးသားလေးတွေ ခုံတဲ့လေဘဲ.... ဖြစ်ဖြစ်၊ ဘယ်လေ မဆို ကိုယ်တွေ့တရား ဖြစ် သော ကြောင့် ဆရာတော်တို့မှာ ဘယ်လေမဆို မရွေးဘူး၊ မှတ်ထားဘဲ - မှတ်ထားဘဲ၊ အဲဒါကြောင့်မို့ သမထဘက်က မဟုတ်ဘူး၊ ဝိပဿနာဘက်ကလို့ အဲသလို ရှင်းပေတော့....။

အသက်ရှူတဲ့ လေနဲ့ ပတ်သက်ပြီးသကာလ ခန္ဓာမှာဆိုလျှင်၊ ခုနလို လေနဲ့ ရှူ၊ မီးပါ၊ မီးနဲ့ လေ နှစ်ခုပေါင်း အရှိန်၊ အခိုး၊ အငွေ့၊ တွေ့ထ၊ ထသည်နှင့် တပြိုင်နက် ရွရွ၊ ဖျင်းဖျင်း၊ စိုးစိုး၊ စစ်စစ်၊ အစရှိသည်တို့ဖြင့် ခန္ဓာမှာ မျိုးစုံပေါ်နေ တတ်တယ်၊ အဲဒါလေးတွေ မှတ်ပေတော့ အင်မတန် လွယ်ပါတယ်၊ ဆရာတော်တို့ တရားက တရားကြမ်း ခေါ်တယ်၊ ဘာဖြစ် လို့လဲ....

မေးလျှင်, ကိုယ်တွေ့ဆိုဒါ တေဇော, ပူအေး, ဝါယော, လှုပ်ငြိမ်, ပထဝီ, ခက်မာ, လို့ ကလေးကစ၍ သိတယ်၊ မျက်မြင် သိမ်သိမ့်မွေ့မွေ့၊ နားကြား သိမ်သိမ့်မွေ့မွေ့၊ နှာခေါင်းတွေ့ သိမ်သိမ် မွေ့မွေ့၊ လျှာတွေ့ သိမ်သိမ် မွေ့မွေ့၊ မနေ့ာတွေ့ သိမ်သိမ် မွေ့မွေ့ မဟုတ်ပါ, ကြမ်းတမ်းတယ်။

ဒါကြောင့် တချို့ ပျက်တီးပုံကျက်ချေ ပြောကြတယ်၊ ပုဒါ၊ တရားလား၊ ဖျားရင်သည်ထက်တောင် ပူသေးတယ်လို့....ဟော တချို့ ပြောကြတယ်။

ပူဒါဆိုလျှင်ကွာ, ရုပ်သာတောင် မလာရပါဘူး၊ အိပ်မှာလဲဘဲ, အပူတွေ ရှိသားဘဲ၊ ဒို့....ခဏ ခဏ, တွေ့နေရတယ်၊ဒါတွေ တရားလားတဲ့၊ ဟော....နဂိုရ်တွေ့ ဒါလေးကိုပင်လျှင် အထင်သေးကြတယ်၊ အိမ်မှာလဲ ပူဒါဟာ တရားပါဘဲ၊ သို့သော်.... ပူဒါ - ငါ, ပူဒါ, အသား, အရေ, အကြော, ပူဒါ, ခေါင်း, ကိုယ်, ခြေ,လက်, ပူဒါ, ယောကျ်ား, မိန်းမ, သား, သမီး, မြေးမြစ် လို့ အထင်မှားကြတယ်၊ ဘယ်သူတွေမှ မဟုတ်ဘူး၊ ရုပ်သာကျတော့ ပူဒါဟာ, ပူဒါဘဲ၊ အေးဒါဟာ, အေးဒါဘဲ၊ ဖျင်း ဒါဟာ, ဖျင်းဒါဘဲ၊ စစ်ထာဟာ, စစ်ထာဘဲ၊ ဟော....အမှတ်မှန် လာတယ် ခေါ်တယ်၊ ဆရာကောင်းကပ်လိုက်တဲ့ အခါကျတော့ သမ္မာဒိဋ္ဌိ ဖြစ်လာတယ်။

ဆရာကောင်း ဉပနိဿ မရသေးတဲ့အချိန်မှာ အိမ်အတိုင်း ထားလိုက်၊ ကျောင်းအတိုင်း ထားလိုက်၊ အနမတဂ္ဂ သံသရာ က စပြီး သကာလ ငါ....ဘဲ၊ အသား,အရေ,အကြော, ဘဲ၊ခေါင်း, ကိုယ်,ခြေ,လက်ဘဲ၊ ယောကျ်ား, မိန်းမ စသည်ဘဲ၊ သက်မဲ့ဆို

လျှင်, မီး ဘဲ, နေဘဲ, ဂျင်း ဘဲ, ပြေပ်ဘဲ,ပိတ်ချင်းဘဲ, စသည် တို့ ဖြင့်၊ အဲသလို ယူတတ်တယ်၊ သညာဝိပ္ပလ္လာသ အမှတ်မှား မ ပျောက်ဘူး၊ မဂ်, ဖိုလ်, နိဗ္ဗာန် မရောက်နိုင်တဲ့ အမှတ် အသား မျိုးတဲ့။

အဲဒါကြောင့် အိမ်မှာ တွေ့တဲ့ အပူတို့သည် မမှတ်တတ်သည် ဖြစ်လေသောကြောင့် ဒိဋ္ဌိ မပြုတ်ပါဘူးတဲ့၊ ရိပ်သာ လာ ပြီး တော့, ဆရာကောင်း ဥပနိဿ ခံပြီးတော့ မှတ်တတ်တဲ့ အပူ၊ မှတ်တတ်တဲ့ အအေး၊ မှတ်တတ်တဲ့အလှုပ်၊ မှတ်တတ်တဲ့ ဆင်းရဲ၊ မှတ်တတ်တဲ့ ချမ်းသာ တို့သည် ဒိဋ္ဌိ ပြုတ်တယ်။

(၁) နံပါတ် ဒိဋ္ဌိ ပြုတ်လျှင်....

(၂) နံပါတ် အကုသိုလ် ကံဟောင်း, ကြွေးဟောင်း လဲ.... စင်၊ကံသစ်-ကြွေးသစ်သဲ မဝင်တော့ဘူး, မဝင်လျှင်....

(၃) နံပါတ် အပါယ်မကျတော့ဘူးလို့ မှတ်ဘမ်း ဥပဒေ ထဲ သွင်းလိုက်တော့....။

ဒါကြောင့် ခန္ဓာ ကိုယ်မှာဆိုလျှင်, တရားဆိုတာ, တ ရား ဆိုတာ အရိုးခံခေါ်တယ်၊ အဆန်းမဟုတ်ဘူး၊ အသား, အရေ, အကြော, အရိုး, ရိုးတွင်းခြင်ဆီ၊ ကောဋ္ဌာ သက - အဆန်း တ ရားခေါ်တယ်၊ ခေါင်း, ကိုယ်, ခြေ, လက် စသော ကိုယ် အင်္ဂါ အစိပ်အပိုင်းတွေက အဆန်းတရားခေါ်တယ်၊ယောကျာ်း, မိန်းမ, လူနတ်,ဗြဟ္မာ, အသက်, ယိပ်ပြာ, အကောင်, သတ္တဝါ, စသည် တို့က အဆန်းတရား ခေါ်တယ်၊ သက်မဲ့ မှာဆိုလို့ ရှိလျှင် လဲဘဲ၊ ထမင်း ဟင်းတို့ စားစရာ၊ အင်္ကျီ, လုံချည်,

တို့ ဝတ်စရာ၊ အိမ်တို့ ကျောင်းတို့ နေထိုင်စရာ၊ အဲဒါတွေဟာ အဆန်းတရားတွေ ခေါ်တယ်၊ အဆန်းတရားတွေခေါ်တယ်၊ အရိုးခံ တရားကတော့ စာသုံးဆိုလျှင် ရုပ် နှင့် နာမ် ပါဘဲ၊ ကိုယ်တွေ့ဆိုလျှင် "ပေါ်ဒါနဲ့ သိဒါ" ပါဘဲ။

အပူလေး အအေးလေး ဟာ၊ ဒါ....အရိုးခံတရားဘဲ၊ ကန့်၊ တိုး၊ တွန်း ဆိုတဲ့ လေ - လေးဟာလဲ အရိုးခံ တရားဘဲ၊ ရှ၊ မွ၊ ဖြိုး၊ ဖျင်း၊ စိုး၊ စစ် ဆိုတဲ့ ပထဝီ အမှုန်ကလေးတွေလဲ.... အရိုးခံ တရားဘဲ၊ အရိုးကို အဆန်းထင် အဆန်းကို အရိုးယင်လိုက်တယ်၊ ဒါ....ကြာရှည်သွားတော့ အရိုးမြုပ်သွားတယ်၊ အရိုးမြုပ်ပြီး.... သကာလ အသား - အရေ - အကြော - ဆိုတဲ့ အ ဆန်း တ ရား လေးတွေ အသုံးအနှုန်း အမြင်များတော့၊ အဲဒါ အရိုးခံ တရား ဘဲလို့ ဖြစ်လာတယ်။

ရုပ် နဲ့ နာမ် ပေါ်နဲ့ သိ၊ အဲဒါ အဆန်းတရား၊ အဆန်း တရား ဆိုတော့ ပြောကြတယ်၊ နှင်တို့ဟာ....နှင်တို့ ခေတ်နဲ့.... နှင်တို့ တရားတွေကလဲ တရားဆန်း၊ လူတွေကလဲ လူဆန်း တွေ ဖြစ်ကုန်ပြီ၊ ဟော....အရိုးကို အဆန်းထင်လိုက်ထာ ဗင်စစ် က တော့၊ ခုန ပြောတဲ့ ရုပ် - နာမ် - ပေါ် - သိ တွေဟာ အရိုးခံ ခံ တရားပါဘဲ....လို့။

ဒါကြောင့် အရိုးခံတရားကို အဆန်းဖုံးနေသော ကြောင့် ဖုံးတဲ့အဆန်းလေးကို ပယ်ထုတ်ပြီးတော့ အရိုးကလေးမြင်အောင် ပေါ်ဒါလေးတွေ၊ သိဒါလေးတွေ မြင်အောင်၊ ပူဒါ သက်သက်၊ အေးဒါ သက်သက်၊ လှုပ်ထာ သက်သက်၊ ဆင်းရဲဒါ

သက်သက်၊ ချမ်းသာဒါ သက်သက်၊ အသိ လေးနဲ့ ဖက်အောင် ပူသိပျက်၊ အေးသိပျက်၊ လှုပ်သိပျက်၊ ဆင်းရဲသိပျက်၊ ချမ်းသာ သိပျက် လို့ အဲဒီ သိပျက်ကလေး ဆက်ပြီးတော့ အရိုးခံ တရား လေး ပေါ်လာအောင် တရားထိုင်ကြစို့တဲ့၊ ကဲ....ပြင်ကြ- ပြင် ကြတော့ ချမ်းသာသလို....ပြင်ကြ။

အောက်ပိုင်းလဲဘဲ မိန်းမထိုင် ဖြစ်ဖြစ် - တင်ပလ္လင်ခွေထိုင် ဖြစ်ဖြစ်၊ ကြာကြာထိုင်နိုင်သလို ထိုင်၊ အထက်ပိုင်း ဖြစ်သော ကိုယ့်ကို မတ်မတ်ထားချင်ထား၊ သို့မဟုတ် ထိုင်နေကြ၊ ခါး လေးကုန်း တုန်းတုန်းထားချင်ထား၊ ခေါင်း ကြီး တော့ ငိုက် စိုက်ထားတာ မကောင်းဘူး၊ ငိုက်စိုက် ထားလျှင် သူငယ်ချင်း လာတတ်တယ်၊ ထိနမိဒ္ဓ ငိုက်တတ်တယ်၊ သန်းဝေတတ်တယ်၊ ပျင်း တတ်တယ်၊ ခေါင်းကလေး ဆတ်ခနဲ.... ဆတ်ခနဲ.... ဆတ်ခနဲ.... ဆိုလျှင်၊ အဲဒါ....ငိုက်တယ်ခေါ်တယ်။

အဲဒါကြောင့် ခေါင်းကတော့ အလောတော်လောက်ထား၊ ရှေ့ကိုလဲ ငိုက်မထားနဲ့၊ နောက်ကိုလဲ လန်မထားနဲ့၊ ဘေးကို လဲ စောင်းမထားနဲ့၊ အလောတော်ထားကြ၊ လက်ကလေးက လဲဘဲ, ဘယ်ညာ ထပ်ချင်ထပ်၊ မထပ်ချင်နေ ကြာကြာ ထိုင်နိုင် ဘို့သာ ရည်ရွယ်ထားကြ၊ စိတ်ကတော့ ရင်ထဲမှာ ထားနော်....၊ ပေါ်ဒါမှတ်ပြီး သကာလ၊ ကဲ....အမိဋ္ဌာန် လိုက်ဆိုကြ-လိုက်ဆို ကြ၊ လက်အုပ် မချီနဲ့နော်....၊ လက်ကို နေသားတကျထားကြ၊ အမိဋ္ဌာန် ဆိုပေမဲ့လို့ မလှုပ်မယှက် မပြင်ဘဲ နေပါမယ် ဆိုတဲ့ အမိဋ္ဌာန်တော့ မဟုတ်ဘူးနော်၊ မဟုတ်ဘူးနော်....၊ ဆရာတော် တို့က သိပ်တော့ မတင်းဘူး၊ ကိုယ်တရားမြင်, မြင်သလိုဘဲ၊ သူ့

ဟာသူ ထိုင်သွား လိမ့်မယ်၊ ဆရာတော်တို့ အမိန့်ဩဝါဒ ကတော့ တနာရီထိုင်မယ်၊ ထိုင်တဲ့အတွင်းမှာ ပေါဒါမှတ်၍ ထိုင်ပါမယ် ဆိုတဲ့ ရည်ရွယ်ချက် အမိန့်ဩဝါဒပါဘဲ၊ မလှုပ်၊ မပြင်ဘဲနဲ့လဲဘဲ၊ ပေါဒါမှတ်ရမယ်၊မနေနိုင်လို့ ပြင်တော့မယ်ဆိုလျှင်လဲ ပေါဒါ မှတ်ပြီးတော့ ပြင်ရမယ်၊ ပြင်ပြီးတဲ့နောက်လဲဘဲ ပေါဒါမှတ်ပြီး တော့ နေပါမယ်လို့ အမိန့်ဩဝါဒကဲ့အောင် မှတ်ကြ။

ကဲ....အမိန့်ဩဝါဒလိုက်ဆိုကြ....။

တပည့်တော်များသည်၊ ယခုအချိန်မှစ၍ တနာရီတိတိ ခန္ဓာ ကိုယ်မှာပေါ်လျှင် သိ၊ သိလျှင်၊ ပျက်၊ ပေါ်၊ သိ၊ ပျက်- ပေါ်၊ သိ၊ ပျက်၊ မှတ်၍သာ နေပါမည်၊ နေပါမည်။ မှတ်နေတုန်းမှာ ငိုက်သန်း၊ ပျင်းဝေ၊ စိတ်လေ၊ စိတ်လွင့်၊ စိတ်ကူး၊ အချောင် နေတာ ပေါ်ခဲ့ပါလျှင် ချက်ချင်းပင် ဖျောက်ပစ်ပြီးကာ၊အမှတ် နဲ့သာ တနာရီတိတိ နေပါမည်။ မှတ်နေတုန်းမှာ ရုပ်ထာကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် မြင်ခဲ့ပါလျှင် ထူးထူးခြားခြား အနေ မျိုးဖြင့် ပြနိုင်ပါစေသတည်း။

ကဲ- မှတ်ကြ....တောင့်တောင့်၊ တင်းတင်းကြီးလဲ လုပ်မထား နဲ့၊အသက်ရှူပြင်းပြင်းကြီးလဲ လုပ်မထားနဲ့၊နဲနဲလေး ခပ်လျော့ လျော့လေး၊ စိတ်၊ ရင်ထဲမှာ စိုက်လိုက်၊ အမြင်သန်တဲ့ ပုဂ္ဂိုလ်က ရင်ထဲတွင် စိုက်လိုက်၊ တည်သည်ထက်တည်သွားအောင် ဇွဲလေး နဲ့ ပြန်စိုက်လိုက်၊ အမြင်မသန်သေးတဲ့ ပုဂ္ဂိုလ်က ရင်ကနေပြီး တော့ ပေါ်တဲ့နေရာ လိုက်မှတ်ကြ။

**မှတ်ချက်။** ။တနာရီထိုင်သော ဣရိယာပုထ်ဖြင့် တရား မှတ် နေရပါသည်။

ကဲ.... တနာရီ စေ့ပါပြီ၊ မျက်လုံး မဖွင့်နဲ့၊ အမှတ်ကိုလဲ, လက်မလွှတ်နဲ့၊ ကဲ....ပေါ်ဒါမှတ်ပြီးတော့ ဖြေးဖြေးလေး ပြင်ကြစမ်း၊ လက်ပြင်ချင် လက်ထဲစိတ်ဖြန့်၊ ခြေထောက်ပြင်ချင်လျှင် ခြေထောက်ထဲ စိတ်ဖြန့်၊ ဘယ်သူ့တစောင်း ပြောင်းချင်တယ် ဆိုလျှင် ကိုယ်ထဲ စိတ်ဖြန့်၊ ပေါ်ဒါ, မှတ်၍ ဖြေးဖြေး, ဖြေး-ဖြေး, လူပျင်း သဘောလို ပြင်ကြတဲ့ သတိတော့ မလွှတ်စေနဲ့နော်....။

မိမိလဲဘဲ ပြင်လိုက်တဲ့အခါမှာ ရပ်ထာ မြင်ချင်လဲ မြင်တတ်တယ် ပြင်ကြ,ပြင်ကြ၊ ရှေ့တန်းက ထိုင်နေတဲ့ အဖိုးကြီးတွေ, အဖွားကြီးတွေ, တယ်ချီးမွမ်းစရာကောင်းတယ်၊ နဲနဲလေးတောင် မှ မလှုပ်ဘူး၊ မှတ်နေလိုက်ထာ, တယ်ငြိမ်ဒါဘဲ၊ ယောဂီထဲမှာ ကြည့်လိုက်လျှင် အိပ်ငိုက်တဲ့လူ တယောက်မှ မတွေ့ဘူး၊ တင်းပြည့် ကျပ်ပြည့် တယ်မှတ်ကြတယ်၊ ဝမ်းသာစရာတယ်ကောင်း။

ကဲ....ဒီနေ့တော့ တရားစစ်မယ်၊ ပါးစပ်နဲ့တော့ မလျှောက်ရဘူး၊ လက်အုပ်နဲ့ လျှောက်ရမယ်၊လက်အုပ်နဲ့ လျှောက်ရမယ်၊ ယခုတရားထိုင်နေဒါ တော်တော်လေးကော မြင်ကြရဲ့လား ?

။ မြင်ပါတယ်ဘုရား။ ။

လက်အုပ်မချီနဲ့အုံး၊ လက်အုပ်မချီနဲ့အုံး၊ လက်အုပ်ချီခိုင်းမှ ချီပါ။

တကိုယ်လုံး, မြင်ဒါနဲ့ ကွက်ကွက်, မြင်ဒါ နှစ်မျိုး ရှိတယ် နော်....?

။ မှန်ပါဘုရား။

ယခု တရားထိုင်တဲ့အချိန်.... နောက်က တရားထိုင်ခဲ့တာ ပြော ဒါမဟုတ်ဘူး၊ တကိုယ်လုံး မြင်ဒါ၊ ကွက်ကွက်မြင်ဒါ၊ နှစ်မျိုး ရှိတယ်၊ တကိုယ်လုံးမြင်တဲ့လူ လက်အုပ်ချီပါ၊ တကိုယ်လုံးမြင်တဲ့ လူ လက်အုပ်ချီပါ၊ လက်အုပ်ချီကြ....၊ကဲ.... ဒါတရားစစ်ထာဘဲ၊ အခု လက်အုပ်ချီတဲ့လူတွေဟာ တကိုယ်လုံး မြင်ကြရဲ့လား ?

။ မြင်ပါတယ်ဘုရား။ ။

လက်အုပ်မချီတဲ့လူတွေဟာ တကိုယ်လုံး မမြင်ဘူးလို့ ဆိုဒါ ပြောင်းပြန်လှန်ပြီးတော့ သိရတယ်။

တကိုယ်လုံး မြင်ဒါလဲဘဲ၊ တပြိုင်နက်မြင်တဲ့လူ၊ ကွက်ကွက်၊ ကွက်ကွက်နဲ့ တကိုယ်လုံးစပ်အောင် မြင်တဲ့လူလဲ နှစ်မျိုးရှိတယ်၊ တပြိုင်နက် တကိုယ်လုံးမြင်တဲ့လူ လက်အုပ်ချီထားပါ၊ကွက်ကွက်၊ ကလေး မြင်တဲ့လူ လက်ချလိုက်ပါ၊ အခု လက်အုပ်ချီ ထားတဲ့ လူတွေဟာ တကိုယ်လုံး တပြိုင်နက် မြင်တဲ့လူတဲ့။

အင်း....ထက်ဝက် လောက်တော့ မရှိတတ်ဘူး၊ ထက်ဝက် လောက်တော့ မရှိတတ်ဘူး။

ဒါ-တကိုယ်လုံး တပြိုင်နက် မြင်တဲ့လူဆိုတာ သိပြီး၊ လက်ချ လိုက်ကွာ.... ကွက်ကွက်၊ ကွက်ကွက်၊ ကလေး မြင်တဲ့လူ ရှိလျှင် လက်အုပ်ချီပါတဲ့၊ ဟိုကွက်ကွက်၊ ဒီကွက်ကွက်၊ မြင်တဲ့လူ ခေါင်း ပိုင်းမြင်လိုက်၊ ကျော၊ ရင်၊ မြင်လိုက်၊ အောက်ပိုင်းတွေ မြင် လိုက်၊ ဟိုကွက်ကွက်၊ ဒီကွက်ကွက်၊ မြင်တဲ့လူ ရှိလျှင် လက်အုပ် ချီပါတဲ့၊ ခုန တကိုယ်လုံး တပြိုင်နက် မြင်တဲ့လူ လက်ချလိုက်၊ လက်ချထား၊ တကိုယ်လုံး တပြိုင်နက် မြင်တဲ့လူတွေ လက်ချထား၊

အခု ကွက်ကွက်ကလေး မြင်တဲ့လူတွေ စစ်ထာ၊ ကွက်ကွက်ကလေး မြင်တဲ့လူတွေကော....။

"မြင်တဲ့အချိန်နဲ့ မမြင်တဲ့ အချိန် နှစ်မျိုး ရှိတယ်၊ မြင်တဲ့အချိန်နဲ့ မမြင်တဲ့အချိန် နှစ်မျိုးရှိတယ်" မြင်တဲ့အချိန်များတဲ့လူ လက်အုပ်ချီမြဲတိုင်း ချီပါ၊ နည်းတဲ့လူ လက်ချလိုက်၊ နည်းတဲ့လူ လက်ချလိုက်ပါ၊ အမြင်များတဲ့လူ လက်အုပ်ချီမြဲ ချီထားပါ၊ယခု လက်အုပ် ချီထားတဲ့ လူတွေဟာ ကွက်ကွက်မြင်တဲ့ နေရာမှာ အမြင်က များတယ်လို့ ဆိုဒါ သိရတယ်၊ ကဲ....လက်ချလိုက်။

သံဃာတော်များတော့ လက်အုပ်မချီခြင်လဲ နေပါ၊ သို့သော်လဲ ဂရုစိုက်မှတ်ပါ၊ ခန္ဓာမှာ ပူဒါ၊ အေးဒါ၊ နှစ်ခု ရှိတယ်၊ တိုးတိုး၊ ပြီးတော့ ပူဒါ၊ တန့်ပြီးတော့ ပူဒါ၊ လျော့ပြီးတော့ ပူဒါ၊ တိုးပြီးတော့ အေးဒါ၊ တန့်ပြီးတော့ အေးဒါ၊ လျော့ပြီးတော့ အေးဒါ၊ ဒီလိုရှိတတ်တယ်၊ အဲသလို ပူဒါ၊ အေးဒါ၊ နှစ်ခု ဖြစ်ပျက်ပုံကလေးကို သိတဲ့လူ ရှိလျှင် လက်အုပ်ချီပါ၊ ပူဒါ၊ အေးဒါ၊ နှစ်ခု ဆရာတော်ပြောသလို သိတဲ့လူရှိလျှင် လက်အုပ်ချီပါ၊ သိကြမှာပါဘဲ၊ ပူ၊ အေး၊တော့ သိတဲ့လူ လက်အုပ်ချီပါ။

သိတဲ့ အချိန်နဲ့ မသိတဲ့အချိန်လို့ နှစ်မျိုးရှိပါလိမ့်မယ်၊သိတဲ့အချိန်များလျှင် လက်အုပ်ချီမြဲတိုင်း ချီထားကြပါ၊ပူဒါ၊အေးဒါ၊ ဖြစ်ပုံ၊ ပျက်ပုံ၊ သိတဲ့အချိန်များတဲ့လူရှိလျှင် လက်အုပ်ချီမြဲတိုင်း ချီထားကြပါ၊ ချီထား၊ ဒါကတော့ အမြင်များတဲ့ လူဘဲ ရှိပါလိမ့်မယ်၊ အဲဒီ ပူ၊ အေး၊လေး ရှိနေတဲ့အချိန်မှာ "ရှိန်းရှိန်းလေး ပါတတ်တယ်၊ ရှိန်းရှိန်းလေး ပါတတ်တယ်၊ ရွှရွလေး ပါတတ်၊

ဖျင်းဖျင်းလေး ပါတတ်တယ်” သုံးမျိုး, အဲဒါ သိတဲ့လူ ရှိလျှင် လက်အုပ်ချီမြဲတိုင်း ချီပါ၊ မသိတဲ့လူ လက်ချပါ။

တယောက်မကျန်သိတဲ့လူတွေချည်းဘဲ ဖြစ်ပါတယ်၊ရှိန်းရှိန်း, တော့ ပါတတ်ထားများတာဘဲ၊ ရွရွ,လေးလဲ ပါတတ်ထားများ တယ်၊ ဖျင်းဖျင်း,လေးတွေလဲ ပါတတ်ထားများတယ်၊ စစ်စစ်, စစ်စစ်,ကလေးတွေကော ပါတတ်ထား များကြ၊မပါတဲ့လူရှိလျှင် လက်ချပါ၊ ချမြဲတိုင်း ချလိုက်ပါ။

အခု လက်ချတဲ့လူတွေဟာ စစ်စစ်, လေးတွေ မဖြစ်ဘူးနဲ့ တူတယ်၊ မမြင်ပေမဲ့ ကိစ္စမရှိဘူး၊ မြင်တဲ့ဥစ္စာတွေဟာ သိပ်များ ဒါဘဲ၊ ရင်ထဲမှာ ဒိတ်ဒိတ်, ဒိတ်ဒိတ်,နဲ့ အမြဲတန်း သွေးကျ နေသလို ဖြစ်တတ်ပါတယ်၊ ရင်ဒိတ်ဖြစ်စေ, တကိုယ်လုံး ဒိတ်, ဖြစ်စေ, ကွက်ကွက်,ကလေး ဒိတ်, ဖြစ်စေ၊ မမြင်တဲ့လူ ရှိလျှင် လက်ချလိုက်ပါ၊ မြင်တဲ့လူတွေ လက်အုပ်ပြန်ချီလိုက်ပါ။

ဒိတ်ဒိတ်,ကို မြင်တဲ့လူတွေ လက်ပြန်ချီပါ၊ အမြင်များတယ်, နဲတယ်,နှစ်ခုရှိတယ်၊အမြင်နဲတဲ့လူတွေ လက်ချလိုက်ပါ၊ဒိတ်ဒိတ်, ဒိတ်ဒိတ်, အမြင်နဲပါတယ် ဘုရားဆိုလျှင် လက်ချလိုက်ပါ၊အခု ဟာ အမြင်များတဲ့ လူတွေ များကြ ပါတယ်၊ ဒိတ်, ဆိုလျှင် သိရဲ့လား ?

။ သိပါတယ်ဘုရား။ ။

သိဆိုလျှင် ပျက်သွားရဲ့လား ?

။ ပျက်သွားပါတယ်ဘုရား။ ။

ဒိတ်၊ ဆိုတာနဲ့ သိ ပျက်၊ ဒိတ်၊ ဆိုတာနဲ့ သိ ပျက်၊ ဒိတ်၊ သိပျက်လို့၊ အဲသည်လို နေပစေ၊ ခန္ဓာမှာ ကြက်သီး ထသလို့၊ ဟုန်းကနဲ့၊ ဖျန်းကနဲ့၊ စိမ့်ကနဲ့၊ သိမ့်ကနဲ့၊ လို့ ဒါလိုပီတိတွေဖြစ်တတ်တယ်၊ အဲဒါလေးတွေ မမြင်တဲ့လူတွေရှိလျှင် လက်ချ လိုက်ပါ၊ ကြက်သီးမျိုးမမြင်တဲ့လူရှိလျှင် လက်ချလိုက်ပါ၊ ဟင်....မြင်တဲ့လူတွေများပါလား၊ ကြက်သီးလေးတွေ အပူရှိန်ကြောင့်လဲ ဟုန်းကနဲ ဖြစ်တတ်တယ်၊ ပီတိကြောင့်လဲ ဟုန်းကနဲ ဖြစ်တတ်တယ်၊ ပီတိကြောင့် ဟုန်းကနဲ ဆိုတာ နဲ့နဲ့လေး အအေး ဓါတ်ပါလာတယ်၊ စိမ့်ကနဲ့၊ ဖျန်းကနဲ့၊ သိမ့်ကနဲ့၊ အဲသည်လို နဲ့နဲ့လေး ချမ်းသာမှုလေး နဲ့နဲ့ပါတတ်တယ်၊ အပူ ရှိန်ကြောင့် ဟုန်းကနဲ ဖြစ်ထာတော့ နဲ့နဲ့ ဆင်းရဲတတ်တယ်၊ သူက ပူရှိန်၊ ဟပ်ထာကိုး၊ အဲဒါ ကိစ္စမရှိဘူး၊ ပါလျှင် ပါပစေ၊ ပါလျှင်လဲ ဒီကြက်သီးကို မကြ်မနေနဲ့၊ ဖျန်းဆိုလျှင် သိ ပျက်၊ ကပ်၊ သိမ့်ဆိုလျှင် သိ ပျက်၊ ကပ်၊ ဖိန်းဆိုလျှင်လဲ သိ ပျက်၊ သာ ကပ်လိုက်၊ ဘာမှ သာယာမှုတွေ ကြည့်မနေနဲ့....ကြည့်မနေနဲ့၊ သိပျက်၊ သိပျက်၊ သာကပ်၊ ဝိပဿနာ အလုပ်ဟာ ဒီ သိပျက်၊ ကပ်နေရဒါဘဲ၊ မဆုံးမချင်း သိပျက်၊ မဆုံးမချင်း ကပ်နေရဒါဘဲ။

နောက်ပြီးတော့ဆိုလျှင် ခြအုံ့၊ နားချီအုံ့၊ ပရွက်ဆိတ်အုံ့၊ ကြီးများကဲ့သို့ အုံကြွနေသလို ခန္ဓာမှာ ပေါ်တတ်တယ်၊ တကယ့် အကောင်လေးတွေလို့လဲ စိတ်က ထင်တတ်တယ်၊ အိမ်သာမှာ ပိုးလောက်ကောင်ကလေးတွေ တရွရွနေသလိုလဲ ထင်တတ်တယ်၊ အဲသည်လိုများ တွေ့ကြရဲ့လား?

။ တွေ့ပါတယ်ဘုရား။ ။

မတွေ့တဲ့လူ လက်ချလိုက်စမ်း၊ မတွေ့တဲ့လူ လက်ချလိုက်စမ်း၊ တွေ့တဲ့လူ လက်အုပ်ချီစမ်း၊ ယောဂီ အဟောင်းတွေ များလို့လားမသိဘူး၊ မြင်တဲ့လူ တယ်များပါလား၊ ခြအုံ့, နားချီအုံ့, ပရွက်ဆိတ်အုံ့, ကြီးများကဲ့သို့ ပိုးလောက်ကလေးတွေ များကဲ့သို့ မြင်တဲ့လူတွေ တယ်များပါလား၊ အဲဒါလဲဘဲ သိပျက်, သာကပ်လိုက်၊ဘာမဆိုသိပျက်သာကပ်လိုက်၊အပျက်ဖက်သာချပစ်လိုက်။

လှုပ်လှုပ်, လှုပ်လှုပ်, လှုပ်လှုပ်, ဖျတ်ဖျတ်, ဖျတ်ဖျတ်, ဖျတ်-ဖျတ်, ဆပ်ဆပ်, ဆပ်ဆပ်, ဆပ်ဆပ်, ရိပ်ရိပ်, ရိပ်ရိပ်, ရိပ်ရိပ်, လေးမျိုး အဲဒါကော သိတဲ့လူတွေ ရှိကြရဲ့လား ?

။ ရှိပါတယ်ဘုရား။ ။

မသိသူရှိလျှင် လက်ချလိုက်ပါ၊ မသိသူရှိလျှင် လက်ချလိုက်၊ သိသူရှိလျှင် လက်အုပ်ချီလိုက်၊ ပိုတောင် များသေးပါလား၊ လက်အုပ်တောင် ပိုချီလာသေးတယ်။

လှုပ်လှုပ်, လှုပ်လှုပ်, လှုပ်လှုပ်, ဖျတ်ဖျတ်, ဖျတ်ဖျတ်, ဖျတ်-ဖျတ်, ရိပ်ရိပ်,ရိပ်ရိပ်,ရိပ်ရိပ်,တဲ့ တယ်အပျက်မြန်တယ်ခေါ်တယ်။

ယခု တရားထိုင်တဲ့ အတောအတွင်း ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အခု တရားထိုင်တဲ့ အတောအတွင်း မေးဒါ၊ ဟဲ.... လက်ချလိုက်တော့၊ ကျေနပ်လောက်စရာရှိပြီ၊ ကျေနပ်လောက်စရာမှုပြီ၊ နောက်ကထိုင်ဒါ ပြန်စစ်မယ်။

ရှေ့က ထိုင်ခဲ့တဲ့ရက်တွေ ပြန်စစ်မယ်၊ ရှေ့တုန်းက ထိုင်ခဲ့ ဒါကော မြင်ရဲ့လား ?

॥ မြင်ပါတယ်ဘုရား॥ ॥

အခုမြင်သလို မြင်ကြရဲ့လား ?

॥ မြင်ပါတယ်ဘုရား॥ ॥

ကိုယ့်နေရာမှာ ကိုယ်ထိုင်ဒါထက် ဆရာသမားရှေ့မှာထိုင်ဒါ ဘယ်သင်းက ပိုမြင်သလဲ ?

॥ ဆရာသမားရှေ့ ထိုင်ဒါက ပိုမြင်ပါတယ်ဘုရား॥ ॥

ဒါက တင်းပြည့်ကျပ်ပြည့် တယ်ကောင်း၊ ဆရာသမားကလဲ သတိပေးတော့ ပိုမြင်လာတယ်၊ ပိုမြင်မှန်း သိလို့ရှိလျှင် ဆရာ ရှေ့မှာ ထိုင်ရတာ စိတ်မပျက်နဲ့နော်....?

॥ မပျက်ပါဘူးဘုရား॥ ॥

အချိန်ရလျှင် ရသလို ထိုင်ချင်တယ်လို့ စိတ်ကလေး ကလဲ ပေါ်လာပါစေ၊ ဘာဖြစ်လို့လဲ ဆိုတော့ တင်းပြည့် ကျပ်ပြည့် ဒို့ရတယ်၊ ဆရာတော် ကလဲ သတိပေး၊ ဒို့ကလဲ သတိပေး သလောက်လဲ နောက်ကနေ လိုက်ပီးတော့ ထိုင်ကြတော့၊တယ်ပြီး တော့ မြင်တယ်၊ ထိုင်ချင်စမ်းပါဘိတော့နော်လို့ စိတ်ကလေး ဆန္ဒလေး, ပြင်းပစေနော်....॥

မနက်တိုင်း, မနက်တိုင်း,တော့ ထိုင်ရမှာဘဲ၊ မနက်တိုင်း မနက်တိုင်းတော့ ထိုင်ရမယ်॥

အိပ်ကော အားထုတ်ခဲ့ကြရဲ့လား ?

॥ အားထုတ်ခဲ့ပါဘုရား॥ ॥

ကြာကြာကော အိပ်ရဲ့လား ?

॥ အိပ်ပါတယ်ဘုရား॥ ॥

ဟို-တုံးလုံးလှဲတာ ပြောဒါနော်....॥

အမိဋ္ဌာန်လေးကော ရံခါ, ရံခါ, ပါရဲ့လား ?

॥ ပါ-ပါတယ်ဘုရား॥ ॥

စိတ်တော့ ဘယ်မှာထား ?

॥ ရင်မှာထားပါဘုရား॥ ॥

ဘာလုပ်နေ ?

॥ ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေပါဘုရား॥ ॥

မြင်ဒါနဲ့ မမြင်ဒါ ဘယ်ကများသလဲ ?

॥ မြင်ဒါများပါဘုရား॥ ॥

ဟော....ဒါတော့ လက်အုပ်မချီခိုင်းတော့ဘူး॥

အမြင်နဲ့လျှင် များအောင် ကြိုးစားပေါ့၊ ခုန အမြင်နဲ့တယ် ဆိုလျှင် အသက်ရှူလို့ လှုပ်ထာ့မှတ်၊ မတွေ့သေးဘူး ဆိုလျှင် ရင်ပေါ်လက်တင် လက်အောက်ကိုကြည့်၊ ကြည့်လျှင် လှုပ်ထာ့ တွေ့တတ်တယ်၊ လှုပ်ထာနဲ့ပတ်သက်ပြီး "တချက်ရှူ, တချက် လှုပ်, တချက်ရှူ, တချက်လှုပ်" ရှူတိုင်းလှုပ်ထာသိတော့၊ အသက် ရှူလိုက်လျှင် ပိုက်ဖေါင်း, လေဝင်, ရှိုက်လိုက်လျှင်

ပိုက်ပိန့်၊ လေထွက့်၊ ပေါင်ရင်းသားကပ်ကြည့်၊ ရှိန်းကနဲ့ ရှိန်းကနဲ့၊ ပေါင်ရင်းက၊ ပေါင်လယ်၊ ဒူး၊ ခြေသလုံး၊ ခြေမျက်စေ့၊ ခြေဖဝါးထိအောင်၊ ရှိန်းကနဲ့ ရှိန်းကနဲ့၊ တော်ကြာကျ၊ ရှိန်းရှိန်း၊ ရှိန်းရှိန်းနဲ့၊ တမျိုး၊ ရွရွ၊ ရွရွ၊ နဲ့ တမျိုး၊ ဖျင်းဖျင်း၊ ဖျင်းဖျင်း နဲ့ တမျိုး၊ စစ်စစ်၊ စစ်စစ်၊ နဲ့ တမျိုး၊ ဟုန်းကနဲ့ ဖျန်းကနဲ ကြက်သီးထသလိုတမျိုး၊ အမျိုးမျိုးပေါ်နေတယ်၊ လုပ်တတ်လျှင်တယ် လွယ်တယ်၊ အသက်မရှူဘဲနဲ့ နေနိုင်ကြပါ့မလား ?

॥ မနေနိုင်ပါဘုရား॥ ॥

အသက်တော့ ရှူကြတာဘဲ၊ ရှူရင်တော့ ခုနလိုတော့တွေ့မှာဘဲ၊ သမာဓိချက်ရလျှင်တော့ ခုလိုတွေ့မှာဘဲ ဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ကဲအိပ်လျှက်ကောမြင်ကြပြီနော် ?

॥ မြင်ကြပါပြီဘုရား॥ ॥

မြင်တဲ့နေရာ မြင်ဒါလဲဘဲ အမြင်များကြတယ်နော် ?

॥ များပါတယ်ဘုရား॥ ॥

နေရာတိုးမြင်ဒါများခြင်း-အချိန်တိုးမြင်ဒါများခြင်း- နှစ်မျိုး ရှိတယ်။

နေရာတိုးမြင်ဒါများပုံ၊ ပထမအိပ်လျက်အားထုတ်လိုက်ထာ-ခေါင်းပိုင်းလောက် မြင်တယ်ဆိုပါတော့၊ တခါထဲ အောက်ပိုင်း တစ, တစ, တိုးတိုးများလာဒါ၊ အဲဒါ-နေရာတိုးများမြင်ဒါခေါ် တယ်၊

အချိန်တိုးမြင်ဒါ၊ ပထမတုန်းကတော့ တခါအိပ်လျှင်၊ တချက် နှစ်ချက်လောက်-လေးငါး ဆယ်ချက်လောက်၊ နောက်ပြီးတော့အချက်နှစ်ဆယ်လောက်-ဒီလို တိုးတိုး မြင်လာတယ်၊ ဟာ-နောက်တခါအိပ်လိုက်တဲ့အခါမှာ၊ ရေတွက်လို့ ကို မရနိုင်တော့ပါဘူး၊ ဖြတ်ကနဲဆိုပျက်သွား၊ လုပ်ကနဲဆိုပျက်သွား၊ ဖြင်းကနဲဆိုပျက်သွား၊ စစ်ကနဲဆိုပျက်သွား၊ ရှိန်းကနဲဆိုပျက်သွာလို့၊ဤကဲ့သို့ သိပျက် သိပျက် တွေဟာ ရေတွက်လို့ ကိုမရနိုင်ပါဘူးဆိုလျှင်၊ အချိန်တိုးပြီး ပိုးများမြင်ပုံတဲ့-ကြိုးစားကြ။

စကြိန်ကော လျှောက်ရဲ့လား ?

॥ လျှောက်ပါတယ်ဘုရား॥ ॥

ရာသီဥတုကောင်းတဲ့အချိန်တွင်ထွက်လျှောက်၊ ညလဲခါတ်မီးတွေ ထိန်လို့၊ ညဆင်းကောင်းအောင် ပိုးမွှား တိရစ္ဆာန်တွေကလဲ ရှင်းထားတော့ ကြောက်စရာလဲသိပ်မရှိဘူး၊ မီးတွေဟာ ထိန်လို့၊ ဆိတ်လဲဆိတ်တယ်၊ အဲဒါအချိန်ရ-ရသလို ထွက်လျှောက်၊ ဘယ်လှမ်းလျှင်-ဘယ်ခြေထောက်သို့စိတ်ဖြန့်ကြွတုန်းပေါ်ဒါမှတ် အောက်ချလိုက်လျှင်ပေါ်ဒါမှတ်၊ ညာလှမ်းလျှင်ညာခြေထောက်သို့ အတွင်းဖြန့်ဖြန့် ကြွတုန်းပေါ်ဒါမှတ်၊ မြှောက်တုန်းပေါ်ဒါမှတ် အောက်ချလိုက်လျှင် ပေါ်ဒါမှတ်၊ သည်လိုကော မှတ်ကဲ့လား ?

॥ မှတ်ပါတယ်ဘုရား॥ ॥

နောက်ပြီးတော့ လမ်း လေး ကို ကြည့် ထား၊ တို လျှင် ဆယ်ခေါက်လောက် မှတ်လျှောက်၊ ရှည်လျှင် ငါး ခေါက် လောက်,

မှတ်လျှောက်၊ မြင်မြင်, မမြင်မြင်,လျှောက်လိုက်၊ လျှောက်ပြီး လျှင်ရပ်, နှစ်မိနစ်လောက်မြင်မြင်,မမြင်မြင်,ဆက်လျှောက်၊ ငါး ခေါက် ဆယ်ခေါက်လောက် မြင်မြင်,မမြင်မြင်, နှစ်မိနစ်လောက် ရပ်, မြင်မြင်, မမြင်မြင်, ဆက်မလျှောက် နိုင်တော့ဘူးဆိုလျှင်၊ အိပ်ယာထဲသွား, စောင်လေး, သက်န်းလေးခြုံ,ပက်လက်လှန်ပြီး တော့အိပ်၊ မျက်လုံးမှိတ်လိုက်လျှင်, စိုက်လိုက်ပြီးတော့- အထက် ကနေပြီးတော့စိုက်, ခြေဖဝါးထိအောင်စိုက်လိုက်,မွှေးသေကောင် ဋွင်းတဆဲ့သလို-တလှုပ်လှုပ်, တရွရွ, တမွှမွှ,တရိပ်ရိပ်, တလှစ်လှစ်, တစစ်စစ်, တဖြစ်ဖြစ်နဲ့ အဲ....ရစရာမရှိအောင် "နေ့လည်ပိုင်းဆို လျှင် ချွေးတောင်ထွက်အုံးမယ်နေ့လည်ပိုင်းဆိုလျှင် ချွေးတောင် ထွက်အုံးမယ်" မနက်ပိုင်း ညနေပိုင်းဆိုလျှင် အိုက်စပ်စပ်ဖြစ်လာ တယ်၊ နွေရာသီဆိုလျှင် သာပြီးချွေးတွေ တစိုစို ဖြစ်လာလိမ့်မယ်, သဘောကျရဲ့လား ?

॥ ကျပါတယ်ဘုရား॥ ॥

အဲဒါ လမ်းလျှောက် ပုံဘဲ၊ လမ်းလျှောက် တော့ကော မြင်ရဲ့လား ?

॥ မြင်ပါတယ်ဘုရား॥ ॥

သဲလွန်စကော ရရဲ့လား ?

॥ ရပါတယ်ဘုရား॥ ॥

ရတယ်နော်....ကြိုးစားကြ၊ ခုနပြောသလိုလျှောက်လျှင် ရပါ တယ်၊ နဲနဲရလျှင်,များများရအောင် ကြိုးစားပြီးတော့ လျှောက် ပေါ့၊ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ကြိုးစားပြီးတော့ လျှောက်ပေါ့၊ နောက်တော့ မြင်လာလိမ့်မယ်၊ ခရီးသွားလဲကောင်း၊ ကျောင်း၊ ကန်၊ ဘုရား၊ သွားလဲကောင်း၊ မြို့တွေ ဘာတွေဆိုလျှင် ရွှေတိဂုံတို့၊ ရွှေမောဓောတို့၊ ကုန်းကြောင်း သွားလို့ရှိလျှင် အင်မတန် ကျေးဇူး ရှိတယ်၊ လှမ်းတိုင်း ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ အဲသည်လို မြင်လာတယ် ဆိုလျှင် တရား အဖေါ် ရတယ်၊ လူနဲ့သွားတဲ့ လူအဖေါ်ကတော့ စကား တပြောပြောနဲ့ သွားလို့သာ အဖေါ်ရတယ် ခေါ်တယ်၊ ညောင်း၊ ညောင်းတယ်ခေါ်တယ်၊ ညောင်းတယ်ဗျို့၊ ထိုင်လိုက်ကြ အုံးစို့၊ နားလိုက်ကြအုံးစို့လို့ ဆိုလျှင် တခါထဲ ချွေးတွေကို ကျလာတာဘဲ။

အပူတွေရိုက်ပြီးတော့ အခါထဲ ရင်တွေကလဲ ဒိတ်ဒိတ်နဲ့ ခုန်နေတာဘဲ၊ တကိုယ်လုံး ချွေးတွေ ဘာတွေ စိုပြီးတော့ တခါထဲ အပူတွေရိုက်သလို ဖြစ်နေတတ်တယ်၊ မောတယ်၊ တရား အဖေါ်လေးနဲ့ သွားပြီဆိုလို့ ရှိလျှင် ညောင်းခြင်းလဲ မရှိ၊ ထုံခြင်းလဲ မရှိ၊ ကျင်ခြင်းလဲမရှိ၊ ပေါင်မို့ ခိုခြင်းလဲမရှိ၊ ခြေထောက်နာခြင်းလဲ မရှိဘူး။

သွားလိုက်ထားများ ကြွလိုက်လဲဘဲ ခြေထောက် မမြင်ရတော့ဘူး၊ ပထမ ပုရိန်ပုခိုးလောက် မြင်ရတယ်၊ နောက်တော့ ရိုးရိုး၊ ရွရွ၊ ဖြိုးဖြိုး၊ ဖျင်းဖျင်း၊ စသည်ဖြင့် ပထဝီဓါတ်တွေ မြင်နေရတယ်၊ နောက်တော့ ဒါတွေ ပျောက်သွားရော၊ အပူရှိန်လဲပျောက်၊ ပထဝီဓါတ်တွေလဲပျောက်၊ လေဓါတ် ပါလာတယ်၊ လေဓါတ်ပါလာလို့ ရှိလျှင် ဘာတွေကြွလို့ ဘာတွေချနေမှန်းလဲ မသိဘူး၊ မီးရထားလမ်း ဇလီဖါးတုံးတွေ လှမ်းနေလို့ ရှိလျှင်

ဘာတွေ လှမ်းလို့ ဘာတွေ ချနေမှန်းလဲ မသိတော့ဘူး၊ အချက် ကျကျလေးဘဲ သူ့ဟာသူ "ကြွလိုက်၊ ချလိုက်၊ ကြွလိုက်၊ ချလိုက်၊ အဲသည်လိုဘဲ။

ချီပါသွားထမ်းပိုးကောင်း ပြိုင်တဲ့ ပမာလို၊ ပထမတော့ ငါ့ထမ်းပိုးလေးဟာ "ပခုံးထိသေးတယ်၊ ပခုံး ထိသေးတယ်" ထမ်းပိုးနေဒါက အဖျားကော့လေးနေဒါကိုး၊ ဟို-အထက်သား တွေ ဆီလာရောင်းတဲ့ ထမ်းပိုး လိုပေါ့၊ အဲဒါ ပထမတော့ ပခုံးလေးနဲ့ ထမ်းသွားရတယ်၊နောက်တော့ ငါ့ထမ်းပိုးလေးဟာ ပခုံးမထိတော့ဘဲ "ညွတ်ပဲ့၊ ညွတ်ပဲ့၊ ညွတ်ပဲ့၊ ညွတ်ပဲ့"နဲ့ သူ့ဟာသူ ထမ်းပိုးက ထမ်းသွားတယ်လို့ ချီပါသွား ထမ်းပိုး ကောင်း ပြိုင်တဲ့ ဥပမာလို ပထမတော့ ခြေထောက် ကြီးတွေ ကြွသေးတယ်၊ ကြွလိုက်၊ ချလိုက်၊ မြှောက်လိုက်၊ ကြွလိုက်၊ ချလိုက်၊မြှောက်လိုက်၊ ချလိုက်၊နဲ့ နံနံလေးတော့ ဖြစ်သေးတယ်၊ နောက်တော့ ခြေထောက်လဲ မရှိတော့ဘူး၊အပူလဲ မရှိတော့ဘူး၊ ရှရှ၊မွမွ၊ ဆိုတဲ့ ပထဝီ ဓါတ်တွေလဲ ဘာမှမရှိတော့ဘူး၊ လေ ချည်းဘဲ။

အဲဒီလို....ဖြစ်နေတဲ့အခါကျတော့၊ ခြေထောက်ကို ဘယ်သူ ချလို့၊ ဘယ်သူက ကြွနေမှန်းလဲ မ သိ တော့ ဘူး၊ အဲဒါ.... သူ့ဟာသူ အခန့်သင့်လေး၊ ကြွလိုက်၊ မြှောက်လိုက်၊ ချလိုက်၊ ကြွလိုက်၊ မြှောက်လိုက်၊ ချလိုက် နဲ့ အဲဒါ.... နေ့ချင်း ပြန် မ သွားနိုင်တဲ့....သူဟာ၊ နေ့ချင်း ပြန်သွားနိုင်တာဘဲ၊ မောခြင်း၊ ပန်းခြင်း၊ ဘာမှလဲ မရှိတော့ဘူး၊ အဲဒါ အဖေါ်ရတယ်၊ တ ရားနဲ့ သွားတာ၊ တရားအဖေါ်ဟာ တယ်....ပျော်မွေ့တယ်၊

ဒါကြောင့် တချို့ တရားဝါသနာပါတဲ့ လူဟာ "နင်တို့ ရှေ့ ကသွား, နင်တို့ ရှေ့ကသွား" ငါ....နောက်က လိုက် ခဲ့မယ်၊ တယောက်ထဲ အဲဒါ တရားနဲ့ အပေါ်လုပ်တယ်၊ အင်မတန် ချမ်းသာတယ်....တဲ့။

အဲဒါ....ကျောင်း, ကန်, ဘုရား သွားတဲ့ အခါမှာ ဆိုလို့ ရှိလျှင် လဲဘဲ, ဖြစ်ပျက် နဲ့ သွားတယ်ဆိုလို့ ရှိလျှင်, ကျောင်း, ကန်, ဘုရား, မရောက်သေးခင်, ဖြစ်, ပျက်, ရပ်တဲ့ နိဗ္ဗာန်ကြီး ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဖြင့် လှမ်းမြင်တတ် တယ် လို့ မှတ် တော့ ဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်....ဘုရား॥ ॥

ဒါက....ဣရိယာပုထိလေးပါး၊ နောက်ပိုးတော့ ဆိုလျှင်လဲ, လက်ကွေးတယ်, လက်ဆန့်တယ်, ကိုယ်ကြီးတွေ ကွေးဆန့်တယ်, ဆိုလို့ ရှိလျှင်, ပေါ်ဒါ မှတ်ပြီးတော့ ကွေးဆန့်မနေ....။

ဆန့်ကော....ဆန့်ကြရဲ့ လား ?

॥ ဆန့်ပါတယ်....ဘုရား॥ ॥

သတိတော့ မလွှတ်စေနဲ့, သတိမလွှတ်စေနဲ့၊ လွှတ်လျှင်.... ချက်ခြင်း သိ, သူ့နေရာသူ ပြန်ထာ, အမှတ်နဲ့ ပြန် - ပြန်ကွေး, ပြန်ဆန့်ကြ၊ ဘာလေးဖြစ်ဖြစ် ကိုင်, ပေါ်ဒါ မှတ်ပြီးတော့.... ကိုင်....သတိလွှတ်မိမယ်၊ ပြန်ချလိုက်, ကိုင်....သတိလွှတ်မိမယ်၊ ပြန်ချလိုက်, ပေါ်ဒါ မှတ်ပြီးတော့, ဖြေးဖြေး, ဖြေးဖြေး, ကိုင်ကြ, ရေခွက်တွေ ကိုင်ကြ, စား စရာတွေ ကိုင်ကြ, အင်္ကျီ.... လုံချီတွေ....ကိုင်ကြ။

ရေချိုးလျှင်, စုစုပြီးတော့ သွားမချိုးနဲ့၊ စုပြီး သွားချိုး တော့, လုပြီး ချိုးတာ ဖြစ်တတ်တယ်၊ အဲဒီ ရေချိုးတဲ့ နေရာ

မှာလဲ, ဖြန်းဖြန်း, ဖြန်းဖြန်း, မလုပ်နဲ့၊ သူများ ကုသိုလ်လုပ်တဲ့နေရာ အလဟဿ မဖြစ်ရအောင် ကျောပေါ် ကျဒါ များပါစေ၊ တချို့က ဝါသနာပါတာ လုပ်ကြတယ်၊ ဖြန်းဖြန်း, ဖြန်းဖြန်း နဲ့ ကျောပေါ် ကျဒါ နဲတယ်၊ နောက်ကျ ဒါ.... များတယ်၊ အဲဒီတော့ ပိုက်ဆံလဲ ကုန်သေးတယ်၊ အလဟဿတွေလဲ များပြီးတော့ နေတတ်တယ်။

အဲဒီတော့ ကိုယ်ပေါ် ကျအောင်....ချိုး၊ နဲနဲ ရှဲမယ် လို့ဆိုလျှင်,ရေတခွက် လောင်းလိုက်၊ လောင်းတော့, အအေးဓါတ်ရောက်လျှင်,အပူဓါတ် ပျောက်သွားတာဘဲ၊ တခွက်....တခွက်နဲ့, နောက် လောင်းပါများတော့,အအေးဓါတ် ပေါ်လာ, အနွေးဓါတ်ပျောက်၊ နောက်....တော်လိုက်,တော်လိုက်ပြီဆိုလျှင်,အနွေးဓါတ်ရောက်, အအေးဓါတ်ပျောက်၊ နောက်....ဘယ်လို ဖြစ်သွားတယ်၊ ဒုကုဋ်ဝတ်လိုက်....ဘယ်လိုဖြစ်တယ်၊ နေပူထဲ သွားလိုက် ဘယ်လို ဖြစ်တယ်၊ စောင်လေး ခြုံလိုက် ဘယ်လို ဖြစ်တယ်၊ ဒါလဲ....ရေချိုးတာလေး....မှတ်။

စားခန်းကော....မှတ်ကြရဲ့လား ?

။ မှတ်ပါတယ်....ဘုရား။ ။

မထမ သုတ်တော့, တင်းပြည့်, ကျပ်ပြည့် မှတ်နေလို့.... ရမယ် မထင်ဘူး၊ ဒုတိယ သုတ်ကတော့ မငဲ့ရဘူး၊ တင်းပြည့်, ကျပ်ပြည့် ရအောင် မှတ်နေ၊ လက်နဲ့ ကိုင်လျှင်, လက်နဲ့ ကိုင်ခွန့်လျှင်, လက်ထဲ စိတ်ဖြန့်၊ ခွန့်လို့ ရှိလျှင်, ပါးစပ် ထဲ.... စိတ်ဖြန့်၊ ဝါးလျှင်လဲ ပါးစပ်ထဲ စိတ်ဖြန့်၊ မျိုချလိုက်လို့ရှိလျှင်

ပါးစပ်ထဲ စိတ်ဖြန့်၊ ဆွမ်းတလုပ်၊ တလုပ်၊ ဟင်း တလုပ်၊ တလုပ်၊ မုန့်တလုပ်၊ တလုပ်၊ ဒါလဲ သူ့ဟာသူ မှတ်ပါ၊ အကြမ်း ပြင်း ဘယ်လိုမြင်တတ်သလဲဆိုတော့၊ ပထမ ပါးစပ် ဟ လိုက် တယ် ဆိုလျှင်၊ ပါးရေ၊ နားရေ၊ နှစ်ခု၊ ဘယ်ဘက်ပါး အရေနောက် ညာဘက်ပါး အရေ တွန့်လိပ်ခွေပြီးတော့ ခေါင်းကျလျှင်၊ ဒီ.... နှစ်လုံး ခုပ်လိုက်သလို၊ အရေ နှစ်ခု ဆုံပြီးတော့ "ဖြာ ကနဲ့၊ ဖြာကနဲ" အောက်ကျလာတတ်တယ်၊ ပြောဒါ အရေတွန့်တယ်-လိပ်တယ်....ဆိုဒါ' အရေကမှား၊ တွန့်လိပ်က....မှန်၊ မှားဒါဖယ်၊ မှန်ဒါကို ရည်ရွယ်....မှတ်ကြ....မှတ်ထား။

ပထမ ဤကဲ့သို့-ပါးရေလေးများ၊ ခွေပြီးတော့၊ တက်သွားမယ်ဆိုလျှင်၊ သူတို့နှစ်စုံဆုံလိုက်တယ်ဆိုလျှင်၊ ဖြာကနဲကျ၊ ပါးစပ် ဟာတော့ဘာနဲ့ဟာသလဲ၊ လေ၊ နဲ့ဟာတယ်၊ ဟာပါများတော့မီးပါ တယ်၊ မီးနဲ့လေနဲ့နှစ်ခုပေါင်း၊ ပေါင်းလိုက်တော့၊ စားနေ တုန်းခဏ ရှိန်းကနဲ၊ ရှကနဲ၊ ပြင်းကနဲ၊ စစ်ကနဲ၊ ဟုန်းကနဲ၊ ဖျန်း ကနဲ၊ စသည်တို့ဖြင့် အထက်ပိုင်းပွေ့ပေါ်လာတယ်၊ ပါးစပ်တွေ ထဲလဲပေါ်လာဒါဘဲ။

အဲသလိုပေါ်လာမယ်ဆိုလျှင်၊ ရှရှနဲ့စားတယ်၊ ပြင်းပြင်းနဲ့ စားတယ်၊ စစ်စစ်နဲ့စားတယ်၊ နောက်ပြီးတော့၊ လှုပ်လှုပ်နဲ့စား တယ်၊ ဖျတ်ဖျတ်နဲ့စားတယ်၊ အမှုန်နဲ့စားတယ်၊ အပူနဲ့စား တယ်၊ အရှိန်နဲ့စားတယ်၊ သူ့ဟာသူပေါ်လာတယ်၊ နောက်တော့ ချုံးလိုက်တဲ့အခါကျတော့ အပူ၊ ဆိုလျှင်လဲ ဖြစ်ပြီး၊ ပျက်သွား၊ အအေး၊ ဆိုလျှင်လဲဖြစ်ပြီး၊ ပျက်သွား၊ လှုပ်၊ ရွ၊ မွ၊ ဖြစ်ပျက်၊ နဲ့စားတယ်၊ ဖြစ်ပျက်နဲ့စားမယ်ဆိုလျှင်၊ အမြင်လဲသန်မယ်ဆို

လျှင်၊ ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကြီကိုစားတုန်း၊မဂ်ဉာဏ်၊ဖိုလ်ဉာဏ်၊ ဖြင့် မျက်မှောက်ပြုနိုင်တယ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်တယ်ဆိုဒါမှတ်၊ ရှင်းရဲ့လား ?

॥ ရှင်းပါတယ်ဘုရား॥ ॥

" အဲဒါစားခန်းဘဲ-အဲဒါစားခန်းဘဲ " ဘာလေး တခုခုလုပ်လုပ်၊ အမှတ် မလွတ်စေနဲ့နော်၊ အမှတ် မလွတ်စေနဲ့၊ သတိကိုကောထားတဲ့အချိန်နဲ့၊ မထားတဲ့အချိန်၊ ဘယ်သင်းများသလဲ?

॥ သတိထားတဲ့အချိန်ကများပါတယ်ဘုရား॥ ॥

အမှတ်ကော လွတ်တဲ့အချိန်နဲ့၊မလွတ်တဲ့အချိန် ဘယ်သင်းကများသလဲ ?

॥ မလွတ်တဲ့အချိန်က များပါတယ်ဘုရား॥ ॥

မလွတ်ထာများမှ၊ အမှတ်လွတ်လျှင် အသိကြွဲတယ်၊ အသိကြွဲတယ်၊ ဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ပေါ်လျှင်သိ၊ တပြိုင်နက်၊ ပေါ်လိုက်ထာနဲ့၊ သိလိုက်ထာနဲ့ တပြိုင်နက်နေရတယ်၊သိလိုက်ထာနဲ့၊ပေါ်လိုက်ထာလဲတပြိုင်နက်နေရတယ်၊ ပေါ်၊ သိ၊ ပျက်ပျက်၊ ပျက်ပျက်၊ အပျက်မြန်တယ်ခေါ်တယ်၊ပေါ်ဒါအလျှင်၊သိဒါအလယ်၊ပျက်ထာနောက်၊ အဲဒါကတော့ အနှေးစားခေါ်တယ်၊ အဲဒါ အပျက်မြင်ဒါ နှေးတယ်ခေါ်တယ်၊ ယခုတော့ဘယ်လိုလဲဆိုတော့ အပျက်၊ မြင်ဒါ၊ မြန်တယ်၊ တပျက်၊ကို တစက္ကန့်ထား၊ တစက္ကန့်ဆိုတော့၊ တမိနစ်ခြောက်ဆယ်၊ တနာရီ " သုံးထောင်ခြောက်ရာ " ရလျှင် အမှတ်သည် ကြွဲသလား၊ စိပ်သလား ?

။ စိပ်တယ်ခေါ်ပါတယ်ဘုရား။ ။

စိပ်လျှင်အမှတ်သည် နှေးသလား မြန်သလား ?

။ မြန်ပါတယ်ဘုရား။ ။

မြန်လို့ ရှိလျှင် လူသေခါနီးအသက်ရှူမြန်ဒါဘဲ၊အမောဆိုက် တော့သေတော့မယ်လို့ သိသလိုဘဲ၊ အမှတ်လဲစိပ်တယ် မြန်လဲ မြန်တယ်, ဆိုလျှင် အမှတ်ဆုံးတော့မှာဘဲ၊ မှတ်စိပ် ဆုံးလျှင်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, လာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, လာလျှင်၊ ဆုံးတဲ့နိဗ္ဗာန်ကြီးကို မြင်တော့မယ်တဲ့။

ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ယုံကြည်ကြ၊ ယုံကြည်ကြရဲ့လား ?

။ ယုံကြည်ပါတယ်ဘုရား။ ။

ဆုံးတဲ့နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်,ဖြင့် မြင်ချင်တယ် ဆိုလျှင် ကိုယ်ထဲက ဖြစ်ပျက်,ကို နာနာမှတ်၊ မှတ်တဲ့ အခါမှာ စိပ်စိပ်နဲ့ မြန်မြန်,ရအောင်မှတ်၊ စိပ်စိပ်နဲ့ မြန်မြန်, ရချင်တယ် ဆိုလျှင် ခုနလို အကြမ်းပြင်းတွက်၊ တမိနစ်, ခြောက်ဆယ်၊ တနာရီ "သုံးထောင်ခြောက်ရာ" ရပစေ၊ ရချင်တယ် ဆိုလျှင် ငိုက်ခြင်း, သန်းခြင်း, ပျင်းခြင်း, ဝေခြင်း,ဆိုတဲ့ ထိန, မိဒ္ဓ,မလာ စေနဲ့၊ အဲဒါ မှတ်ထားကြ၊ ရှင်းပလား ?

။ ရှင်းပါတယ်ဘုရား။ ။

အဲဒါ မငိုက်ဘူး, မသန်းဘူး, မပျင်းဘူး,မဝေဘူး, စိတ်လေ, စိတ်လွင့်, စိတ်ကူး, အချောင်,နေဒါ မရှိဘူး ဆိုလျှင် မှတ်စိတ်

ကလေး အမှတ်ခြောက်ဆယ်ရတော့မယ်၊ တနာရီ "သုံးထောင်ခြောက်ရာ"ရမယ်ဆိုလျှင် မှတ်စိတ်ကလေး စိပ်စိပ်နဲ့ မြန်လာလိမ့်မယ်၊ မြန်မယ်ဆိုလျှင် မှတ်စိတ်သုံးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် လာ၊ဆုံးတဲ့နိဗ္ဗာန်မြင်ရတော့မယ်၊ ကိန်းသေမှတ်ကြ၊ အဲ.... ကိန်းသေမှတ်ကြ၊ အဲ....ကိန်းသေမှတ်ပြီးတော့ မှတ်ကြတော့။

နောက်လဲဘဲ နေ့တိုင်း နေ့တိုင်း အားတုတ် ရတော့မယ်၊ မနက်မနက် ဆရာသမားရှေ့မှာ လာအားထုတ်ရမယ်၊ ကြိုးစားကြနော်....၊ အချိန်ရသလောက် ကြိုးစားကြ။

နေရေး ထိုင်ရေးလဲ လိုလေးသေးတယ် မရှိဘူး၊ စားရေးသောက်ရေးမှာလဲ တယ်ပေါဒါဘဲ၊ နောက်ပိုင်းဆိုလျှင် ထပ်ခါ ထပ်ခါ နေသေးတယ်၊ ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

တယ်ပေါများကြ, လှူကြ ဒါန်းကြ၊ အဲဒါ သီလ သမာဓိ ပညာ ဂုဏ် လေးတွေကို ယုံကြည်အားထားပြီးသကာလ လာလှူကြဒါ၊ အဲဒါကြောင့် သူတို့ လှူဒါလဲ စားထိုက်အောင် မနားမနေ မှတ်ကြပေတော့၊ ကဲ....တော်လောက်ပြီ။

ဤကဲ့သို့ တရားထိုင်ရ, တရားတော်များ ဆုံးမရ, တရားနာရတွေ့ ရဒါ အလွန်တရာမှ ဝမ်းမြောက်ဝမ်းသာများ ရှိခဲ့ပါလျှင် သုံးကြိမ်ကြားလောက်သော နေရာဌာနက သာဓု-သာဓု-သာဓု-လို့ စိတ်ပါ လက်ပါ အား ရပါးရ ခေါ်နိုင် ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

နံနက်ပိုင်း အလုပ်ပေး တရားစစ် ပြီး၏၊

ကျေးရှူးရှင်

ကသစ်ဝိုင်ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# ကျင့်သိ ဝိပဿနာ

# အလုပ်ပေး တရားတော်

ဒုလ္လဘဒေသနာ

ကျေးဇူးရှင်
မူလ ကသစ်ပိုင် ဆရာတော်ဘုရားကြီး၏

# ကျင့်သိ ဝိပဿနာ

# အလုပ်ပေးတရားတော်

ဒုလ္လဘ ဒေသနာ

နမော-တဿ-ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။

## ကန်တော့ပုံ။

ဂါရဝနိဝါတ, ဖြစ်အောင် လက်အုပ်ချီကြ၊ လက်အုပ်ချီပြီးလျှင် မျက်လုံးကလေး မှိတ်ထားကြ၊ မိမိတို့ရင်တွင် နာမ်အစဉ်မှာဝင်တဲ့ စေတနာကလေးက ဥာဏ်မှန် ပြောင်းတတ်ပြီးသကာလ ရှိခိုးခံရသော ရတနာသုံးပါးနှင့် ဆရာသမားတို့ရင်တွင် နာမ်-အစဉ်မှာဝင်တဲ့ သီလ, သမာဓိ, ပညာဂုဏ်,ကို မှန်း၍ ကြည်ညိုသော သဒ္ဓါ,ယက်သန်သော, စေတနာ ပြဋ္ဌာန်းပြီးကာ၊ ခန္ဓာမှာ လက်ငင်း ဖြစ်ပျက်နေသော ရုပ်နာမ် ဓမ္မ,ဖြင့် လေးလေး, ညီညီ, ပြတ်ပြတ်, ရှင်းရှင်း, ကန်တော့ကြ။

ဆိုပေး။

မိမိတို့၏ခန္ဓာကိုယ်တွင်း သမာဓိသွင်း၍ ဉာဏ်ဖြင့် ရှင်းလင်း ဆင်ခြင်ကြည့်လိုက်သောအခါ၊ ပထဝီဓါတ်,ဆိုတဲ့ အမှုံကလေး တွေက မတည်ရုပ်၊ အာပေါဓါတ်,ဆိုတဲ့ အရေ-အစေးလေးတွေ က အတုံးအခဲ၊ အတွဲတွေ လုပ်လိုက်တော့ အသားအရေ, အကြော,စသော ကောဋ္ဌာသ, သဏ္ဌာန ပညတ်,တွေ ပေါ်လာ လေသည်။ ခေါင်း, ကိုယ်, ခြေလက်,စသော ကိုယ်အင်္ဂါ အစိတ် အပိုင်းဆိုတဲ့ သမူဟ သဏ္ဌာန ပညတ်,တွေ ပေါ်လာလေသည်။ ယောကျ်ား,မိန်းမ,လူ,နတ်,ဗြဟ္မာ, အသက်,လိပ်ပြာ,အကောင်, သတ္တဝါ,ဆိုတဲ့ ဇာတိ သဏ္ဌာန ပညတ်,တွေ ပေါ်လာလေသည်။

တေဇောဓါတ်,ဆိုတဲ့ မီးကလေးတွေက လောင်ကျွမ်းအောင် ဖုတ်လိုက်တော့၊ အာပေါဓါတ်ဆိုတဲ့ အရေအစေးတွေ ခမ်းချုပ်, ခမ်းချုပ်,ပြီး သကာလ၊ ဝါယောဓါတ်, ဆိုတဲ့ လေကလေး တွေက တရှိန်ရှိန်, တရှူးရှူး,နဲ့ မှုတ်ပေး လိုက်တဲ့ အခါမှာ၊ အာကာသဓါတ်, ဆိုတဲ့ အကြား- အသေး- အမှုံ ကလေးတွေ ဆန်ခါလို အပေါက်အပေါက်, ထင်းရှူးသားများကဲ့သို့ ပွပွ,ရွရွ, မွမွ, ကလေးတွေ ပေါ်လာပြီး သကာလ၊ ပထဝီဓါတ်, ဆိုတဲ့ အမှုန့်ကလေးတွေက တလှုပ်လှုပ်, တရွရွ, တမွမွ, တရိပ်ရိပ်, တလှစ်လှစ်, တစစ်စစ်, တဖြစ်ဖြစ်,နဲ့ ရုပ်ရှင်စံနစ်လို ကိုယ်ထဲမှာ မျိုးစုံ ပေါ်လာပေသည်၊ ပေါ်တိုင်း, ပေါ်တိုင်း, လိုက်သိတတ် ပေသည်၊ မျိုးစုံပေါ်ဒါက ရုပ်တွေပါဘဲ၊ ပေါ်တိုင်း လိုက်သိ တာက နာမ်တွေပါဘဲ၊ ရုပ်နာမ် နှစ်ဖြာသည် အဟောင်းပျက် အသစ်ဆက်ခါ လျှပ်တလက်မက ဖြစ်ပျက်,ဖြစ်ပျက်,နဲ့ နေတာ

တွေကို ကိုယ့်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်ရသော အခါ ကာလဝယ်၊ လောကီတရားရတနာအစစ်ကို မြင်သည့်၊ ပူဇော်သည့်၊ ကန်တော့သည့်၊ မည်ပါပေ၏။

ဖြစ်ပျက်တွေကို မှတ်ရင်း မှတ်ရင်း မတ်တတ်နဲ့ ဖြစ်ပျက် ဆုံးသွားသော နိဗ္ဗာန်တဘက်ကမ်းကို ဤဘက်ကမ်းက မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လှမ်းမြင်ခဲ့ပါလျှင်၊ လောကုတ္တရာ တရားရတနာ အစစ်ကို မြင်သည်၊ ပူဇော်သည်၊ ကန်တော့သည် မည်ပါပေ၏။ တရားရတနာအစစ်ကို မြင်ခဲ့လျှင် ဘုရားရတနာအစစ်၊ သံဃာ- ရတနာ အစစ်တို့ကိုလည်း တကယ်တန်း မြင်သည်၊ ပူဇော်သည်၊ ကန်တော့သည်၊ မည်ပါပေ၏။

ကိုယ့်ကိုယ်တိုင် ရတနာသုံးပါး အစစ်တွေကို မြင်ရသလို၊ သူတပါးကိုလဲ ရတနာသုံးပါး အစစ်တွေကို မြင်ရလေအောင်၊ စားရေး၊ သောက်ရေး၊ ဝတ်ရေး၊ နေရေး၊ ဆိုတာလိုလေသေးတယ် မရှိ၊ အိမ်မှာဆိုလို့ရှိလျှင် ကိုယ့်တာဝန်တခုထားပြီးသကာလ၊ လိုတဲ့နေရာမှာ ပြည့်စုံအောင်ဆောင်ချင်းပြီးတော့နေတာ၊ ဘုံဆိုင် အလုပ်၊ ခန္ဓာကျွန်အလုပ်ဖြစ်ခဲ့ပေတယ်၊ သာသနာတော်နှင့် စပ် သော အလုပ်သည်သာလျှင် ကိုယ်ပိုင်အလုပ်ပါတကား၊ သာသနာ့ တာဝန်သည်သာလျှင် ကိုယ့်တာဝန်အစစ်ပါတကား၊ သာသနာ အလုပ်ကို လုပ်ချင်လှန်းလို့၊ သာသနာ့ တာဝန်ကို ထမ်းဆောင် ချင်လှန်းလို့၊ ရှေးရှေးက ဒါနပုံ ဆုတောင်းလာခဲ့ကြပါသည်၊ သီလပုံ ဆုတောင်းလာခဲ့ကြပါသည်၊ သမထပုံ ဆုတောင်းလာခဲ့ ကြပါသည်၊ ဆုတောင်းလဲ ပြည့်ပြီနော်....၊ လိုတဲ့ နေရာမှာ ငါ့

တာဝန်ဘဲ၊ အားပေးမှ တော်မယ်လို့ အားပေးမှုတခု ပြုကြရုံမျှ မက၊ တရားတော်များကိုတောင် ကိုယ်တိုင် ပြနိုင်၊ ဟောနိုင်၊ ဆုံးမနိုင်၊ သံသယကို ဖြေရှင်းနိုင်၊ အယူမှား ဒိဋ္ဌိအကြီးစားကို အလွယ်တကူဖြင့် ချတ်နိုင်၊ ဖြုတ်နိုင်ကြသော မြန်မာပြည်တပြည် လောက်သာ မက၊ ကမ္ဘာ တဝှန်းလုံး ထင်ရှား ကျော်ကြား လောက်တဲ့ ကမ္ဘာ့သာသနာပြု အာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ် မြတ်တွေ ရလွယ်၊ ရောက်လွယ်နိုင်သည့်ကိုယ် ဖြစ်ကြစေ။

(ဆရာတော်ဘုရားကြီး ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင် ဘုရား)

လက်ချထား၊ လက်ချထား၊ ချမ်းချမ်း သာသာနဲ့ တရား တော်ကို နာကြပေါ့.....။

ဗုဒ္ဓကျေးဇူး ကြီးမားပုံ။

ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊ ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ။<br>
တေသံ သဘာဝဓမ္မာနံ၊ နာမ မတ္တံ န နာယတိ။ ။

ဗုဒ္ဓါဒိစ္စေ၊ ဘုရား တည်းဟူသော နေမင်းကြီးသည်၊ ဝါ၊ နေမင်းကြီး တဆူ ဖြစ်တော်မူသော ဒို့ဆရာ မြတ်စွာဘုရားကြီး သည်။ အနုဂ္ဂတေ၊ ရင်တွင် နာမ်အစဉ်မှာ သဗ္ဗညုတ ရွှေဥာဏ် တော် မဝင်သဖြင့် လောကကြီးမှာ ဘုရားရယ်လို့ မပွင့်ထွန်း လာခဲ့သည်ရှိသော်။ ဗုဒ္ဓစန္ဒေ၊ ဘုရား တည်းဟူသော လမင်း ကြီးသည်၊ ဝါ၊ လမင်းကြီးနှင့် ပမြား အလားတူတော် မူသော ဒို့ဆရာ မြတ်စွာဘုရားကြီးသည်။ အနုပ္ပန္နေ၊ ရင်တွင် နာမ်အစဉ်

မှာ သဗ္ဗညုတ ရွှေဉာဏ်တော်မဝင်သဖြင့် လောကကြီးမှာ မပွင့်လာခဲ့သည် ရှိသော်။ တေသံသဘာဝမွှာနံ၊ ထိုထို ပရမတ္ထသဘောတရားတို့၏၊ ရုပ်သဘော, နာမ်သဘော, တရားတို့၏။ နာမ မတ္တံ၊ ယခုလို ကိုယ်တွေ့ဉာဏ်မြင်ကို မဆိုထားဘိ၊ စာထဲမှာလာတဲ့ လက္ခဏာရသ-ပစ္စုပ္ပဋ္ဌာန်-ပဒဋ္ဌာန်တွေကို မဆိုထားဘိ၊ ရုပ်ဆိုတဲ့ နာမည်, နာမ်ဆိုတဲ့ နာမည်, ကလေး တွေကိုမျှ၊ ရုပ်ထဲမှာလဲ ပထဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ နာမည်ကလေးကိုမျှ။ နနာယတိ၊ မသိအပ်, မသိပိုင်, မသိမြင်နိုင်တော့သည်သာလျှင် ကတည်း။

သာဓု....သာဓု....သာဓု....။

အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ တယ်လဲ ကုသိုလ်ထူးကြ၊ ပါရမီလဲရှိကြပေတယ်၊ ပဋိပတ္တိသာသနာတော်ကြီး ထွန်းပြီးတော့ လာတဲ့ အခါမှာ နာမည်ကလေးတွေကိုလဲ မကတော့ပါဘူး၊ တေဇော, ဝါယော, အာပေါ, ပထဝီ ဆိုတဲ့ နာမည်ကလေးတွေကိုလဲ မကတော့ပါဘူး၊ စာထဲမှာလာတဲ့ လက္ခဏာရသ-ပစ္စုပ္ပဋ္ဌာန်-ပဒဋ္ဌာန် တွေကိုလဲ မကတော့ပါဘူး၊ ကိုယ်တွေ့ဉာဏ်မြင်ဆိုတဲ့ သဘာဝ ဆပ်ဆပ်, ပရမတ်တွေကို နာကြားရခြင်းသည် အင်မတန် ဘုရားပွင့်ပေါ်ပြီးတော့လာတဲ့ ကျေးဇူးတွေဘဲ၊ ဘုရား ကျေးဇူးတွေဘဲလို့ ဘုရားကျေးဇူး အကျေးမငမ့ကြပါနဲ့၊ မိကျေးမယ်ဘော် ဒေါ်ကြီးမိကြီးသည် ဘုရားရှင်ကိုယ်တော်မြတ်ကို ကျေးဇူးဆပ်ပြီးတော့ လျှောက်ပုံကလေး။

ဗုဒ္ဓဂုဏ်အင် မိထွေးတော် လျှောက်တင်ပုံ။

ယံနဒိဋ္ဌံ ပူရာဏေဟိ၊ တိတ္ထိကာ စရိယေဟိပိ။
တံပဒံ သုကုမာရိဟိ၊ သတ္တဝဿာဟိ ဝေဒိတံ။

ဘန္တေ၊ လောကုတ္တရာ ဘက်မှာ တပည့်တော် မ အား၊ လောကုတ္တရာ နို့ချိုအေး တိုက်ကျွေးမွေးမြူလာရသည့်အတွက်ကြောင့်၊ လောကုတ္တရာ့ ဖခင် အနန္တဂုဏ်အင်, ကျေးဇူးရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။ ယံပဒံ၊ အကြင်ရုပ်နှင့် နာမ် နိဗ္ဗာန်အစစ်တွေကို။ ပူရာဏေဟိပိ၊ အရှင်ဘုရား အရင် ရှေ့ကြကုန်သော ဈာန်ရ, အဘိညာဉ်ရ,တဲ့ ရဟန်းတို့သည်၎င်း။ တိတ္ထိကာ စရိယေဟိပိ၊ မက္ခလိ, ဂေါသာလ ပူရဏကဿပ- အဇိတ- ကေသ- ကမ္ဗလ စသော ဒိဋ္ဌိဆရာကြီး ခြောက်ယောက်တို့သည်၎င်း။ နဒိဋ္ဌံ၊ သူတို့ကိုယ်တိုင်လည်း မမြင်အပ်ပါ၊ သူတပါးကိုလည်း မြင်အောင်၊ ထင်အောင် မပြနိုင်ကြပါ။ တံပဒံ၊ထိုရုပ်နှင့် နာမ် နိဗ္ဗာန်အစစ်တွေကို။ သတ္တဝဿာဟိ၊ ခုနစ်နှစ်အရွယ်လောက်သာ ရှိနေကြကုန်သေးသော။ သုကုမာရိဟိ၊ အရွယ်ကြီးကြီး, အရွယ် လပ်လပ်, ကို မဆိုထားဘိ၊ ငယ်လွန်းသော ကလေးတို့တောင်။ ဝေဒိတံ၊အရှင်ဘုရားပွင့်ပေါ်လာသည့် အတွက်ကြောင့်၊ လွယ်လွယ်ကလေးဖြင့် သိအပ်, မြင်အပ်, ခံစားအပ်, ပါပြီ မြတ်စွာဘုရား။

သာဓု....သာဓု....သာဓု....။

ဒါကြောင့် ပဋိပတ္တိသာသနာတော်ကြီး ထွန်းပြီးတော့လာတဲ့ အခါမှာ ကိုယ်တွေ့ ဉာဏ်မြင်ဆိုတဲ့သဘာဝဆပ်ဆပ်,ပရမတ်တွေ,

ရုပ်တွေ့နာမ်တွေ့ ထင်ထင်ရှားရှား ကိုယ့်ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်ဖြင့် တကယ်တန်း မြင်လဲမြင်ရပါလိမ့်မယ်၊ သိလဲသိရပါလိမ့်မယ်၊ ပြောလဲ ပြောဆိုတတ်ပါလိမ့်မယ်၊ ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ် ပွင့်ပေါ်လာတဲ့ ကျေးဇူးကြီးသည်ကား၊ အင်မတန်မှ ကျေးဇူးတင်လို့ မဆုံး၊ ချီးမွမ်းလို့ မဆုံး၊ အင်မတန်အနန္တဂုဏ်အင် ကျေးဇူးရှင် ဖြစ်တော်မူသော မြတ်စွာဘုရားလို့ အမြဲတန်း ကျေးဇူးတင်တဲ့ သဘောမျိုးဖြင့် စိတ်ထဲမှာ ထားကြပါ။

ကဲ....မနေ့က လက်စ ဆက်ကြစို့ ။ "ကာယကံ-ဝစီကံ-အသစ်ကို သိလန့်ရှောင်" တဲ့၊ ရှေ့ပိုင်းတွေမှာတော့ နဲနဲလေးငုတ်တယ် ခေါ်တယ်၊ "အဖျားပြောမှား လုပ်မှား၊ သက်မွေးမှားမျိုးကို သိလန့်ရှောင်" တဲ့၊ တူတော့ တူတူပါဘဲ၊ အဖျားမှား ဆိုတော့ နဲနဲကလေး ကောက်ရတယ် ခေါ်တယ်၊ အဖျားမှားဟာ သုံးခုရှိတယ်၊ လွယ်လွယ်ကလေးပါဘဲ၊ မိစ္ဆာ သီလ မဂ္ဂင် သုံးပါးကို ကြည့်ကောက်ရတယ်၊ မိစ္ဆာဝါစာဆိုတော့ အပြောမှား၊ မိစ္ဆာ ကမ္မန္တဆိုတော့ အလုပ်မှား၊ မိစ္ဆာအာဇီဝဆိုတော့ အသက်မွေးမှားတဲ့၊ အဲဒါကလေးကြည့်ပြောတာဘဲ၊ ဒီတော့ အဖျားပြောမှား၊ လုပ်မှား၊ သက်မွေးမှားတဲ့၊ ကာယကံ-ဝစီကံ အသစ် ဆိုတာနဲ့ အတူတူဘဲခေါ်တယ်။

သို့သော်ရှေ့စကားက နဲနဲလေး တိမ်မြုတ်ငုတ်နေတယ် ခေါ်တယ်၊ အဲဒါတဖြေးဖြေး၊ တဖြေးဖြေး၊ လုပ်ပြတဲ့ဆရာဖြစ်သောကြောင့်၊ အင်မတန် နားလည်လွယ်တဲ့ သဘောမျိုးဖြင့် အဖျားမှားတွေ မထည့်တော့ဘူး၊ ကာယကံ-ဝစီကံ လို့ဆိုတော့ နားလည်တဲ့လူတွေများ နောက်ပြီးကော့ အဟောင်းနဲ့ အသစ်နဲ့ ဆို

တော့ အသစ်သာသီလရှောင်တယ်၊အဟောင်းမရှောင်နိုင်ဘူးလို့ ဆိုတော့ ပေါ်လွင်တယ်ခေါ်တယ်၊ ဒါကြောင့်ရှေးတုန်းကစကား ကို ယခုတမျိုး၊ ကာယကံ ဝစီကံ အသစ်ကို သီလနဲ့ ရှောင်လို့ ဆိုလိုက်၊ အဓိပ္ပါယ်အတူတူပါဘဲ၊ ကာယကံ ဝစီကံ အသစ်ကို သီလနဲ့ရှောင်၊ မနောကံ အသစ်ကို သမထနဲ့ဖိ။

ရှေ့က ရေးတာက၊ အလယ်ခေါင်အကြံမှားကို၊ သမထနဲ့ဖိ၊ ရှေးကစကားနဲ့နှင့်တ၊ အလယ်မှားခေါ်တယ်၊ အလယ်မှားဆိုတာ မနောကံကောက်ရတယ်၊ မနောကံဆိုတော့ အကြံမှားတာ၊စိတ် ကူးမှားတာ၊ စဉ်းစားမှား၊တွေးတောမှား၊ အဲဒီဥစ္စာခေါ်တယ်၊ ဒီတော့ မနောကံ အကြံမှားခုနစ်ခု ရေးထားလိမ့်မယ်၊ အဲဒါရှေ့ က ဟိုစာရွက်ထဲမှာပါတဲ့စကား၊ ယခုကတော့ ပေါ်လွင်အောင် သုံးလိုက်ပြန်တယ်၊ မနောကံတဲ့ အဲဒီမနောကံမှာလဲဘဲ၊ အသစ် အဟောင်းနှစ်ခုရှိတယ်၊ သမထတရားသည်၊ အသစ်ကိုသာ ဖိနိုင် တယ်၊ အဟောင်းကို မဖိနိုင်ဘူး၊ မနောကံ အသစ်ကို သမထနဲ့ဖိ ဟောခဲ့ပြီ။

## နာမ်ရုပ်အမှားကို ဝိပဿနာနဲ့ဖြုတ်။

နာမ်ရုပ်အမှားကို ဝိပဿနာနဲ့ဖြုတ်၊ ရှေးကစကားနဲ့နှင့်တ် တယ်၊ အရင်းအငုတ်မှားကို အရင်း....စာကလေးတွေ ဘယ်လို ရေးထားသလဲ၊ ဟိုအောက်က ဘယ်လိုရေးထားသလဲ၊ အရင်းရှိ အငုတ်မှားကို ဝိပဿနာနဲ့ဖြုတ်တဲ့၊ ဟိုတစ်တရားခံ ဒိဋ္ဌိ၊ ဒိဋ္ဌိ-ဗမာပြန်တော့အမှား၊ အဲဒီအမှားကို ပညာရှိသဘောနဲ့ ဆွဲဆန့် လိုက်ရတယ်၊ အရင်းမှား၊ အလယ်မှား၊ အဖျားမှား၊ လို့သုံးခု ထွက်လာတယ်၊ အဖျားမှားကတော့သုံးခု၊ အလယ်မှားကတော့

မနေခဲ့ဘဲ၊ အရင်းများကတော့ နာမ်ရုပ်ခေါ်တယ်၊ အရင်းများ အရင်းကတော့ နာမ်ရုပ်လေ၊ များတာကတော့ ဒိဋ္ဌိခေါ်တယ်။

နံနံကလေး ငုတ်နေတယ်ခေါ်တယ်၊ အခုကတော့ တယ်ပေါ် လွင်တယ်၊ အရင်းအစားနာမ်ရုပ် ထည့်လိုက်ထာဘဲ၊ "နာမ်ရုပ်အ များကိုဝိပဿနာနဲ့ ဖြုတ်" မနေ့က နာမ်ရုပ်များပုံ၊ သင်္သိဝိပဿ- နာကောက်ပုံ၊ ဖြုတ်ပုံတို့ကို သုံးပိုင်း သုံးကဏ္ဍထား၍ ဟောခဲ့ပြီ၊ ကနေ့တော့ နာမ်ရုပ်အများကိုကျင့်သိဝိပဿနာနဲ့ ဖြုတ်ပုံတဲ့၊ဒီနေ့ ရှင်းရှင်းလင်းလင်းဟောရမယ်၊ကနေ့တော့ ခန္ဓာကိုယ်မှာ၊ အလုပ် လုပ်တဲ့အတွက်၊ ဖြစ်ပျက်တွေပေါ်လာတော့မယ်၊ ကိုယ်တွင်း တ ရား ကနေ့ကိုင်ပြောရမယ်။

နာမ်ရုပ်အများကောက်အုံးမယ်၊ ကောက်အုံးမယ်၊ မနေ့က ဥစ္စာ၊ ကနေ့ပါလာအောင်၊ရုပ်ရှင်စနစ်လိုမျိုးစုံပေါ်လာတာ ရုပ်၊ ပေါ်တိုင်း ပေါ်တိုင်း လိုက်သိတာ၊ နာမ်လို့ အကျဉ်းကလေး ပေါ်တာရုပ်၊ သိတာနာမ်၊ ရှင်းရှင်းကလေးယူထားကြ။

ရုပ်နာမ်သိသွားပြီ၊ ရုပ်နာမ်မှန်လျှင် သမ္မာဒိဋ္ဌိ၊ ရုပ်နာမ်များ လျှင် မိစ္ဆာဒိဋ္ဌိ၊ အမှန်တချက်၊ အများတချက်၊ ယူထားရတယ်၊ အဲဒီ့ဆရာတော်တို့ ကိုယ်တွေ့ဉာဏ်မြင်လုပ်ငန်းနဲ့ ကိုယ်မှာပေါ် တာတို့သည်၊ ငါးမျိုး၊ ပူဒါ-အေးဒါ-လှုပ်ထာ၊ ဆင်းရဲဒါ-ချမ်း သာဒါ၊ ငါးမျိုး-အဲဒီငါးမျိုးကလေးကို၊ ဉာဏ်နဲ့မြင်ရ၊ စိတ်က လေးနဲ့မှတ်မှတ်မှတ်မှတ်ပြီးတော့နေရ။

ဒါကြောင့် ပေါ်တာနဲ့မြင်တာ, မှတ်ထာ, နှစ်ခုတွဲစမ်း၊ ပူသိ တာစုံ၊ အေးသိတာစုံ၊ လှုပ်သိတာစုံ၊ ဆင်းရဲသိတာစုံ၊ ချမ်းသာသိတာစုံ

လို့၊ ငါစုံ၊ ငါးတွဲပါဘဲ၊ ပူဒါကလေးကရုပ်ရှင်စံနစ်လိုပေါ်သော ကြောင့် စလိုခေါ်လျှင် ရုပ်ခေါ်ရတယ်၊ သိတာကလေးက၊အပူ ပေါ်တိုင်းပေါ်တိုင်း လိုက်ပြီးတော့သိသောကြောင့်၊ စလိုခေါ် လျှင်၊ နာမ်ခေါ်ရတယ်၊ ပူ့သိ့ခေါ်တာနဲ့ ရုပ်၊ နာမ်ခေါ်တာ၊ အတူတူဘဲခေါ်တယ်။

ဒါကြောင့်၊ ပူသိမှန်ပုံကလေး၊ ပူသိကို့ပူသိလို့ ယူလျှင် မှား လား မှန်လား ?

॥ မှန်ပါတယ်ဘုရား။ ॥

ပူ့သိ့ကို ရုပ်နာမ်လို့ယူလျှင်- မှားလား-မှန်လား ?

မှန်ပါတယ်ဘုရား။ ॥

သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆိုလျှင်၊ တစ်တရားခံ မိစ္ဆာဒိဋ္ဌိပျောက်၊ နှစ်တရားခံ အကုသိုလ်ကံကင်း၊ သုံးနံပါတ် - အပါယ်မကျ၊ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား။ ॥

နံပါတ်ကို နံပါတ်ကို၊ တတ်ပေးလိုက်၊ ပူ့ သိ့မှန်လျှင်၊ ရုပ်- နာမ် မှန်လျှင်၊ဝိပဿနာနဲ့ ဖြုတ်စရာမလိုတော့ဘူး၊ အပါယ် မကျလေသောကြောင့် ဖြုတ်စရာ လိုသေးသလား ?

॥ မလိုတော့ပါဘုရား။ ॥

ဘာကိုဖြုတ်ရမလဲ ?

॥ ဒိဋ္ဌိကိုဖြုတ်ရပါမယ်ဘုရား။ ॥

မှားတာဖြုတ်ရမယ်, ပုသိအမှားလေးနော်၊ ပုသိကိုငါလို့ယူလျှင် မှားလား မှန်လား ?

။ မှားပါတယ်ဘုရား။ ။

အတ္တဒိဋ္ဌိအမှား သက္ကာယဒိဋ္ဌိ အမှားလို့ ခေါင်းကလေးတပ်ထားရတယ်၊ ပု, သိ, ကို အသား အရေ အကြောစသော ကောဋ္ဌာသလို့ ယူလျှင်မှားသလား မှန်သလား ?

။ မှားပါတယ်ဘုရား။ ။

ကောဋ္ဌာသဒိဋ္ဌိလို့ နံပါတ်ကလေးတပ်ထား။

ပု, သိ ကို၊ ခေါင်း ကိုယ် ခြေလက်စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းလို့ယူလျှင် မှန်လား မှားလား ?

။ မှားပါတယ်ဘုရား။ ။

သမူဟ သဏ္ဌာန ပညတ် ဒိဋ္ဌိလို့ယူ။

ပုသိကို,ယောကျ်ား,မိန်းမ, လူ,နတ်ဗြဟ္မာ, အသက်,လိပ်ပြာ, အကောင်သတ္တဝါ ဟုသည်ယူလျှင် မှန်လား မှားလား ?

။ မှားပါတယ်ဘုရား။ ။

ဇာတိသဏ္ဌာန ပညတ်ဒိဋ္ဌိ အားလုံးလေးမျိုးနော် ?

။ မှန်ပါဘုရား။ ။

တစ်တရားခံ ဒိဋ္ဌိကိုကောက်လို့ရှိလျှင်၊အမှားလေးခုထွက်လာရတယ်၊ အတ္တဒိဋ္ဌိအမှားခေါင်းတွဲကြီး၊ ကောဋ္ဌာသဒိဋ္ဌိ, အမှားနောက်တွဲ တစ်နံပါတ်၊ သမူဟသဏ္ဌာနပညတ် ဒိဋ္ဌိအမှား နောက်

တဲ့၊ နှစ်နံပါတ်၊ဇာတိသဏ္ဍာန်ပညတ်ဒိဋ္ဌိ အမှားနောက်တဲ့၊ သုံးနံပါတ်၊မီးရထားတဲ့လို့မှတ်၊ ခေါင်းတွဲဒိဋ္ဌိကြီးက၊ တစ်-နောက်တွဲက သုံးတွဲဆိုတော့ အားလုံးဒိဋ္ဌိဘယ်နှစ်မျိုး ?

။ လေးမျိုးပါဘုရား။ ။

အမှားလေးမျိုးနော်....၊ တစ်တရားခံ ဒိဋ္ဌိအတွက်ကို နာနာရှင်းထားကြ၊ပုံ့သို့ကို ဝတ်တဲ့ အဝတ်လို့ယူလျှင် စားတဲ့အစား-အသောက်လို့ယူလျှင်၊ နေထိုင်စရာ ဖြစ်သော အိမ်၊ ကျောင်း၊ ကုတင်၊ ကုလားဆိုင်၊ စသည်တို့ယူလျှင်၊ ပုံသိကို ပုတီး၊ လက်-ကောက်၊ ဒွါဒယာ၊ တန်းဆာလို့ယူလျှင် ဒါ-မှားတာတွေနော်၊ ပုံသို့မှားလျှင် ရုပ်နာမ်လဲမှားပြီ၊ ထို့အတူ အေး၊ သို့လဲမှားပြီ၊ လှုပ်သို့လဲ မှားပြီ၊ ဆင်းရဲသို့လဲ မှားပြီ၊ ချမ်းသာသို့လဲ မှားပြီနော်....။

မှားလျှင် တစ်တရားခံ ဒိဋ္ဌိထဲ မပါဘူးလား ?

။ ပါ-ပါတယ်ဘုရား။ ။

တစ်တရားခံ ဒိဋ္ဌိပါလျှင် နှစ်တရားခံ အကုသိုလ် ကံဟောင်းကြွေးဟောင်းကော မတင်ဘူးလား ?

။ တင်ပါတယ်ဘုရား။ ။

ကံသစ်၊ ကြွေးသစ်ကော မဝင်ဘူးလား ?

။ ဝင်ပါတယ်ဘုရား။ ။

ဝင်မယ်ဆိုလျှင် သုံးနံပါတ် အပါယ်ကျမလွတ်ဘူး၊ အပါယ်မကျဘူးလား ?

။ ကျပါတယ်ဘုရား။ ။

ဒါဖြင့် မှားတာကလေးအတိုင်း ထားမလား၊ ဖြုတ်မလား ?

။ ဖြုတ်ရပါမယ်ဘုရား။ ။

ဘာနဲ့ ဖြုတ်မလဲ ?

။ ဝိပဿနာနဲ့ ဖြုတ်ရပါမယ်ဘုရား။ ။

**ကျင့်သိ ဝိပဿနာ။**

ဒီနေ့တော့ ကျင့်သိ ဝိပဿနာ၊ မနေ့ကတုန်းက သင်သိနော်။ ဒီနေ့ ကျင့်သိကလေးပြောမယ်။

**ဆောင်။** ။အမြင်ထူး၊ အသိထူး၊ အယူထူးတာ ကျင့်သိ ဝိပဿနာ၊ပဋိပတ္တိသာသနာလုပ်ငန်းတတ်၊ကလျာဏ-ပုထုဇဉ်ပါ....နိဗ္ဗာန်လမ်းစဉ် မြင်ရတော့သည်သာ။

**မြင်-သိ-ယူ-ထူးတာ ဝိပဿနာ။**

အဲဒါကလေး ကြည့်ပြောမယ်နော်....၊ ဝိပဿနာတဲ့ ဝိပဿနာကတော့ အမျိုးမျိုး ပြောကြ၊ ဝိပဿနာ ဆိုတာ ပါဠိ စကားခေါ်တယ်၊ ဘယ်လို တရားလဲ ဝိပဿနာ အားထုတ်တယ်၊ ဝိပဿနာတရားဟောတယ်၊ ဝိပဿနာ တရားနာတယ်၊ ဝိပဿနာ ဆိုတာ မသိလို့ ဘယ်လို တရားပါလိမ့် မလဲလို့ ဒီလို မေးလျှင် 'ဝိ' ကို 'ထူး'ကြံထားတယ်၊ "ဝိဝိဓေန အနိစ္စာဒိ အာကာရေန-ပဿတီတိ ဝိပဿနာ"တဲ့ အမျိုးမျိုး ကျမ်းဂန်မှာ ဆိုထားတာ ရှိတယ်၊ ဆရာတော်ကတော့ လုပ်ငန်းနဲ့ ပတ်သက်၍ ပြောတာ 'ဝိ' ကို 'ထူး'ကြံလိုက်။

"ဒဿနာနုဿရိယ ပဋိပဒါနုဿရိယ" ဆိုတဲ့ ပါဠိကို ကြည့်ပြောဒါ။

**ဒဿနာနုဿရိယ။** ။ဒဿန-အမြင်၊ ဝိပဿနာဉာဏ်နဲ့ မဂ်-ဉာဏ်၊ ဖိုလ်ဉာဏ်၊ ကောက်ရတယ်၊ အနုဿရိယ ဆိုတာ ထူးတယ် ခေါ်တယ်၊ အမြင်ထူးတဲ့ ဉာဏ်သည် ဘာဉာဏ်လဲလို့ မေးတော့၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ကောက်ရတယ်။

**ပဋိပဒါနုဿရိယ။** ။ပဋိပဒါ အကျင့် ခေါ်တယ်၊ အကျင့်ဟာ ဘယ်အကျင့်လဲ မေးမယ်ဆိုလျှင် ဝိပဿနာကျင့် ခေါ်တယ်၊ အနုဿရိယ၊ ထူးတယ် ခေါ်တယ်။

ဒီတော့ ပဋိပဒါနုဿရိယ ဆိုတဲ့ အတိုင်း ဝိပဿနာဟာ အကျင့်ထူး၊ အကျင့်မြတ်လို့ ခေါ်တယ်၊ အဲဒါကလေးကြည့်ပြီးတော့ ဘုန်းကြီးက 'ဝိ'ကို ထူးကြံလိုက်တယ်တဲ့နော်။

ထူးမြင်တာ၊ ထူးသိတာ၊ ထူးယူတာ တဲ့ ဒါက စကားကောက် ခေါ်တယ်၊ နောက် ပြန်ပြောမှ "အမြင်ထူး၊ အသိထူး၊ အယူ-ထူး တာ ကျင့်သိဝိပဿနာ"

"အမြင်မှန်တာ၊ အသိမှန်တာ၊ အယူမှန်တာ၊ သမ္မာဒိဋ္ဌိ အစစ်ပါ"

ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ထူးတာပါလျှင် ဝိပဿနာဉာဏ်၊ မှန်တာပါလျှင် သမ္မာဒိဋ္ဌိဉာဏ်၊ ဒါက ပရိယာယ်ခေါ်တယ်၊စကားသာကွဲတယ်၊အဓိပ္ပါယ်ကတော့ အတူတူဘဲနော်။

## ကျင့်သိအမြင်ထူးပုံ။

ကဲ....အမြင်ထူးတာကလေးပြောမယ်၊ ဒါအကြောင်းအကျိုးဆက်ထားရတယ်၊ ဝိပဿနာ တကယ်ကျင့်မယ်၊ တကယ် အားထုတ်မယ်၊ အကယ်မှတ်မယ်ဆိုလျှင် အမြင်ထူးလာလိမ့်မယ်၊အမြင်လဲ မှန်လာလိမ့်မယ်။

ကဲ....အားထုတ်ပုံကလေး ပြောပြမယ်၊ ထိုင်လျက် ဖြစ်စေ, အိပ်လျက်ဖြစ်စေ,ရပ်လျက်ဖြစ်စေ,သွားလျက်ဖြစ်စေ. ကြိုက်သလိုနေပါ၊ ခန္ဓာမှာ လျှပ်တလက် မက ဖြစ်ပျက်, မမြင်သေးခင် အဓိဋ္ဌာန်လေး ရုံခါ, ရုံခါ, ကူ၍ ခပ်ကြာကြာ ကလေး နေပါ: ဟုတ်ကဲ့လား ?

။ ဟုတ်ပါ့ဘုရား။ ။

စိတ်တော့ ဘယ်မှာထား ?

။ ရင်မှာထားပါဘုရား။ ။

ရင်မှာထားပြီး ဘာလုပ်နေ ?

။ ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေပါတယ်ဘုရား။ ။

ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေပါ၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါဘုရား။ ။

**ထိုင်လျက်အားထုတ်ပုံ။**

ကဲ....ထိုင်လျက် အားထုတ်ပုံအကြောင်း ပြောမယ်။

ချမ်းသာသလို မထိုင်ရဘူးလား ?

။ ထိုင်ရပါတယ်ဘုရား။ ။

ကြာကြာတော့ မထိုင်ရဘူးလား ?

။ ထိုင်ရပါတယ်ဘုရား။ ။

တင်းပြည့်ကျပ်ပြည့် ကြာအောင် အဓိဋ္ဌာန် ပါရမီ ကလေးလဲ မကူရဘူးလား ?

။ ကူရပါတယ်ဘုရား။ ။

စိတ်တော့ ဘယ်မှာထား ?

။ ရင်မှာထားပါဘုရား။ ။

ရင်မှာထားပြီးတော့ ကိုယ်မှာပေါ်ဒါငါးမျိုးမှတ်နေရတယ်၊ ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒီငါးမျိုးထဲမှာ တေဇောဓါတ်သည် လွန်ကဲနေတတ်၊ ငါးမျိုးထဲကလေ ဉဏှတေဇော အပူဖြစ်စေ, လွန်ကဲနေတတ်၊ သီတတေဇော အအေးဖြစ်စေ, လွန်ကဲနေတတ်တယ်၊ စာလို အရင်းစစ်မယ်၊ ကိုယ့်ခန္ဓာကိုယ် အသားကလေး ကြည့်ထားနော်....၊ စာနဲ့ အရင်း စစ်မယ်၊ စာမှာ ဆိုလျှင် တေဇော ဓါတ်သည် စတုသမုဋ္ဌာနိကရုပ် ကံကြောင့်လဲ ဖြစ်တယ်၊ စိတ်ကြောင့်လဲ

ဖြစ်တယ်၊ ဥတုကြောင့်လဲဖြစ်တယ်၊ အာဟာရကြောင့်လဲ ဖြစ်တယ်ဆိုတာ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ကံကြောင့်ဖြစ်တဲ့ တေဇောဓါတ်ပြောမယ်၊ ကံသည် မိဘ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်သည် သား-သမီး၊ အဲဒီ ကမ္မဇရုပ် ထဲမှာ တေဇောဆိုတဲ့ သား-သမီးကလေးတယောက်ပါလာတယ်၊ အဲဒီ သား-သမီး ကလေးသည် ဌီရောက်တိုင်း, ဌီရောက်တိုင်း, ကမ္မပစ္စယ ဥတုဇရုပ် အဆက်ဆက် ခန္ဓာမှာ ကျန်ရစ်ပြန်သည်။

ရှင်းရဲ့လား ?

။ ရှင်းပါတယ်ဘုရား။ ။

ကမ္မပစ္စယ ဥတုဇရုပ်လွန်ကဲပုံ။ ။စိတ်သည် မိဘ၊စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်သည် သား-သမီး၊ အဲဒီ သား-သမီး ထဲမှာ တေဇော တယောက် ပါလာတယ်၊ အဲဒီ တေဇောသည် ဌီ-ရောက်တိုင်း, ဌီရောက်တိုင်း, စိတ္တပစ္စယဥတုဇရုပ် အဆက်ဆက် ကျန်ပြန်သည်၊ ထို့အတူ ဥတုပစ္စယ ဥတုဇရုပ် အဆက်ဆက် ကျန်ပြန်သည်၊ အာဟာရ ပစ္စယ ဥတုဇရုပ် အဆက်ဆက် ကျန် ပြန်သည်။

ဒါကြောင့် ခန္ဓာထဲမှာ ကံကြောင့်ဖြစ်သောရုပ်, စိတ်ကြောင့် ဖြစ်သော ရုပ်, ဥတုကြောင့်ဖြစ်သော ရုပ်, အာဟာရကြောင့် ဖြစ်သောရုပ်,တို့တွင် ဘယ်ရုပ်သည် အများဆုံးလို့ စာတတ်လို့ စစ်မယ်ဆိုလျှင် ဥတုဇရုပ် အများဆုံး၊ ဥတု, တေဇောဓါတ်, အပူကြောင့်ဖြစ်သောရုပ်၊ သို့မဟုတ် အအေးကြောင့် ဖြစ်သော ရုပ်, အများဆုံးဘဲနော်....။

ဟုတ်ကော ဟုတ်ရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

စာတတ်သောအားဖြင့် ယုံကြနော်၊ ဒါဖြင့် စာလို စစ်မယ်ဆိုလျှင်, အပူရုပ်သည် လွန်ကဲတဲ့ အချိန်....လွန်ကဲနေ လိမ့်မယ်၊ အအေးရုပ်သည် လွန်ကဲတဲ့အချိန်....လွန်ကဲနေ လိမ့်မယ်....နော်၊ တချို့ယောဂီမှာ အပူများတယ်, တချို့ယောဂီမှာ အအေးများတတ်တယ်....တဲ့၊ ခန္ဓာခြင်း မတူဘူးနော်, ဒါက....စာတွေ့ ခေါ်တယ်။

**ကိုယ်တွေ့ထိုင် အားထုတ်နည်း။**

ကဲ....ကိုယ်တွေ့နဲ့ လုပ်ကြဦးစို့၊ ကိုယ်တွေ့နဲ့, အခု....ထိုင်လျက် အားထုတ်တယ်နော်၊ ကြာကြာကလေးလဲ ထိုင်ထား....နော်၊ ခဏ-ခဏ-ခဏ-ခဏ, မပြင်ရဘူး၊ အဲဒီလို ထိုင်လျက်,အားထုတ်မယ်ဆိုလျှင်, အောက်ကျသော အပိုင်းက ပူမြဲမမှတာ...., ဒါ....မှတ်ထားရတယ်၊ အိပ်လျက်လဲ,....ဒီလိုဘဲ, ရပ်လျက်လဲ....ဒီလိုဘဲ, အောက်ကျသော အပိုင်းက ပူမြဲ မမှတာဘဲ။

ဒီမှာ ထိုင်လျက်ဆိုတော့ အောက်ကျသော အပိုင်း ဆိုတာ တင်ပါးတို့, ပေါင်တို့, ခြေသလုံး တို့, အဲဒီ ကစပြီး တော့....ပူတတ်သတဲ့, သတိထားနော်၊ ဒါက....တရား အားထုတ်ထာခေါ်တယ်၊ ဘာကြောင့်လဲ မေးလျှင်, ခန္ဓာမှာ အမှုံကလေးတွေ အောက်သို့ ဖြုတ်ဖြုတ်,ဖြုတ် ဖြုတ်,နဲ့ ကျနေတဲ့ ပုဂ္ဂိုလ်, မိုယ်းဖွဲကလေးတွေ, နှင်းဖွဲကလေးတွေများ ကျနေသလို မြင်ရတဲ့....ပုဂ္ဂိုလ်, အဲသလိုဆိုလျှင် အပေါ်ကနေပြီးတော့ အောက်

သို့ အမှုံကလေးတွေ ဆင့်ဆင့်, ဆင့်ဆင့် ကျနေတယ်, အမှုံဆို
တာ ဗမာလိုသုံးတာ စာလို ပထဝီ၊ ပရမတ်လို့ အမာဓါတ်....
ကလေး ခေါ်တယ်။

ဒီတော့....အပေါ်က နေပြီးတော့ အမှုံ အမာဓါတ်ကလေး
သည် အောက်ကို ဆင့်-ဆင့် ကျတယ်၊ အောက်က ကျ သော
အမာဓါတ်နဲ့, အထက်က ဆင့်-ဆင့် ကျသော အ မာ ဓါတ်
ပွတ်လိုက်ထာ, ထိခတ်လိုက်တော့ ပူကနဲ....ပူကနဲ့, ဖြစ် မ သွား
ဘူးလား?

။ ဖြစ်သွားပါတယ်....ဘုရား။ ။

ဒီကလဲ....မလှုပ်, မပြင်,ဘဲ ဆိုတော့ အသားအရေ တို့သည်
လုံနေတယ်, ခေါ်တယ်၊ အာပေါ ဓါတ်ဖွဲ့, အာကာသပိတ် နေ
တယ်....ခေါ်တယ်၊ ဒါက ဒီမှာကလဲ အထက်က ဆင့်ဆင့်,
ဆင့်ဆင့် ကျသော အမှုံနဲ့, အောက်ကျသောအမှုံနဲ့ တခါ
ထဲ....ထိခတ်, ထိခတ် လိုက်တဲ့ အခါကျတော့ ပူကနဲ.... ပူကနဲ့,
များများ....များများ မလာဘူးလား?

။ လာပါတယ်....ဘုရား။ ။

မီးခတ်ကျောက်ခြင်း, ထိလိုက်တဲ့ အခါမှာ ပူကနဲ....ပူကနဲ,
ဖြစ်သလိုပေါ့....နော်၊ ဒီမှာလဲဘဲ, အမှုံခြင်း, အမှုံခြင်း ထိ၊
အမာဓါတ်ခြင်း, အမာဓါတ်ခြင်း, ထိလိုက်တဲ့အခါမှာအပူဓါတ်
ကလေးတွေ....များများ....များများ, မလာဘူးလား?

။ လာပါတယ်....ဘုရား။ ။

လာတယ်....နော်၊ အဲ့ဒီ အခါမှာ, ဒီဂရီနဲ့ ပြောကြစို့....၊ အောက်ပိုင်း, အောက်ပိုင်း....တဆယ်ကနေပြီးတော့, နှစ်ဆယ်, သုံးဆယ်, လေးဆယ်, ငါးဆယ်, ခြောက်ဆယ်, ခုနှစ်ဆယ်, ရှစ်ဆယ်, ကိုးဆယ်, ထိအောင် တစ....တစ, တိုးတိုး....တိုးတိုး....တိုး-တိုး ပူတဲ့၊ တိုးပူသစ် ဆက်ထာက....တမျိုး။

ရှင်းပလား ?

။ ရှင်းပါပြီ....ဘုရား။ ။

ခန္ဓာမှာ အောက်ပိုင်းအတွက် နော်....၊ နောက် ပြီး တော့, ဒီဂရီ တရာ ပြည့်သွားရော၊ တရာပြည့်လျှင်, အပူ တိုးလဲမတိုး, လျော့လဲ မလျော့တော့ ဆိုတော့၊ ဒါတန့်ပူခေါ်တယ်၊ နှစ်မျိုး ရှိသွားပြီ....၊ ခန္ဓာမှာ အပူ ပြောင်းလဲတာ ခေါ်တယ်။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီ....ဘုရား။ ။

အဲဒါအောက်ပိုင်းအတွက်၊ အပူဆိုလျှင်၊ မီး-မီးဆိုလျှင်၊လေ ရှိမြဲ၊ မီးနဲ့ လေနဲ့ နှစ်ခုပေါင်းတော့ ပူရှိန် ပူခိုး ပူငွေ့ ၊ရှိမြဲဓမ္မတာ ခေါ်တယ်၊ ဒီအရှိန် အခိုး အငွေ့ တွေ့သည်၊ ပေါ့သလား လေးသ လား ?

။ ပေါ့ပါတယ်ဘုရား။ ။

အောက်ကအပူဟာ အံထက်တက်တော့မယ်၊ ခုန အပူဒီဂရီ တရာနော်၊ အောက်ပိုင်က၊ အဲဒီတရာကလေးမှာ၊ ဒီဂရီ တဆယ်

လောက် အပေါ်တက်သွားတယ်၊ အပေါ်တက်သွားလျှင်၊ အပူဘက်က၊ ဘယ်လောက်ကျန်သလဲ ?

॥ ကိုးဆယ်ကျန်ပါဘုရား॥ ॥

ကိုးဆယ်ကျန် ကိုးဆယ်ကျန်လျှင်၊ အအေးဘက်က တဆယ်စလာတယ်ခေါ်တယ်၊ အပူကလျော့ပူ၊ အအေးက-တိုးအေးခေါ်တယ်၊အပေါ်မှာလဲဒီဂရီတဆယ်တက်သွားတယ်ဆိုတာသတိထားကဲ အပူဘက်ကပြောကြစို့၊ ကိုးဆယ်က၊ ရှစ်ဆယ်၊ ခုနှစ်ဆယ်၊ ခြောက်ဆယ်၊ ငါးဆယ်၊ လေးဆယ်၊ သုံးဆယ်၊နှစ်ဆယ်၊တဆယ် ထိအောင် လျော့လျော့လာလိမ့်မယ်၊ အပူကလျော့တယ်ဆိုလျှင်၊ အအေးဘက်က၊ တိုးတိုးမလာဘူးလား ?

॥ တိုးလာပါတယ်ဘုရား॥

အပူတဆယ် ရှိမယ်ဆိုလျှင်၊ အအေးကကိုးဆယ်ရှိပြန်၊ အပူဒီဂရီကိုးဆယ်က အပေါ်ကိုတက်သွားပြန်၊ အောက်ပိုင်း၊ အထက်ပိုင်းကြည့်နော်၊ အောက်ပိုင်းသည် အပူကလေးနဲ့နဲ့ရှိတယ်၊နောက်ပြီးတော့ဆိုလျှင်လဲဘဲ၊ အမှုံတွေများစွာမရှိဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

အမှုံနဲ့၊အအေးနဲ့၊အပူနဲ့၊နဲ့နဲ့ကလေးရှိသွားပြီ၊ ကဲနောက်ပိတ်ဆုံးမှာ အပူဒီဂရီ တဆယ်ပျက်သွားပြီ၊အအေးက တရာမလာဘူးလား ?

॥ လာပါတယ်ဘုရား॥ ॥

အပူဘက်ကတော့လုံးလုံးပျက်၊အအေးက တန့်အေးဖြစ်သွား-ပြီ၊ အပေါ်ပိုင်းမှာ၊ အပူတွေတက်မသွားဘူးလား ?

။ တက်သွားပါတယ်ဘုရား။ ။

ဒါဖြင့်အောက်ပိုင်းဘာကျန်လဲဆိုတော့၊အအေးနဲ့၊ပထဝီနဲ့-ကျန်ခဲ့တယ်၊သီတပထဝီလွှမ်းမိုးတယ်၊ အပေါ်ပိုင်း ဉဏှဝါယော လွှမ်းမိုးတယ်တဲ့၊ အဲဒါကလေးမြင်ထားကြနော်၊ သီတပထဝီလွှမ်းမိုးတယ်ဆိုတော့၊ သီတ-အေး-ပထဝီ-လေး-ပေါ့၊ ဒါဖြင့် အောက်ပိုင်းကြည့်လျှင်၊ အေးလဲအေးတယ်၊ လေးလဲလေးတယ်၊ ဖြစ်နေလိမ့်မယ်။

အဲဒီ အချိန်ကလေးမှာ အောက်ပိုင်း၌ ထုံ-ကျင်-နာ-ကိုက်ခဲ-နေတတ်တယ်၊ ထုံသောခြေထောက်၊ ကျင်သောခြေထောက်ကို ကြည့်လျှင်၊ အေးပြီးတော့လေးနေတတ်တယ်၊ သတိထား၊ဟိုတုန်းက ထုံဘူးတာရှိသားဘဲ၊ ကျင်ဘူးတာရှိသားဘဲ၊ဘယ်ဓါတ်လွန်လို့ ထုံကျင်နေတာလဲ၊ ဘယ်ဓါတ်လွန်လို့ လေးပြီးတော့ နေတာလဲဆိုတာ၊ ဒီမှာအကြောင်းပေါ်လာတယ်၊ရှင်းသွားပလား?

။ ရှင်းပါပြီဘုရား။ ။

သီတ လွန်ကဲလျှင် ထုံကျင်နေတတ်တယ်၊ ပထဝီလွန်ကဲလို့ ရှိလျှင် လေးနေတတ်တယ်၊ ထုံသောခြေထောက်, ကျင်သော ခြေထောက်,ကို ကိုင်ကြည့်လျှင် တကယ့် လူသေလို အေးနေ တာဘဲ၊ ခြေမကြီးကိုင်ပြီး ချိုးလျှင် ချိုးလို့ မရဘူး၊ တောင့် တင်းမာနေတာဘဲ၊ ရှေ့ကြည့်စမ်း, ရှေ့ကြည့်စမ်း, ရှေ့လို့

တော်တော်နဲ့ မရဘူး၊ လက်ကလေးနဲ့ ကူပြီးတော့ ဖြေးဖြေး၊ ဖြေးဖြေး၊ မ-ရွေ့ရတယ်တဲ့၊ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥

ဒါ လက်တွေလေ၊ ဒကာ-ဒကာမတို့လဲ လက်တွေ တွေ့ဘူး သားဘဲ၊ အောက်ပိုင်းမှာ သီတ ပထဝီ၊ အေးလေး နေသည်၊ အပေါ်ပိုင်း၌ ဥဏှာဝါယော ပရိန့်ပခိုး၊ ပူငွေ့တွေ ထနေသည်၊ ဒါဖြင့် အပေါ်ပိုင်းပေါ့၊ အောက်ပိုင်း လေးတယ်၊ ဒီလိုဆိုလျှင် မမြင်သေးသော ယောဂီတို့သည် အပေါ်ပိုင်းက စကောဝိုင်းလို ခါနေတတ်တယ်၊ ကလေးများ ပစ်တိုင်းထောင်လို အပေါ်ပိုင်း ကတော့ ခါနေတတ်တယ်၊ အဲဒီလို ခါနေပြီဆိုလို့ရှိလျှင် ဗဟု-သုတ အကြားအမြင် မရှိသော ပုဂ္ဂိုလ်များ တရားအားထုတ် လျှင် အဖျက်အဆီး ပေါ်တယ်ဆိုတာ အခု ဖြစ်လာပြီ၊ ဒါက အနှောက်အယှက်ဘဲ၊ ဒါ ပယောဂ စသည်တို့ဖြင့် အဲဒီလို ထင် လာတတ်တယ်၊ စင်စစ်တော့ မဟုတ်ပါဘူး၊ အပေါ်ပိုင်းကပေါ့၊ အောက်ပိုင်းက လေးသည့်အတွက် စကောဝိုင်းလို့၊ ပစ်တိုင်း ထောင်လို ဖြစ်နေတာဘဲ၊ ဘာမှလဲ ကြောက်စရာ မလိုပါဘူး။

အသက်(၄၀)ကျော်လောက်ရှိတဲ့ ဒကာမ ယောဂီတယောက် သုံးခွရိပ်သာမှာ တရားအားထုတ်နေစဉ်အတွင်းမှာ ဒီလိုဘဲ ဖြစ် လာတယ်၊ ဖြစ်လာတော့ ကြောက်ကြတယ်၊ ကြောက်ကြတော့ ဆရာတော်ကို လာပင့်တယ်၊ ဆရာတော်လဲ ဒကာကြီးတယောက် နဲ့ သွားကြည့် လိုက်တယ်၊ ဟိုကျတော့ ဒီလိုဘဲ ယိမ်းထိုးနေ တာဘဲ၊ ဘာမှ မကြောက်နဲ့၊ ဘာမှ မကြောက်ပါနဲ့၊ ဘာမှ မဖြစ်ပါဘူးလို့ ဆိုပြီးတော့ သူက မျက်စေ့မှိတ်ပြီးတော့ ယိမ်း

ထိုးနေတာဘဲ၊ မိန်းမခြင်း လက်တို့လိုက်တဲ့ အခါမှာ မျက်စေ့ ဖွင့်ကြည့်တယ်၊ ဖွင့်ကြည့်တော့ ဆရာတော်က မေးလိုက်တယ်၊ ကိုယ်ဖြစ်ပုံ ကိုယ်သိရဲ့လား? သိပါတယ် ဘုရား။ ။ ဒါဖြင့်.... ပြောစမ်း၊ ပြောစမ်း၊ အပေါ်ပိုင်း ဘယ့်နှယ် ဖြစ်နေသလဲ၊ အပေါ်ပိုင်းကတော့ ဖျင်းဖျင်း၊ ဖျင်းဖျင်းနဲ့ သိပ်ပြီး တိုးနေတယ် ဘုရား၊ ကောက်ပိုင်းကော၊ အောက်ပိုင်းတော့ ဒီလောက် မဖြစ်ပါဘူး ဘုရား။

ကဲ....ကိစ္စမရှိဘူး၊ အပေါ်ပိုင်းတော့ ပေါ့မှန်းသိပြီး၊ အောက်ပိုင်းတော့ လေးမှန်းသိပြီး ကဲ ဒိပြင်လဲ ဘာများမြင်သေးသလဲ၊ ဗဟိဒ္ဓ ကြောက်စရာ၊ လန့်စရာ၊ ထိပ်စရာ၊ များ မြင်သေးသလား ? မမြင်ပါဘုရား။ ဒါဖြင့်၊ ရင်ထဲမှာ သိပ်ပြီးတော့ ခုန်နေသလား ? မခုန်ပါဘုရား။ ဒီလောက်တောင် ဣန္ဒြေပျက်ပြီး ခါနေတဲ့ဟာ ဘေးက ယောဂီတွေ အထင်သေးနေကြပြီ၊ ဘာပြစ်လို့ မဖျက်သလဲလို့ ဆရာတော်က မေးလိုက်တယ်။

အရှင်ဘုရား....နေ့လည်တုန်းက တပည့်တော်မ ဒီလို ဖြစ်ပါတယ်ဘုရား၊ ဖြစ်တုန်းက တပည့်တော်မ သံသယ ရှိပါသည် ဘုရား၊ ညနေပိုင်းမှာ ဝါယောဓါတ်၊ လေဓါတ် အကြောင်းကို ဟောလိုက်တဲ့အခါမှာ တပည့်တော်မ သံသယကင်း၍ ရှေ့ကို ဘယ်လို ဖြစ်လိမ့်အုံးမယ်ဆိုတာ သိချင်သည့် သဘော အားဖြင့် မဖျက်ဘဲ နေပါတယ်ဘုရား။

ဟော....ယောဂီတွေ မှတ်ထားကြနော်၊ အနှောင့်အယှက်၊ အဖျက်အဆီးဆိုတာ၊ ရှေးတုံးကလဲ၊ ဥပါဒါန် သဘောနဲ့.... လာတတ်တယ်၊ မတော်တဆ တွေ့ပြီဆိုလျှင်၊ ဟော.... လာပြီ၊

လာပြီ, တရား မရချင်....နေ၊ ဒိုတော့ အားမထုတ် တော့ ဘူး, အိမ်ပြန်တော့မယ် ဖြစ်တတ်တယ်၊ ဒါ....ဘာမှ မဟုတ်ဘူး....၊ လေ....လေ....လေ....ပါဘဲ, ကဲ - ခုနတုံးက သိသွား ပြီနော်....။

**ပူဒါ သုံးမျိုး။**

အပူကလေးဘက်က ကောက်ချက် ချစမ်း....။

(၁) တစ....တစ, တိုးတိုးပြီတော့ ပူလာတဲ့ တိုးပူတမျိုး။

(၂) တိုးလဲ....မတိုး, လျော့လဲ....မလျော့ဘဲ, ပူတဲ့, တန့်ပူ က တမျိုး။

(၃) အပူတို့သည် ချို့ချို့သွားတဲ့, လျော့ပူက တမျိုး။

အပူသုံးမျိုးပြောင်းလဲပုံ၊ အပူလုံးလုံး ပျက် သွား တဲ့ အ ခါမှာ အအေးဆက်လာတာတမျိုး၊ ကဲ....ဒါဖြင့် ပေါင်းစမ်း၊ အပူတမျိုးပျက်မယ်ဆိုလျှင်, အပူ သုံးမျိုးနဲ့, အအေး တမျိုး, ပေါင်းလေးမျိုး ဆက်တတ်ပါသည်၊ ကိုယ်တွေ့, တွေ့ဘဲ။

အအေးဘက်ကကော, ခုနတုန်းက, ထုံကျင် ကိုက်ခဲပြီးတော့ နေတဲ့ခြေထောက်, တန့်အေး -ကျင်နေပြီ၊ ထုံသော ခြေထောက်, ကျင်သော ခြေထောက်ဆိုလျှင်, အအေး များတယ်နော်....၊ လေးလဲ, လေးတယ်၊ ဒါကြောင့် သီတ, ကြောင့် ထုံကျင်တယ် ဆိုလျှင်, သီတ နိုင်တဲ့ ဥဏှ တေဇော လာပစေ၊ ပထဝီကြောင့်, လေးနေတယ်ဆိုလျှင်, ပထဝီကို နိုင်တဲ့ ဝါယော လာ ပ စေ၊ သီတ ပထဝီ နိုင်တာ, ဥဏှ ဝါယော, အအေးလေးနိုင်တာ ပူ- ရှိန်, ပူခိုး, ပူငွေ့....နော်။

သဘောကျပလား ?

॥ ကျပါပြီ....ဘုရား॥ ॥

ထိုတာကလေး ပျောက်အောင်, ရှေးတုန်းက လူတွေ လုပ်နေကြတာ, ထုံသော ခြေထောက်, ကျင်သော ခြေထောက် ဆိုလျှင်, တံထွေးကလေး မဆွတ်ဘူးလား ?

॥ ဆွတ်ပါတယ်....ဘုရား॥ ॥

နှိုးစကလေးနဲ့, စက္ကူစကလေးနဲ့ မညှပ်ဘူးလား ?

॥ ညှပ်ပါတယ်....ဘုရား॥ ॥

သူလဲ....ပျောက်သွားတာဘဲ၊ အဲဒါ ဘာကြောင့် ပျောက်သလဲဆိုတာ, အကြောင်းရှာကြ၊ ဆရာတော်ကတော့ ဒီမှာ.... သိတပဋ္ဌာဝီကြောင့် ဖြစ်မှန်းသိလျှင်, ဉဏှောဝါယောနဲ့ ဆေးကုတာဘဲ, ကုတော့မယ်။

ခြေထောက်ကြီးဟာ ထုံနေတယ်, လေးနေတယ် ဆိုသောကြောင့်၊ ဒီအတိုင်း လုပ်လို့ မရဘူး၊ မ, ရွေ့ ရတယ်, မ,ရွေ့ ရတယ်၊ ဒီတော့ ရွေ့ချင်တဲ့ စိတ်သည် ရင်ထဲက ပေါ်သောကြောင့်, အဲဒီ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် ပေါ်လာတယ်၊ စိတ္တဇ ရုပ်ထဲမှာဆိုလျှင်, ဉဏှောဝါယော လွန်ကဲ ရတယ်....ဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်....ဘုရား॥ ॥

ပူရှိန်,ပူခိုး,ပူငွေ့,ဆိုထာ လွန်ကဲရတယ်၊အဲဒီလိုမြင်ချင်တဲ့ စိတ်ကလေးဖြင့် ခြေထောက်ကိုင်,ကိုင်ပြီးသကာလ၊ ဖြေးဖြေး,ဖြေး-ဖြေး,မပြီးတော့ရွေ့၊ ခြေထောက်ဆင်းလိုက်၊ဆင်းကတည်းကိုက

အကြောကလေးတွေ့ ဘာလေးတွေ့ဆိုတာ အခေါင်းသဘော နဲ့ ပေါ်တက်လာတယ်၊ ပေါ်တက်လာတော့ ပူရှိန်, ပူခိုး, ပူငွေ့တို့ဟာ လိုက်လာတယ်၊ ဒီလို လိုက်လာပြီ ဆိုလို့ ရှိလျှင် ဖျင်းဖျင်း, ဖျင်းဖျင်း, ဖျင်းဖျင်း,နဲ့ ခပ်လေးလေးဘဲခေါ်တယ်၊ အဲ ခြေထောက်ကြီးဆင်း, လက်နှစ်ဘက်နဲ့ ခြေဖျားများကို ကုန်းဆွဲလိုက်။

တင်းမနေဘူးလား ?

॥ တင်းပါတယ်ဘုရား။ ॥

တင်းနေပြီဆိုလျှင် တခါထဲ ပူရှိန်, ပူခိုး, ဟာ "ဆိမ့်များ" လိုက်လာသကဲ့သို့ များများ လိုက်လာ လိမ့်မယ်၊ နဲနဲ ကလေး ပူနှိရှိ, ပူခိုး,ဟာ များလာပြီဆိုလျှင် ဖျင်းဖျင်း, ဖျင်းဖျင်း,ဖျင်း-ဖျင်း,နဲ့ မြန်လာတယ်၊နောက်ပိတ်ဆုံးမှာ အပူရှိန်တွေ သိပ်များ တယ်၊ အအေးရှိန် ပျောက်တော့မည့် ဆဲဆဲလေးမှာ ဖျင်းဖျင်း, ဖျင်းဖျင်း, ဖျင်းဖျင်း,နဲ့ သိပ်မြန်တာဘဲ၊ ပူရှိန်ချည်းဘဲ ရောက် လာတော့ အေးရှိန် ဘယ့်နှယ်နေသလဲ ?

॥ ပျောက်သွားပါဘုရား။ ॥

ပျောက်သွားရောတဲ့၊ ဟော....ပထဝီကြောင့်ဖြစ်တဲ့ ထုံ,ကျင်, ကိုက်,ခဲ,ကို ဉာဏ ဝါယောနဲ့ ကုလိုက်ပုံတဲ့၊ ဟော....ပျောက်လဲ ပျောက်သွားတာဘဲ၊ နောက် ဘာကျန်ခဲ့သလဲ မေးမယ်ဆိုလျှင် ပူရှိန်, ပူခိုး,ဘဲ ကျန်တော့တယ်။

သဘောကျပလား ?

॥ ကျပါတယ်ဘုရား။ ॥

လက်တွေ့ လက်တွေ့၊ ကဲ....ဒါဖြင့် အအေး ဘက်က ပြန်စမယ်၊ အအေး တမျိုးပျက်သွားမယ် ဆိုလျှင် အအေး သုံးမျိုး၊ တိုးအေး၊ တန့်အေး၊ လျော့အေး၊ သုံးမျိုးနဲ့ အပူ တမျိုးပေါင်း လေးမျိုး ဆက်တတ်ပါသည်၊ ဟောဒါ ကိုယ်တွေ့။

ယောဂီ ကိုယ်တွေ့မေးကြည့်တယ်၊အပူကလေးတခု ပျက်သွားလျှင် ဘာများ မြင်တတ်သလဲ၊ တကယ်မြင်တဲ့ ပုဂ္ဂိုလ် ဆိုလျှင် တိုးပူလဲ မြင်တတ်သည်၊ တန့်ပူလဲ မြင်တတ်သည်၊ လျော့ပူလဲ မြင်တတ်သည်၊ အပူ လုံးလုံးပျက်လျှင် အအေးလဲ မြင်တတ်သည်။

ဘယ်နှစ်မျိုး ?

။ လေးမျိုးပါဘုရား။ ။

လေးမျိုးလာတတ်တယ်၊ အအေးတမျိုးပျက်သွားမယ်ဆိုလျှင် ခုနလိုဘဲ တိုးအေး၊ တန့်အေး၊ လျော့အေး၊ သုံးမျိုးနဲ့ အပူ တမျိုးပေါင်း လေးမျိုး ဆက်တတ်ပါသည်၊ ကိန်းသေ ယူကြ၊ ကိုယ်တွေ့တင်မဟုတ်ဘူး ပြင်ဘက်လဲ ဒီအတိုင်းဘဲ ရေနွေးအိုးတွေ ကျိုကြည့် ထမင်းတွေချက်ကြည့်နော်....။

နောက်ပြီးတော့ဆိုလျှင် နေထွက်ခါစက နေဝင်အထိကြည့်၊ နေဝင်ခါစက နောက်ပြီး မိုးလင်း အထိ ကြည့်၊ အဲဒါ ကလေးတွေဟာ ဒီအတိုင်းလာကြလိမ့်မယ်။

ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အမြင်ထူးတာ။

တူတူဘဲ တူတူဘဲ၊ ပရမတ်ဆိုတာ "သဘောမြဲလတ် ပရမတ်" ဆိုသောကြောင့် ခန္ဓာကိုယ်မှာ အပူဟာ တိုးပူ တန့်ပူ လျော့ပူ သုံးမျိုးဖြစ်သလို၊ ပြင်ဘက်လဲ ဒီအတိုင်းဘဲ၊ တိုးအေး တန့်အေး လျော့အေး ခန္ဓာကိုယ်မှာ သုံးမျိုး ဖြစ်သလို၊ ပြင်ဘက်လဲ ဒီ အတိုင်းဘဲနော်....၊ ရှင်းရှင်းလေးမှတ်။

ကဲ.... စာတွေ စစ်လိုက်တဲ့ အခါမှာ အပူ အအေး မများ ဘူးလား ?

။ များပါတယ်ဘုရား။ ။

စာနဲ့ ခန္ဓာ တကိုက်ထဲဘဲ၊ ခန္ဓာ ဖြစ်ပုံကို စာက မှတ်တမ်း တင်ရတယ်၊ သို့သော် ယခုလက်ထက်မှာ ဆိုလို့ ရှိလျှင် စာက သဗ္ဗညုတရွှေဉာဏ်တော်အရာဖြစ်သောကြောင့် တကယ့် ခန္ဓာ ထဲမှာ မြင်ပြီးမှ ပေါတာနော်၊ ဒါကြောင့် စာကို အလျင် သိပြီးမှ ခန္ဓာမှာ ရှာရတယ်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

စင်စစ်ကတော့ ခန္ဓာက အလျင် စာက နောက်မှ ထင်ရ တယ်၊ ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ဟော....စာတွေနဲ့ ကိုယ်တွေနဲ့ ကိုက်ပုံ။ ကဲ....ဒါဖြင့် စိတ် ရင်မှာထား၊ ပေါ်ဒါ ငါးမျိုး မှတ်နေတဲ့ အချိန်မှာ အပူကလေး ကို မြင်ပြီ၊ အအေးလေးကိုမြင်ပြီ၊ တင်ပါး တခု ကောက်လိုက်

တော့ တင်ပါးထဲမှာ အပူ ဖြစ်လျှင် အပူဘဲ ပျက်သွားသည်၊ အအေးဖြစ်လျှင် အအေးဘဲ ပျက်သွားသည်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။

တိုးပူ, တန့်ပူ, လျော့ပူ ဖြစ်လျှင် ဒီအပူဘဲ ပျက်သွားသည်၊ တိုးအေး, တန့်အေး, လျော့အေး, ဖြစ်မယ်ဆိုလျှင် ဒီအအေးဘဲ ပျက်သွားသည်၊ ကဲ-ကောက်တော့မယ်၊ တင်ပါးထဲမှာ ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်, ပျက်လိုက်, ပြောင်းလဲနေတာ ပူ,အေး, နော်....။

သဘောကျပလား ?

။ သဘောကျပါဘုရား။ ။

တင်ပါးက ပြောင်းလဲ သလား, ပူ,အေး,က ပြောင်းလဲ သလား ?

။ ပူ,အေး,က ပြောင်းလဲပါဘုရား။ ။

ဟော.... တင်ပါးဆိုတာ သဏ္ဌာန ပညတ်၊ သဏ္ဌာန ပညတ် မပျောက်သေးခင် ပူ,အေး,မြင်ပုံ သဏ္ဌာနပညတ် ပျောက်သွားတဲ့ အခါမှာ ပထဝီမြင်ပုံ၊ အဲဒါလဲ ကွဲထားရတယ်၊ အခု တင်ပါး ဆိုတဲ့ သဏ္ဌာနပညတ် မပျောက်သေးခင် ပူ, အေး, ပြောင်းလဲ နေတယ်နော်....။

ပြောင်းလဲတာ ပူ-အေး၊ မပြောင်းလဲတာ တင်ပါး ရိပ်မိ ပလား ?

။ ရိပ်မိပါပြီဘုရား။ ။

မြင်ပလား ?

॥ မြင်ပါပြီဘုရား॥ ॥

ဒါဖြင့် ပြောင်းလဲဒါနဲ့ မပြောင်းလဲတာ နှစ်ခု ထင်သလား၊ တခု ထင်သလား ?

॥ နှစ်ခုပါဘုရား॥ ॥

နှစ်ခုနော်၊ ပူ၊အေး၊က တခု၊ တင်ပါးက တခု နှစ်ခု မနေဘူးလား ?

॥ နေပါတယ်ဘုရား॥ ॥

တင်ပါးက နကိုယ်နေ ပညတ်။ ပူ၊အေး၊ကပေါ်တဲ့ ပရမတ်။

ဟော....ပညတ်နဲ့ ပရမတ် ကွဲသွားပြီ၊ နကိုယ်နေနဲ့ ပေါ်ဒါ ကွဲသွားပြီ၊ နကိုယ်နေဆိုတဲ့ တင်ပါးကငါးကြင်းသားနဲ့ တူတယ်၊ ခန္ဓာမှာ ဖြစ်လိုက်၊ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ပေါ်နေတဲ့ ပူ၊အေး၊က ငါးကြင်းဆီနဲ့ တူတယ်၊ ငါးကြင်းသားထဲက ငါးကြင်းဆီထုတ်လိုက်သလို တင်ပါးထဲက ပူ၊အေး၊ ထုတ်လိုက်ပါသည်၊ အဲဒါ အမြင်ထူးတယ်လို့ ဆိုလိုသည်။

ဟော....နကိုယ်က တင်ပါးနဲ့ ပူ၊အေး၊နဲ့ မကွဲဘူး၊ တင်ပါးကဘဲ ပူတယ်၊ တင်ပါးကဘဲ အေးတယ်လို့ မပြောကြဘူးလား ?

॥ ပြောကြပါတယ်ဘုရား॥ ॥

တင်ပါးနဲ့ ပူ၊အေး၊ တို့သည် နှစ်ခုမကွဲ တခုထဲ ထင်တယ်၊ ယခုတော့ တင်ပါးတခြား ပူ၊အေး၊ တခြား ကွဲမသွားဘူးလား ?

॥ ကွဲသွားပါတယ်ဘုရား॥ ॥

ပရမတ်နဲ့ ပညတ် ကွဲမသွားဘူးလား ?

။ ကွဲသွားပါတယ်ဘုရား။ ။

တင်ပါးက ပညတ်၊ ပူ၊ အေး၊ က ပရမတ်၊ နဂိုရ်အနေနဲ့ ပေါ်ဒါကော ကွဲမသွားဘူးလား ?

။ ကွဲသွားပါတယ်ဘုရား။ ။

အဲဒါ အမြင်ထူးတာဘဲ၊ အဲဒါ အမြင်ထူးတာဘဲ၊ ပညတ်နဲ့ ပရမတ် ကွဲမြင်ခြင်းသည် နကိုယ်နေဆိုတဲ့ သဏ္ဍာန်ထဲက ပူ၊ အေး၊ ဆိုတဲ့ ပရမတ်ကို မြင်လာခြင်းသည် "အမြင် ထူးတာ ကျင့်သိ ဝိပဿနာ၊ အမြင်မှန်တာ သမ္မာဒိဋ္ဌိ အစစ်ပါ" ဟော ရှင်းသွား ကြ၊ ဘယ်နေရာဘဲမဆို ဒီလိုချည်းဘဲ။

ထမင်းထဲမှာ ပူ၊အေး၊ မြင်တော့ ရှေ့တုန်းက ထမင်းက ပူတယ်၊ ထမင်းကအေးတယ်၊ ထမင်းနဲ့ ပူဒါ နှစ်ခု မကွဲဘူး၊ တခုထဲယူတယ်၊ အဲဒါ အမြင်မထူးဘူး၊ အမြင် မှားတယ်ခေါ်တယ်၊ နောက်တော့ ထမင်း တခြား ပူ၊အေး၊ တခြား တွေ့လျှင် သဏ္ဍာန ပညတ် နကိုယ်နေ ပူ၊အေး၊သည် ပေါ်တဲ့ ပရမတ်ပါ၊ ဒီလိုဆိုလျှင် ထမင်း တခြား ပူအေး တခြား မြင်မယ် ဆိုလျှင် အမြင်ထူးတာ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ရှောက်ကြည့်လေ အကုန်လုံးနော်၊ ဒီမှာကတော့ တင်ပါး တခြား ပူ အေး တခြား မြင်မယ်ဆိုလျှင် 'အမြင်ထူးတာ ကျင့်သိ ဝိပဿနာ၊အမြင်မှန်တာသမ္မာဒိဋ္ဌိအစစ်ပါ'ကဲအမြင်ထူးတာတော့ သိသွားပြီ၊ တင်ပါးနဲ့ ပူ အေး နှစ်ခုကွဲတယ်ဆိုတာ မြင်ထားပြီ။

တင်ပါးသည် ပူ့အေး့ ဟုတ်မဟုတ် ?

။ မဟုတ်ပါဘုရား။ ။

ပူအေး သည် တင်ပါး ဟုတ်မဟုတ် ?

။ မဟုတ်ပါဘုရား။ ။

ပူ့အေး့က ပူ့အေး့ သပ်သပ်၊တင်ပါးက တင်ပါးသပ်သပ်၊ လက်ညှိုးနှစ်ချောင်း ကွဲသလိုမှတ်နော်....။

**ပူ့အေး့ နာမည်ပေးပုံ။**

ကဲ.... ဒီနေ ရာမှာ နာမည် ပေးတော့မယ်၊ ပူ့ အေး့လေး နာမည်ပေးတော့မယ်၊ အပူကလေးကို နာမည်ပေးကြစို့ ။

နာမည်ပေးမယ်ဆိုလျှင် တင်ပါးနဲ့မတူသောကြောင့် တင်ပါး လို့ ပေးစရာလိုသေးသလား ?

။ မလိုပါဘူးဘုရား။ ။

ခေါင်း့ ကိုယ့် ခြေလက့်လို့ မှည့်စရာ လိုသေးသလား ?

။ မလိုပါဘူးဘုရား။ ။

အသားနဲ့ကော တူသေးရဲ့လား ?

။ မတူတော့ပါဘူးဘုရား။ ။

ဒါဖြင့် အသား့အရေ့အကြော့ သုံးသယ့် နှစ်ကောဋ္ဌာသ မှည့်စရာ လိုသေးသလား ?

။ မလိုတော့ပါဘုရား။ ။

အဲဒီ ပူ့အေး့ဟာ ယောကျ်ားလေးလား၊ မိန်းမလေးလား?

॥ မဟုတ်ပါဘူးဘုရား॥ ॥

အဲဒါနဲ့လဲမတူတော့ဘူး၊လူလား့နတ်လား့ဗြဟ္မာလေလား?

॥ မဟုတ်ပါဘုရား॥

အဲဒါလဲ မဟုတ်တော့ဘူး၊ လူ့နတ့်ဗြဟ္မာ့ အသက့်လိပ်ပြာ့ အကောင့် သတ္တဝါ့လို့လဲ နာမည်ပေးစရာ မလိုတော့ဘူး၊ လိုသေးသလား ?

॥ မလိုတော့ပါဘုရား॥ ॥

ဒါဖြင့်.... ဒီ့ပူဒါ့ အေးဒါ့ လေးကို သူ့ နကိုယ် အတိုင်းဘဲ နာမည်ပေးရတော့မယ်၊ "အပူ-ကို ပူဒါ" အအေး-ကို အေးဒါ" ဟော နကိုယ်အမည်ပေါ်လာပြီ၊ အပူ့လေးကို ပူဒါ၊ အအေး့လေးကို အေးဒါလို့ ဗမာလို နာမည်မှည့်နိုင်ခြင်း၊ နာမည်ခေါ်နိုင်ခြင်းသည်၊ "အသိထူးတာ ကျင့်သိဝိပဿနာ၊ အသိမှန်တာ သမ္မာဒိဋ္ဌိအစစ်ပါ"။

ရှင်းသွားပြီနော် ?

॥ ရှင်းသွားပါပြီဘုရား॥

စာ့ ဒီမှာ ပေးအုံးမယ်၊ စာက အပူ့ကလေးကို တွေဗော၊ အအေး့ကလေးကို တွေဗော၊သိတာတွေဗောဉာဏ်တွေဗော့ဒါဘဲ။

စာကတော့ ဒီ အပူကိုလဲ တွေဗော မဟုတ်လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အအေးကိုကော ?

॥ တွေဗောပါဘုရား॥ ॥

တေဇော ခေါ်တယ်၊ အဲဒါ စာနာမည်ဘဲ၊ ဒီတေဇောလေး ကို "တေဇတိ ဉဿ္မာပေတီတိ တေဇော" ဗမာပြန်လိုက်တော့ သူလဲ ပူငွေ့ခေါ်တယ်၊ ထူးသေးသလား?

။ မထူးပါဘူးဘုရား။ ။

**အသိထူးတာ။**

ဗမာလို ပူ့စာလိုတေဇော၊ တေဇောဗမာပြန်တော့ ဒီ ပူငွေ့ ပူရှိန်လေးဘဲ၊ ဟိုပါနီနဲ့ ရေသုံးသလိုပေါ့၊ ဗ မာ က တော့ရေ၊ ကုလားကတော့ပါနီ။

ကုလားကတော့ ဘယ့်နှယ်ခေါ် ?

။ ပါနီပါတဲ့ဘုရား။ ။

ပါနီ ဒီပါနီလဲ၊ ဒီကန်ထဲကရေဘဲမဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒါအတူတူဘဲ၊ ခေါ်တဲ့တေဇော က စစ်ထာမဟုတ်ဘူး၊ ခန္ဓာထဲမှာတကယ်တန်း ခုန တင်ပါး၊ တင်ပါးထဲမှာတကယ်ပေါ် နေတဲ့၊ ပူဒါ အေးဒါက၊ အစစ်ခေါ်တယ်နော်၊ အဲဒီ ပူ အေး က သဘာဝရှိတယ်၊ ခေါ်တဲ့တေဇောက သဘောမရှိ၊ ခေါ်တဲ့ ပူဒါက-သဘောမရှိဘူးခေါ်တယ်၊ အဲဒီတင်ပါးမှာပေါ်တဲ့ ပူ အေးဟာ၊ ပရမတ်သဘာဝအစစ်ခေါ်တယ်၊ ခေါ်တဲ့တေဇော၊ ခေါ်တဲ့ပူဒါ၊ အခေါ်လေးလဲမစစ်ဘူးနော်။

ပူဒါလို့ ခေါ်ခြင်းလဲဘဲ မစစ်ပါ၊ ပူဒါလို့ နားမှာကြား ခြင်းလဲမစစ်ပါ၊ စာထဲမှာပူဒါလို့ ရေးပြတာလဲဘဲ မစစ်ပါ၊ ဒါ ဖြင့် ပြောပူ့ကြားပူ့ ရေးပူ့ သုံးခုခဲ့လိုက်စမ်း၊ ပြောတဲ့အပူလဲမစစ် ပါ၊ ကြားတဲ့အပူလဲမစစ်ပါ၊ ရေးပြတဲ့အပူလဲမစစ်ပါ၊ တကယ့် အပူစစ်ကတော့၊ တင်ပါးမှာပေါ်တဲ့ အပူသာလျှင် စစ်ပါသည်၊ ဒါတင်ပါးကိုင်ပြောတာ။

ဒီပြင် ခေါင်းမှာပေါ်ဒါ၊ ကိုယ်မှာပေါ်ဒါ၊ ခြေမှာပေါ်ဒါ၊ စသည်တို့ဖြင့် ဒီအပူလေးသာ အစစ်နော်၊ သက်မဲ့ဆိုလျှင်၊အင်္ကျီ၊ လုံချီ၊ ထဲမှာပေါ်တဲ့အပူ့အအေးသာ အစစ်၊ အင်္ကျီထဲ ကအပူ ကလေးကို၊ ပါးစပ်ကအင်္ကျီပူလိုက်တာစစ်သလား ?

॥ မစစ်ပါဘုရား॥ ॥

ပါးစပ်ထဲက အပူလိုက်လာရဲ့လား ?

॥ မလိုက်လာပါဘုရား॥ ॥

နားကြားတဲ့အပူကော စစ်သလား ?

॥ မစစ်ပါဘုရား॥ ॥

ဟိုရေးပြတဲ့အပူကော စစ်သလား ?

॥ မစစ်ပါဘုရား॥ ॥

အပူကအင်္ကျီထဲမှာရှိတာ၊အင်္ကျီထဲမှာပင် ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နေတယ်၊ အဲဒါ အင်္ကျီထဲမှာ ဖြစ်ပျက်နေတဲ့ အပူကို ပါးစပ်ပြောလျှင်၊ ပါးစပ်ထဲမှာ အပူလိုက်မလာဘူး၊ နား

ကြားလဲ လိုက်မလာဘူး၊ ရေးပြလဲ လိုက်မလာဘူး၊ ဒီအကျိုမှာဘဲ ဖြစ်နေတာဘဲ၊ အဲဒီသဘာဝကိုကိုင်နော်။

အဲဒီ သဘာဝကိုင်လိုက်လို့ ရှိလျှင်၊ဒီအပူလေးကိုဗမာဆိုလျှင်၊ ဗမာအခေါ်၊တရုပ်ဆိုလျှင်တရုပ်အခေါ်၊ကုလားဆိုလျှင်ကုလား အခေါ်၊ အားလုံးဘာသာတရာ့ တပါးရှိသောကြောင့်၊ နာမည် ပေါင်းဘယ့် လောက်ထွက်လာသလဲ ?

။ တရာ့တပါးပါဘုရား။ ။

တရာ့တပါးထွက်လျှင် မှားသလား မှန်သလား ?

။ မှန်ပါတယ်ဘုရား။ ။

မှန်တာကြီးဘဲ စင်စစ်ကတော့ ခုနပြောတဲ့တင်ပါးမှာပေါ်တဲ့ အပူသာလျှင်၊ အစစ်ဘဲခေါ်တယ်၊ အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

အဲဒါမှတ်ထားကြ၊ အဲ့ အရင်းကျကျလုပ်ရတယ်၊ ကဲ ဒါဖြင့် တင်ပါးမှာပေါ်တဲ့အပူလေးကို၊အပူကို ပူဒါ, အအေးကို အေးဒါ လို့ ဗမာလိုနာမည်မှည့်နိုင်ခြင်း၊ အပူကို ဥဏှတေဇော၊ အအေး ကို သီတတေဇောလို့ စာလိုနာမည်မှည့်နိုင်ခြင်းသည်။

ဆောင်။ ။"အသိကူးတာ ကျင့်သိ ဝိပဿနာ-အသိမှန်တာ သမ္မာဒိဋ္ဌိအစစ်ပါ"

**အယူထူးတာ**။

နှစ်ခုရှိသွားပြီ အယူထူးဒါပြောပြမယ်။

တင်ပါးလေးထဲမှာ အပူလေးပေါ်လို့ အပူလေး ပျက်သွား

သည်၊ အအေးလေးပေါ်လို့ အအေးလေး ပျက်သွားသည်၊ ဤကဲ့သို့ အပူလေးသည် တင်ပါးထဲမှာဖြစ်ထာ ပျက်ထာ ပြောင်းလဲထာ မြင်ပါများသော် ယောဂီဆုံးဖြတ်တော့မယ်၊ပူဒါကလေးက ပူတယ်၊ အေးဒါကလေးကအေးတယ်လို့ ဆုံးဖြတ်နိုင်ခြင်းသည်။

ဆောင်။ ။အယူထူးတာ ကျင့်သိ ဝိပဿနာ၊ အယူမှန်တာ သမ္မာဒိဋ္ဌိအစစ်ပါ"

ရှင်းရှင်းမှတ်ထားကြ၊ အမြင်ထူးတာ၊ ပညတ်နဲ့-ပရမတ် ကွဲတာ၊ ပြန်ပြောလိုက်သည်။

အသိထူးတာက၊ နာမည်မှည့်နိုင်ခြင်း။

အယူထူးတာက၊ ဆုံးဖြတ်နိုင်ခြင်း။

နေရာတကာမှာ ဒီလိုဘဲယူကြ၊ တင်ပါးထဲမှာ ပူ၊ အေး၊ မြင်သလို၊ ကဲ့တကိုယ်လုံးသွားတော့မယ်၊ ခေါင်းထဲမှာဖြစ်ဖြစ်၊ရင်ထဲမှာဖြစ်ဖြစ်၊ ပေါင် ခြေသလုံးမှာဖြစ်ဖြစ်၊ ဟိုနေရာ ဒီနေရာမှာဖြစ်ဖြစ်၊ ကွက်ကွက်ကလေးဘဲဖြစ်ဖြစ်၊ တကိုယ်လုံးဘဲဖြစ်ဖြစ်၊ အပူ၊ အအေး၊ ပေါ် တော့မယ်၊အပူ၊ အအေး၊ ပေါ်မယ်ဆိုလျှင်၊ ပူဒါကဘဲ ပူတယ်၊ အေးဒါကဘဲ အေးတယ်လို့ ဗမာလို ဆုံးဖြတ်နိုင်ခြင်းသည်၊ တကိုယ်လုံးမှာအယူထူးတာ၊ အယူမှန်တာ၊ ရှင်းသွားပလား?

။ ရှင်းသွားပါပြီဘုရား။ ။

မိမိ ခန္ဓာ မှာ ဆုံးဖြတ်နိုင်သလို - ကဲ-သတ္တလောကသွားရော သတ္တလောက-သတ္တဝါမှန်သမျှ၊ လူဘဲဖြစ်ဖြစ်၊ နတ်ဘဲဖြစ်ဖြစ်၊ ဗြဟ္မာဘဲဖြစ်ဖြစ်၊ အပါယ်သတ္တဝါဘဲဖြစ်ဖြစ်၊ သတ္တဝါတိုင်းမှာ၊

ပူဒါ, အေးဒါ, လေးဖြစ်မယ်ဆိုလျှင်၊ ကဲ အပေါ်ကသတ္တလောက ရေး၊ အောက်က သူ့ဟာသူ ပူဒါက ပူတယ်၊ အေးဒါက အေး တယ်လို့ ဆုံးဖြတ်နိုင်ခြင်းသည်၊ သတ္တလောကမှာ၊ အယူထူးတာ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ကဲ သြကာသ လောက အပေါ်ကရေး၊ သုံးဆယ့်တဘုံ အပေါ်ကရေး၊ ရေတွေ မြေတွေ တောတွေ တောင်တွေ၊အပေါ်က ရေး အောက်ကပူဒါ, အေးဒါ, လေးရေးထား၊ သြကာသလောက ထဲမှာ အပူလေးတွေ့မယ်၊ အအေးလေးတွေ့မယ်၊ ကဲ ဆုံး ဖြတ် တော့၊ ပူဒါကဘဲပူတယ်၊အေးဒါကဘဲအေးတယ်လို့ ဆုံးဖြတ်နိုင် ခြင်းသည်၊ "သြကာသလောကမှာ၊ အယူထူးတာကျင့်သိ, ဝိပဿ နာ၊ အယူမှန်တာသမ္မာဒိဋ္ဌိအစစ်ပါ" သွားရောပေါ့။

သင်္ခါရလောက အပေါ်ကရေး၊ အောက်က တေဇောလေး ရေးထားစမ်း၊ သင်္ခါရလောကဆိုတော့ ရုပ်နာမ်ဓမ္မခေါ်တယ်၊ ရုပ်နာမ်ဓမ္မ ဆိုလို့ ရှိလျှင် ရုပ်ကလာပ်တခုကို ကိုင်ပြောတော့ မယ်၊ရုပ်ကလာပ်တခုမှာ ရုပ်ဘယ်နှစ်ခုရှိသလဲ ဆိုလျှင် ရှစ်ခုဘဲ၊ ဒါ အကျဉ်းဆုံးလေးဘဲ၊ အဲဒီရုပ် ရှစ်ခုထဲမှာနော်....၊ တေဇော ကလေးတလုံး ၀, ကွက်ပြီး မြင်ထားကြ၊ ကျန်တာ ခုနစ်ခုနော်၊ ပူစရာရှိလျှင် တေဇော,ကဘဲပူတယ်၊ အေးစရာရှိလျှင် တေဇော ကဘဲ အေးတယ်လို့ ကျန်တဲ့ ခုနစ်ခုထဲက ၀,ကွက်ပြီး သကာလ၊ တေဇော ကလေးတလုံး မြင်ခြင်းသည်၊ အယူ ထူးတာ, အယူ မှန်တာ, မြင်ကြရဲ့လား ?

॥ မြင်ပါတယ်ဘုရား॥ ॥

**တေဇောဓါတ် ရှုပုံ။**

သေသေချာချာ မြင်ပစေနော်၊ စာကလေးများ တတ်လိုက်လို့ ရှိလျှင် ရုပ်ကလာပ်ကိုင်ကာထဲက တေဇောကလေး သွားမြင်ပစေ၊ ဒါပိုင်ဘဲ၊ ပူစရာရှိလျှင် တေဇောက ပူတယ်၊ သည့်ပြင် ပထဝီတို့ မပူဘူးနော်၊ သူ့လက္ခဏာနဲ့သူ မပူဘူး၊ အာပေါလဲ ပူဒါမဟုတ်ဘူး၊ ဝါယောလဲ ပူဒါ မဟုတ်ဘူး၊ ပူစရာရှိလျှင် ဘယ်သူ ပူသလဲ ?

။ တေဇောက ပူပါတယ်ဘုရား။ ။

အေးစရာရှိလျှင် ဘယ်သူက အေးသလဲ ?

။ တေဇောက အေးပါတယ်ဘုရား။ ။

ဟို- ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, သူတို့ကကော ပူသေးသလား?

။ မပူပါဘုရား။ ။

သူတို့ကကော အေးသေးသလား ?

။ မအေးပါဘုရား။ ။

ယောဒီလို ဝ့ကွက် မြင်ထားရတယ်၊ ဒီလို မြင်မယ် ဆိုလျှင် သင်္ခါရ လောက ထဲမှာလဲဘဲ "အယူထူးတာ ကျင့်သီ ဝိပဿနာ၊ အယူမှန်တာ သမ္မာဒိဋ္ဌိအစစ်ပါ" ဟော ရှင်းသွားပြီ၊ တေဇော- ဓါတ် တလုံးနော်....။

ကဲ....တေဇော့အကွက်ကလေးကြည့်စမ်း၊ ရုပ်ဓါတ် ငါးပါးမှာ တေဇောလို့ ရေးထားတာ ပါလိမ့်မယ်၊ ရုပ်ဓါတ် ငါးပါး စာရွက်ထဲမှာ တေဇောလို့ ရေးထားပါလိမ့်မယ်၊ အောက်ကို

ကြည့်၊ တေဇောအောက်မှာ ပုဒ္ဒါရယ်၊ နောက်ပြီးတော့ အမှုံ တခု လောင်မှုသေးရယ်၊ အေးဒါရယ်၊ အဲဒါတွေထားလိမ့်မယ်၊ အဲဒါကို ကိုင်ပြောတော့မယ်။

**ဆောင်။** ။"ပုဒ္ဒါ၊ အေးဒါ၊ ပညတ်တေဇော အစစ်ပါ၊ ပညတ်မီး အစစ်ပါ"

ဟော....ဆရာတော် အခုပြောနေတာ ပုဒ္ဒါ၊ အေးဒါ၊ ဘဲ၊ ဒီ ပုဒ္ဒါ၊ဟာ ပညတ်တေဇော၊ အေးဒါ၊ဟာ ပညတ်တေဇော၊ အခု ယောဂီ တို့ ခန္ဓာမှာ တွေ့နေတဲ့ တေဇောဟာ ပရမတ် မဟုတ်သေးဘူး၊ ပရမတ်အပူ မဟုတ်သေးဘူး၊ ပရမတ် အအေး မဟုတ်သေးဘူး၊ ပညတ်တေဇောနဲ့ ပညတ်မီးဘဲ၊ ရှင်းရဲ့လား?

။ ရှင်းပါတယ်ဘုရား။ ။

လကၠာလေးရအောင် လုပ်ထား၊ ပုဒ္ဒါကတော့ 'တိက္ခ' ခေါ်တယ် တေဇော ဓါတ်သည် ထက်မြက်လွန်ကဲနေတဲ့ အချိန်မှာ ယောဂီသန္တာန်၌ ပုဒ္ဒါတွေ့တတ်၊ တေဇော ဓါတ် သည် 'မန္ဒ' ယုတ်ညံ့ ဖျော့သေးနေတဲ့ အချိန်မှာ ယောဂီသန္တာန်၌ အေးဒါ တွေ့တတ်၊ အပေါ်တန်းက၊ တိက္ခ အတန်း၊ အောက်ဆုံးတန်း က၊ မန္ဒ အတန်း ခေါ်တယ်၊ အလယ်တန်းက ပရမတ် တန်း ခေါ်တယ်၊ ရှင်းသွားပလား ?

။ ရှင်းသွားပါပြီ....ဘုရား။

**ဆောင်။** ။ပုဒ္ဒါ....အေးဒါ၊ ပညတ်တေဇော အစစ်ပါ ။

ပညတ်တေဇောနှစ်မျိုး ဥဏှတေဇော၊ ပုဒ္ဒါကတမျိုး၊ သီတ တေဇော၊ အေးတာက တမျိုး။

ရှင်းသွားပလား ?

॥ ရှင်းပါပြီ....ဘုရား॥ ॥

ပညတ်တေဇော, ပြောလိုက်ပါသဖြင့် ပရမတ်တေဇော သိဘို့လိုသည်၊ အလယ်တန်းကြည့်, "အမှုံတခု....လောင်မှုလေးဟာ ပရမတ်တေဇော, ပရမတ် မီး အစစ်ပါ၊" အမှုံဆိုတော့ ပထဝီ ခေါ်တယ်၊ ပရမတ်လိုဆိုတော့ မာဒါ ခေါ်တယ်၊ ပထဝီ က လေးတခု, အမှုံလေးတခု, မာဒါလေးတခု, လောင်နေတဲ့အပူ သေးသေးလေးဟာ ပရမတ်တေဇော, ပရမတ်မီးလို့ မှတ်ပါ၊ စာသံ....ပေသံနဲ့ ပြောလိုက်မယ်၊ "ရုပ်ကလာပ် တခု လောင်မှု သေးသေးလေးဟာပရမတ်တေဇော, ပရမတ်မီးလို့.... မှတ်ပါ," ရှင်းရှင်းလေးဘဲ၊.

သဘော ပါရဲ့လား ?

॥ ပါ....ပါတယ်....ဘုရား॥ ॥

အမှုံတခု လောင်မှုသေးဟာ ပရမတ် တေဇော, ပရမတ် မီးလို့ ပြောလိုက်ပါသဖြင့် ပညတ်မီးကို သိဘို့လိုတယ်၊ အမှုံတွေ တွဲစမ်း, အမှုံတွေ တွဲစမ်း၊ အတုံးအခဲ အတွဲမှာ လောင်တဲ့မီး...., အသားအရေ အကြော ကောဋ္ဌာသမှာ လောင်တဲ့မီး, ခေါင်းကိုယ်ခြေလက် စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းမှာ.... လောင်တဲ့မီး, ယောကျ်ား-မိန်းမ-လူနတ်ဗြဟ္မာ-အသက်-လိပ်ပြာ-အကောင်သတ္တဝါ စသည်တို့မှာ လောင်တဲ့ မီးသည်, ပညတ် တေဇော, ပညတ်မီး အစစ်ပါ၊ အဝတ်မှာ လောင်တဲ့မီး, အစားမှာ လောင်တဲ့မီး,အနေအထိုင်တွေမှာ လောင်တဲ့မီး, ပုတီး-လက်

ကောက်-ဒွါဒယာ တန်းဆာ စသည်တို့မှာ လောင်တဲ့ မီး သည့်, ပညတ်တေဇော....ပညာ မီးလို့ မှတ်ပါ။

ဒီလို လောင်တဲ့ နေရာမှာဆိုလျှင်, အပူ လွန်ကဲလို့ ရှိလျှင်, ဥဏှတေဇော ယူပါ၊ အအေးလွန်ကဲနေမယ်ဆိုလျှင်, သီတ တေဇော လို့ ယူပါ....ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

ရှင်းသွားပြီ, တေဇော တလုံးတော့....ရှင်းသွားပြီ, ပြန်ချုံး လိုက်စမ်း၊ တေဇော ဘယ်နှစ်ပါး ရှိသလဲ....မေးလျှင်, ပရမတ် တေဇောက တပါး, ပညတ်တေဇောက တပါး, နှစ်ပါး....ရှိပါ တယ်၊ ပရမတ်တေဇော့ဟာ ဘယ်လိုဟာလဲ မေးလျှင်,အမှုံ့တခု လောင်မှုသေးဟာ ပရမတ်တေဇော, ပရမတ် မီးလို့ ယူလိုက်ပါ။

ပညတ်တေဇော့ဘယ်နှစ်ပါးရှိသလဲ မေးလျှင် ဥဏှတေဇော တပါး, သီတတေဇော တပါး, နှစ်ပါး ရှိတယ်လို့ ယူလိုက်ပါ၊ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား ။ ။

စသိ့ပြေသိ, နံ့ပါထားရတယ်၊ ဓါတ်ကြီး လေးပါး နံနံ သိထားရတယ်၊ ဘုရားပွင့်လာတော့ ဆရာတော်တို့ ဗမာစကားနဲ့ မဟောဘူး၊မာဂဓနဲ့ ဟောတယ်နော်၊ အပူလေးဟာ တေဇော တဲ့၊ အအေး,လေးဟာ တေဇောတဲ့၊ တေဇောကပင် ပူတယ်၊ တေဇောကပင် အေးတယ်လို့ ဒီလို အမှတ်နာခဲ့သော်၊ နောက် တော့ မြတ်စွာဘုရားက အပူနဲ့ ပတ်သက်၊ အအေးနဲ့ ပတ်သက် ၍ ဟောနေပါကလားလို့ အဲဒီလိုသိမှ ကျတ်တယ်၊ ဒါကြောင့်

တချို့ ပေနေယျ ပုဂ္ဂိုလ်တို့မှာ အပူ, အအေး, မှတ်ထာ မတူကြဘူး၊ 'တေဇော,တေဇနာ, တေဇနာကာရော, တေဇနိတတ္တာ' စသည်တို့ဖြင့် တေဇောဓါတ်တလုံးကို ဘုရားရှင် ကိုယ်တော်မြတ် ဝေနေယျ-ပရိဂ္ဂဟ- နက်ဖြဟ္မာ တို့ကို လိုက်ပြီး သကာလ၊ ဝေဝေဆာဆာ, ဟောပြီးတော့ သွားပါသည်၊ ရှင်းသွားကြပလား ?

။ ရှင်းပါပြီဘုရား။ ။

ပါဌ်လေး နန်နက်ထားကြ၊ တေဇော,ဆိုတော့ မီးဓါတ်ဘဲ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဗမာပြန်လိုက်တော့ မီး,ဓါတ်ဘဲ၊ မီး,ရှိလျှင် လေ,ရှိမြဲ ဓမ္မတာ၊ မီးနဲ့ လေဟာ ပဋ္ဌိပက္ခမဟုတ်ဘူး၊ မိဿက ဓါတ်ခေါ်တယ်။

ရန်ဓါတ်လား မိတ်ဆွေဓါတ်လား ?

။ မိတ်ဆွေဓါတ် ခေါ်ပါတယ်ဘုရား။ ။

မိတ်ဆွေဓါတ်ခေါ်တယ်၊ မီးရှိလျှင် ဘာရှိရမလဲ ?

။ လေရှိရပါတယ်ဘုရား။ ။

အဲဒါ မှတ်ထားကြရတယ်၊ ဒါကြောင့်မို့ တချို့ အိမ်လေးများ မီးလောင်ပြီဆိုလျှင် ဘယ်က ကပ်သီးကပ်သပ် လေလေးက ပေါ်လာမှန်း မသိဘူးလို့ ပြောကြတယ်၊ သူ့ မိတ်ဆွေက လာကူတာ သူက သိမှမသိဘဲ၊ မီး ဘာ့ကြောင့်များ, လေကြောင့်များ၊

လေ ဘာ့ကြောင့်များ, မီးကြောင့်များ၊ အညမည တွေဘဲ၊ ဟုတ်ကြရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ကဲ... တေဇောဓါတ်, ပြောလိုက်ပါသဖြင့် မိတ်ဆွေ ဝါယောဓါတ်, ကိုင်ကြ ပါစို့၊ ဟော.... ဆရာတော်တို့ ဓါတ်ဆင်တာ ကြည့်နော်၊ တေဇော့ပြီးလျှင် ဘာဆင်သလဲ ?

॥ ဝါယောဓါတ်ပါဘုရား॥ ॥

ဆရာတော် အလုပ်နဲ့ ဆရာတော်နော်....၊ ပထဝီ, အာပေါ်, တေဇော, ဝါယော, သဂြိုဟ်က ဆိုတယ်၊ ဆရာတော်က ပထဝီ, နောက်ပိတ်ဆုံးထားတယ်၊ သူက အပေါ်ဓါတ်၊ ဟုတ်ဘူးလား?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အလုပ်ဓါတ်က တေဇော, ဝါယောဘဲ၊ တေဇောနဲ့ ဝါယော မှာဆိုလျှင် ဘယ်သူ အရင်းခံလဲ၊ တေဇော, အရင်းခံ၊ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

တေဇော အရင်းခံ၊ ဒါကြောင့် ဆရာများဟာ အပူနာ.... အအေးနာတဲ့, ဒါ ယူတာဘဲ....မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်....ဘုရား॥ ॥

အဲ....မီး မရှိလျှင်, ဘာရှိ မလဲ ?

॥ လေရှိပါတယ်....ဘုရား॥ ॥

ဝါယောဓါတ် ရှုမှတ်ပုံ။

ကဲ...လေအကြောင်း ပြောကြစို့....

စားသုံးတော့ ဝါယောဓါတ်ပါ၊ ဗမာသုံးတော့ လေဓါတ်ပါ၊ အပေါ်တန်းက ရေးထားတာကြည့်၊ လှုပ်ထာ "လှုပ်ရှား ဝါယော"မှတ်နော်၊ အောက်ဆုံးတန်းက ကြည့်၊ ခွခွ ပြီးတော့ ငြိမ်တာ မရေးဘူးလား ?

॥ ရေးထားပါတယ်....ဘုရား॥ ॥

အဲဒါ ငြိမ်တဲ့ ဝါယော....ဘဲ၊ စာမှာ ကတော့ " ထောက်ကန် ဝါယော"ခေါ်တယ်၊ ထောက်ကန် ဆိုတဲ့ စကားသည်၊ တိမ်မြုတ်၊ ငုတ်နေသောကြောင့် ပေါ်လွင်တဲ့ စကားနဲ့ ဆရာတော်က သုံးလိုက်တယ်၊ ငြိမ်တာတဲ့....ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်....ဘုရား॥ ॥

ဒါကြောင့် လယ်တီ ဆရာတော် ဘုရားကြီးကလဲ ငြိမ်လျှင်၊ ငြိမ်တဲ့....ဝါယောတဲ့ ဟော...."ဝါယောနှံ့ က ငြိမ်ဝပ်စွ၊ လွန်က လှုပ်ရှား ပြေးလွင့်သွားသည့် လေးပါးဓါတ်ချင်း သဘောဘည်း" ဟု လယ်တီဆရာတော် ရေးထားတယ်။

ဝါယောနှံ့လျှင်၊ ဘယ့်နှယ်နေသလဲ ?

॥ ငြိမ်နေပါ....ဘုရား॥ ॥

ငြိမ်နေရတယ်၊ အဲဒါကလေး ကြည့်ပြီးတော့၊ ဆရာတော်က ငြိမ်တဲ့ ဝါယော တဲ့....နော် "ကောဇော ဝ ကော်ဇော"ဆိုသလိုဘဲ၊ ငြိမ်နေတာ ဘာဝါယောလဲလို့ မေးလျှင်၊ ငြိမ်တဲ့....

ဝါယော ပြောလျှင်, စာတတ်သောပုဂ္ဂိုလ်တို့က ကြိုက်မှာမဟုတ်ဘူး၊ မင်းတို့ဆရာ စာတတ်ကဲ့လား၊ သူက ပြော ချင် တာက, ထောက်ကန်ဝါယော ပြောချင်တယ်၊ ထောက်ကန် စကားသည် တိမ်မြုတ်ငုတ် ကျင်းပါတယ်၊ ပေါ်လွင်တဲ့စကားပြောလိုက်လျှင်, မကောင်းဘူးလား ?

။ ကောင်းပါတယ်....ဘုရား။ ။

အဲဒါ....မှတ်ထားကြ, မှတ်ထားကြ။ ။

“လှုပ်ထာ,ငြိမ်တာ ပညတ် ဝါယောဓါတ်,ပညတ်လေဓါတ် အစစ်ပါ” ကဲ....ခါးလယ်ခေါင်မှာ နဲနဲ လေး, သည့် ပြင် တော့ မရေးနဲ့အိုး, လေ....လို့ ရေးထား စမ်း, နဲနဲ လေးစတီလေး, ပြောလို့ကောင်းအောင်, အပေါ်က လှုပ်ထာနော်, အောက်က ငြိမ်တာနော်, ခါးလယ်က, လေ....လေးနော်....ပြောလို့ ကောင်း အောင်, လေဓါတ်အားကြီးလျှင် လှုပ်နေတတ်တယ်၊ လေဓါတ် အားသေးလျှင်, ဘယ့်နှယ်နေသလဲ ?

။ ငြိမ်နေတတ်ပါတယ်....ဘုရား။ ။

ငြိမ်နေတတ်တယ် ခေါ်တယ်၊ အဲဒါ မှတ်ထားကြ၊ လေ, အားကြီးလျှင် ဘယ်နှယ်နေသလဲ ?

။ လှုပ်နေပါတယ်ဘုရား။ ။

အဲ....ကြည့်၊ အလွန်စကားပြောတဲ့ ပုဂ္ဂိုလ်ဟာ ဘာဖြစ်လို့?

။ လေများလို့ပါဘုရား။ ။

လေများလို့တဲ့၊ စကား သိပ်မပြောကြနဲ့နော်၊ စကားသိပ်ပြောလျှင် လေများလို့တဲ့၊ အဲဒီ လေများတဲ့ ပုဂ္ဂိုလ် ဘယ်နှယ်ပြောကြ၊ လေပန်း နေတယ်, လေဖြန်း နေတယ်, လေအိုးလို့ မပြောဘူးလား ?

॥ ပြောပါတယ်ဘုရား။ ॥

ဟင်.... ဟိုကောင် လေသွားပန်းနေပြန်ပြီဟေ့လို့ မပြောဘူးလား ?

॥ ပြောပါတယ်ဘုရား။ ॥

အမယ်....တချို့နေ့ သားသောကြာ လေအိုးတဲ့၊ သောကြာသားဟာ သည်ထက် စကားများတယ် ဆိုပါလား၊ ဟုတ်ကောဟုတ်ရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား။ ॥

ဟုတ်တယ်....အင်မတန် ဟုတ်ထာဘဲ၊ လေအား နဲလျှင်တော့ ငြိမ်ပြီးတော့ နေတတ်တယ်။

ငြိမ်နေတာ လေမရှိလို့လား ?

॥ လေရှိပါတယ်ဘုရား။ ॥

လေရှိလျှင် ဘာပြုလို့ မလှုပ်သလဲ ?

॥ လေအား နည်းနေလို့ပါဘုရား။ ॥

အားနည်းလို့ ခေါ်တယ်၊ ဟို ကျောက်ခဲကြီးတွေ, သံတုံးကြီးတွေ, တိုင်ကြီးတွေဟာ လှုပ်သလား ?

॥ မလှုပ်ပါဘုရား။ ॥

လေမရှိလို့လား

॥ ရှိပါတယ်ဘုရား॥ ॥

ရှိလျှင် ဘာပြုလို့ မလှုပ်သလဲ ?

॥ လေအား နည်းလို့ပါဘုရား॥ ॥

အဲ....မှတ်ထားကြ၊ ဓါတ်ကြီး လေးပါးဟာ ရှိပြီးသားဘဲ၊ အောက်ပိုင်း လေမိသွားသော ပုဂ္ဂိုလ် လှုပ်သေးသလား ?

॥ မလှုပ်ပါဘုရား॥ ॥

လေမရှိလို့လား ?

॥ ရှိပါတယ်ဘုရား॥ ॥

ရှိလျှင် ဘာဖြစ်လို့ မလှုပ်သလဲ ?

॥ အားနည်းလို့ပါဘုရား॥ ॥

အားနည်းလို့တဲ့ ဒါကြောင့်လေမိတဲ့ ပုဂ္ဂိုလ်ဟာ၊ လေစာ ကျွေးရတယ်၊ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒါမှတ်ထားကြ၊ လေဓါတ်လွန်ကဲလျှင် လှုပ်နေတတ်သည်၊ လေဓါတ် အားနည်းလို့ရှိလျှင် ငြိမ်ခနေတတ်သည်၊ ဓါတ်ဗိန္ဒော ဆရာများအားထုတ်တဲ့အခါ၊တော်တော်ကျေးဇူးများတတ်၊ဆေး ကျမ်းတွေအမျိုးမျိုးရပြီးတော့နေတဲ့ပုဂ္ဂိုလ်ဟာ၊ အခုဆရာတော် တို့ ဓါတ်တရားများဝင်ပြီးတော့ အား ထုတ် လျှင်၊ ကိုယ်တွေ့လို ပြောတတ်တယ်၊ ဆေးဆရာများလဲလျှောက်လဲလျှောက်ဘူးတယ် အရင်တုံးကတပည့်တော်အထင်နဲ့လုပ်တယ် ဘုရား၊တရား အား

ထုတ်ပြီးတဲ့အခါမှာ ဘုရား၊ ဆေး ကု လို့ သိပ် ကောင်း တာဘဲ ပရိယေသန ဝမ်းစာမှာလဲ အတော်ကောင်းပါတယ်လို့၊ ဆေး ဆရာများလျှောက်ဘူးတယ်နော်။

**ပရမတ်ဝါယော-သုံးမျိုး။**

ကဲ လေ-လေ-ကောက်ကြဦးစို့၊ လေ့ဆိုတာဘယ်သင်းလဲလို့ တခါရှာရတယ်နော်၊ လေ-လေ-လေ-လို့ လျှောက်ရတယ်၊ လေ့ ဆိုတာ၊ ဘယ်လိုဟာမျိုးလဲလို့ ဒီလိုမေးလျှင်၊ ကန့်, တိုး, တွန်း, မရေးထားဘူးလား ?

॥ ရေးထားပါတယ်ဘုရား॥ ॥

" ကန့်တာ-တိုးတာ-တွန်းတာ-ပရမတ်လေဓါတ် အစစ်ပါ " ရှင်းရှင်းလေးမှတ်ထားကြနော်၊ သူကပေါ်လာတယ်ခေါ်တယ်၊ ဒါသေသေချာချာ သိမှ, ဒီလိုမသိလို့ရှိလျှင်၊ ပြော ကြ တယ် စကားတွေ, လေတွေ, လာလိုက်ထာ မှောင်နေတာဘဲ ပြောကြ တယ်နော် မှောင်တာလေဟုတ်သလား၊ မဟုတ်ဘူးလား ?

॥ မဟုတ်ပါဘုရား॥ ॥

မှောင်နေတာက အဆင်း၊ မျက်စေ့အမြင်ခေါ်တယ်၊လေက ဒီလိုမျက်စေ့နဲ့မြင်ရတာမဟုတ်ဘူး၊ ကိုယ်တွေ့သမားတွေ ဟုတ် ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဟာ....လေတွေ အော်လာလိုက်ထာ၊ ကြောက်စရာ ကြီး ဘဲ၊ ကြောက်စရာကြီးဘဲ၊ မပြောဘူးလား ?

॥ ပြောပါတယ်ဘုရား॥ ॥

အော်တာ လေ့ဟုတ်မဟုတ် ?

။ လေမဟုတ်ပါဘုရား။ ။

အော်တာ အသံ-နားကြားဘဲရှိသေး၊လေကဒီလိုနားနဲ့ကြားရဲ့လား ?

။ မကြားရပါဘုရား။ ။

လေက ကိုယ်တွေ့နော်၊ သူ့ဟာသူမှတ်ထားကြ၊ ပြောတော့ ပြောလိုက်ထာဘဲ၊ပြောပေမယ်လို့ လေဘယ်သင်းမှောင်တာဘယ်သင်း၊ အသံဘယ်သင်း၊ သူ့ဟာသူကွဲသွားပစေ၊သူ့ဒွါရနဲ့၊ သူ့အာရုံနဲ့သူ့ဝိညာဉ်နဲ့ကိုက်အောင်ယူထားကြ၊မမှားတမ်းနော်။

အားလုံးသဘောကျပလား ?

။ ကျပါပြီဘုရား။ ။

ဒါဖြင့်လေဆိုတာ ဘယ်သင်းလဲဆိုတော့-ဟော.... " ကန်တာ တိုးတာ, တွန်းတာ, ပရမတ် လေဓါတ်အစစ်ပါ" ကန်တာပြောပြမယ်၊ ကန်တာက, အညံ့စားလေ၊ တိုးတာက,အလပ်စားလေ၊ တွန်းတာက, အကြီးစားလေ၊ လေတခုထဲ သုံးမျိုးခွဲလိုက်ထာဘဲ။

**ကန်လေ ဖြစ်ပုံ။**

ကန်ပုံကလေးပြောမယ်၊ ကန်ပုံကလေးပြောမယ်၊ သူ့သက်သက်တော့ မရဘူး၊ မိတ်ဆွေနဲ့ ပေါင်းပြော ရတယ်၊ လေ၏ မိတ်ဆွေဟာ တေဇောနော်၊ မီးနော်၊မီးဆိုလျှင် ပူမီး,အေးမီး, နှစ်ခုမရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

အဲဒီအပူနဲ့ ကန်တာနဲ့ ပေါင်းထား၊ အအေးနဲ့ ကန်တာနဲ့ ပေါင်းထား၊ အပူကန်တယ်၊ အအေးကန်တယ်၊ မပြောဘူးလား?

။ ပြောပါတယ်ဘုရား။ ။

နှစ်ခေါက်တွဲနော်....ပြောတော့ ပြောလိုက်တာဘဲ၊ နှစ်ခေါက်တွဲ ခေါ်တယ်၊ ဟော့....ဖျားတဲ့ပုဂ္ဂိုလ် အနားကို မကပ်နိုင်ဘူးဟော့၊ စောင်လေး, သင်္ကန်းလေး, ခြုံထားသော်လဲ၊ အဲဒီက နေပြီး တော့ အပူတွေဟာ တခါထဲ ရှိန်ရှိန်, ရှိန်ရှိန်, နဲ့ ပူနေတာဘဲ၊ အဲဒါ အပူကန်နေတာ ခေါ်တယ်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အပူကန်နေတယ်၊ အပူက တေဇော၊ ကန်တာက ဝါယော၊ အအေး ကန်နေတယ်၊ အအေးက တေဇော၊ ကန်နေဒါက ဝါယော၊ နှစ်ခေါက်, နှစ်ခေါက်တွဲပြီး အလုပ်လုပ်ထာ ခေါ်တယ်၊ အပူကန်လျှင်, အအေးကန်လျှင်, ဘယ်နှယ် ဖြစ်တတ်သလဲ၊ ကိန်းသေနော်၊ ကိန်းသေ၊ ဒီနေ့ တရားက နဲနဲနက်တယ်၊ ကိုယ်တွေ့နဲ့ ဆိုလျှင် နဲနဲနက်တယ်။

အပူ ကန်လျှင် = ပူရှိန်- ၁၊ ပူခိုး- ၂။ ပူရောင်- ၃။ ကိန်းသေ။

အအေးကန်လျှင် = အေးရှိန်-၁။ အေးခိုး-၂၊ အေးရောင်-၃။ ကိန်းသေ။

အကုန်လုံးနော်၊ မိမိလဲ အတူတူ၊ သက်ရှိလဲအတူတူ၊ သူတပါး လဲ အတူတူဘဲ၊ သက်မဲ့လဲ အတူတူဘဲ၊ တခု နားလည်လျှင်....

အကုန်လုံး နားလည် သွားမှာဘဲ၊ အပူကန်လျှင် ဘယ်နှစ်မျိုး ပေါ်တတ်သလဲ ?

။ သုံးမျိုးပေါ်တတ်ပါဘုရား။ ။

ပူရှိန်, ပူခိုး, ပူရောင်နေ၃ ?

။ မှန်ပါဘုရား။ ။

အအေးကန်လျှင် ဘယ်နှစ်မျိုး ပေါ်တတ်သလဲ ?

။ သုံးမျိုးပေါ်တတ်ပါဘုရား။ ။

အေးရှိန်, အေးခိုး, အေးရောင် ?

။ မှန်ပါဘုရား။ ။

**ပူရှိန်ဖြစ်ပေါ်ပုံ။**

ဟော....ဒါလေးမှတ်ထားကြ၊ ကဲ.... ပူရှိန် ဖြစ်ပုံ ကိုယ်တွေ့ ပြောမယ်၊ ခန္ဓာစိုက်ရတယ်၊ ယောဂီတို့ကတော့ ခန္ဓာစိုက်ရတယ်၊ ရှေ့တုန်းက မြင်တာလဲ ရှိလိမ့်မယ်၊ အခုမြင်တာလဲ ရှိလိမ့်မယ်၊ အခုမမြင်လျှင် နောင်မြင်လိမ့်မယ်၊ ဒါကိန်းသေပြောနေတာ။

မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။

နဲ့နဲ့ဘဲ ပူပူ, များများဘဲ ပူပူ, တိုး,ပူဘဲ ဖြစ်ဖြစ်, တန့်- ပူဘဲ ဖြစ်ဖြစ်, လျော့-ပူဘဲ ဖြစ်ဖြစ်, အပူလေးပေါ်လာလျှင်, အရှိန်လဲ ပေါ်လာတတ်သည်၊ ခန္ဓာမှာ ရှိန်းရှိန်း....ရှိန်းရှိန်းနဲ့ တမျိုး၊ ဒါက တော့ တွေ့တဲ့ လူ များတတ်တယ်၊ ရှမ်...ရှမ်ရှမ်နဲ့ တမျိုး၊ ဖျင်း၊

ဖျင်းနဲ့ တမျိုး၊ စစ်စစ်နဲ့ တမျိုး၊ ဟုန်းကနဲ ဖျန်းကနဲ ကြက်သီး ထသလို တမျိုး၊ ခြအုံ နားချီအုံ ပရွက်ဆိတ်အုံကြီးများ ကဲ့သို့ အုံကြွနေသလိုတမျိုး၊ သဲကမ်းပါးများ ဖြုတ်ဖြုတ်....ဖြုတ်ဖြုတ်နဲ့ ပြိုကျနေသလို၊ မြူမှုံကလေးတွေများ ကျနေသလို၊ ဆံပင်တိုတို ရေစိုစို လက်နဲ့ ပွတ်လိုက်တဲ့အခါမှာ အမှုံ ကလေးတွေ စင်နေသလို၊ ရေပန်းကလေးတွေများ ပန်းနေသလို၊ ဖြုတ်ခလေးတွေများ ပျံသန်းသွားလာနေသလို၊ နေရောင်ခြည် သန်းတဲ့အခါမှာ အမှုံကလေးတွေများ စင်နေသလို ဖြစ်နေ တာက တမျိုး၊ ဒါက ပရိယာယ် ခေါ်တယ်၊ နောက်ပိတ်ဆုံးတော့ ခန္ဓာမှာ အမှုံလေးတွေ ဖြစ်နေကြတာဘဲ....ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

နောက်ပြီးတော့ဆိုလျှင်၊ ဆပ်ပျာ မြှုပ်တွေများ ထနေသလို၊ ပါဂွမ်းပုံကြီးများ ထနေသလို၊ ရေနွေးအိုးကြီးများ ပွက်ပွက် .... ပွက်ပွက်နဲ့ ဆူပွက်ပြီးတော့ နေသလို၊ ဘိလပ်ရည်ပုလင်း ဖေါက်လိုက်တဲ့အခါမှာ အကြည်ဓါတ် ပျောက်၊ ဗူပေါင်း ကလေးတွေ ထသလို၊ အနားမှာ ကပ်ကြည့်လိုက်မယ် ဆိုလျှင်၊ ဖြစ်ဖြစ်....ဖြစ်ဖြစ်နဲ့ မည်နေသလို....တမျိုးနော်။

ဝဲလှည့်လိုက်သလို၊ ဖျင်းကနဲ နဲ့ ကျယ်ထွက်ပြီးတော့....သွားတာမျိုး၊ ခန္ဓာမှာဆိုလို့ရှိလျှင်၊ ပုရိန် အမျိုးမျိုး ဖြစ်ထာ...., မှတ်ထားကြ၊ အဲဒါ....ဒီလို သိလျှင် မလျှောက်ဘဲနဲ့ ရတာဘဲ၊ အပူလေးပေါ်လျှင်၊ အရှိန်တွေ အမျိုးမျိုး မနေဘူးလား ?

။ နေပါတယ်....ဘုရား။ ။

ယောဂီသိတာက အရှိန်ဆိုလျှင်, ရှိန်းရှိန်း....ရှိန်းရှိန်း, ဒီတမျိုးဘဲ သိတယ်၊ ရွရွ, ဖျင်းဖျင်း, စစ်စစ်....စသည်တို့ဖြင့်, ဒါတွေမသိတာများတယ်၊အဲဒါလဲ အရှိန်ဘဲခေါ်တယ်၊ ပူရှိန် ဖြစ်သလို, အေးရှိန်လဲ, ဒီလို ဖြစ်တတ်တယ်၊ ပူရှိန့်က ကြမ်းတမ်း ခက်ထန်လှပါပေ၏၊ အေးရှိန်က သိမ်မွေ့နူးညံ့လှပါပေ၏၊ ဒီလောက်သာ....ထူးတယ်မှတ်။

ရှင်းသွားပလား ?

။ ရှင်းသွားပါ....ဘုရား။ ။

ပူရှိန်....အေးရှိန် ဖြစ်ပုံ, ကုန်သွားရော။

**ပူခိုး....အေးခိုး ဖြစ်ပုံ။**

ပူခိုးအေးခိုး ဖြစ်ပုံ, ပူခိုးကို အရင်....ပြောမယ်။

အပူရှိလျှင်, အခိုး မရှိဘူးလား ?

။ ရှိပါတယ်....ဘုရား။ ။

အပူက မီးနော်၊ အခိုးကလေး, လေက မှုတ်လိုက်တဲ့အခါ, အခိုးတွေ မထဘူးလား ?

။ ထပါတယ်....ဘုရား။ ။

ပုလင်းကြည်ကြည်ထဲမှာ အပူကလေးထည့်ထားလျှင်, အခိုးတွေ လျှောက်သွားနေတာ မတွေ့ရဘူးလား ?

။ တွေ့ရပါတယ်....ဘုရား။ ။

အဲဒီလို အပူရှိလျှင် အခိုးရှိမြဲ၊ အဲဒီပူခိုးသည် အသားကြိုအသားကြား, အရေကြို အရေကြား,လျှောက်ပြီးတော့ သွားနေ

မယ်ဆိုလျှင် အရိုင်းတော့ ယားတတ်တယ်၊ ယားလျှင် ကုတ်တတ်တယ်၊ အချို့မှာဆိုလျှင် ပွတ်တတ်တယ်၊ဒီလိုပွတ်ရုံမကသေးဘူး၊ အချို့မှာဆိုလို့ရှိလျှင် အင်္ကျီမသန့်လို့လားဆိုပြီး အင်္ကျီလဲချွတ်တတ်တယ်၊ အိပ်ရာခင်း မသန့်လို့လား ဆိုပြီး အိပ်ရာခင်းလဲလဲတတ်တယ်၊ ဖျာလဲ ခါတတ်တယ်၊ နေပူတွေလဲဘဲ လှမ်းတတ်၊ ဘယ်လိုလုပ်လုပ် မပျောက်ဘူး၊ အော်- အတွင်းက ဖြစ်လာပါကလားလို့ အဲဒီလို ထင်လာတတ်တယ်နော်။

အဲဒါ ဘာလဲလို့ မေးလျှင် ပူခိုးတွေခေါ်တယ်၊ အရိုင်းကိုး၊ နောက်တော့ ဒီပူခိုး ကလေးတွေ အသားကြို အသားကြား, အရေကြို အရေကြား,တွေ့ပါ များတော့ ယားလဲ မယားတော့ဘူး၊ ခုနပြောတဲ့ ဇဝေဇဝါ, သံသယတွေလဲ မရှိတော့ဘူး ဒါ-အခိုးဘဲ၊အခိုးဆိုတော့ အပူကဖုတ်တယ်၊အခိုးကမှုတ်တယ်၊ အခိုးမှုတ်တော့ အပေါက်ပေါ်လာတယ်ခေါ်တယ်နော်၊ဟို-မီးကဖုတ် လေကမှုတ်၊ ဟော....ခုနတုန်းကတော့ ပူခိုး ဆိုတော့ အပူကလောင်ကြွမ်းအောင် ဖုတ်လိုက်တယ်၊ ခုန အခိုး ကလေး တွေက မှုတ်လိုက်တော့ အာကာသ ပေါ်လာတယ်၊ အပေါက် ကလေးတွေလေ....။

အဲဒီ အပေါက်ကလေးတွေက ပေါ်လာတော့၊အဲဒီအပေါက်ကလေးထဲက အခိုးကလေး တလူလူ ထွက်လာတာဘဲ၊ အထဲလဲ အခိုးတွေ လျှောက်သွားနေတာဘဲ၊အပြင်ဘက်လဲ အခိုးလေးတွေ ထွက်နေတာဘဲ၊ ဒီလို ထွက်မယ် ဆိုလို့ ရှိလျှင် ဆောင်းရာသီ နံနက်စောစော ရေပေါ်မှာ ရေခိုးကလေးတွေ ယှက်သန်းသွားလာနေသလို တကိုယ်လုံး မှောင်နေတတ်တယ်၊သစ်ဆွေးတုံးကြီး

မီးနဲ့ ရှိနေသလို နောက်ပြီးတော့ဆိုလျှင်လဲ ဖွံ့ပုံကြီးကို မီးလေး နဲ့ ရှိနေသလို၊ နောက်ပြီးတော့ လူသေကောင်ကြီးကို မီး ကလေးနဲ့ ရှိနေသလို ထင်တတ်တယ်။

အမယ်....သေမှ မီးရှို့တာ မဟုတ်ဘူး၊ အခုကထဲက မီးရှို့ နေပါကလားလို့ ကိုယ့်ကိုယ်ကို လူသေကောင်ထင်ပြီး မီးရှို့နေ တာ သွားမြင်တတ်တယ်၊ ဟုတ်လဲဟုတ်ထာဘဲ၊လူသေ မီးရှို့လျှင် ထင်းမီးမဟုတ်ဘူးနော်၊ ဟို-ရေနံဆီမီး, ဓါတ်ဆီမီး,အရက်ပြန်မီး, မဟုတ်ဘူးနော်၊ လူသေကောင်လောင်တဲ့မီးကို ကိုယ့်ကိုယ်ထဲ မှာရှိတဲ့ မီးလောင်တာ အပြင်ဘက်က မီးက အထဲ မလာဘူး၊ လာရဲ့လား ?

။ မလာပါဘုရား။ ။

အာကာသ ခြားနေတယ်၊ အာကာသ ရှေ့အကွက်မှာ ရှိလိမ့် မယ်၊ ရုပ်ခြင်းမရောတာတဲ့၊ ဟော.... အပြင်ဘက်က အပူသည် လူသေ သန္တာန် ဘယ်နည်းနဲ့မှ မဝင်ဘူး၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

"**အာကာသဓါတု ပရိစ္ဆေဒရူပံနာမ**"တဲ့၊ ခြားတယ်နော်.... ခြားထားတယ်၊ အာကာသဓါတ်ကို ပေါ်အောင် ဖေါ်ရတယ်၊ အကြားတို့ သဘောမှာ မရောယှက်ခြင်း ပိုင်းခြား ထားတယ် ခေါ်တယ်။

အာကာသ--အကြား၊ဓာတု--သဘော, ခေါ်တယ်။

ဟို-ဗားဂရာနီသျှတွေကတော့၊ သူကတော့ စာသင်သား ငယ် ငယ်လေးတွေအတွက်ဖြစ်တော့၊ သာမည,လောက် ရေးထားတာ

ခေါ်တယ်၊ အာကာသဓာတု၊ အာကာသဓါတ်သည်၊ ပရိစ္ဆေဒ-ရူပံနာမ၊ ပရိစ္ဆေဒရုပ်မည်၏၊ ဘယ်မှာ လာသိမလဲ၊ ဘာမှမသိဘူး၊ အာ ကာ သ -- အ ကြား၊ ဓါ တု -- သဘော ခေါ်တယ်၊ အာကာသဓာတု၊ အကြားတို့သဘောမည်သည်၊ ပရိစ္ဆေဒရူပံ-ရုပ်ကလေးသည်၊ တခုနှင့်တခု၊ မရောအောင်ခြားထားသော ရုပ်မည်၏၊ မပေါ်ဘူးလား ?

॥ ပေါ်ပါတယ်ဘုရား॥ ॥

အကြားသဘောဆိုလျှင်၊ ခြားတတ်တယ်ခေါ်တယ်၊ အပြင်နဲ့ လူသေနဲ့ ဆိုလျှင်၊ ကြားခြားတယ်၊ ကြားခြားသောကြောင့် အပြင်ဘက်က ထင်းမီး, ရေနံမီး, ဓါတ်ဆီမီး, အရက်ပြန်မီးသည် ဟော....လူသေသန္တာန် မဝင်ဘူးခေါ်တယ်၊ ကြပ်တိုက် တာဘဲ၊ ထင်းစိုတော့ ကြပ်မတိုက်ဘူးလား ?

॥ တိုက်ပါတယ်ဘုရား॥ ॥

ငါးလေးတွေကြပ်မတင်ဘူးလား ?

॥ တင်ပါတယ်ဘုရား॥ ॥

အခုလဲ လူသေကောင်ကြီး ကြပ်တင်တယ်ခေါ်တယ်၊ဒီကအပုပ်ရှိန် ဟပ်ပါများတော့ လူသေသန္တာန်မှာရှိတဲ့ အေးရှိန်ပျောက်၊ ပူရှိန်ရောက်လွန်းမက ရောက်တဲ့အခါကျတော့၊ အဲဒီပူရှိန်က အသားထဲက ပူရှိန်, အသားလောင်တာဘဲ၊ အရေထဲကပူရှိန်,အရေလောင်တာဘဲ၊ ခေါင်ထဲကပူရှိန်, ခေါင်းလောင်တာဘဲ၊ သူ့မီးသူ့လောင်တာဘဲ၊ လူသေမှာလေ။

အခုကော၊ လူရှင်ကော၊ ဘယ်သူ့မီးလောင်သလဲ ?

॥ ကိုယ့်မီးကိုယ့်လောင်ပါဘုရား॥ ॥

ကိုယ့်မီးကိုယ့်လောင်တာဘဲ၊ နောက်ပိတ်ဆုံးတော့ သူများမီး၊သူများမီးက မလောင်လို့ သွားကူးရတာခေါ်တယ်၊ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

ဒါကြောင့်သေသေချာချာ မှာလိုက်မယ်၊ အဲဒါ " ပူခိုး " ဖြစ်ပုံဘဲ၊ ပူခိုးက ကြမ်းတမ်းခက်ထန်လှပါပေ၏၊ အေးခိုးက သိမ်မွေ့နူးညံ့လှပါပေ၏၊ အဲဒါလောကသာထူးတယ်။

**ပူရောင်-အေးရောင်ဖြစ်ပုံ။**

ဟော....ပူရောင်-အေးရောင် ကျန်တော့တယ်၊ အ ပူ ရှိ လျှင်၊ အရောင်ထွက်တယ်ဆိုတာ၊ မီးရောင်-နေရောင် ထောက်ဆကြည့်။

မီးလဲအပူမဟုတ်လား ?

॥ အပူပါဘုရား॥ ॥

နေလဲအပူမဟုတ်လား ?

॥ အပူပါဘုရား॥ ॥

မီးပူ၊ နေပူ၊ ရှိမယ်ဆိုလျှင်၊ မီးရောင်နေရောင် မရှိဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

အအေးဆိုတာကတော့၊ လတွေ၊ ကြယ်တွေ၊ ဟာအအေးဘဲ၊

ပတ္တမြားလဲအအေးဘဲ၊ အအေးရှိမယ်ဆိုလျှင်၊ လရောင်, ကြယ်ရောင်, ပတ္တမြားရောင်, မရှိဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

အခုလဲအတူတူဘဲ၊ ခုနဆရာတော်ပြောတဲ့တရားသည်၊ ကိုယ်တွင်း တရားသာမမှတ်နဲ့ အပြင်ဘက်ကလဲ ဒီအတိုင်းဘဲ၊ အပြင်ဘက်မှာ အပူတွေ့မယ်၊ အပြင်ဘက်မှာအအေးတွေ့မယ်၊အဝိညာဏက၊ အသက်မရှိတဲ့ဝတ္ထုပစ္စည်းမှာ၊ အပူ, အအေး, တွေ့မယ်၊ တွေ့လျှင်ပူရှိန်-၁။ ပူခိုး-၂။ ပူရောင်-၃။ အေးရှိန်-၁။ အေးခိုး-၂။ အေးရောင်-၃။ ဒီကိန်းချည်းဘဲ၊ ခန္ဓာတွင်းမှာသာဒီလိုဖြစ်တယ်၊ အပြင်ဘက်မှာ ဒီလိုမဖြစ်ဘူးဆို၊ မရဘူး၊ ပရမတ်ခေါ်တယ်၊ ပရမတ်ဆိုတာ-သဘောမြဲရမယ်၊ ဟိုတမျိုး ဒီတမျိုး မဖြစ်ဘူးနော်-အားလုံးရှင်းပလား ?

॥ ရှင်းပါတယ်ဘုရား॥ ॥

ပရမတ် သိပ်လွယ်တာဘဲ၊ ပညတ်သာ စကားများတာ, ပရမတ်ဆိုတာ တချက်ပိုင်ပိုင်ယူသွားလျှင်၊ နောက်တော့ လိုက်သွားတာဘဲ၊ သိပ်ပြီးတော့ဝေဖန်တာမရှိဘူး။

ဟုတ်ကြရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ကိုယ့်ကိုယ်ကြီးထဲမှာ၊ တင်ပါးကလေးတခု မြင်လိုက်ထာနဲ့ အကုန်လုံးမြင်၊ ကိုယ့်ကိုယ် တကိုယ်မြင်လိုက်ထာနဲ့ သည့်ပြင်သတ္တလောက အကုန်းလုံးမြင်၊ဩကာသလောက၊ အကုန်လုံးမြင်တောဇောလေးတခုမြင်လိုက်ပါသဖြင့်၊သည့်ပြင်ရုပ်တွေ အကုန်လုံး

မြင်သွားလိမ့်မယ်၊ တသွားတယ်နော်-ပရမတ်ဆိုတာ၊ သိပ်တာ. သွားတာဘဲ။

ဟုတ်ကြရဲ့လား ?

ဟုတ်ပါတယ်ဘုရား။ ။

ကဲ ရှင်းသွားပြီ ဘာကုန်သွားသလဲ " ကန်တဲ့လေ" ကုန်သွားတယ်၊ အရင်းမပျောက်ရဘူး၊ ကန်တာနဲ့ အပူလေးနဲ့ တွဲသွားတာဘဲ၊ အပူကန်လျှင်၊ အအေးကန်လျှင်၊ ပူရှိန်, အေးရှိန်-၁။ ပူခိုး အေးခိုး-၂။ ပူရောင် အေးရောင်-၃။ ဖြစ်ပုံခန္ဓာထဲ သွင်းပြီး သကာလ ပြလိုက်ပေသည်။

အဲဒါ ဆရာတော်ဟောတဲ့တရားကနောက်ကျ၊ ယောဂီတို့စိတ်ထဲက အလျင်ဖြစ်နေတယ်၊ အလျင်ဖြစ်တော့၊ တရားဟာဘယ်လို ပျောက်ရပါလိမ့်မလဲ၊ ဘယ်လိုဥစ္စာ၊ တရားပါလိမ့်မလဲလို့ အဲဒီလိုဝေဖန်တာတွေများတတ်တယ်၊ တရားစစ်-တရားမှန် ဟုတ်တိုင်းမှန်စွာမသိကြဘူး၊ ယခုလိုဟောပြီးမှပျောက်ရမယ်ဆိုလျှင်၊ လွယ်သွားတာဘဲနော်-လွယ်သွားတယ်ခေါ်တယ်၊ ဘို့သော်-ခန္ဓာက အရင်သွားပြီးတော့၊ ဟော တရားက နောက် က နောက်က လိုက်ရတာကောင်းတယ်၊ ကန်တဲ့လေကုန်သွားပြီ။

**တိုးတဲ့လေဖြစ်ပုံ။**

တိုးတဲ့လေအကြောင်း ပြောကြစို့....။

တိုးတယ်ဆိုတော့ နှိုနဲ့လေး အပူဟာ အောင်းလာတယ်၊ အပူ အောင်းမယ် ဆိုလျှင် အာကာသ ပိတ်တယ် ခေါ်တယ်၊

အာပေါဖွဲ့-ဗမာစကားပြောလျှင် အသားတို့, အရေတို့, လုံတယ် ခေါ်တယ်၊ လုံလျှင် အတွင်းထဲက အပူလေးဟာ အပြင်ဘက် ထွက်လို့ ရပါ့မလား ?

။ မရပါဘုရား ။ ။

လုံနေတာက သူက ကြာကြာလေး မလှုပ်မယှက် မပြင်ဘဲနဲ့ နေတယ် ဆိုတော့ အာကာသ ပိတ်တယ် ခေါ်တယ်၊ ဒါကြောင့် အပူတခုကို အကန့်တခု, အပူတခု, အကန့်တခု, ရှိမယ် ဆိုလျှင် အပူကလဲ မနည်းလွန်း, မများလွန်း, ဆိုလျှင် အကန့်လဲ မနည်းလွန်း, မများလွန်း, အဲဒီလို ဆိုလျှင် တိုးနေ တတ်သည်၊ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား ။ ။

တိုးပုံ, တိုးပုံ, ရင်ထဲက ဒိတ်ဒိတ်နဲ့ တိုးပုံ၊ အဲဒါ သွေးကျတယ်ခေါ်တယ်၊ ရင်ထဲမှာ ဒိတ်ဒိတ်နဲ့ သွေးမကျဘူးလား ?

။ ကျပါတယ်ဘုရား ။ ။

သွေးကြောမှန်သမျှ အားပေးတဲ့ သဘောဖြင့် ဒီက ဒိတ်ကနဲ ဆိုလျှင် သွေးကြောမှန်သမျှ အကုန်လုံး ဒိတ်ဘဲခေါ်တယ်၊ စမ်းကြည့်မယ် ဆိုလျှင် တကိုယ်လုံး ဒိတ်, ဒိတ်, နဲ့ နေတတ်တယ်၊ ဆပ်ဆပ်, ဆပ်ဆပ်နဲ့ ဒီလိုဘဲ နေတတ်တယ်၊ သို့သော်လဲဘဲ အမြင်က ရှိသေးတယ်၊ ခေါင်းမှာ အလျင် စိတ်ထားတဲ့ပုဂ္ဂိုလ်ဟာ ခေါင်းက အလျင် ဒိတ်လို့ ထင်တတ်တယ်၊ ကျောက အလျင် ဒိတ်, ရင်က အလျင် ဒိတ်, ပေါင်က အလျင်ဒိတ်, ဟိုဒိတ်, ဒီဒိတ်, အဲဒီလို ကိုယ်တွေ့တာ ကိုယ်ပြောတတ်တယ်၊ နယ်ချဲ့စံနစ်

နဲ့ ခန္ဓာကို ချဲ့ချဲ့ကြည့်မယ်ဆိုလျှင် ရင်ကဒိတ်, တကိုယ်လုံးဒိတ်, မှာ ရင်ဒိတ်က အရင်းခံခေါ်တယ်နော်။

အဲဒီ ရင်က ဒိတ်ကလေး၊ အဲဒီ ဒိတ်ဒိတ် ဒိတ်ဒိတ် ကလေး ဟာ ဒါ တိုးတဲ့လေ ခေါ်တယ်၊ အဲဒီ ဒိတ်ဒိတ် ဒိတ်ဒိတ်ကလေး ကို တချို့က ယူတတ်တယ်၊ ဒါဟာ သွေးဘဲ၊ သွေးဆိုလို့ ရှိလျှင် ဒါ ပညတ်ဘဲ၊ ပညတ်ဆိုလို့ ရှိလျှင် ဒီ ဒိတ်ကို မှတ်နေလို့ တရား လားလို့ တချို့ အပြစ်တင်တတ်တယ်။

ကဲ....ပြောတော့မယ်၊ သွေးဆိုတာ ပညတ်၊ ပညတ်ဆိုတာ ရှိတာလား, မရှိတာလား မေး- မရှိတာ၊ အခုမှ မရှိတာလား၊ အစထဲက မရှိတာလား မေး- အစထဲကိုက မရှိဘူး ခေါ်တယ်၊ ဒါဖြင့် အခု ဒိတ်ဆိုတာဘာလဲ၊ ဒိတ်ဆိုတာ ပထဝီပေါ့၊ ပထဝီ ကို လေက တိုးလိုက်တဲ့ အခါကျတော့ ဒိတ်ကနဲ ဖြစ်လာတာ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ယောဂီမှာ မြင်တဲ့ နီနီ,ရဲရဲ,လဲ မတွေ့ရဘူး၊ နောက်ပြီးတော့ အစိုဓါတ်လဲ မတွေ့ရဘူး၊ အရည်ဓါတ်လဲ မတွေ့ရဘူး၊ ဘာတွေ့ ရသလဲ ဒိတ်ကနဲ, သွားဆောင့်လိုက်သာဘဲ။

မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ပရမတ် စစ်စစ်ဆိုလျှင် နေရာမရွေ့ရဘူး၊ ဆံခြည်မျှင်တဖျား ခန့်မျှ ရွေ့ခြင်း, ယိမ်းခြင်း, ယိုင်ခြင်း, တုံခြင်း, လှုပ်ခြင်း, မရှိ

ရဘူး၊ တုံနေတယ်ဘုရား၊ လှုပ်နေတယ်ဘုရား၊ ယိမ်းနေတယ်ဘုရား၊ ဆင်းနေတယ်ဘုရား၊ တက်နေတယ်ဘုရား၊ လယ်နေတယ်ဘုရား၊ ဆိုလျှင် အဲဒါ ပညတ်ကြီးဘဲ၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ပရမတ် စစ်စစ် ဆိုလျှင် တုံခြင်း၊ လှုပ်ခြင်း၊ ယိမ်းခြင်း ယိုင်ခြင်း၊ သွားလာခြင်း၊ ဘာမှ မရှိရဘူး၊ ရှင်းသွား ပြီနော်....၊ အဲဒါ သေသေချာချာမှတ်၊ ကိုယ်တွေ့ရှိမှ ကိုယ်တွေ့ရှိမှ ဒိတ်ဒိတ်၊ ဒိတ်ဒိတ်နဲ့ တိုးပုံ၊ လှပ်လှပ်၊ လှပ်လှပ်နဲ့ တိုးပုံ၊ ဒိတ်ကလေး နေရာမှာ လှပ်ကလေး ပေါ်တတ်တယ်၊ လှပ်က သိပ်မြန်တယ်၊ မြန်လျှင် သိပ်မောတတ်ထာဘဲ၊ မောလျှင် ဗဟုသုတ မရှိတဲ့ ယောဂီမကြီးတွေ ငိုတယ်၊ မေးကြည့်တယ်၊ ဘာဖြစ်လို့၊ မော လွန်းလို့၊ ဘယ်လို ဖြစ်နေသလဲ၊ လှပ်လှပ်၊ လှပ်လှပ်နဲ့ အင်မတန် မှလဲဘဲ မြန်နေတယ် ဘုရား၊ မော ဘာဖြစ်တတ်၊ မောလျှင် သေမှာစိုးလို့တဲ့။

တချို့က ဒါဖြင့် အနားက တကာကြီးတွေမေး၊ တကာကြီး ကော လှပ်လှပ်၊ လှပ်လှပ်၊ မဖြစ်ဘူးလား ?

။ ဖြစ်ပါတယ်ဘုရား။ ။

ဒါဖြင့် တကာကြီးတွေလဲ သေကုန်ရောပေါ့လို့ အဲဒီလိုမေး၊ ဒါဖြင့် သိပါပြီ ဘုရား ဆိုတော့ လှပ်လှပ်၊ လှပ်လှပ်၊ ဆိုလျှင် သိပျက်၊ သွားလိုက်၊ လှပ်ဆိုလျှင် သိပျက်၊ သွားလိုက်နဲ့ ဒီလို ဖြစ်မယ်ဆိုလျှင် မောခြင်းလဲ မရှိတော့ဘူး၊ သေခြင်းလဲ မရှိ တော့ဘူး၊ သေတယ်ဆိုတာ ဥပါဒါန်ပါ၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒိတ်ဒိတ်၊ ဒိတ်ဒိတ်နဲ့ တိုးပုံ၊ လုပ်လုပ်၊ လုပ်လုပ်နဲ့ တိုးပုံ၊ ဖြတ်ဖြတ်၊ ဖြတ်ဖြတ်၊ တိုးပုံ၊ ဆပ်ဆပ်၊ ဆပ်ဆပ်၊ တိုးပုံ၊ ရိပ်ရိပ်၊ ရိပ်ရိပ်၊ နဲ့ တိုးပုံ၊ ခန္ဓာကိုယ်ထဲမှာ တိုးတဲ့ လေ အကြောင်း ကောင်းကောင်းကြီး သိပေတော့၊ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

အပူများလျှင်လဲ တိုးတတ်သည်၊ အအေးများလျှင်လဲ တိုး တတ်သည်လို့ မှတ်ပါ။

"တိုးတဲ့ လေ ကုန်သွားရော"

**တွန်းတဲ့လေဖြစ်ပုံ။**

တွန်းတဲ့လေ ပြောမယ်....၊ တွန်းတဲ့ လေ ဆိုတော့ သိပ် လေ အားကောင်းတာဘဲ၊ လေအား ကောင်းပြီ ဆိုလျှင် အာပေါ- ဓါတ်ဖွဲ့၊ အာကာသပိတ်၊ အသား၊ အရေ၊ လုံနေတယ်ခေါ်တယ်၊ လုံမှာပေါ့ မလှုပ်မယှက် မပြင်ဘဲနဲ့ နေတာကိုး၊ဟုတ်ကြရဲ့လား?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီလိုဆိုလျှင် အပူနဲ့ အအေးနဲ့ ဟာ တွဲဘက် လာရတယ်၊ အပူတခုရှိမယ်ဆိုလျှင် အကန်တခု၊ အပူဆယ်ခု၊ အကန်ဆယ်ခု၊ အပူ မရေမတွက်နိုင်အောင် များမယ် ဆိုလျှင် အကန် ဓါတ်က မရေ မတွက် နိုင်အောင် များသည်၊ ဤကဲ့သို့ များလွန်းမက များမယ်ဆိုလျှင်၊ တွန်းချတော့မယ်-တွန်းတော့မယ်။

တွန်းတော့မယ်ဆိုလျှင်၊ (ဥပမာ) တံခါးကိုဖွင့်ခိုင်း မဖွင့်ဘဲ နဲ့ နေတဲ့အခါမှာ၊ ဆောင့်ပြီးတော့တွန်းချလိုက်လျှင်၊တံခါးကြီး

ပွင့်ပြီးသကာလ၊ ဒုန်း-ဒိုင်း-နဲ့ မြည်ပြီးတော့ ပွင့်သွားတဲ့ပုံသဏ္ဍာန် လို့ နေ၁-ဒီလိုဘဲ လေများသိပ်ပြီးတော့ အောင်းချလိုက်မယ်ဆို လို့ ရှိလျှင်၊ တခါထဲတွန်းချလိုက်မယ်။

"တွန်းချလျှင်မြင်ပုံကလေး"သန်းခေါင်ချိန်သန်းလွဲ တယောက် ထဲ ညအခါ၌ ရင်ပတ်ပေါ် လက်တင်ပြီးတော့ အားထုတ်နေတဲ့ အချိန် လက်ကိုဖြန့်ကန် ဆွဲလိုက်သလို၊ခြေထောက်ကို ဖြန့်ကန် ဆွဲခါလိုက်သလို၊ ခြေမကို ကိုင်ပြီးသကာလ၊ ပစ်ချလိုက်သလို၊ လက်နှစ်ဘက် ထပ်ထားတဲ့ အခါမှာ၊ ဖြတ်ဖြတ်၊ ဖြတ်ဖြတ်နဲ့ ပယောဂ ပူးနေသလို၊ လက်ခုပ်ဝါးများ တီးနေသလို၊ လက်ကို မြှောက်ပြီးသကာလ၊ ကနေသလို လက်နှစ်ဘက်နဲ့ ၊ကိုယ်ကြီးကို လာညှစ်ထားသလို၊ အစ်တစ်တစ်၊ ကြုပ်တတ်တတ်၊ အသက်ရှူ များ မချောင်ဘဲနဲ့ နေသလို၊ ပါးများရွဲ့ပြီးတော့ သွားနေသလို မေး အောက်က လူကြီး တယောက် လက် နဲ့ လာ ထောက် တဲ့ ပုံသဏ္ဍာန်လို၊ မေးတွေခိုင်ပြီးတော့နေသလို၊ သွားရေပြားကြီးနဲ့ ထိပ်ပေါ်မှာလာစီးပြီးသကာလ၊ အင်မတန် လေးတေးတေးနေ သလို၊ ခုန်လိုက်သလို၊ လှည့်လိုက်သလို၊ ပစ်လှဲလိုက်သလို၊ ကတုန် ကရိ၊ ကမန်းကတန်း၊ ကြောက်ခမန်း၊ လန့်ခမန်း၊နဲ့ ဖြစ်သာမျိုး သည်၊ တွန်းတဲ့လေအကြောင်း ကောင်းကောင်းကြီးသိပေတော့

ရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

သူကလဲ သိပ်ပယောဂဆန်တတ်တယ်၊အဲဒီလိုမသိလို့ ရှိလျှင် ဟာ-နကိုယ်တုန်းကတရားအားထုတ်လျှင်၊အဖျက်အသီးတွေတဲ

ဆိုတာ ဟုတ်ပြီ၊ အခု-ငါ့လက်ဟာ သိပ်ငြိမ်မှ မငြိမ်ဘဲ၊ ကချင်သလို ခုန်ချင်သလို အဲဒီလိုဖြစ်နေတယ်၊ ဒါပယောဂဘဲ၊ ဒီထက်တိုးပြီးတော့ အားထုတ်လျှင်တော့ ရူးပြီးသွားဘဲ၊ ပြန်သာပြန်မှတော်မယ်လို့ဆိုပြီး တချို့ပြန်တတ်တယ်၊ နောက် ပိတ် ဆုံး က တော့လေကို ပယောဂလို့ထင်လျှင် အမှတ်မှားတာဘဲ၊ အမှတ်မှားလျှင်၊ ကြောက်တတ်၊ လန့်တတ်၊ ထိတ်တတ်တယ်၊ ကြောက်ခြင်းတရား၊ လန့်ခြင်းတရား၊ ထိတ်ခြင်းတရားသည်၊ အလွန့်ကိုအားကြီးနေမယ်ဆိုလျှင်၊ စိတ်ထိခိုက်တတ်တယ်၊ စိတ်ထိခိုက်မယ်ဆိုလျှင်၊ ရူးသွတ်ခြင်းကိုဖြစ်တတ်တယ်။

တချို့မှာဆိုလို့ရှိလျှင်၊ ကြောက်လွန်းမက ကြောက်မယ်ဆိုလျှင်၊ ရင်တုံ၊ ဘဝင်ခုံ၊ ဣန္ဒြေမဲ့၊ မျက်လုံးမျက်ဆံပြူး၊ အသားလေးတွေ ဆတ်ဆတ်၊ ဆတ်ဆတ်၊ ဆတ်ဆတ်နဲ့ တုံနေတတ်တယ်၊ ကြက်သေသေသကဲ့သို့ ငေးပြီးတော့လဲ နေတတ်တယ်၊ တချို့ ထွက်ပြီးတော့ ပြေးတတ်တယ်။

သဘောကျရဲ့လား ?

။ ကျပါတယ်ဘုရား။ ။

အဲဒါလေးကို လေမှန်းမသိလို့ အမှတ်မှားတယ် ခေါ်တယ်၊ တွန်းတဲ့လေကို လေမှန်းသိလျှင်၊ မှန်သလား မှားသလား ?

။ မှန်ပါတယ်ဘုရား။ ။

ယထာဘူတဉာဏ် လေကိုလေလို့သိမယ်၊ တွန်းနေတာကို တွန်းတာလို့သိလျှင်၊ ဒါဟုတ်တိုင်းမှန်စွာသိတာဘဲ၊ သိတဲ့ဉာဏ်

ဟာ ဘယ်တော့မှမကြောက်ဘူးခေါ်တယ်နော်၊ အမှန်မသိလျှင် ကြောက်ရတယ်၊ အမှန်သိလျှင်၊ ဒါ-ယထာဘူတဉာဏ်ဘဲ၊ ဉာဏ်ဆိုတာဒီလိုကြောက်ထာမဟုတ်ဘူး၊ သိရုံကလေးဘဲနော်။

တွန်းတဲ့လေကို လေလို့ ကောင်းကောင်းကြီး သိမယ်ဆိုလျှင်၊ မကြောက်တော့ဘူး၊လန့်ခြင်း၊ထိတ်ခြင်းလဲမရှိတော့ပါလို့ ဆိုတာမှတ်၊ တွန်းတဲ့လေကို လေလို့ကောင်းကောင်းမသိလျှင်၊ အမှတ်မှားလျှင် ကြောက် တတ် သည်၊ ရှေ့စိတ်က လန့်ပေးလိုက်လို့ နောက်စိတ်တွေ လန့် တတ် သည်၊ ရှေ့ စိတ် က ချောက်ပေးလို့ နောက်စိတ်တွေ ကြောက်ကြသည်၊ ပီယဂါမိကမထေရ် သုဿန်ဓုတင်ဆောက်တည်တဲ့အခါမှာ၊ ညအခါ နွားအို၊ နွားမင်း၊ နွားလွတ်၊တို့သည် ချုံထဲရောက်၊နွားတို့သည် ညအခါစမြုံ့ပြန်မြဲဓမ္မတာ၊အိုသွားကြီးနဲ့ ဂျစ်ဂျစ်၊ဂျစ်ဂျစ်၊ဂျစ်ဂျစ်၊ဂျစ်ဂျစ်၊နဲ့ တခါထဲကြိတ်နေတာဘဲ၊ကြိတ်နေတဲ့အသံကို ပီယဂါမိကမထေရ်ကြားတော့ ကြောက်လာတယ်၊ ဘာဖြစ်လို့ကြောက်သလဲမေးလျှင်၊ နွားကို သိကြားထင်တာကို၊ သိကြားထင်တယ်၊ ဘာဖြစ်လို့ထင်သလဲမေးလျှင်၊ ပီယဂါမိက မထေရ်၊ သုဿန်ဓုတင် ဆောက်တည်တဲ့နေရာမှာ၊ စိတ်ကောင်းနှလုံးကောင်းနဲ့ ဆောက်တည်တာမဟုတ်ဘူး၊ သုဿန်ဓုတင်ဆောက်တည်တဲ့ ပုဂ္ဂိုလ်ဟာ၊ တကာ-တကာမ-ကြည်ညိုများတယ်၊ လာဘ် ပူဇော်သက္ကာများတယ်၊ ငါလဲဘဲ သုဿန်ဓုတင်ဆောက်တည်မယ်ဆိုလျှင်၊တကာ-တကာမ အကြည်ညိုများလိမ့်မယ်၊ လှူဘွယ်တန်းရုံတို့လဲ ပူဇော်သက္ကာ များများကြီး ရလိမ့်မယ်။

ပါပိမ္ဗ, ခေါ်တယ်၊ အလိုဆိုး ခေါ်တယ်၊ ဣစ္ဆာပါကတ၊ အလိုဆိုးသည်၊ မနေနိုင်အောင် နှိပ်စက်အပ်သည်ဖြစ်၍၊ သုဿန်-ဓုတင်ဆောက်တည်တာ သိကြားမင်းသည် ငါ့စိတ် အကြောင်း ကောင်းကောင်းကြီး သိပြီ၊သိသည့်အတွက်ကြောင့်၊ ငါ့ကိုလာပြီး တော့ လှန့်တာဘဲ၊ နွား သိကြားထင်တယ်၊ သိကြားထင်တော့၊ မှောင်ကြီးထဲကို၊ မြင်လဲမမြင်ရဘူး၊ အဲဒါမလှမ်းမကမ်း နွားနွား သွားပြီးသကာလ၊ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီမိုး ရှိခိုးလိုက် သေးတယ်။

ကြည့်စမ်း ရဟန်းဆိုတာ၊ နွားကိုရှိခိုးလို့ ရရဲ့လား ?

။ မရပါဘုရား။ ။

မရဘူး၊ကြောက်တော့လုပ်မိလုပ်ရာလုပ်ကြတာဘဲနော်၊အရှင် သိကြားမင်း ဒီတခါ သိးခံပါ၊ နောက်ကို စိတ်ယုတ်မာမျိုးဖြင့် သုဿန်ဓုတင်မဆောက်တည်တော့ပါဘူးလို့ ၊ အင်မတန်ကြောက် စိတ်, လန့်စိတ်, မျိုးဖြင့် နွားကြီး သိကြားထင်မှတ်ပြီး သကာလ၊ တောင်းပန်ရှာသတဲ့၊ နွားကြီးက ကြားရဲ့လား ?

။ မကြားပါဘုရား။ ။

သိကြားကြီးကကော ကြားရဲ့လား ?

။ မကြားပါဘုရား။ ။

သိကြားကြီးကကော ဘယ်နားကလာနေသလဲ ?

။ မနေပါဘုရား။ ။

လာလဲမလာဘူး၊ အဲဒါ ပိယဂါမိက မထေရ်သည်၊ ညတည လုံး ကြောက်ပြီးသကာလ၊မနက်မိုးလင်းတော့သွားကြည့်လိုက်တဲ့

အခါမှာ၊ နွားမှန်းသိတော့ စိတ်ဆိုးလာတယ်၊ အင်မတန်စိတ်ဆိုး ဆိုးနှင့် ခဲတလုံးကောက်ပြီးသကာလ၊ ပေါက်လွှတ်လိုက်သတဲ့။

ကဲ ပီယဂါမိကမထေရ် ကြောက်ထာစစ်စမ်း။

နွားကခြောက်သလား ?

။ မခြောက်ပါဘုရား။ ။

နွားမှန်းသိလျှင် ကြောက်မကြောက် ?

။ မကြောက်ပါဘုရား။ ။

သိကြားကကော ခြောက်သလား ?

။ မခြောက်ပါဘုရား။ ။

သိကြားကကော လာသလား ?

။ မလာပါဘုရား။ ။

နွား-သိကြားထင်မှတ်တဲ့ အမှတ်မှားက ခြောက်ထာ ဟုတ်ကြ ပလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒါ....ရှင်းရှင်း မှတ်ထားကြ၊ ဒါကြောင့် အမှတ်မှားဟာ တယ်ကြောက် စရာ ကောင်းတယ်၊ ဒို့ ဘုရား အလောင်းသည် တရားအားထုတ်တဲ့ အခါမှာ ဒီလိုဘဲ ကြောက်သည်၊ ကြောက် တော့ အရင်းခံစစ်လိုက်တယ်၊ ဘယ်သူ့ကြောင့် ကြောက်သလဲ လို့ အရင်းခံစစ်တဲ့ အခါမှာ ဒီလို အမှတ် မှားတာကြောင့် ကြောက်မှန်း၊ လန့်မှန်း၊ ကြောက်တယ်၊ လန့်တယ်ဆိုတာ ဆုံးဖြတ်

သလိုဘဲနေ၁်....၊ ဒါကြောင့် အမှတ်မှားလျှင် ကြောက်တတ်တယ်လို့ဆိုတာမှတ်။

တကယ်တန်း ခုနပြောတဲ့ လေကို လေလို့သိမယ်၊ ကန်တာကို ကန်တာလို့သိမယ်၊ တိုးတာကို တိုးတာလို့သိမယ်၊ တွန်းတဲ့လေကို တွန်းတဲ့လေလို့ သိမယ်ဆိုလျှင် ကြောက်ပါအုံးမလား ?

။ မကြောက်တော့ပါဘုရား။ ။

**သုဒ္ဓ ဓမ္မ သမုပ္ပါဒံ၊ သုဒ္ဓသင်္ခါရသန္တတိံ။**

**ပဿန္တဿ ယထာဘူတံ၊ နဘယံဟောတိဂါမဏိ။** ။

ဂါမဏိ-ရဟန်းကြီးကို မြတ်စွာဘုရားဟောတာ....။

ဂါမဏိ၊ ဂါမဏိရဟန်း။ သုဒ္ဓဓမ္မသမုပ္ပါဒံ၊ ခန္ဓာကိုယ်တွင်းမှာ မျက်စေ့နဲ့ မြင်နေရတဲ့၊ အသား, အရေ, အကြော, သုံးဆယ့်နှစ်ကောဋ္ဌာသလဲ မတွေ့ရ၊ ခေါင်း, ကိုယ်, ခြေလက်, စသည်လဲ မတွေ့ရ၊ယောကျ်ား, မိန်းမ, လူ, နတ်,ဗြဟ္မာ,အသက်, လိပ်ပြာ, အကောင်, သတ္တဝါ,ဆိုတဲ့ သဏ္ဌာန် တွေလဲ မတွေ့ရ၊ အပူ, အအေး,ဆိုတဲ့ တေဇောဓါတ် တရားသက်သက် ကန်,တိုး, တွန်း,ဆိုတဲ့ ဝါယောဓါတ် တရားသက်သက် ခန္ဓာမှာ ရွရွ, မွမွ, ဆိုတဲ့၊ ပထဝီဓါတ် တရားသက်သက် ဖြစ်လိုက်,ပျက်လိုက်, ဖြစ်-လိုက်, ပျက်လိုက်, နေတာတွေကို။ ယထာဘူတံ ပဿန္တဿ၊ ဟုတ်တိုင်းမှန်စွာ ကိုယ့်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်မြင်နေကြသော ရဟန်း, လူ, ရှင်, ယောဂီ,သူတော်စင် တဦးအား။ ဘယံ၊ ကြောက်စရာ,လန့်စရာ ,ထိတ်စရာ,တို့သည်၊ ဝါ၊ ကြောက်စရာကောင်းတဲ့ ဘီလူးကြီး, သူရဲကြီး,ဆိုတာသည်။ နဟောတိ၊

ဘယ်သူ့ကိုပင်ကြည့်ကြည့်၊ ဘယ်အခါပင် ကြည့်ကြည့်၊ ဓါတ်တရားအတိသာ တွေ့ရှိ ပါသဖြင့် ဘယ်နည်းမှ မဖြစ်နိုင်တော့သည်သာလျှင်ကတည်း။

သာဓု....သာဓု....သာဓု....။

ဂါမဏိ၊ ဂါမဏိရဟန်း။ သုဒ္ဓသင်္ခါရသန္တတိ၊ ခန္ဓာကိုယ်တွင်းမှာဆိုလျှင် မျက်စေ့နဲ့မြင်ရတဲ့ သဏ္ဍာန်ဆိုတာ ဘာမျှလဲ ရှာမတွေ့တော့ဘူး၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဆိုတဲ့ ဖြစ်ပျက်၊ အစဉ်အတန်းသက်သက်တွေကို။ ယထာဘူတံ ပဿန္တဿ၊ ဟုတ်တိုင်းမှန်စွာ ကိုယ့်ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်မြင်နေကြရသော ရဟန်း၊ လူ၊ ရှင်၊ ယောဂီ၊ သူတော်စင်တဦးအား။ ဘယံ၊ ကြောက်စရာ၊ လန့်စရာ၊ ထိတ်စရာ၊ ကောင်းတဲ့ ဘီလူးကြီး၊ သဘက်ကြီး၊ သူရဲကြီး၊ မျက်နှာက ဘယ်လို လက်သဲက ဘယ်လို စသည်ဖြင့် ကြောက်စရာ၊ လန့်စရာ၊ ကြီးသည်။ နဟောတိ၊ ဘယ်သူ့ကိုပင် ကြည့်ကြည့်၊ ဘယ်အခါကိုပင် ကြည့်ကြည့်၊ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဆိုတဲ့ ဖြစ်ပျက်၊ အတိသာ တွေ့ရှိပါသဖြင့် ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့သည်သာလျှင်ကတည်း။

သာဓု....သာဓု....သာဓု....။

ကဲ....တွန်းတဲ့ လေအကြောင်းလဲ ကုန်သွားရော၊ ကဲ....ပြန်ပေါင်းကြ၊ အပူရှိမယ်ဆိုလျှင် ပူရှိန်၊ ပူခိုး၊ ပူငွေ့၊ အအေးရှိမယ်ဆိုလျှင် အေးရှိန်၊ အေးခိုး၊ အေးငွေ့၊ ကိန်းသေယူကြ၊ ပူ၊ အေး၊ က တေဇောမီးပါ၊ အရှိန်၊ အခိုး၊ အငွေ့၊ က ဝါယောလေပါ၊

ဒါဖြင့် မီးက အလုပ်လုပ်ပုံ၊ လေက အလုပ်လုပ်ပုံ၊ မီးဓါတ်က လောင်ကြွမ်းအောင်ဖုတ်၊ လေဓါတ်ကမှုတ်၊ ဟော.... မီးဆိုလျှင် ဖုတ်တော့မယ်၊ လေဆိုလျှင် မှုတ်တော့မယ်၊ လေက မြှောက်ပေးသမား၊ မီးက တကယ်အလုပ်သမား ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

လူများအိမ်ကို မီးရှို့ရအောင်ဆိုလျှင် မြှောက်ပေးတဲ့လူ မရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

မြှောက်ပေးတဲ့လူနဲ့ လေနဲ့တူတယ်၊ တကယ် သွားရှို့တဲ့ မီးတုတ်နဲ့ တေဇောနဲ့တူတယ် ခေါ်တယ်၊ မီးက ဖုတ်ရအောင် လေက မှုတ်ပေးတယ်၊ "ဒါကြောင့် မီးကဖုတ်တော့ ရေက ခမ်းချုပ်မယ်၊ လေက မှုတ်တော့ အကြား ဓါတ် အသေး အနုတ်ကွဲမယ်" ကွဲမယ်ဆိုလျှင် ခန္ဓာကိုယ်မှာ တလုပ်လှုပ်, တရွရွ, တမွမွ, တရိပ်ရိပ်, တလှစ်လှစ်, တစစ်စစ်, တဖြစ်ဖြစ်,နဲ့ ရုပ်ရှင် စံနစ်လို ကိုယ်ထဲမှာ မျိုးစုံပေါ်တော့မယ်လို့ဆိုတာ မှတ်ပေတော့။

ရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ကနေ့တော့, တေဇောနဲ့ ဝါယော နှစ်ခုဘဲ ကုန်တယ်၊ နက်ဖြန်ခါကျမှ အာပေါဓါတ်, ပထဝီဓါတ်, အာကာသဓါတ်, တွေ ဆက်တော့မယ်နော်၊ နာမ်ရုပ်ပေါ်ပုံလဲ နက်ဖြန်ခါ ဆက်တော့မယ်လို့ ရှင်းရှင်းလေး မှတ်ပေတော့။

အချိန်လဲစေ့သွားပြီ၊ ကနေ့ ပြောလိုက်တဲ့ စကားတွေဟာ တယ်ပြီးတော့ လက်လဲဝင်တာဘဲ၊ ကိုယ်တွေ့နဲ့လဲ တယ်ပြီးတော့ အသုံးကျတာဘဲ၊ ဒါကြောင့် ဓါတ်ကြီးလေးပါး အင်မတန်မှလဲ အဘိုးတန်တယ်၊ သဝိညာဏက ဖြစ်ဖြစ်၊ အဝိညာဏက ဖြစ်ဖြစ်၊ ဒီဓါတ်ကြီးလေးပါး စိုးအုပ်နေတာဘဲ၊ ဒါကြောင့် ဓါတ်ကြီး လေးပါး ဖြစ်ပုံ တို့ကို စာတွေ့၊ ကိုယ်တွေ့၊ နှစ်ဖြာ ကရုဏာ သန်သန်ထား၍ ရုပ်နာမ် အများကောက်ပုံ၊ ကျင့်သိ ဝိပဿနာ ဖေါ်ပုံ၊ ဖြစ်ပုံ၊တို့ကို သုံးပိုင်း၊ သုံးကဏ္ဍ၊ထား၍ ကရုဏာ သန်သန် ထား၊ မေတ္တာများဖြင့် ဟောကြားလိုက်ပါသည်။

နဲနဲလေး ပြန်ကြည့်ကြပါအုံး၊ 'အမြင်ထူး၊ အသိထူး၊ အယူထူး တာ၊ ကျင့်သိဝိပဿနာ ပဋိပတ္တိသာသနာ' ပဋိပတ်ဆိုလျှင်၊ ကျင့်သိ ခေါ်တယ်၊ ပဋိပတ္တိဆိုတာရယ်၊ ကျင့်သိဆိုတာရယ်၊ အမြင်ထူး၊ အသိထူး၊ အယူထူး ဆိုတာရယ်၊ အတူတူဘဲ....ခေါ်တယ်၊ အဲဒီ ကျင့်သိဆိုလျှင်၊ သာသနာ ဆုံးမလိမ့်မယ်....ခေါ်တယ်၊ ဆုံး မ၊ လိမ့်မယ်၊ အခု ပညတ်နဲ့ ပရမတ်ကွဲအောင်၊ နာမည် တွေလဲ ထူးအောင်၊ အပုလဲ ထူးအောင်၊ သူ....ဆုံးမတာဘဲ၊ ကျင့်သိက မိမိ ရင်အစဥ်၊ နာမ်အစဥ် ထဲမှာနေ၁်၊ သူက ဆရာ ခေါ်တယ်၊ စိတ်အစဥ်၊ နာမ်အစဥ်က တပည့်ခေါ်တယ်၊ ဆရာလဲ ကိုယ့် ရင်ထဲမှာဘဲ၊ တပည့် တကာ....တကာမ တွေလဲ၊ ကိုယ့် ရင်ထဲ မှာဘဲ၊ နောက်ပိုင်းဆုံး ကိုယ့်စိတ်ကို၊ ကိုယ် ဆုံးမမှ ယဥ်ကျေး မယ်ဆိုတာ ယုံရဲ့လား ?

ယုံပါတယ်....ဘုရား။ ။

"ပဋိပတ္တိ သာသနာ လုပ်ငန်းတတ်, ကလျာဏ ပုထုဇဉ်ပါ" ဟော....စာတတ်တော့ နည်းသိတယ် ခေါ်တယ်၊ လုပ်ငန်းတတ်တော့ ခန္ဓာထဲမှာ မြင်တာ ခေါ်တယ်၊ ဒီတော့ လုပ်ငန်းတတ် ကလျာဏ ပုထုဇဉ်ဆိုတော့ သူက နှစ်ဘက်လုံးကောင်းသွားပြီ ဉာဏတော ကလျာဏ ပုထုဇဉ်....နော်။

နှစ်ဘက်ကောင်းတယ်ဆိုတာက နည်းသိတော့အပြင်ကောင်း, ခန္ဓာမှာ ဖြစ်ပျက် မြင်တော့, အတွင်းလဲ ကောင်းတယ် ခေါ်တယ်၊ အားလုံးသုံးပိုင်း-ပိုင်းကြ၊ ဟို....နည်းလဲမသိ, အပြင်ကန်း, ခန္ဓာထဲမှာ ဖြစ်ပျက်လဲ မမြင်တော့ အတွင်းကန်း, နှစ်ဘက်စုံလုံး ကန်းဒါက, ဉာဏတော အန္ဓ ပုထုဇဉ်, နည်းလုံးလုံး မသိသေးဘူး၊ နည်းသိပြီ ဆိုလျှင်, ဧကတော ကလျာဏ ပုထုဇဉ်, တဖက်ကောင်း, တဖက်ကန်း၊ ကန်းတာက အတွင်းက ဖြစ်ပျက် မမြင်လို့, ကောင်းတာက နည်းသိလို့.... ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

နောက်ပြီးတော့, ယခု နည်းလဲ သိတယ်၊ ခန္ဓာထဲက ဖြစ်ပျက်လဲမြင်တယ်ဆိုလျှင်, နှစ်ဖက်လုံး မကောင်းဘူးလား ?

။ ကောင်းပါတယ်....ဘုရား။ ။

အဲဒါမှ ကလျာဏ အစစ်နော်၊ ကလျာဏ အစစ်, သေသေချာချာ....မှတ်ထားကြ။

"**အာဂမာ ဓိဂမာဘာဝါ အသုတဝါဒီ ဥဒယျာ**" ဆိုတဲ့ အဋ္ဌသာလိနီ အဋ္ဌကထာကို ကြည့်ပြောတာနော်။

"ဒိဋ္ဌပါယ်စွမ်း-ကျင့်ခဏ်း သင်ပါ" သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အမှားလေးခုကို ပါယ်ဖြုတ်နိုင်တဲ့, ကျင့်ပုံ,ကျင့်နည်း,ကျင့်ခဏ်း အားထုတ်ပုံ ဆိုလိုတယ်....နော်။

**ဆောင်။** ။ဒိဋ္ဌိပါယ်စွမ်း, ကျင့်ခဏ်းသင်ပါ၊ ကျင့်ခဏ်းလာတိုင်း မဆိုင်းကျင့်ရာ။
သင်သိ, ကျင့်သိမှ ကလျာဏ ပုထုဇ္ဇာ။
မှတ်ထားကြ။

"ဒိဋ္ဌ ပါယ်စွမ်း ကျင့်ခဏ်း သင်ပါ" .... အာဂမ အ တွက် ခေါ်တယ်။

"ကျင့်ခဏ်းလာတိုင်း မဆိုင်းကျင့်ရာ" .... ဒါက အဓိဂမ အတွက် ခေါ်တယ်။

ခန္ဓာ, အာယတန, ဓါတ်, ပဋိစ္စသမုပ္ပါဒ် တွေ, သင် သိအားဖြင့် မသိလို့ ရှိလျှင် " အန္ဓ " သင်သိ အားဖြင့် သိလို့ ရှိလျှင်, ကလျာဏ....လို့, သည့်ပြင် အဋ္ဌကထာ တွေမှာ ရေးသားတာ ရှိတယ်၊ အဲဒါ အစစ် မဟုတ်သေးဘူး၊ တကယ်.... စစ်စစ် ဆိုလျှင်, ပဋိပတ္တိ ပါရတယ်။

ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

**ဆောင်။** ။သင်သိကျင့်သိမှ ကလျာဏပုထုဇ္ဇာ၊
နှစ်မျိုး မသိက အန္ဓ ခေါ် သညာ။

အာဂမာ၊ ဓိဂမာဘာဝါ- လေး,ကြည့်, ရေး,တာ ရှစ်လုံးဘွဲ့ ကဗျာကလေးနော်၊ လုပ်ငန်းတတ် ကလျာဏ ပုထုဇဉ်ပါ၊ စာ-

တတ်တော့ အထင်၊ လုပ်ငန်းတတ်တော့ အမြင်၊ စာတတ်တော့ အမှတ်၊ လုပ်ငန်းတတ်တော့ အတတ်၊ စာတတ်တော့ ပညတ်၊ လုပ်ငန်းတတ်တော့ ပရမတ်၊ စာတတ်တော့ တကယ်တတ်ထာထဲ၊ လက်မောင်းကလေးထောင်လိုက်၊ အတွင်းမှာ အခု ဘာဖြစ်နေသလဲ မေးလျှင် အခုမှ အတွင်း ထဲမှာ အပူကလေး ဖြစ်တယ်၊ အဲဒီအပူဆိုလျှင် ဘာပါလဲ၊ အရှိန်ကလေး ပါတယ်၊ သို့မဟုတ် ရှရှ့လေးပါတယ်၊ ဖျင်းဖျင်း့ပါတယ်၊ စစ်စစ့်လေး ပါတယ် စသည်တို့ဖြင့် ခန္ဓာတွေ့ဆိုတော့ တခါထဲ ပြောတတ်ထာဘဲနော်။

"လုပ်ငန်းတတ် ကလျာဏ ပုထုဇဉ်ပါ၊ နိဗ္ဗာန်လမ်းစဉ် မြင်ရတော့ သည် သာ" စာတတ်တော့ လမ်းစဉ် မတွေ့ရဘူး၊ အပါယ်နွှင်သာမကျတာ၊ လုပ်ငန်း တတ်တော့ အပါယ်လဲ မကျဘူး၊ လမ်းစဉ်ကြီးလဲ မြင်ရတာဘဲ၊ ဟော- နိဗ္ဗာန်လမ်းစဉ်တဲ့ အောက်ကရေးလိုက်ပြီ၊ သူ့အတွက် "နာမ်ရုပ် အစ, ဖြစ်ပျက် အလယ်, အပျက် အဆုံး, နိဗ္ဗာန် ဝင်တဲ့ လမ်းစဉ်သုံး" ဟော....နိဗ္ဗာန်ကတော့ တလမ်းထဲ ရှိတာဘဲ၊ သို့သော် ဘူတာကသုံး ဘူတာရှိတယ်၊ "နာမ်ရုပ် မြင်တဲ့ အစဘူတာ၊ ဖြစ်ပျက် မြင်တဲ့ အလယ်ဘူတာ၊ အပျက်မြင်တဲ့ အဆုံးဘူတာ" ရှိတယ်၊ မှတ်ထားနော်။

ဆုတောင်းပေမယ်လို့ လမ်းမသိတာများတယ်၊ နာမ်ရုပ်လဲ ကိုယ်ထဲမှာ, ဖြစ်ပျက်လဲ ကိုယ်ထဲမှာ, အပျက်လဲ ကိုယ်ထဲမှာ ဒါဖြင့် နိဗ္ဗာန်သွားတဲ့လမ်းသည် ကိုယ်ကြီးထဲကပေါ့၊ ကိုယ့်ပြင်ဘက်မှာ နိဗ္ဗာန်ရှိသေးသလား မရှိတော့ဘူး၊ နိဗ္ဗာန်, ကိုယ့်ကိုယ်ထဲမှာ ရှာနော်....၊ တနေ့က အစတုန်း ကလဲ ပြောခဲ့ပြီ၊ ကဲ.... အချိန်စေ့သွားပြီနော်....။

ဤကဲ့သို့ ကျင့်သိ ဝိပဿနာ အခဏ်းကို အကုန်အစင် ဟောပြ လိုက်ပါသဖြင့် ရင်တွင် နာမ်အစဉ်မှာ ဆိုလို့ ရှိလျှင်. ကနေ့မှာ လုပ်ငန်းနှင့် စပ်ပြီးသကာလ၊ စာပါ ထည့်၍ ပြလိုက်ပါ သဖြင့်၊ အလွန်ပင် အသိတွေ တိုး၍ တပည့်တော် တို့မှာ လူဖြစ်ကျိုး, သာသနာနဲ့ ကြုံကျိုး, တရားပွဲကြီးများ ကျင်းပရကျိုး, အဝေး ကြီးက အပင်ပန်းခံပြီးသကာလ၊ လာ၍ တရားနာရကျိုး, နပ်ပါ ပေစလို့ ဝမ်းမြောက်ဝမ်းသာ များရှိခဲ့ပါလျှင် သုံးကြိမ် သာဓု ခေါ် နိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

ကျင့်သိ ဝိပဿနာ ပြီး၏။

အထက်မှ အောက်သို့ ဆက်ဘတ်ပါ။

# ဝိပဿနာ အခင်း။

အမှတ်ထူးတာ
သင်္သိဝိပဿနာ
ပရိယတ္တိသာသနာ
စာတတ်ကလျာဏပုထုဇဉ်ပါ
အပါယ်ခွင် မကျရာ

အမြင်ထူး အသိထူး, အယူထူးဒါ
ကျင့်သိဝိပဿနာ
ပဋိပတ္တိသာသနာ
လုပ်ငန်းတတ် ကလျာဏပုထုဇဉ်ပါ
နိဗ္ဗာန်လမ်းစဉ် မြင်ရတော့သည်သာ

အရပ်ထူးဒါ
ထိုးထွင်းသိမဂ်ဖိုလ်ပါ
ပဋိဝေဓသာသနာ
အရိယအစစ်ပါ
ဆိုင်ရာလွတ်လပ်ရေး
ရတော့သည်သာ

## နိဗ္ဗာန် လမ်းစဉ်။

| | | | | |
|---|---|---|---|---|
| နိဗ္ဗာန်လမ်းစဉ်...နာမ်ရုပ်အစ | | ဖြစ်ပျက်အလယ် | အပျက်အဆုံး | (နိဗ္ဗာန်လမ်းစဉ်)သုံး။ |
| | ၁-ခါရုပ်မြင် | သောတာပန်ပင် | အပါယ်ခွင် | ပဌမလွတ်လပ်ရေး။ |
| ဆိုင်ရာ လွတ်လပ်ရေး } | ၂-ခါရုပ်မြင် | သကဒါဂါမ်ပင် | လူနတ် ၅-ဘုံ | ဒုတိယလွတ်လပ်ရေး။ |
| | ၃-ခါရုပ်မြင် | အနာဂါမ်ပင် | ကျန်လူနတ် ၂-ဘုံ | တတိယလွတ်လပ်ရေး။ |
| | ၄-ခါရုပ်မြင် | ရဟန္တာပင် | ဗြဟ္မာဘုံ ၂၀ | စတုတ္ထ လွတ်လပ်ရေး။ |

# ရုပ်ဓါတ်(၅)ပါး

| | တေဇော | ဝါယော | အာပေါ | အာကာသ | ပထဝီ |
|---|---|---|---|---|---|
| တိက္ခ.... | ပူဒါ | လှုပ်တာ | ယိုစီးဒါ | အကြားသေးပြတ်ကို | မာဒါ |
| သဘာဝ.... | {အမှုံတခု လောင်မှုသေး | ကန့်, တိုး, တွန်း- | {အမှုံတခု ပျံ့နှံ့မှုသေး | ရုပ်ခြင်းမရောဒါ | {ကလပ်တခု မာမှုသေး |
| မန္ဒ .... | အေးဒါ | ငြိမ်ဒါ | ဖွဲ့စီးဒါ | အကြားကြီး ပြတ်ရှည် | ပြေ့ဒါ |

ရုပ်နာမ်ပေါ်ပုံ.... မီးဓါတ်ကဖိုတ်, ရေဓါတ်ကခမ်းချုပ်; လေဓါတ်ကမှုတ်, အကြားဓါတ် အသေး အနုတ်,ကွဲ၍ မြေဓါတ်က တလှုပ်လှုပ်, တဖွဲ့ဖွဲ့, တသဲသဲ, တလုစ်လုစ်,နဲ့ (ရုပ်ရှင်-စံနစ်လို) မျိုးစုံ ပေါ်လာ တတ်သည်။ ပေါ်တိုင်း လိုက်သိလာတတ်သည်။ မျိုးစုံပေါ်တာက(ရုပ်) ပေါ်တိုင်း သိလိုက်တာက (နာမ်)ပါဘဲ။

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# ဓါတ်လေးပါး

# အလုပ်ပေး ထိုင်တရားတော်

ဒုတိယနေ့ နံနက်ပိုင်း

ဥလ္လာဘဒေသနာ

ကျေးဇူးရှင်
မူလ ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

# ဓါတ်လေးပါး

# အလုပ်ပေး ထိုင်တရားတော်

ဒုတိယနေ့ နံနက်ပိုင်း

ဒု လ္လ ဘ ဒေ သ နာ

နမော-တဿ-ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။

စိတ် ရင်ထဲမှာ ထားကြ....၊ လက်အုပ် မချိန့် လက်ချထား၊ ပေါ်ဒါလေးတွေ မှတ်နေကြတဲ့။

ပေါ်ဒါ ဘယ်နှစ်မျိုးလဲ ?

။ ငါးမျိုးပါဘုရား။ ။

ငါးမျိုး ရေစမ်း ?

။ ပူဒါ, အေးဒါ, လှုပ်ထာ, ဆင်းရဲဒါ, ချမ်းသာဒါ။ ။

ဘယ်နေရာက ပေါ်တတ်သလဲ ?

။ တကိုယ်လုံးက ပေါ်တတ်ပါဘုရား။ ။

ခေါင်းမှာပေါ်လျှင် ဘယ်နှစ်မျိုး ?

။ ငါးမျိုးပါဘုရား။ ။

ဘယ်က မှတ် ?

။ ရင်က မှတ်ပါဘုရား။

အလယ်ပိုင်း, ကျောရင့်မှာပေါ်လျှင် ဘယ်နှစ်မျိုး ?

။ ငါးမျိုးပါဘုရား။ ။

ဘယ်ကမှတ် ?

။ ရင်ကမှတ်ပါဘုရား။ ။

အောက်ပိုင်း ပေါင်, ခြေသလုံး,မှာပေါ်လျှင် ဘယ်နှစ်မျိုး?

။ ငါးမျိုးပါဘုရား။ ။

ဘယ်နေရာကမှတ် ?

။ ရင်ကမှတ်ပါဘုရား။ ။

ကွက်ကွက်ကလေးပေါ်လျှင် ဘယ်နှစ်မျိုး ?

။ ငါးမျိုးပါဘုရား။ ။

ဘယ်ကမှတ် ?

။ ရင်က မှတ်ပါဘုရား။ ။

တကိုယ်လုံးပေါ်လျှင် ဘယ်နှစ်မျိုး ?

။ ငါးမျိုးပါဘုရား။ ။

ဘယ်ကမှတ် ?

။ ရင်ကမှတ်ပါဘုရား။ ။

တကိုယ်လုံး တပြိုင်နက်ပေါ်လျှင်တော့ သုံးမျိုးနော်၊ ငါးမျိုးတော့ တပြိုင်နက် မပေါ်နိုင်ဘူး။

**တပြိုင်နက်ပေါ်လျှင် သုံးမျိုး။**

ပူ, လှုပ်, ဆင်းရဲ....သုံးခုတွဲတာတမျိုး။

ပူး, လှုပ်, ချမ်းသာ....သုံးခုတွဲတာတမျိုး။

အေး, လှုပ်, ဆင်းရဲ....သုံးခုတွဲတာတမျိုး။

အေး, လှုပ်, ချမ်းသာ....သုံးခုတွဲတာတမျိုး။

တပြိုင်နက် ပေါ်ဒါ ကတော့ သုံးမျိုးဘဲ ရှိတယ်၊ သို့သော် ယောဂီ သန္တာန်မှာ ထင်ရှားဒါတွေသာ မှတ်ရတယ်၊ မထင်ရှားဒါတွေ မမှတ်ရဘူး၊ လိုက်ပြီးတော့လဲ မရှာရဘူး၊ ခွဲခြမ်းစိတ်ဖြာပြီးတော့လဲ မလုပ်ရဘူး၊ ထင်ရှားဒါ ကလေးလောက် ဖြစ်မှု, ပျက်မှု, ရှုလို့ မှတ်ထားနော်....?

॥ မှန်ပါ့ဘုရား॥ ॥

ပေါ်ဒါနဲ့ သိဒါ ဆုံသွားပစေနော်၊ ပေါ်လိုက်ထာနဲ့, သိလိုက်ထာ ဆုံသွားပစေ၊ သိ လိုက် ထာ နဲ့ အပျက်ကလေးကပ်, "ပေါ်လျှင်သိပျက်, ပေါ်လျှင်သိပျက်" လို့ "သိ, ပျက်, သိ-ပျက်" သာကပ်လို့ဆိုလိုတယ်။

**ဓါတ်လေးပါးရှုပုံ။**

ဓါတ်လေးပါး॥ ॥ကနေ့ဓါတ်လေးပါး နဲ့နဲ့ခွဲခြမ်းစိတ်ဖြာပြမယ်၊တေဇောဆိုလျှင် မီးလိုမှတ်ပါ၊ ဝါယောဆိုလျှင် လေလို့

မှတ်ပါ၊အာပေါဆိုလျှင် ရေ လို့ မှတ်၊ . ပထဝီ ဆိုလျှင်၊ မြေ လို့ မှတ်တဲ့။

မြေ, ရေ, လေ, မီး, ဘုတ်ကြီးလေးသွယ်လို့ (လယ်တီဆရာတော် ဘုရားကြီးရေးတဲ့အတိုင်းဘဲ) အဲဒါ ဓါတ်ကြီးလေးပါးဘဲ၊ ခန္ဓာမှာဆိုလျှင်၊ တခုထင်ရှားနေမယ်ဆိုလျှင်၊ ဓါတ်ကြီးလေးပါး ဟာတော့၊ တပြိုင်နက် ဖြစ်လိုက်, ပျက်လိုက်,နေတယ်လို့ ဆိုတာ ယုံကြ။

**ဥပမာ။** ။ခန္ဓာထဲမှာ အပူကလေးလွန်ကဲနေတဲ့အချိန်၊ အအေးကလေးလွန်ကဲနေတဲ့အချိန်ဆိုလျှင်၊ ဒါဟာ မီးဓါတ်, လွန်ကဲနေတာဘဲ၊" လွန်ကဲရာဓါတ်၏ လက္ခဏာပေါ်မြဲသာတည်း"လို့ ဆိုတဲ့အကိုင်းတေဇောဓါတ်လွန်ကဲလျှင်၊တေဇောဓါတ်၏လက္ခဏာဟာ၊ ကိုယ်ထဲမှာ ပူဒါ,ဖြစ်စေ၊အေးဒါ,ဖြစ်စေ၊ ပေါ်နေတယ်လို့ ဆိုတာ ယုံလဲယုံကြ၊ ဒီတော့-တေဇောဓါတ် ပူ, အေး,ပေါ်နေတဲ့အချိန်မှာ၊ကျန်တဲ့ဓါတ်သုံးပါးလဲဖြစ်ပေါ်နေ။

**ကျန်တဲ့ဓါတ်သုံးပါး။** ။မီးဖြစ်မယ်ဆိုလျှင်၊ လေ, လဲပါမြဲဓမ္မတာဘဲ၊မီးစာဆိုတဲ့မြေဓါတ်လဲဘဲပါမြဲ ဓမ္မတာဘဲ၊ သုံးခုတွဲစပ်ပြီးတော့နေတဲ့, ရေ, ဓါတ်လဲပါမြဲဓမ္မတာဘဲ၊ သို့သော် ယောဂီသန္တာန်မှာ၊ ပူဒါ, အေးဒါ, ဆိုတဲ့တေဇောမီးဓါတ်ကလေးလောက် ထင်ရှားလျှင်၊ မီးဓါတ်၏ ပူမှု, ဖြစ်မှု, ပျက်မှု, လောက်သာရှု၊ အေးမှု, ဖြစ်မှု, ပျက်မှု, လောက်သာရှု၊ ကျန်ဓါတ်သုံးပါးကတော့၊ မုချအမှန်တပြိုင်နက်ဖြစ်တယ်၊တပြိုင်နက် ပျက်တယ်လို့ ယုံကြည်သောအားဖြင့် ရှုပေတော့၊ ဓါတ်ကို မခွဲရဘူး၊ ဒါ တေဇောဓါတ် လွန်ကဲနေတဲ့အချိန် ခန္ဓာမှာ၊ ပူဒါ,

အေးဒါ, ပေါ်၍၊ ပူဒါ, အေးဒါ, သာလျှင်ရှု၊ ကျန်တဲ့ဓါတ်သုံး ပါးသည်၊ လိုက်ပါသောအားဖြင့် ဖြစ်မှု,ပျက်မှု, ရှုဘို့လိုတယ်။

ရုံခါယောဂီသန္တာန်မှာ၊ ကန်တဲ့လေ, လေးတွေ၊ တိုးတဲ့လေ, လေးတွေ၊ တွန်းတဲ့လေ, လေးတွေ၊ ခန္ဓာထဲမှာ ပေါ်နေတတ်၊ တရှိန်းရှိန်း, တရှူးရှူး, နဲ့လဲ ကန်ပြီးတော့လဲ ထုတ်နေတတ်၊ ဒိတ်ဒိတ်,ဒိတ်ဒိတ်, လှုပ်လှုပ်,လှုပ်လှုပ်, ဖြတ်ဖြတ်,ဖြတ်ဖြတ်, ဆတ်ဆတ်, ဆတ်ဆတ်, ရိပ်ရိပ်, ရိပ်ရိပ်,နဲ့ ဒီလိုဘဲတိုးနေတတ်၊ နောက် ပြီးတော့လဲဘဲ လက်ကိုဆွဲခါလိုက်သလို၊ခြေထောက်ကိုဆွဲခါလိုက် သလို၊ ခြေထောက်ကိုမြှောက်ပြီးတော့ပစ်ချလိုက်သလို၊ ပါးတွေ နဲ့ပြီးတော့သွားသလို၊လက်နှစ်ဘက်နှင့် ကိုယ်ကြီးကို လာညှစ်ပြီး သကာလ၊ အစ်တစ်တစ်နေသလို၊ လက်နှစ်ခုထပ်ထားတဲ့နေရာမှာ ဖြတ်ဖြတ်, ဖြတ်ဖြတ်,နဲ့ ရိုက်နေသလို၊ လက်ခုတ်လက်ဝါးတီးနေ သလို၊ မြှောက်ပြီးတော့ကနေသလို၊ ကတုံကရို, ကမန်းကတန်း, ကြောက်ခမန်း လန့်ခမန်း, ဆိုတာမျိုးလဲပေါ်တတ်၊အဲဒါတွန်းတဲ့ လေခေါ်တယ်၊ ဤကဲ့သို့ ကန်လေ, တိုးလေ, တွန်းလေ, ဆိုတဲ့ လေတွေဖြစ်ပေါ်နေတဲ့အချိန် ကျန်တဲ့ဓါတ်သုံးပါးလဲ လိုက်ပါပြီး လာတယ်။

ပါပုံကလေး။ ။လေရှိမယ်ဆိုလျှင်၊ မီးလဲပါမြဲ ဓမ္မတာ၊ မီးပါမယ်ဆိုလျှင်၊ မီးစာဆိုတဲ့၊ မြေဓါတ်လဲဘဲ ပါမြဲဓမ္မတာ၊ သုံးခုတွဲစပ်ပေးတဲ့ ရေဓါတ်လဲ ပါမြဲဓမ္မတာတဲ့၊ ဓါတ်လေးပါးက တော့၊ တပြိုင်နက်ဖြစ်၊ တပြိုင်နက်ပျက်ပါဘဲ၊ သို့သော်ယောဂီ မှာလေ လေဓါတ်လောက်သာ ထင်ရှားမယ်ဆိုလျှင်, လေဓါတ် ဖြစ်မှု, ပျက်မှု, လောက်သာရှု၊ ကျန်တဲ့ ဓါတ် သုံး ပါး က တော့

တပြိုင်နက်ဖြစ်တယ်, တပြိုင်နက်ပျက်တယ်လို့ ယုံကြည်သော အား ဖြင့် ရှုပေတော့၊ စာတတ်လို့ ဓါတ်တွေလိုက်ပြီးတော့ ခွဲမနေနဲ့ လို့ ဆိုလိုတယ်။

ဝါယောဓါတ် လွန်ကဲနေတဲ့အချိန်မှာ၊ ကန်တာ, ပေါ်နေ တတ်တယ်၊ တိုးတာ, ပေါ်နေတတ်တယ်၊ တွန်းတာ, ပေါ်နေ တတ်တယ်တဲ့၊ ပေါ်နေတဲ့လက္ခဏာ၊ ဖြစ်မှု, ပျက်မှု, လောက်သာ ယောဂီတို့ရှုပေတော့ တချက်ရှင်းသွားပြီ။

ယောဂီ ခန္ဓာကိုယ်မှာ၊ ပထဝီဓါတ်, မြေဓါတ်, လွန်ကဲနေတဲ့ အချိန်ကလေးမှာ၊ ရွရွ,ဖြစ်စေ၊ ဖျင်းဖျင်း,ဖြစ်စေ၊စစ်စစ်,ဖြစ်စေ၊ ဟုန်း,ကနဲ၊ ဖျန်း,ကနဲ၊ ကြက်သီးထသလိုဖြစ်စေ၊ ခြအုံ၊ နားချို- အုံ၊ ပန္နက်ဆိတ်အုံကြီးများကဲ့သို့ အုံကြွနေသလိုဖြစ်စေ၊ မိုးဖွဲကာ လေးတွေများ ကျနေသလို၊ နှင်းဖွဲ့ကလေးတွေများ ကျနေသလို၊ မြူမှုံကလေးတွေများမြင်သလို၊ ဆံပင်တိုတို, ရေစိုစိုနဲ့ ပွတ်လိုက် တဲ့အခါမှာ၊ ရေမှုံကလေးတွေများစင်နေသလို၊ ရေပန်းကလေး များပန်းနေသလို၊ ဖြုတ်ကလေးတွေများ ပျံသန်းသွားလာနေ သလို၊ ဒီလိုလဲဘဲ ကိုယ်ထဲမှာ ထင်ရှားနေတတ်တယ်။

ရေပူပေါင်းကလေးတွေများထနေသလို၊ ဘိလပ်ရည်ပုလင်း များ ဖေါက်လိုက်တဲ့ အခါမှာ၊ အကြည်ဓါတ်တွေ ပျောက်၍၊ အမြှုတ်ကလေး ပူပေါင်းကလေးတွေထ "ဖြစ်ဖြစ်,ဖြစ်ဖြစ်" နဲ့ မြည်ပြီးတော့နေသလို၊ ဖျင်းကနဲဆို ဝဲလှည့်လိုက်သလို၊ ဆပ်ပြာ မြှုပ်တွေများထနေသလို၊ ရေမြှုပ်ဆိုင်ကြီးများထနေသလို၊ ဝါ- ဂွမ်းပုံကြီးများထနေသလို၊ ခန္ဓာကိုယ်မှာ ပထဝီဓါတ်ကလေးတွေ

လွန်ကဲနေတဲ့ အချိန်ရှိတတ်၊ အဲဒီလို အချိန်ကလေးမှာ၊ ကျန်တဲ့ ဓါတ်သုံးပါးလဲဘဲ လိုက်ပါနေတတ်သည်။

ပါပုံ။ ။မြေဓါတ်အမှုံကလေးတွေရှိမယ်ဆိုလျှင်၊ လောင်ကျွမ်းတတ်တဲ့မီးလဲပါမြဲဓမ္မတာ၊ မှုတ်ပေးတတ်တဲ့လေလဲ ပါမြဲဓမ္မ-တာ၊ သုံးခုတွဲစပ်ပေးတတ်တဲ့ရေလဲ ပါမြဲဓမ္မတာလို့ တချက်မှတ်ထားရတယ်၊ ပါတတ်တယ်၊ သို့သော် ပထဝီဓါတ် လွန်ကဲနေတဲ့ အချိန်ကလေးမှာ၊ ပထဝီဓါတ် လက္ခဏာပေါ်ရတယ်၊ ကျန်တဲ့ ဓါတ်သုံးပါးရဲ့ လက္ခဏာမပေါ်ဘူး၊ မပေါ်လို့ ရှိလျှင်ပေါ်တဲ့ ပထဝီဓါတ်၏အမှုံကလေးတွေ၏ ဖြစ်မှု ပျက်မှု လောက်သာမှတ်ပါတဲ့၊ မထင်ရှားတဲ့ ဓါတ်သုံးပါးကိုတော့ တပြိုင်နက်ဖြစ်တယ်၊ တပြိုင်နက်ပျက်တယ်လို့ ယုံကြည်သောအားဖြင့် ရှုပေတော့-မှတ်ပေတော့။

**ကောဟိ ပထဝီဓာတု ဘိဇ္ဇမာနာ၊**

**သေသဓာတုယော ဂဟေတွာဝ ဘိဇ္ဇတိ။**

ကောဟိ ပထဝီဓါတု၊ ခန္ဓာကိုယ်မှာ ရွရွ, မွမွ, ဖြိုးဖြိုး, ဖျင်း-ဖျင်း, စိုးစိုး, စစ်စစ်, ဆိုတဲ့၊ ပထဝီဓါတ်တခုသည်၊ အမှုံအလေး တခုသည်၊ အမာဓါတ်ကလေးတခုသည်။ ဘိဇ္ဇမာနာ၊ လျှပ်တ လက်မက မြန်မြန်ကြီးပျက်၍သွားနေသည်ရှိသော်။ သေသဓါတု-ယော၊ မြေဓါတ်မှ ကြွင်းကျန်တဲ့ မီးဓါတ်, လေဓါတ်, ရေဓါတ်, သုံးပါးတို့ကို။ ဂဟေတွာ၊ ယူပြီး၍သာလျှင်, ယူပြီးမှသာလျှင်။ ဘိဇ္ဇတိ၊ မုချမသွေ တပြိုင်ထဲ ပျက်၍ နေရရှာလေတော့၏ တကား။

သာဓု....သာဓု....သာဓု....။

လိုရင်းက ဓါတ်တပါး ထင်ထင်ရှားရှား ဖြစ်လိုက်၊ ပျက်-လိုက်၊ နေမယ် ဆိုလျှင် ကျန်ဓါတ် သုံးပါးလဲဘဲ၊ တပြိုင်နက် ဖြစ်လိုက်၊ ပျက်လိုက်၊ဘဲလို့ ဆိုတာ ယုံလဲ ယုံကြည်ကြ၊ သို့ပါ သော်လဲဘဲ ထင်ရှားသော ဓါတ်လက္ခဏာ လောက်သာလျှင် ဖြစ်မှု၊ ပျက်မှု၊လောက်သာရှု၊ မထင်ရှားတဲ့ ဓါတ်လက္ခဏာကို ယုံကြည်သောအားဖြင့် ဖြစ်မှု၊ ပျက်မှု၊ရှုလို့ ဆိုလိုတယ်၊ မှတ်ထား ကြ၊ ဓါတ်လေးပါး ရှုပုံကလေး။

**ဓါတ်ရုပ် ပရမတ်သုံးခု စပ်သိပုံ။**

မီးဓါတ်ပင်ဖြစ်ဖြစ်၊ ရေဓါတ်ကတော့ ကိုယ်တွေ့ထဲမှာ မပါ ဘူး၊ ယုံကြည်သောအားဖြင့် ရေဓါတ် ဖြစ်မှု၊ ပျက်မှု၊လောက် သာရှု၊ သူက ကိုယ်တွေ့တရားမဟုတ်ဘူး၊ မီးဓါတ် ပူဒါ၊အေးဒါ၊ ကလေး၊ ခန္ဓာမှာ ဖြစ်ပေါ်ပြီးတော့ လာမယ်ဆိုလျှင်၊ ဒီအပူ ကလေးလဲဘဲ တမျိုးထဲဖြစ်နေသလား၊အမျိုးမျိုးဖြစ်နေသလား?

။ အမျိုးမျိုး ဖြစ်နေပါဘုရား။ ။

အအေးကော တမျိုးထဲဖြစ်နေသလား၊ အမျိုးမျိုး ဖြစ်နေ သလား ?

။ အမျိုးမျိုး ဖြစ်နေပါဘုရား။ ။

အမျိုးမျိုးဆိုလျှင် စာလိုရုပ်ခေါ်တယ်နော်....၊ တေဇော မီး ဓါတ်ကလေးဟာ အော်....ခန္ဓာထဲမှာ ဖြစ်ပေါ် လာတယ်ဆိုလျှင် တမျိုးထဲ မဟုတ်ပါတကား၊ အပူလဲဘဲ မျိုးစုံ၊ အအေး လဲဘဲ မျိုးစုံ၊ ဒီလိုသိလျှင် ရုပ်ကိုသိတယ် ခေါ်တယ်၊ ဟာ.... တခါ တလေမဟုတ်ပါဘူး၊ အမြဲတန်းပါဘဲ၊ အပူရှိလျှင် မျိုးစုံချည်း-

ပါဘဲ၊ အအေးရှိလျှင် မျိုးစုံချည်းပါဘဲလို့ ဒီလိုသိလျှင် ပရမတ်ကို သိတယ်ခေါ်တယ်။ ဓါတ်ရုပ် ပရမတ် သုံးခု စပ်၍ သိပုံလို့ မှတ်ထား။

ခန္ဓာမှာ ကန့်၊ တိုး၊ တွန်း၊ ဆိုတဲ့ လေဓါတ်ကလေးက ထင်ရှားနေ၊ အဲဒီ လေဓါတ်ကလေးဖြစ်တဲ့ နေရာမှာ တမျိုးထဲမဟုတ်ဘူး အမျိုးမျိုးဘဲ၊ အမျိုးမျိုးလို့ သိလျှင် ရုပ်ကိုသိပြီ၊ လေ မှန်သမျှ ဖြစ်တိုင်း ဖြစ်တိုင်း မျိုးစုံချည်းဘဲ၊ ဒီလိုသိလျှင် ပရမတ်ကိုသိပြီ၊ ဓါတ်ရုပ် ပရမတ်စပ်၍ ခန္ဓာမှာသိပုံတဲ့ တချက်။

နောက်ပြီးတော့ ခန္ဓာမှာ ပထဝီ ဆိုတဲ့ မြေဓါတ် ကလေး ခန္ဓာထဲမှာ ဖြစ်လာ၊ ရွရွ၊ မွမွ၊၊ ဖြိုးဖြိုး၊ ဖျင်းဖျင်း၊ စိုးစိုး၊ စစ်စစ်၊ စသော ပထဝီ ဆိုတဲ့ မြေဓါတ်ကလေး၊ အမှုံကလေး၊ အဲဒါ လေးတွေ ဖြစ်မယ်ဆိုလျှင် တမျိုးထဲလား အမျိုးမျိုးလား ?

။ အမျိုးမျိုးပါဘုရား။ ။

အဲဒီလိုဆိုလျှင် ပထဝီဓါတ်မျိုးစုံလို့ သိလျှင် ရုပ်ကို သိပြီ၊ အဲဒီလို အမျိုးမျိုးဆိုတာ တခါတလေလား ဖြစ်တိုင်း၊ ဖြစ်တိုင်း လား ?

။ ဖြစ်တိုင်းပါဘုရား။ ။

အမြဲတန်းဘဲ မပေါ်လျှင် တမယ်ပါဘဲ၊ ခေါင်းထဲမှာပေါ်လဲ မျိုးစုံ၊ အလယ်ပိုင်းမှာပေါ်လဲမျိုးစုံ၊ အောက်ပိုင်းမှာ ပေါ်လဲ မျိုးစုံ၊လို့ ဒီလိုဘဲ ကိန်းသေသိမယ်ဆိုလျှင် ပရမတ်ကို သိတာဘဲ၊ ဓါတ်၊ ရုပ်၊ ပရမတ်၊ သုံးခုစပ်၍ သိပုံလို့ အဲဒီလို မှတ်ထား။

ခန္ဓာမှာ ရုပ်ပေါ်ပုံ၊ ပရမတ်ပေါ်ပုံ၊ ရှင်းထားကြ၊ ပူဒါ၊ အေးဒါ၊က တေဇော မီးဓါတ်၊ ကန်တာ၊ တိုးတာ၊ တွန်းတာ၊

ဆိုတာက ဝါယော လေဓါတ်၊ ရှရှ, မွမွ, ဖြိုးဖြိုး, ဖျင်းဖျင်း စိုးစိုး, စစ်စစ်, စသည်တို့ကတော့ ပထဝီ မြေဓါတ်၊ ဒီဓါတ်တွေ ခပါမယ်ဆိုလို့ ရှိလျှင် တမျိုးထဲမဟုတ်ဘူး၊ မျိုးစုံချည်းဘဲလို့ သိလျှင် ရုပ်ကိုသိပြီ ကိန်းသေဘဲနော်၊ အမြဲဘဲနော်လို့ ဒီလို သိလျှင် ပရမတ်ကိုသိပြီ၊ ပရမတ်ကိုသိလျှင် တာသွားတယ်။

ဒို့ခန္ဓာမှာ ဖြစ်နေသလို သူများ ခန္ဓာလဲဘဲ ဓါတ်တွေဟာ မျိုးစုံ, ကိန်းသေချည်း ပါဘဲ၊ သက်ရှိ မှန်သမျှ အကုန်လုံး လျှောက်သိလိုက်ထာဘဲ၊ လူခန္ဓာလဲ မျိုးစုံ, နတ်ခန္ဓာလဲ မျိုးစုံ ဗြဟ္မာခန္ဓာလဲ မျိုးစုံ,လို့ အကုန်လုံး လျှောက်သိတော့တာဘဲ၊ သက်ရှိပြီးလျှင် သက်မဲ့လဲ အကုန်လုံး သိတော့တာဘဲ၊ ရေတွေ, မြေတွေ, တောတွေ, တောင်တွေ, အိမ်တွေ, ကျောင်းတွေ, ဒီဓါတ်တွေဆိုလျှင် မီးဓါတ်ဘဲ ဖြစ်ဖြစ်, မြေဓါတ်ဘဲ ဖြစ်ဖြစ်, ဖြစ်တိုင်း, ဖြစ်တိုင်း,မျိုးစုံ၊ ကိန်းသေ အမြဲ ပါဘဲလို့ အဲဒီလို လျှောက်သိတာ ပရမတ် ခေါ်တယ်။

လူတို့သည် ရွှေ, ငွေ, ကျောက်သံ ပတ္တမြား,ကိုတော့ ပျက် တယ်လို့ တယ်မထင်ကြဘူး၊ထင်သော်လဲဘဲ, ဒါတွေဟာ ပျက်စီး ခဲတယ်၊ အင်္ကျီ,လုံခြည်, စသည်တို့ကဲ့သို့ မြန်မြန် ပျက်စီးတတ်တဲ့ ဝတ္ထုမဟုတ် အကြာကြီးနေမှ ပျက်စီးတဲ့ ဝတ္ထုတခုဟု ထင်မြင် နေတတ်တယ်၊ရွှေတို့ အပေါ်မှာ, ငွေတို့ အပေါ်မှာ,ကျောက်သံ-ပတ္တမြားတို့အပေါ်မှာ,ထင်ချင်ထင်နေတတ်၊မဟုတ်ဘူးတဲ့၊ မထင်နဲ့ အဲဒီရွှေ, ငွေ,ကျောက်သံ ပတ္တမြား,မှာလဲဘဲ၊တေဇော, ဆိုတဲ့ မီးဓါတ်၊ ပူ, အေး, ရှိတယ်၊ အဲဒီ အပူ, အအေး, လေးဟာ ခဏ, ခဏ, ပြောင်းလဲနေတယ်။

နေထွက်ခါစ ဆိုလျှင် အေး့ဒါဘဲ၊ နေလဲ တဖြည်းဖြည်း့ တဖြည်းဖြည်း့ တက်သွားပြီဆိုလျှင် ရွှေတွေ့ ငွေတွေ့လဲ ကြည့်စမ်း၊ တဖြည်းဖြည်း ပူတက်လာတာဘဲ ပူတက်လာတယ်၊ နေပူလျှင် ပူသလို သူလဲ ပူတက်လာတာဘဲ၊ နေစောင်းလျှင် စောင်းသလို သူလဲဘဲ အေးကျသွားတာဘဲ၊ ညနေ့ နေဝင် ခါစက နေပြီးသကာလ၊ မနက်ပိုင်း မိုးလင်းအထိကြည့်လျှင် တစ့တစ့ အေး့အေး့ပြီးတော့ သွားတာဘဲ၊ အေး့အေး့သွားတော့ အပူတို့ဘက်ကကြည့်လျှင် အော်.... သူလဲ တိုးပူ့ တန့်ပူ့ လျော့ပူ့ ပြောင်း လဲ တယ်၊ အေးတဲ့ ဘက်က ကြည့်လျှင်လဲ သူလဲဘဲ တိုးအေး့ တန့်အေး့ လျော့အေး့ ပြောင်းလဲတယ်၊ မီး့ ပြောင်းလဲပုံ မှတ်လိုက်တော့။

မီး ပြောင်းလဲနေတယ် ဆိုလျှင် လောင်စာဖြစ်တဲ့ မြေဓါတ်လဲဘဲ ပြောင်းလဲဒါဘဲ၊ ရွှေတခုလုံး့ ငွေတခုလုံး့ ထောင်ကြည့်လျှင် အမှုံတွေဘဲ၊ ရွှေမှုံ့တွေ့ ငွေမှုံ့တွေ့ အဲဒီ ရွှေမှုံ့ကလေးတွေ့ ငွေမှုံ့ကလေးတွေ့ဟာ မြေဓါတ်ဘဲ၊ မီး ပြောင်းလဲလျှင် မြေလဲ ပြောင်းလဲတာဘဲ၊ မှုတ်ပေးတတ်တဲ့ လေဓါတ်လဲ ပြောင်းလဲတာဘဲ၊ သုံးခုဖွဲ့စေးပူးကပ်ပေးတဲ့ ရေဓါတ်လဲဘဲ ပြောင်းလဲတာဘဲ မှတ်ထားကြ။

မီးတခုရယ့် မြေတခုရယ့် လေတခုရယ့် ရေတခုရယ့် ဒီလေးခုသည် တပြိုင်နက်ဖြစ့် တပြိုင်နက်ပျက့်ဆိုတာ ယုံကြ၊ အဲဒါကြောင့် ပရမတ်များ ပိုင်မယ်ဆိုလျှင် တာသွားတာဘဲ့ တာသွားတာဘဲ၊ အကုန်လုံး လျှောက်ကြည့်လျှင် အကုန်လုံး ပျက်စီးနေတာ့ ပြောင်းလဲနေတာ့ အကုန်လုံး တွေ့တတ်၊ ကြည့်တော့

ကိုယ့်ခန္ဓာတင်ကြည့်တာ, ကိုယ့်ခန္ဓာ မြင်လိုက်ပါသဖြင့် သက်ရှိခန္ဓာ, သက်မဲ့ခန္ဓာ, အကုန်လုံးမြင်၊ လူတွေ ဝတ်နေကြတဲ့ အဝတ်တွေလဲ, တန်းဆာတွေလဲ, အကုန်လုံး မြင်ဒါဘဲ။

သတ္တဝါတွေ စားသောက် ပြီး တော့ နေ ကြ တဲ့ အစား အသောက်တွေလဲ အကုန်လုံး မြင်၊ အဲဒါ.... ပရမတ် သဘောခေါ်တယ်၊ "သဘောမြဲလပ်,ပရမတ်"ဆိုတဲ့ အတိုင်း အကုန်လုံး မျက်စေ့နဲ့ လျှောက်ကြည့်လျှင်, ဘုံသုံးဆယ့်တစ်, လောကသုံးပါးဟာ အကုန်လုံး မျိုးစုံ ပေါ်တဲ့ ရုပ်တွေ, ကိန်းသေဘဲ, အမြဲဘဲ ဆိုတဲ့ ပရမတ် တွေ, အ ကုန် လုံး မြင်ပါ စေ လို့.... မှတ်ထားရ။

**ဥပမာ။** ။သမုဒ္ဒရာထဲ လှေလေးတစင်းနဲ့ သွား, ရေတ်လို့ ရေတပေါက်, လျှာပေါ်တင်ပြီး သောက်လိုက်တယ်၊ ငံလိုက်ထာ ဆုံးဖြတ်တော့မယ်၊ သမုဒ္ဒရာ ရေမှန်သမျှ, ငံလှပါတကား၊ သောက်တော့ တပေါက်ထဲ, ဆုံးဖြတ် လိုက်တော့.... အကုန်၊ အဲဒါ ပရမတ် သိတဲ့ပုဂ္ဂိုလ်မျိုးလိုဘဲ၊ မြင်တာကတော့, ကိုယ့်ကိုယ်ကလေးမှာ တကိုယ်လုံးတော့ မဟုတ်သေးဘူး၊ အစိပ်အပိုင်းကလေး, ခေါင်းပိုင်းကလေး ဖြစ်ဖြစ်,အလယ်ပိုင်းကလေး ဖြစ်ဖြစ်, အောက်ပိုင်းကလေး ဖြစ်ဖြစ်, တပိုင်းတလေ လေး.... မြင်လိုက်, တကိုယ်လုံးဆုံးဖြတ်, သက်ရှိတွေလဲဆုံးဖြတ်, သက်မဲ့တွေလဲ ဆုံးဖြတ်, အဝတ်တွေလဲ ဆုံးဖြတ်, တန်း ဆာ တွေ လဲ ဆုံးဖြတ်, အစား အသောက် တွေလဲ အကုန်လုံး ဆုံးဖြတ်နိုင်တယ်....တဲ့, အဲဒါ ပရမတ်ပိုင် လို့ တဲ့။

ပေါ်, သိတဲ့ပုံ။

ဟော....ပရမတ်ဆိုတာ, ဟိုတမျိုး....ဒီတမျိုး မရှိဘူး၊ ပေါ်ဒါမှာ, ပူဒါတမျိုး, အေးဒါ တမျိုး, ယှပ်ထာတမျိုး, ရုပ်ဘက်က သုံးမျိုး ခေါ်တယ်၊ ဆင်းရဲဒါတမျိုး, ချမ်းသာဒါတမျိုး, နာမ်ဘက်က နှစ်မျိုးခေါ်တယ်၊ ပေါင်းတော့ ပေါ်တဲ့ဘက်က ရုပ်သုံးမျိုး, နာမ်နှစ်မျိုး ဆိုတော့,ငါးမျိုး ရှိသွား အသိကလေး နဲ့....တဲ့မလို့။

ပေါ်လိုက်လျှင်, မသိဘူးလား ?

။ သိပါ....ဘုရား။ ။

ပေါ်ဒါနဲ့....သိဒါနဲ့ဟာ မရှေးမနှောင်း တပြိုင်နက်နော်၊ ရှေ့ကျတဲ့ပေါ်ဒါ ကိုလဲ, အသိက မသိဘူး၊ နောက်ကျနေတဲ့ ပေါ်ဒါကိုလဲ, အသိက မသိဘူး၊ သူ နဲ့ ပြိုင်တူ.... ပေါ်တဲ့, အပေါ်နဲ့ အသိသာလျှင်, ပြိုင်တူ ဆိုတယ်....မှတ်ထား။

ပေါ်ဒါနဲ့....သိဒါနဲ့ တပြိုင်နက် ခေါ်တယ်၊ ပေါ်တဲ့ဘက် ကတော့ မျိုးစုံပေါ်သောကြောင့် ရုပ် ....သိတဲ့ ဘက်ကတော့, ပေါ်တိုင် လိုက်သိသောကြောင့်, နာမ်,ပေါ်သိတစုံ, ရုပ် နာမ် တစုံ ပြိုင်တူဖြစ်, ပြိုင်တူပျက် လို့ ရှုမှတ်ထားကြ။

ရူပက္ခန္ဓော ဘိဇ္ဇမာနော အရူပက္ခန္ဓေ ဂဟေတွာဝ ဘိဇ္ဇတိ။

ရူပက္ခန္ဓော၊ ပေါ်တဲ့ရုပ်စုသည်။ ဘိဇ္ဇမာနော၊ လျှပ်တလက် မက မြန်မြန်ကြီး ပျက်၍ သွားနေသည် ရှိသော်, ရုပ်စု ပျက်ရင် မြန်မြန် မပျက်ဘူးလား ?

။ မြန်ပါတယ်....ဘုရား။ ။

လျှပ်တလက်မကာ မမြန်ဘူးလား ?

။ မြန်ပါတယ်....ဘုရား။ ။

မြန်တယ်....ခေါ်တယ်နော်....။

ရူပက္ခန္ဓာ၊ ပေါ်တဲ့ရုပ်စုသည်။ ဝါ၊ အပူရုပ်စု၊ အအေးရုပ်စု၊ ကန့်၊ တိုး၊ တွန်း၊ ဆိုတဲ့ လေ ရုပ်စု၊ ရွရွ၊ မွမွ၊ ဖြိုးဖြိုး၊ ဖျင်းဖျင်း၊ စိုးစိုး၊ စစ်စစ်၊ ဆိုတဲ့ ပထဝီ မြေ ရုပ်စုသည်။ ဘိဇ္ဇ မာနော၊ လျှပ်တလက် မကာ မြန်မြန်ကြီး ပျက်၍ သွားနေသည် ရှိသော်။ အရူပက္ခန္ဓ၊ ရုပ်စုနဲ့ တပြိုင်နက် လိုက်ပြီး မှတ်နေတဲ့ နာမ်စု တရားတွေကို အမှတ်တရား၊ အသိတရားတွေကို။ ဂဟေတွာဝ၊ ယူပြီး၍ သာလျှင်၊ ယူပြီးမှ သာလျှင်။ ဘိဇ္ဇတိ၊မှချမသွေ ရုပ်နဲ့ နာမ်၊တပြိုင်နက်ထဲ ပျက်၍ သွားရရှာလေတော့၏တကား။ ။

သာဓု....သာဓု....သာဓု....။

ပေါ်တာနဲ့သိတာ တပြိုင်နက်ဖြစ် တပြိုင်နက် ပျက်နော်.... ယုံကြ၊ ပူဒါကလေး ပေါ်လျှင် သိဒါကလေးလဲ ပေါ်လိုက် ထာဘဲ၊ အေးဒါလေး ပေါ်လျှင် သိတာလေးလဲ ပေါ်လိုက် ထာဘဲ၊ လှုပ်ထာကလေးပေါ်လျှင် သိတာလေးလဲ ပေါ်လိုက် ထာဘဲ၊ ပေါ်၊သိ၊လို့ ဒီလိုရှင်းထား၊ ပေါ်ဒါ ပေါ်လိုက်လျှင် သိပြီလို့ဆိုလျှင် တပေါ်၊ တသိ၊ ခေါ်တယ်၊ တပေါ်၊တမှတ် ခေါ်တယ် မှတ်ထားကြနော်....။

အပေါ်တသိ၊အပေါ်တမှတ်၊ဆိုလျှင် ပေါ်တဲ့ရုပ်နာမ် ဖြစ်မှု၊ ပျက်မှု၊လောက်သာသိတယ်၊ မှတ်စိတ်နာမ် ဖြစ်မှု၊ ပျက်မှု၊ မသိ သေးဘူး၊ အမှတ်ကလေး ပျက်သွားတယ်၊ အသိလေး ပျက်သွား

တယ်၊ မသိသေးဘူး၊ မသိလို့ ရှိလျှင် မဂ်မကျဘူး၊ မဂ်မကျဘူး၊ မဂ်မဝင်နိုင်သေးဘူး၊ ဖိုလ်ဝင်စားလို့ မရသေးဘူးလို့ မှတ်ရတယ်။

တပေါ် နှစ် သိမှ မဂ်ဖိုလ်ရ။

ဒါကြောင့် တပေါ်တသိနဲ့မရဘူး၊ တပေါ်ကို နှစ်သိနဲ့မှ ရတယ်၊ ပေါ်လိုက်လျှင်သိ၊ တပေါ်တသိနော်၊ သိလျှင်ပျက်၊ အသိကလေးအပျက် ကပ်လိုက်၊ သိလျှင် ပျက်သွား၊ သိ ပျက်၊ သိ ပျက်၊ သိ ပျက်လို့ အသိ ပျက်တိုင်းပျက်တိုင်း၊ သိလျှင် အဲဒါ ဒုတိယ အသိကလေးလာရတယ်၊ ဒုတိယ အသိ ကလေး၊ စာလိုရေးလျှင် "ပေါ် သိ သိ" ပေါ်ဒါကို ပထမ အသိနဲ့ သိမယ်၊ ပထမ အသိကို ဒုတိယ အသိနဲ့ သိတယ်၊ဒုတိယ အသိက ဘယ်လိုသိသလဲ ပထမ အသိ ဖြစ်ထာ ပျက်ထာသိ၊ ပထမ အသိက ဘယ်လိုသိသလဲ ပေါ်တဲ့ရုပ်၊ နာမ်၊ ဖြစ်ထာ ပျက်ထာ သိတယ်တဲ့၊ ရှင်းသွားရဲ့လား....မှတ်ထားရတယ်နော်....။

ဒါကြောင့် ပေါ်လျှင်သိ၊ တပေါ် တသိ တပေါ် တမှတ် မဂ်မကျသေးဘူး၊ သိလိုက်လျှင်ပျက်၊ သိပျက် သိပျက် သိပျက် ဆိုလျှင် တပေါ် နှစ်သိရတယ် မှတ်ရတယ် နှစ်သိဆိုလျှင် ပျက်မှု ပါတယ်၊တသိထဲဆိုလျှင် ပျက်မှုမပါဘူး၊ ပျက်ထာ မပါဘူး၊ ပျက်ထာ မပါလျှင် အပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မမြင်ရဘူး၊ မှတ်စိတ်ဆုံးလျှင် မဂ်လာတတ်တယ်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား ။ ။

ဒါကြောင့် မဂ် စိတ် ဆုံးတယ် မဆုံးတယ် သိရအောင်၊ ပထမ အသိကလေးကို အပျက် သာ ကပ်လိုက်၊ သိလိုက်လျှင်

ဘယ့်နှယ်နေသလဲ၊ ပျက်ပျက်သွား၊ ပျက်ပျက်သွား၊ သိလိုက် လျှင်ပျက်၊ သိပျက်၊ သိပျက်၊ သိပျက်နဲ့ အဲဒီလိုကပ်ကပ်ထား ဟုတ်လား၊ အဲဒီလိုကပ်လျှင်၊ မှတ်လိုက်လျှင်၊ ပျက်သွား၊ မှတ် လိုက်လျှင်၊ ပျက်သွား၊ မှတ်လိုက်လျှင်၊ ပျက်သွားလို့ မှတ်တိုင်း၊ မှတ်တိုင်း၊ အပျက်ကို မြင်မြင်နေမယ်ဆိုလျှင် မှတ်ရတာမှန်း၊ မနားမနေ မအိပ်ရဘဲ၊ အစားအသောက် တောင်မှ ဆင်ခြင်တုံ တရားနဲ့ စားပြီး သကာလ၊ မနား မနေ မှတ်ရခြင်းဟာဖြင့် ပျက်ပျက်သွားလို့ အပျက်ပေါ်မှာ အပြစ်တွေမြင်တတ်၊အပြစ် တွေ မြင်မယ် ဆိုလျှင် မှတ်ရတာ မုန်းလာတတ်၊ မမှတ်ချင် တော့ဘူး။

မမှတ်ချင်သော်လဲဘဲ၊မှတ်မှလွတ်မည်ထင်သည် ဖြစ်လေသော ကြောင့် မုန်းမုန်းနဲ့ပင် မှတ်ရတယ်၊ မုန်းမုန်းနဲ့မှတ်လိုက်တယ် ဆိုလို့ရှိလျှင် မှတ်စိတ် ဆုံးရော၊ မဂ်ဉာဏ်လဲ လာတတ်တယ်၊ ဖိုလ်ဉာဏ်လဲ လာတတ်တယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ လာပြီဆိုလို့ ရှိလျှင် ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးကိုလဲဘဲ တခါ မြင်တတ်၊ ရှင်းရဲ့လား ?

။ ရှင်းပါတယ်ဘုရား။ ။

အဲဒါ ပေါ်တဲ့ရုပ်နဲ့ လိုက်သိတဲ့ နာမ်တရား မှတ်ပုံကလေး.... ပေါ်ဒါနဲ့ သိဒါ၊ ဆုံဆုံပြီးတော့မှတ်၊ သိလိုက်တိုင်း၊ သိလိုက် တိုင်း၊ အပျက်တွေ ကပ်ကပ်သွား၊ ပူသိပျက်၊ အေးသိပျက်၊ လှုပ်သိပျက်၊ လှုပ်သိပျက်မှာလဲဘဲ ဒိတ်သိပျက်၊ လှုပ်သိပျက်၊ ရှသိပျက်၊ ဖျင်းသိပျက်၊ စစ်သိပျက်လို့ ဒါက ရုပ် ဘက်က၊ နာမ်တရားဘက်ကဆိုလျှင် ဆင်းရဲ သိပျက်၊ ချမ်းသာ သိပျက်၊

ဆင်းရဲသိပျက်,မှာ လဲဘဲ ကျင်ဃိပျက်, ထုံသိပျက်, နာသိပျက်, ကိုက်သိပျက်,စသည်တို့ဖြင့် သိပျက်,သိပျက်,ကပ်လာပြီးကာလ၊ မှတ်မယ်ဆိုလျှင် မှတ်စိတ်ဆုံးလျှင် မဂ်ဉာဏ်လာ, မဂ်ဉာဏ်လာပြီ ဆိုလျှင် ဖြစ်ပျက်,ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မြင်ရတော့မယ်၊ မြင်ချင်တယ်ဆိုလို့ ရှိလျှင် မှတ်ကြရမယ်၊ မှတ်ချင်တဲ့ စိတ်ရှိလို့ ရှိလျှင် မှတ်ကြရအောင် ပြင်ကြပေတော့။

ကဲ....အဓိဋ္ဌာန်ပြုရအောင် လိုက်ဆိုကြ။

တပည့်တော်များသည် ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန် တဘက်ကမ်းကို၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်,ဖြင့် လှမ်းမြင် ရလေအောင် ခန္ဓာကိုယ်မှာ ယခုအချိန်ကစ၍ တနာရီတိတိ ပေါ်လျှင်သိ, သိလျှင်ပျက်, ပေါ်သိပျက်, ပေါ်သိပျက်,မှတ်၍သာ နေပါမည်။ မှတ်နေတုန်းမှာ ငိုက်သန်း, ပျင်းဝေ, စိတ်လေ, စိတ်လွင့်, စိတ်ကူး, အချောင်နေတာ ပေါ်ခဲ့ပါလျှင် ချက်ခြင်းပင် ဖျောက်ပစ်ပြီးကာ၊ တနာရီတိတိ အမှတ်ဖြင့်သာ နေပါမည် နေပါမည် အရှင်ဘုရား။

မှတ်ကြ.... မှတ်ကြ၊ တောင့်တောင့် တင်းတင်း ကြီးလဲ လုပ်မထားကြနဲ့, အသက်ရှူ ပြင်းပြင်းကြီးလဲ လုပ်မထားနဲ့....။

ကဲ....တနာရီစေ့ပါပြီ၊ မျက်လုံး မဖွင့်နဲ့, ပေါ်ဒါ မှတ်၍ "ဖြေးဖြေး-ဖြေးဖြေး" ပြင်ကြ၊ လက်ပြင်လျှင် လက်ထဲစိတ်ဖြန့်၊ ခြေထောက်ပြင်လျှင် ခြေထောက်ထဲစိတ်ဖြန့်၊ ကိုယ်ကြီးပြင်လျှင် ကိုယ်ကြီးထဲစိတ်ဖြန့်၊ပေါ်ဒါမှတ်၍ ဖြေးဖြေး-ဖြေးဖြေး ပြင်ကြ။

မြင်တဲ့အခါမှာ လူပျင်းများလို့ မပြင်ချင် ပြင်ချင်နဲ့ အသာလေးလဲ ပြင်ကြ၊ မနေ့က နံနံမေးအုံးမယ်၊ မနေ့က ထိုင်ဒါနဲ့ ကနေ့ထိုင်ဒါ ဘယ့်နှယ်နေသလဲ၊ ပိုမြင်ရဲ့လား ?

။ မြင်ပါတယ်ဘုရား။ ။

ကွက်ကွက် မြင်တဲ့ ပုဂ္ဂိုလ်ဟာ တကိုယ်လုံး ပြန့်ပြီး တော့ မြင်ရဲ့လား ?

။ မြင်ပါတယ်ဘုရား။ ။

တကိုယ်လုံးမြင်တဲ့လူဟာ ဒါဘဲ ထပ်မြင်သော်လဲဘဲ၊ အမြင်ဟာ သန့်တတ်တယ်၊ သန့်ကော သန့်ရဲ့လား ?

။ သန့်ပါတယ်ဘုရား။ ။

ကြမ်းကြမ်း-တမ်းတမ်း မြင်တဲ့လူဟာ ဒီကနေ့ သိမ်မွေ့သွားတတ်တယ်၊ ဆင်းဆင်းရဲရဲ ဖြစ်တဲ့လူဟာ ကနေ့ သက်သာပြီး ချမ်းသာဒါလဲ မြင်တတ်တယ်၊မတူဘူးခေါ်တယ်၊အပူကလေးလဲ ပမာ.... သိပ်ပူနေတာမြင်သော်လဲဘဲ၊ အသိကလေးနဲ့ ကွဲအောင် ရှုလျှင် သက်သာတတ်တယ်။

ပူဒါနဲ့ သိတာဟာ နှစ်ခုလား၊ တခုထဲလား ?

။ နှစ်ခုပါဘုရား။ ။

အပူထဲမှာ အသိ ရှိ-မရှိ ?

။ မရှိပါဘုရား။ ။

အသိထဲမှာ အပူရှိမရှိ ?

။ မရှိပါဘုရား။ ။

ပူဒါက ပူရုံသက်သက်၊ သိတာက သိရုံသက်သက်လို့၊ ဒီလို ရှုမှတ်တတ်တယ်ဆိုလျှင်၊ အပူနဲ့ အသိနဲ့ ကွဲ၊ ရုပ်, နဲ့ နာမ်, ကွဲလျှင်၊ သိပျက်, သိပျက်, ကပ်ပြီးတော့မှတ်နေတဲ့လူဟာ၊ နာမ်မှာ ချမ်းသာလာတတ်တယ်၊ နာမ်တရားမှာ ချမ်းသာလာတတ်တယ်၊ နာမ် ချမ်းသာလာပြီဆိုလျှင်၊ စိတ် ကောင်း လျှင် ကိုယ် နု ဆို တဲ့ အတိုင်း၊ ရုပ်ဘက်ကလဲ ချမ်းသာလာတတ်တယ်။

အပူကလေးဟာ ကစတစ, ချုံချုံ, ချုံချုံ, သွားပြီးသကာလ၊ နောက်ကို အေးဒါ ဆက်မြင်တတ်တယ်၊ ကြမ်း တာ မှတ် နေ တဲ့ ပုဂ္ဂိုလ်တယောက်ကြမ်းတာကလေးကတခြား မှတ်တဲ့ မှတ်စိတ်ကလေးက တခြား,လို့ ကြမ်းတဲ့ထဲမှာအသိမပါ၊ အသိထဲမှာ ကြမ်းတာမပါ၊ ဒီလိုကြမ်းတာနဲ့ သိတာ၊ ရုပ်,နဲ့ နာမ်,နဲ့ ကွဲအောင် ရှုတတ်မယ်ဆိုလျှင်၊ ပေါ်တဲ့ရုပ်ဘက်က ဘယ်လောက်ပင် ကြမ်းသော်လဲဘဲ၊ မှတ်တဲ့မှတ်စိတ်ဘက်ကဆိုလျှင်၊ သိမ်မွေ့ပြီးတော့ ချမ်းသာလာတတ်၊ နာမ်, ချမ်းသာ လာတတ်တယ်၊ နာမ်အေးတတ်။

နာမ်, ချမ်းသာလာပြီဆိုလျှင်၊ စိတ်ကောင်းလျှင် ကိုယ်နုလို့ ဆိုသောကြောင့်၊ ရုပ်ကလေးလဲ သိမ်မွေ့သွားတတ်၊ ရုပ်ဘက်ကလဲဘဲ ချမ်းသာပြီးတော့ လာတတ်တယ်၊ ဒါကြောင့် ပေါ်ဒါနဲ့ သိတာ နှစ်ခုကွဲအောင်ရှုကြ၊ ရုပ်,နဲ့ နာမ်,နဲ့ နှစ်တန်ကွဲအောင် ရှုကြ၊ ကွဲရော ကွဲရဲ့လား ?

။ ကွဲပါတယ်ဘုရား။ ။

**တပေါ်နှစ်မှတ်ဒိဋ္ဌိရပ်။**

ပေါ်ဒါနဲ့ သိတာနှစ်ခုကွဲလျှင်၊ ရုပ်နဲ့ နာမ်၊ နှစ်ခုကွဲလျှင်၊ ငါဆိုတဲ့ အတ္တဒိဋ္ဌိပြုတ်တတ်တယ်၊ အသွား အနေ အကျောဆိုတဲ့ ကောဋ္ဌာသဒိဋ္ဌိလဲ ပြုတ်တတ်တယ်၊ ခေါင်းကို ခြေလက် စသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းဆိုတဲ့ သမူဟ ပညတ်ဒိဋ္ဌိလဲ ပြုတ်တတ်တယ်၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ အသက်၊ လိပ်ပြာ၊ အကောင်သတ္တဝါဆိုတဲ့၊ ဇာတိသဏ္ဌာန ပညတ်ဒိဋ္ဌိလဲ ပြုတ်တတ်တယ်၊ ဒိဋ္ဌိစွဲပြုတ်မယ်ဆိုလျှင်၊ ငါ့ဟာငါပိုင်တာဆိုတဲ့ တဏှာစွဲလဲ ပြုတ်တတ်တယ်၊ မှတ်ထားကြ။

ယောဂီခန္ဓာမှာ အသွားတင်ကတော့ ပေါ်လျှင်သိ၊ သိလျှင် ပျက်၊ ပေါ်သိပျက်ဘဲ၊ ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ပေါ်ဒါနဲ့ သိတာ ဒီနှစ်ခုတင်မရပ်ဘူး၊ ယခု တရားတွေက "သိလိုက်လျှင် ပျက်သွား၊ သိလိုက်လျှင်ပျက်သွား" လို့ အပျက်မှာ သွားရပ်တယ် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ပေါ်ဒါနဲ့ သိတာ ဒီနှစ်ခုလောက်တင်မထား "သိလိုက်လျှင် ပျက်သွား၊ သိလိုက်လျှင် ပျက်သွားလို့ အပျက်ထိအောင် ဉာဏ် မှာရောက်တတ်တယ်၊ဒါကြောင့်လုပ်ငန်းတွေ ဖြတ်ထိုးခေါ်တယ်၊ မြန်တယ်၊ နာမ်ရုပ်တင်မနေတော့ဘူး၊ ဖြစ်ပျက်ထိအောင် မြင် သောကြောင့် "ဥဒယဗ္ဗယ" ဉာဏ်ပါလာတယ်၊ ဟုတ်ဘူးလား ?

။ ဟုတ်ပါတတ်ဘုရား။ ။

ဥဒယဗ္ဗယဉာဏ် ပါ့ ပါလာတယ်၊ ဖြတ်ထိုးတွေ များကြ၊ ဖြစ်ထာ ပျက်ထာလေးလဲသိအောင်ဖြတ်ပြမယ်၊ ပေါ်တဲ့ရုပ်ဘက်က၊ ပေါ်တဲ့ရုပ်ဘက်က၊အပူကလေးဟာ၊ တိုးပူ့ တန့်ပူ့ လျော့ပူ့ ဆိုလျှင်၊ ရှေ့အပူနဲ့ နောက်အပူဟာ၊ ပြတ်တတ်တယ်၊ တိုးလဲ မတိုး၊ လျော့လဲမလျော့ပါဘဲနဲ့ တန့်ပူဆိုလျှင်၊ အပူသည် ရှေ့ နောက်မပြတ်ဘူး၊ မပြတ်လျှင့်အပူခါတ်ပြတ်တယ် မထင်လျှင်၊ သူနဲ့တွဲဘက်ဖြစ်တဲ့ အရှိန်နဲ့ဖြတ်ုမှတ်ထားကြ၊ ရုပ်နဲ့ မပြတ် လျှင် ထင်ရှားတဲ့ရုပ်နဲ့ ဖြတ်ပြစ်လိုက်ရတယ်။

အပူတခု၊ အရှိန်တခု၊ အပူတခု အရှိန်တခုဆိုလျှင်၊ ရှိန်းရှိန်း, ရှိန်းရှိန်း, နဲ့ မနေဘူးလား ?

။ နေပါတယ်ဘုရား။ ။

ရုပ်ဖြတ်ပုံမှာတင်ပြတာ။

မှတ်ထားကြ။ ။စက်ဥသြလေး စပါးကြိတ်တဲ့ စက် ဥ သြ ကလေးပြောမယ်၊တူတူ့ တူတူ့ နဲ့မှတ်ထာ၊ ပြတ်မှတ်ထာတမျိုး တူ....လို့မှတ်ထာ ဆက်မှတ်ထာတမျိုး စက်ဥသြ နှစ်မျိုးရှိတယ်၊ တူတူ့ တူတူ့ တူတူ့နဲ့မှတ်လျှင်၊ နှစ်တူတပြိုင်နက် မြည်သလား၊ တတူပြီးမှ တတူမြည်သလား ?

။ တတူပြီးမှ တတူမြည်ပါတယ်။ ။

ဟော....ကြည့်ဒါဖြင့်ရှေ့တူနဲ့ နောက်တူကြားထဲမှာ အပြတ် တခုရှိတယ်၊ အပြတ်တခုလျှင်၊ တူဆိုလျှင်တိုတယ်။

မတိုဘူးလား ?

။ တိုပါတယ်ဘုရား။ ။

တိုလျှင်မြန်တယ်၊ တူဆိုလျှင် ပျောက်သွားတာဘဲ၊ တူဆိုလျှင် နားထဲမှာ မကြားဘူးလား ?

॥ ကြားပါတယ်ဘုရား။ ॥

တူဆိုတာနက်တပြိုင်နက်၊ တူလဲတိုတယ်ဆိုလျှင်၊ ကြားတာလဲ တိုတယ်၊ တူလဲမြန်တယ်ဆိုလျှင်၊ ကြားတာလဲမြန်တယ်ဟုတ် လား ?

॥ မြန်ပါတယ်ဘုရား။ ॥

တိုမြန်ဆိုလျှင် တူလေးပျောက်ထာဟာ လျှင်မြန်တယ်၊ ကြား တာလေးပျက်ထာဟာလဲ အင်မတန်လျှင်မြန်တယ်လို့၊ အဲဒီ လိုမှတ်ထား ရှင်းရဲ့လား ?

॥ ရှင်းပါတယ်ဘုရား။ ॥

အခုလဲ ဒီလိုဘဲ....နောက်ပြီးတော့ စက်ဉာဏ်ကလေး တူ ....ဆို လျှင်၊မဆက်ဘူးလား ရှေ့တူနဲ့နောက်တူ မဆက်ဘူးလား ?

॥ ဆက်ပါတယ်ဘုရား။ ॥

ဆက်လျှင်ရှည်မသွားဘူးလား ?

॥ ရှည်သွားပါဘုရား။ ॥

ဟော....တူဆိုလျှင်အရှည်ကြီးဘဲ မှတ်လိုက်ထာ၊ တမိနစ်ကြာ တယ်၊ နှစ်မိနစ်ကြာတယ်၊ သုံးမိနစ်ကြာတယ်၊ လေးမိနစ်ကြာ တယ်၊ ငါးမိနစ်ကြာတယ်ဆိုလျှင်၊ အဲဒါတွေဟာ တူရှည်တယ် ခေါ်တယ်၊ ရှည်လျှင် နှေးတယ်ခေါ်တယ်၊ နှေးလို့ရှိလျှင်၊ အ ပျက်လဲ နှေးတယ်လို့မှတ်ရတယ်၊ အဲဒီ စက်ဉာဏ်မှာ၊ ပြတ်မှတ်၊ ဆက်မှတ်၊ နှစ်မျိုးရှိသလို ခန္ဓာထဲသွင်းကြည့်ရတယ်။

ရှိန်းရှိန်း, ရှိန်းရှိန်း, ကလေးတွေ မတွေ့ဘူးလား ?

॥ တွေ့ပါတယ်ဘုရား॥ ॥

ရှိန်းရှိန်း, ရှိန်းရှိန်း,နဲ့ ပေါ်သလား၊ ရှိန်း,လို့ပေါ်သလား ?

॥ ရှိန်းရှိန်း, ရှိန်းရှိန်း,နဲ့ ပေါ်ပါဘုရား॥ ॥

ရှိန်းရှိန်း, ရှိန်းရှိန်း,နဲ့ပေါ်လျှင်၊ပြတ်သလား ဆက်သလား ?

॥ ပြတ်ပါတယ်ဘုရား॥ ॥

ပြတ်လျှင် ရှည်သလား တိုသလား ?

॥ တိုပါတယ်ဘုရား॥ ॥

မြန်သလား နှေးသလား ?

॥ မြန်ပါတယ်ဘုရား॥ ॥

ဟော.... ကြည့်၊ ရှိန်းဆိုလျှင် ပျက်သွား တာဘဲ၊ မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ပျက်သွားတာဘဲ၊ နေရာမရွေ့ဘဲနဲ့ ပျက်သလား၊ ရွေ့ပြီးပျက်သလား ?

॥ မရွေ့ဘဲနဲ့ ပျက်ပါဘုရား॥ ॥

ဟော....ဒါက လျင်မြန်စွာ မြင်တဲ့ ပုဂ္ဂိုလ်ခေါ်တယ်၊ နေရာရွေ့ပြီးမှ ပျက်တယ်ဆိုလျှင် အဲဒါက မလျင်မြန်ဘူး၊ ပရမတ်မစစ်သေးဘူး ခေါ်တယ်၊ နေရာ မရွေ့ ဘဲနဲ့ ပျက်တယ်လို့ ဒီလိုသိလျှင် ရှိန်းလေးတွေဟာ တိုတယ်, မြန်လဲ မြန်တယ်, ပျက်တဲ့အခါမှာ လျှပ်တလက်မက မြန်တယ်လို့ သိပလား ?

॥ သိပါတယ်ဘုရား॥ ॥

ဒါဖြင့် ရှိန်းရှိန်း, ရှိန်းရှိန်း လေးတွေဟာ တိုလဲ တိုတယ်, မြန်လဲ မြန်တယ်လို့ ဆိုတာမှတ်ထား၊ ရုပ်ဘက်က ဆုံးဖြတ်လိုက်တယ်။

**နာမ်ဖြတ်အစုံ တင်ပြပုံ။**

ရှိန်းဆိုလျှင် မသိဘူးလား ?

॥ သိပါတယ်ဘုရား။ ॥

အဲဒီ....ရှိန်းနဲ့ သိတာဟာ တပြိုင်နက်ပေါ်တယ်,တပြိုင်နက် ပျက်တယ်, ရှိန်းကလေးတွေ တိုလျှင် အသိကလေးကော ?

॥ တိုပါတယ်ဘုရား။ ॥

ရှိန်းကလေးတွေ မြန်တယ်ဆိုလျှင် အသိကလေးကော ?

॥ မြန်ပါတယ်ဘုရား။ ॥

မြန်တာဘဲ၊ ရှိန်းကလေးတွေဟာ လျှပ်တလက်မက မြန်တယ်ဆိုလျှင် အသိကလေးကော လျှပ်တလက်မက မြန်ဒါဘဲ၊ ရုပ်နဲ့ နာမ် ပြိုင်တူဖြစ်, ပြိုင်တူပျက်လို့ အဲဒီလိုလဲရှု မှတ်ထားနော်....၊ သဘောကျရဲ့လား ?

॥ ကျပါတယ်ဘုရား။ ॥

ဒါ- နမူနာတခု ပြောပြထားတာ၊ အဲဒါ မှတ်ထားကြ၊ ရှိန်း, ရှိန်းနဲ့ အပြတ်၊ ဒီကလဲ ရှိန်းတခု၊ အသိတခု၊ ရှိန်း ဆယ်ခု၊ အသိဆယ်ခု၊ရှိန်းပေါင်း တရာဆိုလျှင် အသိပေါင်းတရာ၊ သူ့ ရှိန်းနဲ့, သူ့အသိနဲ့, ပျက်ပုံကလေးတွေ မှတ်ကြ။

နောက်ပြီးတော့ ခန္ဓာထဲမှာဆိုလျှင် ရှု့ကလေးတွေ မပေါ်ဘူးလား ?

॥ ပေါ်ပါတယ်ဘုရား॥ ॥

သေးသေးလား ကြီးကြီးလား ?

। သေးသေးပါဘုရား॥ ॥

နဲနဲလား များများလား ?

॥ များများပါဘုရား॥ ॥

သေးသေးလေးနဲ့ အများကြီး ဆိုလျှင် အကြား မြင်တယ် ခေါ်တယ်, အကြားမြင်တယ်၊ အကြားမြင်မယ်ဆိုလျှင် အသား အရေ, အကြော့ဆိုတဲ့ ကောဋ္ဌာသ-တွေ စင်သွားတာဘဲ၊ခေါင်း, ကိုယ်, ခြေ့လက်, စသော ကိုယ်အင်္ဂါ အစိတ် အပိုင်း တွေလဲ စင်သွားရော၊ ယောကျ်ား, မိန်းမ့ လူ, နတ်, ဗြဟ္မာ, အသက်, လိပ်ပြာ, အကောင်, သတ္တဝါ့တွေလဲ စင်သွားရော။

ရှု့လေး တွေဟာ အသား မဟုတ်ပါ တကား၊ ခေါင်းလဲ မဟုတ်ပါတကား၊ ယောကျ်ား့မိန်းမ့လဲ မဟုတ်ပါတကားလို့ ထင်တတ်တယ်၊ ဘာတွေလဲလို့ မေးလျှင် ရှုတွေပေါ့, အမှုံတွေ ပေါ့၊ စာ တတ် လျှင် ပထဝီ ဓါတ်တွေပေါ့, ရုပ်တွေပေါ့, ပရမတ်တွေပေါ့လို့ ပြောတတ်တယ်။

မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ပြောတတ်ထာဘဲ၊ ပြောတတ်လျှင် အစစ်မြင်တယ်ခေါ်တယ်၊ အဲဒီ ရှု့ကလေး သေးသေးနဲ့ အများကြီးလဲ တခါ့ တခါ့ ဖြစ်ပျက်ပုံပြောမယ်။

ရှရှ, ရှရှ,နဲ့ ဖြစ်သလား၊ ရှ,လို့ ဖြစ်သလား ?

။ ရှရှ, ရှရှ,နဲ့ ဖြစ်ပါတယ်ဘုရား။ ။

ဒါဖြင့် ပြတ်ဖြစ်သလား၊ ဆက်ဖြစ်သလား ?

။ ပြတ်ဖြစ်ပါတယ်ဘုရား။ ။

နှစ်ရှ တပြိုင်နက် ဖြစ်သလား တရှ ပြီးမှ တရှ,ဖြစ်သလား ?

။ တရှပြီးမှ တရှ ဖြစ်ပါတယ်ဘုရား။ ။

ဒါဖြင့် ရှ, တိုပေါ့၊ တိုလျှင် မြန်ပေါ့၊ မြန်လျှင် ဒီ ရှ,ကလေး သည် လျှပ်တလက်မက ဖြစ်လိုက်, ပျက်လိုက်, နဲ့ နေတယ် ဆိုတာ ယုံတော့ ?

။ မှန်ပါဘုရား။ ။

ရှ,တခု အသိ,တခုလာ၊ ရှ,ဆယ်ခု၊ အသိ,ဆယ်ခု လာတယ် မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အသိ ဆယ်ခု လာတယ်၊ ရှကလေးတွေ ဟာဖြင့် တိုတိုနဲ့ မြန်မြန် ပျက်တယ် ဆိုလျှင် အသိ အမှတ် ကလေးတွေ ဟာဖြင့် တိုတိုနဲ့ မြန်မြန် ပျက်တယ်လို့ ဒီလိုဘဲယူထားကြ။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

**အာကာသဓါတ် အကြားပြတ်။**

ခန္ဓာမှာဆိုလျှင် စစ်စစ်, စစ်စစ်,ကလေးတွေ မတွေ့ဘူးလား?

။ တွေ့ပါတယ်ဘုရား။ ။

သေးသေးလား ကြီးကြီးလား ?

။ သေးသေးပါဘုရား။ ။

နဲနဲလား များများလား ?

။ များများပါဘုရား။ ။

သေးသေး နဲ့ များများ တွေ့မယ်ဆိုလျှင် အကြားတွေပြီ၊ အာကာသ အကြားတွေ့မယ်ဆိုလျှင် ခုနလို သဏ္ဍာန ပညတ်တွေ ပျောက်။

**ပျောက်ပုံ။** ။ရှရှ ကလေးတွေဟာ အသား မဟုတ်ပါတကား၊ ခေါင်း မဟုတ်ပါတကား၊ ယောက်ျား၊ မိန်းမ မဟုတ်ပါတကား၊ ဘာလေးတွေလဲ၊ စစ်စစ် ကလေးတွေပေါ့။

မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

စစ်စစ် ကလေးတွေပေါ့၊ နောက်ပြီးတော့ ဆိုလျှင် လဲဘဲ စာတတ်လို့ ရှိလျှင် ပထဝီ ဓါတ်ကလေးတွေပေါ့၊ အမှုန့် ကလေး တွေပေါ့၊ အမာဓါတ်ကလေး တွေပေါ့၊ ပြောတတ် ရတယ်၊ စာမတတ်သော ပုဂ္ဂိုလ်က အမှုန်ကလေးတွေဘဲ ဒို့ တွေ့ရတယ်၊ အဲဒီလိုပြောရမယ်၊ တချို့ စစ်ခန်ဆိုလျှင် သန်းလေး ခြင်လေး ကိုက်လိုက်တော့ နဲနဲနာတယ်၊ ဝေဒနာ ပါတတ်တယ်၊ ဝေဒနာ ပါတတ်ပြီဆိုလျှင် ရှုပုံ။

စစ် ထင်ရှားလျှင် စစ် သိပျက်၊ နာဒါ ထင်ရှားလျှင် နာသိ ပျက်၊ နှစ်ခုလုံး ထင်ရှားမယ်ဆိုလျှင် နှစ်ခုလုံး သိပျက်ကပ်... ရှင်းသွားပလား ?

။ ရှင်းပါပြီ....ဘုရား။ ။

ရှုမှတ်ပုံကလေး....။ စစ်တခု - အသိတခု, စစ် ဆယ်ခု, အသိ ဆယ်ခု, စစ်ပေါင်းတရာ, အသိပေါင်းတရာ, သူ့ စစ် နဲ့ သူ့ အသိ, ပျက်ပုံ....ပျက်ပုံရှု, စစ်ကလေးဟာ စစ်စစ် နဲ့ ဖြစ် သ လား - စစ်....လို့ အရှည်ကြီး ဖြစ်သလား ?

။ စစ်စစ်နဲ့ ဖြစ်ပါတယ်....ဘုရား။ ။

ရုပ်နာမ်အပြတ် မြင်ပုံ။

ဒီလိုဆိုလျှင်, စစ်ဟာ တိုတယ်, မြန်တယ်, အသိကလေးလဲ တိုတယ်....မြန်တယ်၊ မြန်တယ် ဆိုလျှင်, လျှပ်တလက်မက, မြန် တယ်လို့....ဆုံးဖြတ်ကြ။

ရုပ်နဲ့ နာမ်နဲ့ အပြတ်မြင်ပုံ....။ ဒီပြင်လဲဘဲ, ဖျင်းကလေး တွေ, ဒိတ်ကလေးတွေ, လှုပ်ကလေးတွေ, ဖျပ်ကလေးတွေ, ဆပ် ကလေးတွေ, သဲကမ်းပါးများ, ဖြုတ်ဖြုတ်.... ဖြုတ်ဖြုတ် နဲ့, ပြိုကျနေသလို လေးတွေ, အကုန်လုံး လိုက်ပြီးသကာလ အပြတ် တွေ....ရှုပေတော့။

။ သဘောကျ ပလား ?

။ ကျပါတယ်....ဘုရား။ ။

ကဲ....ဒါဖြင့် 'ချုံး' ပေါ်ဒါသည် ရုပ်ရှင်စနစ်လို မျိုးစုံ, ပေါ်သောကြောင့် ရုပ်,သိတာသည် ပေါ်တိုင်း လိုက် သိ နေ သောကြောင့် နာမ်....ပေါ်သိ ရုပ်နာမ် စစ်လာပြီ။ ။

ပေါ်သိ စစ်လျှင်, ဖြစ်ခြင်း....ပျက်ခြင်းပါမလာဘူးလား ?

။ ပါလာပါ....ဘုရား။ ။

ရုပ်နာမ်စစ်လျှင် ဖြစ်ခြင်း, ပျက်ခြင်း, ပါမလာဘူးလား ?

။ ပါလာပါဘုရား။ ။

ပါလာတယ်, ယောဂီတို့မြင်တဲ့ ရုပ် နာမ်သည် စစ်ကဲ့လား

။ စစ်ပါတယ်....ဘုရား။ ။

ဘာမြင်လို့လဲ မေးလျှင်, ဖြစ်ပျက် ပါလာလို့ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

ပါးစပ် ပြောတဲ့ ရုပ် နာမ်၊ နားမှာကြားတဲ့ ရုပ်နာမ်၊ စာထဲမှာ ရေးပြတဲ့ ရုပ်နာမ်၊ စာအုပ်ထဲမှာ ပါလာတဲ့ ရုပ် နာမ် တို့သည် မစစ်ဘူး၊ ဘာ့ကြောင့်လဲ ဖြစ်ခြင်း, ပျက်ခြင်း မပါဘူး။

**သင်္ခတလက္ခဏာ။** ဆိုတာ ဖြစ်ပျက်ခေါ်တယ်၊ သင်္ခတသည် ရုပ်နာမ်၊ လက္ခဏာ သည် ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက် ခေါ်တယ်။

**အသင်္ခတလက္ခဏာ။** အသင်္ခတ....ဆိုတာ နိဗ္ဗာန်၊ လက္ခဏာသည် မဖြစ် မပျက် ခေါ်တယ်။

နိဗ္ဗာန်၏ လက္ခဏာ ဆိုလျှင်, မဖြစ်ရဘူး.... မပျက်ရဘူး....၊ သင်္ခတ ရုပ်နာမ်၏ လက္ခဏာ ဆိုလျှင်, ဖြစ်ရမယ်, ပျက်ရမယ် ခု....ရုပ်နာမ် စစ်ကဲ့လား ?

။ စစ်ပါတယ်....ဘုရား။ ။

ဘာမြင်လို့လဲ ?

။ ဖြစ်ပျက် မြင်လို့ပါ....ဘုရား။ ။

ဟော....ဖြစ်ခြင်း, ပျက်ခြင်း မြင်လို့တဲ့၊ မှတ်ထားကြ။ ယခုရုပ်, နာမ်, တင်မတည်တော့ဘူး၊ အသိကလေးသည်၊ရုပ်, နာမ်, တင်မရပ်တော့ဘူး၊ ဖြစ်ခြင်း ပျက်ခြင်းထိအောင်သွားပြီတဲ့၊ မသွားဘူးလား ?

॥ သွားပါတယ်ဘုရား॥ ॥

သွားကြ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ကော လျှပ်တလက်မက မြန်တယ်ဆိုတာကော ကိုယ်တိုင်သိရဲ့လား ?

॥ သိပါတယ်ဘုရား॥ ॥

မှတ်ထားကြ။ ॥တချို့ နဲနဲလိုတဲ့လူလဲရှိလိမ့်မယ်၊ လိုတာ သိပ်စေလေ၊ သူ့အတိုင်းမှတ်ပေါ့၊ မှတ်နေမယ်ဆိုလျှင်၊ တဖြေးဖြေး, တဖြေးဖြေး, မြန်လာလိမ့်မယ်၊ နေရာရွေ့ပျက်တဲ့လူသည်, မရွေ့ဘဲနဲ့ ပျက်ထာမြင်လာလိမ့်မယ်၊ စာကိုက်, ခန္ဓာကိုက်ဖြစ်လာလိမ့်မယ်၊ ဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဖြစ်လာလိမ့်မယ်ခေါ်....

ဖြစ်ပျက်အစစ် ပရမတ်ဖြစ်။

ယတ္ထဥပ္ပဇ္ဇန္တိ တတ္ထဘိဇ္ဇန္တိ ပရမတ္ထတော၊<br>
ကေသဂ္ဂမတ္တမ္ပိ သမိရဏာ ဘာဝတော။

ပရမတ္ထတော၊ အမှန်ဆုံးသဘော၊ ကေန်ပြောရမှာဖြင့်။ကေသဂ္ဂမတ္တမ္ပိ ၊ ဆံချည်ပင် တဖျားခန့်မျှသော်လည်း။ သမိရဏာဘာဝတော၊ ပြောင်းခြင်း, ရွေ့ခြင်း, ယိမ်းခြင်း, ယိုင်ခြင်း,

တုန်ခြင်း, လှုပ်ခြင်း, နဲနဲလေးမျှမရှိပါ၊ ပရမတ်ဆိုတာ၊ ဆံချည်ပင်တဖျားခန့်မျှ၊ ယိမ်းတယ်, ယိုင်တယ်, တုန်တယ်, လှုပ်တယ်, အထက်တက်တယ်, အောက်ဆင်းတယ်, အပြင်ဘက်ထွက်တယ်, အထဲဝင်တယ်, ဘေးပြန့်တယ်, ဆိုတာ၊ နဲနဲကလေးမှ မရှိဘူး၊ သမိရဏာ ဘာဝတော၊ ပြောင်းခြင်း, ရွေ့ခြင်း, ယိမ်းခြင်း, ယိုင်ခြင်း, တုန်ခြင်း, လှုပ်ခြင်း, အထက်တက်ခြင်း, အောက်ဆင်းခြင်း, အထဲဝင်ခြင်း, အပြင်ထွက်ခြင်း, ဘေးပြန့်ခြင်း,မရှိသည်အဖြစ်ကြောင့်။ ယတ္ထ၊အကြင်အကြင်နေရာ၌။ဥပ္ပဇ္ဇန္တိ၊ ပေါ်တက် ပေါ်တက်, လာတတ်ကြကုန်၏။ တတ္ထ တတ္ထ၊ ထိုထိုပေါ်တက် ပေါ်တက်, လာရာနေရာ၌ပင်လျှင်။ဘိဇ္ဇန္တိ၊ မြန်မြန်ကြီးပျက်၍ သွားရရှာကုန်လေတော့၏တကား။

သာဓု....သာဓု....သာဓု။

ဒါပရမတ်စစ်ထာပြောဒါ,ဖြစ်တဲ့နေရာမှာတင်ပျက်ရ၊ ဆံချည်ပင်တပြားခန့်မှ၊ ရွေ့ခြင်းမရှိရဘူး၊ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီအတိုင်းမြင်တဲ့လူကတော့အမြင်သန့်ပြီခေါ်တယ်၊ ပရမတ်စစ်မြင်ပြီခေါ်၊ အဲဒီအတိုင်းမမြင်သေးပါဘူး၊ အထက်လဲတက်ထာတွေ, အောက်လဲဆင်းတာတွေ, အထဲလဲဝင်တာတွေ, ပတ်ဝန်း ကျင် လဲ ပြန့်နှံ့ပြီးတော့ နေတာကွေ့ ပါသေးတယ်ဆိုလျှင်၊ သင်သိရှ။

**ဥပမာ။** ။တင်ပါးကရှိန်းကနဲဆိုလျှင်၊ပူရှိန်ဟပ်လိုက်တာ ခေါင်းကျမှ ပျက်တယ်၊အုပ်ရှူရတယ်၊ဖြန့်ပြီးတော့ တပြိုင်နက်ရှူရတယ်၊ ဖြန့်ပြီးတော့ တပြိုင်နက်ရှူရမယ်ဆိုလျှင်၊ နောက်တော့ လည်ပင်းလောက်မှာပျက်၊ နောက်ခါးလောက်မှာပျက်၊ နောက်တင်ပါးကအပူသည်၊ တင်ပါးမှာဘဲပျက်၊ တင်ပါးကအရှိန်သည်၊ တင်ပါးမှာဘဲ့ ပျက်လို့၊ နောက် အမြင်သန်....သန်သလို ထင်တတ်ှ ဟုတ်ဘူးလား ?

ဟုတ်ပါတယ်....ဘုရား။ ။

ထင်တတ်တယ် ခေါ်၊ စိတ်လဲ မကစားရဘူး၊ ခလေးလိုဘဲ ရုပ်တွေဟာ အထက်ကို တက်တယ်လို့ စိတ်က မှန်းလိုက်လျှင်၊ အထက်သို့ တက်တယ်ထင်၊ အောက်ဆင်းတယ်လို့ စိတ်က မှန်းလိုက်လျှင်၊ အောက်ဆင်းတယ်ထင်၊ လက်ျာရစ် လည်နေပါ.... တကားလို့ စိတ်က ထင်လိုက်လျှင်၊ လက်ျာရစ် လည်နေတယ် ထင်ရတယ်၊ ဟာ....လက်ဝဲရစ် လည်နေပါကလား လို့ စိတ်က ထင်လိုက်လျှင်၊ လက်ဝဲရစ် လည်နေတတ်။

ဒါကြောင့် စိတ်မကစားရဘူး၊ စိတ်က ငြိမ် ငြိမ် က လေးထား၊ ပေါ်လိုက်လျှင်၊ သိပျက်၊ ပေါ်လိုက် လျှင် သိပျက်၊ အဲဒီလောက်သာ မှတ်ရတယ်၊ စိတ်မကစားနဲ့ ဟို မိုးရိပ် တွေ သူဘာသာ....သူသွားလာနေတာ ကြည့်တဲ့ပုဂ္ဂိုလ်က ဟာ....ကျွဲကလေးနဲ့ တူလိုက်ထာ၊ နွားလေးနဲ့ တူလိုက်ထာ၊ လူလေးနဲ့ တူလိုက်ထာ ဆိုလျှင် မိုးရိပ် ကလေးတွေက တူသလို ဖြစ် တတ်တယ်....ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

သို့သော် မိုးရိပ်က ဖြစ်ထာ မဟုတ်ဘူး၊ စိတ် က ထင် တာ ခေါ်တယ် ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

ယခုလဲ....ဒီလိုဘဲ၊ ဒါကြောင့်မို့ ယောဂီတို့ စိတ်သည် မကာ စားနဲ့၊ ဘာမှ ကြံစီတွေးတော စဉ်းစား ခြင်းလဲ မလုပ်နဲ့, ပေါ်လိုက်လျှင်, သိပျက်ကပ်၊ အမြင်သန်လျှင်, ပေါ်ဒါတောင်မှ ပူဒါဘဲ, အေးဒါဘဲ, လှုပ်ထာဘဲ, ဆင်းရဲဒါဘဲ၊ ဒါတွေ လုပ်.... မနေနဲ့ ဒါတွေ "သညာသိ" ခေါ်တယ်၊ "သညာ"သိ ခေါ် တယ်....။

**တချက်မှတ်လျှင် လက္ခဏာသုံးခုထင်။**

အဲဒါ ပေါ်လိုက်ထာလေးဘဲ....မှတ်၊ ပေါ်လိုက်ယာလေးဘဲ မှတ်ကြ၊ ဟို....သညာ သိတွေ, ဘာတွေ ပါမနေနဲ့၊ပေါ်လိုက် လျှင် သိ၊ သိလိုက်လျှင် ပျက်၊ ပေါ်ဒါက ရှေ့၊ သိတာက အ လယ်၊ ပျက်သွားဒါက နောက်, အမြင်မသန်ဘူး၊ ပေါ် လိုက် ထာနဲ့, သိ, ပျက်ကပ်တော့ အပေါ်နဲ့ သိပျက်သည် တ ပြိုင် နက်ထဲလို့ စိတ်ထဲမှာ ထင်လာလျှင်, အဲဒါ အပျက်လဲ မြင် ဒါ မြန်တယ်၊ အမြင်သန်တဲ့ ပုဂ္ဂိုလ်လို့ အဲဒီလိုလဲ မှတ်တဲ့ လက္ခဏာ နဲ့ ပြောအုံးမယ်။

ပျက်သွားဒါ မြင်လျှင် မြဲသလား....မမြဲဘူးလား ?

။ မမြဲပါ....ဘုရား။ ။

**No: 20**

အနိစ္စလက္ခဏာ ထင်တဲ့, ဟော.... ပျက် သွား ဒါ မြင် လျှင်, မမြဲဘူး ထင်လျှင်, အနိစ္စ လက္ခဏာဘဲ၊ အနိစ္စ မမြဲဒါ, ဘယ်သူ ခေါ်သလဲ မေးလျှင်, ပေါ်သီ ရုပ်နာမ် ခေါ်တယ်၊ လက္ခဏာက ဖြစ်ပျက်လို့ မှတ်ထားရတယ်၊ ရုပ်နာမ် ကလေးတွေ မမြဲဘူး...., မမြဲဘူး ဆိုတာ, ဘာမြင်လို့လဲ မေးလျှင် ဖြစ်ပျက်ကို မြင်လို့ ဟုတ်ကြရဲ့လား ?

॥ ဟုတ်ပါတယ်....ဘုရား॥ ॥

ဖြစ်ပြီး ပျက်သွားတာ မြင်လျှင်, ရုပ်နာမ်သည် မြဲသလား.... မမြဲဘူးလား ?

॥ မမြဲပါ....ဘုရား॥ ॥

အနိစ္စ လက္ခဏာ ထင်, တချက်၊ ရုပ်နာမ် စစ်လာလျှင်, ဖြစ်ပျက်မပါဘူးလား ?

॥ ပါ, ပါတယ်....ဘုရား॥ ॥

ပျက်သွားဒါ, အောင့်လို့ ရသလား, မရဘူးလား ?

॥ မရပါဘူး....ဘုရား॥ ॥

အဲဒါ သင်္ခါရ ဒုက္ခခေါ်တယ်၊ လက္ခဏာရေး သုံးပါးထဲမှာ ဒုက္ခသည် သင်္ခါရဒုက္ခကောက်ရတယ်၊ သင်္ခါရ = ဖြစ်ပျက်-ဒုက္ခ = မအောင့်နိုင်တာ ဗမာပြန်ကြ။

ရုပ်နာမ်တို့သည် ဖြစ်ခြင်း ပျက်ခြင်း အောင့်နေလို့ ရ-မရ ?

॥ မရပါဘုရား। ॥

အောင့်နေရင်းနဲ့ ဖြစ်ပေါ်လာသည်၊ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တို့သည် မပျက်အောင် အောင့်လို့ ရ-မရ ?

॥ မရပါဘုရား॥ ॥

အောင့်နေရင်းနဲ့ ပျက်သွားဒါဘဲ၊ ဒါကြောင့် ဖြစ်ခြင်း, ပျက်ခြင်း, မအောင့်နိုင်လို့ သင်္ခါရဒုက္ခ၊ ရှင်းထားကြ။

သင်္ခါရဒုက္ခသည် ဘယ်သူလဲ၊ ဖြစ်ပျက်ဘဲ၊ လက္ခဏာတော့ အတူတူဘဲ။ အနိစ္စလက္ခဏာက လက္ခဏာဖြစ်ပျက်၊ ဒုက္ခလက္ခဏာက လက္ခဏာသည် ဖြစ်ပျက်ဘဲ ခေါ်တယ်၊ ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

မှတ်ထားကြ၊ အဲဒါ ထင်ခဲ့တယ်၊ ယောဂီတို့ ဒုက္ခထင်ရဲ့လား မေးလိုက် ?

॥ ထင်ပါတယ်ဘုရား॥ ॥

လျှောက်စမ်း ?

ညောင်းဒါပါဘုရား၊ ထုံတာပါဘုရား၊ ကျင်တာပါဘုရား၊ နာတာပါဘုရား၊ ကိုက်တာပါဘုရား၊ အောင့်တာပါဘုရားလို့ ကိုယ်ဆင်းရဲတဲ့ ဒုက္ခတွေ လျှောက်တတ်တယ်။

စိတ်ညစ်တယ်ဘုရား၊ စိတ်ဆိုးတယ်ဘုရား၊ စိတ်ကောက်တယ်ဘုရား၊ စိတ်မချမ်းသာဘူးဘုရား၊ စိတ်ပူလောင်တယ်ဘုရား-လို့ စေတသိက ဒုက္ခတွေ လျှောက်တတ်။

မဟုတ်ဘူး၊ အဲဒီဒုက္ခတွေက တရားအားမထုတ်သော ပုဂ္ဂိုလ်တွေရော မထင်ဘူးလား ?

॥ ထင်ပါတယ်ဘုရား॥ ॥

ထင်ဒါဘဲ၊ ယခု သင်္ခါရ ဒုက္ခဆိုတာက ဝိဿနာတရား အား ထုတ်တဲ့ ပုဂ္ဂိုလ်မှ ထင်တယ်၊ ဘာဖြစ်လို့လဲ၊ ဝိပဿနာ တရား အားထုတ်မှ ရုပ်နာမ်စစ်တယ်၊ ရုပ်နာမ် စစ်မှ ဖြစ်ပျက်စစ်တယ်၊ အဲဒီ ရုပ်နာမ် စစ်စစ်၊ ဖြစ်ပျက် စစ်စစ်၊ ပေါ်လာမှ သင်္ခါရ ဒုက္ခ ထင်တယ်။

ဒီသား ဆင်းရဲလိုက်ထာ၊ ဒီသမီး ဆင်းရဲလိုက်ထာလို့ ဆိုတော့ အဲဒါတွေဟာ သဏ္ဍာန ပညတ် ဒုက္ခတွေခေါ်တယ်၊ အဲဒီဒုက္ခ တွေဟာ မစစ်ဘူး၊ အဲဒီဒုက္ခတွေ မြင်ရုံနဲ့ မဂ်မကျဘူး၊ သံဝေဂ တော့ ဖြစ်တယ်၊ မဂ်ကျတဲ့ ဒုက္ခကတော့ သင်္ခါရဒုက္ခ ရုပ်နာမ် ပေါ်မှာ ဖြစ်ပျက်စစ်စစ် ပေါ်မှာ ထင်မှတဲ့၊ ဟော.... ပရမတ် ပေါ်မှာ ထင်မှခေါ်တယ်၊ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

သေသေ ချာချာ မှတ်ကြ။ "ပျက်သွားဒါမြင်၊ အောင့်လို့ မရတဲ့ သင်္ခါရဒုက္ခလက္ခဏာထင်" သင်္ခါရဒုက္ခဆိုတာရယ်၊ ဖြစ်ပျက် ဒုက္ခဆိုတာရယ်၊ ခဏိက ဒုက္ခဆိုတာရယ်၊ နာမ်ရုပ် ဒုက္ခဆိုတာရယ်၊ ပရမတ် ဒုက္ခ ဆိုတာရယ်၊ အတူတူ မှတ်ရတယ် ထင်ခဲ့တယ်၊ အတူတူမှတ်နော်....၊ အဲဒါ လက္ခဏာရေး ထင်ခဲ့တယ်ခေါ်....။

ပေါ်သိ ရုပ်နာမ်၊ စစ်လာပြီ ဆိုလျှင် ဖြစ်ပျက်၊ ပါတယ်၊ ကိုယ့်သဘောနဲ့ ဖြစ်သလား သူ့သဘောနဲ့ ဖြစ်သလား ?

။ သူ့သဘောနဲ့ သူ ဖြစ်ပါဘုရား။ ။

သူ့သဘောနဲ့ သူ ဖြစ်ထာ၊ ပျက်ထာ၊ မြင်လျှင် အနတ္တ လက္ခဏာထင်၊ အဲဒါ အပျက်တခုမြင်လျှင် လက္ခဏာရေးသုံးပါး ပါတယ်။

ဒါ တင်ရမလားလို့ မေးတော့ မထင်လျှင် တင်ရတယ်နော်၊ အပျက် မြင်တိုင်း မြင်တိုင်း မထင်လျှင် တင်ရတယ် ထင်ပါတယ် ဘုရား၊ အပျက်မြင်လျှင် အနိစ္စလဲ ထင်ပါတယ်၊ သင်္ခါရဒုက္ခလဲ ထင်ပါတယ်၊ အနတ္တလဲ ထင်ပါတယ်၊ ထင်လို့ ရှိလျှင် အမှတ် ကြဲသလား မကြဲဘူးလားသိရ၊ အမှတ်လဲ ကြဲပါတယ် ဘုရားလို့ ဆိုလျှင် လက္ခဏာတင်ရ၊ မကြဲပါဘူးဘုရားလို့ ဆိုလျှင် လက္ခဏာ မတင်ရဘူး၊ မှတ်မိပလား ?

။ မှတ်မိပါဘုရား။ ။

ကဲ....ဒီနေ့ ရုပ်နာမ် ဖြစ်ပျက် လက္ခဏာ သုံးပါးလို့ မှတ်ကြ၊ ကဲ....အချိန်လဲ စေ့ပြီ....။

ကဲ....ကနေ့.... တရားနာရ.... တရားထိုင်ရ.... တရားအားထုတ် ရတာ ဝမ်းမြောက်ခဲ့ပါလျှင် သုံးကြိမ် သာဓု ခေါ်နိုင် ကြပါ စေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

ဒုတိယနေ့ ထိုင်တရားပြီးပြီ။

ကျေးဇူးရှင်

မူလ ကသစ်ပိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# နာမရူပ ပရိစ္ဆေဒဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိခဏ်း

အလုပ်ပေး ဝိပဿနာ ညတရားတော်

ဥလ္လဘဒေသနာ

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

# နာမရူပ ပရိစ္ဆေဒဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိခဏ်း

## အလုပ်ပေး ဝိပဿနာ ညတရားတော်

ဒုလ္လဘဒေသနာ

နမော-တဿ-ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။

**ကန်တော့ပုံ။**

မျက်လုံး မှိတ်လိုက်၊ ရင်တဲ့မှာထားသော စိတ်ကလေးသည် ဉာဏ်မှန်ပြောင်းတတ်ပြီးသကာလ၊ ရှိခိုးခံရသော ရတနာသုံးပါး နှင့်ဆရာသမားတို့၏ရင်တွင်နာမ်အစဉ်မှာဝင်တဲ့သီလဂုဏ်, သမာဓိ-ဂုဏ်, ပညာဂုဏ်ကို မှန်း၍ ကြည်ညိုသောသဒ္ဓါ, ထက်သန်သော စေတနာ, ပြဋ္ဌာန်းပြီးကာ၊ ခန္ဓာကိုယ်မှာ လက်ငင်း ဖြစ်ပျက် နေသော ရုပ်နာမ်ဓမ္မဖြင့် လေးလေး, ညီညီ, ပြတ်ပြတ်, ရှင်းရှင်း, ကန်တော့ကြ။

**ဆုပေး။**

စေတနာက နှိုးဆော်, စိတ်က ကြံသော်, လေ ပြည့် ပေါ် ရုပ်နော် ရှိခိုးကြ၏။ အသက် လိပ်ပြာ ငါမပါ၊ ပမာရုပ်သေး

ကြည့်ဆိုတဲ့အတိုင်း မိမိတို့၏ ရင်တွင် နာမ်အစဉ်မှာ ဝင်နေတဲ့ စေတနာ လေးက ရှိခိုးပါ၊ ရှိခိုးပါလို့ တိုက်တွန်း လိုက်သော အခါဝယ်၊ ရှိခိုးချင်တဲ့ စိတ်ကူးတွေပေါ်၍ ကန်လေ့တွန်းလေ့ တိုးလေ့ဆိုတဲ့ လေဓါတ်သုံးပါးတို့သည် ထိုက်သင့်သည် အား လျော်စွာ ပြည့်လာသော အခါဝယ်၊ လေကမှုတ်၊ မီးကဖုတ်၊ ရေကခမ်းချုပ်၊ အကြားဓါတ် အသေး အနုပ် ကွဲ၍ မြေဓါတ် ကလေးတွေက၊ အမှုံဓါတ်ကလေးတွေက- တလှုပ်လှုပ်၊ တရွရွ၊ တမွမွ၊ တရိပ်ရိပ်၊ တလှစ်လှစ်၊ တစစ်စစ်၊ တဖြစ်ဖြစ်နဲ့ ရုပ်ရှင် စံနစ်လို ကိုယ်ထဲမှာ မျိုးစုံပေါ်လာပေသည်၊ ပေါ်တိုင်းပေါ် တိုင်း လိုက်၍ သိတတ်ပေသည်၊ မျိုးစုံပေါ်တာက ရုပ်တွေပါဘဲ၊ ပေါ်တိုင်း လိုက်သိတာက နာမ်တွေပါဘဲ၊ ရုပ်ဓါတ်၊ နာမ်ဓါတ် နှစ်ဖြာသည် အဟောင်းပျက်၊ အသစ်ဆက်ခါ၊ လျှပ်တလက်မက 'ဖြစ်ပျက်'နေတာကို ကိုယ် ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် တကယ် တန်း မြင်ရသောအခါကာလ ဝယ်၊ လောကီ တရားရတနာအစစ် တွေကို တကယ်တန်း မြင်သည်၊ ပူဇော်သည်၊ ကန်တော့သည် မည်ပါပေ၏။

ဖြစ်ပျက်တွေကို မှတ်ရင်းမှတ်ရင်း၊ မတ်တတ်နဲ့ ဖြစ်ပျက် ဆုံးသွားတဲ့ နိဗ္ဗာန်ကြီးကို ဒိဘက်ကမ်းက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဖြင့် ကိုယ်အရင် လှမ်းမြင်ခဲ့ပါလျှင် လောကုတ္တရာ တရားရတနာ အစစ်တွေကို မြင်သည်၊ ပူဇော်သည်၊ ကန်တော့သည် မည်ပါ ပေ၏။ ဤကဲ့သို့ တရားရတနာအစစ်ကို မြင်ခဲ့ပါလျှင် ဘုရား ရတနာအစစ်၊ သံဃာ ရတနာအစစ်၊ တွေကိုလည်း မြင်သည်၊ ပူဇော်သည်၊ ကန်တော့သည် မည်ပါပေ၏၊ ကိုယ့်ကိုယ်တိုင်

ရတနာ သုံးပါး အစစ် တွေကို မြင်ရ သကဲ့သို့ သူတပါးကိုလဲ ရတနာသုံးပါး အစစ်တွေ မြင်ရအောင် စားရေး, သောက်ရေး, ဝတ်ရေး, နေရေး, ဆိုတာ လိုလေသေးမရှိ၊ လိုတာ ငါ့တာဝန် နော်....၊ သာသနာ့ တာဝန်ကို ထမ်းချင်လှန်းလို့ သာသနာ အလုပ်ကို လုပ်ချင်လှန်းလို့ ကိုယ့်တာဝန်, ကိုယ့်အလုပ်မှန်း သိကြသည်ဖြစ်၍လိုတဲ့နေရာမှာအားပေးချီးမြှောက် ထောက်ပံ့နိုင်ကြရုံမျှမက၊တရားတော်များကိုတောင်ကိုယ့်ကိုယ်တိုင် ဟောနိုင်, ပြနိုင်,ဆုံးမနိုင်, သံသယကို ဖြေရှင်းနိုင်,အယူမှားဒိဋ္ဌိအကြီးစားကို အလွယ်တကူနှင့် ချွတ်နိုင်, ဖြတ်နိုင်ကြသော မြန်မာပြည်တပြည် လောက်သာမက၊ ကမ္ဘာတဝှန်းလုံးမှာ ထင် ရှား ကျော် ကြား လောက်တဲ့ ကမ္ဘာ့သာသနာပြု အာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ရလွယ်ရောက်လွယ်နိုင်ကြသည် ဖြစ်ကြစေ။

ဆရာတော်ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏အရှင်ဘုရား ။

တရားနာတော့ ချမ်းသာသလိုပေါ့၊ ဘယ် ညာ တ စောင်း ပြောင်းပြီးသကာလ၊ ဟောသောတရားကို နားကကြား ရင်ကခွဲ ခြမ်းစိတ်ဖြာပြီးသကာလ၊ ကြား, သိ, နဲ့ ပြည့်စုံအောင် တရား နာဘို့ အရေးကြီးပါတယ်လို့ မှတ်ကြ ။

အကွေယျသညိနော သတ္တာ၊ အကွေယျသ္မိံ ပတိဋ္ဌိတာ။
အက္ခေယျံ အပရိညာယ၊ ယောဂမာယန္တိ မစ္စုနော ။ ။

အကွေယျ သညိနော၊အသက်လိပ်ပြာ, အကောင့်,သတ္တဝါဟု အမှတ်မှားနေကြကုန်သော။ အကွေယျသ္မိံ ၊ အသက်လိပ်ပြာ, အကောင်သတ္တဝါမဟုတ်တဲ့၊ နာမ်အစစ်, ရုပ်အစစ်၌။ ပတိဋ္ဌိတာ၊

အသက်ပါဘဲ့, လိပ်ပြာပါဘဲ့, ဝိညာဉ်ကောင်ပါဘဲ့လို၊ စိတ်ထဲမှာ စွဲစွဲ, မြဲမြဲ, တည်တည်, တန့်တန့်, ခိုင်ခိုင်, ခန့်ခန့်, ဖြစ်နေကြကုန် သော။ သတ္တာ၊ ပုပု, ရှုရှု, မြင်မြင်သမျှ၊ ဗာလအန္ဓ, ပုထုဇဉ် သတ္တဝါတို့သည်၊ အကျွေယျ၊ အသက်လိပ်ပြာ, အကောင်, သတ္တဝါမဟုတ်တဲ့ နာမ်အစစ်, ရုပ်အစစ်တွေကို။ အပရိညာဃ၊ ပိုင်းခြားထင်ထင်၊ ကိုယ်ကိုယ်တိုင်, ကိုယ်ပိုင်ဉာဏ်ဖြင့်, မမြင် မသိကြကုန်သည့်အတွက်ကြောင့်။ မစ္ဆုနော၊ သေမင်း, နာမင်း, အိုမင်း, မာရ်နတ်မင်း၏။ယောဂံ၊ပိုင်ထိုက်သည်ဟူသောသုံးဆယ့် တဘုံနယ်ထဲသို့၊ ဖြစ်ပျက်ဆိုတဲ့ မွေးသေနယ်ထဲသို့။ အာယန္တိ၊ မုချမသွေ တလိုက်ထဲလိုက်ပါ၍၊ နေကြရကုန်တော့၏ တကား။

သာဓု....သာဓု....သာဓု။

အဘဘုရားက၊ အကြောင်းနဲ့ အကျိုးနဲ့ စပ်ပြီးသကာလ၊ ဟောတော်မူခဲ့တယ်၊ ရှေ့နားက နာမ်ရုပ်, ရေးထား၊ နောက် နားက၊ မွေးတာ, သေတာ, အိုတာ, နာတာ, လေးလုံးရေး ထားစမ်း၊ စတိသဘော, အကြောင်းအကျိုးစပ်ပါတော့၊ နာမ် ရုပ်, မမြင်ခဲ့ဘူးသည့်အတွက်ကြောင့် မွေးတုံးက၊ မွေးဘူး, အို- ဘူး, နာဘူး, သေဘူး, လူလေပြီ၊ ယခုလဲသေဆဲ, နောက်လဲကျန် သေကြလိမ့်အုံးမယ်၊ အကြောင်းနဲ့ အကျိုးမှတ်ပါ။

ရှေ့နားက နာမ်ရုပ်ရေးထား၊နောက်နားက သောက, စိုးရိမ်, ပူဆွေးရခြင်း၊ ပရိဒေဝ, ငိုကြွေးရခြင်း၊ ဒုက္ခ, ကိုယ်ဆင်းရဲရခြင်း၊ ဒေါမနဿ, စိတ်ဆင်းရဲရခြင်း၊ ဥပါယာသ, ရှိုက်ကြီးတငင် ပင်ပင် ပန်းပန်းဖြစ်ရခြင်း၊ ဆိုတဲ့ ဆင်းရဲဒုက္ခတွေနောက်နားကရေးစမ်း၊ အကြောင်းအကျိုးစပ်ပါတော့၊ နာမ်ရုပ်,မမြင်ခဲ့ဘူးသည့်အတွက်

ကြောင့်၊ ရှေ့တုန်းကလဲဘဲ ဒီဆင်းရဲဂါးမျိုး တွေ့ဘူးခဲ့လေပြီ၊ ယခုလဲတွေ့ကြုံနေဆဲ နောင်လဲ နိဗ္ဗာန်မရမခြင်း၊ ကြေန်တွေ့ကြုံရ လိမ့်အုံးမယ်လို့ အကြောင်းနဲ့အကျိုး မှတ်ပါတော့။

ရှေ့နားက နာမ်ရုပ်, ရေးထားစမ်း၊နောက်နားက ချစ်သူနှင့် ကွေကွင်း ရခြင်းဆိုတဲ့ ဒုက္ခ၊ မုန်းသောသူတို့နှင့် အတူယှဉ်တွဲပြီး တော့ နေရတဲ့ဒုက္ခ၊ လိုချင်တာမရတဲ့ဒုက္ခ, နာမ်ရုပ်နဲ့ပတ်သက်တဲ့ ဒုက္ခ, မျက်စေ့နဲ့ပတ်သက်တဲ့ ဒုက္ခ၊ နားနဲ့ပတ်သက်တဲ့ ဒုက္ခ၊ နှာခေါင်းနဲ့ပတ်သက်တဲ့ဒုက္ခ၊ လျှာနဲ့ပတ်သက်တဲ့ဒုက္ခ၊ ကိုယ်နဲ့ ပတ်သက်တဲ့ဒုက္ခ၊ စိတ်နဲ့ပတ်သက်တဲ့ဒုက္ခ၊ လေးတွေနောက်နား က ကိုယ်ဉာဏ်ရှိသလောက်ရေးထားစမ်းပါ၊ နာမ်ရုပ်မမြင်ခဲ့ဘူး သည့် အတွက်ကြောင့် ယခုပြောခဲ့ပြီးတဲ့ ဒုက္ခပေါင်းများစွာတို့ သည်၊ ရှေ့တုန်းကလဲဘဲ တွေ့ကြုံဘူးခဲ့လှလေပြီ၊ ယခုလဲတွေ့ကြုံ နေဆဲပါကလား၊ နောင်လဲဘဲ နိဗ္ဗာန်မရမခြင်း၊ ကြေန်တွေ့ကြုံရ လိမ့်အုံးမယ်လို့ အကြောင်းအကျိုးမှတ်ပါ။

ရှေ့နားက နာမ်ရုပ် ရေးထားစမ်းပါ၊ လူ့ပြည်မှာရှိတဲ့ လူ့ ဒုက္ခတွေတော့ အကုန်လုံးကုန်သွားပြီ၊ အပါယ်ဒုက္ခလေး နောက် နားကရေးထားစမ်းပါ၊ တိရစ္ဆာန်နဲ့ပတ်သက်တဲ့ဒုက္ခ၊ တိရစ္ဆာန် ထက်ဆိုးတဲ့ ပြိတ္တာနဲ့ပတ်သက်တဲ့ဒုက္ခ၊ ပြိတ္တာထက်ဆိုးတဲ့၊ အသူ ရကာယ်နဲ့ ပတ်သက်တဲ့ဒုက္ခ၊ အဲဒီဒုက္ခထက်ဆိုးတဲ့ ငရဲအနန္တ၊ အကုန်လုံးမှာရှိနေကြတဲ့ဒုက္ခ၊ အပါယ်ဒုက္ခ လေး နောက်နားက မရေးထားစမ်းပါ၊ နာမ်ရုပ်, မမြင်ခဲ့ဘူးသည့်အတွက်ကြောင့်၊ အ ပါယ်ဒုက္ခ၊ အနန္တ ရှေးတုန်းကလဲ တွေ့ကြုံခဲ့ဘူးလေပြီ၊ ယခုလဲ တွေ့ကြုံနေဆဲနေ၁်, နောက်လဲဘဲ နိဗ္ဗာန်မရမခြင်း၊ ကြေန်တွေ့ကြုံ

ရလိမ့်အုံးမယ်ဆိုတာ၊ အကြောင်းနဲ့ အကျိုးမှတ်ပါနော်, ဒို့ ဘုရားက အကြောင်းနဲ့ အကျိုးစပ်ပြီးတော့ ဟောတဲ့တရားတွေ နော်, အကြောင်းမရှိဘဲနဲ့ ရောက်တတ်လေးဆယ်၊အကျိုးတရား ဖြစ်ပေါ်ပြီးတော့လာတာမဟုတ်ဘူးနော်, ရှင်းရှင်းလေးမှတ်ပါ။

ရှေ့နားက နာမ်ရုပ်ရေးထားစမ်းပါ၊ နောက်နားက "လူ, နတ်, ကသေ, ပါယ်ကျလေ များပေ မြေကြီးလောက်" ဆိုတဲ့ အပါယ်ကျတဲ့ မြေထုမက အလွန်တရာများတဲ့ အပါယ်ကျတဲ့ဒုက္ခ လဲ ရေးထားစမ်းပါ၊" အပါယ်ကသေ, ပါယ်ကျလေ, များပေ, မြေကြီးလောက်"ဆိုတဲ့ အင်မတန်မှ ရေတွက်လို့ကို မဆုံးမကုန် နိုင်တဲ့၊ အပါယ်ဒုက္ခရေးထားစမ်းပါ၊ လူဖြစ်တိုင်းလဲ အပါယ်ကျ မလွတ်ပါကလား၊ လူဘဝကနဲ့နဲ့လေး, နတ်ဘဝကနဲ့နဲ့လေး,ဗြဟ္မာ ဘဝကနဲ့နဲ့လေး,အပါယ်ကျတဲ့ဒုက္ခတွေ အင်မတန်များပါကလား၊ မတော် တဆ အပါယ်ကျသွား ပြန်ရင်လဲဘဲ၊ အပါယ်က နေပြီး တော့ လူဖြစ်ထာ, နတ်ဖြစ်ထာ, တဘဝခြားပြီးတော့၊ ဗြဟ္မာ ဖြစ်ထာလဲ အင်မတန်နဲပါကလား၊ အပါယ်ပြန်ပြန်ပြီးတော့ ကျ သွားတာ အလွန်ကိုဘဲ၊ များလှပါတကား။

အကြောင်းစစ်ပါတော့၊ အကြောင်းစစ်ပါတော့၊ ရုပ်နာမ် မမြင်ခဲ့ဘူးလို့ ရှင်းရှင်းလေး, ရှင်းရှင်းလေး, မှတ်ပါ၊ နာမ်ရုပ် မမြင်ခဲ့ဘူးသည် ဖြစ်လေသောကြောင့် ရှေ့တုံးကလဲဘဲ၊ လူဖြစ် တိုင်း, ဖြစ်တိုင်း,နတ်ဖြစ်တိုင်းဖြစ်တိုင်း, ဗြဟ္မာ ဖြစ်တိုင်းဖြစ်တိုင်း, တဘဝခြားပြီးတော့ အပါယ်ကျတာများလှလေပြီး၊ အပါယ်က သေပြီးတော့ အပါယ်ပြန်ကျတာများလှလေပြီ၊ ယခုကောလွတ်မ လား, လွတ်မလား, မလွတ်သေးပါ၊ နောင်ကိုကောမေးလျှင်၊

နိဗ္ဗာန် မရမခြင်း ဘယ်နည်းနဲ့မှ မလွှတ်နိုင်ပါ ကိန်းသေမှတ်ပါ တော့။

ဒါဖြင့် နာမ်ရုပ် မမြင့်တဲ့အပြစ်တွေ အလွန်များပါကလား၊ နာမ်ရုပ် မမြင်တဲ့အပြစ်တွေဟာဖြင့် အလွန်ကိုများတယ်၊ရေတွက် လို့ကို မကုန်နိုင်ဘူးလို့ဆိုတာ၊ ဆုံးဖြတ်ပါ နာမ်ရုပ် မြင်မယ်ဆို လျှင်၊ ဆိုခဲ့ပြီးသောအပြစ်တွေ အကုန်လုံးလွတ်ရုံမျှမကသေးပါ။

နာမ်ရုပ် မြင်မယ်ဆိုလျှင် နောက်နားက ရေးစမ်း....ရေးစမ်း- ဘုရားအဖြစ်ကိုလဲ ရေးထားစမ်းပါ၊ ပစ္စေကဗုဒ္ဓါ အဖြစ်ကိုလဲ ရေးထားစမ်းပါ၊ သာဝက ဆိုတဲ့ ရဟန္တာ အဖြစ်ကိုလဲ ရေး ထားစမ်းပါ၊ အင်မတန်မှ ဆုထူးကြီးနော်၊ အင်မတန် ရခဲလှတဲ့ အဖြစ်တွေ နော်၊ အဲဒါဘာဖြစ်လို့ ရသလဲ....မေးမယ်ဆိုလျှင် နာမ်ရုပ်မြင် လို့....တဲ့။

ဒါကြောင့်....

| | |
|---|---|
| နာမ်ရုပ်မြင်မယ်ဆိုလျှင်။ | ။ဘုရားလဲ ဖြစ်ပါလိမ့်မယ်။ |
| နာမ်ရုပ်မြင်မယ်ဆိုလျှင်။ | ။ပစ္စေကဗုဒ္ဓါ လဲ ဖြစ်ပါလိမ့် မယ်....။ |
| နာမ်ရုပ်မြင်မယ်ဆိုလျှင်။ | ။ရဟန္တာ ကိုယ်တော် တွေလဲ ဖြစ်ပါလိမ့်မယ်။ |
| နာမ်ရုပ်မြင်မယ်ဆိုလျှင်။ | ။သောတာပန်ဖြစ်၍ အပါယ် ခွင် ပထမ လွတ်လပ်ရေး ရပါ လိမ့်မယ်။ |

နာမ်ရုပ်မြင်မယ်ဆိုလျှင်။ ။သကဒါဂါမ် ဖြစ်၍၊ လူနတ် ငါးဘုံ ဒုတိယ လွတ်လပ်ရေး ရပါလိမ့်မယ်။

နာမ်ရုပ်မြင်မယ်ဆိုလျှင်။ ။အနာဂါမ်ဖြစ်၍၊ ကျန် တဲ့ လူနတ် နှစ်ဘုံ တတိယ လွတ် လပ်ရေး ရပါလိမ့်မယ်။

နာမ်ရုပ်မြင်မယ်ဆိုလျှင်။ ။ရဟန္တာဖြစ်၍၊ ဗြဟ္မာဘုံ နှစ် ဆယ်နဲ့ ကာမတဆယ့် တ ဘုံ ပေါင်း ဘုံ သုံး ဆယ့် တစ် မှ စတုတ္ထ လွတ်လပ်ရေး ရပါလိမ့် မယ်....။

နာမ်ရုပ်ကို တကယ်မြင်လို့ ရှိလျှင် ပရိနိဗ္ဗာန် စံလို့ နိဗ္ဗာန် ဝင်ကြလိမ့်မယ်....ဆိုတာ နာမ် ရုပ် မြင်တဲ့ အကျိုးနဲ့ နာမ်ရုပ် မမြင်တဲ့ အပြစ်တွေ နဲ့ နှိုင်း ချိန် ပြီး သ ကာ လ မြင်တာက ကောင်းသလား မမြင်တာက ကောင်းသလား ?

။ မြင်တာ ကောင်းပါတယ်....ဘုရား။ ။

မြင်ချင်သလား....မမြင်ချင် ဘူးလား ?

။ မြင်ချင်ပါတယ်။ ။

မြင်မှနော်၊ မြင်မှ....မြင်မှ၊ ကဲ....ကနေ့ ဟောရမဲ့ အ စီ အစဉ်က "နာမရူပ ပရိစ္ဆေဒဉာဏ်၊ ဒိဋ္ဌိ ဝိသုဒ္ဓိ ကလျာဏ ပုထုဇဉ်" အဆင့်အတန်း အပါယ်ခွင် မရောက်ဝေးပုံ၊ နိဗ္ဗာန် ပေါက်လမ်း

စပေးပုံ တို့ကို အကြောင်းအကျိုး ဆက်ပြီး သကာလ ဟော ကြားပါလိမ့်မယ်လို့ ပလ္လင်ခံ စကားကလေး မှတ်ပါ။ ။

နာမရူပ ပရိစ္ဆေဒ ဉာဏ်....တဲ့။ နာမက - နာမ်၊ ရူပက - ရုပ်၊ ပရိစ္ဆေဒ က တခြားစီ, ဉာဏ် က သိတာ၊ နာမ်ကတခြား, ရုပ် က တခြားလို့ သိတာ၊ ဒီထက် ရှင်းရှင်းလေး ပြောမယ်ဆိုလျှင် ရုပ်နဲ့ နာမ်ကွဲ ပြီးတော့....သွားတာ။

ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

ရုပ်ကလေး မြင်ပုံ၊ မနေ့က လက်စ ဆက် ကြစို့တဲ့ စကား ဟာ အမျှင်တန်းပြီးတော့ လာရတယ်၊ မနေ့ကတော့ နာမ်ရုပ် အမှားကို ကျင့်သိဝိပဿနာနဲ့ ဖြုတ်ပုံ၊ ကျင့်သိ ဝိပဿနာမှာ, တေဇောစိတ်နဲ့ ဝါယောစိတ် နှစ်ပါး ဟော ပြီး ခဲ့ ပုံ....၊

မနေ့ကတေဇောဆိုလျှင် ပူဒါ,အေးဒါပါပဲ၊ဝါယောဆိုလျှင် ပရမတ် စစ်စစ်-ကန်တာ - တိုးတာ-တွန်းတာပါပဲ၊ အပူကလေး နှင့် ကန်တာကလေးနဲ့ ပေါင်းလျှင်,အအေးနဲ့ ကန်တာကလေး နဲ့ပေါင်းလျှင်,ပူရှိန် ပူခိုး-ပူငွေ့-ပူရောင်၊အေးရှိန်-အေးခိုး-အေး- ငွေ့-အေးရောင်၊ မနေ့က အရောင်အတွက် ကျန်ခဲ့၊ အရောင်အ တွက်ကတော့ ဟို-ဥဒယဗ္ဗယဉာဏ်-အနုစား ပိုင်တဲ့အခါမှာ“အာ ရဒ္ဓဝိပဿက ပုဂ္ဂိုလ်”ဖြစ်လာတဲ့အခါမှာ အညစ်အကြေး ဆယ် ပါးတို့တွင် ဩဘာသောအရောင် ထွက်မှ ပါလာလိမ့်မယ်၊ အဲဒီ အခါကြမှ နာကြပေတော့၊ ဒါဖြင့်အရောင်တော့မပြောသွဲ့ဘူး။

ဒါဖြင့် အပူကလေးရှိလျှင် ပူရှိန်, ပူခိုး, ပူငွေ့, အအေးလေး ရှိလျှင် အေးရှိန်, အေးခိုး, အေးငွေ့လို့ မနေ့က အရှိန်တွေဖြစ်ပုံ အတော်ပြောခဲ့တာဘဲ၊ ပူအေးကတေဇောမီး၊ မီးဆိုလျှင် လောင် ကျွမ်းအောင်ဖုတ်၊ အရှိန်တို့, အခိုးတို့, အငွေ့တို့က ဝါယော, လေ၊ လေဆိုလျှင်မှုတ်၊ ဟော....မီးကဖုတ်, လေကမှုတ်, ဒီစကားနှစ်ခွန်း ဘဲ လာတယ်၊ အလုပ်လုပ်ထာလေ, လက္ခဏာ-ရသ-ပစ္စုပ္ပဋ္ဌာန်, ပဒ- ဋ္ဌာန် ခွဲခန်း၌-ရသ, ရသ-မှာကိစ္စရသခေါ်တယ်၊ တေဇောမီးက လေးသည် ဘယ်အလုပ် လုပ်သလဲ၊ လောင်ကျွမ်းအောင် ဖုတ်တဲ့ အလုပ်လုပ်တယ်၊ လေကလေးက ဘယ်အလုပ်ကို လုပ်သလဲ၊ မှုတ် ပေးတတ်တယ်လို့ အဲဒါကလေး မှတ်ထားကြ။

**အာပေါဓါတ်ဖြစ်ပုံ။**

ကဲ....ဆက်တော့မယ်၊မီးကဖုတ်တော့ ရေကခမ်းချုပ်, လေက မှုတ်တော့ အကြားဓါတ် အသေး အနုတ်ကွဲ၊ ဒီမှာတင် ရပ်လိုက် အုံး၊ မီးကဖုတ်တော့ ဘာဖြစ်တယ်၊ ရေကခမ်းချုပ်တယ်၊ ရေက ခမ်းချုပ်တဲ့၊ နောက်မှာလဲ ပါတယ်၊ မီးဓါတ်က လောင်ကျွမ်း အောင် ဖုတ်လိုက်တော့ ရေဓါတ်က ခမ်းချုပ်သည်။

ကဲ....ရေဓါတ် စကားပြောကြစို့၊ ရုပ်ဓါတ် ငါးပါးလေးလဲ မျက်စောင်းထိုးထားကြ၊ တေဇောပြီးလျှင် ဝါယော မရေးဘူး လား၊ ဝါယောပြီးလျှင် အာပေါ မရေးဘူးလား၊ အဲဒီအာပေါ အကြောင်းပြောကြစို့၊ အပေါ်ကယိုစီးတာ၊ အောက်က ဖွဲ့စီး တာလို့ နှစ်ခု ရေးထားတယ်၊ "ယိုစီးတာ, ဖွဲ့စီးတာ, ပညတ် အာပေါဓါတ်, ပညတ် ရေဓါတ် အစစ်ပါ "ပညတ် အာပေါ,

ပညတ်ရေခါတ် နှစ်ပါးတဲ့၊ နွာရည်၊ တံတွေးရည်၊ ကျင်ငယ်ရည်၊ မျှားကဲ့သို့ တနေရာက တနေရာသို့ ယိုစီး ကျဆင်းပြီးတော့သွားတာ ယိုးစီး အာပေါ ပါ။

ခါတ်ကလေးတွေ တခုနဲ့ တခု ခွဲလို့မရအောင်၊ ခွါလို့မရအောင် ဖွဲ့စီး ပူးကပ်ပေးတာ- ဖွဲ့စီး အာပေါ ခါတ်လို့ မှတ်ပါ။ အရည်ဆိုခဲ့လို့ ရှိလျှင် ယိုစီး အာပေါ ကောက်ပါ၊ အတုံးအခဲ အတွဲ အမာခါတ်တွေဆိုလျှင် ဖွဲ့စီးအာပေါ ကောက်ပါ။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ဒါက ပညတ်အာပေါ၊ ပညတ်အာပေါ ပြောလိုက်ပါသဖြင့် ပရမတ် အာပေါ၊ ပရမတ်ရေခါတ် သိဘို့လိုတယ်၊ အလယ်ကွက် ကြည့် "အမှုံ တခု ပြန့်နှံ့မှုကလေးဟာ ပရမတ် အာပေါခါတ်၊ ပရမတ်ရေခါတ် အစစ်ပါ" အမှုံ = ဗမာသုံးခေါ်တယ်၊ စာသုံးတော့ ပထဝီ၊ ပရမတ်သုံးတော့ မာတာကလေးနော်၊ အဲဒီအမှုံတလေး တခုမှာ ပြန့်နှံ့ပြီးတော့နေတဲ့ အရည် အစေးကလေးရှိတယ်၊ (ဥပမာ)ဆိုလျှင် နှမ်းလုံးကလေး တခု၌ နှမ်းဆီကလေး ပြန့်နှံ့ပြီးတော့နေတဲ့ ပုံသဏ္ဍာန်လို မှုန်မှုံကလေးတခု၌ ရေလေး ပြန့်နှံ့ပြီးတော့နေတဲ့ ပုံသဏ္ဍာန်လို အမှုံကလေးတခု၌ ပြန့်နှံ့ပြီးတော့နေတဲ့ အရေစေးဟာ ပရမတ်၊ ပရမတ် အာပေါခါတ် အစစ်ပါ။ ။

စာသံပေသံနဲ့ ပြောမယ်ဆိုလျှင် ရုပ်ကလာပ် တခုမှာ ပြန့်နှံ့ပြီးတော့ နေတဲ့ အရည် စေးဟာ ပရမတ် အာပေါခါတ်၊

ပရမတ် ရေဓါတ် အစစ်ပါ၊ ဒါဖြင့် အမှုံလေး တခုမှာ ပြန့်နှံ့ပြီးတော့နေတဲ့ အရည် စေးကို ပရမတ် အာပေါလို့ သုံးလိုက်ပါသဖြင့် အမှုံတွေတွဲလိုက်၊အမှုံတွေ ထောင်သောင်းမက အနန္တတွဲတော့ အတုံးအခဲတွေမှာ ပြန့်နှံ့ပြီးတော့ နေတဲ့ အရည်စေးဟာ အသားအရေ, အကြော,စသော ကောဋ္ဌာသ, မှာ ပြန့်နှံ့ပြီးတော့နေတာဘဲ၊ အရည် စေးဟာ ခေါင်း, ကိုယ်, ခြေ,လက်, စသည်တို့မှာ ပြန့်နှံ့ပြီးတော့နေတဲ့အရည် စေးဟာ ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ, အသက်, လိပ်ပြာ, အကောင်,သတ္တဝါ, စသည်တို့မှာ ပြန့်နှံ့ပြီးတော့ နေတဲ့ အရည် စေးဟာ ပညတ် အာပေါဓါတ်၊ ပညတ်ရေဓါတ် အစစ်ပါ။

တုံးတွေ, တိုင်တွေ, ရေတွေ, မြေတွေ, စသည်တို့မှာ ပြန့်နှံ့ပြီးတော့ နေတဲ့ အရည်စေးဟာ ပညတ် အာပေါဓါတ် ၊ပညတ်ရေဓါတ် အစစ်ပါ၊ အဝတ်မှာ, အစား အသောက်မှာ, နေစရာ, ထိုင်စရာ,ဖြစ်တဲ့ အိမ်တွေ, ကျောင်းတွေ, ကုတင်-ကုလားထိုင် စသည်တို့မှာ၊ဝတ်စားတဲ့ ပုတီး,လက်ကောက်,ဒွါဒယာ တန်းဆာတို့မှာ ပြန့်နှံ့ပြီးတော့ နေတဲ့ အရည် စေးဟာ ပညတ် အာပေါဓါတ်, ပညတ်ရေဓါတ်, အစစ်ပါ။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ပရမတ် အာပေါ ဓါတ်နဲ့ ပညတ် အာပေါဓါတ် ကွဲသွားပလား ?

။ ကွဲသွားပါပြီဘုရား။ ။

ယခု တင်ပါးကလေးတခု ကိုင်ထားနော်၊ တင်ပါးထဲမှာရှိတဲ့ အာပေါဓါတ်ဆိုတော့ ပညတ် အာပေါပေါ့၊ ပညတ် အာပေါမှာ ယိုစီးနဲ့ ဖွဲ့စီးဆိုလျှင် ဖွဲ့စီး အာပေါပေါ့၊ အဲဒီ ဖွဲ့စီး အာပေါလေးကို ပူရှိန်၊ပူခိုး၊ အေးရှိန်၊ အေးခိုး၊ဆိုတဲ့ မီးဓါတ်ကလေးနဲ့ သွားတွေ့တယ်နော်၊ တင်ပါးထဲမှာ ရှိနေတဲ့ မီးဓါတ် ကလေးက လောင်ကျွမ်းအောင် ဖုတ်လိုက်တော့၊တင်ပါးထဲမှာရှိတဲ့ ရေဓါတ်ကလေးတွေ ခမ်းချုပ်၊ ခမ်းချုပ် သွားပါတယ်။

ရှင်းသွားပြီလား ?

။ ရှင်းပါပြီဘုရား။ ။

**အလုပ်နဲ့ အာကာသ ပေါ်ပုံ။**

ကန့်၊ တိုး၊ တွန်း၊ ဆိုတဲ့ လေဓါတ် ကလေးက တရှိန်ရှိန်၊ တရှူးရှူး၊ နဲ့ မှုတ်လိုက်တော့ အာကာသ အကြား အသေး အနုတ် ကလေးတွေ ပေါ်ပါသည်၊ အာကာသ ကြည့် အလုပ်နဲ့ ပေါ်တယ်နော်၊ ဓါတ်လေးပါး အစဉ်မဟုတ်ဘူး၊ တေဇော ရေး ပြီးလျှင်၊ ဝါယော၊ ဝါယောရေးပြီးလျှင်၊ အာပေါ၊ အာပေါ ရေးပြီးလျှင်၊ အာကာသ ရေးထား အလုပ်နဲ့ ပေါ်ပုံခေါ်တယ်။

**အာကာသ နှစ်မျိုး။**

စာရွက်ကလေးလဲကြည့်....အာကာသတဲ့၊ ဟော... အထက်နဲ့ အောက် နှစ်ခုရှိတယ်၊ အာကာသ ဆိုလျှင် ဗမာ စကားမှာ.... 'အကြား' နဲ့ "အပြတ်' နှစ်ခုရှိတယ်နော်....၊ 'အကြား တမျိုး' 'အပြတ်တမျိုး' နှစ်မျိုးရှိတယ်။

အကြား = ဆိုလျှင် ဌာန, အာကာသ, နေရာခြားတယ်
ခေါ်တယ်။

အပြတ် = ဆိုလျှင် ကာလ, အာကာသ, ကာလ ခြားတယ်
ခေါ်တယ်။

**အကြား ပေါ်ပုံ။**

နေရာ ခြားပုံ ပြောမယ်။ ယခု လူတွေ ထိုင်နေကြတယ်၊ လူပေါင်း တထောင်ထားပါနော်၊ လူပေါင်း တထောင်ဆိုလျှင် နေရာပေါင်း ဘယ်လောက်ရှိသလဲ ?

။ နေရာပေါင်း တထောင်ရှိပါဘုရား။ ။

နေရာပေါင်းလဲ တထောင်ဘဲခေါ်၊ လူတယောက် နေရာကို လူတယောက်ကထပ်ပြီးတော့ ထိုင်လို့ရပါ့မလား ?

။ မရပါဘုရား။ ။

တနေရာကို တယောက်ဘဲထိုင်လို့ရတယ်၊ ဒါဖြင့် နှစ်ယောက် ဆိုလျှင် ဘယ်နှစ်နေရာရှိ ?

။ နှစ်နေရာရှိပါဘုရား။ ။

နှစ်နေရာ ဆိုလို့ရှိလျှင် အလယ်ခေါင်မှာ အကြား မရှိဘူး လား ?

။ ရှိပါတယ်ဘုရား။ ။

လူတယောက်နဲ့ တယောက် အလယ်မှာ ဘာရှိသလဲ ?

။ အကြားရှိပါဘုရား။ ။

အကြားတခုမရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

ဘာဖြစ်လို့ ဒီအကြားရှိနေသလဲမေးလျှင် နေရာကိုက ခြားနေလို့ အဲဒါနေရာခြားတယ်ခေါ်တယ်၊ အကြားဆိုလျှင် တပြိုင်နက်ယူရတယ်နော်၊ အဲဒါ ဌာန အာကာသလေး မှတ်ထားရတယ်၊ အဲဒီလို ဌာန အာကာသ အကြားနေရာကို ခြားတာ တွေ့မယ်ဆိုလျှင် အဲဒီ ခြားပုံကလေးပြမယ်။ ။

နေရာခြားပုံကလေး။ ။အပေါ်တန်းက အကြား သေး၊ အောက်က အကြားကြီးနော်၊ အဲဒါအကြားအတွက်၊ အပြတ်အတွက်က ပြတ်တို့ ပြတ်ရှည်လို့ ရေးထားလိမ့်မယ်၊ အဲဒါက ကာလ အာကာသ အတွက်၊ ဒါနှစ်ခု မရောစေနဲ့နော်-မရောစေနဲ့၊ အကြားမှာ အကြားကြီး, အကြားသေး နှစ်ခုရှိတယ်၊ ဥပနိ-ဓါ·ပညတ်ခေါ်တယ်၊ တခု·တခု ထောက်ပြောရတယ်ခေါ်တယ်။

**ဥပမာ။** ။လူနှစ်ယောက်တို့၏ အကြားကလေးဟာ ဆံပင်ဖျားလောက်ရှိလျှင် ဒါအကြားသေးခေါ်တယ်၊ ဒီထက် ကြီးပြီးတော့ အပ်ချိဖျားလောက်၊ ဒီထက် ကြီးပြီးသကာလ၊ လက်ညှိုးလောက်၊ ဒီထက် ကြီးပြီးသကာလ လက်ခလယ်လောက်၊ တမိုက်လောက်၊ တထွာလောက်၊ တတောင်လောက် စသည်ဖြင့် အဲဒီလို ခြားခြားပြီး သွားမယ်ဆိုလျှင် ဒါအကြားကြီးခေါ်တယ်။ ။

သဘောကျပလား ?

။ သဘောကျပါဘုရား။ ။

အကြားကြီးကို ထောက်၍ အကြားသေး ယူကြ၊ အကြားသေးကို ထောက်၍ အကြားကြီးယူကြ၊ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

**ဥပမာ။** ။နှစ်ယောက်တို့၏ အလယ်မှာ တတောင်ခြားတယ်၊ နောက်တခါ ဆိုလို့ရှိလျှင် တောင်ဆုပ် ခြားတယ်ဆိုလျှင် တောင်ဆုပ်ကို အကြားသေး မယူရဘူးလား ?

။ ယူရပါဘုရား။ ။

တောင်ဆုပ်ကနေပြီး နောက်ကို တထွာခြားတယ်ဆိုလျှင် ဘာယူရမလဲ ?

။ အကြားသေး ယူရပါဘုရား။ ။

အကြားသေးဘဲ ခေါ်တယ်၊ ဒါ-ဥပနိဓါ-ပညတ်, ပရမတ်-အာကာသ မဟုတ်ဘူးနော်၊ ပညတ်တွေ ပြောပြောနေတာ၊ ပညတ်အကြားမှာ ခြားခြားနေတယ်၊ များများခြားတယ်၊ တခုနဲ့တခု သိတ်ကွာဝေးနေတယ်ဆိုတာ အဲဒါ ပညတ်အတွက်ခေါ်တယ်။ ။

အားလုံးရှင်းပြီလား ?

။ ရှင်းပါပြီဘုရား။ ။

အဲဒါအကြား ခေါ်တယ်၊ အကြားဆိုလျှင် တပြိုင်နက်နော်၊ ကဲ.... ခန္ဓာတွင်းသွင်းမယ်-ခန္ဓာတွင်းသွင်းမယ်၊ အပြတ်ကတော့ နေပစေအုံး၊ အပြတ်ကတော့ နောက်မှပြောမယ်၊ ဒီနေ့အကြား

အတွက် နဲ့ ဆိုင်တယ်၊ ခန္ဓာတွင်းမှာဆိုလျှင် ရုပ်ကလေးတွေ တွေ့သလား-မတွေ့ဘူးလား ?

။ တွေ့ပါတယ်ဘုရား။ ။

သေးသေးလား ကြီးကြီးလား ?

။ သေးသေးပါဘုရား။ ။

နဲနဲလား များများလား ?

။ များများပါဘုရား။ ။

သေးသေးဆိုဒါ ဘာမြင်လို့လဲ မေးလျှင် အကြားမြင်လို့ များများဆိုဒါလဲ ဘာမြင်လို့ အကြားမြင်လို့လို့ ခေါ်တယ်၊ သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

ရုပ်ကလေးနှစ်ခု၊ နှစ်ခုတို့အလယ်ကို အကြားခေါ်တယ်နော်၊ သေးသေးနဲ့ များများကြီးဆိုလျှင် အကြားခေါ်တယ်။

**ဥပမာ။** ။ငါးသလောက်ဥမှာ အမြှေးမဒွါသေးခင် တပြင်ထဲ တစပ်ထဲ တဥထဲ မထင်ဘူးလား ?

။ ထင်ပါတယ်ဘုရား။ ။

ဥသေးသေးဟာ ဘာမြင်လို့လဲ ဆိုလျှင် အကြား မြင်လို့ ခေါ်တယ်၊ အဲဒီလို အကြား မြင်မယ် ဆိုလျှင် ဥကလေးဟာ သေးသေးလေးနဲ့ အများကြီးလို့ ထင်မလာဘူးလား ?

။ ထင်ပါတယ်ဘုရား။ ။

အဲဒါ အသေးနဲ့ အများကြီး မြင်တယ် ဆိုဒါ၊ အာကာသ အကြားအတွက် ခေါ်တယ်နော်....၊ ခန္ဓာထဲမှာ ရှင်းထားကြ၊ ရှရှ, ရှရှ, လေးတွေ သေးသေးနဲ့ အများကြီး မြင်မယ်ဆိုလျှင် ဒါ-အကြားမြင်ဒါဘဲ၊ ဖျင်းဖျင်း, ဖျင်းဖျင်း,လေးတွေ သေးသေးနဲ့ အများကြီး မြင်မယ်ဆိုလျှင် အကြားမြင်ဒါဘဲ၊ နောက်ပြီးတော့ စစ်စစ်,စစ်စစ်,လေးတွေ သေးသေးနဲ့ အများကြီး မြင်မယ်ဆိုလျှင် ဒါအကြားမြင်ဒါဘဲ၊ မိုးဖွဲကလေးတွေ ကျနေသလို, နှင်းဖွဲကလေးတွေ ကျနေသလို, မြူမှုံကလေးတွေ ကျနေသလို, ဆံပင်တိုတို, ရေစိုစို, လက်နဲ့ပွတ်လိုက်တဲ့အခါမှာ အမှုံအလေးတွေ စင်နေသလို, ရေပန်းကလေးတွေများ ပန်းနေသလို, ဒီလို အမှုံ သေးသေး လေးနဲ့ အများကြီး မြင်မယ် ဆိုလျှင် ဘာမြင်သလဲ ?

။ အကြားမြင်တာပါဘုရား။ ။

အကြားမြင်တာ ခေါ်တယ် မှတ်ထားနော်....၊ အကြားမြင်ဒါ အကြားသေး, အကြားကြီး မြင်မယ် ဆိုလျှင် ပညတ်-အာကာသ၊ ပညတ် အကြားကိုမြင်သည်ဆိုသည်။

## အကြားတို့သဘော ရုပ်ခြင်းမရော။

ကဲ....အလယ်ခေါင်ကလေးကြည့်လိုက်၊ အကြားတို့ သဘောဟာ ရုပ်ခြင်းမရောတဲ့ တပြိုင်နက် ရှကလေးတွေ, ဖျင်းကလေးတွေ, စစ်ကလေးတွေ, ဖြစ်သော်လဲဘဲ ရုပ်ခြင်း မရောရဘူး၊ ရှ,ခြင်းလဲ မရောရဘူး၊ ဖျင်း,ခြင်းလဲ မရောရဘူး၊ စစ်,ခြင်းလဲ မရောရဘူးနော်၊ အဲဒါလေး ရှင်းရှင်းမှတ်ထားကြ။

"အာကာသဓါတု ပရိစ္ဆေဒရူပံနာမ" ဆိုတာ ဒါပြောတာ ခေါ်တယ်၊ အာကာသ = အကြား၊ ဓါတု = သဘော ခေါ်တယ်၊ အကြားတို့ သဘောဟာ ခြားတတ်တယ် ခေါ်တယ်၊ ဘယ်လို ခြားသလဲမေးလျှင် ရုပ်ခြင်း တခုနဲ့တခု မရောရအောင် ခြားထားတဲ့ ရုပ်တွေတဲ့နော်....၊အဲဒါလေး ရှင်းရှင်းမှတ်ထားကြ၊ အဲဒါ ဒီလိုမှတ်ထားလျှင် ဗဟုသုတ အတော်ကြီး များတယ် ခေါ်တယ်၊ ကဲ....ဒါဖြင့် မျက်မြင်ကလေးတွေ ပြောပြမယ်။

ဆန်လုံးကလေးတွေဟာ သေးသေးလေးတွေ မဟုတ်လား ?

॥ ဟုတ်ပါတယ် ဘုရား॥ ॥

အများကြီးမဟုတ်လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒါ ဘာမြင်လို့လဲ

॥ အကြားမြင်လို့ပါဘုရား॥ ॥

ဒီလိုဆိုလျှင် ဆန်လုံးခြင်း ရော-မရော ?

॥ မရောပါဘုရား॥ ॥

အဲဒါ ဘာမြင်လို့လဲ ?

॥ အကြားမြင်လို့ပါဘုရား॥ ॥

အကြားတို့ သဘောဟာ ဘယ့်နှယ်နေ ?

॥ မရောခြင်းသဘော ရှိပါတယ်ဘုရား॥

သဘောကျပလား ?

॥ ကျပါပြီဘုရား॥ ॥

ပဲလုံးကလေးတွေဟာ သေးသေးလေး မဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အများကြီး မဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒါ ဘာမြင်လို့လဲ ?

။ အကြားမြင်လို့ပါဘုရား။ ။

ပဲလုံးခြင်း ရောမရော ?

။ မရောပါဘုရား။ ။

အဲဒါ ဘာမြင်လို့လဲ ?

။ အကြား မြင်လို့ပါဘုရား။ ။

အကြားတို့ သဘောဟာ ဘယ့်နှယ်နေ ?

မရောခြင်း သဘော ရှိပါတယ်ဘုရား။ ။

အဲဒါ မှတ်ထားကြ၊ ကဲ.... ပဲ့နဲ့ ဆန့် ပန်းတခုထဲ ရောမွှေလိုက်စမ်း၊ လောက ဘယ့်နှယ် ပြောသလဲ၊ ပဲ့နဲ့ ဆန့်နဲ့ ရောကုန်ပြီလို့ မပြောဘူးလား ?

။ ပြောပါတယ်ဘုရား။ ။

တကယ် ရောမရော ?

။ မရောပါဘုရား။ ။

အဲဒါ ဘာမြင်လို့လဲ ?

။ အကြား မြင်လို့ပါဘုရား။ ။

အကြွားဟာ ပဲလဲပဲ, သပ်သပ်၊ ဆန်လဲဆန်, သပ်သပ်၊ မနေ ဘူးလား ?

॥ နေပါတယ်ဘုရား॥ ॥

အဲဒါကို ရွေးလျှင် ပဲလဲ, ပဲသပ်သပ်၊ ဆန်လဲ, ဆန်သပ်သပ်၊ မရဘူးလား ?

॥ ရပါတယ်ဘုရား॥ ॥

အဲဒါ မရောလို့ပေါ့၊ အကယ်၍ ရောမယ် ဆိုလျှင် ပဲက တပြည်, ဆန်ကတပြည်,ဆိုလျှင် နှစ်ပြည် မဖြစ်ဘူး၊ တပြည်ဘဲ ဖြစ်ရမယ်၊ ပဲလုံးထဲကို ဆန်လုံး၊ ဆန်လုံးထဲကို ပဲလုံး ဝင်သွား ရမယ်၊ ယခု ဒီလိုမှ မဟုတ်ဘဲ၊ ဆန်လုံးကြားထဲကို ပဲလုံးရောက်၊ ပဲလုံးကြားထဲကို ဆန်လုံးရောက်တော့၊အဲဒါ မရောဘူး၊မရောမှန်း ဘာသိရသလဲဆိုတော့ ပဲလုံးကလဲမာမာ, ဆန်လုံးကလဲ မာမာ, အမာခေါ်ခံတယ် ခေါ်တယ်၊ ပထဝီ အမာခေါ်ခံမယ် ဆိုလျှင် အာကာသ အကြား ပေါ်လာတယ်၊ အကြား ပေါ်လာမယ် ဆိုလျှင် ဒါမရောဒါ ကိန်းသောဘဲ ခေါ်တယ်။

အဲဒါ မရောခြင်း လက္ခဏာလဲ မြင်ထားရတယ်၊ မရောခြင်း လက္ခဏာက "များလာလိမ့်မယ်" "ထွားလာလိမ့်မယ်"ပွားလာ လိမ့်မယ်" ကြီးလာ လိမ့်မယ်" ဆိုလျှင် အဲဒီ လက္ခဏာလေးခု မြင်လျှင် အဲဒါ မရောဘူး။

ခုန ဆန်တပြည်နဲ့ ပဲတပြည် ရောကြည့်လျှင် နှစ်ပြည့် မဖြစ် ဘူးလား ?

॥ ဖြစ်ပါတယ်ဘုရား॥ ॥

များမလာဘူးလား ?

॥ များလာပါတယ်ဘုရား။ ॥

အဲဒါ မရောတဲ့ လက္ခဏာဘဲ မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား။ ॥

ရေတစက်နဲ့ တစက် ရောကြည့်လို့ နှစ်စက် ဖြစ်လာလျှင် ရော-မရော-?

॥ မရောပါဘုရား။ ॥

မရောဘူး၊ နှစ်စက်ဖြစ်လာလျှင် မရောဘူးခေါ်တယ်၊ တံစက် မိတ်ကကျတဲ့ ရေစက်ကလေးဟာ အိုးပြည့်တယ်, တွင်းပြည့်တယ်, ကန်ပြည့်တယ်,ဆိုလျှင် ရော-မရော ?

॥ မရောပါဘုရား ॥

ဘာမြင်လို့လဲ ပွားလာလို့, များလာလို့, ခေါ်တယ်၊ ရှင်းပလား ?

॥ ရှင်းပါပြီဘုရား။ ॥

ဒီလက္ခဏာကြည့်၊ နွားနို့နဲ့ရေနဲ့၊ နွားနို့ကတခွက် ရေက တခွက် ထည့်လိုက်လျှင် နှစ်ခွက်ဖြစ်လျှင် ရော-မရော ?

॥ မရောပါဘုရား။ ॥

အဲဒါ တခွက်ဖြစ်လျှင် ?

॥ ရောပါတယ်ဘုရား။ ॥

အဲဒါ တခွက်ဖြစ်မလား၊ နှစ်ခွက်ဖြစ်မလား၊နှစ်ခွက်ဖြစ်လျှင် မရောဘူး မဟုတ်လား ?

॥ ဟုတ်ပါတယ်ဘုရား။ ॥

မရောသည် ဖြစ်လေသောကြောင့် ကြိုချက်ကြည့်မယ်ဆိုလျှင် ရေဟာ အရင်ခမ်းမသွားဘူးလား ?

॥ ခမ်းသွားပါဘုရား။ ॥

## မရောခြင်း လက္ခဏာ လေးမျိုး။

အဲဒါမှတ်ထား၊ဒါ အာကာသ သဘော မရောဘူးခေါ်တယ်၊ မရောခြင်းလက္ခဏာ လေးပါးနော်....၊ "ကြီး" "ကွား" "ပွား" "များ"တဲ့၊ အဲဒါ ကြီးခြင်းတခု၊ ထွားခြင်းတခု၊ ပွားခြင်းတခု၊ များခြင်းတခု၊ အဲဒီ လေးခုမြင်လျှင် ဘယ်နည်းနဲ့မှ မရောဘူး၊ အာကာသ သဘော ရှင်းရှင်းမှတ်နော်....။

သဘော ကျပလား ?

॥ ကျပါတယ်ဘုရား။ ॥

ဆီနဲ့ ရေနဲ့ တည့်ကြည့်လျှင် ရော-မရော ?

॥ မရောပါဘုရား။ ॥

ဘာမြင်လို့လဲ မေးလျှင် ပွားခြင်း, များခြင်း, မြင်လာ လိမ့်မယ်၊ အားလုံးရှင်းပလား ?

॥ ရှင်းပါတယ်ဘုရား။ ॥

ရှင်းရှင်းလေး မှတ်ထားကြ၊ ဟို- သဲပုံစေတီ ပြောပြစမ်း၊

သဲပုံစေတီလေးဟာ, သဲလေးတွေဟာ သေးသေးနဲ့ အများကြီးမဟုတ်လား၊ အများကြီး ဖြစ်သောကြောင့်သဲတလုံးနဲ့ တလုံးရော-မရော ?

॥ မရောပါဘုရား။ ॥

မရောသောကြောင့် သဲပုံစေတီ တည်မယ်ဆိုလျှင် ဉာဏ်တော် တတောင်, နှစ်တောင်, သုံးတောင်, စသည်ဖြင့် ဒီလို ကြီးမလာဘူးလား ?

ကြီးလာပါဘုရား။ ॥

အဲဒါ မရောတဲ့ လက္ခဏာဘဲ ရှင်းပလား ?

॥ ရှင်းပါပြီဘုရား။ ॥

ကဲ....ခန္ဓာထဲသွင်းကြ၊ ရုပ်လေးတွေဟာ သေးသေးတွေနော်၊ အများကြီးနော်၊ ရုပ်ခြင်း, ရော-မရော ?

॥ မရောပါဘုရား။ ॥

ဘာမြင်လို့လဲ ?

॥ အကြားမြင်လို့ပါဘုရား။ ॥

အကြားမြင်မယ်ဆိုလျှင် ရုပ်,နှစ်ခု၊ ရုပ်, ဆယ်ခု၊ အများကြီးဆိုလျှင် ကြီးလာလိမ့်မယ်၊ ထွားလာ လိမ့်မယ်နော်၊ ဟို....ခေါင်းတလုံး ထားစမ်း၊ ခေါင်းတလုံး ဆိုလျှင် ရုပ်အမှုံ ကလေး တွေဟာ တပြည်သား ထားစမ်း၊ အဲဒီ တပြည်သားဟာ တခုနဲ့ တခု ရော-မရော ?

॥ မရောပါဘုရား။ ॥

မရောလို့ရှိလျှင် တပြည်သားလောက် ခေါင်းကြီး,ကြီးမလာဘူးလား ?

။ ကြီးလာပါတယ်ဘုရား။ ။

ခေါင်းကြီး,ကြီးလာတာက ဘာဖြစ်လို့ ခေါင်းကြီးလာတာက ရုပ်မှုံတွေများလို့ ခေါ်တယ် မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဆရာတော်တို့ အစိုးရ စာမေးပွဲ အငယ်ဝင်တန်းက မေးထားတာ ရှိတယ်၊ ဆင်ကောင်နှင့် ယင်ကောင် နှိုင်းယှဉ်မေးထားတာ ရှိတယ်၊ ဆင်ကောင်ကြီး-ကြီးနေတာ၊ သူကတော့ ပထဝီ ပြောလိုက်ထာဘဲ၊ ပထဝီကြီးနေလို့လား၊ ယင်ကောင်လေး ငယ်နေတာ ပထဝီ ငယ်နေလို့လား၊ ပထဝီ နားမလည်လျှင် အမှုံ ပြောဒါနေ၁်....၊ အမှုံကြီး-ကြီးလို့ ဆင်ကောင်ကြီးနေတာလား၊ အမှုံသေးလို့ ယင်ကောင် ငယ်နေတာလားတဲ့၊ ဟောဒါ မေးထားတာ၊ ကဲ.... မေးထားလျှင် ဆင်ကောင်က အမှုံကလေး တခုလက်ဝါးပေါ်တင်၊ ယင်ကောင်က အမှုံကလေး တခု လက်ဝါးပေါ်တင်၊ သူတို့နှစ်ခု ယှဉ်ကြည့်လျှင် ဘယ့်နှယ်နေ၊ အတူတူဘဲနေ၁်.... ဘာဖြစ်လို့ ယင်ကောင်က ငယ်နေရသလဲ ?

။ အမှုံ နဲနေလို့ပါဘုရား။ ။

အမှုံနဲ့လို့ ဟော... သူ့ဟာသူ ပေါ်လာတာဘဲ၊ ဆင်ကောင့် ဘာကြောင့် ကြီးနေရသလဲ ?

။ အမှုံများနေလို့ပါဘုရား။ ။

အဲဒါ ရှင်းသွားတာဘဲ၊ သဲပုံစေတီ နှစ်ဆူ ရှိတယ်၊ တဆူက ဉာဏ်တော် တတောင်၊ တဆူက ဉာဏ်တော် နှစ်တောင်နော်၊ သဲလုံးခြင်း ယှဉ်ကြည့်လျှင် ဘယ့်နှယ့်နေ-အတူတူဘဲ၊ ဒါဖြင့် ဘာဖြစ်လို့ တဆူက ဉာဏ်တော် ငယ်နေရသလဲ၊ သဲမှုံ့နဲလို့၊ ဘာဖြစ်လို့ ဘုရားတဆူက ဉာဏ်တော်ကြီးနေရသလဲ၊ သဲမှုံ့ များလို့ဆိုတာ ရှင်းသွားပြီ။ ။

ဒါဖြင့် ဝသောသူနှင့် ပိန်သောသူယှဉ်လိုက်စမ်း....ဝသောသူက တမှုံ၊ ပိန်သောသူက တမှုံ ယှဉ်လိုက်စမ်း....ဘယ့်နှယ့်နေ အတူတူဘဲ၊ တာဖြစ်လို့ ဝနေသလဲ၊ အမှုံများလို့တဲ့။

ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဘာမှ အနှစ်သာရ ရှိတာမဟုတ်ဘူး၊ အမှုံတွေများတော့ ဒီအမှုံတွေဒါကြာ ပြင်းပြင်းထန်ထန် ခံနေရတာဘဲ၊ အမှုံတွေများ တော့ ဒုက္ခ မများဘူးလား ?

။ များပါတယ်ဘုရား။ ။

ဝသောသူ ပုပ်တော့ ဘာတွေ ပုပ်သလဲ၊ ဒီအမှုံတွေဘဲ၊ အသုဘဆိုလဲ ဒီအမှုံတွေဘဲ၊ အဲဒါ ဝတာ နောက်ပိတ်ဆုံး ပုပ်စော်နံတာများတာဘဲ၊ နောက်ပိတ်ဆုံး ဝခြင်းအကျိုးဟာ ဘာမှ ကောင်းတာဟုတ်ဘူး၊ ကောင်းကြရဲ့လား ?

။ မကောင်းပါဘုရား။ ။

ပိန်တာက ဘာဖြစ်လို့ အမှုန့်လို့, ဆွမ်းစား မကောင်းလို့ ပိန်ဒါ ဟုတ်ကြရဲ့လား ?

။ မဟုတ်ပါဘုရား။ ။

ဘာဖြစ်လို့ ?

။ အမှုန့်လို့ပါဘုရား။ ။

**မီးခွက်ဥပမာ။ ။**

ရှုဆိုတဲ့ အမှုန့်ကလေးတွေနော်၊ အဲဒါ အာကာသ သဘော၊ အစတော်တာသွားတယ်နော်၊အတော်တာသွားတယ်။ အာကာသ သဘော သိပ်သွားတာဘဲ၊ အဲဒီမှာဆိုလျှင် အဓိပ္ပါယ် - မီးလေး နှစ်ခု ထွန်းထားနော်.... မီးခွက်နှစ်ခု စားပွဲပေါ် တင်ထားစမ်း၊ ကြားလေး မတွေ့ဘူးလား ?

။ တွေ့ပါတယ်ဘုရား။ ။

နှစ်ခု ဆိုသောကြောင့် နေရာနှစ်ခု မတွေ့ဘူးလား ?

။ တွေ့ပါတယ်ဘုရား။ ။

နေရာခြားလျှင် မီးခွက်ခြင်းလဲခြားနေတာဘဲ၊ အဲဒီမီးခွက်မှာ နှစ်ခု-အလယ်အကြား-အကြားသဘော မရောဘူး ဆိုတာ သေ သေချာချာ မှတ်လိုက်၊ အဲ....မှတ်ပြီးတဲ့နောက် မေးတော့မယ်၊ မီးခွက်ခြင်းကော ရောလား ?

။ မရောပါဘုရား။ ။

ရေနံဆီခြင်းကော ရောမလား ?

။ မရောပါဘုရား။ ။

မီးစာခြင်းကော ရောမလား ?

မရောပါဘုရား။ ။

အဲဒါခြင်းတော့ ထင်ရှားတယ်-မီးထွန်းတော့မယ်၊ နှံနဲ့ဉာဏ် ရှုပ်တတ်တယ်၊ မီးခွက် တခွက်ကို မီးထွန်းထားလိုက်-မီးတောက် မနေဘူးလား ?

။ မီးတောက်နေပါတယ်ဘုရား။ ။

ကဲ....နောက်မီးခွက် တခွက် သွားပြီးတော့ကူးလိုက်၊ နောက် မီးခွက် မီးပါမသွားဘူးလား ?

။ ပါသွားပါတယ်ဘုရား။ ။

အဲဒါ မီးခြင်း ရောမရော ?

။ မရောပါဘုရား။ ။

အဲဒါ ဘာဖြစ်လို့လဲ ?

။ အကြားမြင်လို့ပါဘုရား။ ။

အဲဒါမှတ်ထားရတယ်-ဘယ့်လောက် ဗဟုသုတကောင်းထား သလဲ၊ မရောဘဲနဲ့ ဘာဖြစ်လို့ တောက်သလဲ၊ တောက်ပုံပြော မယ်၊ ပထမမီးခွက်မှာ မီးတောက်နေတယ် ထင်ရှားတယ်-ထင် ရှားတယ်၊ ဒုတိယမီးခွက်ကလေးမှာ မီးစာကြည့်၊ မတောက်သေး ခင်၊ မီးစာမှာ အေးနေတယ်-အေးလျှင် တောက်မတောက် ?

။ မတောက်ပါဘုရား။ ။

ပူအောင် မီးခွက်နားမှာ မီးစာသွားမကပ်ရဘူးလား- မီးနား သွားကပ်တော့ ဟိုက ပူရှိန်မဟပ်ဘူးလား ?

॥ ဟပ်ပါတယ်ဘုရား॥ ॥

ပူရှိန်ဟပ်တော့ မီးစာမှာ အအေးဓါတ် မပျောက်ဘူးလား ?

॥ ပျောက်ပါတယ်ဘုရား॥ ॥

ပူရှိန်ဟပ်လွန်းမက-ဟပ်တဲ့အခါမှာ မီးစာမှာအေးရှိန်ပျောက် သွားရော-ပျောက်သွားတော့ မီးစာ ကိုင်ကြည့်လျှင်- ပူမနေ ဘူးလား ?

॥ ပူနေပါတယ် ဘုရား॥ ॥

အဲဒီပူတဲ့မီးကလေးက သူ့မီးစာ ထတောက်ထာ၊ ဟော.... အဲဒါ သူ့မီး သူ့တောက်ထာ၊ ဟိုပထမမီးခွက်က မီးသည် ဒီဘက် ကို ကူးလာတာ မဟုတ်ဘူးတဲ့၊ အဲဒါ ဘာမြင်လို့ ပြောရတာလဲ ဆိုတော့ အာကာသ အကြား မြင်လို့တဲ့၊ အဲ....အကြား ဘယ့် နှယ်နေသလဲမေးလျှင်-အကြားကတော့ မရောယှက်တဲ့သဘော ရှိ တယ် မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

မီးခွက်ခြင်း, မီးစာခြင်း, ရေနံဆီခြင်း, မရောသလို-မီးလဲဘဲ မရောဘူး ခေါ်တယ်၊ ဒီထက် စစ်စစ်ပြောအုံးမယ်၊ မီးစာထဲမှာရှိ တဲ့ တေဇော-အပူကလေးဟာ ဘယ်သူ့ကိုလောင်သလဲ မေးလျှင် ပထဝီကိုလောင်တယ်-ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒီ ပထဝီဟာ ဘယ်ထဲမှာလဲ မေးလို့ရှိလျှင်-ပထမ မီးခွက် မီးစာထဲမှာ....ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒါဖြင့်လျှင်-တေဇောမီးက-သူက လောင်တာဘဲ၊ ပ ထ ဝီ က လေးကလောင်စာဘဲ၊ သူ့မီးနဲ့သူ့လောင်စာကလေးဟာ ပထမ မီးခွက်မှာ တောက်လိုက်-သေလိုက်-တောက်လိုက်-သေလိုက်-ဖြစ် နေတာဘဲ၊ ဒုတိယမီးခွက် မီးစာထဲကို ဟိုပထဝီလာပါ့မလား ?

။ မလာပါဘုရား။ ။

ဒုတိယ မီးခွက် မီးစာက-သူ့ပထဝီ-သူ့အမှုံဘဲ၊ သူ့အမှုံနဲ့ သူ့မီးမှ တောက်လို့ရမယ်-သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

အဲဒါအရင်းစစ်ကလေး၊ဒါကဉာဏ်မြင်တယ်, ကလာပ်ကိုနား လည်လျှင်၊ ဒါကအလွယ်ကလေးဘဲ, ရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

**အာကာသဘော အကြားပြော။**

အာကာသလေးနဲ့ အ တော့ ကို ခရီးရောက်တယ်နော်, အ ကြားတို့မရောတာ သေသေချာချာ သိမယ်ဆိုလျှင်၊ အပြတ် ကျတော့ ဖြစ်ပျက်မြန်တယ်ခေါ်တယ်, ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ဒါဖြင့် အကြားမြင်မယ်ဆိုလျှင်၊ တနေရာက, တနေရာသို့ ရွှေ့နိုင်, မရွှေ့နိုင် ?

။ မရွှေ့နိုင်ပါဘုရား။ ။

အကြားဆိုတာရောသလား, မရောဘူးလား ?

မရောပါဘုရား။ ။

မရောလျှင် အပေါ်တက်နိုင်, မတက်နိုင် ?

မတက်နိုင်ပါဘုရား။ ။

အောက်ဆင်းနိုင်, မဆင်းနိုင် ?

။ မဆင်းနိုင်းပါဘုရား။ ။

အထဲဝင်နိုင်, မဝင်နိုင်

။ မဝင်နိုင်ပါဘုရား။ ။

အပြင်ထွက်နိုင်, မထွက်နိုင်

။ မထွက်နိုင်ပါဘုရား။ ။

ဘေးကိုလည်နိုင်, မလည်နိုင်

။ မလည်နိုင်ပါဘုရား။ ။

အဲဒါ အကြားသဘောခေါ်တယ်, ဘယ်နယ် တနေရာက တနေရာသို့သွားနိုင်ပါမလဲ,အပေါ်ကြည့်လဲရုပ်, အောက်ကြည့်လဲ ရုပ်, အထဲကြည့်လဲရုပ်, အပြင်ဘက်ကြည့်လဲရုပ်, ရုပ်တွေခြာလ ပတ်လည်နေတယ်၊ ယခုလူတို့မြင်နေကြတဲ့ အာကာသ, ဓမ္မာရုံ မှာ, တိုဟင်းလင်းပြင်ကြီးမတွေ့ဘူးလား, အပြင်ဘက်ကော ဟင်း

လင်းပြင်ကြီးမတွေ့ဘူးလား, အဲဒီဟင်းလင်းပြင်ကြီးဟာ၊ ဘာမှ မရှိဘူးလို့ မထင်နဲ့နော်, ရုပ်ဓါတ်, ရှစ်ပါးရှိတယ်၊ အာလောက အလင်းရှိတယ်၊ ဒီအလင်းရှိမယ်ဆိုလျှင် အလင်းရဲ့မှီရာဖြစ်တဲ့ ပထဝီရှိပြီးသားဘဲ၊ မရှိဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

အဲဒီပထဝီရှိမယ်ဆိုလျှင်၊ အဲဒီပထဝီက သူ့နေရာမှာဖြစ်, သူ့နေရာမှာပျက်သွားတာဘဲ, ဟိုအထက်တက်လို့မရဘူး, အောက်ကို ဆင်းလို့မရဘူး, ဘာဖြစ်လို့လဲဆိုလျှင်၊ ပထဝီတွေက, အထက်ကလဲခံထားဒါဘဲ, အောက်ကလဲခံထားဒါဘဲ, ပထဝီမရှိဘူး မထင်နဲ့, ဒါကြောင့် နေပူလိုက်လို့ရှိလျှင်, ပထဝီခြင်းဆက်ပြီး တော့ လူ့ပြည်မှာလိုက်လာထာဘဲ, အေးတာ့လ, ထွက်လာမယ် ဆိုလျှင်၊ ပထဝီခြင်း ဆက်ပြီးတော့ လူ့ပြည် လာအေးတာဘဲ, သဘောကျပလား ?

॥ ကျပါတယ်ဘုရား॥ ॥

အဲဒါ အာကာသလေး အကြားကလေးအတွက်၊ မီးဓါတ်က တင်ပါးထဲမှာ ဖြစ်ပေါ်ပြီးတော့လာတဲ့အခါမှာ၊ လောင်ကြွမ်း အောင်ဖုတ်လိုက်တော့ တင်ပါးထဲမှာရှိတဲ့ရေဓါတ်သည်, ခမ်းချုပ် ပြီးတော့သွားပါသည်၊ လေဓါတ်က တရှိန်းရှိန်း, တရှူးရှူးနဲ့ မှုတ်ပေးလိုက်တော့ တင်ပါးမှာ, အာကာသ, အကြား, အသေး, အနုတ်ကလေး, ဆန်ခါလို, အပေါက်, အပေါက်, ထင်းရှူးသား များကဲ့သို့ ပွပွ,ရွရွ, မွမွ, လေးတွေ ပေါ်လာပါသည်၊အာကာသ ပေါ်ပုံနော်။

အကြား အသေး အနုတ် ကလေးတွေကဲ့တော့ ပထဝီဓါတ်၊ မြေဓါတ်၊ ဟော ပေါ်လာပြီ၊ တလှုပ်လှုပ်၊ တရွရွ၊ တမွမွ၊ တရိပ်ရိပ်၊ တဖြစ်ဖြစ်၊ တစစ်စစ်၊ နဲ့ ရုပ်ရှင်စံနစ်လို ကိုယ်ထဲမှာ မျိုးစုံပေါ်လာပေသည်၊ ကဲခန္ဓာထဲမှာ ရွရွလေးတွေ မတွေ့ဘူး လား ?

။ တွေ့ပါတယ်ဘုရား။ ။

အဲဒါ ပထဝီဘဲခေါ်တယ်၊စသုံးတော့ ပထဝီ၊ဗမာသုံးတော့ အမှုံ၊ ပရမတ်သုံးတော့၊ မာဒါလေးတွေခေါ်တယ်၊ ရွရွလေး တွေ မတွေ့ဘူးလား ?

။ တွေ့ပါတယ်ဘုရား။ ။

ဖြင်းဖြင်းလေးတွေ့၊ မတွေ့ဘူးလား ?

။ တွေ့ပါတယ်ဘုရား။ ။

စစ်စစ်လေးတွေ့၊ မတွေ့ဘူးလား ?

။ တွေ့ပါတယ်ဘုရား။ ။

အဲဒါပထဝီခေါ်တယ်၊ အမှုံခေါ်တယ်၊ အဲဒီ အမှုံကလေး တွေ့၊ သေးသေး အများကြီးဆိုတာ အာကာသ၊ အကြားမြင် လို့ခေါ်တယ်၊ ဒါဖြင့် စသုံးဆိုလျှင်၊ အာကာသနဲ့ ပထဝီ တပြိုင်နက်ခေါ်တယ်၊ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ခုန ငါးသလောက်ဥ အမြေးမခွါခင်၊ တပြင်ထဲ၊ တစပ်ထဲ၊ တခုထဲ မထင်ဘူးလား၊ အမြေး ခွါလိုက်တော့၊ အကြားသွား

မတွေ့ဘူးလား၊ အကြားသွားတွေ့လျှင်၊ ဥသေးတွေ မတွေ့ဘူးလား အကြားနဲ့ ဥသေးနဲ့ တပြိုင်နက်မြင်ရတယ်၊ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဥသေးလို့ မြင်လျှင်၊ အကြားမြင်ရတယ်၊ သေးသေးလေးပါ လား၊ နကိုယ်တုံးက ငါးဥအကြီးကြီး၊ အောက်မေ့တယ်၊ ယခု တော့ သေးသေးလေးတွေပါလားဆိုတာ၊ ဘာမြင်လို့လဲ ?

॥ အကြားမြင်လို့ပါဘုရား॥ ॥

ဒါဘာဖြစ်လို့ အကြားမြင်သလဲဆိုလျှင်၊ ဥလေးတွေမြင်လို့၊ နှစ်ဥ၊ နှစ်ဥ၊ တွေ့မှ၊ အလယ်ခေါင်အကြား တွေ့ရတယ်၊ နှစ်ဥ မတွေ့လျှင်၊ ဒီအကြားတွေ့ပါ့မလား ?

॥ မတွေ့ရပါဘုရား॥ ॥

သေးသေးဆိုတာလဲ ဒီအကြားတွေ့မှ ဥကို တွေ့ရမယ်၊ ရှင်း ပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

ဒါဖြင့် အာကာသနဲ့ ပထဝီ တပြိုင်နက်၊ အကြားနဲ့ အမှုံ တပြိုင်နက်၊ သဘောကျပလား ?

॥ ကျပါတယ်ဘုရား॥ ॥

အဲဒါမှတ်ထားပေတော့॥

**ပထဝီဓါတ်ဖြစ်ပုံ॥**

ကဲ ပထဝီပြောကြအုံးစို့၊ သူ့အကွက်-သူကြည့်၊ "မာဒါ၊ ပျော့ဒါ၊ ပညတ်မြေဓါတ်၊ ပညတ် ပထဝီဓါတ်အစစ်ပါ" ဟော....

အပေါ်ကမာဒါ ရေး မ ထား ဘူး လား, အောက် က ပျော့ ဒါ ရေးမထားဘူးလား, မာဒါ မာ ပထဝီပေါ့, ပျော့ဒါ ပျော့ပထဝီ ပေါ့တဲ့, ရှင်းသွားပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

တနည်း....“ကြမ်းဒါ, နူဒါ, ပညတ်မြေဓါတ်, ပညတ်ပထဝီ ဓါတ် အစစ်ပါ” အတူတူဘဲ၊ ကြမ်းလို့ရှိလျှင်, ကက္ခဠပထဝီ.... ပေါ့၊ နူလို့ရှိလျှင်, သုခုမ ပထဝီပေါ့၊ ဒါက စာလို နာမည် မှည့်ကြဒါ, ကြမ်း လျှင်.... ကြမ်း ပထဝီ,နူလျှင်....နူ ပထဝီ ပေါ့, မှားဦးမလား ?

॥ မမှားပါဘူး....ဘုရား॥ ॥

ဘာမှလဲ မထူးပါဘူး၊ကြမ်းတာမှာလဲ မာကြမ်း, ပျော့ကြမ်း နှစ်မျိုး ရှိတာဘဲ၊ နူ တာမှာလဲ, မာနူ....ပျော့နူ နှစ်မျိုး ရှိတာ ဘဲ....၊ ဒီတော့ မာဒါ....ပျော့ဒါ နှစ်မျိုးသုံးလျှင်, ပျော့ကြမ်း-ပျော့နူ, ဒီလို လာဒါဘဲ, အတူတူဘဲ.... ခေါ်တယ်။

“မာဒါ....ပျော့ဒါ, ပညတ် မြေဓါတ် ပညတ် ပထဝီ ဓါတ် အစစ်ပါ”တဲ့ ပညတ်ပထဝီ သိလိုက်ပါသဖြင့် ပရမတ် ပထဝီ သိဘို့ လိုတယ်၊ အလယ်ခေါင်းကြည့် “ ကလာပ် တခု, မာမှု သေးဟာ, ပရမတ် ပထဝီဓါတ်, ပရမတ် မြေဓါတ် အစစ်ပါ” သိပ်ရှင်းဒါဘဲ....။

ရုပ်ကလာပ်တခုမှာ အဖျင်းဆုံး ရုပ်ပေါင်းရှစ်ခု မရှိဘူးလား?

॥ ရှိပါတယ်....ဘုရား॥ ॥

ရှစ်ခုထဲမှာ မာဒါလေး, ဘယ်နှစ်ခုပါ ?

॥ တခုပါ....ပါဘုရား॥ ॥

တခုထဲ ခေါ်တယ်၊ အဲဒီ....မာဒါ ကလေးဟာ ပရမတ်.... စစ်စစ်ဘဲ၊ ပရမတ် ပထဝီဓါတ်, ပရမတ် မြေဓါတ်လို့ - မှတ်ပါ, ရှင်းပလား ?

॥ ရှင်းပါ....ဘုရား॥ ॥

ရုပ်ကလာပ် တခုထဲမှာ မာမှုသေးသေးလေးကို ပရမတ်ပထဝီ ဆိုလိုက်ပါသဖြင့်, အဲဒီ ပရမတ် ပထဝီကို ဘုရားသာ မြင်ရတယ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်အရာ၊ သည့်ပြင် ပုဂ္ဂိုလ်တွေ မမြင်နိုင်ဘူး၊ မမြင်ပါဘဲနဲ့ အရှင်ဘုရား, ဘာဖြစ်လို့ ဟောရတာလဲ၊ စာတတ်လို့ ဟောနိုင်တာ ခန္ဓာ ထဲ မှာ မြင်လို့.... မဟုတ်ဘူး၊ ဒီလောက် သေးသေးမွှားမွှား, ဒီဉာဏ်နဲ့ မမြင်နိုင်ဘူး....မြင်နိုင် ပါ့မလား ?

॥ မမြင်နိုင်ပါ....ဘုရား॥ ॥

ဒါ....စာသိလို့ ပြောဒါ, ခန္ဓာသိ မဟုတ်ဘူး၊ ခန္ဓာသိ ပြောလျှင်, အနုမာန မှန်းဆပြီး ပြောရတာဘဲ....ရှင်းသွား ပလား?

॥ ရှင်းသွားပါပြီ....ဘုရား॥ ॥

သေသေ ချာချာ....မှတ်ကြ၊ ဒါဖြင့် ပရမတ် ပထဝီ စစ်စစ် ကလေးဆိုလျှင်, ဘယ် သူမှ မြင်မလဲ, ဘုရားမှမြင်မယ်၊ သည့်ပြင် ယောဂီတွေ မြင်နိုင်ပါ့....မလား ?

॥ မမြင်နိုင်ပါ....ဘုရား॥ ॥

မမြင်နိုင်လျှင်, ပရမတ် မစစ်သောကြောင့်, ဝိပဿနာ.... ဉာဏ်မဟုတ်ဘူးလို့ ဆိုလျှင်, ဒါ....ဘယ့်နယ်လုပ်မလဲ ? အလွန်သေးလှစွာသော အမှုအရာကလေးကို မြင်လို့ ရှိလျှင်, တော်လောက်ပြီတဲ့....(လယ်တီဆရာတော်ဘုရားကြီးက)တော်လောက်ပြီတဲ့၊ ဘာဖြစ်လို့လဲဆိုလျှင်, သတ္တပညတ်, သတ္တဝါ.... ဆိုတဲ့ အမှတ်ကလေးလဲ, ကွာသွား နိုင်တယ်၊ ဇီဝဒိဋ္ဌိ, အသက်....ဆိုတဲ့, အယူမှားလဲ ပျောက်သွားနိုင်သည်....တဲ့။

အားလုံး သဘောကျပလား ?

။ ကျပါတယ်....ဘုရား။ ။

**ယောဂီအမြင် ပရမတ်ပင်။**

ကဲ-ဒါဖြင့် ယောဂီတို့ အမြင်အင်မတန်သေးလှစွာသော အရှိန်ကလေးတွေ, အခိုး, အငွေ့လေးတွေ, အမှုံလေးတွေ, ဒီလိုမြင်လျှင်၊ ယောဂီတို့ဉာဏ်နဲ့ ပရမတ်လို့ဆိုရတယ်၊ စစ်တော့မစစ်ဘူးနော် ယောဂီတို့ဉာဏ်မှာ ဒါအသေးဆုံးခေါ်တယ်။

**ဥပမာ။** ။လူကြီးမျက်စေ့နဲ့, လူငယ်မျက်စေ့, တူပါ့မလား, မတူဘူး၊လူကြီးမျက်စေ့မြင်တဲ့အပ်နဖါးနဲ့, လူငယ်မျက်စေ့မြင်တဲ့ အပ်နဖါး တူပါ့မလား၊ လူကြီးမျက်စေ့မြင်တဲ့အပ်နဖါးသည် မကြီးဘူးလား၊လူငယ်မျက်စေ့မြင်တဲ့ အပ်နဖါးသည် မသေးဘူးလား၊ သို့သော်-လူကြီးမျက်စေ့ မြင်နိုင်တဲ့ အားအကုန်ဟာဖြင့် ဒီလောက်သာမြင်နိုင်တယ်၊ဒီထက်သေးလျှင်, သူမမြင်နိုင်တော့ဘူး၊ လူကြီးမျက်စေ့မြင်ဒါနဲ့, ယောဂီ

မြင်တာနဲ့ တူပါတယ်၊ လူငယ်မျက်စေ့ မြင်ဒါနဲ့, ဘုရားရှင် ကိုယ်တော်မြတ်မြင်ဒါနဲ့, တူပါတယ်၊ မှတ်ထားကြ။

ပရမတ်စစ်ကြီးလိုက်မလုပ်နဲ့, ဘယ်တော့မှမရဘူး၊ ဆရာတော်လဲစာတတ်သားဘဲ့ဝီထိ့လေးချကြည့်, ခန္ဓာမှာမှတ်ကြည့်, ရကိုမရဘူး၊ ပဉ္စဒွါရဝဇ္ဇာန်းဖြစ်ပြီ၊ ကာယဝိညာဉ်ဖြစ်ပြီ ဖြစ်လို့ ရှိလျှင်၊ နောက်ပြီးတော့ သမ္ပဋိစ္ဆိုန်းကလက်ခံပြီ၊ သန္တီရဏကာစုံစမ်းပြီး ဝုဋ္ဌော့က မှတ်ပြီး၊ ပထမဇော့က ခံစားပြီဆိုတာလုံး ဝမရဘူး၊ မရဘူး။

ခန္ဓာထဲမှာ အဓိပ္ပါယ်၊ ရင်က, အသိကလေးနဲ့ ခေါင်းကပူဒါ လေးနဲ့ဆိုပါတော့၊ ချက်ခြင်းဘဲ ခေါင်းကပူတယ်လို့ သိလိုက် ထာဘဲ၊ အဲဒီနေရာမှာ ဝီထိတွေအများကြီးသွားတယ်၊ ခေါင်းက ပူဒါလေးပေါ်တဲ့နေရာမှာ၊ ထိသိ့ ကာယဝိညာဉ်ဝီထိ့ သွားရော ဘဝင်တွေအများကြီးခြား့ ဘာမှမသိသေးဘူး၊ နောက် သဒ္ဒနုဝတ္တက မနောဒွါရဝီထိ့ လိုက်, လိုက်ရှိဘဲရှိသေးတယ်၊ မသိသေး ဘူး၊ နောက်တော့ သုဒ္ဓမနောဒွါရ ဝီထိလာတော့ ခေါင်းထဲမှာ အပူကလေးသွားတွေ့, သိသော် စိတ်ကပူဒါလို့ မသိသေးဘူး၊ ခေါင်းထဲမှာ အပူပေါ်လာဒါဘဲ၊ ဘဝင်တွေခြားအုံး အနန္တနောက်ပြီးတော့မှ၊ အတ္တ, မနောဒွါရဝီထိလိုက်မှ ခေါင်းထဲက အပူလို့ ယောဒီလို သိတယ်နော်။

ဘဝင်တွေ အနန္တခြား လေးဝီထိမြောက်မှ၊ တသိထဲလာတယ် ဒီခြားထဲမှာ, သိကိုမသိဘူး၊ စာတတ်သောပုဂ္ဂိုလ်တို့အလုပ်, လုပ် ကြည့်, မလုပ်လုပ်ကြည့်လျှင်သိလိမ့်မယ်၊ စာနဲ့ ခန္ဓာနဲ့, ဒီနေရာမှာလုံး ဝမကိုက်ဘူး၊ စာက ဘုရားရှင်ကိုယ်တော်မြတ်ရွှေဉာဏ်-

တော်အရာ၊ ဒီလောက်ထိအောင်မသိနိုင်ဘူးနော်၊ တဝီထိကိုမဆို ထားနဲ့ လေးဝီထိတောင်ဘဝင်တွေခြားတာလုံးဝနားမလည်ဘူး နော်-ဆရာတော်တို့ စာတတ်တယ်၊ စာတတ်တော့ အလုပ်လုပ် တယ်၊ အလုပ်လုပ်တဲ့အခါမှာ၊ ယခုပဋ္ဌာန်းပါရဝဇ္ဇာန်းဖြစ်ပြီး အခု သမ္ပဋိစ္ဆန်းဖြစ်ပြီ လုံးဝမရဘူး၊ စာတတ်လို့သာ လျှောက် ပြောနေဒါတဲ့။

ရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ကဲဒါဖြင့် သူ့ဉာဏ်နဲ့သူ့ဉာဏ်လိုက်ပေတော့ ရွှေဉာဏ်တော် အရာဆိုလျှင်၊ ရုပ်ကလာပ်တခု မာမှုသေးသေးလေး၊ ပရမတ်၊ ပထဝီ ဆုံးဖြတ်တော့၊ ယောဂီတို့ဉာဏ်မှာဆိုလျှင်၊ အလွန်သေး လှစွာသော အရိုန်ကလေးတွေ၊ အခိုးလေးတွေ၊ အငွေ့လေးတွေ၊ အမှုံလေးတွေ၊ လောက်ကို၊ ပရမတ်လို့သာ ဆုံးဖြတ်ပေတော့။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ကလာပ်တခု မာမှုသေးဟာ ပရမတ် ပထဝီ လို့ ဆိုလိုက်ပါ သဖြင့်၊ ကလာပ်တွေ တဲ့စမ်း....အမှုံတွေ တဲ့စမ်း၊ အတုံး အခဲ၊ အတွဲကလေးဟာ ပညတ်ပထဝီ၊ ပညတ်မြေဓါတ် လို့ မှတ်ပါ၊ အသား-အရေ-အကြော၊ ကောဋ္ဌာသ-ခေါင်းကိုယ်၊ ခြေလက်၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း၊ ယောကျ်ား မိန်းမ၊ စသော သဏ္ဌာန်

တွေ့၊ ဩကာသ လောက တွေ့၊ ပညတ်ပထဝီ၊ ပညတ်မြေဓါတ် လို့....မှတ်လိုက်ပါ၊ ရှင်းသွား....ပလား ?

။ ရှင်းသွားပါပြီ....ဘုရား။ ။

ကဲ-ပြန်ချုံးစမ်း၊ပြန်ချုံးစမ်း၊ရုပ်နာမ်ပေါ်တော့မယ်၊မီးဓါတ်က လောင်ကျွမ်းအောင်ဖုတ်၊ရေဓါတ်ကခမ်းချုပ်၊ လေဓါတ်က မှုတ်လိုက်တော့၊ ဒီမှာ....“လေဓါတ်မှုတ်ပုံ” ခန္ဓာမှာ တရှိန်းရှိန်း တရှူးရှူး၊ ဖြစ်မနေ....ဘူးလား ?

။ ဖြစ်နေပါတယ်....ဘုရား။ ။

လေဓါတ်က တရှိန်းရှိန်း - တရှူးရှူး မှုတ် လိုက် တော့....၊ အာကာသ အကြားအသေး၊ အနုတ်ကလေးတွေ ကွဲ၍၊ (ဒီမှာ ဆန်ခါ လိုထည့်) အပေါက် အပေါက် ကလေးတွေ ထင်း ရှူး သားများကဲ့သို့ ပွပွ-ရွရွ-မွမွ ကလေးတွေ ပေါ်လာပြီးသကာလ ပထဝီဓါတ် ဆိုတဲ့ အမှုံကလေးတွေက တလှုပ်လှုပ်-တရွရွ-တမွမွ-တရိပ်ရိပ်-တလှစ်လှစ်-တဖြစ်ဖြစ်-တစစ်စစ် နဲ့၊ ရုပ်ရှင် စံနစ်လို....၊ ကိုယ်ထဲမှာ မျိုးစုံ ပေါ်လာသည်....ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

## နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပုံ။

ခန္ဓာထဲမှာ ပေါ်ဒါက၊ တမျိုးထဲလား....အမျိုးမျိုးလား ?

။ အမျိုးမျိုးပါ....ဘုရား။ ။

မျိုးစုံ ပေါ်တယ်နော်၊ ပေါ်တိုင်း-ပေါ်တိုင်း ကော၊ လိုက် ပြီး....သိရဲ့လား ?

။ သိပါတယ်....ဘုရား။ ။

မျိုးစုံပေါ်ဒါက, ရုပ်ပေါ်တိုင်း-ပေါ်တိုင်း, လိုက်သိတာက နာမ်ပါဘဲ-တဲ့၊ဟော….ရုပ်နာမ် ကွဲပုံကလေး, နာမရူပ ပရိစ္ဆေဒ-ဉာဏ်, ဒီမှာ ပေါ်ပြီး။ ။

စာနဲ့ ကိုက်မယ်နော်၊ စာနဲ့ မကိုက် သေး ခင်, ခုန လို ပြောအုံးမယ်၊ တင်ပါးကလေးတခု, ရွရွကလေးတွေ မြင်တယ်၊ ဖျင်းဖျင်းကလေးတွေ မြင်တယ်, စစ်စစ်ကလေးတွေ မြင် တယ်…. ဆိုပါတော့၊ အဲဒီလို မြင်တယ် ဆိုလျှင်, တင်ပါး သည် အမှုံစု, အမှုံပုံ မနေဘူးလား ?

။ နေပါတယ်….ဘုရား။ ။

အမှုံစု, အမှုံပုံ မြင်မယ်ဆိုလျှင်, တင်ပါးတွေ့ မတွေ့ ?

။ မတွေ့ပါ….ဘုရား။ ။

မတွေ့လျှင်, ရှိလို့လား….မရှိလို့လား ?

။ မရှိလို့ပါ….ဘုရား။ ။

မရှိဘူးဆိုလျှင်, အခုမှ မရှိတာလား၊ အစထဲက မရှိ တာ လား….?

။ အစထဲက မရှိလို့ပါ….ဘုရား။ ။

အစထဲက, ဘာတွေရှိသလဲ မေးလျှင်, ခုန…. ပြော သ လို့, အမှုံစု, အမှုံပုံ တွေ ရှိတယ်နော်၊ ဒါက ကိန်းသေ ပြောလို့ မရဘူး…. ။

ပထဝီလွန်ကဲလျှင်, တင်ပါးမှာ-အမှုံစု,အမှုံပုံတွေရ။

တေဇောလွန်ကဲလျှင်, တင်ပါးမှာ-အပူစု, အပူပုံ,အအေးစု-အအေးပုံ,တွေ့ရ။

ဝါယောဓါတ် လွန်ကဲမယ်ဆိုလျှင်, တင်ပါးမှာ, ကန်တဲ့လေစု,လေပုံ၊တိုးတဲ့ လေစု, လေပုံ၊ တွန်းတဲ့ လေစု,လေပုံ,တွေ့ရ,ကိန်းသေ ယူလို့ မရဘူး။ ။

## သုဒ္ဓသန္တာန်ရ ပုဂ္ဂိုလ်။ နယံမ သတ္တူပလဗ္ဘတိ

အယံသတ္တော၊ ဤယောကျ်ားမိန်းမလို့ အထင်မှားနေကြတဲ့ သတ္တဝါကောင်ကြီးသည်။ သုဒ္ဓသန္တာန်ရပုဂ္ဂိုလ်၊ သန္တာန်ရဆိုတဲ့ ရုပ်တွေသက်သက်၊ နာမ်တွေသက်သက်၊ စုထားတဲ့ ရုပ်စုရုပ်ပုံ-နာမ်စု-နာမ်ပုံကြီးပါတည်း၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ပေါ်တဲ့ ရုပ်စုကြီး,သိတဲ့နာမ်စုကြီး ဒီနှစ်ပုံဘဲ ရှိတယ်။

ယောကျ်ားသည် ဘယ်နှစ်ပုံရှိ ?

။ နှစ်ပုံဘဲ ရှိပါတယ်ဘုရား။ ။

မိန်းမသည် ဘယ်နှစ်ပုံရှိ ?

။ နှစ်ပုံဘဲရှိပါတယ်ဘုရား။ ။

ရုပ်စု,နာမ်စုနော်၊ ရုပ်စုက,ခုနပြောတဲ့ အမှုံစု-အမှုံပုံနော်၊ နာမ်စုက,အသိစု, အသိပုံနော်၊ အဲဒီလိုရှင်းရှင်းမှတ်ထားကြ။

ဤ၌၊ ဤရုပ်စု နာမ်စုကြီးထဲ၌၊ သတ္တော၊ အကြင်ယောကျ်ားမိန်းမ,လူနတ်,ဗြဟ္မာ,အသက်လိပ်ပြာ, အကောင်, သတ္တဝါတွေကို နုပလဗ္ဘတိ၊ ဉာဏ်နဲ့ ရှာကြည့်, ရှာကြည့်စမ်းပါ၊ ဘယ်လိုပင်ရှာ

ကြည့်ပြီးသော်လဲဘဲ ဘယ်နည်းနဲ့မှ မရအပ်, မရပိုင်, မရနိုင် တော့သည်သာလျှင်ကတည်း။ ။

သာဓု-သာဓု-သာဓု။

ရုပ်နာမ်-ပေါ်ပုံ

ဒီမှာတင်နှံနဲ ချုံးလိုက် အမှုံနဲ့ အကြားမမြင်လျှင် အသား ထင်နေတတ်သည်၊ ဟော....ဟော....အသားထင်နေတာ ဘာမ မြင်လို့ ?

။ အမှုံနဲ့ အကြား မမြင်လို့ပါဘုရား။ ။

ဒါနှစ်ခုလုံးပေါ်အောင်ပြောလိုက်ထာ၊ အကြားမမြင်လျှင် အ သားထင်တတ်သည်၊ အမှုံ မမြင်လျှင်, အသားထင်တတ်သည်၊ နှစ်ခုလုံးချုံးလိုက်....

**ဆောင်။** ။"အမှုံနဲ့ အကြား မမြင်လျှင်, အသားထင်တတ် သည်" '-အမှုံအနဲ့ အကြားမြင်လျှင်, အသားစင် တတ်သည်"။

ဟော....လွယ်လွယ်လေးဘဲ၊

"အမှုံနဲ့ အကြား မမြင်လျှင် ခေါင်းထင်တတ်သည်၊ အမှုံ နဲ့ အကြားမြင်လျှင် ခေါင်း စင် တတ် သည်" ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

**ဆောင်။** ။အမှုံနဲ့ အကြား မမြင်လျှင် ယောကျ်ား,မိန်းမ, ထင်တတ်သည်၊အမှုံနဲ့ အကြားမြင်လျှင် ယောကျ်ား, မိန်းမ ပေါ်တတ်သည်။

ဥပမာပြပုံ။ ။ကဲ....မုန့်မှုံ့လေးတပြည်သားလောက်, ရေလေး အလောတော်ထည့်, မုန့်မှုံ့တိုင်း ရေလေးတွေ ဝင်မသွားဘူးလား ?

။ ရေဝင်သွားပါတယ်ဘုရား။ ။

ကဲ....ဆုပ်လိုက်စမ်း.... ဆုပ်လိုက်စမ်း.... မုန့်လုံးဖြစ်မသွားဘူး လား ?

။ ဖြစ်သွားပါဘုရား။ ။

မုန့်လုံးဖြစ်ပေမဲ့ အစကတဲက အလုံးဟုတ်ကဲ့လား ?

။ မဟုတ်ပါဘူးဘုရား။ ။

ဘာနဲ့ဘာလဲ ?

။ မုန့်မှုံ့နဲ့ ရေပါဘုရား။ ။

မုန့်မှုံ့နဲ့ ရေဘဲ၊ ကဲ....နောက်ပြီးတော့ ယောကျ်ားတရုပ်, မိန်းမတရုပ် လုပ်လိုက်စမ်း, ယမင်းရုပ်ကလေး, မုန့်ညက်ရုပ်က လေး ဖြစ်မသွားဘူးလား ?

။ ဖြစ်သွားပါတယ်ဘုရား။ ။

မိန်းမလဲဘာလဲ ?

။ မုန့်မှုံ့နဲ့ ရေပါဘုရား။ ။

သည့်ပြင် မိန်းမရယ်လို့ ပါသေးသလား ?

။ မပါ-ပါဘုရား။ ။

ယောကျ်ားလဲ ဘာလဲ ?

။ မုန့်မှုံ့နဲ့ ရေပါဘုရား။ ။

မုန့်မှုံ့နဲ့ရေဘဲ့, ခေါင်း့ကိုယ့်ခြေ့လက်ဆိုတာ ဘာလဲ ?

။ မုန့်မှုံ့နဲ့ ရေပါဘဲဘုရား။ ။

မုန့်မှုံ့နဲ့ရေပါဘဲ၊ အသားအရေ အကြောဆိုတာဘာလဲ ?

မုန့်မှုံ့နဲ့ ရေပါဘုရား။ ။

မုန့်မှုံ့နဲ့ ရေဘဲ၊ သည့်ပြင် ဘာများ ပါသေးသလဲ ?

။ ဘာမှ မပါ-ပါဘုရား။ ။

အခုလဲ ဒီလိုဘဲ၊ မုန့်မှုံ့နဲ့ပထဝီလေးနဲ့တူတယ်၊ ဟိုရေလေးနဲ့ အာပေါ်ဓါတ်နဲ့ တူတယ်၊ သဘောကျပလား ?

။ သဘောကျပါဘုရား။ ။

အဲဒီ အာပေါ်ဓါတ်လေးဟာ ပထဝီကိုပြတဲ့ နေရာမှာ သူက တယ်လိမ်တာဘဲ၊ ပထဝီကို ပြမယ်ဆိုလို့ရှိလျှင် အသားတွေ့ပါ့မလား ?

။ မတွေ့ပါဘုရား။ ။

ခေါင်းတွေ့ပါ့မလား ?

။ မတွေ့ပါဘုရား။ ။

ယောက်ျား့မိန်းမ တွေ့ပါ့မလား ?

။ မတွေ့ပါဘုရား။ ။

အဲဒါ အသားဖြစ်အောင် ဘယ်သူလုပ်ပေးသလဲ ?

။ အာပေါ်က လုပ်ပေးပါဘုရား။ ။

အာပေါက လုပ်ပေးတယ်၊ ရေကလေးက ကပ်ကပ်ပေးတာ ပေါ့၊ ခေါင်းထင်အောင် ဘယ်သူက လုပ်ပေးသလဲ ?

။ အာပေါက လုပ်ပေးပါဘုရား။

ဟိုယောကျ်ား မိန်းမ ယင်အောင် ဘယ်သူကလုပ်ပေးသလဲ ?

။ အာပေါက လုပ်ပေးပါဘုရား။ ။

အာပေါက လုပ်ပေးတယ်၊ အဲဒီအာပေါအစေးပြယ်အောင် ဘယ်သူနဲ့ ဖြတ်မလဲ ? အာပေါအစေး ပြယ်ဒါ ဘယ်ဓါတ်လဲ "တေဇော လေ့ လေ့ တေဇော" တေဇောက လောင်ကြွမ်းအောင် ဖုတ်ပေးလိုက်တော့၊ အာပေါ ဆိုတဲ့ အစေးဟာ ပြယ်မသွားဘူး-လား ?

။ ပြယ်သွားပါတယ်ဘုရား။ ။

## ဝါယောလှုပ်လျှင် အကြားမြင်။

အဲဒါကပ်တော့မကပ်တော့ဘူး၊ မကပ်ပေမဲ့ဒီအတိုင်းဘဲရှိသေး-တယ်၊ အဲဒါအမှုံတွေ ဖြစ်အောင် ဘယ်သူက လုပ်ပေးသလဲ၊ "လေ" လေ့က မှုတ်ပေးတယ်၊ လေ့က မှုတ်ပေးတော့ ဘယ့်နှယ်ဖြစ်သလဲဆိုလျှင် အကြားတွေ ပေါ်မလာဘူးလား ?

။ ပေါ်လာပါတယ်ဘုရား။ ။

အကြားသေးကနေ အကြားကြီး, အကြားကြီး,ပေါ်မလာဘူးလား ?

။ ပေါ်လာပါတယ်ဘုရား။ ။

နောက်တော့ မှတ်လွန်းမက မှတ်လိုက်တဲ့အခါ ကျပြီဆိုလျှင် အကုန်လုံး ငါးမှုံ့တွေလို ကြေမသွားဘူးလား ?

။ ကြေသွားပါတယ်ဘုရား။ ။

အဲဒါ- သုတလက္ခဏာဘဲ၊ အဲဒါ မြင်ရမယ်၊ နောက်ပိတ်ဆုံး ဆိုလို့ရှိလျှင် သုံးဆယ့်နှစ်ကောဋ္ဌာသ ပျောက်ထာ၊ အာကာသ ဖေါက်ထာဘဲ၊သုံးဆယ့်နှစ်ကောဋ္ဌာသ ဆိုတာက ကောဋ္ဌာသ-သဏ္ဍာန ပညတ်နော်....ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ကောဋ္ဌာသ သဏ္ဍာန, ပညတ် ခေါ်တယ်၊ ခေါင်း, ကိုယ်, ခြေ, လက်, စသည်က သမူဟ သဏ္ဍာန ပညတ် ခေါ်တယ်၊ ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ, အသက်, လိပ်ပြာ, အကောင်, သတ္တဝါ, စသည်က ဇာတိ သဏ္ဍာန, ပညတ်၊ သဏ္ဍာန် သုံးမျိုး၊ ဒီသဏ္ဍာန်သုံးမျိုးပေါ်ဒါဟာ နာမည်သုံးမျိုး ပေါ်လာတာ အသားလို့ခေါ်မယ်, အရေလို့ ခေါ်မယ်, ဆိုတဲ့ သဏ္ဍာန နာမပညတ်၊ ခေါင်းလို့, ကိုယ်လို့, ခြေလို့,လက်လို့, ခေါ်တဲ့ သမူဟ သဏ္ဍာန နာမပညတ်၊ ဟာ.... ဒါလေးဟာ ယောကျ်ားဘဲ, ဒါလေးဟာ မိန်းမဘဲ, ဆိုတဲ့ ဇာတိ သဏ္ဍာန နာမပညတ် သုံးမျိုးနော်၊ သဏ္ဍာန်သုံးမျိုးနော်။

သဏ္ဍာန်သုံးမျိုးသည် ဘယ်သူ့ကြောင့် ဖြစ်ပေါ်လာသလဲ၊ ဒီလိုမေးလျှင် ဃန,ပညတ်၊ သမူဟ,ပညတ်၊ ပဟာဒါ ပေါ်လာ အတုံးတွေထင်လို့, အစုတွေထင်လို့, အဲဒါ သဏ္ဍာန် သုံးမျိုး ပေါ်လာသည်၊ အဲဒီ သဏ္ဍာန် သုံးမျိုး ထင်လာခြင်းသည် ခုန

ပြောတဲ့ ဃနပညတ်၊ သမူဟပညတ်၊ အကြောင်းရင်း ဖြစ်လို့ အဲဒီဃန အတုံးအခဲသည် ဘာဖြစ်လို့ ပေါ်လာသလဲ မေးလျှင် အာပေါဓါတ် ဖွဲ့စီးလို့နေ၌....။

အဲဒီ အာပေါဓါတ်ကို ကြွေအောင် တေဇောဓါတ်က လောင်လိမ့်မယ်၊ တေဇောဓါတ်က လောင်တဲ့အခါမှာ အာပေ ဓါတ်က အစေးပြယ်မယ်၊ လေဓါတ်က တရိုန်းရိုန်း၊ တရှူးရှူး၊ မှုတ်ပေးလိုက်မယ်ဆိုလျှင် အဲ့ဒီ အတုံး ကလေးတွေဟာ ဆန်ခါ လို အပေါက်၊ အပေါက်၊ ထင်ရှူးသားများကဲ့သို့ ပွပွ၊ ရွရွ၊ မွမွ၊ ပေါ်လာပြီးသကာလ၊ အတုံးတွေ ကြွေသွားတယ်၊ ကြွေသွား လျှင် သဏ္ဌာန ပညတ်၊ သုံးမျိုးလဲ ပျောက်တယ်၊ နာမ ပညတ် သုံးမျိုးလဲ ပျောက်တယ်၊ လိုရင်း တိုတို ပြောလျှင် ဝိပဿနာ သမားတွေဟာ ခုနပြောတဲ့ သမူဟ ပညတ်၊ သဏ္ဌာန ပညတ်၊ နာမပညတ်၊ သုံးခု ပျောက်ချင်လျှင် အာကာသ ဖေါက်ပါ၊ ပါးစပ်အာကာသမရဘူး၊ တကယ့်ခန္ဓာမှာပေါ်တဲ့ အာကာသ မှ ရတယ်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အာကာသပေါက်ချင်တယ်ဆိုလျှင် ပုရိန့်ပုခိုး၊ ပုငွေ့၊ အေး ရိန့်၊ အေးခိုး၊ အေးငွေ့ကိုသာ ရှုပါ၊ ဟုတ်ကဲ့လား

။ ဟုတ်ပါတယ်ဘုရား။ ။

သည့်ပြင်ဓါတ်တွေရှုလျှင် မရဘူး၊ ရှင်းသွားပြီလား ?

။ ရှင်းပါပြီဘုရား။ ။

ဒါဖြင့် ခန္ဓာကိုယ်မှာ ရုပ်ရှင်စနစ်လို မျိုးစုံပေါ်တာက ဘာခေါ် ?

။ ရုပ်ခေါ်ပါတယ်ဘုရား။ ။

ရုပ်ခေါ်တယ်၊ ပေါ်တိုင်း-ပေါ်တိုင်း လိုက်သိတာက ဘာခေါ် ?

။ နာမ်ခေါ်ပါတယ်ဘုရား။ ။

နာမ်ခေါ်တယ်၊ ဟော....ဒီမှာ ရုပ်နာမ် ပေါ်လာပြီ....ရုပ်နှင့် နာမ်တို့သည် နှစ်ခုလား-တခုထဲလား ?

။ နှစ်ခုပါဘုရား။

ကိုယ်တွေ့ဆိုလျှင် ပေါ်တာနဲ့ သိတာ သည်နှစ်ခုလား၊ တလား ?

။ နှစ်ခုပါဘုရား။ ။

ဒါဖြင့် နှစ်ခုဆိုလျှင် အပေါ်ထဲမှာ အသိမရှိ၊ အသိထဲမှာ အပေါ် မရှိဘူးပေါ့၊ ရုပ်ထဲမှာ နာမ်မရှိ၊ နာမ်ထဲမှာ ရုပ်မရှိ၊ ရုပ်က သပ်သပ်၊ နာမ်ကသပ်သပ်လို့၊ အဲဒီလိုကွဲလျှင်....နာမရူပပရိစ္ဆေဒ-ဉာဏ်ပိုင်ပြီ၊ ကဲ....စာနဲ့ တိုက်ကြအုံးစို့။ ။

'နာမ' က 'နာမ်' 'ရူပ' က 'ရုပ်' 'ပရိစ္ဆေဒ'က တခြားစီပိုင်း ခြားတယ်လို့ ဆိုတာ၊ နဲနဲနက်တယ်၊ ပေါ်လွင်အောင် ပရိစ္ဆေဒ တခြားစီ ဉာဏ်ကသိတာ၊ နာမ်ကတခြား၊ ရုပ်ကတခြား သိတာကို ခေါ်တယ်၊ နာမ်နဲ့ ရုပ်နဲ့ ကွဲတယ်ခေါ်တယ်။ ။

**ရုပ်ကိုစစ်ပြပုံ။ ။**

ရုပ်ကိုစကားပြောကြစို့၊နကိုယ်က အသိလေးတွေရှိရှိနေတော့ ရုပ်ကို ရှင်းရတယ်နော်....ရုပ်ဆိုလျှင် "ရုပ္ပတီတိ-ရူပံ" လို့ သိပြီးသား ဖြစ်သောကြောင့် ဖေါက်ပြန်တယ်ခေါ်၊ ရုပ်ဆိုတာရယ်, ဖေါက်ပြန်တယ်ဆိုတာရယ်, အတူတူနော်။ ။

အဲဒီ ဖေါက်ပြန်တာလေး စစ်ရမယ် "စာတွေနဲ့အရင်စစ်" ကိုယ်တွေ့နဲ့ အလယ်စစ်၊ ဝေါဟာရနဲ့ နောက်မှစစ်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

စာတွေ့အရင်စစ်မယ်။ ။ဖေါက်ပြန်တယ်ဆိုတာ, ပျက်ထာပြောတာလား, ဖြစ်ထာပြောတာလားတဲ့၊ ဒါက-စာက ဝေးဝေးသွားမကြည့်ပါနဲ့၊ ဋီကာကျော်ကြည့်လျှင် ပါတယ်။

**ရုပ္ပနဋ္ဌေတ္ထသီတာဒိဝိရောဓိပစ္စယသမဝါယေ-ဝိသဒိသုပ္ပတ္တိယေဝ။**

( ဋီကာကျော် )

ရုပ္ပနံ နှင့် ဥပ္ပတ္တိနဲ့ ဆက်စပ်လိုက်ရတယ်၊ ဖေါက်ပြန်တယ်ဆိုတာဖြစ်ထာ ပြောသတဲ့၊ ဝိပရိဏာမ-ဒုက္ခမျိုးလို ပျက်သွားတာမပြောဘူး၊ လောကစကားသုံးက တယ်ခက်တာဘဲ၊ တချို့ပျက်သွားတာကို ဖေါက်ပြန်တယ်ခေါ်၊ တချို့ဖြစ်လာတာကို ဖေါက်ပြန်တယ်ခေါ်တယ်....၊ ဒီမှာ ဖြစ်လာတာကို ဖေါက်ပြန်တယ်ယူတယ်။ ။

သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

စာ့၊စာ့၊စာ့၊စာ့ = ဖြစ်လာတာ ဘယ်လိုဖြစ်လာသလဲ မေးတော့၊ဝိသဒိသ့၊မတူဘဲနဲ့ ဖြစ်လာတယ်ဆိုတော့၊ သည့်ထက် ဗမာစကား ရှင်းရှင်းဆိုရလျှင် မျိုးစုံ ပေါ်လာတာပေါ့၊ မျိုးစုံပေါ်လာတယ်ဆိုတော့ တခုနဲ့တခု တူမလား၊မတူဘူးလား ?

။ မတူပါဘူး ဘုရား။ ။

ရှေ့ရုပ်အစဉ်မှထူး၍ နောက်ရုပ် အစဉ်ပေါ်လာခြင်း၊ ဒါ.... ငယ်ငယ်က....မှတ်တမ်းခေါ်တယ်။ ဆရာတော်တို့ နကိုယ်တိုးက စာသင်ဘိုးက၊ ဒါဘဲမှတ်ရတယ်၊ ဒီတော့ စကားကလဲရှုပ်တယ်၊ သဘာဝလဲ သိပ်ပြီး တော့ မအုပ်မိဘူးခေါ်တယ်၊ မ ဟုတ် ဘူး လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒီတော့ မတူဘဲပေါ်လာတယ်ဆိုတာ ဗမာစကားနဲ့ဆိုလျှင် "မျိုးစုံပေါ်လာတာ" ဘယ်လို မျိုးစုံလဲလို့ တခါ ပြန်စစ်လျှင် ရုပ်ရှင်စနစ်လို တချို့ တကာမကြီးတွေ လျှောက် တတ် တယ်၊ တကာမကြီးတွေဆိုကနည်းရတယ်....၊ဟာ....တပည့်တော်မ ခန္ဓာကိုယ်မှာ ရုပ်ရှင်လိုဘဲဘုရား၊ အမျိုးမျိုးပေါ်နေတာဘဲလို့ အဲဒီလို လျှောက်တဲ့ အတွက်ကြောင့် ဆရာတော်က ရုပ်ရှင် စနစ်လို ယောထည့်လိုက်တာဘဲ၊ ယောဂီတွေထဲကလဲ ဆရာကိုလမ်းပြတာပါသွားဘဲနော်၊ ရုပ်ရှင်ဆိုတာ ဘယ်လိုနေမှန်းမသိဘူး၊ သူက

ပြောတော့မှ ဟန်ကျသွားတာဘဲ၊ ဒါဖြင့် "ဥပမာ" ရုပ်ရှင်နဲ့ မတူဘူးလား ?

॥ တူပါတယ်ဘုရား॥ ॥

ဒါဖြင့် ဖေါက်ပြန်တယ်ဆိုတာ တမျိုးထဲ ပေါ်နေသလား၊ အမျိုးမျိုး ပေါ်နေသလား

॥ အမျိုးမျိုး ပေါ်နေပါတယ်ဘုရား॥ ॥

ဒါဖြင့် မျိုးစုံပေါ်တာနော်....ရှင်းသွားပြီလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

စာ့စာ့စာ့ ဒါဖြင့် ပြန်ကိုက်၊ ဖေါက်ပြန်တယ်, ဖေါက်ပြန်တယ်၊ ဒီမှာ့တင်နေကြတယ်၊ နကိုယ်တိုးက ဆရာတော်တို့လဲ ဟို-စာချဖြစ်တုံးက၊ အဲဒီမှာ့တင်နေတာဘဲ၊ အခုအလုပ်လုပ်မှ အဲဒီထိအောင် ကောက်သွားတယ်နော်....ရုပ်ဆိုတာရယ်၊ ဖေါက်ပြန်တယ် ဆိုတာရယ်.... မျိုးစုံပေါ်ဒါ ဆိုတာရယ်.... အတူတူ မှတ်လိုက်၊ ဒါဖြင့် ရုပ်ဆိုလျှင် ကောက်ချက်ချ၊ စာသုံး-မျိုးစုံပေါ်တာ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

စာမှာ့စာမှာ-မျိုးစုံပေါ်တာကို ဘာခေါ် ?

॥ ရုပ်ခေါ်ပါတယ်ဘုရား॥ ॥

ရုပ်ခေါ်, ရုပ်ဆိုလျှင် ဘယ်လိုနေ ?

॥ ဖေါက်ပြန်တတ်ပါတယ်ဘုရား॥ ॥

ယော.... ဒီတင်မရပ်နဲ့လေ....ဖေါက်ပြန်တယ်ဆိုတာ ဘယ်လိုဟာ ခေါ်သလဲ ?

။ မျိုးစုံပေါ်တာ ခေါ်ပါတယ် ဘုရား။ ။

မျိုးစုံပေါ်တာ ရုပ်ခေါ်တယ်၊ သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

အဆုံးထိအောင်လိုက်လေ၊ ဋီကာကျော်ဆိုသွားလဲ၊ သဋ္ဌပြင် ဋီကာကြီး တွေ လဲ ဆို သွား ဘဲ၊ ရုပ္ပနံ-ဖေါက်ပြန်တယ်ဆိုတာ ဘယ်လိုဟာမျိုးလဲ "ဝိသဒိသုပ္ပတိယေဝ" မတူဘဲနဲ့ ပေါ်လာ ဒါမျိုး။ ။

ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

မျိုးစုံပေါ်ဒါဟာ "ရုပ္ပနံ" ဖေါက်ပြန်တယ်လို့ တသက်လုံး ခေါ်ပါ၊ ဒါဖြင့် ရုပ်ဆိုလျှင် ဘယ်လိုနေ၊ ယော....စကား တင်း-တင်း, ဖေါက်ပြန်တယ်၊ ဖေါက်ပြန်တယ် ဆိုတာ ဘယ်လိုနေ၊ မျိုးစုံပေါ်နေဒါ၊ ဒါဖြင့် အရင်း,နဲ့ အဖျား, ပြောလိုက်လျှင် စကားရှင်းသွားတာပေါ့၊ ရုပ်, ဆိုလျှင် မျိုးစုံ ပေါ်နေသည်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

မျိုးစုံပေါ်တာ ဘာခေါ် ?

။ ရုပ်ခေါ်ပါဘုရား။ ။

ရုပ်ဆိုလျှင် ဘယ်လိုနေ ?

။ မျိုးစုံ ပေါ်နေပါဘုရား။ ။

မျိုးစုံပေါ်နေ၊ အဲဒါမှတ်ထား.... ဖေါက်ပြန်တယ် မထည့်နဲ့တော့၊ မှတ်လာတာကြာလှပြီ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ရုပ်ဆိုလျှင် ဘယ်လိုနေ ?

။ မျိုးစုံပေါ်နေပါဘုရား။ ။

စာ, စာ, စာ, ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

**ကိုယ်တွေ့ စစ်ပြပုံ။**

စာတွေ့နဲ့တော့ ပြီးပြီ၊ ကဲ....ကိုယ်တွေ့ပြောကြစို့၊ကိုယ်တွေ့ပြောကြစို့နော်၊ ခန္ဓာထဲမှာ, ခန္ဓာထဲမှာ, ယောဂီတို့ ကိုယ်ခန္ဓာထဲမှာ ပေါ်ဒါကလေးဟာ တမျိုးထဲလား, အမျိုးမျိုးလား, အမျိုးမျိုးနော်၊ ခန္ဓာတွေ, ခန္ဓာတွေ, အမျိုးမျိုးပြောမယ်နော်။

ပူဒါ, အေးဒါ, လှုပ်ထာ, ဆင်းရဲဒါ, ချမ်းသာဒါ, ငါးမျိုးရှိလို့ အမျိုးမျိုးပြောဒါ မဟုတ်ပါ၊ အပူကလေး တမျိုးထဲကိုပင်လျှင် မျိုးစုံ ပေါ်နေရ၊ ကဲ.... "မျိုးစုံပေါ်ပုံ" ခန္ဓာကြည့်၊ တနေ့ကလဲ ရှင်းခဲ့ပြီ၊ တစ, တစ, တိုး,တိုး,ပြီး ပူဒါ တမျိုး၊ တိုးလဲမတိုး, လျော့လဲမလျော့,ဘဲနဲ့ တန့်ပူဒါတမျိုး၊ အပူတို့ သည် ချိချိ, ချိချိ, သွားတဲ့အခါမှာ လျော့ပူဒါတမျိုး၊ ဟော-ဒီလိုလဲ အမျိုးမျိုး ရှိတတ်တယ်။

"လေခါတ်နဲ့ပြောမယ်"ကန့်ပြီးတော့ ပူဒါကတမျိုး,တိုးပြီး-ပြီးတော့ ပူဒါက တမျိုး, တွန်းပြီးတော့ ပူဒါကတမျိုး, ဒီလို လေခါတ်နဲ့ပတ်သက်၍ အမျိုးမျိုး ရှိပြန်တယ်။

"ပထဝီနဲ့ ပြောကြစို့" ရွရွ,နဲ့ ပူဒါ တမျိုး၊ ဖျင်းဖျင်း,နဲ့ ပူဒါ တမျိုး၊ စစ်စစ်,နဲ့ ပူဒါ တမျိုး၊ ဟုန်းကနဲ, ဖြန်းကနဲ, ကြက်သီးထသလို ပူဒါတမျိုး၊ ခြအုံ, နားချိအုံ ပရွက်ဆိတ်အုံ, ကြီးများကဲ့သို့ အုံကြွနေသလို ပူဒါတမျိုး စသည်တို့ဖြင့် ပထဝီ အမှုနဲ့ ပတ်သက်၍ အပူလဲဘဲ အမျိုးမျိုးပါ။

"ဝေဒနာနဲ့ ပတ်သက်၍ ပြောမယ်" မခံသာအောင် ပူတဲ့ အပူကတမျိုး, ခံသာအောင် ပူတဲ့ အပူက တမျိုး, အဲဒီလိုလဲ မရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

စိတ်လဲ မခံချိ မခံသာ မရှိဘဲနဲ့ ပူဒါကတမျိုး၊ ကွက်ကွက်လေး ပူဒါက တမျိုး၊ တကိုယ်လုံး ပူပြီးတော့ နေဒါကတမျိုး, စသည်တို့ဖြင့် ခန္ဓာကိုယ်မှာ အပူဖြစ်ပုံပြောရမယ်ဆိုလျှင် အမျိုးမျိုး ပါဘဲ။

ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒီတခါတင် မဟုတ် ပါဘူး၊ ဒီခန္ဓာမှာဆိုလျှင် အပူ,ဖြစ်ပုံ ပြောရမယ်ဆိုလျှင် အပူတို့သည် မျိုးစုံပေါ်ဒါ ကိန်းသေပါဘဲ၊ အမြဲပါဘဲလို့ ပြောတတ်သည်။

အပူက တေဇောဓါတ်ကို ပြောပါသည်။

မျိုးစုံ ပေါ်ဒါက ရုပ်ကို ပြောပါသည်။

ကိန်းသေပါဘဲ, အမြဲပါဘဲဆိုတာက ပရမတ်ကို ပြောပါ သည်။

စိတ်, ရုပ်, ပရမတ်, သုံးခုစပ်၍ပြောပုံ၊ တယ်ပိုင်တယ်ခေါ် တယ်။

အအေးလေးကော ခန္ဓာမှာဖြစ်လျှင် တမျိုးထဲလား၊ အမျိုး မျိုးလား ?

။ အမျိုးမျိုးပါဘုရား။ ။

အအေးက တေဇောနေ၁်၊အမျိုးမျိုးကရုပ်နေ၁်၊တကြိမ်တခါ ဘဲ မျိုးစုံဖြစ်သလား၊ ဖြစ်တိုင်း,ဖြစ်တိုင်း,မျိုးစုံဖြစ်သလား?

။ ဖြစ်တိုင်း, ဖြစ်တိုင်း, မျိုးစုံဖြစ်ပါတယ်ဘုရား။ ။

အဲ-ဒါဖြင့် ပရမတ်နိုင်ပြီ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

စိတ်, ရုပ်, ပရမတ်, သုံးခုစပ်၍ ပြောတော့မယ်ဆိုလျှင် အပူ တို့သည် မဖြစ်လျှင် တမယ်ပါ၊ ဖြစ်လာလျှင် မျိုးစုံပေါ်ဒါ၊ ကိန်းသေပါဘဲ, အမြဲပါဘဲ, ဒါပိုင်တဲ့ ပုဂ္ဂိုလ်ပြောဒါ။

လေနဲ့ ပတ်သက်ပြီး ပြောကြစို့၊ ခန္ဓာကိုယ်မှာ ကန်တဲ့လေ, တိုးတဲ့လေ, တွန်းတဲ့ လေ,တို့သည် ဖြစ်လျှင် တမျိုး ထဲလား၊ အမျိုးမျိုးလား ?

။ အမျိုးမျိုးပါဘုရား။ ။

အမျိုးမျိုးဟာ တခါတလေဘဲလား အမြဲဘဲလား ?

။ တခါတလေပါဘုရား။ ။

ဒါဖြင့်.... ကန့်၊ တိုး၊ တွန်း၊က ဝါယောဓါတ်ပေါ့၊ မျိုးစုံ ပေါ်ဒါက ရုပ်ပေါ့၊ ကိန်းသေ ပါဘဲ၊ အမြဲ ပါဘဲ၊ ဆိုတာက ပရမတ်ပေါ့၊ ပရမတ် နိုင်မယ်ဆိုလျှင်၊ တနေရာဖြစ်လျှင်၊ ဒီဖြင် နေရာ အကုန်သွားတာဘဲ၊ ခေါင်းကလေးတခုမှာ ဒီလိုဖြစ်မယ် ဆိုလျှင် တကိုယ်လုံးကြည့်ဘို့ မလိုပါဘူးကွာ၊ ကိုယ်လဲ ဒီလိုဘဲ၊ သည့်ပြင် ခြေထောက်တွေလဲ ဒီလိုဘဲ၊ ဟော....ဆုံးဖြတ်ပြီ၊ အို.... သူများမှာလဲ လိုက်ရှုနေဘို့ မလိုပါဘူး၊ ငါ့ခန္ဓာကိုယ်လိုဘဲ မျိုးစုံ ပေါ်ဒါဘဲ။

ဟယ်....သက်ရှိတင်မဟုတ်ပါဘူးကွာ၊ ရုပ်ဆိုလျှင် ဩကာသ လောက ရေ၊ မြေ၊ တော၊ တောင်၊ သမုဒ္ဒရာ စသည်တို့လဲ ဒီလို ပါဘဲ၊ အဝတ်လဲ ဒီလိုဘဲ၊ အစားလဲ ဒီလိုဘဲ၊ အိမ်၊ ကျောင်း၊ ကုတင်၊ ကုလားထိုင်လဲ ဒီလိုဘဲ၊ ပုတီး၊လက်ကောက်၊ ဒွါဒယာ၊ တန်းဆာလဲ ဒီလိုဘဲ ဟုတ်ကဲ့လား ရှင်းရဲ့လား ?

॥ ဟုတ်ပါတယ် ရှင်းပါတယ်ဘုရား။ ॥

အဲဒါ ရုပ်ခေါ်တယ်၊ ကိုယ်တွေနဲ့ မကိုက်ဘူးလား၊ စာတွေ ကလဲ ရုပ်ဆိုလျှင် ဘယ်လိုနေ၊ မျိုးစုံပေါ်နေ၊ ကိုယ်တွေကလဲ တမျိုးထဲပေါ်သလား၊ အမျိုးမျိုးပေါ်သလား ?

॥ အမျိုးမျိုးပေါ်ပါဘုရား။ ॥

မျိုးစုံပေါ်၊ ဟော....ကိုက်သွားပြီ၊ မျိုးစုံ ပေါ်ဒါကို ဖေါက် ပြန်တယ်ဆိုတာ နာတာရှည် လူမမာသုံးခေါ်တယ်၊ နာတာရှည် လူမမာတို့သည် ရောဂါတိုး၍ သေတော့မည့်ဆဲဆဲလေး အမော

ဆိုက်၊ ရှုရှိုက်, ရှုရှိုက်, နေတဲ့ အချိန်မှာ ပြောပုံ, ဆိုပုံ, မေး လျှင်လဲ ပြောတတ်၊ ဟော့....ဒို့ လူမမာတော့ မဟန်တော့ဘူး ဟေ့၊ ဖေါက်ပြန်နေပြီ, ဖေါက်ပြန်လာပြီလို့ မသုံးဘူးလား ?

॥ သုံးပါတယ်ဘုရား။ ॥

ဖေါက်ပြန်လာပြီဆိုတာ ရောဂါဟောင်း ပျက်တာ ပြောတာ မဟုတ်ဘူး၊ရောဂါအသစ်တိုးလာတာပြောတာဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား။ ॥

ဟို....ဝိပရိနာမဒုက္ခက သားသမီး ဖေါက်ပြန်ပျက်စီးလို့၊ ရွှေ, ငွေ ဖေါက်ပြန်ပျက်စီးလို့ဒုက္ခ၊ အဲဒီ ဖေါက်ပြန်တာက အပျက် ကို ပြောတာ၊ လူမမာ ဖေါက်ပြန်တာက အဖြစ်ကို ပြောတာ၊ သဘောကျပလား ?

॥ ကျပါတယ်ဘုရား။ ॥

ဟော့....ဒို့ရပ်ရွာက လူကြီး တွေလဲ သိပ်မဟုတ်တော့ဘူး၊ ဖေါက်လာပြီ....ဖေါက်ပြန်လာပြီဆိုတာ ရှေးက အမူအရာ ပျက် ထာပြောတာ မဟုတ်ဘူး၊ လူကြီးတွေ တမျိုးတဖုံ လုပ်ကုန်တာ ပြောတာ၊ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား။ ॥

သဘောကျပလား ?

॥ ကျပါတယ်ဘုရား။ ॥

ကဲ....ဒါဖြင့် ရှင်းသွားပြီ။ ॥

စသုံးလဲ မျိုးစုံပေါ်တာ၊ ကိုယ်တွေလဲမျိုးစုံပေါ်တာ၊ ဝေါ-ဟာရလဲဘဲအသစ်တမျိုးဖြစ်လာတာကို ဖေါက်ပြန်တယ်၊ ရုပ်ခေါ်ပါ အားလုံး သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

ကဲ....ရှင်းသွားပြီ၊ ရုပ်ဆိုလျှင် မျိုးစုံပေါ်ရမယ်နော်၊ စာထဲက ရုပ်သည် ကိုယ်ထဲမှာ ဘယ်လိုနေ ?

။ မျိုးစုံပေါ်နေပါဘုရား။

ကိုယ်ထဲက မျိုးစုံပေါ်တာကို စာလို ဘာခေါ် ?

။ ရုပ်ခေါ်ပါတယ်ဘုရား။ ။

ရုပ်,ရုပ်ခေါ်တယ်၊ ဒီမှာ,နာမ်,ရုပ်,ခွဲတာလေး၊ ဒါဖြင့် နာမ်းသပ်တော့နော်၊ မျိုးစုံပေါ်တာ, ရုပ်,နာမ်း သပ်လိုက်တော့။

**နာမ်ကိုစစ်ပြပုံ။**

နာမ်ကလေး ပြောမယ်၊ နာမ်ကလေး ဆိုတာ ဒီမှာ အသိကလေးနော်၊ ဒီအသိကလေး ဘယ်နားမှာနေ၊ အဲဒီအသိကလေးကိုမေးမယ်-မေးမယ်၊ ယောဂီတို့ တနေရာထဲမှာသိနေသလား၊ ပေါ်တိုင်း လိုက်သိသလား ?

။ ပေါ်တိုင်း လိုက်သိပါဘုရား။ ။

ဘယ်နေရာက သိသလဲ ?

။ ရင်က သိပါဘုရား။ ။

ရင်ကဘဲ,ရင်ကဘဲ၊ ခေါင်းကပေါ်လျှင် ခေါင်းထဲသို့ စိတ်ကဘက်သို့ ညွတ်ကိုင်းသည်၊ ကျောမှာ ပေါ်လျှင် ကျောဘက်သို့

လေး သွားသလား-မသွားဘူးနော်၊ "သိ" ဆို မနောဝိညာဉ်ယူ၊ ကာယဝိညာဉ်ဆိုတဲ့ထိ၊ အဲဒီထိကခေါင်းထဲမှာခေါ်၊ခေါင်းထဲမှာ ပူလျှင် ခေါင်းထဲမှာထိ၊ ရင်ကသိ၊ ဒီလိုလာတတ်တယ်၊ "ထိ"က ကာယဝိညာဉ်"သိ"က မနောဝိညာဉ်၊ကာယဝိညာဉ်မှာဝိပဿနာ စိတ်မရှိ၊ မနောဝိညာဉ်မှာသာ ဝိပဿနာစိတ်ရှိ၊ ဒါကြောင့်ပူဒါ၊ အေးဒါ၊လှုပ်ထာ၊ဆိုတဲ့ တကိုယ်လုံးမှာ ထိ၊သိ၊ ဖြစ်ပြွားသော်လဲ ဘဲ ဝိပဿနာမယှဉ်ဘူး၊ သဗ္ဗစိတ္တသာဓာရဏ-စေတသိက်(၇)လုံး ထဲဘဲ၊ဟုတ်ကဲ့လား-ရှင်းထားနော်....၊ သင်္ဂြိုဟ်တတ်လျှင် အလွယ် ကလေးဘဲ၊ ဒါဖြင့် ဘယ်ကနေသိ ?

။ ရင်ကသိနေပါဘုရား။ ။

ပေါ်တိုင်း-ပေါ်တိုင်း-ရင်ကနေမသိဘူးလား ?

။ သိပါတယ်ဘုရား။ ။

ဒါဖြင့်တနေရာထဲမှာသိသလား၊ ပေါ်တိုင်း-ပေါ်တိုင်း လိုက် သိသလား ?

။ ပေါ်တိုင်း-ပေါ်တိုင်း-လိုက်သိပါဘုရား။ ။

ဒါယောဂီတို့ ကိုယ်တွေ့ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒါဖြင့် နာမ်တရားပေါ့၊ ဒီအသိလေးက နာမ်တရားပေါ့၊ နာမ်၊နမန၊နမန၊ ညွတ်ကိုင်း။ ဟော....သူ့ဟာနဲ့သူ လာတယ်၊ ရင်ထဲမှာနေတဲ့ အသိလေးသည် ခေါင်းထဲမှာပေါ်လျှင် ခေါင်း ညွတ်ကိုင်းသည်၊ "ညွတ်ကိုင်းတယ်ဆိုတာ အာရုံပြုတယ် ခေါ် တယ်"။

အာရုံဆိုတော့ဝေးပြန်ရော၊အာရုံဆိုတော့“အာရမဏာ့အာရုံ၊ အာရမဏီတဗ္ဗ-အာရုံ” နှစ်မျိုးတို့တွင် ဆွဲစရာ ခေါ်တယ်နော်.... ခေါင်းထဲက အပူကလေးကို ဆွဲကိုင်ပြီးတော့ ရင်ထဲက အသိက လေး ပေါ်လာတယ်၊ တိုတိုပြောတော့ ရင်ထဲက အသိကလေး သည် ခေါင်းမှာပေါ်တာ လှမ်းသိ့ ကျောမှာပေါ်လျှင် လှမ်းသိ့ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အောက်ပိုင်းမှာ ပေါ်လျှင်လှမ်းသိ၊ ဒီလို လှမ်းသိတာကိုပင် လျှင် ညွှတ်တယ့်ကိုင်းတယ်ဆိုလိုသည်၊ သဘောကျပလား ?

॥ ကျပါတယ်ဘုရား॥ ॥

သေသေချာချာ မှတ်တော့၊ ကဲ....ဆုံးဖြတ်တော့ မျိုးစုံပေါ် ဒါ“ရုပ်”ပေါ်တိုင်းလိုက်သိတာ“နာမ်”ရုပ်ကပေါ်တာ၊ နာမ်က သိတာ့နှစ်ဖြာကွဲလာသည်၊ ရုပ့်နာမ်ကွဲပုံ ခွဲမနေရဘူး၊ ပေါ်တာ ရုပ်၊ သိတာ့ နာမ်၊ ဒီလို မရှုနဲ့နော်....ဒါသညာသိ ခေါ်တယ်၊ နကိုယ်တုံးက စာတတ်လို့ ဆရာသမားက ပြောထားလို့ ပေါ် တာ့ ဘာခေါ်လဲ့ ရုပ့်သိတာဘာခေါ်လဲ့ နာမ့်မပါနဲ့့ သူ့ ဟာ သူပေါ့်သူ့ဟာသူပေါ်၊ ပေါ့် ပေါ်တာ့သိ့ သိတာ့ အာ သာကလေး မှတ်ပေါ့၊ နောက်ပိတ်ဆုံး သူကောက်ချက်ချလိမ့် မယ်၊ ပေါ်ဒါ သည်တမျိုးထဲလား ?

॥ အမျိုးမျိုးပါဘုရား॥ ॥

အဲဒါဘာခေါ် ?

॥ ရုပ်ခေါ်ပါဘုရား॥ ॥

သိတာသည် တနေရာထဲမှာ သိသလား၊ ပေါ်တိုင်းလိုက်သိသလား ?

။ ပေါ်တိုင်း လိုက်သိပါဘုရား။ ။

ပေါ်တိုင်းလိုက်သိ့အဲဒါဘာခေါ် ?

။ နာမ်ခေါ်ပါဘုရား။ ။

အဲဒါရုပ်တို့နာမ်တို့ဆိုတာ စာနာမည်ဘဲ့ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ကဲ....ရှင်းသွားပြီ....။

## နာမ်ရုပ်ကွဲ၍ ဒိဋ္ဌိသုံးမျိုး ပြုတ်ပုံ။

ဆရာတော်တို့ လုပ်ငန်းနဲ့ ပြောတော့မယ်၊ ပေါ်ဒါငါးမျိုးနဲ့ အသိကလေးနဲ့ တွဲပါ၊ ပူသိတစုံ့ အေးသိတစုံ့ လှုပ်သိတစုံ့ ဆင်းရဲသိတစုံ့ ချမ်းသာသိတစုံ့ အားလုံးငါးစုံ....ငါးတွဲလေးဘဲ....နော်။

ပူလျှင့် မသိဘူးလား ?

။ သိပါတယ်....ဘုရား။ ။

ပူဒါက မျိုးစုံပေါ်သောကြောင့် သူ့ကို စာလိုခေါ်လျှင့် "ရုပ်" သိတာက ပေါ်တိုင်း လိုက်သိသောကြောင့် စာလိုခေါ်လျှင့် "နာမ်"....ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

စာတွေ့ ဆိုလျှင့် နာမ်-ရုပ့် ကိုယ်တွေ့ ဆိုလျှင့် ပူ-သိ နော်၊ ပေါ်သိ မဟုတ်ဘူး၊ ပူသိ ခေါ်တယ် နော်၊ အေးသိ့ လှုပ်သိ့

ဆင်းရဲသိ, ချမ်းသာသိ, ဟော....ဒီလိုဆိုလျှင်, ပူသိ ကလေးတခု စစ်မယ်၊ ပူဒါနဲ့ သိဒါတို့သည် နှစ်ခုလား, တခုထဲလား ?

။ နှစ်ခုပါ....ဘုရား။ ။

ဒါဖြင့်, ပူဒါတခြား, သိဒါတခြား ပေါ့, အပူထဲမှာ အသိ ရှိ,မရှိ.... ?

။ မရှိပါ....ဘုရား။ ။

အသိထဲမှာ, အပူရှိ မရှိ ?

။ မရှိပါ....ဘုရား။ ။

ပူဒါက ပူရုံသက်သက်, အသိက သိရုံ သက် သက်, မဖက် ကြဘူး၊ အဲဒီလို မဖက်လို့ရှိလျှင်, ခန္ဓာထဲမှာ, ဘယ့် လောက် ပူပူ, ပူဒါက ပူရုံသက်သက်, သိတာက သိရုံသက်သက်, အပူနဲ့ အသိနဲ့ ကွဲအောင် ရှုရမယ်ဆိုလျှင်, အတော် အေးကျသွားလိမ့် မယ်နော်၊ အတော့ကို သိသိသာသာ အေးကျသွား လိမ့် မယ်၊ ဒုက္ခလဲ မရောက်တော့ဘူး....အားလုံး ရှင်းပလား ?

။ ရှင်းပါပြီ....ဘုရား။ ။

အဲဒါလေး ရှင်းရှင်းမှတ်ထားကြ၊ ဒါ....ရုပ်နဲ့, နာမ်နဲ့.... ကွဲတာဘဲ၊ ပူဒါ တခြား, သိဒါတခြား, အေးဒါတခြား, သိ တာတခြား, လှုပ်တာတခြား,သိတာတခြား, ဆင်းရဲဒါတခြား, သိတာတခြား, ချမ်းသာဒါတခြား, သိတာတခြား, ကွဲမယ်.... ဆိုလျှင်, နာမရူပ ပရိစ္ဆေဒ ဉာဏ်ပိုင်ပြီ, ဟုတ်ကဲ့လား....?

။ ဟုတ်ပါတယ်....ဘုရား။ ။

နာမ်နဲ့, ရုပ်နဲ့ ကွဲပြီ၊ ကဲ....ရုပ်နာမ် ကိုင်လိုက်၊ရုပ်တခြား, နာမ် တခြား, ဒီလို တွေ့လျှင်, ငါ....တွေ့ မတွေ့ ?

။ မတွေ့ပါ....ဘုရား။ ။

ဟော....ဝိပဿနာ တရားပွားများ အားထုတ်မှ "ဝိပဿနာ တရား ပွားများ အားထုတ် ခဲ့ပါလျှင် နာမ်ရုပ်ကိုမြင်" နာမရူပ-ပရိစ္ဆေဒဉာဏ်ပြောဒါ၊သူ့ဟာ သူနဲ့ကိုက် အငုတ်မှားလေးခုစင်၊ ဒိဋ္ဌိဝိသုဒ္ဓိပြောဒါ၊ ဟော.... ဒိဋ္ဌိနာမ်ရုပ်မြင်ဒါ၊ ဝိသုဒ္ဓိ ယခုမှ ရှင်းတာ၊ဟော....ဟော့-ဒို့နာမ်ရုပ် အခုမှဘဲရှင်းတော့တယ်ဟော့၊ အခုမှဘဲ ကွဲတာဘဲ၊ ဟိုတုန်းက ကောင်းကောင်းကြီး မကွဲဘူး ဟော့၊ စာလိုတော့ ကွဲသွားဘဲ၊ နာမ်ရုပ်သည် ငါမဟုတ်၊ နာမ်ရုပ်သည် ယောကျ်ား, မိန်းမ,မဟုတ်၊ နာမ်ရုပ်သည် ခေါင်း, ကိုယ်, ခြေ, လက်,မဟုတ်၊ စာတော့ ကွဲသွားဘဲ၊ သို့သော် ကိုယ်-တွေ့နဲ့ ပိုင်ပိုင်နိုင်နိုင်တော့ ခုမှဘဲ ကွဲတော့တယ် ဟော့တဲ့။

ဟော....သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

ဒိဋ္ဌိဝိသုဒ္ဓိ,ဗမာလိုဆိုလျှင် နာမ်ရုပ်မြင်ဒါရှင်းတယ်၊ဘာဖြစ်လို့ ရှင်းသလဲမေးလျှင် အငုတ်မှား လေးခုပြုတ်သွားလို့ အကြောင်း နဲ့ အကျိုးနဲ့ လာရတယ်၊ "နာမ်ရုပ်ကို မြင်, အငုတ်မှား လေးခုစင် ကလျာဏ ပုထုဇဉ်" ဟော....တခုတိုးလိုက်ပြီ၊ ဒိဋ္ဌိ ပြုတ်လျှင် ဘာခေါ် ?

။ ကလျာဏ ပုထုဇဉ်ခေါ်ပါဘုရား ?

စာတတ် ကလျာဏ,က အမှတ်ထူးဒါ သင်သိ ခေါ်တယ်။

လုပ်ငန်းတတ် ကလျာဏ ပုထုဇဉ်က "အမြင်းထူး, အသိထူး, အယူထူး"ဒါ ခေါ်တယ်။

စာတတ်ဆိုလျှင် တဘက်ကန်း တဘက်ကောင်းဘဲနေ၁်....၊ အပြင်တော့ကောင်း၏၊ အတွင်းတော့မကောင်းဘူး တိမ်ရှိသေးတယ်၊ ဖြစ်ပျက်, မမြင်လို့ခေါ်၊ လုပ်ငန်းတတ် ကလျာဏပုထုဇဥ်ဆိုလျှင် နှစ်ဘက်စလုံး ကောင်းတာဘဲ၊ နည်းသိတော့ အမြင်မျက်စေ့လဲကောင်း၊ ခန္ဓာတွင်းမှာ ယခုလိုရုပ်ရှင်စနစ်လို မျိုးစုံပေါ်နေတဲ့ ဖြစ်ပျက်တွေ တွေ့သောကြောင့် အတွင်းကကော မကောင်းဘူးလား ?

။ ကောင်းပါတယ်ဘုရား ။ ။

အဲဒါ နှစ်ဘက်စလုံးကောင်းဒါ၊ အစစ်ဆိုလျှင် ဥဘတောကလျာဏ ပုထုဇဉ် လုပ်ငန်းတတ်ခေါ်တယ်။

"**အာဂမာ ဓိဂမာ ဘာဝါ အသုတဝါဒီ ဥဃျာ**" ဆိုတဲ့ အဋ္ဌသာလိနီ အဋ္ဌကထာ,ကို ကြည့်ရေးတာ၊ ထင်ရာ မြင်ရာ ရေးတာ မဟုတ်ဘူး။

**ဆောင်။** ။ဒိဋ္ဌိပယ်စွမ်း ကျင့်ခဏ်းသင်ပါ၊ ကျင့်ခဏ်းလာတိုင်း မဆိုင်းကျင့်ရာ၊ သင်သိ,ကျင့်သိ,မှ ကလျာဏ ပုထုဇာ။

ဒိဋ္ဌိပယ်စွမ်း ကျင့်ခဏ်းသင်ပါ အာဂမ,အတွက်။

ကျင့်ခဏ်းလာတိုင်း မဆိုင်းကျင့်ရာ အဓိဂမ,အတွက်။

သင်သိ, ကျင့်သိ,မှ ကလျာဏ ပုထုဇာ။

"**အသုတဝါ**"တိ ဣဒံပဒံ **အန္ဓတံဝဒတိ**။ မူလ ဋီကာတို့ ထပ်ဖွင့်ချလိုက်တယ်။ ဗဟုဿုတ အကြား အမြင်မရှိလျှင် ဒါ-

အနွ ခေါ်တယ်၊ သင်သိ, ကျင့်သိ, နှစ်ခုလုံးရှိလျှင် ဗဟုသုတ ရှိသောကြောင့် ဒါ· ကလျာဏ ခေါ်တယ် အစစ်နော်၊ သေသေ ချာချာ အစစ်တွေ ပဋိပတ်ပါမှ အစစ်နော်၊ ပဋိပတ် မပါဘဲနဲ့ သင်တန်း ခန္ဓာ, အာယတန, ဓါတ်, ပဋိစ္စသမုပ္ပါဒ်, သင်တန်း ကလေးနဲ့ သိနေမယ်ဆိုလို့ ရှိလျှင် အဲဒါ အစစ်မဟုတ်သေးဘူး၊ ကောတော ကလျာဏ ပုထုဇဉ် စာတတ် ကလျာဏပုထုဇဉ် လောက်သာ ဖြစ်တယ်။

ဒါလဲဘဲ တကယ် ဒိဋ္ဌိ၊ အပြောနောက်မှာ အမှတ် ထူးလာမှ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဟို....ခြေထောက်က ပူတယ်လို့ ပြော·ပြောတဲ့အတိုင်း ခြေ ထောက်က ပူတယ်လို့မှတ်လျှင် အပြောနဲ့ အမှတ်နဲ့ မကွဲသော ကြောင့်၊ အဲဒါ စာမှတ်ဘဲရှိသေးတယ်၊ ခြေထောက်က ပူတယ် လို့ ပြော၊ ဉာဏ် တေဇောက ပူတယ်လို့မှတ်၊ သို့မဟုတ် လုပ် ငန်းတတ်၊ ပူဒါက ပူတယ်လို့ မှတ်လျှင် အပြောနဲ့ အမှတ်နဲ့ မကွဲဘူးလား ?

။ ကွဲပါတယ်ဘုရား။ ။

အဲဒါမှ ဒိဋ္ဌိပြုတ်တယ်၊ အဲဒါ စာတတ်ခေါ်တယ် သဘော ကျပလား ?

။ သဘောကျပါဘုရား။ ။

အဲဒါ သေသေ ချာချာ မှတ်ထား။

**ကလျာဏ ပုထုဇဉ် အပါယ်မရောက်ဝေးပုံ။**

**ဆောင်။** ။နာမ်ရုပ်ကိုမြင်, အငုတ်မှား လေးခုစင်၊ ကလျာဏ-ပုထုဇဉ်, အပါယ်ခွင် မရောက်ဝေး။

တိုးတိုးသွား, အကြောင်းအကျိုးကလေး ကလျာဏ ပုထုဇဉ် ဆိုလျှင် အပါယ်ခွင်ရောက်-မရောက်၊ မရောက်ဘူးတဲ့။

"**အပါယ ဂါမိက ကမ္မာနိနာမ သက္ကာယဒိဋ္ဌိယာ သတိယေဝ ဝိပ္ပစ္စန္တိ နော အသတိယာ**" ဆိုတဲ့ ဋီကာကြီးတို့နဲ့ အညီ ကြည့်ရေးတာ၊ သူ့ဟာသူ စကားတလုံးပြောလျှင် အကိုးလေးတွေနဲ့ ပါ-ပါလာတော့ ဘယ်လောက် ယုံကြည်စရာကောင်းသလဲ၊ အင်မတန် ကောင်းတာဘဲ၊ ကဲ....ဒါဖြင့် ကလျာဏ ပုထုဇဉ်ဆိုလျှင် အပါယ်ကျ,မကျ ?

။ မကျပါဘုရား။ ။

ဘယ်တော့မှ မကျဘူးလားမေးလျှင်၊ ဘယ်တော့မှ မကျတာက, သောတာပန် အရိယာခေါ်တယ်၊ ယခုတော့ အပါယ်ခွင် မရောက်ဝေးတဲ့၊ မရောက်ထာဝေးတာ ပြောဒါ၊ ဘယ်တော့မှ မကျဘူးလို့ ပြောတာ မဟုတ်ဘူး၊ မရောက်ဝေးပုံ ပြောမယ်၊ ကလျာဏ ပုထုဇဉ်ဆိုတာ ကာမာဝစရ ကုသိုလ်ဉာဏ်ခေါ်တယ်၊ ကာမာဝစရ ကုသိုလ်ဆိုတော့,တဒင်္ဂပဟာန်ရတယ်၊ကြာရှည်လေး မြင့်စွာထားမယ်ဆိုလျှင်၊ ဝိက္ခမ္ဘနပဟာန်ရတယ်၊ ဝိပဿနာဉာဏ် ဆိုတာ ကျမ်းဂန်မှာ တဒင်္ဂပဟာန်, ဝိက္ခမ္ဘန ပဟာန်, ပဟာန် နှစ်ခု ရေးတယ်နော်။

သင်္ဂိုဟ်သက်သက်တက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့၊ ကာမဝစရ-ကုသိုလ်, တဒင်္ဂ, ရူပ, အရူပ, မဟဂ္ဂုတ်-ကုသိုလ်, ဝိက္ခမ္ဘန-လို့ ဒီလိုရေးလိမ့်မယ် ၊အဲ့....ဝိက္ခမ္ဘနလဲ ကြာရှည် လေးမြင့်စွာ ခွါထားသလို၊ ဝိပဿနာမှာလဲဘဲ တမှတ်ပြီးတမှတ်,တမှတ်ပြီးတမှတ် ဒီလိုလာတဲ့ ပုဂ္ဂိုလ်ဟာ ကိလေသာ ကပ်နိုင်ပါ့မလား ?

॥ မကပ်နိုင်ပါဘုရား॥ ॥

မျှားမျှားကြီး ခွါမထားဘူးလား ?

॥ ခွါထားပါဘုရား॥ ॥

ကြာရှည်လေးမြင့်စွာ မခွါနိုင်ဘူးလား ?

॥ ခွါနိုင်ပါတယ်ဘုရား॥ ॥

ဒါကြောင့် ဝိပဿနာဉာဏ်မှာလဲဘဲ ဝိက္ခမ္ဘန-ရသေးတယ်, ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

ကဲ- မှတ်ထားကြ....ဒါဖြင့် ကလျာဏ ပုထုဇဉ်အဖြစ်နဲ့ နေခဲ့သော် အပါယ် ဘယ်တော့မှ မရောက်ပါ၊ အောက်တန်း အန္ဓ-ပုထုဇဉ် အဖြစ်သို့ ပြန်လျှောမယ်ဆိုလျှင် အပါယ် ရောက်နိုင်ပါသည်၊ ဒါကြောင့် အပါယ်ခွင်မရောက်ဝေးလို့ ဆိုလိုက်ပေသည်၊ သဘောကျပလား ?

॥ ကျပါတယ်ဘုရား॥ ॥

ဒီနေရာမှာ ကလျာဏပုထုဇဉ် ဆိုလျှင် အပါယ် မရောက်ပုံက လေး ဗမာလိုရှင်းရှင်း ပြောထားရတယ်၊ ခုနကတုံးက ပြောခဲ့တဲ့

တစ်တရားခံ ဒိဋ္ဌိ၊ နှစ်တရားခံ အကုသိုလ်ကံ၊ သုံးနံ့ပါတ် အပါယ် လို့ ဒါလေး မမေ့စေနဲ့နော်။ ။

အပါယ်ကျချင်ကြသလား ?

။ မကျချင်ပါဘုရား။ ။

ကိုယ့်သားသမီးတွေ့ မြေးတွေ့ ဆွေမျိုး မိတ်ဆွေသင်္ဂဟတွေ ကော ကျချင်သလား။ ။

။ မကျချင်ပါဘုရား။ ။

မကျချင်လျှင် ဒီဥပဒေလေးကို နာနာ ရအောင် လုပ်ထားရ တယ်နော်၊ ကဲ....နာနာရအောင် လုပ်ထားရ၊ လုပ်ထားတဲ့အခါ ကျတော့၊ ခုနပြောတဲ့ တစ်တရားခံ ဒိဋ္ဌိနော်၊ ခေါင်းဆောင်က ငါ့နော်၊ နောက်လိုက်က၊ အသားအရေ၊ အကြောတွေ၊ ခေါင်း၊ ကိုယ်၊ ခြေလက်တွေ၊ ယောကျ်ား၊ မိန်းမ၊ စသည်တွေနော်၊ ဒီတော့ ခေါင်းတွဲကြီးကို ပြောလိုက်လျှင် နောက်တွဲတွေ အကုန်ပါပေါ့။ ။

## ငါနဲ့နာမ်ရုပ် ကွဲအောင်လုပ်။

အဲ....ငါပြောမယ်၊ ငါ့ငါ့နာမ်ရုပ်နဲ့၊ ငါနဲ့ မကွဲတဲ့အချိန်၊ နာမ်ကို ငါ၊ ရုပ်ကို ငါ၊ ဒီလို မယူဘူးလား ?

။ ယူပါတယ်ဘုရား။ ။

အဲ....တစ်တရားခံမှာ နာမ်ရုပ်ကို ငါငုတ်နေတော့၊ ကဲ....ဒိဋ္ဌိရှိ လျှင် နှစ်တရားခံ အကုသိုလ်ကံ မလာဘူးလား ?

။ လာပါတယ်ဘုရား။ ။

အကုသိုလ်ကံ ဘယ်သူလုပ် ?

။ ငါလုပ်ပါဘုရား။ ။

သူများအသက် ဘယ်သူသတ် ?

။ ငါသတ်ပါဘုရား။ ။

ဘယ်သူခိုး ?

။ ငါခိုးပါဘုရား။ ။

ဘယ်သူပြစ်မှား ?

။ ငါပြစ်မှားပါဘုရား။ ။

အဲ... ရှင်းဒါဘဲ၊ အကုသိုလ်ကံအတွက်ကို၊ ငါ့လို့ နှမ်းသတ်ထားကြ၊ သို့သော်-ငါဟာ ဘယ်သူ့ အပေါ်မှာ တည်နေသလဲ၊ နာမ်ရုပ်ပေါ် တည်နေတယ်၊ နာမ်ရုပ်နဲ့ ငါ့ မကွဲသေးဘူးနော်၊ ငါ့ဟာဘယ်သူလဲ ?

။ နာမ်ရုပ်ပါဘုရား။ ။

အကုသိုလ်ကံ ဘယ်သူလုပ်သလဲ ?

။ ငါလုပ်ပါတယ် ဘုရား။ ။

ငါဟာဘယ်သူလဲ ?

နာမ်ရုပ်ပါဘုရား။ ။

ဟော....ကြည့်၊ လုပ်တော့ငါတဲ့၊ လွှဲချတော့ နာမ်ရုပ်ပေါ်လွှဲချတယ်၊ တယ်ပါးတဲ့ အကောင်ဘဲ၊ ကဲ....သုံးနံ့ပါတ် အပါယ်က ခေါ်တော့မယ်၊ လုပ်သောငါ့အပါယ်လာခဲ့၊ ကဲ-ဘယ်သူ့ ထိုးချ၊

နာမ်ရုပ်ကိုထိုးချ၊ ဟော....ကြည့်ကြည့်, ဘာဖြစ်လို့လဲဆိုတော့ နာမ်ရုပ်ပေါ်မှာ ဦးစီးထားတာကိုး။ ။

အိမ်ရှင်အဖိုးကြီးနဲ့,အမယ်ကြီးက တယ်နှံ့တာဘဲ၊ ဧည့်သည်က လူလယ် လုပ်တယ်၊ ဧည့်သည်ကြောင့် ရာဇဝတ်မှုတွေသင့်တဲ့ အခါကျတော့, ဖမ်းစရာရှိတော့, အဖိုးကြီးနဲ့ အမယ်ကြီး လက်ညှိုးထိုး ခံရတယ်၊ ဘယ်သူ့ ဖမ်းသွားသလဲ ?

အဖိုးကြီးနဲ့ အမယ်ကြီးပါဘုရား။ ။

လုပ်တော့ဘယ်သူလဲ ?

။ ဧည့်သည်ပါဘုရား။ ။

အဲ....ဧည့်သည်နဲ့ငါနဲ့တူတယ်၊အိမ်ရှင်အဖိုးကြီး,အမယ်ကြီးနဲ့, နာမ်ရုပ်နဲ့တူတယ်၊ တယ်....နှံ့တာကိုး။ ။

အခုတကာ, တကာမတွေ မနှံ့ဘူးလား ?

။ နှံ့ပါတယ်ဘုရား။ ။

နှံ့တာ ဘယ်လောက်ကြာပြီလဲ ?

။ သံသရာ အစမထင်ကပါဘုရား။ ။

ကြာနေပြီ, အစမထင်တဲ့ သံသရာခွင်က အစ, အခုထက်ထိ တနှံ့ထဲ, နှံ့နေတာဘဲ၊ ငါလှည့်စားရာ ခံစားပြီးတော့ မနေဘူးလား ?

။ နေပါတယ်ဘုရား။ ။

အကုသိုလ်ကံ ဘယ်သူလုပ်၊ ငါလုပ်၊ လုပ်သောငါ့ အပါယ် လာခဲ့၊ ဘယ်သူ့ ထိုးချ၊ နာမ်ရုပ်ကို ထိုးချ၊ ပေါကြည့်၊ လုပ် တော့ငါ့ အပါယ်ကျခံရတော့ နာမ်ရုပ်ပါ၊ သူများဒါဏ် ကိုယ်ခံ ရပြီ၊ အသဲနာစရာ မကောင်းဘူးလား ?

။ ကောင်းပါတယ်ဘုရား။ ။

အဲဒါ ဘယ်သူ သိသလဲ၊ ဘယ်သူမှသိတာ မဟုတ်ဘူး၊ အဘ ဘုရား သိတယ်၊ နာမ်ရုပ်က့သားသမီးနော်၊ ငါဆိုပေမယ်လို့ ငါ စစ်စစ်မဟုတ်ဘူးနော်၊ ငါကပညတ်၊ ငါလို့ ယူတဲ့ ဒိဋ္ဌိ ထိအောင် ယူ၊ သဘောကျပလား ?

။ ကျပါပြီဘုရား။ ။

ငါကတော့ အပါယ် ချတာ မဟုတ်ဘူး၊ ဒိဋ္ဌိ ကလေးက အပါယ်ချတာ၊ သို့သော် ပြောလို့ ကောင်းအောင် ငါ့ငါနဲ့ လုပ်ထားတာ၊ သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

## ငါ့နဲ့နာမ်ရုပ်ကွဲလျှင်, ဒိဋ္ဌိပြုတ်သည်ပင်။

ကဲ....ဘုရားက ဆုံးမတယ်၊ ငါ့သားနာမ်ရုပ်, ငါ့သမီး နာမ်ရုပ် တွေဟာ တကယ့် သူတော်ကောင်း ကာယကံ အပြစ်တွေလဲ သူတို့မလုပ်တတ်ဘူး၊ သူများအသက်လဲ မသတ်တတ်, မခိုးတတ်, မပြစ်မှားတတ်, လိမ်လဲ မလိမ်တတ်, ဂုံးလဲမတိုက်တတ်ဘူးနော်.... တော်တော်သဘောရိုးတာဘဲ၊ ဟော-ငါဆိုတဲ့ ဒိဋ္ဌိကလေးနဲ့ သွား ပေါင်းသောကြောင့် နာမ်ရုပ်လေးဟာ အကုသိုလ်ကံတွေ ဖြစ်

လာရတယ်နော်၊ လူပေါင်းမကောင်းဘူးတဲ့, ဒီမှာတော့ ပရမတ် ပေါင်း မကောင်းဘူးပေါ့၊ မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

နာမ်ရုပ်တည်းဟူသော ပရမတ်နှင့် ဒိဋ္ဌိတည်းဟူသော ပရမတ် သွားပေါင်းလိုက်တော့ မကောင်းတဲ့သူနဲ့ပေါင်းတော့ မကောင်း ဖြစ်လာတာပေါ့၊ မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

မကောင်း ဖြစ်လာတော့ အဲဒီ ဒိဋ္ဌိနဲ့ ပေါင်းသောကြောင့် နာမ်ရုပ်တွေလဲ မကောင်းတဲ့ အတွက်ကြောင့် အပါယ်ကျသွားကြ တယ်၊ အဲဒါ အဘဘုရားသိသောကြောင့်၊ နာမ်ရုပ်နဲ့ ငါနဲ့ ခွဲ ခိုင်းတယ် မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ခွဲခိုင်းတယ်ခေါ် တရားဟောပြီးလျှင်လေ၊ မြတ်စွာဘုရားက တရားဟောပြီးလို့ရှိလျှင် တခါထဲချစ်သား,ချစ်သမီးတို့, ချစ်သား ချစ်သမီးတို့အကျိုး ငါဘုရားသည် ကရုဏာသန်သန်ထား, မေတ္တာ များများဖြင့် တရားဟောပြီးခဲ့လေပြီ၊ သင်ချစ်သား, ချစ်သမီးတို့ ၏တာဝန်ကား လူ့ပြည်ကြီးမှာ ဆိပ်ငြိမ်ရာအရပ်တွေရှိကြပေ၏၊ ဆိပ်ငြိမ်ရာအရပ်သို့ကပ်၍ "ဈာယထဘိက္ခဝေ" တရားများအား ထုတ်ကြ၊ တရားအားထုတ်ခိုင်းတယ်။ "မာပမာဒတ္ထ"အားထုတ် ဘို့ မမေ့နဲ့, မမေ့နဲ့၊ " မာပစ္ဆာ-ဝိပ္ပဋိသာရိနော-အဟုဝတ္ထ " အားထုတ်ဘို့ မေ့နေလျှင် နောက်ကို ဘေးတွေ့တော့မငိုနဲ့နော်၊ မငြီးနဲ့နော်၊ ကယ်ပါ, ယူပါ, တစာစာနဲ့ မတမ်းတနဲ့နော်,

နောင်တ မရနဲ့နော်၊ "အယံဝေါ့ အမှာကံ အနုသာသနီ" ဘေး မတွေ့ခင် ငါဘုရားကြိုတင်၍ ဆုံးမထားတာ၊ သတိပေးထားတာ ဘဲ လေးဆယ့် လေးကြိမ် တိုက်တွန်း နှိုးဆော်တော်မူရှာတယ်၊ တိုတိုပြောတော့ တရားဟောပြီးလို့ ရှိလျှင် မြတ်စွာဘုရားက ဘာ လုပ်ခိုင်းသလဲ ?

॥ တရားအားထုတ်ခိုင်းပါဘုရား။ ॥

တရားအားထုတ်ခိုင်းတယ်၊ ဈာယထ ဘိက္ခဝေ နော်၊ တရား အားထုတ်ခိုင်းတော့ ဘုရားစကား နားထောင်တဲ့ သားကောင်း သမီးကောင်း ပီပီ ဆိုပါတော့ တရားဝင် အားထုတ်လိုက်တဲ့အခါ ကျတော့ ပေါ်ဒါရိယ် သိတာရယ်၊ ငါရယ် သုံးခု ကွဲမသွားဘူး လား ?

॥ ကွဲသွားပါတယ်ဘုရား။ ॥

နာမ်ရုပ် ငါဟုတ်သေးရဲ့လား ?

॥ မဟုတ်တော့ပါဘုရား။ ॥

ငါက နေပြီးတော့ နာမ်ရုပ်ပေါ်တက် ချင်လျှင် လက်ခံပ မလား ?

॥ လက်မခံပါဘုရား။ ॥

ကဲ....ကွဲသွားပြီနော်၊ အခုမှ အမယ်ကြီး၊ အဘိုးကြီးဟာ ညော်သည် မကောင်းမှုန်း အခုမှ သိတယ်၊ ဘုရား ပေါ်လာလို့၊ ကဲ....မေးတော့မယ်၊ အကုသိုလ် ဘယ်သူလုပ် ပြောနေကြအတိုင်း ငါလုပ်ပေါ့ နှစ်တရားခံကလေးတဲ့၊ လုပ်သောငါ အပါယ်လားခဲ့

ဆိုတော့ နာမ်ရုပ်ကလဲ သူမလုပ်သောကြောင့် သူကလဲ သွားပ မလား ?

။ မသွားပါဘုရား။ ။

ငါထိုးချလျှင်ကော သူက ခံပမလား ?

။ မခံပါဘုရား။ ။

ကဲ....ကဲ့သွားပြီ၊ အခုမှပါးဒါ၊ ကဲ-နာမ်ရုပ်က သူလဲ မလုပ် သောကြောင့် သူကလဲ မသွားဘူး၊ ကဲ-လုပ်သော ငါလာခဲ့, လာခဲ့လို့ ယမမင်းကြီးက လိုက်ဖမ်းတယ်၊ ငါရှိသလား ?

။ မရှိပါဘုရား။ ။

အခုမှ မရှိတာလား အစကတဲက မရှိတာလား ?

။ အစထဲက မရှိပါဘုရား။ ။

အစထဲက မရှိတာ ကြည့်စမ်း၊ အစထဲက မရှိလို့ တကယ် ရှိလျှင် ဘယ်လောက်များ လူလယ် လုပ်မလဲဟင်.... စားတော့ ထမင်းဆိုင်,အိပ်တော့ ဘူတာရုံ, သောက်တော့ ရေအိုးစင်,ဆိုတဲ့ တေလေ ကြမ်းပိုးပါ ကလားဟင်.... အဲဒီ ငါကလေးဟာ ဘယ် လောက် နှိပ်စက်သလဲကြည့်စမ်း၊ ယမမင်းကြီးဟာ အစထဲက ငါ ရှာမတွေ့တော့ လိုက်ဖမ်းတော့မိသေးသလား ?

။ မမိပါဘုရား။ ။

ကဲ....ဒါဖြင့် ဘယ်သူ အပါယ်ကျ ?

။ မရှိ၍ မကျပါဘုရား။ ။

အဟောသိကံ ဖြစ်သွားပြီ သဘောကျပလား ?

။ ကျပါပြီဘုရား။ ။

အဲဒါ ဝိပဿနာဉာဏ်ကလေး၊မဂ်ဉာဏ်ကလေးနဲ့ နာမ်ရုပ်ကို ခွဲလိုက်တော့ ငါပြုတ်သွားတာဘဲ၊ အဲဒီကျမှ အကုန်လုံးအပါယ် ကျမဲ့ အကုသိုလ်ကံတို့သည် ဒေဝါလီ ခံလိုက်ထာဘဲ၊ အရှုံးဖြစ် ကုန်ပြီ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဆပ်စရာကြွေး လိုသေးသလား ?

။ မလိုတော့ပါဘုရား။ ။

အဲဒါ ရှင်းရှင်း မှတ်ထားတော့၊ တယ် အဘိုးတန်တယ်နော်၊ ငါဆိုပေမယ်လို့ ငါ့လို့ ယူတဲ့ ဒိဋ္ဌိကလေးကို သွားကြည့် ရတယ်၊ အဲဒါ ငါပျောက်ထာလို့ တချက်မှတ်လိုက်မယ် ဆိုလို့ ရှိလျှင် မှက်စိတ်ကလေး နောက်မှာ ဒိဋ္ဌိ အငုတ်ကလေး ရှိသေး သလား ?

။ မရှိတော့ပါဘုရား။ ။

**နိဗ္ဗာန်လမ်းစဉ်ပြပုံ။**

မဂ်ကျလိုက်မယ်ဆိုလို့ရှိလျှင် မဂ်ဆိုတာက မ-ဂ ခေါ်တယ်၊ ဟိုစာရွက်လေးမှာလဲ ပါတယ်၊ 'မ'က သတ်'ဂ'က ရောက်ခေါ် သတ်လျှင် ရောက်မှာဘဲ၊ ရောက်တယ်ဆိုတာက အငုတ် သတ်နဲ့ အကြောင်းသစ်ပြတ်ခေါ်တယ်၊ သတ်တယ် ဆိုတာက အကျိုး သစ်ရပ်ခေါ်၊ ဟော....သစ္စာ မလေးချက် တပြိုင်နက် ပါသွား

တာဘဲနော်၊ ရှင်းရှင်းလေး စာနဲ့လဲ ကိုက်တယ်၊ ခန္ဓာနဲ့လဲ ကိုက်တယ်၊ သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

အစမှာ ပါလိမ့်မယ်၊ ဒါဖြင့် မင်္ဂတချက် ကျလိုက်လျှင် ဒိဋ္ဌိ ရှိသေးသလား ?

။ မရှိတော့ပါဘုရား။ ။

ဒိဋ္ဌိ မရှိလို့ ရှိလျှင် ရင်တွင် နာမ်အစဉ်မှာ ဝင်တဲ့ အမှား ပျောက်သွားတာဘဲ၊ အမှား ပျောက်သွားတော့ အကုန်လုံး အဟောသိကံ ဖြစ်ကုန်ဒါဘဲ၊ ဒိဋ္ဌိက အာမခံနော်၊ အကုသိုလ်ကံတို့က သူတို့က အာမခံတောင်းတော့ ကြွေးယူထားတယ် ခေါ်တယ်၊ အာမခံမှ ဖမ်းလို့မရဘဲ၊ ကြွေးယူထားတဲ့ ပုဂ္ဂိုလ်တွေ ပေးစရာ လိုသေးသလား ?

။ မလိုတော့ပါဘုရား။ ။

အဲဒီ ဥပမာ အတိုင်းဘဲ။

ဆောင်။ ။ဝိပဿနာတရား ပွားများအားထုတ်ခဲ့ပါလျှင် နာမ်ရုပ်ကိုမြင်, အငုတ်မှား လေးခုစင်, ကလျာဏပုထုဇဉ်, အပါယ်ခွင် မရောက်ဝေး, နိဗ္ဗာန်ပေါက်လမ်းစပေး။

ဟော....နိဗ္ဗာန်လမ်းစဉ် မြင်ပလား ?

။ မြင်ပါပြီဘုရား။ ။

နိဗ္ဗာန်ဟာ ဘယ်နားမှာ ရှိသလဲ ?

။ ဖြစ်ပျက်, အဆုံးနားမှာ ရှိပါဘုရား။ ။

ဖြစ်ပျက်, အဆုံးနားမှာ ဖြစ်ပျက်,က ခန္ဓာထဲမှာ ဆုံးတာက ခန္ဓာနဲ့ စပ်နေတယ်ခေါ်တယ်၊ အဲဒီ အဆုံးနားကို သွားဘို့ရာ လမ်းစဉ်တဲ့၊ နိဗ္ဗာန်လမ်းစဉ်ဆိုတာ ပါလိမ့်မယ်။

**ဆောင်။** ။နာမ်ရုပ် အစ, ဖြစ်ပျက်အလယ်, အပျက် အဆုံး, နိဗ္ဗာန်ဝင်တဲ့ လမ်းစဉ်ကြီးသုံး၊ လမ်းမကြီးသုံး။

အဲဒါ သိရတယ်၊ အဲဒါမသိဘဲနဲ့ နိဗ္ဗာန်ဆုတောင်းဆိုလျှင် ဆရာတော်တို့ အရင်တုန်းက စာချတောင်မှ သိပ် ဝေဖန်တာ မဟုတ်ဘူး၊ တကာမကြီးတို့ နိဗ္ဗာန်ဆုတောင်းကြ....၊ ဆုတောင်းကြ၊ တကာမကြီးတွေလဲ တောင်းတာဘဲ၊ တောင်းလျှင် ရလိမ့်မယ်လို့ ဒီလိုထင်လိုက်ထာဘဲ၊ ဝိပဿနာတွေ, ဘာတွေ, ဘာမှ မဆက်ဘူး၊စာကလဲ 'ဣဒံမေဒါနံ အာသဝက္ခယံ ဝဟံပေါတု" ဆိုလျှင် ရမယ်လို့ ဆိုတယ်နော်၊ တောင်းတယ်ဆိုတာ ဟိုဘက်ကမ်း ကူးဘို့ မှတ်တိုင်လုပ်ထာခေါ်တယ်၊ လှေပေါ်တက်တော့ တောင်းနေစမ်း၊ ဟိုဘက်ကမ်း ရောက်ပါ့မလား ?

။ မရောက်ပါဘုရား။ ။

ဘယ့်နှယ်လုပ်ရမလဲ ?

။ လှော်ရပါတယ်ဘုရား။ ။

လှော်ရတာ ဝိပဿနာဘဲ၊ လှော်တက် ဝိပဿနာနဲ့ လှော်မှ ဟိုဘက်ကမ်းရောက်မှာ၊ လှေပေါ်တက်ပြီးတော့ ဟိုဘက်ကမ်း ရောက်ပါစေ၊ဟိုမှတ်တိုင်နား ရောက်ပါစေလို့ ဆုတောင်းနေလျှင် ရောက်လာလိမ့်မယ်-ရောက်ပါ့မလား ?

။ မရောက်ပါဘုရား။ ။

ဟို၊လေတိုက်ထာနဲ့, ရေစီးတာနဲ့, အဝိစိကို တခါထဲမျော, ကုန့်မှာဘဲ၊ သဘောကျပလား ?

॥ ကျပါတယ်ဘုရား॥ ॥

အဲဒါမှတ်ထားကြ॥ ॥ကဲပြောင်းပြန်လှန့်, ပြောင်းပြန်လှန့် "ဝိပဿနာတရား ပွားများ အားမထုတ်ခဲ့ပါလျှင်၊ နာမ်ရုပ်ကိုမမြင့်, အငုတ်မှားလေးခုမစင့်, အန္ဓပုထုဇဉ်" ပြောင်းပြန်လှန့်, ပုထုဇဉ်အကန်း, ပုထုဇဉ်အမိုက်, ပုထုဇဉ်အယုတ်, ကန်းတယ်, ကန်းတယ်, ဆိုတာ မျက်စေ့မဟုတ်ဘူး၊ ဉာဏ်ဆိုတာရှင်းသွားပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

ပုထုဇဉ်ဆိုလျှင် အပါယ်ခွင်မလွတ်သေးဘော-အန္ဓ, အပါယ်ခွင် လွတ်မလွတ် ?

॥ မလွတ်ပါဘုရား॥ ॥

ဒါနမရှိဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

ကျောင်းကြီးတွေမဆောက်ဘူးလား ?

॥ ဆောက်ပါတယ်ဘုရား॥ ॥

စေတီကြီးမတည်ဘူးလား ?

॥ တည်ပါတယ်ဘုရား॥ ॥

အဲဒီကုသိုလ်ကြီးတွေရှိသော်လဲ အပါယ်လွတ်မလွတ် ?

॥ မလွတ်ပါဘုရား॥ ॥

သီလလဲ အပါယ်လွတ် မလွတ် ?

॥ မလွတ်ပါဘုရား॥ ॥

သမထကော အပါယ်လွတ် မလွတ် ?

॥ မလွတ်ပါဘုရား॥ ॥

အန္ဒလဲ ဈာန်အဘိညာဉ်ရတာဘဲ, အန္ဒလဲ, ဗြဟ္မာကြီးဖြစ်နိုင်တာဘဲ, သို့သော်-အပါယ်မလွတ်ဘူးတဲ့၊ အပါယ်ခွင်မလွတ်, မလွတ်တင်မဟုတ်ဘူး၊ သေး, တလုံးပါလာသေးတယ်၊ မလွတ်သေးတဲ့, ဟော-ဒါနရှိလို့ သီလရှိလို့ အကျိုးပေးလျှင်၊ လူမင်း, နတ်မင်း, ဖြစ်နိုင်တယ်၊ သမထရှိလို့အကျိုးပေးလျှင်, ဗြဟ္မာမင်းတော့ ဖြစ်နိုင်တယ်နော်....လူမင်း, နတ်မင်း, ဗြဟ္မာမင်းတွေဖြစ်သော်လဲဘဲ, ရင်တွင်းနာမ်အစဉ်မှာ, ဒိဋ္ဌိကြီးရှိသောကြောင့်၊ အပါယ်ခွင်မလွတ်သေးပါ, ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

သေး-လေးတလုံးဟာ, အဓိပ္ပါယ်တာသွားတယ်၊ ဒါနကယ်, သီလကယ်, သမထကယ်လို့ လူမင်း, နတ်မင်း, ဗြဟ္မာမင်း, ဖြစ်သော်လဲ, ရင်ထဲက ဒိဋ္ဌိပါသောကြောင့် အဲဒီ ဒိဋ္ဌိကြီးရှိလျှင် လူမင်းတွေကော အပါယ်လွတ် မလွတ် ?

॥ မလွတ်ပါဘုရား॥ ॥

နတ်မင်းတွေကော ?

॥ မလွတ်ပါဘုရား॥ ॥

ဗြဟ္မာမင်းတွေကော ?

॥ မလွတ်ပါဘုရား॥

ဒါကိုကြည့်၍ ဘုရားဟောတယ်။

ဥက္ခိတ္တာပုညတေဇေန၊ ကာမရူပဂတိံဂတာ။
ဘဝဂ္ဂန္တမ္ပိ-သမ္ပတ္တာ၊ ပုနာဂစ္ဆန္တိ-ဒုဂ္ဂတိံ။ ။

ဒါ....ဓမ္မကထိကဆိုရတာများတာဘဲ၊ အနက်မပေးတော့ဘူး၊ အဲဒီအတိုင်း မာန်လည်ရေးတာ တယ်ကောင်း၊ "ဒိဋ္ဌိမကွာ ပုဂ္ဂိုလ်မှာလျှင်" မာန်လည်-မာန်လည်" ဒိဋ္ဌိမကွာတဲ့ ပုဂ္ဂိုလ်ဟာ၊ အန္ဓနော်၊ ငါမပြုတ်တဲ့ပုဂ္ဂိုလ်ဟာ အန္ဓနော်၊ နာမ်ရုပ်မမြင်တဲ့ ပုဂ္ဂိုလ်ဟာ အန္ဓနော်၊ အန္ဓဆိုတာ ဘယ်သင်းလဲ၊ တောင်ကြည့်မြောက်ကြည့် မကြည့်ရဘူး၊ တရားနာတယ်ဆိုလျှင် မိလက္ခ မထေရ်ကြီး အတုခိုးရတယ်၊ တရားလေးဘုရားဟောလိုက်လျှင်၊မိလက္ခ-မိလက္ခ ဘုရားဟောတာနော်၊ မောင်မင်းကို ရည်ရွယ်ပြီး ဟောတာ၊ သူများကို ရည်ရွယ်ပြီး ဟောတာ မဟုတ်ဘူး၊ မိလက္ခ ဘုရားဟောတော်မူတဲ့အတိုင်း မင်းမှတ်နော်၊ လိုက်နာနော်လို့ သူ့အပေါ် ဆွဲတင်ပြီး ဆုံးမသတဲ့၊ တရားနာတဲ့ ပုဂ္ဂိုလ်တွေဟာ ဆရာတော်ကြီးက နာမ်ရုပ်မမြင်လျှင် အန္ဓ၊ ဒိဋ္ဌိ မပြုတ်လျှင် အန္ဓဆိုတာ၊ ငါ့ နာမည်မခေါ်တာ တမယ်ဘဲ၊ ဆရာတော်ကြီးက ငါ့ကိုပြောတာ, ငါ့ကိုပြောတာ, ငါ့ကို သနားလွန်းလို့ အပါယ်မကျစေချင်လွန်းလို့ ငါ့ကို ပြောတာလို့ ဒီလိုလုပ်ရတယ်နော်၊ အင်း-အန္ဓဆိုလျှင် သူ့လိုလို, ကိုယ်လိုလို,ဒီပရိသတ်ထဲမှာ ပါရဲ့လား၊ ဘယ်နားမှာနေသလဲ စ သည် ဖြင့် ဒီလို မ လုပ် ရ ဘူး၊ ကိုယ်အရေးကြီးတာဘဲ၊ တရားနာတယ် ဆိုတာ ကိုယ့်ကိုကိုယ် အရေးကြီးတာဘဲ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

**ဆောင်။** ။ဒိဋ္ဌိမကွာ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာ သိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ ဖေါက်လွဲပါယ်ရွာ၊ ရောက်မြဲသာ တည်း။ ။

( မာန်လည်ဆရာတော် )

ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ (ဒါနအကျိုး, သီလအကျိုးနော်) မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါ လည်း(ဆိုတာ သုံးဆယ့်တဘုံ အထက်ဘဝဂ်၊ နေဝသညာ,နာ- သညာယတနဘုံ၊ အဲဒီဘုံမှာ ဖြစ်တဲ့ ဗြဟ္မာကြီး, မိုးဖျားဗြဟ္မာ ခေါ်, သူကသမထစျာန်, ကုသိုလ်အရှိန်ဘဲ) မိုးဖျားဗြဟ္မာ ဖြစ် တုံပါလည်း ခန္ဓာပြိုကွဲ (သေကုန်ကြပြီ) ကုသိုလ်စဲက (သူတို့အ ကျိုးပေးတဲ့ ကုသိုလ်လေးတွေလဲ ကုန်သွားပြီ) ဖေါက်လွဲပါယ် ရွာ ရောက်မြဲသာတည်း၊ လူမင်းတွေဘယ်ရောက်သွား ?

။ အပါယ်ရောက်သွားပါဘုရား။ ။

နတ်မင်းတွေ ဘယ်ရောက်သွား ?

။ အပါယ်ရောက်သွားပါဘုရား။ ။

ဗြဟ္မာမင်းကော ဘယ်ရောက်သွား ?

။ အပါယ်ရောက်ပါဘုရား။ ။

အထက်ကို တက်ထာ ဒါန, သီလ, သမထ, ကုသိုလ် အရှိန် အောက်ကိုကျတာ ဘယ်သူ့ လက်ချက် ?

။ ဒိဋ္ဌိ လက်ချက်ပါဘုရား။ ။

ဒိဋ္ဌိဘယ်လောက်ကြောက်စရာကောင်းသလဲ၊ ကျမ်းဂန်ထဲမှာ စွန်လွှတ်ထာနဲ့ ဥပမာပေးတယ်၊ စွန်ကလေး လေတိုက်တဲ့အခါ မှာ ကောင်းကင်ပေါ်၌ ဝဲဝဲ-ဝဲဝဲနဲ့ တက်မနေဘူးလား ?

။ တက်နေပါဘုရား။ ။

အောက်က ကြိုးတန်းလန်းကြီး ရှိမနေဘူးလား ?

။ ရှိနေပါတယ်ဘုရား။ ။

အဲဒီ သုံးခု မြင်အောင်....လုပ်၊ လူမင်း၊နတ်မင်း၊ဗြဟ္မာမင်းနဲ့ စွန်ကြီးနဲ့တူတယ်၊ လေ ကလေးနဲ့ ဒါန သီလ၊ သမထကုသိုလ် အရှိန်နဲ့ တူတယ်၊ ဒါနအရှိန်၊ သီလအရှိန်၊ သမထအရှိန်၊အကျိုး ပေးလျှင်...., လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း....မဖြစ်ဘူးလား ?

။ ဖြစ်ပါတယ်....ဘုရား။ ။

စွန်မှာ ကြိုး တန်းလန်း မရှိဘူးလား ?

။ ရှိပါတယ်....ဘုရား။ ။

ဒီမှာ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း တို့၏ ရင်တွင်၊ နာမ် အ စဉ်မှာ၊ ဒိဋ္ဌိ ကြိုး တန်းလန်းကြီး၊ ဒိဋ္ဌိ ကြိုးက အဝိဇ္ဇာကနေ ဆွဲမှာ၊ စွန်ကြိုးက လူ့ပြည်က မြေကြီးက ဆွဲမှာ၊ မြေ ကြီး အောက်မှာ အဝိဇ္ဇာ အမျှားကြီး နက်သေးတယ်၊ နှစ် သိန်း လေးသောင်း....ဆိုလို့ရှိလျှင်၊ သီလာပထဝီ၊ အထက်မှာဆိုတော့ တသိန်းနှစ်သောင်း အောက်ကို မြုပ်သွားလိမ့်မယ်၊ သဘောကျ ပလား ?

။ ကျပါတယ်....ဘုရား။

တယ်....နက်ထာဘဲ နေဉ်၊ ကျောက်ဖျာကြီး လေးတယ်....ဆို ပေမဲ့ မြုပ်သွားလျှင်, မြေကြီးပေါ်မှာဘဲ...., အခု ဒိဋ္ဌိ တည်း ဟူသော ကြိုးကြီး ဆွဲချလိုက်လို့ မြုပ်သွား လျှင်, မြေ ကြီး အောက်ကို ဘယ်လောက် နက်သွားမလဲ၊ တသိန်း နှစ်သောင်း ပံသုပထဝီက တသိန်းနှစ်သောင်း ရှိတာဘဲ....မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

သဘောကျ ရဲ့လား ?

။ ကျပါတယ်....ဘုရား။ ။

အင်မတန် လေးဒါဘဲ၊ ဘယ်သူမှ လက်မခံချင်ဘူး၊ ဒါဖြင့် ဒိဋ္ဌိ ကြီး ဆွဲချလိုက်လို့ ရှိလျှင်, လူမင်း တွေ ဘယ်ရောက်....?

။ အပါယ်ရောက်ပါ....ဘုရား။ ။

နတ်မင်းတွေ, ဘယ်ရောက်....?

။ အပါယ်ရောက်ပါ....ဘုရား။ ။

ဗြဟ္မာမင်းတွေကော, ဘယ်ရောက်....?

။ အပါယ်ရောက်ပါ....ဘုရား။ ။

တယ်....ကြောက်စရာ, ဒီ ဥပမာတွေ သိပ် ဟုတ်ထာဘဲ။

"ဒိဋ္ဌိမကွာ ပုဂ္ဂိုလ်မှာလျှင်, လူတွင် စကြာ,နတ်မှာ သိကြား, မိုးဖျား ဗြဟ္မာ ဖြစ်တုံ ပါလည်း, ခန္ဓာ ပြိုကွဲ, ကုသိုလ် စဲက, ဖေါက်လွဲ ပါယ်ရွာ,ရောက်မြဲသာတည်း"(မာန်လည်ဆရာတော်)

"ဒိဋ္ဌိသက္ကာ မကွာသမျှ, လေးဝ အပါယ် ရောက်အုံးမယ်" တရုတ် ဇာတ်လိုဘဲ "လယ်တီ"က တခါ.... ပေါ်လာပြန်တယ်၊

လူစွမ်းကောင်း တွေနေ၁်,“ဒိဋ္ဌိ သက္ကာ မကွာသမျှ, လေး ဝ အပါယ် ရောက်အုံးမယ်”တဲ့၊ သက္ကာယဒိဋ္ဌိ ငါ မပြုတ် သေးလို့ ရှိလျှင်, အပါယ်တဲ့, အပါယ် ရောက်မယ် တဲ့၊ အခု....မရောက် သေးလို့ ရှိလျှင်, အပါယ်တဲ့, အပါယ်ရောက်မယ်တဲ့၊ အခု.... မရောက်သေးလို့ ရှိလျှင်, နောက် ရောက်မှာဘဲ၊ အခု....မြို့သူ, မြို့သားတွေဟာဖြင့် ရန်ကုန်မြို့ကြီးမှာ ရောက်နေတာဘဲ မဟုတ် ဘူးလား ?

ဟုတ်ပါတယ်....ဘုရား။ ။

ရန်ကုန်မြို့ ကြီးပေမယ်လို့, ဒိဋ္ဌိ မကွာလို့ ရှိလျှင်...., ဘယ် ရောက်အုံးမလဲ ?

။ အပါယ်ရောက်ပါမယ်....ဘုရား။ ။

အပါယ်ရောက်အုံးမယ်တဲ့ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်....ဘုရား။ ။

ဒီမြို့ဟာ, ကိုယ့်မြို့မဟုတ်၊ ဒီအိမ်နေရာဟာ, ကိုယ့်အိမ်နေရာ မဟုတ်၊ နောက်ပြီးတော့ မှတ်ပုံတင်မယ်ဆိုလျှင်၊ တိုင်းရင်းသား လက်မှတ်မရဘူး, တိုင်းရင်းသားလက်မှတ်က ဘယ်မှာလက်မှတ် လုပ်ခဲ့သလဲ, အပါယ်မှာလုပ်ခဲ့တယ်, သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

ဒါကြောင့်လူ့ပြည်ကြီးမှာ တိုင်းရင်းသားလက်မှတ်မရ, နတ် ပြည်ကြီးမှာမရ, ဗြဟ္မာပြည်ကြီးမှာမရ, အပါယ်လေးပါးမှာ, တိုင်းရင်းသားလက်မှတ် လုပ်ခဲ့တယ်, အဲဒီ လက်မှတ်ကလေးနဲ့ ပြန်သွားမှာဘဲ, မပြန်ဘူးလား ?

။ ပြန်သွားရမှာပါဘုရား။ ။

" လေးဝအပါယ်ရောက်ဦးမယ်, နှင်ဝယ်သတိထား, သို့အလားကြောင့်မြတ်ဘုရားက,ရင်ဝလှံစူးထိပ်ဦးမီးလောင်သူကဲ့သို့" ရင်ဝမှာလှံစူးသော, ပုဂ္ဂိုလ်အရေးကြီးတယ်၊ ထိပ်မှာမီးလောင်သောပုဂ္ဂိုလ်, အရေးကြီးတယ်၊ သည်ထက်အရေးကြီးတာက, ဒိဋ္ဌိလေးပြုတ်ဖို့ အရေးမကြီးဘူးလား ?

॥ ကြီးပါတယ်ဘုရား॥ ॥

ရင်ဝလှံစူး, ထိပ်ဦးမီးလောင်, သူကဲ့သို့ မရှောင် အ ဟုတ် နောက်မဆုတ်ဘဲ, ဝိပဿနာအလုပ် အား ထုတ် ရာ သဘောကို, သတ္တိယာဝိယ, ဩမဋ္ဌော, လို့ ဟောကြားခဲ့လေသတည်း။

ဝိပဿနာအလုပ်ကို ရင်ဆိုင်တွေ့လျှင်, အဟုတ်မရှောင်ရဘူးတဲ့, တဖဝါးမှ, နောက်ပြန်ဆုတ်မသွားရဘူးတဲ့, ဘာလုပ်ရမလဲ, ဝင်ပြီးအားထုတ်တဲ့, ဒီမှာ ပါရမီလို့ခေါ်တယ်, တချို့ပါရမီရှိသောပုဂ္ဂိုလ်ဟာဆိုလို့ရှိလျှင်၊ ဓမ္မဒိန္နာ,နဲ့ ဝိသာခ, ကြည့်တော့, ဝိသာခ, သည် အနာဂါမ်ဖြစ်ပြီးပြန်လာတော့, တရားထူးရတဲ့အကြောင်း ပြောလိုက်တဲ့အခါမှာ, ဓမ္မဒိန္နာက,မနေတော့ဘူးနေ့ာ်-မနေတော့ဘူး၊ ဒီတရားမျိုးဟာ, ယောကျ်ားသာ အားထုတ်ရသလား, မိန်းမကော, အားထုတ်လျှင်မရဘူးလား, အကုန်လုံးသဗ္ဗ-သာဓါရဏ, မိန်းမလဲအားထုတ်ရတယ်, ဒါဖြင့် ကျမကိုခွင့်ပေးပါဆိုပြီး, ကျောင်းတော်သွား တရားအားထုတ်ထာ, ရဟန္တာ ဖြစ်သွားတယ်။

အဲဒီ ဇွဲကလေးဟာအရေးကြီးတယ်, ဒီလိုမှပါရမီဓါတ်ခံ မရှိသေးတဲ့ ပုဂ္ဂိုလ်ဆိုလျှင်, ဟာ....တရားနာရတာ, နားလဲမလယ်ပါ

ဘူး၊တရားသွားအားထုတ်ထာ,ဘာမှန်းမှုလဲမသိပါဘူးလို့ ဆိုပြီးတော့ နောက်တဖြည်းဖြည်းဆုတ်သွားတယ်, ဒီအသံကြားလျှင်, လာကိုမလာချင်ဘူး။

ဒါကြောင့် တချို့အရပ်ဒေသမှာ,ဝိပဿနာတရားဟောတယ်ဆိုလျှင်, ဒို့နဲ့ မတန်ဘူးဆိုပြီးတော့, ပွဲလေး ထည့်လိုက်ရသေးတယ်, ပွဲပါတယ်ဆိုလျှင်, ဟာ....သွားအုံးမှဘဲ, သွားအုံးမှဘဲ, ဆိုပြီး သွားလိုက်ထာဘဲ- ပွဲကလေးကဆိုလျှင်, ကောင်းလဲမကောင်းဘူး, အသံသာ ပွဲသံ ပေးလိုက် ထာဘဲ, (၈) နာရီလောက်ဆိုသိမ်း, သိမ်းလိုက်တဲ့အခါကြပြီဆိုလျှင်, ညှပ်ပူးညှပ်ပိတ်, လုပ်ထားတော့, ဟော....တရားနာရတယ်, ထွက်လို့လဲ မရဘူးလေ, ထွက်လဲရှက်စရာကြီးကိုး, ဟင်....ပွဲကလေးနဲ့ဖမ်းရတယ်, အဲဒီလိုခေါ်ရတယ်နော်။

**သတ္တိယာဝိယဩမဋ္ဌော၊ ဒယှမာနေဝမတ္ထကေ။**

**သက္ကာယဒိဋ္ဌိပဟာနာယ၊ သတောဘိက္ခုပရိဗ္ဗဇေ။**

သတ္တိယာ၊ အသွားနှစ်ဘက် မြမြထက်ငြားသည့်လှံသွားကြီးဖြင့်။ ဩမဋ္ဌော၊ လည်မျိုရင်ဝစူးရှ၍နေအပ်သော လူတယောက်သည်။ ပဟာနာယ၊ စူးသောလှံကို မြန်မြန်ကြီးနှုတ်ဘို့ရန်အလို့ငှာ။ ပရိဗ္ဗဇတိဝိယ၊ အရေးတကြီးလုပ်၍, မြန်မြန်ကြီးအားထုတ်ပြုကျင့်ဘိသကဲ့သို့ရင်း။ မတ္ထကေ၊ ခေါင်းဦးထိပ်တွင်, ဥသျှောင်ဆံပင်ပေါ်၌။ ဒယှမာနေ၊ အလျှံတပြောင်ပြောင်, မီးလောင်ခံနေရသော လူတယောက်သည်။ ပဟာနာယ၊ လောင်သောမီး

ကို, မြန်မြန်ကြီးငြိမ်းသတ်ဘို့ရန်အလို့ငှာ။ ပရိဗ္ဗဇတိဝိယ၊အာရေး တကြီးလုပ်၍မြန်မြန်ကြီးပြုကျင့် အားထုတ်လိုက်ဘိသကဲ့သို့ရင်း။ တထာ၊ ထို့အတူ။ ဘိက္ခု၊ မွေးလိုက်,သေလိုက်, မွေးလိုက်,သေ လိုက်, နဲ့ ကြောက်စရာကောင်းတဲ့ နာမ်, ရုပ်, တွေကို၊ အဟုတ် ဘေးကြီးထင်သည့်, တကယ့်ဘေးကြီးထင်သည့်, ရဟန်း, လူရှင် သူတော်စင်အပေါင်းတို့သည်။ သက္ကာယဒိဋ္ဌိ,ပဟာနာယ၊အပါယ် နှင့် အမြဲဆက်သွယ်နေသည့်, သက္ကာယဒိဋ္ဌိ, နှစ်ဆယ်, ငါ, တလုံး ကို မြန်မြန်ကြီးဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖြင့် ဖြုတ်ဘို့ရန် အလို့ ငှာ။ သတော၊ ဣရိယာ,ပုထ်လေးပါး, တခါးခြောက်ပေါက်၌၊ စောင့်ရှောက်သော အလေ့သတိ ဘယ်ခါမှ မမေ့ရသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ဝိပဿနာအလုပ်ကို မရှောင်အဟုတ်, နောက်မဆုတ်ဘဲ မြန်မြန်ကြီး အားထုတ်ပြုကျင့် လိုက်ရာတော့သည်သာလျှင် က တည်း။

သာဓု....သာဓု....သာဓု။

ကိစ္စံ၊ အိမ်မှာလုပ်နေကြ, ကိုင်နေကြ, ဖြစ်တဲ့ စီးပွားရှာတဲ့ ပရိယေသန, လုပ်ငန်းတွေကို, လောကီလုပ်ငန်းတွေကို။ ပစ္ဆာ-ကာတဗ္ဗံ၊ တရားအားထုတ်ပြီးရာ နောက်အခါမှဘဲ, အားခဲ၍သာ မပြီးပြီးအောင် လုပ်ကိုင်အပ်, လုပ်ကိုင်သင့်, လုပ်ကိုင်ထိုက်, တော့ သည်သာလျှင်ကတည်း။

သာဓု....သာဓု....သာဓု။

ဘုရားအလိုတော်ကျပြောလျှင်, တရားကို, အလျှင်ဝင်အား ထုတ်, အိမ်မှာရှိတဲ့အမှုကိစ္စ, လောကီ အလုပ်တွေကို နောက်မှ လုပ်နေဘ်, မြတ်စွာဘုရား အိမ်အလုပ်ကလေးတွေပြီးစီးမှ, သံ-

ယောဇဉ် ကင်းပြီးသကာလ, သမာဓိရ၍ အားထုတ်နိုင်ပါမယ်, အိမ်အလုပ်တွေလုပ်ပြီးမှ တရားအားထုတ် ပါရစေလို့ မြတ်စွာဘုရားကို, ဆင်ခြေကပ်မယ်ဆိုလျှင်, မြတ်စွာဘုရားက, မေးလိမ့်မယ်နော်....အိမ်အလုပ်လုပ်နေတာ, ဘယ်လောက် ကြာမလဲမေးလျှင်, တရက် ကြာချင်ကြာမယ်, နှစ်ရက် ကြာချင်ကြာမယ်, ငါးရက် ကြာချင်ကြာမယ်, ဆယ်ရက် ကြာချင်ကြာမယ်, အဲဒီအတွင်းကလေးမှာ မသေဘူးလို့ ပြောနိုင်ပါမလာ ?

။ မပြောနိုင်ပါဘုရား။ ။

ငါသည် အမာကြီးဘဲ, တော်တော်နဲ့မသေဘူးလို့ ပြောနိုင်ပါမလား ?

။ မပြောနိုင်ပါဘုရား။ ။

မပြောနိုင်ဘူးနော်....

ကိစ္စံ၊ ပါရမီတွင် အချုပ်အလုပ်ထဲတွင်အသာ, ချမ်းသာ တကာတွင် ထိပ်တန်းစားဖြစ်သည့်, ဝိပဿနာ လုပ်ငန်းများကို။ အဇ္ဇေဝကာတဗ္ဗံ၊ အားမထုတ်လိုက်ရလျှင်, ဘေးတွေတွေတော့မယ်, အားထုတ်လိုက်မှ, ဒီဘေးတွေအေးတော့မယ်,အေးတော့မယ်လို့ ကြံစိစိတ်ကူးကြ, ကြံစိစိတ်ကူးရသည့်နေ့၌ပင်လျှင်, အဆောတလျှင် မြန်မြန်ကြီး အားထုတ်ပစ်လိုက်ရာ၏၊ဒီနေ့ကြံ ဒီနေ့အားထုတ်ရတယ်။ သုဝေမရဏံ၊ နက်ဖန်ခါကျ သေရခြင်းကို။ ကောဇညာ၊မသေနိုင်သေးပါဟု,တထစ်ကျပိုင်ပိုင်,ဘယ်သူသိနိုင်သလဲ,ဘယ်သူမှမသိနိုင်တော့သည်သာလျှင်ကတည်း။

သာဓု....သာဓု....သာဓု။

ဒါကြောင့် တရားတော်ကို အလျင်အားထုတ်၊ အိမ်အလုပ်ကို နောက်မှ လုပ်လို့ ဆိုလိုသည်။ ဘုရားရှင် ကိုယ်တော်မြတ် လက်ထက်တော်မှာ တကာတယောက်သည် ဘုရားနဲ့ အင်မတန်မှ အကျွမ်းဝင်ပြီးတဲ့နောက် အိမ်မှာ အလုပ်ကလေးရှိ၊ ဒီအလုပ်ကလေးကြောင့် လေးငါးရက်ကြာပြီးတဲ့နောက် ဘုရားထံမှောက် ရောက်တဲ့ အခါမှာ မြတ်စွာဘုရားက တကာကျောင်းသို့ အလှည့်ပေးတာ ဝေးလှပါကလားလို့ ဆီးပြီး ပြောလိုက်တဲ့အခါ၊ တကာကလဲ မြတ်စွာဘုရား၊ ဘုရားကိုလဲ မရိုသေ မလေးစားလို့လဲ မဟုတ်ပါဘူးဘုရား၊ တရားတော်ကိုလဲ မရိုသေ မလေးစားလို့ မဟုတ်ပါဘူးဘုရား၊ သံဃာတော်ကိုလဲ မရိုသေမလေးစားလို့လဲ မဟုတ်ပါဘူးဘုရားလို့ လျှောက်လိုက်သောအခါ ကာလဝယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အကြီးအကျယ် သံဝေဂ ဖြစ်တော်မူသတဲ့။

အော်.... ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့နှင့် အရင်းအနှီးဆုံးလဲဖြစ်ပါလျက်နဲ့ တရားတော်လဲအင်မတန်ထွန်းကားပြီးတော့လာပါလျက်နဲ့ သံဃာတော်အရှင်မြတ်များနဲ့လဲ အင်မတန်အကျွမ်းဝင်ပြီးတော့ လာတာ ဖြစ်ပါလျက်နဲ့ တရားလေးမှ ကောင်းမွန်စွာ မနာနိုင်ခြင်း၊ ကျောင်းကိုမှ မှန်မှန်မသွားနိုင်ခြင်းသည် အင်မတန်မှ ပရိယေသန ဒုက္ခ ဆိုတာ အလွန့်အလွန်ဘဲ ကြောက်စရာ လန့်စရာ ထိတ်စရာ သံဝေဂရစရာ ကောင်းပါပေစွလို့ အဟာရ-ပရိယေသန ဒုက္ခအတွက် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အကြီး အကျယ် သံဝေဂ ဖြစ်တော်မူရှာတယ်နော်။ ။

ဒါကြောင့် ဒီအဟာရ ပရိယေသနဒုက္ခလဲ တသံသရာလုံးလုပ် ခဲ့ကြတာ အခုမှမဟုတ်ဘူးနော်။

ဆောင်။ ။အလုပ်တွင်းက မထွက်ရ၊ လုပ်ကြနေ့တိုင်း, နေ့တိုင်းပေ၊ ဘယ်လောက်လုပ်လည်း, လုပ်မပြီး၊ အေးကြီးအေးလှ, မနေရပေ၊ ဒီလိုနဲ့ပင် သေပွဲဝင်, တစင်ထူကြ, လုပ်ရပြန်ပေ၊ ရှင်နိုရုဒ္ဓါ, တုခိုးပါ၊ ခန္ဓာဝန်ကြီး, ကြောက်ငြီး တုံကြလေ။ ။

အလုပ်တွင်းက ထွက်ရတယ် ရှိသေးသလား ?

။ မရှိပါဘုရား။ ။

ဘယ်လောက် လုပ်လုပ် ဒီအလုပ်ပြီးရဲ့လား ?

။ မပြီးပါဘုရား။ ။

အလုပ်တွင်းက မထွက်ရ၊ လုပ်ကြနေ့တိုင်း,နေ့တိုင်းပေ၊ ဘယ်လောက်လုပ်လည်း လုပ်မပြီး, အေးကြီး အေးလှ, မနေရပေ၊ ဒီလိုနဲ့ပင် သေပွဲဝင်၊ တစင်ထူကြ လုပ်ရပြန်ပေ။

ဒီလိုနဲ့ဆိုတာ, လုပ်ရင်း, ကိုင်ရင်း, ခေါ်တာ, ဒီလိုနဲ့ဘဲ သေမသွားဘူးလား ?

။ သေသွားပါဘုရား။ ။

အလုပ်အားလို့ သေရတယ် မရှိဘူးနော်၊ တစင်ထူကြဆိုတာကတော့ တဘဝ ပြောင်းတယ်၊ တဘဝ ပြောင်းတော့လဲ လုပ်ရသေးတာဘဲနော်။ ။

ဒီလိုနဲ့ ပင် သေပွဲဝင်, တစင်ထူကြ လုပ်ရပြန်ပေ၊ ရှင်အနုရုဒ္ဓါ တုခိုးပါ, ခန္ဓာဝန်ကြီး ကြောက်ငြီး တုံကြလေ၊ ကဲ....အချိန်လဲ စေ့သွားပြီ၊ ကနေ့ တော်တော်လေး တာသွားတာဘဲ။

အာပေါဓါတ်ရယ်, အာကာသရယ်, ပထဝီ ဓါတ်ကလေးတွေ ဆက်ပြီးသကာလ နာမ်ရုပ်ပေါ်ပုံ,အငုတ်မှားပြုတ်ပုံ, ကလျာဏ-ပုထု ဇဉ် ဖြစ် ပုံ တို့ကို အ ကြောင်း အ ကျိုး ဆက် ပြီး သ ကာ လ ကရုဏာ သန့်သန့်ထား့မေတ္တာ များများဖြင့် ဟောကြားလိုက်ပါသည်၊ ကြားနာရတဲ့ပုဂ္ဂိုလ်တို့၏ရင်တွင် နာမ်အစဉ်မှာဟောကြားသော တရားလေးများ သေသေချာချာ သိနိုင်သမျှ သိပြီးတော့ သွားမယ်ဆိုလျှင်၊ နာမ်ဓါတ်မှာ ပ ညာ ဆီ ကပ်လိုက်ပါတယ်၊ ပညာဆီ ကပ်မယ်ဆိုလျှင် နာမ်ဆက်ပြတ်, နိဗ္ဗာန်ဓါက် ရောက်တော့မယ်ဆိုတာ ဝမ်းမြောက်သောအလား တရားတော်ကို ချီးကျူးသောအားဖြင့် ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့် ဒေသမှာ ဤတရားမျိုး ကွယ်ပြီးတော့ မသွားရလေအောင် အား ပေး သော အလား ချီးကျူးသောအားဖြင့် သုံးကြိမ် ကြားလောက်သော နေရာဌာနက၊ သာဓု-သာဓု-သာဓုလို့ စိတ်ပါလက်ပါ, အားရပါးရ ခေါ်နိုင်ကြပါစေ ကုန်သတည်း။ ။

သာဓု-သာဓု-သာဓု။

နာမရူပ, ပရိစ္ဆေဒဉာဏ်, ဒိဋ္ဌိဝိသုဒ္ဓိခဏ်းပြီးပြီ။

ကျေးဇူးရှင်

မူလ ကသစ်ဝိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

နိဗ္ဗာန်၏ အထောက် အပံ့ ပြုနိုင်သည့်

# လှူပုံလှူနည်းနိသျှည်းတရားတော်

ဒုလ္လဘဒေသနာ

ကျေးဇူးရှင်

မူလကသစ်ပိုင်ဆရာတော်ဘုရားကြီး၏

နိဗ္ဗာန်၏ အထောက် အပံ့ ပြုနိုင်သော

# လှူပုံလှူနည်းနိသျှည်းတရားတော်

ဒုလ္လဘဒေသနာ

နမော-တဿ-ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။

**အကျိုးကြီးသောအလှူ။**

အလှူ-လှူရာ၌- (၁) အလှူခံပုဂ္ဂိုလ်။

(၂) အလှူဝတ္ထု။

(၃) အလှူပေးပုဂ္ဂိုလ်။

၎င်း (၃) မျိုးပြည့်စုံမှ၊ အလှူတခု ထမြောက် အောင်မြင်သည်။ ထို (၃) မျိုး တွင် အလှူပေးပုဂ္ဂိုလ် အရေး ကြီးသည်၊ သဒ္ဓါကြည်လင်၊ သီလဖြူစင်၊ ဉာဏ်ရှင်ကြီးထွား၊ စေတနာထားတတ်မှ၊ အကျိုးကြီးမားၡ၍ လိုချင်တဲ့ဆုများ ရပါလိမ့်မည်။

(၁) အလှူခံပုဂ္ဂိုလ်ကလဲ သီလရှိ၊ သမာဓိရှိ၊ ပညာရှိ၍" မွန်မြတ်ခြင်း။

(၂) အလှူဝတ္ထုကလဲတရားသဖြင့် ရတဲ့ပစ္စည်းဖြစ်၍၊ စင်ကြယ်ခြင်း။

(၃) အလှူပေးပုဂ္ဂိုလ်ကလဲ၊သဒ္ဓါ သီလ ပညာရှိ၍ကောင်းမြတ်ခြင်း။

ဤ (၃) ခုလုံးပြည့်စုံလျှင် " ထိပ်တန်းစာ " အကျိုးပေးကြီးမားတဲ့ အလှူကြီးလို့ခေါ်ရပါလိမ့်မည်။ ငွေကုန်များဒါ၊ ပကာသနများ ဒါအလှူကြီးမခေါ်ရပါ။

ထို့ကြောင့် မြတ်စွာဘုရားအား၊ ဆွမ်းတော်တင်မည်ဆိုလျှင် ဘုရားမှာကပ်မည့်ဆွမ်း, ဟင်း, မုန့်, ချိုချဉ်, သစ်သီး, များကို၊ ဘုရားရှေ့မှာ သို့မဟုတ် ဘုရားစင်မှာ အလျှင်တင်ထားပါ "တရားသဖြင့်ရဒါဖြစ်ပါစေ ကောင်းမွန်သပ်ရပ် ရှိသေလေးမြတ် ပါစေ"

**သီလခံယူပုံ။**

ယောဂီသဘက်ကို လက်ကန်တော့တင်သိုင်းပြီး၊ ဘုရားရှေ့မှာ ရိုသေစွာထိုင်၍ အယုတ်ဆုံး (၅) ပါးသီလခံပါ၊ အကျယ်ကြီးမ ခံနိုင်လျှင်၊အကျဉ်းယူ၊ "ပဥ္စသီလံ သမာဓိယာမိ" "ပါဠိလိုဖြစ်စေ" ငါးပါးသီလကို, ကောင်းစွာသောက်တည်ပါ၏ "မြန်မာလိုဖြစ်စေ" ဆိုပါ။

သီလခံယူပြီးလျှင် သမာဓိသွင်း ပညာရှင်း။

**သမာဓိနှင့်ပညာ။**

မိမိခန္ဓာ ကိုယ်တွင်းသမာဓိသွင်း၍၊ ဖြစ်ခြင်း,ပျက်ခြင်း, တွေ့ကိုမှတ်, အားထုတ်နေကျအတိုင်း ရင်ထဲမှာ၊ စိတ်ထားပြီးပေါ်ဒါ (၅) မျိုးကို သိ,သိနေပါ၊ ပေါ်လျှင်သိ၊ သိလျှင်ပျက်၊ ပေါ်သိပျက် (၃) ခု တပြိုင်နက်ဖြစ်နေတာ မြင်ပါလိမ့်မယ်။

**ပေါ်ဒါငါးမျိုး။**

ပူဒါ၊ အေးဒါ၊ လှုပ်ထာ၊ ဆင်းရဲဒါ၊ ချမ်းသာဒါ

ရုပ်ရှင်စံနစ်လိုမျိုးစုံပေါ်တာမြင်လျှင်,ရုပ်ကိုမြင်တာဘဲ၊ပေါ်တိုင်းလိုက်သိနေတာ မြင်လျှင်,နာမ်ကိုမြင်တာဘဲ။

**နာမ်ရုပ်မြင်။**

ရုပ်ကပေါ်တာ၊ နာမ်ကသိတာဟု ရုပ်ကတခြား နာမ်ကတခြားကွဲပြီ....

**ဖြစ်-ပျက်ထင်။**

အသစ်အသစ်ပေါ်လာတာကဖြစ်တယ်ခေါ်၊ဘာမှမကျန်ရစ်ဘဲ ပျောက်ပျောက်သွားတာက ပျက်တယ်ခေါ်။

**လက္ခဏာရေးဝင်ပုံ။**

ပျက်ပျက်သွားတာမြင်၊ မမြဲတဲ့အနိစ္စလက္ခဏာထင်။

ပျက်ပျက်သွားတာမြင်၊ မအောင့်နိုင်တဲ့ ဒုက္ခလက္ခဏာထင်။

ပျက်ပျက်သွားတာမြင်၊ အစိုးမရတဲ့ အနတ္တလက္ခဏာထင်။

**ဆောင်။** ။လက္ခဏာရေး (၃) ပါးထင်၊ ဘာဝနာမယဒါန အဘိုးတန်ဝင်၊အလှူအကျိုးဖွံ့ဖြိုးတော့သည်ပင်။ ။ လို့ ဆိုသည့်အတိုင်း။

**အလှူပေးပုဂ္ဂိုလ်။**

(၁) သီလနဲ့ပြည့်စုံ၍ အဖျားကိုယ်နှုတ် စင်ကြယ်ကောင်း မြတ်ပြီ၊

(၂) ခဏိက သမာဓိနဲ့လဲပြည့်စုံ၍ အလယ်စိတ်နှလုံးလဲ စင်ကြယ်ကောင်းမြတ်ပြီ၊

(၃) ဝိပဿနာ ပညာနဲ့လဲ၊ ပြည့်စုံ၍ အရင်း နာမ်ရုပ်လဲ စင်ကြယ်ကောင်းမြတ်ပြီ။

အရင်း၊ အလယ်၊ အဖျား၊ ၃-ပါးစလုံးကောင်းတဲ့ကလျာဏ-ပုထုဇဉ်ဖြစ်ပြီး၊အဲဒီလိုအကောင်း (၃) ပါးနဲ့လှူခဲ့လျှင် ဘာဝ-နာမယ၊ ဒါနအလှူကြီးတခုရယ်လို့ ဝမ်းသာမှုပြုကြပေတော့။

**ဆောင်။** ။အပြောနဲ့အမှတ်နဲ့ကွဲ၊ ကလျာဏပုထုဇဉ် "အလှူရှင်" မြင်ပုံဘဲ။

**ဘုရား၌မြင်ပုံ။**

အလှူရှင်ကိုယ်မှာ (ဥာဏ်နဲ့) ရုပ်, နာမ်,ဖြစ်ပျက်လက္ခဏာ ထင်နေသလို ဘုရားရှင်ကိုယ်မှာလဲ (ဥာဏ်နဲ့)မမြင်၊ မြင်အောင် ကြည့်ပါ။

**ရုပ်-နာမ်မြင်ပုံ။**

တဖွားဖွား, တရိပ်ရိပ်,နဲ့ ရုပ်ရှင်စံနစ်လို၊ မျိုးစုံပေါ်လာပုံနှင့် မျိုးစုံပေါ်တိုင်း ပေါ်တိုင်း,လိုသလို လိုက်သိနေပုံကိုမြင်လျှင် ရုပ်, နာမ်, မြင်ပြီမှတ်။

**ဖြစ်-ပျက်ထင်ပုံ။**

လျှပ်တလက် ခဏနာမ်ပေါင်း ကု ဋေ တ သိန်း မက ဖြစ်ပျက်နေပုံ။

လျှပ်တလက်ခဏရုပ်ပေါင်းကုဋေ၅၀၀၀-ကျော်မကဖြစ်-ပျက်နေပုံ။

**လက္ခဏာထင်ပုံ။**

မြန်မြန်ပျက်ပျက်သွားတော့ မမြဲတဲ့, အနိစ္စလက္ခဏာထင်ပုံ။

မြန်မြန်ပျက်ပျက်သွားတော့ မအောင့်နိုင်တဲ့, ဒုက္ခလက္ခဏာထင်ပုံ။

မြန်မြန်ပျက်ပျက်သွားတော့ အစိုးမရတဲ့, အနတ္တလက္ခဏာထင်ပုံ။

မိမိကိုယ်မှာ မတွေ့မသေးသော်လဲ၊ ရှေ့ကိုဉာဏ်နဲ့ မျှော်မှန်းကြည့်လျှင်။

**ဘုရားရှင်ခန္ဓာ၌။**

ဖြစ်ပျက်တခါဆိုးလျှင် မဂ်ဝင် ဖိုလ်ဝင်ပုံ (သောတာပန်)

ဖြစ်ပျက်-၂ခါဆိုးလျှင် မဂ်ဝင် ဖိုလ်ဝင်ပုံ (သကဒါဂါမ်)

ဖြစ်ပျက်-၃-ခါဆုံးလျှင် မင်္ဂဝင် ဖိုလ်ဝင်ပုံ (အနာဂါမ်)
ဖြစ်ပျက်-၄-ခါဆုံးလျှင် မင်္ဂဝင် ဖိုလ်ဝင်ပုံ(ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာ)

အရဟတ္တ မင်္ဂနေရောင်နဲ့ဆိုတော့ သဗ္ဗညုတဉာဏ် ကြောင့် ပွင့်လာပုံ၊ ဘုရားဖြစ်ပုံ၊ ဉာဏ်ပေါင်းစုံပေါ်လာပုံ၊ ရောင်ခြည်တော် ခြောက် သွယ် ကွန့်မြူး လာပုံ၊ လက္ခဏာကြီးငယ် ကိုယ်တော်ဝယ် လှပတင့်တယ်နေပုံ၊ ပါရမီတွေ ဝိုင်းအုံပြီး တဖုံစီ အကျိုးပေးနေလို့ အနန္တဂုဏ်နှင့် ပြည့်စုံပုံ၊ ဂုဏ်တော်တွေကို အမွန်းတင်နေလို့မဆုံးနိုင်ပုံ၊ အကုန်မြင်ရတော့ ကြည်ညိုတဲ့သဒ္ဓါ၊ လျှူချင်တဲ့ စေတနာတွေ တဖွားဖွား ပေါ်လာပါလိမ့်မည်။ ဤကဲ့သို့ ဘုရားရှင် ကိုယ်တော်မြတ်ကို အနန္တဂုဏ် နှင့် ပြည့်စုံနေတဲ့ ရုပ်ထူး, နာမ်ထူးအစဉ်၊ ဖြစ်,ပျက်, အစဉ် မင်္ဂဝင် ဖိုလ်ဝင်နေတာ ဉာဏ်ရှေ့သွားဖြင့် ယုံကြည်ထားပါ။

ခါတ်ဆီထည့်သလို။

ဘုရားရှင်၏ ရုပ်ထူးအစဉ် ရုပ်မှုတိုင်းတွင် အမြဲပင် အားပေးနေတဲ့အတွင်း၊ ဩဇာ အနှစ်, ဓါတ်ဆီအစစ်လေးရှိ၏။ ထိုရုပ်မှု အတွင်း ဓါတ်ဆီ အစစ်ထဲသို့ အပြင်က အစားအစာ အာဟာရ ဓါတ်ဆီ ထည့်ပေးမှ ရုပ်ဆက် ရှည်တယ်၊ အသက် ရှည်တယ်၊ မော်တော်ကား ဓါတ်ဆီထည့်ပေးမှ သွားနိုင်သလိုဘဲမှတ်။ ။ ဒါကြောင့် ဘုရားအား ဆွမ်းတော်ကပ်, ဆွမ်းလှူရပါသည်။

**အပြော။** ။အနန္တဂုဏ်အင်, ဘုရားရှင်အား ဆွမ်းတော်တင်တယ်လို့ပြော။

**အမှတ်။** ။ရုပ်ထူးအစဉ်, ရုပ်မှုံထဲဝင်ဘို ပရမတ်အနှစ် ဓါတ်ဆီအစစ် ထည့်တယ်လို့မှတ်။

**ဆောင်။** ။အပြောနဲ့ အမှတ်နဲ့ကွဲ, ကလျာဏပုထုဇဉ် အလှူခံ မြင်တာဘဲ။

**လှူဘွယ်ဝတ္ထု။** ။ဆွမ်းတော်ကပ်လျှင် ဉာဏ်မြင်ပါစေ။
စင်ကြယ်သော ပန်းကန်၊ ရေခွက်, လက်သုတ်ပုဝါ, ခုံခင်း, ဆွမ်းဟင်းမှုံ, ချိုချဉ်သစ်သီး ဖြစ်ပါစေ၊ ဘာဘဲကပ်ကပ်, ကောင်းမွန် သပ်ယပ်ရှိသလေးမြတ်ပါစေ၊ ဘုရားအလောင်းတော်အလှူ, လှူတဲ့အခါ အလွန် ရှိသေ လေးစားတယ်။

**ဉာဏ်ဖြင့်ရှုရပုံ။**

ဆွမ်းဟင်းလဲ, ဓါတ်ဆီ၊ ရုပ်စု, ဖြစ်မှု, ပျက်မှု။
မုန့်မျိုးစုံလဲ, ဓါတ်ဆီ၊ ရုပ်စု, ဖြစ်မှု, ပျက်မှု။
ချိုချဉ်တွေလဲ, ဓါတ်ဆီ၊ ရုပ်စု, ဖြစ်မှု, ပျက်မှု။
သစ်သီးတွေလဲ, ဓါတ်ဆီရုပ်စုံ, ဖြစ်ပျက်မှုတွေဘဲလို့ မိမိကိုယ်မှာ မြင်နေသလို "အလှူဝတ္ထုမှာလဲ" ဉာဏ်နဲ့ မြင်အောင်ရှု။

**ဓါတ်ဆီပေါ်ပုံ။**

ဘုရားရှင်အား ဆွမ်းတော်ကပ်လျှင် ဘုရား ဘဉ်းပေးတော်မူတော့ အစာသစ်အိမ်ပေါ်ကျ "ပါစကတေဇော" ဝမ်းမီးနဲ့တွေ့၊

ကျိုးချက်ပြန်တော့ အဖတ်ကြမ်းတပုံ၊ အရေကြမ်းတပုံ၊ အဆီတပုံ၊ သုံးပုံပေါ်လာသည်။

**အစာတခု သုံးခုခွဲပုံ။**

အဖတ်ကြမ်းကတော့ ပိုးစားလောင်မီး၊ ကျင်ကြီး ဖြစ်ကြသည်။

အရေကြမ်းကတော့ ကျင်ငယ်ရေ ဖြစ်ကြသည်။

ဓါတ်ဆီတခုသာကျန်၊ ထိုဓါတ်ဆီကို လေကမှုတ်တော့ "ရသာ ဟရဏ" ကြော" အရသာဆောင်တဲ့အကြောထဲသို့တကိုယ်လုံး ပြန့်နှံ့သွားသည်။

**ဉာဏ်မြင်၊ မြင်အောင်ရှု။**

ဘုရားရှင်၏ ရုပ်မှုတိုင်းအတွင်း ဓါတ်ဆီထဲသို့ အပြင်ဘက်က ဓါတ်ဆီတွေ စိမ့်ဝင် ပြန့်နှံ့သွားသည်။

ဓါတ်ဆီဝင်တော့ "ဥသ္မာတေဇော" ပကတိကိုယ်ငွေ့၊ နွေးနွေးနဲ့တွေ့ "ဆီများမီးနဲ့ချက်သလို" အမြှုပ်တွေ တစီစီထပြီး အာ- ဟာရကြောင့် ရုပ်တိုးပွား၊ ရုပ်ဆက်တွေ ရှည်လျား၊ အသက်ရှည် လျားကြသည်။

အပြော - ဆွမ်းတော်တင်တယ်လို့ပြော။

အမှတ် - ဓါတ်ဆီထည့်တယ်လို့မှတ်။

**ဆောင်။** ။အပြောနဲ့ အမှတ်နဲ့ကွဲ၊ ကလျာဏပုထုဇဉ် အလှူ ဝတ္ထု မြင်တာဘဲ။

**အကျဉ်းချုပ်။**

အလှူရှင်၏။ ။စေတနာ ဖြစ်ပျက်အစဉ်က။

အလှူခံဘုရား၏။ ။ရုပ်မှုတိုင်းအတွင်း ဓါတ်ဆီထဲသို့။

အလှူဝတ္ထု၏။ ။အပြင်ဘက်ကဓါတ်ဆီအစစ်တွေကို ထည့်ပေးဒါကို ဘုရားဆွမ်းတော်တင်တာပါဘဲ။

**လှူနည်းညွှန်ကြားပုံ။**

မြတ်စွာဘုရားအား ဆွမ်းတော်ကပ်သလို့ သံဃာတော်များဆွမ်းကပ်တဲ့အခါ မိဘ,ဆရာ, လူကြီးများ ကျွေးမွေးတဲ့အခါ၊ ဆွေမျိုး မိတ်သင်္ဂဟများ ကျွေးမွေးတဲ့အခါ၊ သာရေး,နာရေး, ကျွေးမွေးတဲ့အခါ၊ အယုတ်ဆုံး, သူတောင်းစား, တိရစ္ဆာန်များ ကျွေးမွေးတဲ့အခါ, ပိုးမွှား တိရစ္ဆာန်များအား ပန်ကန်ဆေးရေ, အိုးခွက်ဆေးရေများကို သွန်ချတဲ့အခါ, အယုတ်ဆုံး အိမ်သာ အောက် ပိုးလောက်များအား ကျင်ကြီး,ကျင်ငယ် စွန့်ချတဲ့အခါ မျိုးတို့၌ ဉာဏ်မြင်ကြည့်ရှုပြီး ကျွေးမွေးပါလေ။

**ဆွမ်းလောင်းပုံ။**

မိမိကိုယ်မှာ နာမ်ရုပ်အစဉ်,ဖြစ်ပျက်အစဉ်, အရင်မြင်ပြီးမှ။

အညံ့စား။ ။သီလဂုဏ်နှင့် ပြည့်စုံသော နာမ်ရုပ်အစဉ်။

အလတ်စား။ ။သမာဓိဂုဏ်နှင့်ပြည့်စုံသော နာမ်ရုပ်အစဉ်။

အထက်တန်းစား။ ။ပညာဂုဏ်နှင့် ပြည့်စုံသော နာမ်ရုပ်အစဉ်။

No. 27

သံဃာတော် အရှင်မြတ်များ၏ ရုပ်မှ ့တိုင်းတွင် အတွင်းက ဓါတ်ဆီတွေကို ဉာဏ်နဲ့ မြင်အောင်ကြည့်၍ ဆွမ်းဟင်း မုန့် သစ်သီးများ၏ အပြင်က ဓါတ်ဆီ ထည့်လိုက်ထာကို ဆွမ်းလောင်းတယ်ခေါ်တယ်။

**ကျိုးရင်းကျိုးဆက်။**

ဤလို ဉာဏ်အမြင်နဲ့ ဆွမ်းလောင်းလိုက်လျှင် “ ဒုဿီလ ” အား ဆွမ်းလောင်းသော်လဲ သီလရှိတဲ့ သံဃာ အကုန် ဆွမ်းလောင်းရာကျသည်၊ သံဃိကမည်၏၊ “သစ်ပင်မှာ နတ်တင်သလိုပါဘဲ”အကျိုးရင်း, အကျိုးဆက်တွေ များလှပေ၏။

**အခြားဝတ္ထုလှူပြုပုံ။**

ဆွမ်းဟင်းချိုချဉ် သစ်သီး လှူသလို, အခြားဝတ္ထုလှူပြုလျှင်လဲ ထို့အတူဘဲ၊ မိမိကိုယ်၌ ရှေးဦးစွာ ဉာဏ်နဲ့ မြင်ပြီးမှ အလှူခံ “ဘုရားမှာလဲ”ဉာဏ်နဲ့ မြင်အောင် ရှေးကလို ကြည့်၍။

ပန်း လှူ လျှင် ပန်း အ ဆင်း ဟာ တရွရွ တရိပ်ရိပ်နဲ့ ဖြစ်ပျက်နေပုံ။

ဆီမီးရောင် လှူလျှင် အလင်းရောင်ဟာ တရိပ်ရိပ်, ထဖျတ်ဖျတ်နဲ့ ဖြစ်ပျက်နေပုံ။

ရေချမ်းလှူလျှင် ရေစီးသလို ဖန်ခွက် ထဲမှာ၊ တရိပ်ရိပ်နဲ့ ဖြစ်ပျက်နေပုံ၊တာခွလှူလျှင် ရုပ်ရှင်စနစ်လို တရိပ်ရိပ်နဲ့ ဖြစ်ပျက်နေပုံ၊အကုန် ဉာဏ်နဲ့မြင်အောင် ကြည့်ရှု၍ လှူဒါန်းမှုပြုပါလေ။

ကိုယ်တွေ့လှူပုံ။

မိမိ၏ရင်ထဲ စိတ်ထားပြီး ပေါ်,သိ,ပျက်,မြင်,နေတဲ့ အချိန် ဖြစ်ပျက်နဲ့ "အလှူခံ"၏၊ သီလ, သမာဓိ, ပညာ,ဂုဏ်နှင့် ပြည့်စုံ နေတဲ့ နာမ်ရုပ် ဖြစ်ပျက်စဉ်ကို ရည်မှန်းပြီးခါ "အလှူဝတ္ထု" ရုပ်စုဖြစ်မှုကို လှူဒါန်းပါလေ၊ ဤလိုလှူလျှင် စေတနာ, စိတ်, လေ,ရုပ်, ၄-ခုတပြိုင်နက် ဖြစ်ပျက်နေကြသည်။

ဆောင်။ ။စေတနာကနှိုးဆော်၊ စိတ်ကကြံသော်၊ လေပြည့် ပေါ်၊ ရုပ်နေ၍ လှူကြဒါန်းကြ၏။

ဆိုတဲ့အတိုင်းမှတ်။

စေတနာက အလှူရှင်၊ ကျန် သုံးပါးက ဝေယျာဝစ္စပါဘဲ၊ "စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ" ပါဠိနဲ့ အညီဘဲမှတ်၊ တပျက် ဟာ လျှပ်တလက်မက မြန်သည်၊ "ယောဂီ အသိ" နဲ့ မှတ်လွယ် အောင်၊ တပျက်ကို တစက္ကန့်ထား၊ တမိနစ်မှာ(၆၀) တနာရီ မှာ(၃၆၀၀)ဖြစ်ပျက်နေသည်။

အဖတ်တင်။ ။စေနာ တချက်ပျက်လျှင်၊ ကံတခု ကျန်ရစ် သည်။ (နာနာက္ခဏိက ကမ္မဖြစ်လို့)

အဖတ်မတင်။ ။စိတ်လေ, ရုပ်ပျက်လျှင် ဘာမှ မကျန်ရစ် ပါ။ (နာနာက္ခဏိက ကံမျိုးမဟုတ်လို့)

ကုသိုလ်မြုပ်။ ။ကိုယ့် နာမ် အစဉ်မှာ၊ ကံ ကျန်ရစ်တာ (ပုညနိဓိ) ကုသိုလ်မြုပ်ထာ။

နိဗ္ဗာန်အထိ။ ။တသံသရာလုံး ချမ်းသာတဲ့ ကိုယ်ပိုင်ပစ္စည်း ခေါ်၏။ (အကြောင်း ဂ-ပါးနဲ့ မပျက်နိုင်လို့)

ပစ္စည်းမြှုပ်။ ။ပစ္စည်းဥစ္စာမြေမှာမြှုပ်ထားက တဘဝချမ်းသာ၊ ဘုံဆိုင်ပစ္စည်း အကြောင်း ဂ-ပါးနဲ့ ပျက်စီးနိုင်လို့ (သံယုတ်ပါဠိတော်)

ဥစ္စာပျက် အကြောင်း ဂ-ပါး လင်္ကာ။

**ဆောင်။** ။မင်း၊ ခိုး၊ မီး၊ ရေ၊ မြှုပ်လေရွှေ့ပြောင်း၊ မကောင်းလုပ်ကိုင်၊ ဖျက်နိုင်သူပေါ်၊ သေသွားသော်၊ ရှစ်နော် ဥစ္စာပျက်ကြောင်းတည်း။

**နာမ်သွားရာ ကံလိုက်။**

နာမ်အစဉ်သွားရာ မြှုပ်ထားတဲ့ "ကံ" လိုက်ပါသွားတာကို အနုဂါမိကနိဓိ ခေါ်သည်။

**ကံယုံပုံ။**

ဒါ့ကြောင့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ၊ ကံသာလျှင်ဆွေမျိုး၊ ကံသာလျှင် ကောင်းကြောင်း၊ ကံသာလျှင် အမွေခံ၊ ကံသာလျှင် မှီခိုအားထားရာလို့ သိဒါ "ကံ"ကို ယုံတယ်မှတ်။

**အကျိုးတရား။**

ဒါနကံပါလျှင် ဖြစ်ရာဘဝ၊ စားရေး၊ သောက်ရေး ဝတ်ရေး၊ နေရေး လိုလေသေးမရှိ၊ ပြည့်စုံနိုင်ခြင်း၊ နတ်ဖြစ်လျှင်လဲ အကျိုး ၅-ပါးသာ၊ လူဖြစ်လျှင်လဲ အကျိုး ၅-ပါးသာ၊ ရဟန်းဖြစ်လျှင်လဲ

အကျိုး ၅-ပါးသာ တတ်သည်၊ ဒါန ကံက ဝိပဿနာ ဆက်၍ မဂ်ဖိုလ်နိဗ္ဗာန် တက်နိုင်သည်။

သီလကံပါလျှင်။ ။ဘေးရန်အန္တရာယ်ကင်း၍၊ လှ, နုတ်, ချစ်ခင်, ကြားလျှင်သနားတတ်သည်။

သမာဓိကံပါလျှင်။ ။စိုးရိမ်သောက ပူပင် ကြောင့်ကြ....၊ ဘာတခုမှ မတွေ့ရဘဲ, အမြဲ တန်း, စိတ်အေး, ကိုယ်အေး၊ စိတ်ချမ်းသာ, ကိုယ်ချမ်းသာ နေရတတ် ပါသည်။

ဝိပဿနာပါလျှင်။ ။ဖြစ်....ပျက်,မြင်, ဉာဏ်စဉ်တက်, မဂ်ဖိုလ် နိဗ္ဗာန်ဝင်နိုင်သည်။

နုတ်ကဆိုပြီ, ဆွမ်းတော်ကပ်ချင်လျှင်....,

ရှေးဦးစွာ ဉာဏ်နဲ့မြင်ပြီးမှ ဆွမ်းတော်ကပ်ရပုံ။

## ရုပ်ထူး။

၃၂ ပါးသော လက္ခဏာတော်ကြီး, "၈၀"သော လက္ခဏာ တော်ငယ်, ရောင်ခြည်တော် ခြောက်သွယ် ကိုယ်တော်ဝယ် လှပ ပါသဖြင့် ဖူးလို့ပင် မဝနိုင်သည့် သီရိ ဘုန်းရှိန်, အစိန္တေယျ - ဂုဏ်ပေါင်းခလျက်, ရုပ်ထူးတော်ဘက်ကလဲ ပြည့်စုံ၏။

## နာမ်ထူး။

သီလသမာဓိ ဂုဏ်,ပညာမျိုးစုံ အံ့ချီလို့မကုန်သည့် အနန္တ-ဂုဏ်ပိုင် ဘုန်းတော်လှိုင်၍၊ စိတ်ကိုနိုင်စိုး , တန်ခိုး ကြီးမားလှ သည့် နာမ်ထူးတော်ဘက်ကလဲ....ပြည့်စုံ။

**ဘုရားပွင့်ပုံ။**

ဘဝင်ဘုံ မဆန့်အောင် ဂုဏ်သ တင်း နှံ့လျက်၊ သင်း ပြန့်ကျော်ကျူးသည့် ရုပ်ထူး၊ နာမ်ထူးတော် အစဉ် ဖြစ်ပျက်တော် အစဉ်၊ မဂ်ဝင်-ဖိုလ်ဝင်-နိဗ္ဗာန်ဝင် ငြား၊ ရှင်တော်မြတ်ကြီး.... ဘုရား။

**ရုပ်မှုံ။**

ရှင်တော်မြတ်ဘုရား၏ ရုပ်ထူး၊ နာမ်ထူးတော်အစဉ်၊ ရုပ်မှုံတိုင်းတွင် အမြဲပင် အားပေး၊ ပရမတ် အစေး အနှစ်အတွင်း၊ ဓါတ်ဆီ အစစ်တွေအား။

**ဓါတ်ဆီထည့်။**

ထူးထွေသပ်ယပ် ကောင်းမြတ်သည့် ဘောဇဉ်ချိုချဉ် အနှစ်အပြင်၊ ဓါတ်ဆီတွေကို ရုပ်ဆက်ရှည်ရေး၊ ဓါတ်ဆီ ထည့်ပေးသောအားဖြင့်။

**စေတနာဖြစ်ပျက်။**

အသိဥာဏ်တွေကကူ၊ သဒ္ဓါက ကြည်ဖြူ၊ စေတနာ တွေ့၊ ဆူဝေနေငြားသည့် တပည့်တော်များ၏ ရုပ်နာမ်အစဉ်၊ ဖြစ်ပျက်အစဉ်များက သဒ္ဓါရှင်လန်း ဆက်ကပ် လှူဒါန်းလိုက် ပါ၏၊ ဝတ်တွားကော်ရော် လှူဒါန်းပူဇော်လိုက်ပါ၏၊ ရှင်တော်မြတ်ဘုရား၏ ရုပ်မှုံထဲသို့ ဓါတ်ဆီ ထည့်ပေး၊ အားဖြည့် ပေးလိုက်ပါ၏၊ ရွှေဘုန်းတော် သခင်အရှင်မြတ်ကြီးတို့....ဘုရား။

လှူပြီးလျှင် ဆုတောင်းချင်က တောင်းနိုင်ပါသည်၊

ဆုတောင်းပုံ။

ဤသို့ ကုသိုလ်ပြုလျှင်, နာမ် အစဉ်မှာ, ကံကျန်ရစ် သည့်, အကျိုးပေးလိမ့်မည်....ဟု ယုံကြည် မှုကြောင့်, ကြောင်း ပြု.... ကျိုးထင် "တပည့်တော်များ၏" နာမ်ရုပ်အစဉ်ဝယ်, အပါယ်နှင့် ဆင်းရဲ, အမြဲ ကင်းဝေးပြီး, စားရေး, သောက်ရေး, ဝတ်ရေး, နေရေး, လိုလေသေးမရှိ အလိုရှိဒါမှန်သမျှ မြန်မြန် ပြည့်ဝ နိုင်ပါစေ၊ ဘေးရန် အန္တရာယ် ဟူသမျှ, ဘယ်အခါမှ မတွေ့ ရဘဲ, စိုးရိမ်သောက ပူပင် ကြောင့်ကျ ကင်းဝေးလျှ၍, အမြဲ တမ်း စိတ်အေး, ကိုယ်အေး, စိတ်ချမ်းသာ,ကိုယ်ချမ်းသာ နေ နိုင်ရ....ပါစေ။

ဆရာကောင်းနှင့် အမြဲပေါင်းကာ တရားကောင်းကိုနာလျက်, ခန္ဓာကိုယ်တွင်း သမာဓိသွင်းလျှင်, နာမ်ရုပ် ဖြစ်ပျက် အစဉ်ကို လျှင်မြန်စွာ မြင်ရင်း....မြင်ရင်း နဲ့, ဖြစ် ပျက် ဆုံး တဲ့ နိဗ္ဗာန် တဘက်ကမ်းကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်, ဤ ဘက်ကမ်း က တနာရီ မကြာခင် ၄ ခါ လှမ်းမြင်နိုင်ပါစေ၊ ကိုယ်လှမ်း မြင်ရ သလို, သူများကိုလဲ လှမ်းမြင်ရ လေအောင် သာသနာ မှာ လိုရာ ထမ်းဆောင်မည် ဟု အဓိဋ္ဌာန်ပြုပြီး, အားပေး ချီးမြှင့် ထောက်ပံ့သောအားဖြင့် တရားတော်များကို ကိုယ်တိုင် ပြနိုင်, ဟောနိုင်, ဆုံးမနိုင်, အယူမှာ ဒိဋ္ဌိအကြီးစားကို အလွယ်တကူဖြင့် ချွတ်နိုင်တဲ့ ကမ္ဘာ့သာသနာပြုပုဂ္ဂိုလ်ထူး....ပုဂ္ဂိုလ်မြတ်တွေဖြစ်နိုင် ပါစေသတည်း။

**အမျှဝေရန်။**

ယနေ့ ပြုသမျှ ကုသလ၏ အဘို့အစုတွေကို ကြားကြားသမျှ လူရော့နတ်ပါ သတ္တဝါ အနန္တတို့အား ရပြီးပါစေ, ရပြီးပါစေ, ရပြီးပါစေ၊ အမျှ-အမျှ-အမျှ-ဝေငှလိုက်ပါ၏၊ ကြားကြားသမျှ, လူရော့နတ်ပါ သတ္တဝါအနန္တတို့ကလဲ ကိုယ်ပြုသလို့ ကိုယ်လှူလိုက်ရသလို့ ဝမ်းမြောက် ဝမ်းသာတွေ ကိုယ်စီ့ကိုယ်စီ ဖြစ်ကြီးပြီး၊ ဝမ်းမြောက် ဝမ်းသာကြီးဖြင့်၊ သာဓု-သာဓု-သာဓု ဟု ပတ္တနာ ပြုနိုင်ကြပါ စေကုန် သတည်း၊ အမျှ....အမျှ....အမျှ.... ယူတော်မူကြပါကုန်လော့။

သာဓု - သာဓု - သာဓု

**"ဘာဝနာမယဒါန အလှူကြီး ဖြစ်မြောက်အောင် ရှုဆင်ခြင်၍ လှူဒါန်းရန် အကျဉ်းနည်း။**

(၁) လှူဒါန်းဆဲ ခဏ၌၊ ဉာဏ်ပညာဦးစီးကာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏ အပြစ်ဘေး တို့ကို ရှုဆင် ခြင်ပြီး၊ ၎င်းဘေးဒုက္ခတို့မှ ကင်းရာ, ကုန်ရာ, ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ကိုသာ ရည်စူး၍ လှူဒါန်းပါလေ၊ လူ့, နတ်, ချမ်းသာကို တောင့်တဘို့ မလိုပါ။

(၂) နှလုံးသွင်း ဘာဝနာ ပွားရန်။
အလှူခံနှင့် အလှူပေးရုပ်နာမ် ၂ ပါး ဖြစ်ပျက်တည်း။
အလှူဝတ္ထုရုပ်အစု, ဖြစ်ပျက်တည်း။
ဘယ်ဟာတခု မမြဲတာ အနိစ္စသဘောပါ။

ဘယ်ဟာ တခုမချမ်းသာ ဒုက္ခသဘောပါ။

ဘယ်ဟာတခု အစိုးမရတာ အနတ္တသဘောပါ။

အချုပ်မှာ။ ။သီလခံယူ အလှူခံ၊ အလှူပေးနှင့် လှူဘွယ် ဝတ္ထုအစုစုတို့ကို ဖြစ်ပျက်ရှုကာ နိဗ္ဗာန်ရည်စူး၍ လှူဒါန်း စွန့်ကြဲရပါမည်။

**ဆောင်ပုဒ်။**

၁။ အလှူခံ အလှူပေး၊ သီလမွေး၊ ညစ်ကြေးကင်းစင်စွာ။

၂။ ပစ္စည်းစင်ကြယ်၊ လှူဒါန်းဘွယ်၊ ထိုဝယ် မငြိရာ။

၃။ လှူနည်းကျမှု၊ ကြောင့်ကျပြု၊ တောင်းဆု ဉာဏ်ယှဉ် ကာ....။

၄။ လှူနည်းမကျ၊ ထိုဒါန၊ ဝဋ်မှ မထွက်သာ။

၅။ ဝဋ်မှထွက်လမ်း၊ သင်ရည်မှန်း၊ လှူဒါန်း စွန့်ကြဲပါ။

ဒါနသီလ, သမထဆိုတာ၊
ပညာကင်းလို့, ဝဋ်တွင်းလည်ရှာ၊
ဒီလိုဘဲလား, ဒို့များသိလာ၊
ပညာတွဲ၊ အမြဲလှူတော့မှာ။ ။

ရွှေ ငွေ-စပါး, ကျွဲ နွား ဉစ္စာ၊
ဘုံဆိုင်ပစ္စည်း, အပြီးမှတ်ပါ၊
ဒါနသီလ, သမထဘာဝနာ၊
ကိုယ်ပိုင်မှတ်, ခေါ်အပ်ပစ္စည်းသာ။ ။

များစွာသတ္တာ၊ ရှိသမျှ၊ မုချသေမည်သာ၊
သေသောအခါ၊ ကုသိုလ်သာ၊ မှတ်ပါကိုယ့်ဥစ္စာ၊
ကုသိုလ်ဥစ္စာ၊ ယူသွားရာ၊ မှန်စွာကိုယ့်နောက်ပါ၊
ရွှေငွေဥစ္စာ၊ ဆိုသည်မှာ၊ ကျန်ရှာအိမ်တွင်သာ၊
နောက်လင်-နောက်သား၊ နောက်မယား၊ ခံစားကြမည်သာ၊
သား သမီး မယား၊ လင်ဆိုသည်ကား၊ လိုက်ငြား သုသာန်သာ၊
ပုညကုသိုလ်၊ နိဗ္ဗာန်ဆို၊ လိုက်လို့ ပို့သည်သာ၊
ထို့ကြောင့်သာဆို၊ များကုသိုလ်၊ ပိုမိုပြုကြပါ။

လျှုပုံ လျှုနည်း တရားတော် ပြီးပြီ။

# ကျမ်း ပြီး နိ ဂုံး

ရဟန်း, လူ, ရှင်, ယောဂီ, သူတော်စဉ် အပေါင်း တို့သည် ကြေးမုံပြင်ကို ကြည့်ရှုသော ကာလ၌၊ ဆံဖြီးခြင်း, ဦးခေါင်း ပြောင်တင်းခြင်း, အရေတွန့်လိပ်ခြင်း, မျက်ကွင်းဟောက်ခြင်း, မျက်ပျဉ်းကျခြင်း, ပါးရေတွန့်ခြင်း, မှည့်မည်းစွဲခြင်း, စသည်ဖြင့် သတိသံဝေဂဉာဏ်ကို ဖြစ်စေဘိသကဲ့သို့....

ယောဂီအရှင်သူတော်စဉ်တို့၏ မှီခိုအားထားရာ, ကိုးကွယ်ရာ, ကျေးဇူးရှင် 'ကသစ်ဝိုင်ဆရာတော် ဘုရားကြီး' ဟောကြားခဲ့သော "ကိုယ်တွေ့ဉာဏ်မြင် ဒုလ္လဘဒေသနာ ဝိပဿနာအလုပ်ပေး တရားစာများ"ကို ကြည့်ရှုလေ့လာဖတ်ရှုပွားများအားထုတ်ကြသော သူတော်ကောင်း အပေါင်းတို့အားလည်း၊ မွေးရ, အိုရ, နာရ, သေရ, စသော တရားများကို ကြားနာရသဖြင့် ငါ၏ ရုပ်နာမ်တို့သည် အနေ့တခြား သေခြင်းသို့ ပြေးသွားဝင်ရောက် ချေပြီတကားဟု သတိသံဝေဂဉာဏ်ထင် အပြစ်မြင်လျက်, မုန်း စိတ်ဝင်, ဉာဏ်စဉ်တက်၍, ဖြစ်ပျက် ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဖြင့် မျက်မှောက် ပြုနိုင် ကြပါစေဟု

ဆုပတ္ထနာ, အာသီသပြုရင်း၊ "ကိုယ်တွေ့ဉာဏ်မြင် အလုပ်ပေး ဝိပဿနာ တရားစဉ် ဒုလ္လဘဒေသနာ" အမည်ရှိသော ကျမ်းစာ ဒုတိယတွဲကို ဤနေရာ၌ အဆုံး ခါးပတ် နိဂုံးသတ်လိုက် ရပါ တော့သတည်း။

ဘဒ္ဒန္တ - ခေမိန္ဒ

ဘဒ္ဒန္တ - လက္ခဏ

မူလ ကသစ်ဝိုင်ရိပ်သာ။

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၈ | ၂၀ | မအောင့်မေ့ | မအောက်မေ့ |
| ၄၂ | ၂ | အမှားကြီးဘဲ | အမှားချည်းဘဲ |
| ၄၄ | ၁ | တချိုတ | တချို့က |
| ၄၄ | ၁၈ | ဝေနယျဗ္ဗာသယ | ဝေနေယျဗ္ဗာသယာ |
| ၅၀ | ၂၂ | မီးဖိုလ် | မီးဖို |
| ၆၄ | ၉ | ပဿေဒနီ | ပဿေနဒီ |
| ၆၄ | ၁၆ | ပဿေဒနီ | ပဿေနဒီ |
| ၆၅ | ၄ | မူးမတ်စုံလင် | မှူးမတ်စုံလင် |
| ၆၆ | ၆ | မူးကြီး | မှူးကြီး |
| ၆၆ | ၈ | ပဿေဒနီ | ပဿေနဒီ |
| ၈၀ | ၂၀ | အမှားတွေကြီးဘဲ | အမှားတွေချည်းဘဲ |
| ၈၄ | ၉ | သမတပြု | သမထပြု |
| ၈၄ | ၁၃ | ဋ္ဌင်းဒ | ဋ္ဌင်းတ |
| ၉၁ | ၃ | အကျိုးပေးရင်း | အကျိုးပေးလျှင် |

| | | | |
|---|---|---|---|
| ၁၀၉ | ၁၀ | တိဏ္ဏံသင်္ဂတီတိဖသော | တိဏ္ဏံသင်္ဂတိဖသော |
| ၁၁၀ | ၂ | ဆုံတယ်ပေါ်တယ် | ဆုံတယ်ခေါ်တယ် |
| ၁၁၃ | ၃ | တကိုလုံး | တကိုယ်လုံး |
| ၁၁၈ | ၉ | ရင်ကကြီးဘဲ | ရင်ကချည်းဘဲ |
| ၁၂၉ | ၁၁ | ကျဗါပြီဘုရား | ကျပါပြီဘုရား |
| ၁၃၉ | ၂၀ | တဖက်တန်းတာ | တဖက်ကန်းတာ |
| ၁၈၇ | ၁၆ | ပြန်ထာ | ပြန်ထား |
| ၁၈၈ | ၆ | အားတုတ် | အားထုတ် |
| ၁၉၇ | ၂၀ | လုပ်ပြတဲ့ဆရာ | အလုပ်ပြတဲ့ဆရာ |
| ၂၀၂ | ၈ | ကုလားဆိုင် | ကုလားထိုင် |
| ၂၁၄ | ၁၃ | ဘာပြစ်လို့ | ဘာဖြစ်လို့ |
| ၂၅၄ | ၇ | ကိုယ်တွေ့ရှိမှု | ကိုယ်တွေ့ရှိမှု |
| ၂၅၇ | ၁၇ | အဲဒ ါလေးကို | အဲဒါ-လေကို |

# စမ္မဒါန အလှူရှင်များ

## စာအုပ် ရနိုင်သော ဌာန။

၁။ ပင်ရင်းဌာန- မူလကသစ်ဝိုင် ရိပ်သာ အဗျား စာတိုက်၊ ဝေါမြို့အပိုင်-ပဲခူးခရိုင်။

၂။ ဦးတင်အောင် အမှတ်(၅၁) လိပ်ကန်လမ်း၊ အိုးဘိုရပ်-ပုဇွန်တောင် ရန်ကုန်မြို့။

၃။ ဦးထွန်းရီ-ဒေါ်ပု အမှတ်(၂၉)ကုန်စျေးတန်း၊ တပ်မြေ-ရပ်၊ ပုဇွန်တောင်-ရန်ကုန်မြို့။

၄။ ဦးထွန်းခိုင်-ဒေါ်အေးချစ် အမှတ် (၅) မြခွါညိုလမ်း၊ တပ်မြေရပ်၊ ပုဇွန်တောင်-ရန်ကုန်မြို့။

၅။ ဒေါ်အုံးမေ ကုန်စုံဆိုင် ဂွတ္တလစ်စျေးအတွင်း၊ ဂွတ္တလစ်-ရန်ကုန်မြို့။

၆။ ဦးအုန်း-ဒေါ်သန်းမေ အမှတ်( ) အင်းဝ လမ်းသွယ် (၆)ရပ်ကွက်၊ တောင်ဥက္ကလာ-ရန်ကုန်မြို့။

၇။ ဗိုလ်ကြီးပါ-ဒေါ်စီစီ လမ်းသစ်လမ်း-အင်းစိန်မြို့။

၈။ ဦးကိုကြီး ဘုတာရုံ လဘက်ရည်ဆိုင်-ဒါးပိန်မြို့။

၉။ ဦးပါ-ဒေါ်မြိုင် နှင့် ဒေါ်အမာ (၁၇)လမ်း၊ ညောင်ဝိုင်း ရပ်-ပဲခူးမြို့။

၁၀။ ရဟန်းအမကြီး ဒေါ်ပိန် ဆေးပွဲရုံ-ဘုရားကြီးမြို့။
၁၁။ ဒဂုဏ်ထွန်း-ဒေါ်သန်း ဝေါမြို့။
၁၂။ ကျောင်းအမကြီးဒေါ်အုန်းကျင် ဈေးအနီးပြွန်တံဆာမြို့။
၁၃။ ဦးညို-ဒေါ်သန်းရင် လမ်းသစ်လမ်း-ညောင်လေးပင်မြို့။
၁၄။ ဒေါ်ရီ မန္တလေးလမ်း-ညောင်လေးပင်မြို့။
၁၅။ ဒေါ်စိန်မြင့် ဘယဆေးဆိုင်-ပိန်းဇလုပ်မြို့။
၁၆။ ဦးရုံပျော်-ဒေါ်ခွေးမ ဖဒိုမြို့။
၁၇။ ကျောင်းဒါယကာ ဦးထိုင်စူးပါး-ဒေါ်စောပေါ ပဲနွယ်ကုန်းမြို့။
၁၈။ ဒေါ်ကြည်သိန်း ဈေးအတွင်း-ဖြူးမြို့။
၁၉။ ဦးကျော်စိန် - ဒေါ်စိန်တင် ခေတ်ဆန်း ဓါတ်ပုံတိုက်၊ ဈေးအနီး-တောင်ငူမြို့။
၂၀။ ဦးထွန်းရင်-ဒေါ်ကျင်ထွေး မဒေါက်မြို့။
၂၁။ ဦးခင်မောင်-ဒေါ်ချစ် ပျဉ်းမပင်ရပ်-ရွှေကျင်မြို့။
၂၂။ ဦးမောင်နီ-ဒေါ်အေးရင် ကျောက်ကြီးမြို့။
၂၃။ ကာသစ်ဝိုင်ရိပ်သာ ကျိုက်ထိုမြို့။
၂၄။ ကာသစ်ဝိုင်ရိပ်သာ မော်လမြိုင်မြို့။
၂၅။ မဂ္ဂင်ရိပ်သာ သုံးခွမြို့။
၂၆။ ဦးအုံးရင်-ဒေါ်ငွေဆင် မကျက်ကြီးကျေးရွာ။
၂၇။ ဦးသာအောင် (စသုံးလုံး အရာရှိဟောင်း) ရတနာလမ်းသံတွဲမြို့။
၂၈။ ဦးအောင်ကျော်ဖြူ-ဒေါ်သိန်း ကျိန္တလီမြို့-သံတွဲခရိုင်။
၂၉ ။ ရဟန်း အမကြီး ဒေါ်မဲ မုပ္ပလင်မြို့။

၃၁၂

# ကသစ်ဝိုင်ယောဂီများသို့
# တိုက်တွန်းချက်

ဘဝကိုကြောက်သဖြင့် နိဗ္ဗာန်ရောက်ရေး အားသွန်ကြိုးကုတ် ကမ္မဋ္ဌာန်းအလုပ်ကို ကျိုးစား အားထုတ်၍ နေကြကုန်သော ယောဂီအရှင်သူတော်စင်အပေါင်းတို့။

ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော်ဘုရားကြီး ဟောကြားခဲ့သော "ကိုယ်တွေ့ဉာဏ်မြင် - အလုပ်ပေး ဝိပဿနာတရားစဉ် - ဒုလ္လဘဒေသနာ" များကို ပဋိပတ္တိ သာသနာ ခိုင်ခန့်တည်တန့် ပြန့်ပွားရေး အတွက် မူလ - ကသစ်ဝိုင် ရိပ်သာမှ ဦးစီး ဦးဆောင်ပြု ကာ အဆုံးအထိ ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ကြောင်း။

ဘဒ္ဒန္တ ခေမိန္ဒ။
ဘဒ္ဒန္တလက္ခဏ။
မူလ-ကသစ်ဝိုင်ရိပ်သာ၊
အဖျားရွာ-ဝေါအပိုင်-ပဲခူးခရိုင်။

မျက်နှာဖုံးကို ချယ်ရီပုံနှိပ်တိုက်၊ အမှတ် ၁၈၀၊ ၅၁ လမ်းတွင်ရိုက်နှိပ်သည်။